နမောတဿဗုဒ္ဓဝိရတ္တ

မြန်မာပြည်အရပ်ရပ်၌
အရညဝါသီ တောရပ်မိုလျက်နေလေ့ရှိသော

ရွှေကျောင်းကုန်းဆရာတော်

ဝနဝါသီ ဥဇယျမ္မဘာမိထေရ်

ရေးသားစီရင်တော်မူသည့်

# မဂ္ဂပဋိသံယုတ္တကထာ

စာစဉ်အမှတ် (၅)

သာသနာ ၂၅၄၁ ခရစ် ၁၉၉၇ ကောဇာ ၁၃၅၉

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ

မြန်မာပြည်အရပ်ရပ်၌ တောမှီနေလေ့ရှိသော
ဝနဝါသီ ဥဿျှစမ္မသာမိထေရ်

# မဂ္ဂပဋိသံယုတ္တကထာ

(ဘယ်လမ်းလိုက်ကြမလဲ)

သာစည် ရွှေကျောင်းကုန်းစာပေထိန်းသိမ်းရေးကော်မတီမှ
ထုတ်ဝေသည်။

| ကောဇာ | သာသနာ | ခရစ် |
|---|---|---|
| ၁၃၅၉ | ၂၅၄၁ | ၁၉၉၇ |

သုတသနစာကြည့်တိုက်
အမှတ်
ရက်စွဲ

**ဓမ္မဒါန**

စာမူခွင့်ပြုချက်အမှတ်-၄၇/၉၇(၇)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်-၂၁/၉၇(၈)

ပုံနှိပ်ခြင်း-ပထမအကြိမ်
၁၉၉၈ ခုနှစ်-ဇန်နဝါရီလ
အုပ်ရေ-၁၀၀၀
မျက်နှာဖုံး-ဗလ/ခွန်မျိုးကွန်ပျူတာ

**ထုတ်ဝေသူ**
ဦးမြသန်း၊ အသိုင်းအဝိုင်းစာပေ (၀၁၅၀)
အမှတ်(၃၅)၊ သမာဓိလမ်း၊ ဗွဲဆုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဒေါ်ကြည်ကြည်အေး၊ ဆန်းသိခ်ပုံနှိပ်တိုက် (၀၃၂၅၅)
၁၅၂/၁၅၀၊ ၄၈-လမ်း၊ အနော်ရထာလမ်းတိုက်ခွဲ
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးမြင့်သန်း၊ စံပယ်အော့ဖ်ဆက် (၀၄၉ဗ၁)
၁၃/၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**
ဣစ္ဆာသယစာအုပ်ဆိုင်
ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်း
ရန်ကုန်မြို့။

## ဆရာတော်၏ ထုတ်ဝေပြီး ကျမ်းစာအုပ်များ

**စဥ်**

၁။ ဓမ္မောဝါဒကထာ
၂။ ကဝိဗန္ဓနကထာ
၃။ မင်္ဂလာဓာရဏကထာ (နှစ်ကြိမ်)
၄။ အနုပုဗ္ဗိကကထာ
၅။ ပဋိပက္ခဥဒ္ဒေသကကထာ
၆။ နယသင်္ခေပကထာ
၇။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာ **ပြုကျင့်ရပုံများ**
၈။ ဉာဏဒဿနကထာ
၉။ သာရဏီယကထာ
၁၀။ ပါရမီပရိစယကထာ
၁၁။ မဂ္ဂင်္ဂပပွေါဋ္ဌေသိကထာ

## ကျမ်းစာအုပ် ရနိုင်သော ဌာနများ

**စာအုပ်အမှတ်စဥ်**

**(၁+၂+၇+၈+၉)** ဦးကျော်ဝင်း၊ ဖုန်း-၀၁-၅၆၅၄၉၂
**(၃+၄+၅+၁၁)** ဆေယျချမ်းပိဋကတ်တိုက်၊ သာစည်မြို့။ ဖုန်း-၁၆၀
ဣန္ဒာသယစာအုပ်ဆိုင်၊
ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်း၊ ရန်ကုန်။
(၆+၁၀) ဦးတင်အေး
ဝင်းမိုးလေထိုးကျွတ်ဖာ
အောင်မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။

## ဤစာအုပ်ကို

သာစည်မြို့ ရွှေကျောင်းကုန်း စာပေထိန်းသိမ်းရေးကော်မတီအတွက် ဆရာတော်ကြီး၏ တပည့်သာဝကများဖြစ်ကြသော ရန်ကုန်မြို့နေ မောင်သွေးချွန်၊ ဝင်းမင်းထွေး၊ ခင်ဇော်(ငွေတိုက်စိုးစာပေ)၊ ဗလ/ခွန်မျိုးကွန်ပျူတာ တို့က စီစဉ်ဆောင်ရွက်မှု ကုသိုလ်ပြုကြပါသည်။

သာစည်–ရွှေကျောင်းကုန်းတောင်၊ စင်းကျိုက်–ကျောက်ခမောက်တောင်၊ ဖူးကြီး–သံသုမာရတောင်၊ စစ်ကိုင်း–အရှေ့ပရက္ကမတောင်၊ ပင်းတလဲ– တောင်စင်တောင်၊ ပျဉ်းမနား–လက်လုပ်တောင်၊ မိုင်းပျင်း–သုပဏ္ဏသျှိုတောင်၊ ကန့်ဘလူ–နတ်တလူတောရ စသော မြန်မာပြည်တောတောင်အရပ်ရပ်တွင် လှည့်လည်သီတင်းသုံး တောရဆောက်တည်နေလေ့ရှိသော ဝနဝါသီ အရှင်သူမြတ်ကြီးသည် ၁၃၅၉ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှစ၍ ပြင်ဦးလွင်မြို့နယ်၊ ဒုဋ္ဌဝတီမြစ်ကမ်းပါးဒီးဒုတ်ရွာအနီး ဝေဠုတောရစခန်းသို့ ကြွရောက်သီတင်းသုံး တောရဆောက်တည်လျက် ရှိပါသည်။



# 'နမော တေဗုဒ္ဓ ဝိရတ္တု'

*ဝိစေ့သယတိ နခေါကထံ မဂ္ဂံ*

*က။ ဥဒ္ဓံဝါ ဩတရတိကိံ န*

*ခ။ ဥဒါဟု ဝေါ အဓောက္ခမတိ*

*ဂ။ တေဟိ မုစ္စော ဘိန္နာဂတော*

*အဒ္ဓကာလေ ဝိစေ့ယျာသိ–ဣစ္ဆာဝေဟိ ယုတ္တန္တာ။ ။*

ဘောမနသာနိ – အို လူသားအပေါင်းတို့၊ ဝေါ – သင်တို့အဖို့၊ ကထံ မဂ္ဂံ – အဘယ်လမ်းကို ဝိစေ့သယတိ နခေါ – ရွေးချယ်ကြပါမည်နည်း။

က။ ဥဒ္ဓံဝါ – အထက်သို့သော်လည်း၊ ဩတရတိကိံ န – တက်ကြမည်လော

ခ။ ဥဒါဟု – သို့တည်းမဟုတ်၊ အဓေါဝါ – အောက်သို့သော်လည်း၊ ဩက္ခမကိံ န – ဆင်းကြမည်လော။

ဂ။ ဥဒါဟု – သို့တည်းမဟုတ်၊ တေဟိ – ထိုအတက်အဆင်းတို့မှ၊ မုစ္စောဝါပိ – လွတ်မြောက်ရာလမ်းကိုမူလည်း၊

ဘိန္နာဂတောကိံ န –ခွဲဖျက် ဖောက်ထွင်း အရောက်ချဉ်းကြမည်လော။

**အဒ္ဓကာလေ** – ယနေ့လို အချိန်အခါမျိုး၌၊ ဝေါ – သင်တို့သည်၊ ယုတ္တန္တာ– ချင့်ချင့်ချိန်ချိန်၊ ဝိစေ့ယျာသိ – ရွေးချယ်သင့်ကြပါပြီ။

**ဣစ္ဆာဝေဟိ – ရောက်လက်စ** ဘဝ ဤလူ့ဌာနကြီးကပင်လျှင်၊ ယုတ္တန္တာ– နှိုင်းနှိုင်းဆဆ၊ **ဝိစေ့ယျာသိ – ရွေးချယ်**သင့်ကြပါပြီ။

# "ဘယ်လမ်းလိုက်ကြမလဲ"

**သွားအပ်ရာရာ** ရောက်တတ်ကြရာ လမ်းခရီးတို့သည်...

က။ အထက်သို့ အားစိုက် တက်ရသော လမ်း ဟူ၍လည်း**ကောင်း**၊

ခ။ အောက်သို့ ခွန်အား မစိုက်၊ မျှောလိုက်ရသော လမ်း **ဟူ၍** လည်းကောင်း၊

၈။ **အထက် မဆန်၊ အောက်မသက် အလယ်လမ်းရိုးမှ ခွဲထွက်ရသော လမ်း ဟူ၍လည်ကောင်း၊**

အကြမ်းစားအားဖြင့် သုံးလမ်းပင် ရှိချေသည်။

– သင်တို့သည် ဘယ်လမ်းကို ကြိုက်ကြသလဲ၊

– သင်တို့သည် ဘယ်လမ်းကို လိုက်ကြမလဲ၊

ဤမေးခွန်းကို ဦးစွာမေးချင်၏။ သင်တို့ စိတ်ထဲရှိ ဆန္ဒအတိုင်း ဖြေဆိုနိုင်ကြ၏။ သင့်အဖြေသည် သင့်ဆန္ဒဟူ၍ပင် မှတ်ချက်ပြုလို၏။

သင်တို့ အဖြေမပေးမီ သင်တို့ အဖြေရွေးတတ်ရန် တစ်ဆင့်ဘက်၍ ရှင်းလင်းချက် ထုတ်ပေးလိုသေး၏။

**(က)** 'အထက်'ဟူသော စကားမှန်သမျှ တက်ရမည်ကိုချည်း ညွှန်းဆို၏။ **အထက်က** အမြင့်နည်းလျှင် တက်အား အနည်းငယ်မျှ သုံးရုံနှင့် တက်ပြုံး စီးပြီး **ဖြစ်၏။ အထက်က** အမြင့်သန်လာသော်ကား တက်အားသည်လည်း တအားစိုက်ထုတ် ကျားကုတ်ကျားခဲ တက်ပေးမှ တန်ကာကျတတ်၏။

အကယ်တိတိ အထက်ကား အမြင့်ဆုံး၊ အခေါင်ဆုံး၊ အမတ်စောက်ဆုံး၊ သာမန်လူတို့ လုံးလုံး မော်မကြည့်ရဲသော အထက်မျိုး ဖြစ်နေပါမူကား တက်အားဘက်ကလည်း...

*'ယောက်ျားတံခွန် လူရည်မွန်ကား၊ ကောင်းကင်တမွတ် ကြယ်ကို ဆွတ်က မလွတ်စတမ်း ရမြဲလမ်းတည်း'*

အထက်ပါ သီချင်းကို တကြော်ကြော် အော်ဟစ်သီဆိုလျက်က မဆုတ်မနစ် မထစ်မငေါ့၊ မပေါ့မတန် ယောက်ျားတစ်ဦး၌ ရှိရမည့် ဆန္ဒ ခွဲမာန် ထန်နိုင်သမျှ ထန်၊ ခံနိုင်သမျှ ခံ၊ မသေလျှင် စံမည်၊ သေလျှင်လည်း သည်နေရာကဖြင့် မပြန်ပြီဟူသော ဟန်မျိုးကို အသုံးချမှ ရ၏။ အထစ်တွေ့က ညှစ်အား... အငေါ့တွေ့က ဖော့အားသုံး၊ အဖုတွေ့က ထုအားသုံးပြီး ကုန်းကြီး...ကိနိုင်ပါမှ ရောက်တတ်၊ ရတတ်၊ ခံစားရတတ်သော နေရာမျိုးတည်း။

**(ခ)** တစ်ဖန် အောက်ဆိုသော စကားသည် ဆင်းရမည်ကိုသာ ညွှန်းဆို

၏။ ထို အောက်က အကျနည်းလျှင် အဆင်းဘက်ကလည်း တစ်လိမ့် တစ်ဖဝါး မျှ လိမ့်ချ၊ နင်းချရုံနှင့် ပြီးစီး၏။

ထိုအောက်က အကျသန်နေလျှင်ကား အဆင်းကလည်း အပြေးကလေး တက်သုတ်ရိုက်ပေးရ၏။

အကယ်တိတိ ထိုအောက်က အလွန်နက်ရှိုင်းနေပါသော်ကား အဆင်းဘက် ကလည်း လမ်းမဆုံးမချင်း...

*'တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့ ဆုံးလျှင်တွေ့လိမ့်*

*ငါ့ဆန္ဒသွေး၊ မင်းကိုကျွေးမလို့ မင်းဘယ်ပြေးမလဲ ငါ့ရဲ့နန်းခန်းမို့'*

အထက်ပါ သီချင်းလေး တအေးအေးသီဆိုလျက်က လမ်းအလိုက် မျှော လိုက်သွားရုံဖြင့် ကိစ္စပြီးဆုံး လမ်းလည်း ဆုံးတော့သည်သာ။

အဆင်း၌ အတက်မရှိသဖြင့် အခက်အခဲ လုံးဝ မရှိချေ။

သွားနေကျ မှန်းမိပြီး ရှေ့သွားတို့လည်း အများကြီး ရှိနေသဖြင့် ပူပန်စရာ လည်း မရှိချေ။

(ဂ) ထိုလမ်းရိုးနှစ်ခုတို့မှ လွတ်မြောက်ရာကြားလမ်းကိုကား ရဲရင့်သတ္တိ လုံးဝမရှိလေသူတို့ ကြံစည်၍မျှပင် မဝံ့ပြီ။ မလွယ်ပေါက်က ဝင်ရသဖြင့် အတွင်း လူ ဖြစ်မှုရ၏။

ထိုလမ်းသည် အကြိုက်အားလုံးတို့ကို ပယ်သတ်ရဲမှ စဉ်းစားသင့်၏။ ဒုက္ခ အားလုံးတို့ကို တော်လှန်ရဲမှ စဉ်းစားသင့်၏။ အကောင်းကို ဖြစ်စေ၊ အဆိုးကို ဖြစ် စေ၊ မကောင်း မဆိုးကိုလျှင် ဖြစ်စေ စွန့်လွှတ်ရဲမှ စဉ်းစားသင့်၏။ အကျင့်သန့်ခြင်း၊ ကျင့်သလောက် ကျင့်သောနေရာဝယ် စိတ်သန့်လျက်က တည်နေတော့ခြင်း၊ ထိုစိတ် တည်သန့်နေသည့် စိတ်ဝပ်ကျင်းနေရာရှိ အတွင်းသဘာဝတို့ကို ကွဲကွဲပြားပြား သိပိုင်နေခြင်းမျိုး၊ ဖြစ်လောက်သည့် အစွမ်းသတ္တိမျိုး သင့်၌ ရှိမှသာ စဉ်းစားသင့်၏။ အလည် များခဲ့လျှင် ပို၍အထွက်ခက်သော နေရာမျိုးတည်း။

ကဲ...လမ်းသုံးလမ်းအကြောင်း စကားစ ပျိုးပြီးပြီ၊ အဖြေပေးနိုင်ပြီလား။

ထိုအခါ...

တစ်ဦးကား သွားနေကျအတိုင်းပဲ သွားပါရစေတော့ဟူ၍...

တစ်ဦးက- မြင့်လိုသူ အထက်တက်ဖို့ ဝန်မလေးပါ ဟူ၍...

**နောက်တစ်ဦးက-** အမြင့် ရှိနေသမျှ အနိမ့်ပေါ်မှာ သေချာပါသည်၊ တစ်ဖန် **အနိမ့်စံထားသမျှလည်း** အမြင့် လာမှာ သေချာနေပါသည်။ ထို အနိမ့်အမြင့်တို့ ရှိ **နေသေးသမျှလည်း** ဆင်းရ တက်ရဖြင့် အနားမရမှာလည်း သေချာနေပါပြီ။ သို့ကြောင့် ထိုမှ အလွတ်အကျွတ်လမ်းကိုသာ သွားလိုပါသည်ဟူ၍ အဖြေသုံးမျိုး ရှေ့ဆင့် နောက်ဆင့် ထွက်ပေါ်လာကြတော့၏။ ထိုအဖြေများသည် ထိုသူတို့၏ ဆန္ဒပင်တည်း။

မည်သည့်အဖြေက မှန်သနည်း။

အားလုံးပင် ၎င်းတို့၏ ဆန္ဒနှင့် ချင့်တိုက်၍ ဖြေဆိုထားကြသဖြင့် အမှန်ချည်းပင် ဆိုရ၏။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့၏ အသီးသီးသော ထိုဆန္ဒတို့နောက် ကြိုးစားခြင်း ဝီရိယ၊ စိတ်ဝင်စားခြင်း စိတ္တ၊ လေ့လာစူးစမ်းခြင်း ဝီမံသ တို့ ဝင်ရောက် ကူကြမည်သာ ဖြစ်ရကား ၎င်းတို့မှန်းရာ တန်းကာသာ ဆိုက်ရောက်ကြမည် ဖြစ်သောကြောင့်တည်း။

ကောင်းပြီ...မေးခွန်း တစ်ခုတည်းဝယ် အဖြေသုံးမျိုး ထွက်နေသဖြင့် ထိုအဖြေအားလုံး အမှန်မကျသေးဟူ၍ ဆုံးဖြတ်လိုက်ကြစို့။

တစ်ဖန် တစ်ခုတိုး၍ တစ်မျိုးမေးလိုသေး၏။

သင်တို့အားလုံး ချမ်းသာခြင်းအပေါင်းနှင့် ပြီးပြည့်စုံချင်ကြသလော။ ထိုအမေးကို မည်သည့်လူမျိုး မေးမေး၊ မည်သည့် ဘာသာ မေးမေး တစ်ခုတည်းသော အဖြေမှာ 'အာ...ဘယ့်နှယ် မေးပါလိမ့်၊ ကောင်းစားချမ်းသာချင်လွန်းလို့မှ

- ငါသည် ကောင်းမည်ထင်သည့်အလုပ်ကို ရွေးလုပ်နေပါသည်ကို သင်အမြင် မဟုတ်လော၊
- ငါသည် ကောင်းဆုပေးမည် ထင်သည့် ဘာသာ ကိုးကွယ် ဝတ်ပြုနေပါသည်ကို သင် အမြင်ပဲ မဟုတ်လော။'

ဤသို့ပင် အဖြေပေါ် စောဒက တင်လျက်ကပြိုင်တူထွက်လာကြမည်မှာ သေချာ၏။

တစ်ဖန် တစ်ပြန်ထပ်၍ ထပ်မေးဦးမည်။

သင်တို့အားလုံး ဆင်းရဲချင်ကြပါသလော။ ထိုအမေးကိုလည်း မည်သည့် လူမျိုး မေးမေး၊ မည်သည့် ဘာသာဝင်ကိုပဲ မေးမေး တစ်ခုတည်းသော အဖြေမှာ ဆင်းရဲတွင်းက လွတ်ချင်လွန်းလို့မှ ဆင်းရဲမှ လွတ်မည့်အလုပ်တွေ ရွေးလုပ်နေကြ တာပေါ့ ဟူ၍ပင်တည်း။

သို့တည်းမဟုတ်...

'အာ... ဆင်းရဲချင်ကြလျှင် တစ်နေ့သုံးကြိမ် ကျားဖင် သွားနှိုက်နေကြမှာ ပေါ့'ဟူ၍လည်းကောင်း၊ မနက်တစ်ကြိမ် ညတစ်ကြိမ် မြွေပွေးခေါင်း သွားခေါက် နေကြမှာပေါ့'ဟူ၍လည်းကောင်း ဖြေဆိုကြတော့မည်သာ ဖြစ်ကြ၏။

သည်လိုဆို အဖြေမှန် ထွက်ပြီ မဟုတ်လော...၊ ချမ်းသာချင်ကြပါသည်၊ မဆင်းရဲချင်ကြပါ ဟူ၍ ဤအဖြေနှစ်ခုတို့သည် သတ္တဝါတိုင်း လိုလားသော အရာ ဝတ္ထုကို တိုက်ရိုက်ညွှန်းဆိုနေသော သရုပ်ဖော် အဖြေများပင်တည်း။

ကောင်းပြီ၊ သည်လိုဆို နောက်ဆုံး မေးခွန်းတစ်ခု ထပ်မေးဦးမည်။ သင်တို့ လိုလားတောင့်တနေသော ချမ်းသာခြင်း သုခသည်...

(က) လောလောလတ်လတ် အတွေ့ကောင်းမှ ရသော ချမ်းသာမျိုးလော၊

(ခ) အခုလည်း ကောင်း၊ နောင်လည်း ကောင်းတို့မှ ရသော ချမ်းသာမျိုး လော၊

(ဂ) အကောင်းဆုံးသဖြင့် အဆုံးကောင်းမှ ရသော ချမ်းသာမျိုးလော။

ဤမေးခွန်းသုံးခုတို့ကို သင်တို့ စိတ်ကြိုက် ချင့်တိုက်လျက်က ဖြေစေချင် ၏။ ထိုမေးခွန်း သုံးခုတို့ကို ပိုင်နိုင်စွာ ဖြေဆိုတတ်လာလျှင်...

ယခု ရှေ့ဆက်လက်၍ ဖွင့်ပြမည့် ဤစာစဉ်ကို လေ့လာရာ၌ မခဲယဉ်း လွန်း၊ ဤစာစဉ်၏ ရှေ့ဖွင့်ပြမည့် အကြောင်းအရာများသည် နောက်က မေးခွန်း နှင့် ယခုမေးထားသည့် မေးခွန်းပါတို့၏ စကားရပ်ကို အခြေခံထားသော အထက် လမ်း၊ အောက်လမ်း၊ ကြားလမ်း သို့မဟုတ် အလယ်ဗဟိုလမ်း ဆိုသည့် လမ်းသုံးခု တို့၏ အကြောင်းခြင်းရာများပင် ဖြစ်ကြ၏။ သို့မဟုတ် လတ်တလော ကောင်း၊ အခုရော နောင်ပါ ကောင်း၊ အဆုံးကောင်းဟူသော အကောင်းသုံးမျိုးတို့ကို သုံးသပ် ပြထားသော အကြောင်းခြင်းရာများပင် ဖြစ်ကြ၏။

**ဗုဒ္ဓ၏ အဆုံးအမ**ကို ခံယူလိုကြပါလျက်က မခံယူတတ်ကြ၍ မရှာကြသေးသော ဘာသာသွေးသစ်၊ ရင်သွေးအနှစ် အငယ်စားလေးများဖို့ ရည်သန်၍ ဤအခြေခံ ရေသောက်မြစ်သုံးမျိုးတို့ကို သရုပ်ခွဲပြထားခြင်းဖြစ်၏။

"ရလိုသူ ယူ၍ ယူလိုသူတိုင်း ရကြပါစေ"

## စာစဥ်အမှတ်(၂၉)

# "မဂ္ဂပဋိသံယုတ္တကထာ"

## အပိုင်း (၁)

တိုင်းအမည်ကား...ကပ္ပဋ္ဌတိုင်း[၁]

နန်းစိုက်မြို့တော်အမည်ကား...ဘူမိပါလ မြို့တော်[၂]

စိုးစံသော ဘုရင်နှင့် မိဖုရားတို့ကား...**မုယုက**[၃] ဘုရင်နှင့် **မိဖုရား ဥပါဒါနာ**[၄]

ထိုဘုရင်နှင့် မိဖုရားတို့မှ ထွန်းကားလာသော သားတော်များမှာ **အကြီး**ကား **အတိတ္တ**[၅]မင်းသားဖြစ်ပြီး၊ အငယ်ကား **ပဒုဋ္ဌ**[၆]အမည်တွင်၏။

မုယုက ဘုရင်ကြီးသည်ထိုသားတော်နှစ်ပါး လူလားမြောက်**သောအရွယ်**သို့ ရောက်သည်နှင့်

(က) သားတော်ကြီး အတိတ္တကိုကား အိမ်ရှေ့အရာ အပ်နှင်း၏။

(ခ) သားတော်ငယ် ပဒုဋ္ဌကိုကား စစ်သူကြီးအရာ **အပ်နှင်း၏**။

ဘုရင်ကြီးကား နောက်ကွယ်မှနေ ဆိတ်ဆိတ်နေ၏။ **တိုင်းပြည်၏ အစီ**အမံများကိုဖြစ်စေ၊ နန်းတွင်းနန်းပြင်တို့၏ အရေးအရာများကို **ဖြစ်စေ၊ အိမ်ရှေ့**မင်း၏ အစီအမံ အကွပ်အကဲအတိုင်းလျှင် ကိစ္စပြီးစီးကြရစမြဲ ဖြစ်၏။

တစ်ဖန် တရားစီရင်ရာ၌ ဖြစ်စေ၊ စစ်ရေးစစ်ရာတို့၌ ဖြစ်စေ စစ်သူကြီး၏ အစီအမံ အကွပ်အကဲအတိုင်းလျှင် ကိစ္စပြီးစီးကြရစမြဲဖြစ်၏။

---

၁။ ကပ္ပဋ္ဌ - လက်ရှိတည်နေသော ကမ္ဘာ

၂။ ဘူမိပါလ - မြေကို မှီသော မြို့ရွာ

၃။ မုယုက - တွေဝေ မိန်းမောမှု မောဟ

၄။ ဥပါဒါနာ - **မသိ၍ စွဲလမ်းခြင်း**

၅။ **အတိတ္တ - မရောင့်ရဲနိုင်မှု လောဘ**

၆။ ပဒုဋ္ဌ - **ပြစ်မှားလေ့ရှိသော ဒေါသ**

## 'စိတ်ညွှတ်တတ်ရာ ဌာနများ'

(က) လူမျိုးတစ်မျိုးစီ၏ မျိုးရိုးဗီဇ သဘောလိုက်၍လည်း ညွှတ်ပေး၏၊

(ခ) လူတစ်ဦးချင်း၏ ဉာဉ်စရိုက် ဝါသနာလိုက်၍လည်း ညွှတ်ပေးတတ်၏။

(ဂ) နီးစပ်ရာ ပတ်ဝန်းကျင်၏ အညို့အတိုက်သို့ လိုက်၍လည်း ညွှတ်ပေးတတ်၏။

ထိုတွင် ...

၁။ (ခ) အမှတ်ပြသည် တစ်ဦးတည်း၏ မူပိုင်ဖြစ်ပြီး

၂။ (က)(ဂ) အမှတ်ပြများကား ဘုံဆိုင်များပင် ဖြစ်ကြရာ ...

ဤ၌ တစ်ဦးချင်း၏ သဘောကိုသာ ပြလိုရင်းဖြစ်သဖြင့် ကြွင်းသော (က) နှင့် (ဂ) တို့ကို ဖွင့်မပြတော့ပြီ။ ငါတို့ ဖွင့်မပြသော်လည်း ရှမ်းတို့၏ မျိုးရိုးဗီဇ သဘာဝ၊ လားဟူတို့၏ မျိုးရိုးဗီဇ သဘာဝ၊ လီရှောတို့၏ မျိုးရိုးဗီဇသဘာဝ စသည်များသည် တစ်မျိုးနှင့် တစ်မျိုး မတူညီကြသည်ကို သိပြီးပင် ဖြစ်ကြ၏။ နီးစပ်ရာ အညို့အတိုက်သို့ လိုက်၍ ညွှတ်ပေးတတ်ခြင်းကလည်း ကာလသား၊ ကာလသမီး ဖြစ်ကြဖူးသူတိုင်း သိနားလည်ပြီးကြပြီးသားပင် ဖြစ်ကြ၏။

အထက်ပါ ဇာတ်လမ်းအရ ဇာတ်ကောင်တို့၏ သဘာဝများမှာ

၁။ မယုက ဘုရင်၌ မေ့တတ်သော အကျင့်ရှိသဖြင့် ...

(က) ရံတစ်ခါ – မိမိကိုယ်ဝယ် မိမိစိတ် အလျဉ်းမရှိ၊

(ခ) ရံတစ်ခါ – ကိုယ်သို့ ကပ်လာသော်လည်း ကိစ္စတိုင်းဝယ် ယတိပြတ် မဆုံးဖြတ်တတ်။

သို့ကြောင့် မင်းကို့ ကျင့်သုံးရမည့် ကျင့်ဝတ်များ လစ်ဟင်းလျက်ကသာ ရှိ၏။

၂။ တစ်ဖန် ၎င်း၏ သားတော် အတိတ္တသည်လည်း တွေ့သမျှ၊ လာသမျှ သော အာရုံနှင့် အာရုံရှင် ပရိသတ်တို့က မည်မျှပင် လက်ဆောင်ပဏ္ဏာများ ဆက်သပါစေ၊ တင်းတိမ်ခြင်း၊ ရောင့်ရဲခြင်း အလျဉ်းမရှိတတ်။

နည်းသူနှင့် များသူ ဖြစ်နေက များသူ့ဘက် ဦးစားပေးလေ့ရှိ၏။
များသူချင်း တူနေပါက အများဆုံးဘက်သို့ ဦးစားပေးလေ့ရှိ၏။

ကြွက်တွင်း ရေလောင်းရသည်ကမှ အခေါင်းပြည့်က ရေလောင်းရပ်ခွင့် သာသေး၏၊ အတိတ္ထအိမ်ရှေ့မင်း၏ လိုစိတ်က ပိုစိတ်သို့ ထွက်မလာပြီ။

(က) လိုချင်နေသူ၌ အကြောင်းလည်း မသိ၊ အကျိုးလည်း မကြည့်တတ်၊
(ခ) လိုချင်ရာ ဖွဲလမ်း၊ ငမ်းအဖမ်းခံလိုက်ရသောအခါတွင်မူကား... ထိုလိုချင်ရာကိစ္စမှတစ်ပါး အခြား ဘာဆိုဘာကိုမှ မမြင်ရပြီ။
(ဂ) ထိုသို့ မရလျှင် မနေနိုင်လောက်သည်အထိ အလိုစိတ် အနှိပ်စက်ခံနေရရှာသူကို ထို လိုစိတ်က ငယ်ထိပ်ထက် တက်လျက်က ဘဝပါ ပျက်စီးရသည်အထိ ညှဉ်းဆဲပစ်တော့မည်။

ဤကား လောဘ သဘောတရား၏ နိယာမပင်။

ထိုလောဘ နိယာမသည် လူမှ မဟုတ် ခွေး၊ ဝက်၊ ကြက် စသည့် အောက်တန်းစား တိရစ္ဆာန်ကိုသော်လည်း ညှာလိမ့်မည် မဟုတ်၊ အထက်တန်းရှိ နတ်၊ ဗြဟ္မာများပင် ဖြစ်ပါစေ၊ ၎င်းကို လက်ခံမိက အထက်တန်းစားရယ်မို့ဟူ၍ ညှာလိမ့်မည် မဟုတ်ချေပြီ။

၃။ တစ်ဖန် ၎င်း၏ သားတော်ငယ် စစ်သူကြီး ပဒုဋ္ဌသည်ကား...

ကြမ်းတမ်းရက်စက်သော ဒေါသမာန် အလွန်ကြီးမားလှချေ၏။ တွေ့သမျှ၊ လာသမျှ အာရုံနှင့် အာရုံရှင် ပရိသတ်တို့က မည်မျှပင် သိမ်မွေ့စွာ ဆက်ဆံပါစေ၊ မည်မျှပင် ရိုသေကိုင်းညွတ်ပါစေ အကောင်းဟူ၍ တစ်ခုမျှ မမြင်တတ်။

- ပြုံးရွှင် ဖော်ရွေစွာ ဆက်ဆံလျှင် မခန့်မလေး ဆက်ဆံသည်ထင်၏။
- တည်ကြည်ခံ့ညားစွာ ဆက်ဆံမိလျှင်လည်း မခန့်မလေး ဆက်ဆံသည်ပင် ထင်၏။

မြွေဟောက်၏ ကျောက်ပြင်ကို ပွတ်သပ်ပေးရသည်ကမှ ငြိမ်ခံစရာ အကြောင်းမြင်၏။ စစ်သူကြီး ပဒုဋ္ဌ၏ တိုစိတ်ကား အရှည်ဘက်သို့ မည်သည့်အခါမျှ ထွက်မလာပြီ။

**(က) အမျက်ထန်နေသူ၌ အကြောင်းကိုလည်း သူ မသိ၊ အကျိုးကိုလည်း သူ မကြည့်တတ်။**

(ခ) အမျက်ထန်လွန်းလှ၍ ရန်လိုစိတ် အားကြီးလာပါမူကား... ရှေ့ဆို၍ မျက်မွှေးတစ်ဆုံးမျှပင် မမြင်ရတော့ပြီဖြစ်၍ ဖြစ်ချင်ရာ ဖြစ်မှ တစ်ပါး အခြားမရှိပြီ။

(ဂ) ထိုမျှအထိ အမျက်ထန်နေသည်ကို လက်ခံသိမ်းပိုက်ထားလိုသူကို ထိုကြမ်းကြုတဝ်မှု အမျက်က ထိုသူ၏ အသက်အထိ ရန်ရှာပေရော့မည်။

ဤကား ဒေါသတရား၏ နိယာမပင်။

ထိုဒေါသ နိယာမသည်လည်း ခွေး၊ ဝက်၊ ကြက် စသည့် အောက်တန်းစား တိရစ္ဆာန်များကိုသော်လည်း အညာမပေးသေး၊ တစ်ဖန် အထက်တန်းရှိ နတ် ဗြဟ္မာများပင် ဖြစ်ပါစေ ၎င်းကို လက်ခံမိက ငရဲတ်သီးဟင်းကို နည်းနည်းစားမိက နည်းနည်းပင် စပ်သည့်ပမာ အညာပေးမည်ကား မဟုတ်ချေပြီ။

**အ**ထက်ပါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြသည့် ဘုရင်နှင့် အိမ်ရှေ့သားတော်၊ စစ်သူကြီးသားတော် သုံးဦးတို့ကမျှ မင်းကျင့်တရားနှင့် မညီလျှင် ကျန်အမှုတော်ထမ်း မှူးကြီး မတ်ရာ စသည်တို့ကား ဆိုဖွယ်ရာပင် မရှိတော့ပါပြီ။

## ထိုတိုင်းပြည် လေးပြင်လေးရပ် တံခါးပိတ်ထား၍ မရတော့

မလာအပ်သော အဂမနိယ လေးပါးတို့မှာ အောက်ပါတို့ပင် ဖြစ်ကြ၏။

၁။ ကြိုက်သဖြင့် ပြုလုပ်မပေးသင့်သည်ကို ပြုလုပ်ပေးခြင်း၊

၂။ ကြောက်သဖြင့် ပြုလုပ်မပေးသင့်သည်ကို ပြုလုပ်ပေးခြင်း၊

၃။ အလိုမကျသဖြင့် ပြုလုပ်ပေးသင့်ပါလျက် ပြုလုပ်မပေးခြင်း၊

၄။ အကျွမ်းမဝင်သဖြင့် ပြုလုပ်ပေးသင့်ပါလျက် ပြုလုပ်မပေးခြင်း၊

**ထို အဂတိလေးပါးတို့သည် ဤတိုင်းပြည်၌ ပိတ်ဆီး၍ မရချေပြီ။** ထိုတွင် မှယုက ဘုရင်ကြီးသည် မောဟာဂတိ ဟူသော အမှတ် (၄) နှင့် စွန်းငြိနေပြီး အမှတ်

(၁)၊ (၂) တို့ကား အိမ်ရှေ့၊ အမှတ် (၃) ကား စစ်သူကြီးတို့က အသီးသီး စွန်းငြိလျက် ရှိနေကြ၏။

တစ်ဖန် ဘုရင်ကြီး မဝင်၊ သားတော်နှစ်ပါးချည်းပင် စီရင်ရာ၌ကား…

(က) သားတော် အိမ်ရှေ့သည် ရှေ့နှစ်ခု အဓိက အားပြုလျက်က စီမံလေ့ ရှိ၏။

(ခ) သားတော် စစ်သူကြီးကား နောက်နှစ်ပါး အလေးထားလျက်က စီရင်လေ့ရှိ၏။

ထိုအစီအမံ အစီအရင်ကိုခံကြရလေသူတိုင်း…

အချိန်မဟုတ် ရွာသော မိုးဒဏ်၊ ရုတ်တရက် ခံလိုက်ရသူ၏ မကြည်မသာသော အမူအရာမျိုးပမာ တိမ်ပုပ်ကြားမှ ဘွားခနဲ ထွက်ပြူ၍ ပူအိုက်သော နေဒဏ်ကို မချိမဆန့် ခံလိုက်ရရှာသော ပျိုးနုတ်သမား၏ ညှိုးပုပ်သော မျက်နှာထားမျိုးပမာ မည်သူမျှ ကျေနပ်သည်၊ နှစ်သက်သည်ဟူ၍ မရှိပြီ။

အထက်ကို မကျေနပ်လည်း မကျေနပ်၊ တုလည်း မတုရဲသော် အောက်နှင့်တွေ့ ငေ့မည်သာ၊ အကယ်တိတိ အောက်နှင့်တွေ့၍မှ မငေ့သာသော်ကား ကိုယ့်အချင်းချင်း ဆက်ဆံရာကျလျှင်ကား လက်မှောက် လက်လှန်ရသမျှ အကြံအဖန် ထုတ်ယူတော့မည်သာ။

ဤနည်းဖြင့် တစ်ဦး၏ ရောဂါ တစ်ဦးမှာ ကူးစက်လာပါသည်။

ဤနည်းဖြင့်ပင် တစ်ဦး၏ ဗီဇ တစ်ဦးသို့ ကျရောက်လျက်က အပင်ပေါက်လာပါသည်။ သစ္စာမမြဲသော မင်း၊ ကတိမတည်သော လူတို့ နေထိုင်ရာ ဒေသမျိုးများ၌ အပူလွန်လွန်းလှသဖြင့် မိုးခေါင်ခြင်း၊ ရေမကြီးသင့်ချိန် ရေကြီးခြင်းများ ဖြစ်တတ်လှချေ၏။ ဒုစရိုက် – မကောင်းကျင့်ကိုသာ ကျင့်ကြံခြင်း၊ ဒုရာဇီဝ – မကောင်းမှုဖြင့်သာ အသက်မွေးဝမ်းကျောင်းမှု ပြုနေခြင်းသည်၊ နေ – ဥတုတို့၏ ပူခြင်း အိုက်ခြင်းများထက် အဆများစွာ အပူဓာတ် ပြင်းထန်လှချေရကား၊ ရွာသင့်သော မိုးရေ ပေါက်သည်ပင် အောက်မကျသာတော့ပြီ။

## "တစ်ရွာတည်းနေ တစ်ရေတည်းသောက်"

ထို ဘူမိပါလတိုင်းပြည်ဝယ် **ကာမယောဂ**[၁] ဟူသော ရွာတစ်ရွာသည် ရှိ၏။ ထိုရွာ၌ အိမ်ခြေပေါင်း (၅၄)[၂] အိမ်မျှ စုပေါင်းနေထိုင်လျက်ရှိကြ၏။ ထိုမျှ များပြားသော်လည်း **တကယ် အလုပ်**[၃] လုပ်နိုင်သော အိမ်ဦးရေမှာကား (၂၀)[၄] မျှသာ ရှိ၏။ ကျန် (၃၄)[၅] အိမ်ထောင်တို့ကား အမှီခိုခံနှင့် အိုမင်းမစွမ်းချည်းသာ။

ထိုအိမ်ခြေ ၂၀ တို့တွင်လည်း ရှစ်အိမ်မျှကသာ အလေ့ကျ ပေါက် တောချုံတောမြက်တို့ကို ခုတ်ထွင်ရှင်းလင်းကြပြီး ယာအလုပ်ကို ဓားမ, ဦးချ လုပ်လေ့ရှိကြ၏။ ထိုအလုပ်ဖြင့်ပင် ဝမ်းစာဖူလုံစေကြ၏။

ကျန် တစ်ဆယ့်နှစ်အိမ်ထောင်တို့မှာမူကား ရာသီအလိုက် ကြုံရာကျပန်းအလုပ်ကိုလည်း လုပ်ကြ၏။ မဆိုး တံငါအလုပ်ကို ယောက်ျားများက လုပ်ကြပြီး မိန်းမများကား ရာသီစလေ့ အလေ့ကျပင်တို့မှ ပေါက်လေ့ရှိသော မျှစ်ချိုးသူ ချိုး၊ မှိုရှာသူ ရှာ၊ တောရွက်တောသီး ခူးသူက ခူးဖြင့် ဖြစ်သလို အသက်မွေးဝမ်းကျောင်းမှု ပြုကြ၏။

- ပျင်းသောသူသည် အကောင်းကျွေးမှ ကြိုက်လေ့ရှိ၏။ အပူလွန်၍ ပျင်းခြင်းကြောင့်၊
- ပျင်းသောသူသည် စောင်းပေးမှ ကြိုက်လေ့ရှိ၏၊ အထုလွန်၍ ဖျင်းခြင်းခြင်းကြောင့်၊

---

၁။ ကာမယောဂ – ကာမဂုဏ်နှင့် ယှဉ်စပ်သော ရွာ

၂။ ၅၄ ကား ကာမစိတ် ၅၄ မျိုး

၃။ အလုပ်ဟူသည် ကံကျူးမှုကို ရည်ညွှန်းသည်

၄။ ၂၀ ကား အကုသိုလ် ၁၂၊ ကုသိုလ်စိတ် (၈) ကို ရည်ညွှန်း

၅။ ကျန် ၃၄ ကား ဝိပါက်ခေါ် အကျိုးပေးစိတ်များနှင့် ၎င်းတို့၏ အမူအရာပြ ကြိယာစိတ်များကို ရည်ညွှန်းသည်။

ဆိုရိုးစကားအတိုင်း ထိုရှစ်အိမ်ထား ယောကျ်ားသားတို့ကား အချို့ကား လောင်းကစား အပျော်အပါး၊ အချို့ကား အရက်သေစာ၊ အချို့ကား ဘိန်းစွဲကြလေသေး၏။ ထိုရှစ်အိမ်ထား မိန်းမသားတို့မှာမူကား ငွေကြေးငွေစ အဝတ်အစားလှလှတို့သာ ပေးနိုင်ကမ်းနိုင်လျှင် ဘာမဆို လိုသလို လိုက်လျောတတ်ကြ၏။

ထိုမြင်ကွင်း အိမ်ခြေနှစ်ဆယ်ထဲမှ...

ယာလုပ်ကိုင်စားသောက်ကြသူ မောင်ဉာဏတို့ ညီအစ်ကိုနှင့် တံငါလုပ်စားသူ မောင်အသခ်တို့ ညီအစ်ကိုကား အလုပ်အကိုင်ချင်းသာ မတူကြပြီး စရိုက်ချင်းကား ဆင်တူဖြစ်ကြရာ သူငယ်ချင်းများ ဖြစ်လာကြ၏။

- ယာခင်းက အသီးအနှံများ ထွက်က တစ်ဖက်သို့ ဝေငှဘိသို့၊
- တစ်ဖက်က ငါး၊ သား၊ ပုစွန် ရလာကလည်း တစ်ဖက်သို့ ပေးကမ်းသည်သာ။

သို့သော် တစ်နေ့တခြား မတရားမှုဘက်က လွှမ်းမိုးလာသော ထိုရွာကိုလည်းကောင်း၊ ထိုတိုင်းပြည်ကို လည်းကောင်း ၎င်းတို့ နှစ်တွဲ မနေလို မထိုင်လိုကြပြီ။ အလုပ်၏ ထမ်းပိုးက လေးလံရသည့်အထဲ မတရားစီမံခန့်ခွဲရမှုက ပို၍ပို၍ ဖိစီးလာတော့ရကား မနေကြတော့ရန် သဘောတူ ဆုံးဖြတ်လိုက်ကြတော့၏။

## ရေကြည်တွေ့လျှင် တစ်ခွက်သောက်
## မြက်နုတွေ့လျှင် ရှေ့ဆက်လျှောက်

ထိုဆုံးဖြတ်ချက်အတိုင်း ယာမျိုးနှင့် တံငါမျိုး ညီအစ်ကို သူငယ်ချင်းလေးယောက်တို့သည် နောက်နေ့၏ နံနက်မိုးသောက် အလင်းရောက်လျှင်ပင် ရွာကိုကျောပေးလျက်က ခရီးထွက်ခဲ့ကြ၏။

- ငါတို့ ဘယ်ကို သွားကြရမည်နည်း၊
- အရှေ့က နေ အထောက်ကို ယူ၍ အနောက်သို့ တာစူထွက်ကြမည်။

ထိုလေးဦးထဲတွင် မောင်ဉာဏတို့ ညီအစ်ကိုနှစ်ဦးက ဦးဆောင်ကြရ၏။

မောင်အသခ်တို့ ညီအစ်ကိုကား ရှည်ရှည်ဝေးဝေး မတွေးတတ်ကြလေသဖြင့် နောက်လိုက် အဖြစ်ဖြင့်သာ လိုက်ပါခဲ့ကြ၏။

တစ်ရက်၏ တစ်နေကား ဝင်သွားပြီ၊ ရွာရိပ်မှကား လွတ်လာ၏၊ တိုင်းရိပ်ပြည်ရိပ်မှကား မလွတ်ကြသေး။

တစ်ပတ်၏ နေတို့ကား အလျှိုအလျှိုဝင်သွားကြပြီ၊ တိုင်းရိပ်ပြည်ရိပ်မှကား လွတ်ခဲ့ပြီ၊ အားကိုးရာ လမ်းစ,ကား မရကြသေး။

သို့နှင့် တောဖြစ်သစ်သီး၊ သစ်ဥ၊ သစ်ဖုတို့ကိုအစာအဖြစ်ထား၊ တွေ့သမျှရေကိုကား အသက်သွေးကြောသဖွယ် အားထားလျက်က ခရီးဆက်လက် ထွက်ခဲ့ကြလေရာ တစ်ပတ်၏ နောက်နှစ်ရက်မြောက်နေ့မှာပင် နေလည်း မရောက်၊ မြက်လည်းမပေါက်သော တစ်ခုသော ကုန်းကမူကြီးကို ထူးဆန်းစွာ တွေ့ကြရ၏။ လေးဦးစလုံး ဝမ်းသာအားရ စိတ်ချလက်ချ ကိုယ်ကို တအားလွှဲလျက်က ပစ်လှဲထိုင်ချလိုက်ကြ၏။ မြေသား၏ အငွေ့၊ အတွေ့၏ ကောင်းခြင်း၊ အပူမဟပ်သဖြင့် အအေးဓာတ်လွှန်ကဲခြင်းများကြောင့် ထိုမြေပေါ်၌ ဝင်အိပ်ချပစ်လိုက်ကြ၏။

မည်မျှကြာသွားသည်ကား မသိ။

- ယမန်နေ့ ဤနေရာ ရောက်စက ထွက်သော အရှေ့နေသည် ယနေ့လည်း အရှေ့နေပင် ဖြစ်နေ၏။

ဦးစွာ မောင်ဉာဏက နိုးထ၏။ နိုးထသည်နှင့် နေတက်လာရာ ထိုအရှေ့ကို မျှော်ကြည့်လိုက်သောအခါ...

- အလွန်လည်း မြင့်ခေါင်ပြီး အလွန်လည်း မတ်စောက်၏။
- အလွန်လည်း ဆန်းကြယ်ပြီး အလွန်လည်း လှို့ဝှက်၏။

ထိုအချက်များနှင့် ပြိုင်တူ ထပ်လိုက်နေသော တောင်ကြီးကို တွေ့လိုက်ရ၏။ မောင်ဉာဏ အံ့ဩရပါဘိခြင်း၊ စိတ်ဝင်စားရပါဘိခြင်း၊ တက်လိုသော ဆန္ဒပြင်းပြရပါဘိခြင်း များစွာဖြင့် ငေးစိုက်ကြည့်နေ၏။

မကြာမီ မောင်အသခ်လည်း နိုးထလာပြီဖြစ်သဖြင့် ဝမ်းသာအားရလက်ညှိုး ထိုးပြမိ၏။ တောင်ကြီးကလည်း ဝေးလံမတ်စောက်နေသည်။ နေ၊ လ၊ တာရာ၊

နက္ခတ်များနှင့်လည်း အနီးကပ်ဆုံး၊ အထိစပ်ဆုံး ရင်ဆိုင်သွားရဦးမည်။ သို့ကြောင့် မောင်အသခ် အားမကျချေ။

သူငယ်ချင်း…

- တက်လမ်းလိုချင် အထက်သွားရမတဲ့ကွာ။
- မဂ်လမ်း လိုချင် ရမ္မက်ထားခဲ့ရမတဲ့ကွာ။

ဆိုရိုးရှိသားပဲ မဟုတ်လား။ နည်းနည်းဖြစ်ဖြစ် စိတ်ကူးထဲ ထည့်ကြည့်ပါဦး လား။

အေးကွာ…မင်းပြောတာ၊ မင်းအထင်နဲ့ မင်းအမြင်တော့ ကိုက်ပေလိမ့် မပေါ့။

ငါ့အထင် ငါ့အမြင်အတိုင်း ပြောရရင်တော့ကွာ…

ထန်းပင်ပေါ်က ကျိုးသိုက်ထဲမှ ပြည့်တန်တဲ့ ပတ္တမြားငမောက်ကြီး တစ်လုံး ရှိလေရဲ့။ အလကား တက်ယူ ဆိုတောင် ငါ့ဥက္ကောင်းကို တစ်ဖက် တစ်ဖက် ဆယ် ချက်စီ၊ ဆယ်ချက်စီ ယမ်းခါပြလိုက်ဦးမယ်။

တကယ်တော့ အဆင်းရဲခံပြီးမှ ချမ်းသာရာ ရတယ်ဆိုတာ အလျော်အစား လုပ်တာနဲ့လည်း ဘာမှ မထူးဘူး၊ ထမင်းပေး ကျွန်ခံအဖြစ်မျိုးနဲ့လည်း ဘာမှ မထူး ပါဘူးကွာ၊ မင်းသာ စဉ်းစားပါ။

- နည်းနည်းလေးမှ ထည့်မစဉ်းစားနိုင်တော့ဘူးလား သူငယ်ချင်း သူငယ်ချင်းချင်း အေးအတူ ပူအမျှ ခရီးလမ်းမ တစ်ခုတည်း သွားချင် လို့ပါ။
- အေး…နည်းနည်းစဉ်းစားပေးပါ ဆိုလျှင်တော့…

ငါတို့တိုင်းပြည် နွေကာလ နေလုံးက မြောက်ဘက်က တက်လာပြီး ဖြတ် သွားတဲ့အခါမှတောင် နေလုံးကြီးနှင့် အနီးဆုံး ထိတွေ့ခွင့် ရကြသူတိုင်း သူ့အပူဒဏ် ကျောကော့အောင် ခံကြရသေးတာ။

မင်းရဲ့ နေတိုက်၊ လေတိုက်၊ လတိုက် ခရီးဟာ ပူကလည်း ပူ၊ ပန်းကလည်း ပန်း၊ အားကလည်း ခန်းသနဲ့ အရမ်းမဲ့ ပျက်စီးကိန်း ဆိုက်ဦးမယ်။

ပြီးတော့ မင်းစကားက တက်လိုချင် အထက်သွား၊ မဂ်လိုချင်ရင် ရမွက် ထားခဲ့ ဟုတ်လား။

- အဖျားတက် အမှည့်စားရနိုးနိုး၊
- အောက်သားဖက် ငါးပိစား ပိုးထိုး ဆိုရိုးကလည်း ရှိသေးသလေး။

အေးကွာ...သူငယ်ချင်း၊ ငါ ဆွဲသလောက် မင်းဖယ်၊ ငါ တွဲသလောက် မင်း ပယ်နေလျှင်တော့ သည်နေရာကပဲ လမ်းခွဲကြရတော့မယ်။

မောင်အသခ်ကား နှုတ်တုံ့မပြန်တော့ပြီ၊ မောင်ဉာဏဘက်သို့ပင် မျက်နှာ မမူတော့ဘဲ အနောက်တူရူဆီသို့သာ စိတ်ဝင်တစား ကြည့်နေတော့၏။ ဆန်းကြယ် သော မြင်ကွင်းကား တစ်မှုဟုတ်ချင်း ချဉ်းလာချေပြီ။

ဤကုန်းကမူမှပင် အောက်သို့ ဆင်းရာ လမ်းမကြီးသည်လည်း ထင်းထင်း ကြီးပင် ပေါ်ထင်လာပါချေ၏။

- ခြေသွားချင်းထပ် မပြတ်သွားထားကြဟန်တူရဲ့၊ လမ်းကြီးကား ဖုံလို့။
- လမ်းကြောကြည့်၍ လှည့်ပတ်သွားထားဟန် တူရဲ့၊ အကွေ့အကောက် များလည်း စုံလို့။

အို...လမ်းတစ်လျှောက်လုံးလုံး တစ်ဖက်တစ်ချက် တောအုပ်များက ဖုံး ထားလိုက်သေး။

- နေရာကြိုကြားကြိုကြား ဝိုးတဝါးတား ဗွက်ကလေးများကလည်း စီလို့ တန်းလို့။
- အတက် ဆို တစ်ချက်မျှမရှိ မြေပြန့်နှင့် လွင်ပြင် အသွင်ချင်းများ ပြိုင် လို့ ဆိုင်လို့။
- လမ်းစ ဘယ်မှာဆုံးမတုံးမှန်း၊ မှန်းလေ ပေါ်လေ တစ်မျှော်တစ်ခေါ်ကြီး တန်းလေကိုး။

မောင်အသခ်သည်လည်း ၎င်းမြင်တွေ့နေရသော အဆန်းတကြယ် လမ်းမ ရိုးကြီးကို သူငယ်ချင်း မောင်ဉာဏအား လက်ညှိုးထိုးပြသနေ၏။

ဟိုမှာ တွေ့လား သူငယ်ချင်း...နေပူ တိတ်ဆိတ် အရိပ်ချည်း မြင်ကွင်း၊

အတက်မကန့် လွင်ပြန့်ချည်းမြင်ကွင်း၊ ခွန်အား မစိုက် အလိုက်သင့်လေး မှေးလိုက်ရုံနဲ့ လမ်းဆုံးစေမယ့် မြင်ကွင်းတွေချည်း မဟုတ်လား။

– စိတ်ကူး မလွဲပါနဲ့ သူငယ်ချင်းရာ ငါနဲ့သာ လိုက်ခဲ့ပါ။

– အေးကွာ...သူငယ်ချင်းဆန္ဒကိုတော့ လေးစားပါရဲ့၊ သို့သော် ငါ့ပင်ကိုစရိုက်ကိုကပင် ကိုယ့်ခွန်ကိုယ့်အား အရင်းအနှီးမထားရဘဲ ရမယ့်ပစ္စည်းဆိုဘုရင်အဖြစ် နန်းလက်ခံပါဆိုတောင် ငါ့လက်နှစ်ဖက်ကို တဖက်တစ်ဖက်လျှင် ဆယ်ခါစီ ယမ်းပြ၊ တစ်ဖက်တစ်ဖက်လျှင် ဆယ်ခါစီ ဆယ်ခါစီ ကာပြဦးမယ်ကွဲ့၊ သိလား။

– အေးကွာ...ငါသက်သာစေသလို သက်သာစေလိုပေမယ့်

သူငယ်ချင်းကမှ လက်မခံ၊ ငါလှန်ထားတဲ့လက် ငါပဲ ပြန်ရုပ်သိမ်းရုံပေါ့။ ထို့နောက် နှစ်ဦးသား တိတ်ဆိတ်သွားကြ၏။ ထိုတိတ်ဆိတ်ခြင်းကား တွေးတောခြင်း၊ ငေးမောခြင်းများကြောင့်ကား မဟုတ်၊ ကိုယ်သွားမည့်လမ်း ကိုယ် ခန့်မှန်းနေကြခြင်းကြောင့်ပင်။

ထို့နောက် မောင်ဉာဏအသံ ရုတ်တရက် ပေါ်လာ၏။

– သူငယ်ချင်း...ငါတစ်ခု ကတိစကား ထားချင်တယ်၊ မင်း လက်ခံမလားမသိဘူး။

– ဘာများလဲ သူငယ်ချင်းရဲ့ ဆိုစမ်းပါဦး။

သည်လိုလေကွာ...

(က) ငါ သွားမယ့် အတက်လမ်းက စခန်းလည်း အကျ၊ နန်းလည်း ရ ဆိုသည့်ပမာ ချမ်းသာခြင်း သုခများနဲ့ ပြည့်စုံနေလျှင် ငါသွားရာ လမ်းမင်းလိုက်ခဲ့ဖို့ မင်းကို ငါလာခေါ်မယ်ကော...ဟုတ်စ။

(ခ) အကယ်တိတိ မင်းသွားမယ့် အဆင်းလမ်းကပဲ စခန်းလည်း ကုန်၊ နန်းဘုံလည်းတက်ရ ဆိုသည့်ပမာ ချမ်းသာခြင်း သုခများစွာနဲ့ ပြည့်စုံနေလျှင်တော့ မင်းသွားရာလမ်း ငါ့ကိုပါ အပါခေါ်ဖို့ မင်းလာခေါ်ရမယ်။ ကဲ...ဘယ့်နှယ်လဲ။

(ဂ) အကယ်၍များ ဘာမှ မထူးကြဘူးဆိုရင်လည်း သည်ကုန်းအင္ဂကပဲ စောင့်ကြစတမ်းပေါ့။

မောင်အသခ်သည် ရုတ်တရက် ထတဲ့ပြီး သူငယ်ချင်း မောင်ဉာဏ၏ ပါး နှစ်ဖက်တို့ကို ဘယ်ပြန်ညာပြန် နမ်းရှုပ်လိုက်၏ ။ပြီးမှ...

စိတ်ချပါ သူငယ်ချင်း။

မင်း ကတိဟာ သူငယ်ချင်းချစ် မှန်က ထားရမယ့် ကတိမျိုးမို့လို့ ငါ အတိုင်း ထက် အလွန် ဝမ်းသာလှပါတယ် သူငယ်ချင်း။

ကဲ...သူငယ်ချင်း၊ အချိန်ရှိတုန်း လမ်းခွဲကြစို့ရဲ့။

အေး...ဟုတ်ပေသားပဲပေါ့။

ထို့နောက် မောင်ဉာဏတို့ ညီအစ်ကိုနှစ်ဦးကား အတက်လမ်း၈, ပေါ်ရာ အရှေ့သို့ ထွက်ခွာလာခဲ့ကြ၏။ မောင်အသခ်တို့ ညီအစ်ကိုနှစ်ဦးလည်း အောက် လမ်း၈, ပေါ်ရာ အနောက်သို့ ထွက်ဟန်ပြင်လျက်က ကျန်ရစ်ခဲ့ကြ၏။

## ခရီးလမ်း ရိက္ခာများ

မောင်ဉာဏတို့ ညီအစ်ကို နှစ်ဦးသည် မိမိတို့ နားသက်ရာ ကုန်းမြင့်မှ ထွက်၊ မြေပြန့်အတိုင်း ခရီးဆက်လျက် လမ်းရိက္ခာအတွက် ဦးစွာ ရှာကြံကြ၏။

၁။ ဦးစွာ တွေ့ရသည်မှာ တောက်ပြောင်ရွှန်းလဲ့နေသော အရာဝတ္ထုတစ်ခု ဖြစ်၏၊ ၎င်းကား အခြားမဟုတ်၊ သဒ္ဓါတည်း။

ထိုသဒ္ဓါသည် အထက်တက်လိုသူတိုင်း မပါမဖြစ်သောအရာ ဖြစ်၏။ သဒ္ဓါမပါသော် မော့တက်ကလေး တစ်တက် တွေ့ရုံမျှဖြင့် ပြန် ဆင်းချင်စိတ် ပေါက်တတ်၏။

- ယုံကြည်ချက် ပြင်းမှ ရဲတင်းချက် ပေါ်၏။
- ယုံကြည်ချက် မပြင်း ရဲတင်းခြင်းလည်း အလျင်းမပေါ်ချေ။

၂။ ဒုတိယ ကောက်ယူရရှိသော အရာမှာ...

တစ်ခဲနက် ဖြူဖွေးတောက်ပနေသော အရာဝတ္ထုတစ်ခုပင် ဖြစ်၏။ ၎င်း ကား အခြားမဟုတ်၊ သီလပင်တည်း။

သီလ မစင် တောကိုဝင် တောခွင် တောင်ခွင် ဖိတတ်သည်။

သီလ မပါပါကလည်း အတက်လမ်း၌ ခက်ခဲကြမ်းတမ်းစွာ တက်ရတတ်၏။ သာသနာစောင့်၊ လောကစောင့်၊ တောတောင်စောင့်တို့၏ အကူကို မရလေသောကြောင့် ...

- သီလသည် တောင်တက်ရာ၏ စောင်းတန်း၊
- သီလသည် တောင်ထိပ်စွန်ဖျား၏ မုခ်ဦး။

၃။ တတိယ တဖိတ်ဖိတ် တလက်လက်၊ အရောင်မျိုးစုံ ထွက်နေသောအရာဖြစ်၏။

၎င်းကား အခြားမဟုတ်၊ အကြား၊ အမြင်၊ အတွေ့အကြုံ ဗဟုသုတများပင်။ ၎င်းသုတသည်လည်း အထက်တက်ရာ၌ မပါမဖြစ်သော အရာပင် ဖြစ်ချေ၏။ အရှုပ်အထွေး အရေးကြုံက ထိုအတွေ့အကြုံ သုတကသာ ရှင်းပေးနိုင်၏။

- အကြား အမြင် သုတသည် ကိုယ်တွေ့နှင့် နှိုင်းယှဉ်ကြည့်ရာ၌ ဆရာကဲ့သို့ နှုတ်ဖြင့် ကူ၏။
- အကြား အမြင် သုတသည် ပတ်ဝန်းကျင် သဘောကို တီးခေါက်ကြည့်ရာ၌ ငယ်ကျွန်ပမာ လက်ဖြင့်ကူ၏။

၄။ စတုတ္ထ – ဝင်းဝါတောက်ပနေသော အရာတစ်ခုကို တွေ့ရပြန်၏။ ညီအစ်ကို နှစ်ဦး ဝမ်းသာအားရ ကောက်ယူကြ၏။ ၎င်းကား အခြားမဟုတ်၊ စွန့်လွှတ်မှု စာဂ ပင်တည်း။

ယင်းစွန့်မှု စာဂ သည် လက်တွင်းရှိ ဝတ္ထုအာရုံတို့ကို စွန့်လွှတ်ခြင်း၊ နောင်မျှော်ဖြစ်သော၊ နောင်ခံစားခွင့် ရရှိဦးမည့် ကိုယ်ကျိုးကို စွန့်လွှတ်ခြင်းဖြင့် တဏှာ–ငါ့ပစ္စည်း၊ မာန၊ ငါ၊ ဒိဋ္ဌိ၊ ငါပိုင် ဟူသော ပပဉ္စခေါ် မိမိစိတ်ကို ချဲ့ကားပေးတတ်သော ထိုသုံးပါးကို ပယ်တတ်ရာ၌ မရှိမဖြစ်သော အရာဖြစ်၏။

ထိုသုံးပါး စိတ်တွင်းဝင်နေသမျှ ငဲ့ကွက်မှု အာသာ မကင်းချေ။

ထိုသုံးပါးစိတ်သို့ ပူးဝင်နေသမျှ ဆွဲငင်မှု ပယောဂလည်း မကင်းချေ။ မိမိသို့လည်းကောင်း၊ မိမိပိုင် အထင်ကပ်နေသော သက်ရှိသက်မဲ့သို့ လည်းကောင်း၊ ငဲ့ကွက်မှု ရှိလေသူ၊ ထိုသက်ရှိသက်မဲ့တို့၏ စိတ်စိတ်ချင်း ဆွဲငင်မှုကို ခံထားရလေသူ ဘယ်သောကာလမှ ရှေ့သို့ မတက်နိုင်။

၅။ ပဉ္စမ ပတ္တမြားကဲ့သို့ ရဲရဲတောက် တစ်ခဲနက် ဝင်းလက်နေသော အရာကို တွေ့ကြရပြန်၏။ ၎င်းကား အရာရာဝယ် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့် အကျိုးများကို သန့်စင်ခွဲခြားပေးတတ်သော ပညာပင်တည်း။

ထိုပညာသည်လည်း အထက် တက်ရာ၌ မပါမဖြစ်သော ရိက္ခာပင် ဖြစ်၏။ အရာရာ ခွဲခြမ်းစိတ်ဖြာပေးမှု ပညာမပါလေက တွေ့သမျှ မျောက်အုန်းသီးရဖြစ်တတ်လှချေသည်။ မြင်သမျှ အရာဝတ္ထုမှန်သမျှ ကလေး ပွဲကြည့်သည့်ပမာသာ ဖြစ်ခြိမ့်မည်။

၆။ ဆဋ္ဌမ စိန်ကဲ့သို့ မာကျော တောက်ပြောင်သော အရာကို တွေ့ကြရပြန်၏။ ၎င်းကား ခရီးသွားရာတိုင်း၌ ဆောင်ဓားပမာ အလွန့်အလွန် အသုံးဝင်လှသော သတိတည်း။

- ရှုဆင်ခြင်မှု မှတ်ချက်သည် ရှောင်ရာ ဆောင်ရာတို့၌ အသုံးကျ၏။
- လေ့လာအောက်မေ့မှု မှတ်ချက်သည် အမှား အမှန် အဖြေထုတ်ရာ၌ အသုံးကျ၏။

ထိုသတိ မပါလေက အထက်သို့ တက်ရာ၌ အချည်းနှီး အချိန်ကုန်ဖို့သာ ရှိ၏။

၇။ သတ္တမ အလွန်ဖြူစင်တောက်ပသော အရာနှစ်ခုကို တစ်ပြိုင်နက် တွေ့ကြရ၏။ မောင်ညဏတို့ ညီအစ်ကိုကလည်း အဆောတလျင် ကောက်ယူလိုက်ကြ၏။

၎င်းကား အခြား မဟုတ်၊ ဟီရိ – မကောင်းမှု ပြုကျင့်မိလျှင် သူတော်ကောင်းတို့ ကဲ့ရဲ့ကြမည်ကို ရှက်ရွံ့လှခြင်း၊ ဩတ္တပ္ပ – မကောင်းမှု ပြုကျင့်မိလျှင် နောင် မဲမိလည်း ဤသို့ပင် ပြန်လည်ခံရဦးမည်ကို ကြောက်လန့်ခြင်း နှစ်ပါးပင်တည်း။

၎င်းနှစ်ပါးသည်လည်း အထက်သို့တက်ရာ၌ မပါမဖြစ်သော ပစ္စည်းများ ဖြစ်ကြ၏။ အထက်လမ်းသည် အထက်တန်းစားတို့၏ နေရာ ဘုံဌာနများသာ ဖြစ်ကြလေသဖြင့် အရှက်မဲ့ အကြောက်ကင်းသူတို့ကို လူအရာ မသွင်းသောကြောင့်တည်း။

မောင်ဉာဏ်တို့ညီအစ်ကိုသည် နောက်ထပ်ပစ္စည်းများ တွေ့လိုတွေ့ငြား အနှံ့အပြားလိုက်ရှာကြသေး၏။ ထိုခုနစ်မျိုးမှတစ်ပါး အခြားမတွေ့ရတော့ချေ။ သို့ဖြစ်၍ ထိုခုနစ်မျိုးတို့ကို ညီငယ်အား စာရင်းအမှတ်ခိုင်းလိုက်၏။

## သူတော်ကောင်း ဥစ္စာ ခုနစ်မျိုး

၁။ သဒ္ဓါ – ရတနာသုံးပါး၊ မိမိ၏ ဆရာ၊ မိမိ၏ အစွမ်းသတ္တိတို့၌ ယုံကြည်အားထားခြင်း၊

၂။ သီလ – သုတစ်ပါး၊ သူတစ်ပါးပစ္စည်းတို့အပေါ် ကိုယ်နှုတ်နှစ်ပါးဖြင့် မတော်မတရား မကျူးလွန်ခြင်း၊

၃။ သုတ – လောကီအရာ၊ လောကုတ္တရာအရာတို့၌ အကြားအမြင် သုတများ ရှာမှီးထားခြင်း၊

၄။ စာဂ – မိမိ၊ မိမိပိုင် ပစ္စည်းတို့အပေါ် အစွဲအငြိ ပယ်ချုတ် လက်လွှတ်စွန့်ထားခြင်း၊

၅။ ပညာ –မြင်မိ တွေ့မိ၊ တွေးမိသမျှတို့အပေါ် အမှားနှင့်အမှန် ခွဲခြားသန့်စင်ပေးခြင်း၊

၆။ သတိ – မြင်မိ၊ တွေ့မိ၊ တွေးမိသမျှတို့အပေါ် တစ်ခုမကျန် မှတ်ချက်ချပေးနေခြင်း၊

၇။ ဟိရိဩတ္တပ္ပ – မကောင်းမှု ပြုမည့်ကြံ ရှက်ခြင်း၊ ကြောက်ခြင်းတို့ဖြင့် ဆင်ခြင်၍ ခုခံခြင်း။

ထိုခုနစ်ပါးတို့သည် ယုံကြည်ချက် သဒ္ဓါပြင်းထန်က အားလုံးသည်ပင် ပါဝင်လာတော့သည်သာဖြစ်သဖြင့် ယင်း သဒ္ဓါတည်းဟူသော ကျောပိုးအိတ်ကြီးအတွင်းသို့ ထိုအားလုံး ထည့်သွင်းလိုက်ကြ၏။ ပြီးသော် ရိက္ခာထုပ် ကျောပိုးအိတ်ကြီးကို ကျောဖြင့် ပိုးလွယ်လျက်က ရှေ့ခရီးဆက်ကြလေတော့၏။

## အထက်သို့ တက်ရာ၌ အသုံးပြုရမည့် ကိရိယာများ

ထိုသို့ခရီးဆက်လျက်ကပင် မိမိတို့ ရှေ့တူရူရှိ အလွန်မြင့်မား မတ်စောက်သော တောင်ကြီးကို ပြိုင်တူ လှမ်းမျှော်ကြည့်မိကြ၏။

– အမြင့်နီးပြီး ခရီးဝေးသည့် တောင်၊

– အပင်ကြီးပြီး အသီး သေးသည်ကား ညောင်လို့ ရှေးတို့က စာဆိုလေးနဲ့ ငါတို့ကို သုတ အမွေပေးခဲ့ကြတယ်။ လာ လာ… ညီလေးမြင်သလောက် မနီးသေးဘူး။

*'သွက်သွက်လှမ်းလျှင် အမြန်ရောက်*

*သမက်ဖမ်းချင် ထရံပေါက်'* လို့လည်း ဆိုထားတာကိုး။ ဘာမဆို ယုံကြည်ရာ သဒ္ဓါနောက် ဆန္ဒလေးများ ထောက်လာလျှင် ဝီရိယ ရောက်လာမှာ သေချာပါတယ်။ အဲ…သဒ္ဓါနဲ့ ဝီရိယ၊ ဆန္ဒနဲ့ ဝီရိယ ပူးတွဲမိကြလျှင် မသွက်မှာ မပူပါနဲ့ အစ်ကိုရာ။

မောင်ဉာဏတို့ညီအစ်ကိုနှစ်ဦး စကားတပြောပြော ပေါ့ပါးသွက်လက်စွာဖြင့် တောင်ကို တစ်လှည့်၊ လမ်းတစ်လှည့်ကြည့်လျက်က ခရီးဆက်ခဲ့ကြ၏။

– နေပါဦး အစ်ကိုရ…ညီငယ် မရှင်းတာလေး မေးပါရစေဦး။

– ဘာများတုံး ညီလေးရဲ့။

– ခုတင်က ကျွန်တော်တို့ ကောက်ယူခဲ့ကြတဲ့လမ်း ရိက္ခာခုနစ်ပါးရှိတယ်၊

– အေးလေ…အဲဒါ ဘာဖြစ်လဲ။

– သူ့ကို ဘာပြုလို့ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာလို့ ဆိုရတာလဲ။

– အင်း…မေးလည်း မေးစရာပေပဲ။

သည်လိုကွ ညီလေးရ၊ သူတော်ကောင်း အမည်ခံ တကယ့်သူတော်ကောင်းမှန်ခဲ့လျှင် သည်အင်္ဂါခုနစ်ချက်နဲ့ညီတဲ့ စိတ်ထားမျိုး၊ ကိုယ်အမူအရာမျိုး၊ နှုတ်ဖွင့်မျိုး အမှန်ရှိနေရမယ်လို့ ဆိုတာရယ်၊ ဒါကိုပဲ သူတော်ဥစ္စာ ခုနစ်ဖြာ ဆိုရတယ်။

– သည်လိုဆိုရင် သည်ဥစ္စာ ခုနစ်မျိုး၊ တစ်မျိုး တစ်မျိုး ချို့တဲ့နေရင်တော့ သူတော်ကောင်းလို့ မဆိုသင့်တော့ဘူးပေါ့။

– အေးပေါ့ကွာ၊ သည်ခုနစ်မျိုးမှာ သဒ္ဓါက အရင်းခံမဟုတ်လား။

အေး…အဲသည် သဒ္ဓါချို့တဲ့တာနဲ့ ကျန်အားလုံး လုပ်ပြသော်မှ ရုပ်ပြပဲဖြစ်လာလိမ့်မယ်။ တစ်ခါ အဆုံးကနေ လှန်ပြောလိုက်ဦးမယ်။ မကောင်းမှု ကျူးလွန်ဖို့ရာ အရှက်အကြောက်မဲ့နေတဲ့သူ ဘုရားအပေါ် ဘယ်လောက်ယုံပါတယ် ပြောပြော၊ ဗုဒ္ဓဘာသာဝင် စစ်စစ်ကြီးပါလို့ ဘယ်လောက်ကျိန်ပြောပြော သဒ္ဓါကင်းလို့ စိတ်ဖျင်းပေါ်နေတာ ထင်ရှားနေတယ်။ အဲသည် မကောင်းမှု အမြင်ခံ၊ အကြားခံပြီး ပြောင်ပြောင်တင်းတင်း ပြုလုပ်ပြောဆိုနေသူ…

– သီတင်းသီလ အမြဲရနေပါတယ် ပြောလည်း ရုပ်စောင့်ဥပုသ်ပဲရမယ်၊

– ကိုယ်ကျိုး စွန့်လွှတ်နေပါသည်ဆိုလည်း မကြိုက်တာလောက် စွန့်တာသာ ဖြစ်မယ်၊ လိုရင်းကတော့ကွာ သည်ခုနစ်မျိုးထဲက တစ်ခုခု ချို့တဲ့နေရင် သူတော်ကောင်း မစစ်တော့ဘူး ဆိုတဲ့ ဥပဒေသပါပဲ။

– ရှင်းပါပြီ အစ်ကိုလေး။

၎င်းတို့နှစ်ဦး စကားရှင်း၍ ရှေ့သို့ မော့ကြည့်လိုက်ရာ တောင်ခြေစခန်းသို့ ရောက်နေပြီဖြစ်ကြောင်း သိကြရ၏။ သို့နှင့် ဝမ်းသာအားရ တိုးကပ်သွားကြ၏။

– လူစ လူန လည်း တလေ တစ်ယောက်မှ မတွေ့ရပုံထောက်တော့ ဘကက်လမ်းက လူသွား နည်းတယ်နဲ့ တူပါတယ်အစ်ကိုလေး။

– အထက်ဆိုတာ တက်ရမယ်လို့ ညွှန်းနေတဲ့ စကားမဟုတ်လား၊ အတက်ဆိုကတည်းက အားစိုက်မှ၊ ဖွဲကောင်းမှ၊ ပညာသားပါမှ ဆိုတော့။

– ပျင်းတဲ့သူ မှန်သမျှ အထက် မတက်ချင်ကြဘူးပေါ့။

– အထက်တက်ချင်ပါတယ်ဆိုပေမယ့် မေ့မေ့ပေါ့ပေါ့ နေလိုသူများလည်း မတက်ဖြစ်ကြဘူးပေါ့။

– အကောင်းတော့ ရလိုခံစားလိုပါ၏။ သို့သော်…

ထီပေါက်သလို ကောက်ရသလိုလေး မလုပ်ဘဲ ရမှ ဆိုတဲ့ လူစားမျိုးဟာ အစ်ကိုလေး ပြောတဲ့ အထက်လည်း တက်ချင်၊ ပေါ့ပေါ့လည်း နေချင် ဆိုတဲ့ အမျိုးပဲလား။

- ဟုတ်သမှ သိပ်ဟုတ်ပေါ့ ညီလေးရာ၊ ဘုရားရှေ့သွားသွားပြီး မကြောင့်မကြ၊ မတောင့်မတဘဲ အားလုံး ပြီးပြည့်စုံရပါလို၏။ ဝင့်ဘဝတိုတို့နဲ့ မင်္ဂဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရရပါလို၏ လို့ နားပူ နားဆာ လုပ်နေတဲ့သူတွေဟာ အဲသည် ထဘီပုံကြားက ပေါ့ပေါ့နေ ပေါ့ပေါ့စားသမားတွေပဲ ညီလေးရေ့။

- လောကမှာ မလုပ်ဘဲနဲ့ အကျိုးခံစားလိုသူသည် သူတောင်းစားမျိုးတည်း။

- မသွားဘဲနဲ့ ခရီးပေါက် ရောက်လိုသူသည် လူပျင်းလူပေါ့မျိုးတည်း။

ရှင်ဖြစ်က ရှင့်အလုပ်၊ လူဖြစ်က လူ့အလုပ်၊ ယောကျ်ားဖြစ်က ယောကျ်ားအလုပ်၊ မိန်းမဖြစ်က မိန်းမအလုပ် စသည့် မိမိအလုပ် ကျေပွန်စွာ ပြုကျင့်ရမည်သာ။ မပြုကျင့်က စရဏ သီလခေါ် ဝတ္တရားပျက်ကွက်သဖြင့် အချင်းချင်း မေတ္တာပျက်တတ်ကြလေသည်။

ကဲ…ညီလေး၊ အချိန်ရှိတုန်း ရောက်သလောက် တက်ကြဦးစို့ရဲ့။

နှစ်ဦးသား တက်ရန်ဟန်ပြင်လိုက်ကြ၏။ အထက်ဘက်သို့ မျက်နှာမူလိုက်သည်နှင့် အတက်၌ အားကိုးတကြီး လက်ကိုင်အဖြစ် အသုံးပြုရမည့် ကိရိယာများတွေ့ကြရ၏။ ဘုရားဖူး တောင်အတက်ဝ၌ တွေ့ရတတ်သည့် ဟုတ်၊ တောင်ဝှေးများပမာတည်း။

**၁။ ဒါန** – ကိုယ်ရောစိတ်ပါ ရက်ရောစွာ ပေးကမ်းခြင်း၊ ချီးမြှင့်ခြင်း၊ ပူဇော်ခြင်း သည်ကိရိယာသည် အရေးကြီးဆုံး ဖြစ်၏။ သို့ကြောင့် သူ့ကို ဦးစွာ ဆွဲယူရ၏။ သူတစ်ပါးသို့ ကောင်းစားစေလိုသော ပရဟိတ စိတ်ထားမျိုး မရှိက အထက်မတက်သာချေ။ ယင်း ပရဟိတ စိတ်ထားသည် ငွေကိုကား ဘဏ်သို့အပ်၊ ချက်လက်မှတ်ကိုကား ကိုယ်နှင့်အပါယူသွားသူပမာ သူတစ်ပါးအကျိုး ဆောင်ရွက်ပေးခြင်း (နှုတ်ဖြင့် စောင်မကြည့်ရှုမည်၊ ကိုယ်ထိလက်ရောက် ပံ့ပိုးကူညီမည်) ဖြင့် မိမိ၏စိတ် ကောင်းသောအရိပ်တွင်းသို့ အလိုလို ရောက်နေတတ်၏။ ဝတ္ထုအာရုံတို့၏ ဆွဲငင်မှုမှ ပြတ်တောက်သွားတော့သဖြင့် မိမိ စိတ်အမြင့်နှင့် အမြတ်သို့ တက်နေတတ်၏။

၂။ သီလ – မိမိ စိတ် ပြင်ပဝတ္ထုအာရုံများနှင့် မစပ်ယှက်မိရန် ထိန်းသိမ်းထားခြင်း၊ သည်ကိရိယာသည် ဒုတိယ အရေးကြီးဆုံး ဖြစ်၏။ ပေးကမ်း ရက်ရောခြင်း ဒါနဖြင့် တစ်ဖက်အကျိုး မည်မျှသည်ပိုးနေစေ၊ ကိုယ်ကျင့် ဖောက်ဖျက်နေကဘုရားဂေါပက လူကြီးက နောက်မယား အငယ်အနှောင်း ထားလျက်က ကာမ စည်းစိမ် ခံစားနေသည့်ပမာ ရှေ့က ပြုကျင့်နေသော ဒါနကို နောက်မှနေ၍ လိုက်လံ ဖျက်ဆီးပစ်နေတတ်၏။ ကိုယ်ကျင့်လည်း ကောင်း၊ အပေါင်းလည်း ဝေမှ ဖဝါးနှစ်ချက် ဘက်စုံကျ ဖြစ်တော့သည်။

- ဒါနသည် ငါ့ပစ္စည်းဟူသော ရင်ဝ စူးနေသည့် ဓားကို နုတ်ပစ်ရာ ကိရိယာ။
- သီလသည် အဝေးအာရုံတို့မှနေ၍ ပစ်လွှတ်လိုက်သော ဓားကို အကာအကွယ်ပေးသော ကိရိယာ။

၃။ ဘာဝနာ – သိက္ခာသုံးပါး ဆင့်ဆင့်ထား၍ မရင့်စိတ်သက်၊ ရင့်ကျက်ရန် ပွားထုံပေးခြင်း၊ ဤကိရိယာသည် စိတ်နေစိတ်ထား ကြီးမြင့်မားစေတတ်သောကြောင့် ဘုရားစောင်းတန်းဝက ဓာတ်လှေကားပမာ အထက်သို့ တက်ရာ၌ သူ မပါခရီးမရောက်ချေ။ ဒါနဖြင့် ပြင်ပ ဝတ္ထုတို့ကို လွတ်လွတ် စွန့်ကြဲခဲ့၏။ သီလဖြင့် အာရုံတို့ နောက်မှနေ၍ လှမ်းပစ်လေ့ရှိသော ကိလေသာတို့ကို ကိုယ်ဖြင့်၊ နှုတ်ဖြင့် ပြန်လည် မတုံ့ပြန်မိစေရန် စောင့်စည်းပေးထား၏။

သို့တစေလည်း စိတ်ကို ဘာဝနာဖြင့် သန့်စင်မပေး၊ စည်းလုံးမပေးက အနမှ အရင့်သို့လည်း မတက်ချေ။ ယုတ်နိမ့်ရာမှ မြင့်ရာမြတ်ရာသို့လည်း မတက်တော့ချေ။ သန့်ပြန့်စင်ကြယ်သော ကိုယ်ပိုင်စိတ် ဖြစ်လိုလျှင် စည်းလုံးလျက်က သိပ်သည်းမှု အားကောင်းသောစိ<sup></sup>် ဖြစ်လိုလျှင် ဘာဝနာမှ တစ်ပါး အားကိုးစရာ အခြားမရှိတော့ပြီ။

၄။ အပစာယန – ဂုဏ်သိက္ခာ အသက်အားဖြင့်ကြီးမြင့်သူတို့အပေါ် အရိအသေပြုခြင်း၊ ဤကိရိယာသည်လည်း အထက်ဟက်ရာ၏ ငြမ်းသဖွယ်ဖြစ်သဖြင့် လက်လွှတ်၍ မရချေ။ ဘုရား၊ အရိယာတို့ သည့် မမြင်အပ်ရာ အတွင်းပစ္စည်းဖြင့် တွေ့သူတိုင်းကို တို့နေပါသည်။ အချင်းချင်း ကျင်စက်ဖြင့်တို့ရာ၌ ဓာတ်လိုက်သ

ဖြင့် အတို့ခံရသူ၌လည်း ကျင်တက်သွားလေ့ရှိတတ်၏။ သည့်အတူ ဘုရား၊ အရိယာများသည်လည်း ဝေနေယျတို့ကို ဓမ္မဓာတ်အားကို အစွမ်းကုန် ဖွင့်လွှတ်ပေးပို့လျက်က ဝေငှနေသည်သာဖြစ်၏။ မျက်စိလျှင်သူ မြင်၏၊ မလျှင်သူ မမြင်၊ လက်ပါသူ ရ၏၊ မပါသူ မရချေ။

ထိုဘုရား အရိယာတို့၏ အတုကို လိုက်လျက်က အကျင့်ဂုဏ်သိက္ခာကြီးမားမြင့်မြတ်လျက်ရှိသော သူတော်ကောင်း အစားစားများသည်လည်း ကျင့်ကတည်းက ငါ့ဖို့ချည်း မရှိ၊ ငါနှင့်အတူ အများကိုပါ ဟူသော ဆန္ဒမှန်ဖြင့် အားသွန်လျက်ရှိ၏။ သို့ကြောင့် ၎င်းတို့ကျင့်သမျှ ဓမ္မဓာတ်အား၊ ဝင်၊ ထွက်လေတို့၏ လှိုင်းမှလည်းကောင်း၊ မွေးညင်းတို့၏ အပေါက်ကြားမှလည်းကောင်း ပြင်ပသို့ ပျံ့နှံ့လျက်သာ ရှိချေသည်။ အရိအသေပြုခြင်းဖြင့် ၎င်းတို့ဆီ စိတ်ဦးလှည့်သူတို့ ထိုဓာတ်အား မဝင်သည် မရှိချေ။

ဂုဏ်သိက္ခာအရာ မိမိအရင် တစ်စက္ကန့် တစ်မိနစ်မှ နာရီ၊ ရက်၊ လ၊ နှစ် စောစီး၍ ကြီးမြင့်လေသူ၌ မိမိထက် မြတ်သော စေတနာ အပွင့်ဦးသဖြင့် ရှိသေရသည်။

အသက်အရာ မိမိအရင် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ် စောစီးကာ မွေးဖွားပြီးလေသူ၌ကား မိမိထက် ဘဝကောင်းကို ဦးစွာ စောနေနိုင်သော ကံပွင့်ကို ရှိသေရသည်။

**၅။ ရဝယူဓဝစ္စ** – အသက် ဂုဏ် ကြီးမြင့်သူတို့သို့ အနီးကပ် အလုပ်အကျွေးပြုခြင်း၊ ဤကိရိယာသည် ပြီးခဲ့သော အဝေးပေး အဝေးယူထက် ထိရောက်သော အနီးကပ် ရယူခြင်းပင် ဖြစ်၏။ ဓာတ်ကိုလည်းကောင်း၊ အတတ်ကိုလည်းကောင်း၊ လက်မိလက်ရ၊ အမွေခံထိုက်၏။

မီးကို အသုံးချရာ၌ အဝေးမှနေ အသုံးချလေသူ အပူဒဏ်ကား အခံရနည်း၏။ သို့တစေလည်း အလင်းရောင် တစ်ခုမှတစ်ပါး အခြားအသုံးချခွင့် မရချေ။

အနီးကပ် အသုံးချလေသူကား အပူဒဏ်လည်း လေအငွေ့တွင် ရံဖန်ရံခါ ခံရတတ်၏။ သို့တစေလည်း ချက်ပြုတ်စရာမှန်သမျှ နူးစွာ နပ်စွာ ကျက်သည် အထိလည်း ချက်နိုင်၏။ ကင်ခြင်း၊ ဖုတ်ခြင်း၊ ကြော် လှော်ခြင်း စသည် စားဖွယ် သောက်

ဖွယ်မှန်သမျှ လိုသလိုလည်း ရ၏။ အလင်းရောင်ကိုလည်း အနီးကပ်ဖြစ်သဖြင့် အထင်လင်းဆုံး အသုံးချခွင့်ရ၏။

၆။ **ပစ္စိဒါန** – မိမိ ပြုခဲ့ဖူးသော ကောင်းမှုတို့ကို ရယူလိုသူများသို့ ဖြန့်ဝေပေးခြင်း၊ ဤကိရိယာကား ကုသိုလ်ပွားတိုးစေရာ၌ အလွန်အသုံးဝင်သောအရာဖြစ်၍ အထက်တက်ရာ၌ မရှိမဖြစ်ချေ။ ကုသိုလ် မပြုနိုင်ရှာသူတို့ ဆင့်ပွားကူးယူရာ၌လည်း အလွန်အားကိုးရသော အရာဖြစ်သဖြင့် အထက်တက်ဖက် အဖော်ရွေးရာ၌ မပါမဖြစ်ချေ။

မိမိလက်ထဲရှိ လှူစရာ ဝတ္ထုပစ္စည်းတို့ကို စွန့်ချ ပေးလှူလိုက်မိသည်နှင့် မိမိလက်ထဲသို့ ကုသိုလ်ထုပ်ကြီး မယူရဘဲနှင့် အလိုလို ရောက်လာတော့၏။ ထိုရောက်လာသော ကုသိုလ်ထုပ်ကို တစ်ဆင့်ပြန်လည်လှူရာ၌

(က) မိမိ အလှူဝေယျာဝစ္စဖြင့် ကူသောသူများသို့ အမျှဝေ၍လှူခြင်း၊

(ခ) မြင်အပ်၊ မမြင်အပ်၊ အနီးအဝေး နေသူများသို့ မှန်းကာ အမျှဝေ၍ လှူခြင်း၊

(က) ဤသို့ နှစ်မျိုးရှိချေရာ မိမိနှင့်အတူ လှူရာ၌ ကူသူတို့အား (၁) ဝတ္ထုကလည်း ဆွမ်းဆိုဆွမ်း၊ မုန့်ဆိုမုန့် စသည် တူမည်၊ (၂) စေတနာ အပြင်းအပျော့၊ အထက်၊ အနှံ့ကလည်း တူမည်ဆိုက ဤကုသိုလ် အကျိုးပေး အလှည့်ကျရာ ဘုံဘဝသို့ ရောက်လေသောအခါ အတူနေ အတွင်း အခြံအရံအဖြစ် လင်နှင့်မယား၊ မိဘနှင့် သားသမီးအဖြစ်နှင့် ညီအစ်ကို မောင်နှမ စသည်များအဖြစ်သို့ ဖြစ်လာကြရ၏။

အကယ်တိတိ၊ ဝတ္ထုသာတူ၊ စေတနာမတူ၊ သို့တည်းမဟုတ် စေတနာကာသာ တူ၊ ဝတ္ထုကား မတူသော် ထိုကုသိုလ်ထုပ် သာခုခေါ်ရာ၌ မိတ်ကောင်းများအဖြစ် ပြင်ပ အခြွေအရံဘဝဖြင့် အကျိုးတူ ခံစားခွင့်ရကြ၏။ အလှူရှင်က ဈေးရောင်းသော် ဒါနရိပ် မိုနိဖူးကြလေသော ထိုပြင်ပ အခြွေအရံများကား ဝယ်ယူသူ၊ အားပေးသူများ ဖြစ်ကြရ၏။ စိတ်ချရသော မိတ်ကောင်းအဖြစ်ဖြင့် အပြန်အလှန်ကူညီမှုကို ခံယူကြရ၏။

(ခ) ထိုသို့ကား လှူရာ၌ မပါဝင်ချေ၊ အဝေးမှ နေ၍ ပုဂ္ဂိုလ် မည်သူမည်ဝါ့ထံမှလည်း ရည်ညွှန်းခြင်း မရှိပါဘဲလျက်က...

၁။ သူတော်ကောင်း၊ သူမြတ်လောင်းအပေါင်းတို့က ဝေငှပို့သသောအမှု မေတ္တာကိုလည်း အကျွန်ုပ်ကလည်း သာဓု သာဓု သာဓု... ဤသို့ အသိအမှတ်ပြုသူ။

၂။ တစ်ဖန် အနုရဒ္ဒါအလောင်း၊ အန္နဘာရ ဆင်းရဲသားနှင့် သူဌေး သုမန ထုံး နှလုံးမူလျက်က သူ့ဒါန မိမိသို့ မျှတရန် အကူငွေထည့်၍ သာဓုခေါ်သူ။

ထိုသူ နှစ်ဦးတို့ကား ထိုမူရင်း အလှူရှင် အောက်သို့ မဝင်ပြီ။ ထိုအလှူရှင်နှင့် ထပ်တူထပ်မျှ အလှူရှင် သူဌေးဖြစ်က ၎င်းတို့လည်း ခေတ်ပြိုင်သူဌေးဖြစ်ရမည်။ အလှူရှင် နှတ်စည်းစိမ် ခံစားလေက ၎င်းတို့လည်း တစ်စင်ထောင်ပင်။

**၇။ ပတ္တနုမောဒနာ** – လက်ရောက်ကုသိုလ်ထုပ် အမျှပေးသည်ကို လက်ခံ ရယူခြင်း၊ ဤကိရိယာသည်လည်း ငွေကုန်ကြေးကျ မရှိ၊ သူ့အလှူကို ဝမ်းမြောက်မိရုံလေးနှင့် ကုသိုလ်ထုပ် ပိုက်ရသော သူတော်ကောင်း ထုံးဖြစ်သဖြင့် အထက်တက်ရာ၌ မပါလျှင် မဖြစ်ချေ။ သူကောင်းစိတ်ရှိ ဆင်းရဲသား ကိုယ်တိုင်လှူ ကုသိုလ်ရှိန် အားကောင်းမှ ဆိုသော် တက်စရာ ခွင့်မရှိပြီ။

မကောင်းမှု ဒုစရိုက်ဘက်က သူ့အသက်သတ်မှုကို တစ်ဦးက ကျူးလွန်၏။ ထို ကျူးလွန်သူအား သွားရောက် အားပေးမိသော် မိမိလည်း ထို သတ်သူနှင့် ကံတူ အကျိုးပေးအဖြစ် သတ်မှု၏ အပြစ်ကို ကျခံရမည်။ စိတ်တူသဘောတူ အားပေးခြင်းကို မဆိုထားဘိ၊ ချီးမွမ်းမိလျှင်ပင် ပြစ်တူ ကျိုးက ခံကြရမည်။

ဤကောင်းမှု၌လည်း လှူသူက လှူ၍ ဘေးမှနေ ဝမ်းမြောက် ဝမ်းသာလွန်းလှသဖြင့် သာဓု သာဓု...သင့်လုပ်ရပ် ကောင်းပေစွ၊ သင့်လုပ်ရပ် ကောင်းပေစွ ဟူ၍ စိတ်တူ သဘောတူက ထိုကုသိုလ်၏ အကျိုးပေး ထိုသာဓုခေါ်သူလည်း အကျိုးတူ ခံစားခွင့် ရမည်မှာ မုချပင်။

**၈။ ဓမ္မသဝန** – သူတော်ကောင်းတို့ လမ်းစဉ် ဖော်ညွှန်းရာ၌ မြေပုံသဖွယ် ဖြစ်သဖြင့်မပါမဖြစ်သော ကိရိယာတစ်ခုပင် ဖြစ်တော့၏။

ခရီးသွားရာ၌ ဖဝါးထား၊ လမ်းကြည့်၊ ကိုယ်ထိန်း သုံးမျိုးတို့ကို ကလေးသည် ရှေ့သွား မိဘ၏ ခြေချလက်ချကို အတုလိုက်၍ ခရီးသွားရမြဲ ဖြစ်၏။

ဤအထက်ခရီး ကက်လှမ်းရာ၌လည်း ရှေးသူတော်ကောင်းကြီးများ ထားမြဲ၊ အာရပြုပုံ၊ သုံးသပ်ပုံ၊ ကျင့်ပုံများကို နည်းမှီရမှသာ ချောမောလွယ်ကူ၏။

**၉။ ဓမ္မဒေသနာ** – မိမိ သိပြီး တရား၊ သူတစ်ပါးတို့အား ထပ်ဆင့် ဖြန့်ဝေပေးခြင်း၊ ဤကိုယာသည်လည်း အထက်ကက်လိုသူ မျိုးဆက်သစ် မွေးရာ၌ မရှိမဖြစ်သော ကိရိယာဖြစ်၍ အထက်တက်သူတိုင်း တစ်ပါတည်း ယူသွားရမည့် ကိရိယာပင် ဖြစ်၏။

- မိမိရှိပစ္စည်းကို မိမိတစ်ဦးတည်း တစ်ကိုယ်ကောင်းဆန်ဆန်စားသုံးသူသည် သူတော်ကောင်း မဟုတ်ချေ။ သူတော်ကောင်းဟူက မိမိထက် သူတစ်ပါးကို ပို၍ စေတနာရှိမြဲတည်း။
- မပေးလို မကမ်းလိုစိတ် ဝင်သည်နှင့် အထက်လူ ဖြစ်က ဣဿ၊ အောက်လူ ဖြစ်က မစ္ဆရိယ၊ တန်းတူဖြစ်က မာနစိတ်ထားရှိကြောင်း ပေါ်လွင်နေချေပြီ။

ဤတရား ထပ်ဆင့်ဟောခြင်းလည်း မိမိ အလှူထုပ် အမျှဝေပုံမျိုးပမာ မိမိသိပြီးတရား အမျှဝေနေခြင်းပင် ဖြစ်တော့၏။ ဒါနမှုနှင့် ဓမ္မမျှသာ ကွာခြားကြ၏။ ဒါနကား တစ်လုံးတည်း မျှ၍ ဓမ္မကား တစ်လုံးချင်း ခွဲဝေမျှတခြင်းတည်း။

**၁၀။ ဒိဋ္ဌုဇုကမ္မ** – မိမိအာရုံကို တစ်ဖြောင့်တည်းထား၍ ပြုလုပ်ခြင်း၊ ဤကိရိယာသည် လေ့သွားရာ၏ ပဲ့ထိန်းပမာ ဖြစ်ရကား အထက်သို့ တက်လိုသူတိုင်း အထူး လက်ကိုင်ပြုရမည့် ကိရိယာထူး ဆိုက မမှားတန်ရာချေ။

- ငါစွဲကြီးခြင်း – အတ္တဒိဋ္ဌိသည် လမ်းမှားရာသို့ ပို့တတ်သည့် ကိရိယာတည်း။
- ငါ့အတွက် ရလိုမှု အားကြီးခြင်းလည်း လမ်းမှားသို့ ပို့မည့် ကိရိယာတည်း။
- လုပ်တိုင်း မဖြစ် စိတ်ညစ်နေခြင်းလည်း လမ်းမှားသို့ ပို့မည့် ကိရိယာတည်း။

ကျင့်စဉ်အတိုင်း အထက်သို့ တက်နေသော သူတော်ကောင်းမှန်သမျှ ငါ့ဖို့မရှိ။

– ဤအကျင့်ဖြင့်ပင် သာသနာကျေးဇူးဆပ်မည်။
– ဤအကျင့်ဖြင့်ပင် ဝေနေယျတို့ကို ကျေးဇူးပြုမည်။
– ဤအကျင့်ဖြင့်ပင် မိမိကိစ္စ ပြီးစီး အောင်မြင်စေရမည်။

ထိုအာရုံထားမျိုး၌ စိတ်ကစားစရာ မရှိပြီ။ စိတ်မကလက်သော် အာရုံမှန်ပေါ်ပြီ၊ ထိုအာရုံမှန်အတိုင်း မိမိပြုကျင့်မြဲ လမ်းစဉ်ဖြင့် အထက်သို့တက်ရာ၌ လမ်းမှားခြင်း၊ လမ်းစ ပျောက်ခြင်း အလျင်းမရှိတော့ပြီ။

အထက်ပါ ဆယ်မျိုးတို့တွင် ကိုယ်ကျိုး စွန့်ခြင်း ဟူသော ဒါနတွင်းသို့ကျန် အားလုံး အကြုံးဝင်သွားတော့ရာ ထို ကိုယ်ကျိုးစွန့် အာရုံဟာစ်ခုတည်းကိုသာ တောင်တက် တောင်ဝှေးတစ်ချောင်းပမာ လက်ကိုင်ထားက အားလုံး ပါဝင်ပြီးစီးပြီးသားပင်။

မောင်ဉာဏတို့ ညီအစ်ကိုသည် အထက်တက်ရာ၏ ကိရိယာတန်ဆာပလာများကို စုဆောင်းပြီး ရေတွက်လိုက်၏။ ပြီးသော် တစ်ပေါင်းတည်း ပြုလုပ်လျက်က လက်မှ ကိုင်ထားလိုက်ကြ၏။ တောင်သို့ တက်ရန်ကိုလည်း အထက်သို့ မော့ကြည့်လိုက်ကြ၏။

– ညီလေးရေ…ကိရိယာဆယ်မျိုးတို့ကိုလည်း ခေါင်းစည်းလောက်တော့ မှတ်ခဲ့ဦးဟေ့။

– ဟုတ်ကဲ့ အစ်ကိုလေး…အသေးစိတ်က သိနေပြီးပြီပဲ"

## ပုညကရိယ ဝတ္ထုဆယ်ပါး

(၁) ဒါန၊ (၂) သီလ၊ (၃) ဘာဝနာ၊ (၄) အပစာယန၊ (၅) ဝေယျာဝစ္စ၊ (၆) ပတ္တိဒါန၊ (၇) ပတ္တနုမောဒနာ၊ (၈) ဓမ္မသဝန၊ (၉) ဓမ္မဒေသနာ၊ (၁၀) ဒိဋ္ဌုဇုကမ္မ…ဤဆယ်ဝကား တစ်ပါးလျှင်ဖြည့် အားလုံးပြည့်၏။

– ကဲ…တောင်တက် ကိရိယာလည်း ရကြပြီ၊ တောင်တက် လမ်းစ ထိပ်လည်း ခြေချမိကြပြီ၊ လာ လာ…တက်ကြစို့ရဲ့။

မောင်ဉာဏသည် ပြော့ပြော့ဆိုဆို ရှေ့မှ ဦးဆောင်၍ တက်၏။ လမ်းကား

ထီးထီးရှိ၏။ တက်လိုသူ နည်းသဖြင့်သာ လူစ လူန မတွေ့ရခြင်းဖြစ်၏။ တက်ရာ၌ ထစ်၍ထစ်၍ တစ်ဖဝါးချ တစ်ထစ်တက်လည်း ရှိ၏။ ဖဝါးဆက်၍ သွက်သွက်တက်သာသည့် နေရာမျိုးရှိ၏။ သို့တစေလည်း အတက်ဆိုထားသဖြင့် သက်သက်သာသာကား ဘယ်နေရာမှ မရှိပြီ။

တစ်ဖန် အလွန် မတ်စောက်လှသဖြင့် ရင်ဖြင့် ထိန်း၍တက်ရသော နေရာလည်း ရှိ၏။ အလွယ်တကူ ဒူးဆစ်အကွေးအဆန့်လုပ်ပေးရုံလေးမျှဖြင့် တက်ရသော နေရာလည်း ရှိ၏။

- အစ်ကိုလေးရ...လမ်းကြီး ဖြောင့်လိုက်တာကလည်း မျဉ်းဆွဲထားသလို ပါပဲလား။

- အေးကွာ...၊ ရှေးပုဂ္ဂိုလ်ကြီးတွေရဲ့ ဉာဏ်နဲ့ ဖောက်ထားတာဆိုတော့ ဖြောင့်တာပေါ့။

- ကြည့်စမ်းပါဦး၊ သည်ကနေ ကြည့်လိုက်ရင် အရင်းကျယ်ပြီး အဖျားရှူးနေသလိုပဲ။

- ဒါက သည်လိုကွ၊ အဖြောင့်လမ်းကို ကြည့်မိရင် မျက်စိနဲ့ နီးရာက ကျယ်သလို ထင်ရတတ်တယ်၊ မျက်စိနဲ့ဝေးလေ ကျဉ်း ကျဉ်းသွားလေလည်း ထင်ရတတ်တယ်။

- သည်လိုဆို ကျွန်တော်တို့ ပုထုဇဉ်တွေရဲ့စိတ်ထားမျိုးနဲ့ တူနေပြီပေါ့။

- ဘယ်လိုလဲကွ၊ အရင်းကြီး အဖျားရှူးလမ်းနဲ့ ပုထုဇဉ်စိတ်ဆန်း။

- သည်လိုပါ...ပုထုဇဉ်သားတိုင်း အာရုံဆန်းကို တမ်းတမြဲပါပဲ။ မတွေ့လိုက်နဲ့၊ ဆန္ဒပြင်းပြင်း ရမ္မက် ချဉ်ခြင်းများရဲ့ ဆွဲငင်အားကြောင့် ခွဲထုတ်လို့မရ၊ အခွာခိုင်းလို့ မရပါပဲ။ ကဲ...အပြီးတွဲတော့ဆိုပြီး ထိုးအပ်လိုက်ရင်ပဲ တစ်စစ အဖျားရှူးသွားပါရောလား။

- အေး...ဟုတ်တယ်ညီလေ ၊ ဘာမဆို အရင်ကြီးသလောက် အဖျားရှူး သွား တတ်တယ်။

- ဟစ်ဘာသာကနေ တစ်ဘာသာ ကူးပြောင်း စသူတွေ၊

– တစ်မိသားနဲ့ တစ်မိသာ ရခါစ စုံတွဲလေးတွေ၊

– ခေတ်ပေါ်ပစ္စည်းတစ်ခုခု အစအဆုံး သုံးမိကြသူတွေ၊

သည်သုံးမျိုးတို့ဟာ ညီလေး ပြောသလိုပဲ အူလှိုက် သည်းလှိုက် စေတနာထက်ကြတယ်။ ဟော…သမားရိုးကျ ဘာသာဝင်တွေ၊ ပေါင်းပြီး နှစ်ကြာလာတဲ့ အိမ်ထောင်ရှင်တွေကျတော့ ပတ်ကြိုးလျှော့နေတဲ့ ဆန်စက်ကြီးထဲက စက် ပူလီဘီးကြီးများလို မလည်တစ်ချက် လည် တစ်ချက်နဲ့ တယ်မသွက်ချင်တော့ဘူးကွာ။

– အဲဒါ ဘာဖြစ်သွားတာလဲ အစ်ကိုလေး။

– ဘာသာရေးမှာ ဆန္ဒ အားနည်းသွားပြီး အာရုံညောင်းလာလို့။

– အိမ်ထောင်ရေး စသည်မှာ ရမ္မက် မီးပေါင် ကျသွားပြီး သွေးအားကလည်း ခန်းလာလို့။

– မေးစရာပေါ်လာပြန်ပြီ၊ ဆန္ဒနဲ့ရမ္မက် ထူးခြားချက်က ဘယ်လိုလဲအစ်ကိုလေး။

– ဆန္ဒ ဆိုတာကကွာ၊ တွေ့တုန်း ပြုချင်တာ၊ မတွေ့ သတိမရတော့ဘူးပေါ့။

– ရမ္မက်၊ ရာဂ၊ လောဘတို့ ဆိုတာတွေကျတော့ မတွေ့ရ မနေနိုင်၊ မပြုကျင့်ရ မနေနိုင်လောက်အောင် ငမ်းငမ်းတက် တမ်းတမ်းစွဲ လိုချင်မှုမျိုးကို ဆိုတာ။

– တစ်ခါ တစ်မျိုးထပ်မှတ်ခဲ့ဦး ညီလေး။

(က) မိမိပိုင် ဝတ္ထုပစ္စည်းများကို ပေးမယ်၊ လှူမယ်ဆိုတဲ့နေရာကျတော့ ဆန္ဒလို့ ဆိုရတယ်။

(ခ) သူတကာ့ထံက ပစ္စည်းများကို ယူမယ်၊ တောင်းမယ် ဆိုတဲ့ နေရာမျိုးကျတော့ ရမ္မက်၊ ရာဂ၊ လောဘတို့က နေရာယူ ခိုင်းစေပေးကြတယ်ပေါ့။

– ရှင်းသွားပြီ အစ်ကိုလေး…သည်တစ်ခုတော့။

– အလို…သည်တစ်ခုရှင်း နောက် ဘယ်နှစ်ခု ကျန်သေးတုံးဗျာ။

– သည်လိုပါ…၊ နောက်က အစ်ကိုလေး မှတ်စုအရေးခိုင်းခဲ့တဲ့ ကိရိယာဆယ်ချက်ကို ပုည ကရိယလို့ ခေါင်းစည်း အတပ်ခိုင်းခဲ့တယ် မဟုတ်လား။

အေးလေ…အဲဒါ ဘာဖြစ်လဲ၊ ဟုတ်သားပဲ။

- အဲသည္မွာ ပုညဆိုတာ ဘာလဲ၊ ကိရိယာဆိုတာ ဘာလဲ သိခ်င္လို႔ပါ။

ညီအစ္ကိုႏွစ္ဦး ခရီးကလည္း အေတာ္ေပါက္လာၾက၏။ သိလိုရာ ေမး၊ ေမးလိုရာသိျဖင့္ ေမးတိုင္းသိ၊ သိတိုင္းေမး၊ သုတအရိန္၏ ပင့္အားေၾကာင့္ ေလပင့္ေသာ မီးပုံးပ်ံပမာ ညီအစ္ကိုႏွစ္ဦးစလုံး ေမာရမွန္းလည္း မသိၾက၊ ပန္းရမွန္းလည္း မသိၾကၿပီ။ လမ္းရိုးႀကီးကလည္း တစ္ေၾကာင္းထိုးတည့္သာ ရွိသျဖင့္ ေခ်ာ္ေလမလား၊ မွားေလမလား စိတ္ကစားမႈမ်ားလည္း လုံး၀ မေပၚခဲ့ေခ်။ သို႔ႏွင့္ ခရီးအတန္ငယ္ ေရာက္ေလမွ ညီငယ္ ေမာင္ရူပ၏ အေမးကို ေျဖဖို႔ သတိရလာေတာ့၏။

- ညီေလးေရ...ပုညဆိုတာ ဘ၀ႏွင့္ စည္းစိမ္ ႏွစ္မ်ိဳးျပည့္စုံလုံေလာက္ေစတတ္တဲ့ အေၾကာင္းခံ ကံတရားကို တင္စားထားတဲ့ အမည္တစ္မ်ိဳးပဲ။

(က) ေကာင္းစိတ္က ဖန္တီးေပးလိုက္တဲ့ ေကာင္းကံေစတနာက လက္ဦးကပင္ အလြန္ထက္သန္ ျပင္းျပေနခဲ့ရင္ ေနာင္ထိ မဆိုင္းဘူး၊ သည္ဘ၀မွာပဲ ဘ၀လည္း အဆင့္ျမင့္၊ ရာထူးစည္းစိမ္မ်ားလည္း အဆင့္တိုးေစတာပဲ။

(ခ) အလယ္ ေဇာစိတ္မ်ား ျဖစ္ၾကတဲ့ ဒုတိယ၊ တတိယတို႔မွာ က်ေလမွ ေကာင္းကံ ေစတနာက လိုက္လာရင္ေတာ့ ေနာင္ ဒုတိယ၊ တတိယ စသည္ဘ၀မ်ားမွေန နိဗၺာန္ မ၀င္မီအတြင္း ကိုယ့္ထက္သာ အျခားေစတနာမ်ားကို ဦးစားေပးၿပီး တစ္လွည့္ေစာင့္ အက်ိဳးခံစားခြင့္ ရေစမယ္။

(ဂ) ေနာက္ဆုံး သတၱမ ေဇာဆိုတဲ့ ေကာင္းစိတ္ကေလး ေရာက္ခါမွ ေစတနာက ေနာက္ေယာင္ခံ လိုက္ပါသြားခဲ့ရင္ေတာ့ နိဗၺာန္၀င္ဘဲဘ၀က်မွပဲ ခံစားေပေတာ့ပဲ။

သည္လို ဘ၀နဲ႔ စည္းစိမ္ ဖုလုံေရးျဖစ္တဲ့ အမႈမ်ိဳး ျပဳက်င့္တာကိုပဲ...

၁။ ေကာင္းမႈ ကိေလသာ ခ်ိဳအေဆာင္းတတ္ရာ အသိုက္အအုံကို ဖ်က္ဆီးပစ္၀ံ့လို႔။

၂။ ကုသိုလ္ - အခုလည္း အျပစ္ကင္း၊ ေနာင္လည္း အျပစ္ကင္း၊ သူလည္း ခ်မ္းသာ၊ ကိုယ္လည္း ၀မ္းသာေနလို႔ နာမည္ႏွစ္မ်ိဳးနဲ႔ အမွန္းတင္ထားေသးတယ္၊ အားလုံး အတူတူပါပဲ။

– ကိရိယာဆိုတာ ဆိုပါစို့၊ စက်ပြင်ဆရာမှာ စက်ပြင်ကိရိယာဆိုတာ ရှိတယ်ကွဲ့။

အဲသည် ကိရိယာက စက်ပျက်ကို အသက်ဝင်စေရာမှာလည်း သူနဲ့ပြုပြင်ပေးမှ ဖြစ်တယ်။ စက်သစ်တစ်ခု တပ်ဆင်ပြီး အသက်သွင်းပေးရာမှာလည်း သူပါမှ ဖြစ်တယ်။

သည်စကားကို ညီလေး မျက်စိထဲ ရုပ်ပြနဲ့အတူ မြင်နေမယ်ဆိုရင် ဘဝနဲ့ စည်းစိမ် ပြည့်စုံဖူလုံအောင် ပြုလုပ်တဲ့နေရာမှာ ကိုယ့်ပစ္စည်း ကျတော့ ပေးကမ်းမယ်၊ သူ့ပစ္စည်းကျတော့ စောင့်စည်းမယ် စတဲ့ ဆယ်ချက်နဲ့သာ ပြည့်စုံသွားရင် ဘဝသမ္ပတ္တိ – ဘဝကောင်းများနဲ့ ပြည့်စုံနေပါပြီ။ ဘောဂ သမ္ပတ္တိ – ရာထူးစည်းစိမ် ကောင်း နေရာမျိုး ရောက်ရှိလာပါပြီဆိုတဲ့ စက်နှစ်လုံးပြန်းခနဲ လည်နိုင်ရောပေါ့။

– ဘဝကောင်းဆိုတာ အထက်တက်မိလာပါပြီလို့ ကြော်ငြာတာ၊

– အထက် တက်နေတာ အောက်တန်းမကျပါဘူးလို့ အော်ပြောနေတာ။

– အစ်ကိုလေး ရှင်းတာတွေက ရှင်းလှပါတယ်၊ ညီငယ်ဘက်က မရှင်းတာလေး တစ်ဆိတ်။

– ဘာများတုံး မောင်ရှုပရဲ့။

– ကုသိုလ်ဆိုတာ အခုလည်း အပြစ်ကင်း၊ နောင်လည်း အပြစ်ကင်းမှ ဆိုတာလေး။

– ခြော်…ဒါလား၊ အခု အပြစ်ကင်းပုံကတော့ ကိုယ်မွေးထားတဲ့ ကြက်ဖမ်းဆီးသတ်ဖြတ်တာ။

ဘယ်သူက ရဲသွားတိုင်မတုံး၊ ဘယ်ရဲက လာပြီး ဖမ်းဆီးစစ်ဆေးမတုံး။

– ခြော…ဟုတ်ပြီ၊ ပစ္စုပ္ပန်တစ်ပြစ်ကတော့ ကင်းပြီဆိုပါတော့၊ နောင်က။

– နောင်ကျရင်တော့…

(က) ကိုယ်ကပဲ ကြက်စွဲ စွဲပြီး သေလို့ ကြက်ထဲ ရောက်သွားပြီး သူ့လို ခံစားရတာမျိုး၊

(ခ) အသတ်ခံ ကြက်ကပဲ အာဃာတ စွဲနဲ့ သေသွားပြီး နိုင်ရာဘဝကနေ စောင့်ပြီး ကလဲ့စားချေတာမျိုး။

သည်နှစ်မျိုး တစ်မျိုးမျိုး ပြေးမလွတ်ဘူး၊ ဝင့်မှာအမြဲ ငရဲမှာအပ ဆိုထားတယ် မဟုတ်လား။

- သည်လိုဆို ဘုရားပွဲ၊ အလှူပွဲများအတွက် နွားဖြစ်စေ၊ ကျွဲဖြစ်စေ၊ သိုး၊ ဆိတ်ဖြစ်စေ၊ ကြက်၊ ဝက်၊ ဘဲ စသည်များဖြစ်စေ သတ်လှူရင်ကော သည်ကုသိုလ်က ဟန့်တားပယ်ဖျက်မပေးနိုင်ဘူးလား။

ဟ...ညီလေး၊ ချောင်းရေနဲ့ ကန်ရေ ဘယ်တုန်းက ရောဖူးလို့လဲ၊ ကုသိုလ်ကလည်း ကုသိုလ်သတ္တိအတိုင်း သူ့လမ်းသူသွားမှာပဲ၊ အဲ...အကုသိုလ်ကလည်းပဲ အကုသိုလ်ရဲ့ အစွမ်းသတ္တိအတိုင်း သူ့ကိစ္စ သူ ဆောင်ရွက်မှာပဲ ညီလေး။

- ရှင်းပြီ၊ ညီလေးမသိတဲ့ သုတတွေ လမ်းသွားရင်း ကောက်ရခဲ့ပြီ။

- အလို...ညီလေး၊ ရှေ့ နားထောင်ကြည့်စမ်း၊ လူသံတွေ သဲ့သဲ့ကြားနေရတယ်၊ တူရိယာအမျိုးမျိုး အသံတွေကလည်း ငါ့နားထဲ ကြားနေရသလိုပဲ။

မောင်ဉာဏနှင့် မောင်ရူပတို့ ညီအစ်ကိုနှစ်ဦး ခြေလှမ်းများ အထူး သွက်လက်လာကြ၏။ သည်နေရာမျိုး ဘယ်လိုလူတွေ နေသနည်း၊ သည်နေရာမျိုး ဘယ်လို ဝါဒီတွေ ရှိသနည်း။ အမေးက ခေါင်းထဲ ဝင်လာကြ၏။ လူသံ၊ တူရိယာသံများက လည်း သတိစိုက်လေ ပိုကျယ်လေ ထင်လာကြရ၏။ မကြာပါချေ။

## အပြစ်မဲ့တို့၏ မဟာကုသိုလ်တော်စခန်း

- ဟော့ ဟော့...အပြစ်မဲ့တို့၏ မဟာကုသိုလ်တော်စခန်း ဆိုပါလား။

မောင်ဉာဏ တအံ့တသြဖြစ်သွားရ၏။ သည်လောက်မြင့်သော နေရာမျိုးမှာမှ သည်လို စခန်းကြီးမျိုး တခမ်းတနား တွေ့နေမြင်နေရသောကြောင့်။

ဆိုင်းဘုတ်ကြီးအောက်မှနေ ဖြတ်ကျော်ဝင်သွားမိသည်နှင့် အစီအရီ အဆောက်အဦကြီးများ၊ ပေးသူ၊ လက်ခံသူ ပရိသတ်ထုကြီးများကို ဦးစွာ တွေ့လိုက်ကြရ၏။

- နေဦးညီလေးရေ...အကြမ်းစားပဲ လေ့လာသွားကြဦးစို့ရဲ့။ သည်စခန်းကြီး တစ်လျှောက် ဘယ်ထိပေါက်သလဲ လေ့လာကြရအောင်။

– ရှေ့အတော်အလှမ်းကွာကွာသို့ ရောက်သွားကြသောအခါ ပြင်ပဝတ္ထု အာရုံတစ်ခုခုကို စူးစိုက်ကြည့်နေကြသော အကျင့်ရှင်များကို တွေ့ရပြန်၏။

– အချို့ကား မိမိမျက်နှာအောက်ရှိ မြေကို စိုက်ကြည့်နေ၏။

– အချို့ကား ကမ်းစပ်သို့ ထိုင်လျက်က ရေကို စိုက်ကြည့်နေ၏။

– အချို့ကား အလွန်ပြင်းထန်စူးရှသော နေကို စိုက်ကြည့်နေ၏။

တစ်နေရာသွားလေ တစ်မျိုးတွေ့ရလေဖြင့် သဘောတူ အကျင့်ကွဲများ ချည်း တွေ့ရ၏။

ထိုမှဆက်၍ အခြား ချောင်ကျကျ ဂူကြီးများရှိရာ တစ်နေရာသို့ သွားမိကြ လေသောအခါ...

– ငါ့မှာ ခံစားစိတ်ရှိနေလို့ ခံစားပေးနေရတယ်၊ မှတ်သားစိတ် ရှိနေလို့ မှတ်သားပေးနေရတယ်။ မျက်ခြည်မပြတ် ကြောင့်ကြစိုက်လိုစိတ် ရှိနေလို့ ကြောင့် ကြဲစိုက်ပေးနေရတယ်။ ဆုံးဖြတ်ပေးနိုင်စွမ်းရှိတဲ့ စိတ် လက်ခံမိလို့ ဆုံးဖြတ်ချည်း ပေးနေရတယ်။

အကယ်လို့သာ သည်သိစိတ်တွေ မရှိခဲ့ရင်...

မောင်ဉာဏတို့ ထိုညည်းတွားသံ ကြားကြရ၍ အံ့အားသင့်သွားကြ၏။ သူပြောတာ ဟုတ်ပေသားပဲလို့လည်း စိတ်တွင်းမှ မှတ်ချက်ချမိကြသေး၏။

တစ်ဖန် ရှေ့နား ဆက်လက်၍ သဘာဝ ဂူကြီးများ အစီအရီ ရှိနေသော အတိုင်း ဆက်လက်၍ လျှောက်သွားကြရာ ယခင်နှင့် ဆန့်ကျင်သ..က်အသံများ ဂူ တွင်းများမှ ထွက်ပေါ်လာကြ၏။ ၎င်းတို့စကား စိတ်ဝင်စားလွန်း၍ နားစွင့်နေမိ ကြ၏။

ငါတို့ သိစိတ်ကလေးချည်း လက်ခံပြီး နေခွင့်ရကြရင် ကောင်းမှာပဲ၊ အခု တော့ သည်ရုပ်ကိုယ်ခန္ဓာကြီး လက်ခံမိခဲ့ကြလို့။

– ဆာလှချည့်၊ အစာခွံ့ပေးပါဦးဆို ဝါးခွံ့ပေးကြရတယ်။

– ဆာကာ ခဏထား၊ စားပြီး အညစ်အကြေးများ သွားစွန့်ပေးပါဦး ဆို စွန့်ပေးကြရတယ်။ သည့်အတူပါပဲ ရေဆာလို့ ခပ်တိုက်ရ၊ မပြီးသေးခင် အပေါ့သွား

တည်ပေးရ၊ ရေချိုးပေးရ၊ ချေးတွန်းပေးရနဲ့ အချိန်ရှိသရွေ့ သူ့ကိုပဲ ကလေး မွေးကင်းစ စောင့်ရှောက်ထိန်းသိမ်းပေးနေရသလို ပိုးမွေးသလို ကျွေးနေမွေးနေရတယ်။

တစ်ခါ တစ်နေ့တာကုန်လို့ အိပ်ကြမယ် ဆိုပြန်တော့...

ပက်လက်က ညောင်း တစ်ဖက်စောင်းပေးရပြန်၊ သည်တစ်ဖက်က ညောင်း' နောက်တစ်ဖက်ပြောင်းနဲ့ သူ့အလိုချည်း လိုက်လုပ်ပေးနေကြရပြန်တယ်။

နိုးပြီလား၊ နိုးပြီဟေ့ ဆိုကတည်းက မျက်နှာသစ်ပေးရ၊ အပေါ့အလေး သွားရောက်စွန့်ထုတ်ပေးရ၊ အစာရေစာ တိုက်ကျွေးပေးရ၊ သူ့ဝေယျာဝစ္စချည်း ပြုလုပ်ပေးနေရတယ်။

သည်ကြားထဲ အထိုင်ညောင်းတော့ အထခိုင်း၊ အရပ်များတော့ အသွားခိုင်း၊ အသွားကြာတော့ ပြန်အထိုင်ခိုင်းနဲ့ ထိုင်ရာမှာပဲ ဘယ်ပြောင်းညာလွှဲက ရှိပြန်သေး။

- မယားတစ်ယောက် ယူမိတာကမှ သဘောချင်း မတွေ့ကြ၊ ကွာရှင်းခွင့် ရသေး။

- သည်ကိုယ်ကောင်ကြီး ငါတို့ ရယူသိမ်းပိုက်ထားတာကျတော့ မသေမချင်းပဲ။

စကားဆုံးသည်နှင့် ဆက်သွားကြ၏။ စိတ်ဘဲမှလည်း ကိုယ်တွေ့ဖြစ်ရပ်များနှင့် တိုက်ဆိုင်လွန်းနေတော့သဖြင့် ကိုယ်မုန်းဝါဒီ၏ စကားကိုလည်း အကြွင်းမဲ့ လက်ခံမိကြ၏။ စိတ်မုန်းဝါဒီသမား၏ စကားကိုလည်း ဟုတ်ပေသားပဲ ထောက်ခံမိကြ၏။

စခန်းပြင်ကြီး၏ ဧရိယာကား မျှော်မမြင် ကြည့်မဆုံးသော မြေပြန့်အညီဖြစ်၏။ ထိုမြေပြန့်၌...

(က) အပြစ်မဲ့ မဟာကုသိုလ်တော်စခန်း၊

(ခ) အပြစ်မဲ့ကျင့်စဉ်စခန်း၊

ထိုနှစ်မျိုးသာ တွေ့ခဲ့ရ၏။ ကျန်မြေပြန့်တို့ကား ဥယျာဉ်ကြီးပမာ စားကောင်းရာရာ အသီးမျိုး၊ အပွင့်မျိုးတို့ဖြင့်သာ ပြည့်နှက်နေ၏။ အလေ့ကျ ပေါက်ဆိုက မြက်တစ်ပင်မျှပင် မတွေ့ခဲ့ရချေ။

တစ်ဖန် ထိုဥယျာဉ်တော်ကြီးများ၏ နံဘေးဝန်းကျင်များ၌ ကြီးမားသော၊

သန့်ပြန့်သော ရေကန်ကြီးများကလည်း ထိုသီးပင်တို့ လိုအပ်ရာ မြေဆီ ရေဓာတ်တို့ကို လိုသလောက် သုံးကွဲ့ ပြောနေသည့်ပမာ တွေ့ခဲ့ကြရ၏။ ဥယျာဉ်ကြီးများကို အသေးစိတ် အသေအချာ လှေလာကြည့်လျှင်ကား...

– အချို့က ပေါက်သစ်စ နွယ်ပင် သစ်ပင်လေးများ ဖြစ်နေကြ၏။

– အချို့က ပွင့်သစ်စ နွယ်ပင် သစ်ပင်လတ်များ ဖြစ်နေကြ၏။

– အချို့က အမှည့်တဝင်းဝင်း သီးကင်းတဖုတ်ဖုတ် ပင်အိုကြီးများ ဖြစ်နေကြ၏။

မောင်ဉာဏတို့ ညီအစ်ကိုနှစ်ဦးသည် ထိုဥယျာဉ်ကြီးများနှင့် မဟာကုသိုလ်တော်စခန်းအကြား အရောက်တွင် ဟိုဟိုသည်သည် တောင်မြောက်ဝဲယာကို လှေလာကြ၏။

– အထက် မော့ကြည့်က မြို့ပြလက္ခဏာ ဗိမာန်ကြီးငယ်များ ရေးရေးဖွေ့ကြရ၏။

– အောက်ငုံ့ကြည့်က လူတို့နေရာ မြေကမ္ဘာကြီးကို ထင်းထင်းကြီး မြင်တွေ့နေကြရ၏။

– ဝဲယာကို အကဲခတ်ကြည့်က လူမဟုတ်သော လူသားတို့၏ ဗိမာန်များကို ရေးရေးမျှ မြင်ကြရ၏။

ထိုသို့ လှေလာကြရင်း လူတို့၏နေရာ မြေကမ္ဘာကို စိတ်ဝင်တစား ကြည့်မိကြလေရာ...ကမ္ဘာကြီးကား တစ်ဖက်ခြမ်းက နေထွက်နေ...သည်ကို တွေ့ကြရပြီး တစ်ဖက်ခြမ်းမှာမူကား လသာနေသည်ကို အထူးအဆန်း တွေ့ကြရ၏။ တစ်ဖန် တစ်ဖက်မှာ ညသန်းခေါင်အဖြစ် မှောင်အတိကျလျက်ရှိပြီး တစ်ဖက်မှာမူကား နေ့ခင်းအပြည့် နေမွန်းတည့်အဖြစ် ရှင်းရှင်းလင်းလင်းကြီးဖြစ်နေသည်ကို တွေ့ကြရ၏။

ကမ္ဘာတစ်ခုတည်း ဘာဖြစ်လို့ ဆန့်ကျင့်ဘက်နှစ်မျိုးကွဲနေရသလဲ။

ထိုအမေးကား ပြဿနာဝင်သော ပုစ္ဆာတစ်ခုအဖြစ် မောင်ဉာဏ၏ စိတ်ထဲဝယ် သိုမှီးလျက်သား ဖြစ်နေ၏။ တစ်နေ့ ပြေလည်တန်ကောင်းပါရဲ့ဟူ၍လည်း မျှော်မိ၏။ သို့နှင့် မဟာကုသိုလ်တော်စခန်းသို့ ရောက်လာခဲ့ကြ၏။

ထိုကုသိုလ်တော်စခန်း၌ အမြဲနေထိုင်စရာနေအိမ်တိုက်တာဟူ၍ကား လုံးဝ မတွေ့ရချေ။ ခရီးသွား ဧည့်သည်များ ပြုစုလုပ်ကျွေးရန် ဧည့်ကြိုစခန်းပမာ ကြီးမားသော မဏ္ဍပ်ကြီးများ လေတိုက်၊ နေတိုက်ဒဏ် ခံနိုင်ရည်ရှိသော မဏ္ဍပ်ကြီးများ၊ မဏ္ဍပ်မြင်ရုံနှင့် ဝင်ချင်စရာကောင်းလောက်အောင် စီမံထားသော ရှုမငြီးဖွယ်မဏ္ဍပ်ကြီးများကိုသာ တွေ့ရ၏။ ရုတ်တရက်ဆိုက မြေအပြင်ဝယ် သလင်းကျောက်ပြားများ ခင်းလျက်က တည်ဆောက်ထားသော ရွှေနန်းတော်ကြီးများပမာတည်း။

တစ်ဖန် ထိုအလှူမဏ္ဍပ်ကြီးများကို ရေတွက်ကြည့်ရာ စုစုပေါင်း ရှစ်လုံးဖြစ်၏။ နံဘေးအဖီစသည့် အဆွယ်အပွားများပင် မပါရှိချေ။

တစ်ဖန် ထိုအလှူပေးမဏ္ဍပ်ကြီး ရှစ်လုံးတို့၌ ပေးကမ်းစွန့်လွှတ်နေကြသော အလှူရှင်များ၏ အမူအရာများကလည်း တစ်ခုနှင့်တစ်ခု မတူချေ။ သန့်သန့်ထားပမာတည်း။

ထိုမဏ္ဍပ်ကြီးများ၏ ထိပ်ဆုံးမဏ္ဍပ်ရှိ ဦးခန်း၌ ငြိမ်သက်သော၊ တည်ကြည်သော မျက်နှာသွင်၊ ကိုယ်အမူအရာများနှင့် ခန့်ထည်သော၊ ယဉ်ကျေးသိမ်မွေ့သော လှုပ်ရှားမှုပိုင်ရှင် လူကြီးတစ်ဦးထိုင်နေသည်ကို တွေ့ကြရ၏။ သို့ကြောင့် မောင်ဉာဏတို့သည် ၎င်းတို့သိလိုသောအရာ၊ လာရင်းကိစ္စ စုံစမ်းမေးမြန်းကြရန် ထိုလူကြီး၏ အနီးသို့ ထိုင်ချလိုက်၏။ ပြီးသော် ထိုလူကြီးအား အရိုအသေပြုကြ၏။

– အေးကွယ်...သာဓု...သာဓု...သာဓု။

– သားတို့ ကြံသမျှကိစ္စ အောင်လို့ ဆောင်သမျှ ကိစ္စ ပြီးမြောက်ကြပါစေကွယ်။

ထိုပုဂ္ဂိုလ်ကြီး၏ အသံကား အလွန်အေးမြကြည်လင် ကိုလေသာ အညစ်အကြေး အလွန် သန့်စင်နေရကား နားတွင်း ဝင်သမျှ စကား နားမှတစ်ဆင့် တစ်ကိုယ်လုံး အေးစက်သွားသည် ထင်ရ၏။ စကားတစ်လုံး ဆုံးသော်မှ ထိုစကားသံ၏ အနားဝယ် စိတ်ရစ်ဝဲကျန်နေခဲ့၏။ ဥပဓိရုပ် ခံ့ညားခြင်း၊ အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဟန်သဏ္ဍာန် ငြိမ်သက်ခြင်း၊ အသံကြည်သာခြင်းတို့ကို ထောက်၍ ထိုပုဂ္ဂိုလ်ကြီးကို အပြစ်မဲ့ သူတော်ကောင်းကြီးတစ်ဦးအဖြစ် ချက်ချင်း မှတ်ချက်ချ၍ ရ၏။ သူ့အဝတ်အစားများကို လေ့လာကြည့်လျှင်လည်း အခြားသူများကဲ့သို့ ဖြူ၊

နီ၊ ကြောင်၊ ကျား စိတ်ကစားသည့် အရောင်မျိုး မဟုတ်ဘဲ အထက်ကား ပိတ်ဖြူ စင်ကြယ်၊ အောက်ကား ပိတ်ညိုရင့်မာအရောင်မျှသာ ဖြစ်၏။ မောင်ဉာဏသည် တစ်ခဏမျှ တွေလျက်က အတွေးဝင်နေပြီးမှ စကားစနိုင်၏။

(က) ဘဘကြီး သည်စခန်းက ဘာကို ရည်ညွှန်းပြီး ဖွင့်ပေးထားပါသလဲ။

(ခ) ဘဘကြီးက သည်စခန်းမှာ ဘယ်လိုဆောင်ရွက်ပေးရပါသလဲ။

အေး...သားတို့မေးတော့လည်း ဖြေကြရတာပ။

(က) သည်စခန်းက အထက်တန်းစား သားကောင်းရတနာများ မွေးထုတ်ပေးဖို့ ရည်ရွယ်တယ်ကွဲ့။

(ခ) ဘဘက သည်စခန်းရဲ့ ဦးစီး၊ ဒါမှမဟုတ်လည်း တာဝန်ခံ ဆိုပါတော့ကွယ်။

– မဏ္ဍပ်ကြီးများက ဘာဖြစ်လို့ ရှစ်လုံးတည်ဆောက်ထားရပါသလဲ။

– ရှစ်လုံးမှာလည်း လေးလုံးစီ အထက်အောက် ဘာဖြစ်လို့ ခွဲခြားထားရပါသလဲ ဘဘ။

အေး...ငါ့သား၊ အဲဒါက အဆင့်ချင်းမတူလို့ မှတ်ခဲ့ကွဲ့။

သား...နံပါတ်တွေကို သေသေချာချာကြည့်စမ်း၊ အထက်မဏ္ဍပ်လေးလုံးမှာလည်း အောက်ခြေက တစ်ဂဏန်းထားပြီး ထိပ်ဆုံးမှာ လေးဂဏန်းနဲ့ အဆုံးပိတ်ထားတယ်။ အောက်မဏ္ဍပ်လေးလုံး ကြည့်ရင်လည်း သည်အတိုင်းပဲ သားရဲ့။ ဒါက သည်မဏ္ဍပ်တွင်းများထဲ လာရောက်ပြီး ဒါနခန်း၊ စွန့်ချသူများရဲ့ ဣန္ဒြေ အနုအရင့် အဆင့်လိုက်လို့ပဲ။

ဣန္ဒြေဆိုတာ စက္ခုန္ဒြေစတဲ့ မျက်စိငြိမ်သက်၊ နားငြိမ်သက်၊ ကိုယ်စောင့်ကိုယ်ပိုင် ဣန္ဒြေများကို ဆိုလိုတာလားဘဘရဲ့။

– ဟုတ်ဘူးကွဲ့၊ ဒါက စိတ်စောင့် စိတ်ပိုင်း ဣန္ဒြေငါးချက်ကို ဆိုလိုတာ။

– ရှင်းပြပါဦး ဘဘ။

သဒ္ဓါ – သာမန်ယုံကြည်ချက်မှနေ ကိုယ်ပိုင်ယုံကြည်ချက်အထိ စိုးပိုင်လာတာ။ ဝီရိယ – သာမန်ပြုကျင့်မှုကနေ ထူးကဲတဲ့ပြုကျင့်မှုကြီးအထိ ပိုင်ဆိုင်လာတာ။ သတိ – ကြောင့်ကြစိုက် မှတ်ပေးနေရာမှနေ အလိုလို အမှတ်ပေးနေသည်အထိ အ

စိုးရတာ။ သမာဓိ – သာမန်မှတ်ဆဲတည်ရာမှနေ မမှတ်ဘဲနဲ့ တစ်ခုဆိုတစ်ခု စွဲစွဲမြဲမြဲ တည်နေတာ။ ပညာ – သာမန် ကြက်မြင်ကြက်သိ စသည်မှနေ အတွင်းသဘောထိ နှိက်နှိက်ချွတ်ချွတ် သိပိုင်နေတာ။

– သားတို့သိတဲ့ ဣန္ဒြေများနဲ့ အလွန်ကွာခြားတာကိုး ဘဘ။

– ညီလေးရေ...ဣန္ဒြေငါးပါး မေ့မသွားအောင် စာနဲ့မှတ်ခဲ့ဦး။

– ဟုတ်ကဲ့ အစ်ကိုလေး...မှတ်တမ်း ရေးနေပါတယ်။

## ဣန္ဒြေငါးပါး

၁။ သဒ္ဓါ – ယုံကြည်ချက်ကို အင်အားအဖြစ် အသုံးပြု၍ မိမိစိတ်ပိုင် ဖြစ်ပေါ်လာစေခြင်း၊

၂။ ဝီရိယ – ခွဲလုံ့လကို အင်အားအဖြစ် အသုံးချ၍ မိမိစိတ်၌ ရဲတင်းချက် ဖြစ်ပေါ်လာစေခြင်း၊

၃။ သတိ – မှတ်ချက်ကို အင်အားအဖြစ်အသုံးချ၍ မိမိစိတ်၌ အမှတ်မြဲ လာစေခြင်း၊

၄။ သမာဓိ – တစ်ချက်မှတ် တစ်ချက်တည်းကို အားပြု၍ မိမိစိတ် တစ်ခုတည်း၌ အမြဲတည်စေခြင်း၊

၅။ ပညာ – အမည်ပညတ်သိကို အရင်းတည်၍ သဘောရိုးသိသို့ မိမိစိတ် ဝင်ဆံ့စေခြင်း၊

ထိုငါးမျိုးတို့သည် မိမိစိတ် ပြန့်ကျဲနေရာမှ စုစည်းပေးပြီး ညှံ့သက်ရာမှ ရင့်ကျက်ခြင်းသို့ ပြောင်းလဲ၍ ကိုယ့်စိတ်ကိုယ် အစိုးရသည်၏ အဖြစ်သို့ ပြုပြင်ပေး တတ်သောကြောင့် ဣန္ဒြေ ဟူ၍လည်း ဆိုရသေး၏။

– ဣန္ဒြေအကြောင်းတော့ သိရပါပြီ ဘဘ။

အဆင့်လေးဆင့်၊ အတန်း နှစ်တန်းထားပုံကိုလည်း အမိန့်ရှိပါဦး။

– အေး...လက်ဦး အတန်းနှစ်တန်းကို အရင်မှတ်ထားကွဲ့။

(က) အထက်တန်းက ရှင်စိတ်နဲ့ ပေးကမ်းတတ်တဲ့ အတန်းကွဲ့။

သည်အတန်းကို သောမနဿတန်းလို့ ဆိုရတယ်။ သောမနဿ ဆိုတာ နှစ်သက် ဝမ်းမြောက်ဇောနဲ့ ပေးလှူစွန့်ကြဲတာကို ပြောတာကွဲ့။

– ဩော်...သားတို့ ကြားဖူးခဲ့တဲ့ ဂိသာခါမကြီး သူ့အလှူကြည့် ဝမ်းသာပြီး ရင်ဘတ် ဖုံလုပ်တီး ကခုန်လှူတာမျိုးပေါ့ဘဘ။

– တခြားစီ သားရဲ့...အဲဒါက တဏှာရှင်ပဲ၊ လောဘ ဦးစီးနေလေရဲ့။

ဒါက သဒ္ဓါရှင်ကွဲ့၊ ယုံကြည်စိတ်သဒ္ဓါအားကြောင့် အလိုလို ဉာဏ်ရှင်နေတာမျိုး။

– ဘဘနဲ့တွေ့မှ အညီတွင်းရှင်နဲ့ အညီလွတ်ရှင် ကွဲတော့တယ်။

ရှေ့ဆက်ပါဦးဘဘ။

(ခ) အောက်တန်းက တည်စိတ်နဲ့ ပေးကမ်းလှူရှိတဲ့ အတန်းကွဲ့။

သည်အတန်းကိုတော့ ဥပေက္ခာတန်းလို့ ဆိုရတယ်။ ဥပေက္ခာဆိုတာ – အရှင်၊ အမဲ့ရဲ့အကြား ကောင်းမျှော် ဆိုးတွေးတို့ရဲ့အကြား၊ အလယ်အလတ်ထားတဲ့ စိတ်ဇောမျိုးနဲ့ ပေးလှူစွန့်လွှတ်တာကို ပြောတာကွဲ့။

– သည်လိုဆို သည်တည်စိတ်က အစွဲလွတ်မျိုး ဖြစ်လို့ ပိုပြီး မမြင့်ဘူးလားဘဘ။

– အေး...သူ့မှာက နှစ်မျိုးကွဲနေတယ်သားရဲ့။

ဉာဏ်ကျက်စားတဲ့ အတည်မျိုးကတော့ ဝဋ်လွတ်ရာအထိ အဆင့်တက်သာတယ်။ ဉာဏ်ကင်းမဲ့တဲ့ အတည်မျိုးကျတော့ ဝဋ်လည်း မကင်းဘူး၊ အကျိုးပေးလည်း မှန်းလို့ မရဘူးသား။ သူ့မှာ ယုံကြည်ချက်ဆိုတဲ့ သဒ္ဓါအား၊ ရှင်စိတ်အောက် လျော့နည်းနေတာကိုး။

– အတန်းနှစ်ခုတော့ သိရပါပြီဘဘ၊ အဆင့်လေးမျိုးလည်း ရှင်းပြပါဦး။

– အေး...အဲသည်နှစ်တန်းစလုံး အဆင့်လေးဆင့်စီ ရှိကြတယ်။

(က) တစ်အဆင့်မှာ...

(၁) သဒ္ဓါအား ကောင်းလွန်းလို့ ရှင်စိတ်တော့ရှိတယ်၊

(၂) သဒ္ဓါက အတွေ့အကြုံနည်းသေးလို့ မရင့်သေးတော့ အသိဉာဏ် မဝင်သာဘူး။

(၃) အဲ...အသိနည်းတော့ သူများခိုင်းမှ လုပ်တတ်ရှာတယ်။

(ခ) နှစ်အဆင့်မှာ...

(၁) သဒ္ဓါအားကောင်းလို့ ရွှင်ရေတယ်။

(၂) သဒ္ဓါ မရင့်ကျက်သေးတဲ့အလျောက် သဒ္ဓါနောက် ပညာ အထောက်အကူ မပါသေးဘူး။

(၃) သို့ပေမင့် သဒ္ဓါအရှိန်က တက်လာပြီဖြစ်လို့ မခိုင်းဘဲ သူနိုင်သလောက် လုပ်တတ်လာပြီ။

(ဂ) သုံး အဆင့်မှာ...

(၁) သဒ္ဓါအားက အထူးအားကောင်းလာပြီ။

(၂) သဒ္ဓါနောက် ပညာဉာဏ်အကူလည်း ရောက်လာပြီ။

(၃) သို့ပေမင့် အားတက်စ, ဖြစ်လို့ ခိုင်းမှပဲ လုပ်တတ်သေးတယ်။

(ဃ) လေး အဆင့်မှာတော့ကွယ်...

(၁) သဒ္ဓါအားကြီးကလည်း သူမတူအောင် ရင့်ကျက်နေပြီ၊ အတွေ့အကြုံ များလာခဲ့ပြီကိုး။

(၂) သဒ္ဓါနဲ့ ပညာကလည်း ဦးထမ်းပဲ့ထမ်း ဖြစ်လာကြပြီ၊ သဘောချင်း တူလာကြပြီကိုး။

(၃) မခိုင်းခင်က အကုန်သိ ဖြစ်နေလို့ အတိုက်အတွန်း မထားရတော့ဘူးကွဲ့။

သည် လေးဆင့်ထဲမှာပဲ...

(ဃ) သည်နောက်ဆုံးတစ်ဆင့်ဟာ အဆင့်အမြင့်ဆုံး ကောင်းမှုရှင် ဆိုရတယ်။ ဘာကြောင့်ဆို သူ့မှာ...

(က) သဒ္ဓါအား ရင့်ကျက်ပြီး ဖြစ်နေလို့ တဏှာမကပ်သာဘူး၊

(ခ) တဏှာမှ မကပ်သာ သူ့နောက်လိုက် ဒေါသလည်း ကင်းပြီပေါ့။

(ဂ) အသိဉာဏ် အထူးဝင်ဆံ့နေလို့ မသိဉာဏ် အဝိဇ္ဇာ မောဟလည်း ကင်းပေါ့။

၁။ သည်သုံးချက်ကြောင့် အမြတ်ဆုံး ဥက္ကဋ္ဌကုသိုလ် ဆိုရတယ်။
၂။ သည်သုံးချက် အကြောင်းခံကြောင့် တိဟိတ် ကုသိုလ်လို့လည်း ဆိုရတယ်။
၃။ အတွန်းလွှတ် စေတနာအကြောင်းခံကြောင့် ဖြစ်လေရာရာမှာ အထက်တန်း အဆင့်ကချည်း နေရတယ်။
- သည်ကုသိုလ်က အကျိုးပေးတော့ကော ဘာဘာ။
၁။ သီလ စင်ကြယ်အားနည်းနေခဲ့ရင်တော့ လူ့အထက်တန်းစား သူဌေး၊ ဘုရင်ပဲ။
၂။ သီလ စင်ကြယ်အား စောင့်စည်းတိုင်း ပါလျှင်တော့ နတ်ပြည် ခြောက်ထပ်အထိနဲ့ နတ်ဘုရင်ပဲ။
၃။ အဲ...သီလစင်ကြယ် စိတ်စင်ကြယ်ပြီဆိုရင်တော့ နိဗ္ဗာန်ဘုံအထိ တက်ခွင့် ရစေတယ်။
- သည်လိုဆို ကုသိုလ်ကြောင့် နိဗ္ဗာန်ရောက်နိုင်တယ် ဆိုတာ ဒါများလား ဘာဘာ။

အေး...ဟုတ်ပြီကွဲ့၊ လှူရင်းက တဏှာသတ်ပြီးပြတ်သွားတာ သည်နေရာ တစ်ခုတည်းပဲ။

(ဂ) တတိယအဆင့်ကျတော့ အကြောင်းခံသုံးချက်ကတော့ တူပါရဲ့။ သူများတိုက်တွန်းမှု မလွှတ်သည့်အတွက် တိဟိတ် – ဩမက ကောင်းမှုရှင် ဆိုရတယ်။ အကြောင်းခံ ကောင်းပြီး သတ္တိညံ့တဲ့ ဒုတိယတန်းစားဆိုရမပေါ့။

- သူ့အကျိုးပေးကျတော့ကော ဘာဘာ။

လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုး ပေးနိုင်တာကတော့ အတူတူ ပါပဲ။

(က) ခိုင်းမှ လုပ်တတ်တဲ့အတွက် ဗိုလ်တကာ့ဘုရင် မဖြစ်ဘူးပေါ့။

(ခ) အတွန်း မလွှတ်တဲ့အတွက် နိဗ္ဗာန်ဝင်ရာမှာ ဆရာအကူ ပါမှ ဝင်နိုင်တယ်။

(ခ) ဒုတိယအဆင့်ကတော့ လှူနေတဲ့အချိန်အတွင်းမှာ ဉာဏ်ကင်းမဲ့နေ

တဲ့အတွက် မောဟ မကင်းတဲ့ ကောင်းမှုရှင်ဖြစ်သွားပြီ။ သူ့မှာ အမှားသိ ဖြစ်တဲ့ ငါ စွဲ၊ ဝဋ္ဋစွဲ၊ ပုဂ္ဂိုလ်စွဲများတို့လည်း အသိရောက်ကောင်း ရောက်မယ်၊ ဘာသိဘာသာ စိတ်ဖြစ်တဲ့ အမှတ်မဲ့လည်း ဖြစ်ကောင်းဖြစ်နေမယ်။ သို့တည်းမဟုတ် အာရုံ တစ်ခု တည်းထဲ စိတ်ကစားနေကောင်း နေမယ်၊ ဟိုဟိုသည်သည် ပို့လွှတ်ထားကောင်း ပို့ လွှတ်ထားမယ်။ အဲ...သဒ္ဓါအားရဲ့ အရှိန် ပါဝါကြောင့် တဏှာနဲ့ နောက်လိုက် ဒေါသ တို့တော့ ကင်းလေရဲ့။

– သူ့ကို အတွန်းလွှတ် ဉာဏ်မဲ့ဖြစ်လို့ ဒွိဟိတ်ကုသိုလ်ရှင်လို့ သုံးရထယ်။

– လောဘ၊ ဒေါသကင်းနှစ်ပါး အကြောင်းခံကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်လောင်း ဆိုရမယ်။

– အတိုက်တွန်းလွှတ် စိတ်ထားကြောင့် ဒွိဟိတ် ဥက္ကဋ္ဌလောင်းလို့လည်း ဆိုရတယ်။

သူ့အကျိုးပေးကျတော့ လူနဲ့နတ်သာ သေချာတယ်၊ နိဗ္ဗာန်အထိ အကျွတ် အလွတ် ရန်းချင်ပေမင့် ဝိပဿနာဉာဏ် ဆုံးတာနဲ့ ခန္ဓာတွင်းက အသိမထွက်နိုင် လို့ မကူးနိုင်ဘူး၊ ဝိပဿနာ အထွတ်ဉာဏ်က အောက်လှည့်ပြန်ခဲ့ရတာချည်းပဲ။

(က) ပထမအဆင့်ကတော့ အထက်တန်း သွားများရဲ့ အခြေပြုမှုသာ ဖြစ် လို့ အဆင့်လေးဆင့်မှာ အောက်တန်းအကျဆုံးလို့ ဆိုရပေမကွဲ့။

– သူ့မှာ သဒ္ဓါကောင်းလေး တစ်ခုသာ အရင်းနှီး ပါလာရှာတယ်။ အတွန်း မလွှတ် ဉာဏ်မဲ့ဆိုတော့ လူသာမန်တို့ အရေးပေးထားတဲ့ လောဘ၊ ဒေါသ နှစ်ပါး ကိုသာ အကပ်မခံတယ်၊ ကျန်တာတော့ ကြိုးစားရဆဲပဲ။

– သူ့အကျိုးပေးကျတော့ကော ဘာဘာ။

ဒုတိယတန်းစားလို လူနတ်လောက်ပါပဲ။ သို့ပေမင့် တွေ့သမျှ လောကဓံ အမှားအမှန် ယတိပြတ် မဆုံးဖြတ်တတ်ရှာဘူး။ ဗီဇနဲ့ ပတ်ဝန်းကျင်ကြောင့် အတု လိုက်ပြီး အကျွတ်အလွတ်လမ်း သွားကြည့်ရင်လည်း ရှုကွက်ထဲက တွေ့သမျှ ဘာ မှန်း ညာမှန်း မသိတာနဲ့ပဲ စိတ်ဓာတ်ကျပြီး သီလခန်း၊ သမာဓိခန်းလောက်နဲ့ပဲ နောက် ဆုတ်သွားတာ များတယ်။ နောက်ကြောင်း လောကဓံ ရုတ်တရက် ပေါ်လာတာကို မစွန့်စား မဖြတ်တောက်နိုင်တဲ့အတွက်လည်း နောက်ဆုတ်သွားတာ ရှိတယ်။

- အရှင် လေးဆင့်အကြောင်းတော့ သိရပါပြီ ဘာဘာ။
- အတည် လေးဆင့်အကြောင်း ဆက်လက်မိန့်ပါဦး။

အဆင့်များကတော့ သည်အရှင် လေးဆင့်နဲ့ ဘာမှ မထူးကြပါဘူးသား။ ဉာဏ်ယှဉ် ဉာဏ်ကင်း နှစ်ခုတို့ရဲ့ တည်ပုံချင်း မတူတာကိုပဲ ရှင်းရမှာပါ။

- တည်တယ်ဆိုတာ မတုန်လှုပ်တာကိုပဲ ပြောတာ။
- အဲသည် မတုန်လှုပ်တာက

(က) ချစ်ရကောင်းမှန်း၊ မုန်းရကောင်းမှန်း မသိလို့ မတုန်လှုပ်တာရယ်။

(ခ) ချစ်ရ မုန်းရကောင်းမှန်း သိလျက်နဲ့ မတုန်လှုပ်တာရယ် နှစ်မျိုး။ သည်မှာက အပြစ်မဲ့ မဟာကုသိုလ်ပြုစခန်းဆိုတော့...

(က) မိမိရဲ့အလှူသရုပ်ဖော်တဲ့ လက်နဲ့ခွက်၊ သို့မဟုတ် လက်တွင်းရှိ ပန်းကန် စတဲ့ လှုပ်ရှားရာတိုင်းမှာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် မကပ်မိကြဘဲ

- စိတ်ကလေး တပိုတပါးသွားနေမယ်၊
- သို့တည်းမဟုတ် အာရုံများတစ်ခုခုထဲ နစ်နေမယ်၊
- သို့တည်းမဟုတ် ဘာမှ လှုပ်ရှားမှုမပြဘဲ ငေးကောင်းငေးနေမယ်။

သည် အလှူရှင်မျိုးဟာ အောက်တန်းစား ဒွိဟိတ် ဩမက ဖြစ်သွားရရှာတယ်။ ဘာ့ကြောင့်ဆို ကိုယ်လုပ်တာ ကိုယ် ဘာမှမသိတဲ့ စက်ရုပ်လို ဖြစ်သွားလို့ကိုး။

(ခ) မိမိပြုကျင့်ရာ ဒါနစခန်းထဲမှာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်လေး တစ်ထပ်တည်း ကျနေလို့...

(၁) ကိုယ်လုပ်တာလည်း ကိုယ်သိနေတယ်၊

(၂) သူတစ်ပါးတို့ လှုပ်ရှားမှုများကိုလည်း သိနေတယ်။

(၃) သို့သော် ချစ်၊ မုန်း နှစ်ခန်းနဲ့ စွဲလမ်းမှုကတော့ မကပ်ဘူး။

သည်ပုဂ္ဂိုလ်မျိုး၊ ကုသိုလ်ရှင်မျိုးကျတော့ အမြတ်ဆုံး တိဟိတ် ဉက္ကဋ္ဌလောင်းလို့ ဆိုရတယ်။ ဘာကြောင့်ဆို အစွဲမရှိတော့ မငြိဘူးပေါ့။ မငြိသူ လွတ်ရာ သွားလိုက အဆင်သင့် သွားနိုင်ပြီဖြစ်လို့ပဲ သား။

အဘ...သည်အဆင့်တွေကို ဘာနဲ့တိုင်းတာပြီး ခွဲပါသလဲ။

ဟဲဟဲ...သားက လက်ကုန်နှိုက်တာကိုးကွဲ့၊ သည်ကိစ္စ သားကိုပဲ မေးမယ်။ ဟောဟိုက ဥယျာဉ်တော်ကြီးကို ကြည့်လိုက်ပါလား။ အဲသည်မှာ အချို့အပင်က ပွင့်စ၊ အချို့အပင်က သီးကင်းပြ၊ အချို့အပင်က ရင့်နေပြီ၊ အချို့အပင်ကျတော့ ဝင်းမှည့်နေပြီ၊ အဲဒါ ဘာကြောင့်လဲ သား။

– သိပါပြီ ဘဘ။

– အစဆုံးသောလူဖြစ်ဘဝကို အရင်စောရောက်သူနဲ့ နောက်နောက်၊ နောက်နောက်တို့ကျမှ ရောက်လာကြသူရယ်လို့ ဘဝကောင်း ရှေ့ဝင်နဲ့နောက်ဝင် ကွာခြားလာကြလို့ပဲ မဟုတ်လားဘဘ။

အေး...ဟုတ်သကွဲ့။

လူ့ဘဝထဲလည်း အရင်ရောက်မယ်၊ ပတ်ဝန်းကျင်ကောင်းများနဲ့လည်း ပေါင်းဖက်မိမယ်ဆိုက နောက်ရောက်များထက် အဆင့်မြင့်ပြီပေါ့သား။

– တစ်ခု မေးစရာကျန်ပါသေးတယ် ဘဘ။

– ဘာများတုံး သားရဲ့။

– ဘဘတို့စခန်းက အပြစ်မဲ့ မဟာကုသိုလ်တော်စခန်းရယ်လို့ ဘာဖြစ်လို့ အမည်တပ်ထားရပါသလဲ၊ သည်အလျှုရှင်တွေကကော သည်မှာပဲ အတည်တကျ နေထိုင်ကြပါသလား ဆိုတဲ့ အချက်များပါပဲ။

သြော်...ဒါက အခြားဆန့်ကျင်ဘက် ဟိတ်ကင်းအလှူမျိုးလည်း ရှိသေးတယ်ကွဲ့။ ဟိတ်ကင်း ဆိုတာ ချစ်၊ မုန်း၊ မေ့ သုံးပါးစလုံးနဲ့ ပူးပေါင်းပြီး ပြုတဲ့ ကုသိုလ်မျိုး။ အဲသည် ကုသိုလ်မျိုးက...

(က) အကျိုးခံစားရပေမင့် အပြစ်မကင်းဘူး၊ ဓားပြတိုက်ရာ ခိုးရာများက ရတဲ့ ပစ္စည်း၊ ငွေကြေးမျိုး သုံးစွဲရသလိုပဲ။

(ခ) အပြစ်မတွေ့ပြန်တော့ အကျိုးပေးက ပေါ်မလာပြန်ဘူး။ ခိုးမှု၊ တိုက်မှု၊ လုယက်မှုနဲ့ တိမ်းရှောင်နေသူ ရဲလက် မရောက်ပေမင့် အစာရေစာ ပြတ်လပ်တာမျိုးပေါ့။

– သည်လိုဆို မဟာကုသိုလ်ဆိုတာ မြင့်မြတ်ပြီး အပြစ်မရှိ ကောင်းကျိုး ပေးတာမျိုးလား။

အေး…ဟုတ်တယ်။

သည်ဒါနကြောင့် ဆွမ်းတစ်နပ်က တစ်ဘဝလုံးလုံး အမြတ်ထွက်ပုံမျိုး…

၁။ မိမိပြုလိုတဲ့ ဒါန သူတစ်ပါး မညှဉ်းဆဲဘဲနဲ့ ကောင်းရောင်းကောင်းဝယ်နဲ့ ပြုကျင့်တယ်။

၂။ သူတစ်ပါး မညှဉ်းဆဲတဲ့ အလှူဖြစ်လို့ အကျိုးပေးရာမှာ ကောင်းကျိုးသန့်သန့် ခံစားခွင့်ရတယ်။

သည်နှစ်ချက်စလုံးနဲ့ ညီညွတ်မှ ကုသိုလ်စစ်၊ အမြတ်ထွက် မဟာကုသိုလ်ကွဲ့။

– ဘာ…အလှူပြိုင် ဝေလေ့ကိုင်တို့ ပြုကျင့်လေ့ရှိတဲ့…ကြက်ကို သတ်ပြီး အလှူပေးမယ်၊ သို့မဟုတ် ကိုယ့်မိသားစုများနဲ့ စားမယ်။ ဝက်ကို သတ်ပြီး အလှူပေးမယ်၊ သို့မဟုတ် ကိုယ့်မိသားစုများနဲ့ စားမယ်။ နွားကို သတ်ပြီး အလှူပေးမယ်၊ သို့မဟုတ် ကိုယ့်မိသားစုများနဲ့ စားကြမယ်။ သည့်အတူ မိမိတို့ ကြိုက်နှစ်သက်ရာ သတ်မှုမကင်း၊ လိမ်လည်မှု မကင်း စတဲ့ သူ့ညှဉ်းဝတ္ထုများနဲ့ လှူဒါန်းရင်ကော။

သူတစ်ပါး ညှဉ်းပြီးဆိုကတည်းက အပြစ်ဖြစ်နေပြီကော သားရဲ့။ ဘယ်မှာ ကုသိုလ်စစ်၊ ကောင်းမှုစစ် ဖြစ်ပါတော့မလဲ။

အဲသည် သူ့ညှဉ်းဖြစ်တဲ့ သတ်ဖြတ်မှုကိုပဲ…

(က) သတ်နေဆဲ၊ သတ်စရာကို ကြည့်ပြီး 'ဩော်…မမြဲသော ဝဋ်ကောင်လေးပါတကား။

(ခ) သို့မဟုတ် သင့်အား သည်ဝဋ်မှ ကျွတ်အောင် ငါကယ်တင်ပေးလိုက်မည်။

သင်သည် ငါ့အား ကျေးဇူးတုံ့ပြန်သောအားဖြင့် ငါ သည်ဘဝကနေ ဘဝကူးတဲ့အခါ ငါသွားရာလမ်းထိပ်က စောင့်ကြိုပြီး ကောင်းသောဘုံဘဝသို့ ပို့ဆောင်ပေးပါလေ။

သည်လို ဆင်ခြင် ဉာဏ်ဝင်ပြီး သတ်လည်း သတ်မယ်၊ မိမိတို့ အားကိုးရာ နတ်ဘုရားများကိုလည်း ကပ်လှူမယ်၊ ပရိသတ်ကိုလည်း ဝေငှမယ်၊ မိမိလည်း စားမယ် ဆိုရင်ကော…။

ဟဲ့ ဟဲ့…လူကလေး။

စအိုဝ,က ထွက်ကျလာတဲ့ မစင်ကို ထမင်းဟင်းပြန်လုပ်ပေးပါ ဆိုရင် မစင်ကို ထမင်းဖြစ်အောင် ပြုလုပ်ပေးလို့ ရချင်ရမယ်။

အကုသိုလ်ကို ကုသိုလ်ဖြစ်အောင် ပြောင်းလို့ ဘယ့်နှယ်လုပ် လွယ်ပါ့မတုံးသား။

– ချောင်းရေနဲ့ ကန်ရေ မရောကြသလို ကုသိုလ်၊ အ,ကုသိုလ်များက လည်း ရောလို့ မရဘူး။

– မီးနဲ့ရေ ဗလာချို လွှတ်ပေးထားလို့ မရသလို သည်ဆန့်ကျင်ဘက် နှစ်ပါးကလည်း ရင်ဆိုင်လို့ မရဘူး။

– သဘောပေါက်သွားပြီ ဘဘ၊ နောက်တစ်ချက် သည်အလှူရှင်တွေ… ဩော်…သူတို့က သည်မှာ အထက်တန်းပညာ လာရောက်ဆည်းပူးရုံလောက်ပဲ၊ ပရိသတ်စဲ၊ အချိန်စေ့တာနဲ့…

(က) တချို့က ဟောဟို အထက်အထက် တောင်ထိပ်မြို့များမှာ ပြန်ကျတယ်။

(ခ) တချို့ကျတော့ သားတို့လူပြည် ပြန်ဆင်းနေကြလေရဲ့။

ကိုယ်ခင်မင်ရာ ကိုယ့်မိသားစုရှိရာ ပြန်ပြီး ပျော်ပါးကြတာပေါ့သားရယ်။

အင်း… သားတို့မေးသမျှ ဘဘကချည်း ဖြေနေရတယ်။

သည်တစ်ခါ ဘဘမေးလှည့်၊ သားဖြေပေတော့။

သားတို့ သည်စခန်းဘာရည်ရွယ်ချက်နဲ့ လာကြသလဲ။

– သည်လိုပါ ဘဘ၊ သားတို့ဌာနေမှာ **အစမ္မရာဂ**[၁]၊ **အစမ္မဆန္ဒ**[၂] စတဲ့ အောက်နိမ့် အကျင့်ပျက်စိတ်တွေနဲ့ လုပ်ကိုင်နေကြတဲ့ လူသားတွေချည်း ပေါင်းဖက် ဆက်ဆံနေကြရပါတယ်။

---

၁။ အစမ္မရာဂ – မတရားရပိုင်လိုစိတ်များ အားကြီးနေခြင်း

၂။ အစမ္မဆန္ဒ – မတရား တောင့်တမှုများ အားကြီးနေခြင်း

– အကြိုက်ကြီးလို့ မတရားစိတ်ပြင်းထန်လာလေ၊ ကိုယ် စိတ်နှစ်ပါးလုံး ပိုနွမ်းလာလေ တွေ့ရပါတယ်။

– အကြိုက်ကြီးလို့ အနိုင့်ထက်စီး အကျင့် ကျင့်လေ ဘဝအဆင့် နိမ့်ပါး သွားလေလည်း တွေ့ရပါတယ်။

ပတ်ဝန်းကျင် မကောင်းရင်လည်း မတိုးတက်တတ်ပါဘူးဘဘ၊ ဗီဇ သတ္တိ ညံ့တဲ့ ဉာဉ်စရိုက်၊ ဝါသနာမျိုး မွေးကတည်းက ပါလာခဲ့ရင်လည်း မကြီးပွားတတ်ပါဘူး ဘဘ။

– သည်တော့ မကောင်းတဲ့ ပတ်ဝန်းကျင် စွန့်ခွာပြီး ငါတို့ တက်လမ်းကို ရှာကြမယ်။

– ကောင်းတဲ့ ပတ်ဝန်းကျင်ရဲ့ အကူကို မှီခိုပြီး ငါတို့တက်လမ်းကို ရှာကြ မယ်။ သည်ရည်ရွယ်ချက်နဲ့ ထွက်လာကြပြီး အခု ဘဘတို့ ရှေ့မှောက် ရောက်လာ ကြတာပါပဲ။

အေး…ရည်ရွယ်ချက် ကောင်းကွယ်၊ သဒ္ဓါသွားရာ ဝီရိယ ပါဖို့သာ လိုပါ တယ်။ တစ်ခုတော့ ရှိတယ်၊ တို့ဆီ၊ တို့စခန်း၊ တို့နဲ့ ပူးပေါင်းပြီး တက်လမ်းရှာလို ရင် ပြဋ္ဌာန်းချက်လေးခု လိုက်နာရပေလိမ့်မယ် သားတို့။

– ဘာများပါလဲ ဘဘ၊ အမိန့်ရှိပါ။

သည်ပြဋ္ဌာန်းချက် စည်းကမ်းက အထက်တန်း ပညာလေ့လာရာ ဌာနတိုင်း မထားမဖြစ်တဲ့ ဦးစီးစိတ် မွေးမြူရေး စည်းကမ်းတွေပါပဲ။ ဘာလဲဆိုတော့…

၁။ စိတ်ဝင်တစား မိမိအလုပ်ပေါ် စိတ်မြဲမြဲ ထားနိုင်ရမယ်။

၂။ မိမိ လုပ်မြဲအလုပ်ရဲ့အပေါ်မှာ စူးစမ်းလေ့လာစိတ် အမြဲသွင်းထားနိုင် ရမယ်။

၃။ မိမိအလုပ်ကို စ,မိလျှင် ဆုံးသည်အထိ ပြီးမြောက်စေချင်တဲ့ ဆန္ဒ အား ကြီးမွေးနိုင်ရမယ်။

၄။ ဆန္ဒအားကြီးသလောက် တကယ်လည်း စွမ်းစွမ်းတမံ ကြိုးစားပေးနိုင် ရမယ်။

သည်စည်းကမ်း ပြဋ္ဌာန်းချက် လေးမျိုးတို့ကို အဓိပတိ လေးမျိုးလို့ ဆိုရ

တယ်။ ဘာ့ကြောင့်ဆို အကြီးအကဲဖြစ်လိုသူတိုင်း (ဖြစ်နေသူတိုင်း) သည်အင်္ဂလေးမျိုးနဲ့ ကိုက်ညီမှ အကြီးအကဲဂုဏ် ပေါ်လွင်မှာမို့ပဲကွဲ့သားရဲ့။

သားတို့ ...

- ချပေးလိုက်တဲ့သစ်သီး မြေဝယ်မကျ ဖမ်းဆုပ်ထားသလို တစ်လုံးမကျန် နားထောင်ပါ့မယ်။
- ရှေ့က ရေးပြထားတဲ့စာ နောက်က လိုက်ကူးရေးသလို တစ်သဝေ မတိမ်း လိုက်နာပါ့မယ်။

ညီလေးရေ...ဘဘပေးတဲ့ ပြဋ္ဌာန်းချက် စည်းကမ်း မေ့မသွားအောင် မှတ်လိုက်ဦး။

## အဓိပတိ လေးပါး

၁။ ဆန္ဒာဓိပတိ – ပြုလုပ်လိုသော ကိစ္စရပ်အပေါ် ဝယ် ဆန္ဒအား ကြီးမားမှ အောင်မြင်ရာသည်။

၂။ ဝီရိယာ ဓိပတိ – ပြင်းပြသောဆန္ဒနှင့်အတူ ရဲတင်းစိတ် မွေး၊ ကြိုးစားပေးမှ အောင်မြင်ရာသည်။

၃။ ကြိုးစားရာ ကိစ္စ အသုံးချရာ၌ စိတ်ပါလက်ပါ ပြုကျင့်ပေးမှ မြဲမြဲရာသည် စိတ္တာ ဓိပတိ။

၄။ ကြိုးစားရာ ကိစ္စ အသုံးချရာ၌ သူ့သဘော နောကျေအောင် သုံးသပ်တတ်မှ မြဲမြဲရာသည် ဝီမံသာ ဓိပတိ။

- သားတို့ မဟာကုသိုလ်တော်စခန်းအလုပ် ဝင်လုပ်ဖို့ ညွှန်ကြားပါ ဘဘ။
- အေး...အေး...ဟုတ်ပေသားပဲ။

သားငယ်က ငယ်သေးတော့ တစ် အဆင့်အောက်ခြေစခန်းက စ,ဝင်ကွဲ့။ သားကြီးကတော့ နှစ် အဆင့်စခန်းက စ,ဝင်ရင် အံဝင်လောက်ပါတယ်။

- ကောင်းပါပြီဘဘ၊ အခုပဲ စတင်ဝင်ရောက်ပါ့မယ်။
- နောက်တစ်ခု သားတို့ အလုပ်သိမ်းလို့ နားနေမယ်ဆိုရင် ဘယ်လိုက်ရပ့ါမလဲ ဘဘ။

သားတို့ တက်ခဲ့တဲ့ တောင်ခြေမှာ ဝိပါက်ဘောဂီ[၁] စခန်းရယ်လို့ ရှိတယ်။ အဲသည် သွားပြီး နားနေသူများမှာ သားတို့နဲ့ လုပ်ဖော်ကိုင်ဖက် အားလုံးလိုလိုပါပဲ။

(က) အဲ...အိမ်ထောင်သည်များမှာတော့ မယားပိုင်၊ လင်ပိုင် သီးခြား အပိုင်ကိုင်ထားကြသူများ ဖြစ်လို့ စည်းခြား လုံးချင်းအိမ်များနဲ့ နေကြရတယ်။ တစ်တန်း ဆယ်လုံးစီကွဲ့။ အဆင့် အနုအရင့်လို့ ဆိုတဲ့ လုပ်သက်လိုက်ပြီးတော့ အိမ်များလည်း အကြီးအသေး၊ အနိမ့် အမြင့် ခွဲပြီး တည်ဆောက်ပေးထားလေရဲ့။

(ခ) သားတို့လို လူပိုင်မမှီး၊ တစ်ကိုယ်တည်း လူလွတ်များကိုတော့ မိန်းမရယ်၊ ယောကျ်ားရယ် မခွဲခြားတော့ပါဘူး၊ ဆယ်ခန်းတွဲ တန်းလျားကြီးများမှာအခန်းကိုယ်စီနဲ့ သင့်သလို နေကြရတယ်။ အဆင့် လုပ်သက်လိုက်လို့ အနိမ့်တန်းလျား၊ အမြင့်တန်းလျားများရယ်လို့တော့ ကွာပေလိမ့်မပေါ့။ သားတို့လည်း သားတို့နဲ့ သင့်ရာ ချင့်နေကြပါပေါ့ကွယ်။

– ကောင်းပါပြီဘဘ...ဒါထက် ဘဘရဲ့အမည်ကို သားတို့ ဘယ်လိုများ ခေါ်ရပါမလဲ။

– သည်စခန်းသား အားလုံးကပဲ ဘဘ သဒ္ဒေဝသ[၂] လို့ ခေါ်ကြတယ်။

– မှတ်သားမိပါပြီ ဘဘ၊ . သားတို့ရဲ့အမည်ကိုလည်း မောင်ဉာဏ[၃]၊ ညီလေးကိုတော့ မောင်ရူပ[၄] လို့ ခေါ်ပါတယ်ဘဘ။

အေး...အေး အမှတ်မိထားပြီ။

ကဲ ကဲ...အချိန်ရှိဝှုံနံ့ အချိန်ကိုတောင်းတိုင်း အကူအညီ အသာတကြည် ပေါ့ပေါ့ပါးပါး လိုက်လံဆောင်ရွက်ပေးလေ့ရှိတဲ့ သေဖော်ရှင်ဖက် သူငယ်ချင်းကောင်းလို သဘောထား ကြိုးစားကြပေရော့ သားတို့။

---

၁။ ဝိပါက်ဘောဂီ–အကျိုးပေးကို သွားရောက် ခံစားရာဌာန။

၂။ သဒ္ဒေဝသ – ငြိမ်သက်အေးချမ်းသော သူတော်ကောင်းစိတ်။

၃။ ဉာဏ – စိတ်ကို တင်စားသောအမည်။

၄။ ရူပ – ရုပ်ကို တင်စားသော အမည်။

– ဟုတ်ကဲ့ ဘဘ သန္တောသ၊ ဘဘ စကား နားထဲလက်သပ်မွေးထားပါ့မယ်။

ထို့နောက် မောင်ဉာဏတို့ ညီအစ်ကိုနှစ်ဦးသည် စခန်းတာဝန်ခံ အကြီးအကဲ ဖြစ်သူ ဦးသန္တောသကို ရှိသေခြင်း၊ မိမိ မာန်နှိမ့်ချထားခြင်း၊ သင်္ကေတဖြင့် ဂါရဝပြု၍ အလုပ်ခွင်သို့ ထွက်လာခဲ့ကြတော့၏။

– ညီလေးရေ...

အဆင့် လေးဆင့်ခွဲ မဟာကုသိုလ်ဝင် ဇယားကိုလည်း အကျဉ်းမှတ်တမ်း တင်ထားလေဦး။

– ဟုတ်ကဲ့ အစ်ကို၊ အကျယ်က ဘဘကြီး ရှင်းပြထားတာ ရှိပြီးသားပဲ။

## မဟာကုသိုလ်စိတ် ရှစ်ပါး

(က) သောမနဿအုပ်စုတွင်...

၁။ ဉာဏ်ရှိ ဉာဏ်မဲ့နှစ်မျိုး

၂။ အတွန်းလွတ် အတွန်းခံ နှစ်မျိုး ပေါင်းလေးမျိုး။

(ခ) ဥပေက္ခာအုပ်စုတွင်လည်း...

၁။ ဉာဏ်ရှိဉာဏ်မဲ့နှစ်မျိုး

၂။ အတွန်းလွတ် အတွန်းခံ နှစ်မျိုး ပေါင်းလေးမျိုး။

ထိုရှစ်မျိုးတို့သည် အပြစ်လည်း ကင်းစင်၊ ကောင်းကျိုးအဆက် သက်သက်ကိုချည်းလည်း ခံစားခွင့် ရကြမည်ဖြစ်သောကြောင့် မဟာကုသိုလ်ဟူ၍ ခေါ်အပ်သည်။

မောင်ဉာဏတို့ သူ့ဆိုင်ရာစခန်းတွင်းသို့ ချဉ်းနင်းဝင်ရောက်မိလာကြသောအခါ...

– သူ့ဆိုင်ရာ အားလုံးက ဝမ်းပန်းတသာ ကြိုဆိုနေကြ၏။ မလာမီက ကြိုသိနေသည့်ပမာ၊
– သူ့ဆိုင်ရာ အားလုံးကပင် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ကြ၏။ ရှေးက သိဟောင်း ကျွမ်းဟောင်းများ ပြန်လည်ဆုံစည်းကြသည့်ပမာ၊

ထိုစဉ်...အငယ် မောင်ရူပကား စိတ်ရွှင်သွက် ထက်သန်ပြီး ခိုင်းရာကိုသာ အကူပေးတတ်၏။

မောင်ဉာဏကား ပင်ကိုအသိ၏ ညွှန်ကြားချက်ဖြင့် အများကြည့် ဖြည့်ကူ ပေးနေလေ၏။

လာရောက် ချီးမြှောက်သူ ဧည့်ပရိသတ်ကား နေရောင်ခြည်၏ အလင်းရောင် အောက်ဝယ် တဖျောက်ဖျောက် တသုတ်သုတ် ဝင်လာ အားပေးနေကြ၏။

- အလှူခံ တစ်ကျိပ်လေးယောက်တို့တွင် လေးယောက်တို့မှာ အချိန်ပြည့်။
- ကျန် ရှစ်ယောက်တို့ကား အချို့ကား အချိန်ပိုင်းမျှ၊ အချို့ကား အချိန် ပြည့်။

မောင်ဉာဏသည် အလှူခံ အမျိုးအစားများကိုလည်း စူးစမ်းမှတ်သားထား၏။ အလှူပေးသူ၏ စိတ်ထားနှင့် အလှူခံ၏ စိတ်နေတို့ကိုလည်း လေ့လာ သုံးသပ်နေသေး၏။ ပြုကျင့်မြဲ ကိုယ်စိုက်၊ စိတ်စိုက်၊ ဝတ္ထုစိုက်၊ ကံကုသိုလ်၏ အကြောင်းကိုလည်း ဆင်ခြင်မိ၏။ သည်ကြားထဲ သည်လိုနေရာမျိုး သည်အလှူခံတွေ ဘယ်လို လာ၍ ဘယ်သို့ သွားလေသည် မသိဟူသော စူးစမ်းလိုစိတ်၊ သိလိုစိတ်များကလည်း ဝင်ရောက်လာသေး၏။

- နေရောင်ခြည်၏ အလင်းကား အားပျော့လာပြီ။
- အလှူခံ ပရိသတ်များလည်း စဲစ ပြုလာပြီ။

ထိုအချိန်မှာပင် မောင်ဉာဏသည် အလှူခံ ၁၄ မျိုးတို့ကို ကောက်၍တေး ထားလိုက်တော့၏။

## အလှူခံ တစ်ကျိပ် လေးယောက်

၁။ ဘုရားရှင်[၁]
၂။ ပစ္စေကဗုဒ္ဓါ[၂]
} ဤနှစ်ဆူတို့ကား ခေတ်ဖြင့်ပွင့်သောအရှင်သခင်ကြီးများသာ ဖြစ်ကြလေရကား လောကတွင် အမြတ်ဆုံးကြီးများ ဖြစ်ကြ၏။

၃။ မဂ်[၃] ၌တည်သူ လေးယောက်
၄။ ဖိုလ်[၄] ၌ တည်သူလေးယောက်
} ဤရှစ်ယောက်တို့ကား ဗုဒ္ဓခေတ်ကို မှီခိုလျက်က ပွင့်ခွင့်ရကြသော ဒုတိယ အမြတ်ဆုံးများဖြစ်ကြ၏။

*မှတ်ချက်။ ။ မဂ်လေးယောက် ဆိုသည်မှာ (၁) သောတာပန် – အရိယာဇာတ်သို့ ဆန်၍ ပုထုဇဉ်ဘက် ပြန်မလာသူ၊ (၂) သကဒါဂါမ် – ဤလူ့ပြည် နောက်တစ်ကြိမ်သာ လာတော့မည့်သူ၊ (၃) အနာဂါမ် – လူ့ပြည်သို့ မလာတော့၊ အထက်ဗြဟ္မာ့ပြည်မှ နိဗ္ဗာန်ဝင်မည့်သူ၊ (၄) အရဟတ္တမဂ် – ယခုဘဝ နောက်ဆုံးဖြစ်၍ နိဗ္ဗာန်ဝင်မည့်သူ။ ထိုလေးယောက်တို့သည် သူ့မဂ်ကျပြီးသည်နှင့် သူ့ဖိုလ်ခေါ် သူ့အကျိုးခံစားခွင့် ဆက်လက်ခံစားခွင့်ရရှိသူများဖြစ်လျက် မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်ပါဟူ၍ တစ်ဦးတည်း နှစ်မျိုးခွဲထားသည်မှာ မဂ်ကျချိန်နှင့် ဖိုလ်ဝင်စားချိန်သဘာဝချင်းခြားနားသွား၍ပင်။*

၁၁။ ဝိပဿနာဉာဏ် ဝင်စားပြီးသော ကလျာဏ[၅] ပုထုဇဉ်

၁၂။ သာမန် အနုဗာလ[၆] ပုထုဇဉ်

၁၃။ ရှေးဘုန်း ရှေးကံ ပါမလာခဲ့သော ဒွန်းစဏ္ဍား သူတောင်းစား၊

---

၁။ ဘုရား – လောက၏ အားထားရာဆုံး၊
၂။ ပစ္စေက – သီးခြားပွင့်၍ သီးခြားနေသူ၊
၃။ မဂ် – ကိလေသာ ပြတ်သည်ကို သိသောဉာဏ်၊
၄။ ဖိုလ် – သိပြီးနောက် အကျိုးခံစားမှု၊
၅။ ကလျာဏ – ကောင်းလာသောသူ၊
၆။ အနုဗာလ – မိုက်ကန်းဆဲသူ၊

၁၄။ ခွေးစသည့် တိရိစ္ဆာန်များ... ပေါင်း အလှူခံတစ်ကျိပ် လေးယောက်၊ ခွေးပါ မကျန်ပြီ။

ယနေ့ တစ်နေ့တာ၏ ကုသိုလ်တော်ပွဲကြီး ကား ပြီးစီး သွားကြလေပြီ။ အထက်အောက်ရှိ အဆောင်အဆောင်တို့မှ ကောင်းမှုရှင်များ နားနေခန်း ပြန်ကြရန် ဟန်ပြင်နေကြ၏။ မောင်ဉာဏတို့ ညီအစ်ကိုလည်း အထက် တစ်, နှစ် အဆောင် များမှ ကောင်းမှုရှင်များနှင့် အတူ နားနေခန်း လှမ်းကြဖို့ ပြင်ဆင်လိုက်ကြရာ...

စိတ်ကို ညွတ်၍ အာရုံလှိုင်းလေးပေါ် တင်ပေးလိုက်ရုံမျှဖြင့် တစ်ခဏချင်း မိမိ ရောက်လိုရာ ချက်ချင်း ရောက်ရှိလာကြ၏။ မည်သည့် တိထွင်စက်မျှ လိုက်မမီ နိုင်ပြီ။ မည်မျှဝေးစေ စိတ်ညွတ်ရုံနှင့် ပြီးစီးရသည်မှာ လက်ရှိစေတနာ၏ တွန်းပင့် အားများကြောင့်ပင် ဖြစ်၏။ သာမန် လူသားအနေဖြင့် မောင်ဉာဏတို့ တက်ခဲ့ရစဉ် က ထိုခရီးကြီးကို နေ ခုနစ်လုံး ပျောက်ဆုံးသွားပြီး ရှစ်လုံးမြောက် ပေါ်လာလေမှ နားနေခွင့် ရခဲ့ကြ၏။ ယခုသော် ကောင်းသောစေတနာအရှိန်၏ တွန်းပင့်မှုကြောင့် ဖဝါးမလိုက် အားမစိုက်ရဘဲ အလိုလို တစ်ခဏချင်း ပြီးစီးလေရာ ကောင်းမှု၏ အာ နုဘော်ကား အံ့တစ်ပါးပင် ဖြစ်တော့၏။

မောင်ဉာဏ ဆက်စဉ်းစား၏။ အထက် တက်သွားသူများလည်း သည်လို နေမှာပဲဟု၍၊ တစ်ဖန် အလှူခံများကျတော့ ရေးဘုန်း ရေးကံတို့၏ အရှိန်တက်ကြွ မှုကြောင့် တစ်မုဟုတ်ချင်း သွားနိုင်လာနိုင်ကြသည်ကို မောင်ဉာဏ စဉ်းစားမိ၏။ ဆက်၍လည်း ဧည့်ပရိသတ်တွေ သည်နေရာ သည်လိုများပြားနေတာ ဒါ့ကြောင့် ကိုး ဟု၍။

## ကုသိုလ်ရှင်များ နားနေရာ ဝိပါက်ဘောဂီခန်းကြီး

မြေပြင်စိတ်သက် ကိုယ်ပါအရိပ်ထွက်လာစဉ်ခဏ ရှေ့ပြေး နမူးစည်း ဆိုင်း ဘုတ်ကြီးကို တွေ့ရ၏။ အထဲသို့ ဝင်သွားသောအခါ မြေပြင်ကိုကပင်...

- အချို့နေရာကား ကုန်းမြင့်သာယာလေးများ ဆင့်၍ဆင့်၍ နေချင့်စရာ၊
- အချို့နေရာကား မြေပြန့်မြက်ခင်းလေးများဖြင့် ညီညီညာညာ စိုစို ပြည်ပြည်။

အဆောက်အဦများ၊ အဆောင်များကလည်း ထိုမြေအလိုက် ဆောက်ထားသည်ကို တွေ့ရ၏။ ထူးခြားသည်မှာ ကုန်းမြင့်များက ခေါင်းရင်းဘက်၊ ခြေရင်းဘက်တို့၌ နှစ်ဖက်ညှပ် နေရာယူထားကြပြီး မြေပြန့်ကား ၎င်းတို့နှစ်ခုကြား ခေါင်းထိုးထားလျက်က နေခြင်းပင်။

ကုသိုလ်တော်စခန်းမှ ကောင်းမှုပြုအပြီး ပြန်လာကြသော ကုသိုလ်ရှင်များသည် မိမိတို့ လုပ်သက်နှင့် အရည်အသွေး ပြည့်ဝမှုအလိုက် နေထိုက်သော နေအိမ်တန်းလျားများဘက်သို့ အလျှိုလျှိုတက်သွားကြလေ၏။ အချို့ကား မယားနှင့်လင် ကျောပြင်လေးများကို ပွတ်၍ ပွတ်၍၊ အချို့ကား လင်က မယားကျောပွတ်၊ မယားက သားခေါင်းလေး ပွတ်၍ပွတ်၍ ကုန်းမြင့်ထက်ရှိ နားနေကျ၊ ခံစားနေကျ နေရာလေးများအတွင်း ဝင်၍သွားကြသည်ကို တွေ့ရ၏။

လူလွတ်တို့နေရာ တန်းလျားများ၌လည်း အချို့ကား ယောကျ်ားချင်း ပခုံးဖက်လျက်က၊ အချို့ကား မိန်းမချင်း ပခုံးဖက်လျက်က၊ အချို့ကား ယောကျ်ားနှင့်မိန်းမ လက်ချင်းတွဲလျက်က အသီးသီး ဝင်သွားကြသည်ကို တွေ့ရ၏။

မောင်ဉာဏတို့ ညီအစ်ကိုကား ၎င်းတို့နှင့် ကုသိုလ်စိတ်တူ လုပ်ဖော်ကိုင်ဖက်များ ခေါ်ဆောင်သွားရာ မြေပြန့်တန်းလျားကြီးများသို့ တန်းစီ ရောက်ရှိသွားကြ၏။ ထိုတန်းလျားများရှိ လူလွတ်အခန်း တစ်ခန်းစီ သပ်သပ် နေရာအပေးခံကြရ၏။

အခန်းထဲသို့ မျက်စိကစားကြည့်လိုက်သောအခါ အငယ်တန်းစား ကုန်သည်တစ်ဦး၏အသုံးအဆောင်မျိုးကဲ့သို့သော ပစ္စည်းများကို အဆင်သင့်တွေ့ရ၏။

ဩော်...သရက်ပင်စိုက်လို့ သရက်သီးမှည့် စားရတယ်ဆိုတာ ဒါပဲကိုး။

မောင်ဉာဏသည် ကိုယ်ကျိုးစွန့် အနစ်နာခံခြင်းလျှင် အရင်းတည်သော စိတ်စေတနာကောင်းနှင့် ၎င်းတို့လမ်းကြောင်းပေးရာသို့ လိုက်ပါပြုကျင့်လေ့ရှိသော နှုတ်ချို၊ ကိုယ်သန့်တို့၏ အကျိုးပေး လုပဆန်းကြယ်ပုံကို ရှုမြင်သုံးသပ်လျက်က အထက်ပါအတိုင်း ကောက်ချက်ချလိုက်၏။

ပြီးသော် မိမိနေခွင့်ရ တန်းလျားကြီးကို လှည့်ပတ်ကြည့်ရှု၏။

တန်းလျားကြီးကား လေးဘက်စလုံး စင်္ကြံပတ်လမ်းများလည်း ရှိ၏။ ဘယ်

နေရာမှမဆို တက်နိုင်ရန် လှေကားများလည်း ပတ်ပတ်လည် တပ်ဆင်ပေးထား၏။ အထက်အမိုးတစ်လျှောက် ပန်းတောင်၊ ပန်းလက်များနှင့် အထွတ်များ တပ်ဆင်ထားပြီး အခန်းတို့၏ ဝင်ပေါက်များဝယ် ပန်းနွယ်များဖြင့် ခြယ်ထား၏။ နံရံအတွင်းအပြင်တို့ကား ရောင်စုံဆေးများ သုတ်လိမ်းထား၏။ ကောင်းကျင့်က ကောင်းကျိုးကို ပေးပုံများကိုလည်း ရုပ်ကြွရုပ်လုံးများဖြင့် နံရံထိပ်စီးများဝယ် သရုပ်ဖော်ပေးထားသေး၏။

အခန်းများကို လှေလာသော် ကိုးပေမျှ ကျယ်ဝန်း၍ ဆယ့်ရှစ်ပေမျှ အနံရှိ၏။ ထိုအခန်းများဝယ် မိန်းမသားများ ဖြစ်ခဲ့သော် ဆယ်ဦးအထိ စုပေါင်းနေကြ၏။ ယောကျ်ားများကား ခုနစ်ဦးထက် မပိုရချေ။

သို့တစေလည်း ယောကျ်ားကား နည်းပါး၏။ မိန်းမတို့ကသာ ကြီးစိုးနေကြ၏။ အဘယ့်ကြောင့်ဆိုသော် အတော်အလျော့ဖြင့် မယုံတတ်ကြချေ။ မိန်းမကား အခံဓာတ်မြေ ရေဆောင်သွေးအေးများ ဖြစ်ကြလေရကား မြင်ရုံကြားရုံမျှဖြင့်ပင် ယုံကြည်တတ်ကြ၏။ ကောင်းမှုသည် သဒ္ဓါဦးစီး၏၊ သဒ္ဓါဦးစီးသော ထိုကောင်းမှုစခန်း၌ မိန်းမတို့ များသည်မှာ မဆန်းချေ။

အားလုံး အချိန်စေ့သည်နှင့် အိပ်စက်နားနေလိုက်ကြ၏။

နံနက်သော် အရုဏ်မီ နိုးထလျက်က တပျော်တပါး တက်လာခဲ့ကြ၏။

အရုဏ်သည် ဘုရား၊ ပစ္စေကနှင့် အရိယာကြီးများထံ ကပ်ပွဲဝင်ရန် ဖြစ်၏။ ထို့နောက် စရဏဓာဝင် လောကီအကျင့်ရှင်များကို အဆောင်များ၏ ဦးစွာ့ကျွေးမွေးပြုစုကြရ၏။ ထိုမှ နောက်တွင်ကား ခရီးသွား အားလုံး မည်သူမဆို ကျွေးမွေးပြုစုကြရ၏။

ဤကား တစ်နေ့မဟုတ်၊ တစ်ရက်မဟုတ်သော ကုသိုလ်ရှာမှီးသူတို့ အလုပ်တည်း။ ထိုသို့ အလေ့အထ ဝသီတော်များလာသောအခါ မောင်ဉာဏတို့ ညီအစ်ကိုသည် ကုသိုလ်ပြုနည်း၌ အပြစ်ကင်း အကျိုးသန့်ရယူပုံများကို ကျွမ်းကျင်လာ၏။ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း အတွင်းအတွင်းချင်း သဘောသိ ဖြစ်လာကြ၍ အပေးအယူ မှျလာကြ၏။

ကာမ၏ ကုသိုလ်ကောင်းကျိုး ခံစားခွင့်ရရာ၌ တစ်ခုဟာက တစ်ခုပင် ဆာလောင်မွတ်သိပ်တတ်လှ၏။ ၎င်းမှာ ယူလတ်တို့ အကျိုးခံစားခွင့်ရရာ၌ သက်မဲ့တို့၏ အာရုံငါးမျိုးကိုလည်း ခံစားခွင့် ရနေကြ၏။ သက်ရှိလူအချင်းချင်းပင် အမြင်အကြား နှစ်ပါးမျှကို ခံစားခွင့် ရနေကြ၏။ သို့တစေလည်း ဖက်ရမ်းနမ်းရှုပ်ခြင်း၊ ကိုင်တွယ် တွေ့ထိလျက်က အရသာခံယူခြင်း၊ အတွင်းချင်း ထိလျက်က အတွေ့ ခံစားခြင်း ဟူသော ကာမစိတ် လမ်းကြောင်းရှိ သွေးတောင်းမှုကို အကျိုးမခံစားကြရလေသဖြင့် သုံးခုဟာနှင့် သုံးခုဆာများ ဖြစ်လျက်ရှိနေကြ၏။

အထူးသဖြင့် သွေးအုပ်စု မိန်းကလေးများ သာ၍ပင် တမ်းတတတ်ကြ၏။ မိန်းမ များ၍ ယောကျ်ား ရှားပါးသော ထိုတန်းလျားကြီးမျိုးများ၌ အချို့မိန်းကလေးတို့သည် ယောကျ်ားလေး နေရာ အခန်းသို့ အတင်းဝင်၍ အခွင့်အရေး တောင်းဆိုလျက်ရှိကြ၏။ သူ့ထက်ငါ အလုအယက်များကလည်း ပါနေသေးသဖြင့် ယောကျ်ားလေးတို့ မျက်စိလည်စရာ။

မောင်ဉာဏ၊ မောင်ရူပတို့နေရာ သီးသန့်အခန်း၌လည်း မိန်းကလေးတို့ တစ်ဦးဝင် တစ်ဦးထွက်လျက်က အခွင့်အရေး တောင်းခံကြ၏။

အချို့ကား သနားစရာ မျက်ရည်ခံထိုးလျက်က၊ အချို့ကား မရလျှင် မပြန် ခပ်ထန်ထန် ငြူစူသံလေးများ သုံးလျက်က၊ အချို့ကား အိစက်သော အသုံးအနှုန်းကို သုံးလျက်က…

မောင်ဉာဏတို့ စိတ်ညစ်ကြရပြီ။

အထက် အထက် တက်ရန် တာစူခိုက် အောက်သို့ ဆွဲချရန် ဟန်ပြင်နေကြသူများနှင့် ပက်ပင်းတိုးနေကြရပြီကော။ နားနေရသည်ကိုက အောက်ဆင်း၍ နားကြရသည်။ သည်အထဲ အောက်, အောက်ချင်း တွဲလိုက်မိကြမည် ဆိုလျှင်တော့

ရှေ့ဆက် မတွေးလိုပြီ။ တစ်ဦးတည်း ခေါင်းမြီးခြုံ၍ အိပ်စက်နားနေလိုက်တော့၏။ တစ်ရေးနိုး၍ ထကြည့်သော် မိမိအနား ယှဉ်လျက်သား အိပ်မောကျနေသော အတူနေလုပ်ဖက် မူရာကို တွေ့လိုက်ရ၏။

ဟုတ်ကဲ့လား…သေသေချာချာ ငုံ့ကြည့်လိုက်၏။ မူရာမှ မူရာအစစ်။

ယောက်သားစားချင် ယောက်မျက်နှာမကြည့်ရ ဥပဒေရှိ၏။ အဘယ့်ကြောင့်

ဆိုသော် မျှောက်မျက်နှာ စေ့စေ့ကြည့်မိက သနားစရာအသွင် ထင်ပေါ်လာတတ်သောကြောင့်။

ယခုလည်း မူရာ့မျက်နှာကို သေသေချာချာ မီးရောင်အောက်ဝယ် ငုံ့ကြည့်မိရာ အိပ်ပျော်နေစဉ်သည် မာနကင်းသော အချိန်၊ တဏှာကင်းသော အချိန်၊ အစွဲကင်းသောအချိန် ဖြစ်ရကား အပြစ်ကင်းစင်သော ကလေးငယ်၏ မျက်နှာကြည့်လိုက်ရသည့်ပမာ...

- ပထမ သနားစရာ ကြင်နာအသွင် ထင်လာစေ၏။
- ဒုတိယ ချစ်စရာ၊ သာယာစရာအသွင် ထင်လာတော့၏။
- တတိယ 'မူရာ...မူရာ...ထ, ထ၊ ကိုယ့်အခန်း ကိုယ်ပြန်အိပ်တော့'

မူရာသည် ဖျတ်ခနဲ နိုးလာ၏။ သွက်လက်စွာပင် 'ဒါ ကိုယ့်အခန်းပဲ မဟုတ်လား'

- မဟုတ်သေးဘူးလေ၊ ဒါက အစ်ကို့အခန်းရယ်။
- အဲလေ...အစ်ကို့အခန်းမို့လည်း ကိုယ့်အခန်း ပြောတာပေါ့။
- အို...သည်ကောင်မလေး ဘာစကားတွေ ပြောနေပါလိမ့်မတုံး၊ သွားလေကွာ့...သွားတော့၊ ညီမအခန်း ပြန်အိပ်တော့။
- ဒါ ညီမအခန်းပဲ၊ ကိုယ့်အစ်ကိုပိုင်တဲ့အခန်း ညီမလည်း တစ်ဝက် ပိုင်တယ်။

မူရာသည် ပြောရင်းက တိုးကပ်လာ၏။ ကလေးဆိုး တစ်ဦးပမာ မရမက ပူဆာနေတော့၏။ မောင်ဉာဏသည် အစက သနားစရာ၊ ကြင်နာစရာမှနေ ချစ်စရာ၊ သာယာစရာအမြင်ထိ နယ်ဝင်သွားသောစိတ်၊ အ,ကာလ၏ တိတ်ဆိတ်မှုက တိုးသာ တိုး ဟူ၍ အားပေးနေသည့်ပမာ မြှောက်ပင့်ပေးမှု၊ မိမိ၏ ကာမသွေးထကြွလာမှုကို မှီ၍ ဖြစ်လာသော အတွေ့အာရုံခံစားလိုစိတ်တို့ကြောင့် တင်းစိတ်သည် လျော့၍၊ လျော့စိတ်သည် ပတ်ဖွဲ့လာတော့၏။

- မောင်ဉာဏ ဘာမှမပြောဘဲ မူရာ့မျက်နှာကိုသာ ငေးစိုက်ကြည့်နေပါ၏။
- မူရာ၏ တွတ်တီးတွတ်တာ စကားသံလေးများကိုလည်း မလွတ်တမ်း နားစွင့်ထားပါ၏။ အာရုံသည် မျှောက်နဲ့စေးပမာတည်း။

ရှေးရှေးတုန်းက...

မျောက်ဖမ်းသမားတို့သည် မျောက်နဲ့စေးကို အသုံးပြု၍ ဖမ်းကြရသည် ဆို၏။ ယင်းအစေးသည် နေတက်ချိန် နေလာရာ ကျောက်တုံးကြီး တစ်တုံးဝယ် သုတ်လိမ်းပေးထားက နေ အရောင်၊ အစေး၏ သတ္တိကြောင့် တပြောင်ပြောင် တလက်လက်နှင့် မျောက်တို့ ကိုင်တွယ်ကြည့်ချင်စရာ အလွန်ကောင်း ဆို၏။

မျောက်ဖမ်းသမားသည် မျောက်တို့ ကျက်စားရာ တောတွင်းထဲ သွား၍ နေရောင်အောက်ရှိ တစ်ခုသော ကျောက်တုံးဝယ် မျောက်နဲ့စေးကို သုတ်လိမ်းထားခဲ့ပြီး ချုံတစ်ခုခုအတွင်းသို့ ဝင်ရောက် ပုန်းအောင်းကာ စောင့်နေရသည် ဆို၏။

မျောက်တို့ကား လူမလစ်သေး၊ သစ်ပင်ပေါ်က အစီအရီ ထိုင်စောင့်ကြည့်နေကြ၏။ လူရိပ်ဟူ၍ မတွေ့ရပြီ ဆိုလျှင်ကား အကြီးအကဲ မျောက်ကစ၍ အောက်ဆင်းလာပြီး

၁။ အစသော် ဘယ်လက်ဖြင့် ကိုင်ကြည့်လိုက်၏၊ ပြန်နုတ်မရ၊ ကပ်သွားပြီ။
၂။ ဘယ်လက် နုတ်ရန် ညာလက် ထောက်လိုက်၏၊ ပြန်နုတ်မရ၊ ကပ်သွားပြန်ပြီ။
၃။ လက်နှစ်ဖက် နုတ်မရ၍ ဘယ်ခြေဖြင့် ကန်နုတ်၏၊ ပြန်ရုပ်မရ၊ ကပ်သွားပြန်ပြီ။
၄။ ဘယ်ခြေ ရုပ်မရ၍ ညာခြေဖြင့် ကန်နုတ်၏၊ ပြန်ရုပ်မရ ကပ်သွားပြန်ပြီ။
၅။ ဟင်...သည်လောက်ရှိလှ ဆို၍ စိတ်ထလာကာ ခေါင်းဖြင့် ဆောင့်တိုက်လိုက်တော့ရာ ခေါင်းပါ လှုပ်မရ၊ မျောက်ဖမ်းသမား၏ လက်ဝယ် ဒုက္ခရောက်ကြရသည်ဆို၏။ ဤကဲ့သို့လည်း နည်းတူ...

တစ်ဖက်၏ အာရုံငါးပါးတို့သည် မျောက်နဲ့စေးပမာ ဆွဲငင်အား အလွန့်အလွန်ကောင်းလှ၏။ ကံကုသိုလ်ရှင် ကာမ ဓာတ်ခံ အားကြီးသလောက် အဆွဲခံရတတ်၏။

ထိုအာရုံငါးခင်းတို့သည်...

– အစသော် ဘယ်လက်ထုတ်ပမာ သူ့အသွင်လေး တစိမ့်စိမ့် ကြည့်နေရသည်ကိုပင် ကြည်နူး၏။

– ထို့နောက် ညာလက်သို့ သူ့အသံလေး ကြားလိုလာပြန်သဖြင့် စကားစပေးကာ နားထောင်၏။

– ထို့နောက် အမြင်၊ အကြားနှင့် အားမရတော့ဘဲ ကျောပွတ်လက်သပ်ဖြင့် အရသာခံ၏။

– ထို့နောက် ကိုယ်ချင်းထိ၍ ကိုင်တွယ်သုံးသပ်ရုံနှင့် အားမရတော့ဘဲ ဖက်ရမ်းနမ်းရှုပ်တော့၏။

– သည်အခြေထိ နယ်ပိုင်လာမှတော့ ဘာဖြစ်ဖြစ် ခေါင်းဖြင့်တိုက်ဖို့ ဝန်မလေးပြီ။

မူရာ၏ ကိုယ်ပေါ်ဝယ် သုတ်လိမ်းထားသော မျောက်နဲ့စေးများကို အမြင်အကြား နှစ်ခုတို့ဖြင့် စူးစူးစိုက်စိုက် ကိုင်မိသွားပြီဖြစ်သော မောင်ဉာဏသည်လည်း ရှေ့ဆက်လက်၍ ခေါင်းထိုးဝင်ရန် သွေးက ပြောသော ဆန္ဒတို့က ဆုံးဖြတ်ချက် ပေးလိုက်ကြပြီ။

နံနက်အိပ်ရာထချိန် ရောက်သော်...

မူရာ အမြဲနားနေရာ အခန်းဆောင်မှ အကြီးအကဲများသည် မူရာ ပျောက်၍ လိုက်ရှာကြရာ မောင်ဉာဏခမျှာ ခိုးထုပ်ခိုးယည်ဖြင့် အမိခံလိုက်ရရှာ၏။ ခိုးမှု မြောက်သဖြင့် ဒဏ်ပေးခံရသော အပြစ်ကား အိမ်ထောင်အချုခံရခြင်းပင်တည်း။

ထိုနေ့ နံနက်မှစ၍ မောင်ဉာဏနှင့် မူရာတို့နှစ်ဦးသည် ဘဝစပ်တူ၊ လူစပ်တူ ဖြစ်လာကြ၏။ ထိုဘဝတူ လူပေါင်းဖြင့် ပြုလုပ်သော ကုသိုလ်များသည်လည်း စပ်တူ ကုသိုလ်များချည်း ဖြစ်သွားကြတော့ရာ ထိုမှ နောက်တွင်ကားခြေရင်းရှိကုန်းမြင့် ဗိမာန်တစ်ခုပေါ်ဝယ် နှစ်ဦးစပ်တူနေခွင့် ရသွားကြတော့၏။

မောင်ရှုပဒ္ဒသည်လည်း မောင်ဉာဏကဲ့သို့ပင် ရေများရာကပင် မီးကို လာရောက်၍ ရန်စလာသည်ကြောင့် အတူနေ လုပ်ဖက် ကလျာနှင့် အကြောင်းပါသွားရှာတော့၏။

ထိုစခန္း၌လည္းေကာင္း၊ ထိုနားေနခန္းမ်ား၌လည္း ေကာင္း ႏွစ္ပတ္လည္ အထိ သူတို႔ ေနၾကရ၏။ မီးသည္ မည္သူ႔ကိုမွ် မ်က္ႏွာသာမေပးတတ္၊ ကိုင္သူ လူတိုင္းကိုလည္း အထိနာေစ၏။ ထိမိေသာ သက္မဲ့မ်ားကိုလည္း ေလာင္ၿမိဳက္ ဖ်က္ဆီးပစ္ေလ့ရွိတတ္၏။

သည့္အတူလွ်င္ ကိေလသာအပူဓာတ္ ခိုေအာင္းလ်က္ရွိေသာ သက္ရွိ သက္မဲ့မ်ားကို ကိုင္တြယ္ထိေတြ႕လိုသူ ကာမေသြးသုံး သတၱဝါအားလုံးတို႔ကိုလည္း ကိေလသာသံေယာဇဥ္ အပူမီးကား မည္သူ႔ကိုမွ် မ်က္ႏွာသာမေပးေခ်။

– ကိေလသာဝင္ေနေသာ မယားကို ယူမိေလသူ မယားပူ ထိမွာ ေသခ်ာ ၏။

– ကိေလသာဝင္ေနေသာ လင္ကို လက္ခံမိေလသူ လင့္ဒဏ္ ခံရေတာ့ မည္မွာ ေသခ်ာ၏။

ေယာက္်ား၊ မိန္းမ ဆိုကတည္းက သေဘာခ်င္းမတူ၍ အမွုအက်င့္ခ်င္း ကြာေနသည္သာ ျဖစ္ၾက၏။ သည္အထဲ ဉာဥ္၊ စရိုက္၊ ဝါသနာမ်ားကပါ တစ္ဦးႏွင့္ တစ္ဦး ကြဲၾကဦးမည္ ဆိုေသာ္...

– ဘဘ...သားတို႔ကို ေခၚတယ္ဆိုလို႔။

– ေအးကြဲ႕ သားတို႔ရဲ႕၊ သားတို႔ အဆင့္ေျပာင္းသင့္ၾကၿပီ။

– အမိန္႔ရွိပါ ဘဘ။

– သားႀကီး ဉာဏက ထိပ္ဆုံးက အမွတ္ေလးကို သြားရမကြဲ႕။

– သားငယ္ ရူပက အမွတ္သုံး အေဆာင္ကို သြားရမကြဲ႕။

သည္လို တစ္ေဆာင္ေက်ာ္ ေျပာင္းၿပီး လုပ္ကိုင္ၾကရေပမင့္ ညီေလး လုပ္ ေတာ့ အစ္ကိုသိ၊ အစ္ကိုလုပ္ေတာ့ ညီေလးျမင္ ဆိုေတာ့ စပ္တူျဖစ္သြားေရာေပါ့ ကြယ္။

– ေကာင္းပါၿပီဘဘ၊ ယေန႔က စၿပီး ဝင္ပါ့မယ္။

– နို႔...သားတို႔ နားေနစခန္းက်ေတာ့ေကာ ဘဘ။

– ေအး...ဟုတ္ေပသားပဲ၊ သည္တစ္ခါ အထက္ၿမိဳ႕မ်ားကို သြားနားခြင့္ ရၿပီကြဲ႕။

– ဘယ်မြို့ နားရပါ့မလဲ ဘဘ။

– သားတို့ နှစ်သက်တဲ့မြို့ ငါးမြို့ တစ်မြို့မြို့ကိုပေါ့။

မြို့ငါးမြို့ကတော့...

၁။ သုံးဆယ့်သုံးဌာနမြို့ – လူ့ပြည်က သုံးဆယ့်သုံးအိမ်ထောင်တို့ စခန်းချရာ မြို့။

၂။ အောင်ချမ်းသာမြို့ – ဆင်းရဲကင်းရာ အေးအေးလူလူတို့ သွားရောက်နားနေရာ မြို့။

၃။ နှစ်သက်စရာမြို့ – ပင်ပန်းမရှိ၊ နှစ်သက်စရာအပြည့်ရှိသော အပန်းဖြေ ဘာသာရေး မြို့တော်။

၄။ လိုတ,ရမြို့ – အာရုံသစ် တစ်မျိုးတစ်မျိုး လိုသလို ဖန်ဆင်းခံစားနိုင်သော စီးပွားရေးမြို့။

၅။ ယသဝတီမြို့ – အာရုံသစ်ကို မိမိ မဖန်ဆင်းရဘဲ အခြွေရံတို့ အသင့်ဖန်ဆင်းပေးသော နိုင်ငံရေးမြို့များပဲ သားရဲ့။

သည် ငါးမြို့ကို အများသိကတော့ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတီတဲ့။

– အဓိပ္ပာယ်ကကော ဘဘ။

– တာဝတိံသာ ဆိုတာ လူ့ပြည်က ဒါနအား၊ သီလအား ကောင်းကြတဲ့ မောင်မာဃတို့ ၃၃ ဦးနေရာမို့၊

– ယာမာ–ဆိုတာ ဆင်းရဲမှုဆိုလို့ ဘာတစ်ခုမျှ မတွေ့ရတဲ့ ဘေးလွတ်မြို့ မို့လို့၊

– တုသိတာ–ဆိုတာ ပါရမီပြည့်ဆဲ အလောင်းတော်များ နေရာဖြစ်တဲ့ အတွက် နှစ်သက်စရာကောင်းလို့၊

– နိမ္မာနရတိက–အာရုံအမျိုးမျိုးတို့ကို စိတ်ဖြင့် ဖန်ဆင်းပြီး ခံစားနိုင်တဲ့ မြို့မို့လို့၊

– ပရနိမ္မိတဝသဝတီက–ထိုအာရုံမျိုး မိမိ မဖန်ဆင်းရဘဲ တပည့်များက

အလိုက်သင့် ဖန်ဆင်းပေးထားတာကို အဆင်သင့်လေး ကောက်ခံစားနိုင်တဲ့မြို့မို့လို့ ပေါ့ မောင်ရယ်။

အဲ...သည်မြေပြင်နဲ့ တစ်စပ်တည်းမှာတော့ လေးဦးကော်မတီမြို့လေးလည်း ရှိသေး။

– ဘာ...အဲသည် ငါးမြို့ ခြောက်မြို့တို့ရဲ့ အဆင့်ကကော။

– အာ...သူတို့ချင်း တစ်မြို့နဲ့တစ်မြို့ ခံစားခွင့် ရမှုက လေးဆ,တိုးကွဲ့။

အသက်၊ အဆင်း၊ စည်းစိမ်၊ ခွန်အား၊ အသိဉာဏ် အားလုံး တစ်ခုနဲ့တစ်ခု လေးဆ,တိုး ကွာကြတယ်။ နောက်ပြီး သားတို့ လူသားဌာနတွေလို ရှာဖွေစားသောက်ဖို့ မလိုဘူး။ အဲ... လင်ဟယ် မယားဟယ်ဆိုတာတော့ ရှိတယ်။ လူတို့လို မစုပ်ပေဘူး၊ သား မမွေး၊ သွေးမဆင်းဘူး သက်တမ်းကဆိုတော့...

အောက်ဆုံး သည်လေးဦးကော်မတီ ရုံးစိုက်မြို့လေးတောင်မှ သားတို့ လူ့သက်တမ်းနဲ့ဆို ကိုးကုဋေ နေရတယ်။ သူတို့အချိန်နဲ့ကတော့ အနှစ်ငါးရာတည်း ပါပဲ။

တာဝတိံသာက သူ့ထက် လေးဆတိုး ကုဋေ ၃၆ သန်း၊ နတ်သက်၊ ၂၀၀၀ တဲ့၊ သည်လိုပဲ အထက်တစ်ဆင့်တက်လေ၊ လေးဆ တိုး တိုးလေပေါ့ကွယ်။

– ဘာမှလည်း ဝမ်းစာ နေအိမ်ရှာဖို့လည်း မလို၊ တ,ရုံနဲ့ ပြီးစီးသွားတယ်ဆိုတော့ သူတို့ကို အခွင့်ထူးခံတွေလို့ မဆိုသင့်ဘူးလား ဘာဘ။

– ဆိုရသပေါ့ကွယ်၊ဒါကြောင့်လည်း သူတို့ကို နတ်လို့ခေါ်ရတာပေါ့။ နတ် ဆိုတာက နာထ ဆိုတဲ့ ပါဠိက ဆင်းသက်လာတာ၊ မြန်မာလိုကတော့ အားကိုးရာပေါ့။ ဘာ့ကြောင့်ဆို သူတို့ရဲ့ ဒါနအား၊ သီလအားများနဲ့ အားကိုးသူများကို ကာကွယ် စောင့်ရှောက်ပေးနိုင်စွမ်းရှိဘဲ့ ကမ္မဇိဒ္ဓိ တန်ခိုးရှင်များဖြစ်ကြလို့ပဲ။

သည်မှာ တစ်ဆက်တည်း သားတို့ မှတ်ထားခဲ့ကြ။

လောကမှာ နတ်သုံးမျိုး၊ လူသုံးမျိုးရှိတယ်။ ဘာတွေလဲ ဆိုတော့...

၁။ ဘုရားကွဲ့၊ တစ်လောကလုံး အားကိုးရလို့ ဝိသုဒ္ဓိနတ် ခေါ်တယ်။

၂။ အခု ရှင်းပြခဲ့တဲ့နတ်တွေကွဲ့၊ ယုံကြည်စိတ်ချ အားကိုးလာသူကို ၎င်း–

တို့ ကံကြောင့် အလိုလိုဖြစ်ပေါ်နေတဲ့ တန်ခိုးအသုံးချပြီး အစောင့်ရှောက်ပေးလို့ သမ္မုတိနတ်တဲ့။

၃။ တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင်ကွဲ့၊ ရာဇသတ်၊ ဓမ္မသတ်နဲ့အညီ တိုင်းသူပြည်သားများကို အမှားအမှန် ခွဲခြားဆုံးဖြတ်ရာမှာဒဏ်ကိုးရလို့က တစ်ကြောင်း။

- မှားသူကို အပြစ်ပေး၊ မှန်သူကိုတော့ ကယ်တင်ဖြင့်လည်း အားကိုးရလို့က တစ်ကြောင်း၊

- တိုင်းပြည်ရဲ့ ရှေ့ရေးကို ကြိုတင်မှန်းဆပြီး ဦးဆောင်မှုပေးလို့ အားကိုးရတာက တစ်ကြောင်း၊

သူ့ကိုတော့ လောကနတ်လို့ ခေါ်ရတယ်။ လူသက်သက် အားကိုးရာဆိုပါတော့ကွယ်။

- လူသုံးမျိုး ဆိုတာကကော ဘဘ။

- လူသုံးမျိုးဆိုတာက

၁။ လက်ရှိလူသားများ – အောက်ဘုံ အပါယ်လောကတို့မှ လွန့်ပြီး တလူ့လူ တက်လာခဲ့လို့၊

၂။ နတ်လူသားများ – ပရိယေသန ဒုက္ခမှနေ လွန့်ပြီး တလူလူ တက်သွားကြလို့၊

၃။ ဗြဟ္မာလူသားများ – အချင်းချင်း အကြိုက်ပေး ဖျက်ဆီးရတဲ့ ကာမဒုက္ခမှနေ လွန့်ပြီး တလူလူ ထိုးတက်သွားကြလို့ လူလို့ချည်း ခေါ်ရတယ်။

ဟုတ်ပြီဘဘ၊ ပုံစံတွေကျတော့ လူသဏ္ဌာန်မျိုးနဲ့ချည်း တူနေတော့တာမို့ လူနဲ့ဟူတာဖြစ်ရမှာပေါ့။

- ညီလေးရေ...ဘဘ သင်္ချေဥသ မိန့်တဲ့နတ်သုံးမျိုး၊ လူသုံးမျိုး မှတ်ထားဦး။

(က) နတ်သုံးမျိုး – လောကနတ်၊ သမ္မုတိနတ်၊ ဝိသုဒ္ဓိနတ် ဟူ၍သုံးမျိုး၊

(ခ) လူသုံးမျိုး – အဆင့်မြင့် လူသား၊ နတ်၊ ဗြဟ္မာဟူ၍ လူသုံးမျိုးရှိလေသည်။

- ကဲ...သားတို့ မြို့တွေအကြောင်း ရှင်းပြီးပြီ၊ ဘယ်မြို့တက်ချင်ကြသလဲ။

- သား, ဘဘမေးလို့သာ ဖြေရမှာ၊ အတက်ကို ကြောက်နေပြီ။
- အလို...ဘာကြောင့်များတုံး သားရဲ့၊ ဆိုစမ်းပါဦး။
- ဘဘတို့ မဟာကုသိုလ်တော်စခန်းက လုပ်သက်ခံစားခွင့်မှာ အပြစ်လည်း ကင်းစင်ရမယ်၊ ကောင်းကျိုးသက်သက်ကိုချည်း ခံစားရမယ် ဆိုထားပါတယ်။
- အေးလေ...ဒါ ဟုတ်သားပဲ၊ သားကျတော့ ဘာဖြစ်သွားလို့လဲ။
- ပြောပါနဲ့တော့ ဘဘရာ၊ သားတို့နှစ်ယောက် ဝိပါက်ဘောဂီ နားနေစခန်း လုပ်သက်နဲ့အတူ ဘစ်နှစ်သွားနေလိုက်တာ...

(က) အတွင်းချင်း အလိုမကျ အားမရကြလို့ ငြူစူ စောင်းချိတ်ကြရတာနဲ့

(ခ) အပြင်များနဲ့ ပြိုင်စရာတွေ့လို့ ယှဉ်မိကြတာနဲ့ မုန်းငြိုးပြစ်မှားကြရတာနဲ့...

အို...စုံလို့ပါပဲ ဘဘ။ မောလည်း မောနေပါပြီ၊ နားချိန်နဲ့ အမှုနဲ့ ချိန်ကြည့်၊ အမှုဘက်က သာနေပါသေးတယ်။ ဘဘတို့ ပြောတဲ့ ပန်းကန်တွင်းမှုန့် လက်နှိုက်စားရတာမျိုး ဖြစ်မလာဘူး။ သဲကျမှုန့် ကောက်ကိုင်စားခဲ့ရသလို မုန့်အရသာထက် သဲအနှောင့်အယှက်က ပိုနေတယ်။

ဟား ဟား ဟား ဟား ဟား...သားက ဆင်ခြင်ဉာဏ် ဟယ်ကြီးတာကိုးကွဲ့။ အဲဒါ တဏှာနံစတဲ့ လောကသားများနဲ့ နှိုင်းစာရင် မပြောပလောက်ပါဘူး၊ သား သူ့ကို အပြစ်လို့ မဆိုရဘူး။ အနယ်အသားကျနေတဲ့ ကာမစိတ်၊ ကာမ ဘုံး၊ ကာမ နယ်သားတိုင်း အလာချင်း မတူကြလို့ ဆုံရာကွာဟနေတဲ့ သဘာဝ ကျက်စားရာချင်း မတူခဲ့ကြလို့ ခံစားရမှာ ဝလေ့ကွဲ သဘာဝတို့ရဲ့ အားပြိုင်မှုလို့ ဆိုရမယ်။ သူ့ကို တို့ကံကုသိုလ်စခန်းက မတားနိုင်ဘူး၊ ဈာန်ကုသိုလ်စခန်းကသာ တားနိုင်တယ်။ ဉာဏ်ကုသိုလ်စခန်းကျမှသာ အရင်းအမြစ် နုတ်ပယ်ပစ်နိုင်တယ်။ ဆန္ဒမဇော နဲ့ဦးသား၊ ဖြည်းဖြည်းချင်း တက်။

- အပြစ်ဆိုတာ သူ ကိုယ် နှစ်ဖက် မနှစ်သက်သူချင်း အညှဉ်းခံရတာမျိုး
- ဆိုးကျိုးဆိုတာ လိုလျက်မရ၊ တ,လျက်က မဝတာမျိုး

သည်လိုဆို သား အထက်ငါးမြို့စလုံး လှည့်လည်ကြည့်ရှုပြီး သားတို့နဲ့ သင့်မယ်ထင်တဲ့မြို့ကျတော့ နားပါ့မယ်ဘဘ။

အေး အေး…ကောင်းပ, ကောင်းပ၊ သားတို့ သဒ္ဓါ၊ ပညာနဲ့ ချင့်သုံးသပ်ကြပေါ့ကွယ်။

ထို့နောက် ဘဘကြီး သန္တောသကို အရိုအသေပြု ဦးညွှတ်ပြီး အလုပ်ခွင်သို့ ထွက်ကဲ့ကြ၏။ အောက်ခြေတစ်နှစ်၏ လုပ်သက်ကြောင့် တပင်တပန်း အားစိုက်ရသည်မရှိ၊ တွေ့သမျှ အရှိပေါ် အသိကပ်ထားပြီး ဆင်ခြင်ဉာဏ် ဝင်ဆုံရုံလေးဖြင့် ကိစ္စပြီးစီး၏။

- အားလုံးတို့ မျက်နှာများ၌ အေး၍ ကြည်လင်နေခြင်းက လွှမ်းထား၏။
- အသိအင်အားသတ္တိကြောင့် သုန်မှုန်ငေးငိုင်ခြင်းများ အလျဉ်းမတွေ့ရ၊
- ကိုယ့်တာဝန်ကိုယ် အတပ်သိနေကြပြီးဖြစ်၍ အချိတ်အဆက်မိ စက်များပမာ အနိုင်းလွတ်ကြ၏။

မောင်ဉာဏ ဤစခန်းရောက်မှ စိတ်အထူးရွှင်လာသည်ကို သတိပြုမိ၏။ စိတ်ရွှင်မှုကြောင့် အသိဉာဏ်လည်း သွက်လက်လာသည်ကို တွေ့ရ၏။ အထက်၏ အသက်ဆိုသည် ဒါပဲလေလား။

- ကောင်းမှုစုဆောင်းရာ၏ တစ်နေ့တာ ကာလကား အချိန်စေ့သွားပြီ။ အားလုံးပင် နားနေစခန်းများသို့ သွားရန် ဟန်ပြင်နေကြလေ၏။ မောင်ဉာဏတို့ ညီအစ်ကိုလည်း နားနေစခန်းသစ်သို့ သွားကြရန် အတူနေ လုပ်ဖက်များနှင့် ပြင်ဆင်လျက် ရှိကြ၏။

သို့သော် သို့သော်…

- ထိုသို့သော်ကား နေရာဟောင်းကို စွန့်ရတော့မည်ကို မလိုလားသော သို့သော်တည်း။

- ထိုသို့သော်ကား ပေါင်းလက်စတို့အား ထားခဲ့ရတော့မည်ကို မလိုလားသော သို့သော်တည်း။

သို့ကြောင့် မောင်ဉာဏတို့သည် အထက်တက်ခါနီး အောက်ပေါင်းလေးဖြစ်သော မှုရာထံသို့ သွားရောက်ကာ နှုတ်ဆက်ရသေး၏။ မောင်ရူပကလည်း ကလျာထံ သွားရောက်၍ အားပေးစကား ပြောရသေး၏။

- မှုရာ သည်နေ့ကစပြီး အစ်ကို အထက်နားနေခန်း တက်ခွင့်ရသွားပြီ။

ဟင်း...။မူရာ့ထံမှ ဟင်တစ်လုံးသာ ထွက်လာပြီး သက်ပြင်းရှူသံများနှင့် တဝွတ်ဝွတ်မြည်သံကြီး အတိုင်းသား ကြားနေရသော တံတွေးမျိုချသံတို့သာ ထွက်ပေါ်လာ၏။

– မူရာလည်း အစ်ကို့လိုပဲ အချိန်စေ့လို့ အကြီးစားအလုပ်ခန်း ပြောင်းခွင့်ရတာနဲ့ အစ်ကိုတို့နေရာ အထက်စခန်း ရောက်လာရမှာပါ၊ မပူပါနဲ့၊ သေချာပါတယ်။ အစ်ကိုနဲ့ ကွဲကွာနေရတဲ့ အချိန်တိုလေးမှာ လိမ်လိမ်မာမာနဲ့ နေရစ်ပါကွယ်။ ကဲ...မူရာ...ကိုယ်သွားတော့မယ်၊ ကလျာ သွားတော့မယ်နော်။

– မူရာကား တစ်နေ့ ငါလည်း သည်နေရာ စကန်ရောက်ရမယ် ယုံကြည်ချက်၊ ခိုင်မာထက်မြက်သော စိတ်ဓာတ်ကြောင့် မျက်ရည် စ,ကျရုံမျှသာရှိ၏။ ကလျာမှာမူကား ယုံကြည်ချက်ဘက်က ပြည့်ဝသော်လည်း ငယ်သူပီပီ စိတ်မခိုင်၊ စိတ်မထက်သေးရကား မျက်ရည်စများ ခဏခဏ သုတ်လျက်က ရှိုက်သံများ ထွက်လာတော့၏။ မိန်းမ ဟူသည် အရှက်ကြီး၏ ဆိုသော်လည်း အကြိုက်ဆုံးဝတ္ထု၌ အခိုက်ဆုံး လောကဓံမျိုးတို့နှင့် တိုးမိလာပါလျှင်ကား ဣန္ဒြေမဆည်နိုင်ရှာကြပြီ။

မူရာ၊ ကလျာတို့ကား ကောင်းမှုရှင် စိတ်သန့်မိန်းကလေးများ ဖြစ်ကြ၍သာ သည်မျှနှင့် ပြီးပြေကြ၏။ သာမန်လူသား၊ သာမန်မိန်းကလေးများ ဆိုလျှင်ကား ရင်ထုငို၊ မြေ ပွေးငို၊ ခွဲရတော့မည်ဆိုမှ သူ့ကောင်းကြောင်း တတွတ်တွတ် ပြောဖြင့် အကြိုက်ကြီးလေ မီးညွန့်တက်လေ ဖြစ်ကြမည်ကား မလွဲပြီ။

ထိုသို့ အိမ်မြှောင်မြီးပြတ် ဖြစ်ကြသည်မှာ ယောကျ်ားသေ၍ကား မဟုတ်၊ လင်ဆုံးသွား၍သာ ဖြစ်ကြ၏။ သို့မဟုတ် အကြိုက်ဆုံး ကိုယ့်ဟာကြီး ထိုယောကျ်ား နောက် ပါသွားသဖြင့် ငိုယိုကြခြင်းက အများဆုံး ဖြစ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် တိုအငိုသန် မိန်းမသား နောက်လင်ထား မြန်ဆန်နေသည်ကို တွေ့ရတတ်သောကြောင့်။

မောင်ဉာဏတို့သည် မူရာတို့ ကြည့်နေဆဲမှာပင် အဖော်များနှင့်အတူ အထက်မြို့များဆီသို့ တက်သွားကြ၏။ ရုပ်အားကိုးတက် မဟုတ်၊ ကံရှိန် ဆင့်ကဲထားသော စိတ်အားဖြင့် တက်သောခရီး ဖြစ်သဖြင့် အာရုံလှိုင်းရိပ်များ၏ အပေါ်

စိတ်အနိုးရှိန် သတ္တိလေး တင်ပေးလိုက်ရုံမျှဖြင့် ရုတ်တရက် ရောက်သွားကြလေတော့၏။

မြို့များကား အဆင့်ဆင့် တည်ထား၏။ အကွာအဝေးများလည်း အဆင့်ဆင့် ရှိ၏။ အကြီးဆုံးမြို့ကား အထက်ဆုံး အမြင့်ဆုံး တောင်ထိပ်ဝယ် တည်ရှိနေ၏။

မောင်ဉာဏတို့သည် ထိုအထက်ဆုံးမြို့သို့ ဦးစွာ သွားရောက်လေ့လာကြ၏။ မင်းနေမြို့တော် ဖြစ်သဖြင့် အထူးစည်ကား၏။ လူများသလောက် မိတ်ကား မရှိချေ။ လူနေ ထူထပ်သော မြို့တော်ပီပီ တစ်ဦးနှင့်တစ်ဦး သူစိမ်းပမာ သွားလာနေထိုင်ကြ၏။ လူကုံထံတို့ နေသော နေရာပီပီ ကိုယ့်စည်းစိမ် ကိုယ်ခံစား၊ အများနှင့် မရောမနှောရှိကြ၏။ သည်နေရာမျိုး ငါတို့နှင့် မထိုက်သေးဆိုကာ မောင်ဉာဏတို့ ဒုတိယမြို့တော်သို့ ဆင်းသက်လာကြပြီး ထိုဒုတိယမြို့တော်ကို လေ့လာကြပြန်၏။

ထို ဒုတိယမြို့တော်သည်လည်း စီးပွားရေးသမား၊ ငွေရှင်ကြေးရှင်ကြီးများသာ ကြီးစိုးသော မြို့တော်ဖြစ်နေပြန်သဖြင့် မောင်ဉာဏတို့ အောက်မြို့ဆင်းလာကြသည်

တစ်ဖန် တတိယမြို့တော်ကို ဆက်လေ့လာကြပြန်၏။ ထိုမြို့တော်ကား ဘာသာရေးသမားတို့ ကြီးစိုးသော မြို့တော်ဖြစ်နေပြန်ရာ ဘာသာရေးကိစ္စ လုံးဝ နားမလည်သေးသော မောင်ဉာဏတို့ လက်လှမ်းမမီရကား ပြန်လှည့်ထွက်ခဲ့ကြ၏။

တစ်ဖန် စတုတ္ထမြို့သို့ ဆက်လေ့လာကြပြန်၏။ ထိုမြို့ကား လူတို့ဌာန၊ ခရိုင်ဝန်ရုံးစိုက်မြို့မျှလောက်သာ ရှိ၏။ သို့သော် အငြိမ်းစားများ၊ အပန်းဖြေလိုသူများတို့ သွားလာနေထိုင်ရာမြို့ ဖြစ်ရကား မောင်ဉာဏတို့ အလုပ်သမားများနှင့် အံမဝင်ချေ။

နောက်ဆုံး ပဉ္စမမြို့သို့ ရောက်လာရာ ၎င်းကား လူတို့ဌာန မြို့ပိုင်ရုံးစိုက်ရာမြို့မျှ ကြီး၏။ ထိုမြို့မှပင် နယ်ကိုလည်း အုပ်ချုပ်၏။ နေထိုင်သူတို့ကား အလုပ်သမား၊ ကုန်သည်ပွဲစား၊ စာရေးစာချီမှသည် အမျိုးစုံလှ၏။ မြို့မကျယ် ငယ်သည်ကြောင့် အမှုတစ်ခုဖြစ် ချက်ချင်းကြားရတတ်၏၊ ချက်ချင်းလည်း ပေါ်၏။ သို့ကြောင့် မကောင်းမှု ကျူးလွန်ရဲသူ မရှိ၊ တစ်ဦးနှင့်တစ်ဦး အတွေ့အမြင်များသဖြင့် မခင်မင်

သော်မှ သူစိမ်းပမာကား မဟုတ်ကြ၊ တစ်ဦးနှင့် တစ်ဦး လမ်းတွေ့လျှင် ခေါ်ပြောနှုတ်ဆက်လေ့ရှိကြ၏။ မောင်ဉာဏသဘောကျသွား၏။ ဤမြို့သာ အသင့်တော်ဆုံးဟူ၍ ဆုံးဖြတ်လိုက်၏။ သို့နှင့် ဆိတ်ငြိမ်သောနေရာရှိ နားနေခန်းကို လိုက်လံရှာဖွေ၏။ တစ်နေရာတွင် ခြံဝင်း ကျယ်ကျယ်ဝန်းဝန်း ခတ်ထားပြီး ကြီးမားသော အဆောက်အဦကြီးတစ်လုံး တွေ့ရရာ ၎င်းနေရာမှာပင် နားနေရန် မောင်ဉာဏက ဝင်သွားလေရာ...

– တို့အရှင့်သား ကြွမြန်းလာပြီ၊ဆီးကြိုကြရအောင်။

အသံထွက်ပေါ်လာ၏၊ ထိုအသံနှင့် ရှေ့ဆင့်နောက်ဆင့်ပင် အမျိုးသမီးအုပ်စုကြီး သူ့ထက်ငါ ပြေးထွက်လာကြ၏။ မောင်ဉာဏအနီး အလုအယက် တိုးဝှေ့ကပ်လာကြပြီး လက်ကို ဆွဲ၍ အဆောက်အဦကြီးထဲသို့ ရှေ့ဆောင်ခေါ်သွားကြ၏။

– အလို...ဘာတွေများ ဆက်ဖြစ်ဦးမလဲ။

မောင်ဉာဏ အမျိုးသမီး တစ်အုပ်တစ်မကြီး၏ အမူအရာများကို အကဲခတ်လျက်က တွေးမိ၏။ သို့နှင့် အဆောက်အဦကြီးပေါ်သို့ ရောက်သွားကြ၏။

ထိုအဆောက်အဦကြီးကား အတွင်း၌ ခန်းမကြီး ရှိ၏။ ခန်းမကြီး၏ ဝဲယာတို့၌ အသီးသီး နားနေခန်းများ တစ်ဖက်တစ်ချက် သုံးခန်းကျစီ ရှိ၏။ အပြင်၌ကား စကြံပတ်လမ်းကြီးများ၊ ခေါင်းရင်းမှတစ်ပါး ပတ်ပတ်လည်ရှိပြီး ထိုစကြံလမ်းဘက်မျက်နှာမူလျက်က နားနေခန်းငယ်လေးများ မြောက်မြားစွာ ဖွဲ့စည်းထားသည်ကို တွေ့ရ၏။ စားသောက်ခန်း၊ အပန်းဖြေခန်းတို့ကား သီးခြားရှိပြီး ထိုအဆောက်အဦကြီးနှင့် ဆက်လျက်တည်ရှိ၏။ မောင်ဉာဏတို့ အဆောက်အဦကြီး၏ စမုခ်ဝ အောက်ရောက်သည်နှင့် အဝတ်အစားများ ပြောင်းလဲသွားတော့၏။ အမျိုးသမီးများလည်း သည့်အတူပင် အဝတ်အစားများမှ မဟုတ်၊ အဆင်း၊ အသံ၊ ဟန်များပါ ပြောင်းလဲသွားတော့၏။ ထိုရုပ်ပြောင်းရုပ်လွှဲများနှင့်အတူ စိတ်လည်း ပြောင်းလဲသွားချေပြီ။

– မောင်ဉာဏကား ခန်းမကြီး၏ ပလ္လင်ထက်မှာ မင်းဝတ်တန်ဆာ ဒြပ်ဒရာနှင့်၊

– အမျိုးသမီးတို့၏ ဦးစီးငါးဦးကား မောင်ဉာဏအား ခစား လုပ်ကျွေးလျက်၊ ကျန်အမျိုးသမီးတို့ကား တစ်ရာစီ တစ်ရာစီ ငါးတန်း‚တန်း၍ ခစားလျက်၊

အလို...အထက် ကုသိုလ်ရဲ့ အထက်အကျိုးဆိုတာ ဒါများပေပဲလား မောင်ဉာဏ တွေး၏။ သည်လို မိန်းမတွေ တစ်အုပ်စုကြီးနဲ့ နေရတာပင် အကျိုးထူး ဆိုသလား တွေးမိ၏။ ဘုရင့်သားဖြစ်က နန်းအလိုလိုရပမာ ရာထူးစည်းစိမ် အလိုလို ရတာကိုပင် ဆိုသလားတွေးနေမိ၏။

- အရှင့်သား...မြေအိုးနဲ့ တူတဲ့ လူ့ပြည်မှ ခွဲခဲ့ပြီး ရွှေအိုးနဲ့တူတဲ့ သည်နတ်ပြည်ကိုဘယ်တော့များမှ ပေါ်လာပါ့မလဲလို့ စောင့်မျှော်နေခဲ့ကြရတာ အလွန် ကြာညောင်းခဲ့ပါပြီ။

- သည်နေ့တော့ အကျွန်ုပ်တို့ တောင့်တတိုင်း ဆန္ဒပြည့်ဝလာပြီလို့ ဆိုရပါမည်။ အရှင့်သားသည် ဗိမာန်မှာ ပျော်ရွှင်စွာ နားနေတော်မူပါ။ အရှင့်သား လိုသော ဆန္ဒပြည့်ဝရန် အကျွန်ုပ်တို့ နတ်မိဖုရားကြီး ငါးဦးက အဆင်သင့် စီမံထားပြီး ဖြစ်ပါသည်။

အရှင့်သားဆန္ဒ ငံ့လင့်စောင့်ကြိုလျက်က ရှိနေကြပါသည်။ နောက်မှာ ရှိသော နတ်မိမယ် ငါးရာတို့လည်း အရှင့်သားအား လုပ်ကျွေးပြုစုရန် အသင့် စောင့်လျက်ရှိနေကြပါပြီ။

အရှင့်သား...ဆန္ဒ ဖွင့်ဟကြစည်ရန် အချိန်တန်ပါပြီ။

ဦးစီး ငါးဦးတို့၏ ဦးစီး နတ်မိဖုရားကြီး၏ လျှောက်တင်သံပင် ဖြစ်၏။ ထိုအသံကြောင့် မောင်ဉာဏစိတ် ထိတ်လန့်သွား၏။ ဩော်...ငါ၏ ယနေ့ အထက်နားနေခန်း ရောက်လာရခြင်းဟာ လူ့ပြည်က ဇိမ်မယ်တန်းလျား တာဝန်ခံ ဇိမ်ခေါင်းပမာ ကာမသွေးစက် ပွက်သလောက်ပျက်၍ ပျက်သလောက် ပွက်သည့်နေရာမျိုး ရောက်လာရခြင်းပေကိုးဟူသော အတွေးများ ဝင်လာသောကြောင့်တည်း။

ထို့နောက် အချင်းချင်း ရင်းနှီးမှုရှိကြရန် အလ္လာပ၊ သလ္လာပ စကားများ ပြောကြ၏။ သာယာဖွယ်၊ ရွှင်မြူးဖွယ်၊ ကြည်နူးဖွယ် စကားများဖြင့်လည်း အချင်းချင်း ကျေနပ်နှစ်သိမ့်ကြ၏။ အားလုံးပင် မိုလိုသူနှင့် မိုခိုရှင်ဟူသော စိတ်များ ကိန်းလာကြ၏။

ပြီးသော် တွေ့ဆုံနှုတ်ဆက်ပွဲ ရပ်သိမ်းကြပြီး အဆောင်တော်များသို့ လိုက်

လဲ ရှုကြည့်၏။ အကြီးဆုံး မိဖုရားကြီးက လိုက်လံပြသ၏။ လိုက်လံ၍လည်း ရှင်းပြ၏။

ဦးစွာ မောင်ဉာဏ အနားယူရန် အခန်း၊ ထိုအခန်းကား သလွန်တော်၊ ညောင်စောင်းများနှင့်တကွ အသုံးအဆောင်အားလုံး ခမ်းနားကြီးကျယ်လှ၏။ အပြင် အဆင်၊ အမွှမ်းအမံများကလည်း စိတ်ဆန်းကြယ်မှုသို့ လိုက်သော . အံ့မခန်း ဆန်းကြယ်မှုတို့ဖြင့် စီမံထား၏။ ကံစိတ်၏ စီမံမှုကို လူ့ဉာဏ်များ တု၍ မမီပြီ။

ထို့နောက် မိဖုရားကြီးအခန်း၊ မောင်ဉာဏအခန်းနှင့် ချွတ်စွပ်ပင်။ ကျန် မိဖုရားကြီး လေးဦးတို့၏အခန်းကား အနည်းငယ် ကွဲပြား၏။ ပုံစံ၊အရွယ်အစား၊ အနုအကြမ်း အားလုံးပင် အနည်းငယ်စီ ကွာခြားနေကြသည်ကို တွေ့ရ၏။

ထိုမှနေ ပြင်ပအခန်းများသို့ စင်္ကြံ ပတ်လမ်းအတိုင်း ထွက်လာခဲ့ကြပြီး အဆောင်ငယ် အားလုံးသို့ လိုက်လံရှုကြည့်ကြ၏။ နတ်မိမယ် မိဖုရားငယ်လေးများ၏ နားနေခန်းများပင်။

ထိုအခန်းများကား နတ်မိဖုရားကြီးများ၏ အခန်းများလောက် မကြီးကျယ်သော်လည်း နေချင့်စဖွယ်သော အပြင်အဆင်၊ သုံးချင့်စဖွယ်သော လက်ရာမြောက် အသုံးအဆောင်၊ နှစ်သက်စဖွယ် ကိရိယာများကြောင့် အညံ့ဟူ၍ကား မဆိုသင့်၊ ကောင်းသော ခံစားစရာများဟူ၍သာ သုံးသင့်၏။

အားလုံးသော အဆောင်များသို့ လိုက်လံရှုကြည့်ခြင်း၊ တစ်ဦးချင်း တစ်ဦးချင်း လိုက်လံတွေ့ဆုံခြင်းများ ပြီးစီးသော် စားတော်ဆက်ခန်းသို့ ရောက်သွားကြ၏။

ထိုအခန်း၌ ကံသတ္တိ၏ အစွမ်းကြောင့် ပေါ်လာသော ဩဇာသတ္တိ၊ အနှစ် ပြည့်ချည်း အစားအသောက်များ အဆင်သင့် ပြင်ဆင်ပြီးသားကို တွေ့ရ၏။ လူ့ အသုံးအဆောင်များကဲ့သို့ အရိုး၊ အညှာ၊ အကာ ပါသောအရာမရှိ၊ ဝါးပြီးမှ မျိုချနိုင်သော အကြမ်းစားမျိုးလည်း မရှိချေ။

ထိုအခန်းဝယ် မိဖုရားကြီးငါးဦးတို့နှင့်အတူ သုံးဆောင်ကြ၏။ ထိုငါးဦး တို့၏ အမည်များမှာ...

အကြီးဆုံး နတ်မိဖုရားကြီး·ကား ကာမီ[၁] မည်၏။ ထို့နောက် နန္ဒီ[၂]၊ ရမီ[၃] နှင့် ရူပနန္ဒီ[၄]၊ ဖဿရမီ[၅] တို့ဖြစ်ကြ၏။

**ထို** စားတော်ပွဲ ပြီ.စီးသဖြင့် စားသောက်ခန်းမှ ထွက်လာခဲ့ကြပြီး အပန်း **တော်ဖြေခန်း**သို့ ဝင်သွားကြရာ နတ်ကချေသည်များ ကြိုဆိုနေသည်ကို တွေ့ရ၏။ **နေရာ စင်မြင့်**သို့အထိ လိုက်လံပို့ကြ၏။ ပြီးသော် ဖျော်ဖြေရန် စတင်ကြ၏။

၎င်းတို့သည် တီးမှုတ်ခြင်း၊ သီဆိုခြင်း၊ က,ခြင်းတို့၌ အထူး ကျွမ်းကျင် ကြ၏။

– **ကံကြောင့်**ဖြစ်သော အတတ်ပညာဖြစ်သဖြင့် လူတို့ကဲ့သို့ သင်စရာ မလို။

– **ကံကြောင့်**ဖြစ်သော တူရိယာမျိုး ဖြစ်သဖြင့် လူသုံးတူရိယာကဲ့သို့ ရှာ မှီး သိမ်းဆည်း**စရာ** မလို။

– ကံကြောင့်ဖြစ်သော အကျိုးခံစားခွင့် ဖြစ်သဖြင့် စိတ်ကူးဖြင့် တီထွင် ကြံဆထား**သော ပုံစံမျိုး**လည်း မဟုတ်။

**သည့်အတူ** ယာဉ်၊ ရထား စသည်များနှင့် ၎င်းတို့၏ အသုံးအဆောင် မှန်သမျှ ကံရှိန်ဖြင့် **အလိုလို နဂို**ဖြစ်ချည်း ဖြစ်ရကား စိတ်ကူးဖြင့် တီထွင်ထားသော ပစ္စည်း နတ် ဘဝလောကဝယ် တလေတစ်ခုမျှ မရှိချေ။ နတ်မြင်းပျံ စသည်လည်း ကံဖြစ်များချည်းသာ။

အပန်းဖြေခန်း၏ အနားယူချိန် ပြီးစီးသဖြင့် နေရာကိုယ်စီ၊ မိမိ အခန်းများ သို့ ပြန်ကြ၏။ **အိပ်စက်အနားယူ**ရန် ဖြစ်ကြ၏။ ကာမီသည် မောင်ဉာဏအား ၎င်း ၏ အခန်းထိ လိုက်လံပို့၏။ ရောက်သော် မိမိအခန်းသို့ ကြွရောက်ပြီး နားစက်ပါ ရန် ဖိတ်ကြား၏။ မောင်ဉာဏ, ကာမီလက်သုံးဖြစ်ခဲ့ရချေပြီ။

---

၁။ ကာမီ - လိုလားစိတ်ကို အမြဲမွေးနေသူ၊

၂။ နန္ဒီ - ကာမစပ်ယှက်မှုကို နှစ်သက်နေသူ၊

၃။ ရမီ - ကာမမှု၌သာမွေ့လေသူ၊

၄။ ရူပနန္ဒီ - အဆင်းကြည့် သာယာလေ့ရှိသူ၊

၅။ ဖဿရမီ - အတွေ့၌သာ နှစ်သက်လေ့ရှိသူ

ထိုည၌ ကာမီ၊ နောက် နန္ဒီ၊ ရမီ၊ ရူပနန္ဒီ၊ ဖဿရမိတို့ကလည်း မောင်ဉာဏ၏အခန်းဝမှနေ စောင့်ကြိုကာ အသီးသီး အလှည့်ကျ ဖိတ်ကြားရကား မောင်ဉာဏခမျာ ထိုည ခန်းကူးခန်းဆက် လွန်းပိုးစက်ကဲ့သို့ မနားရပြီ။

နံနက်လင်းသော် စခန်းသို့ ဆင်းခဲ့ကြ၏။ အဆောင်ကြီး၏ စမုခ်အောက်ရောက်သွားသည်နှင့် မောင်ဉာဏ၏ ရုပ်သည် နဂိုရုပ်နှင့် နဂိုအဝတ်အစားအတိုင်း ဖြစ်သွားတော့ရာ မောင်ဉာဏ၏ ကံတရား၏ဆန်းကြယ်ပုံ မအံ့သြဘဲ မနေနိုင်ပြီ။

အထက်စခန်းအဆင်းနှင့် လွင်ပြင်အစပ်တွင် မောင်ရူပနှင့် ဆုံကြ၏။ နှစ်ဦးသား နားနေခန်းတို့၏ အဖြစ်သနစ်များကို အပြန်အလှန် ဖောက်သည်ချကြ၏။

- အစ်ကိုလေးရာ အထက်တန်း နားနေခန်းဆိုတာ လုပ်ခဲ့ရသမျှ စုဘူးဖောက်ပြီး အပျော်လိုက်နေရသလိုပါပဲလားဗျာ။

- အေး...ဟုတ်တယ်၊ အထက် ဆိုတာ မဟုတ်တဲ့ဘက် ထက်နေကြတာပဲ၊ ဟုတ်တဲ့ဘက်ကျတော့ ဘုရားတောင် ဖြောင့်ဖြောင့် ရှိခိုးလို့ မရဘူး။ ဆိုတော့ တို့လူ့ပြည်က လူကုံထံကြီးတွေ အငယ်အနှောင်းတွေ အမျိုးမျိုးထား၊ နေအိမ်၊ အဝတ်အစား သီးခြားပေးပြီး တစ်အိမ်ပြီးတစ်အိမ် လှည့်လည်ပျော်ပါးနေကြတာ နတ်ပြည်ကနဲ့စာရင် မဆိုစလောက်လေးပါကွာ။

- အေးဗျာ၊ နတ်သားတစ်ဦး, နတ်သမီးပူးငါးရာစီ၊ တစ်ထောင်စီဆိုတော့လည်း နတ်သား ဦးရေ နည်းပါးတာကိုကလည်း အပြစ်ဆိုစရာပဲ။

- အေး၊ အပြစ်မှ အပြစ်ကွဲ့ညီလေးရဲ့။

- ဘာ့ကြောင့်တုံးဗျာ။

- ဘာ့ကြောင့်တုံးဆို တဏှာကနေ သဒ္ဓါဘက် အကူးအစတ် နည်းကြလို့ပဲ။

မိန်းမတွေက တိရစ္ဆာန်ဘဝက ပါခဲ့တဲ့ တဏှာ၊ လူ့ဘဝရောက်တော့ သဒ္ဓါနဲ့ တွဲဖက်ပြီး သုံးတတ်ကြတယ်။ သံပရာချဉ် သကြား စပ်သုံးကြသလိုပေါ့။ ငါတို့ ယောကျ်ားတွေများကျတော့ သံပရာသီး အလုံးလိုက် ကိုက်စားနေကြတုန်းကိုး။

- အေးဗျာ၊ မိန်းမတွေက တဏှာကို သဒ္ဓါအဖြစ် ပြုပြင်သုံးစွဲနေကြပြီ။

ကျုပ်တို့ ယောက်ျားများဘက်ကလည်းမာနကို ပညာအဖြစ် ပြုပြင်သုံးပေးရင် ကောင်းမှာပဲ။

- တဏှာက သဒ္ဓါပြောင်းတာက လွယ်တယ်၊ ဓာတ်ခံ လိုလားပုံချင်းက တူပြီးသားမို့ ခက်ထန်မာကျောစိတ်၊ မာနကနေပြီး·စူးစမ်းလိုစိတ် ပညာပြောင်းဖို့ကျတော့...

(က) ကိုယ်ကိုယ်ကို အထင်ကြီးမှုကိုလည်း တားဆီးပေးနိုင်ဦးမှ ဖြစ်တာမျိုး၊

(ခ) သူ့အပေါ် အထင်သေး အမြင်သေးမှုကိုလည်း ဖယ်ရှားပစ်နိုင်ဦးမှရတာမျိုး၊

(ဂ) ခေါင်းအေးအေးထား၊ စိတ်အထိုင်ကျကျထား၊ ပုံမှန်စိတ်ထား ဝင်လာဦးမှလည်း ကွဲသိတာမျိုး သည်သုံးချက်ကြောင့် ပြောင်းလဲနိုင်ကြခဲတယ်။ မပြောင်းလဲနိုင်တော့ မာနခဲဟာ မာယာက ကျိုချက်ပေးလိုက်ရင်ပဲ အရည်ပျော်သွားပြီး တဏှာအုပ်စုထဲ တန်းဝင်သွားတော့တာပဲ။

မောင်ဉာဏတို့ စကားတပြောပြောနှင့် လာလိုက်ကြရာ စခန်းသို့ ရောက်လာကြ၏။ စခန်းတွင် ပုံမှန်အတိုင်း ကောင်းမှုတို့ကို ပြုလုပ်ကြ၏။ သို့တစေလည်း အထက်နားနေခန်းဝယ် တစ်ညနားခွင့်ရရာမှ ဖြစ်ပွင့်လာသော အသိဉာဏ်နှင့် ယုံကြည်ချက်တို့မှာ ပြင်ပ ဝတ္ထုအာရုံများအပေါ် လိုလားစိတ် အဝင်မခံမှ ဟူ၍ပင်တည်း။

- ဤအသိဉာဏ်ဖြင့်ပင် ပစ္စည်းဥစ္စာများကို ကိုင်တွယ်သုံးသပ်၏။
- ဤအသိဉာဏ်ဖြင့်ပင် အချင်းချင်း အတွင်းအပတို့နှင့် ဆက်ဆံ၏။

သို့ကြောင့် ရှင်စိတ်သည် အတည်သို့ ပြောင်းလဲလာ၏။ စိတ် တည်သဖြင့် ကိုယ်လည်း တည်လာ၏။ ကိုယ်ရောစိတ်ပါ တည်ရာမှ ဉာဏ်မှသက်၍ လက်သော အကြည်ဓာတ်လည်း ပေါ်လာ၏။ အောက်ဆင်း ကောင်းမှုပြု၊ အထက်တက် ကောင်းကျိုးစံ အဖြစ်ကား တစ်ပတ်မျှ ကြာညောင်းသွားချေပြီ။ ထိုတစ်ပတ်သည် နတ် မိန်းကလေးများ သောင်းကျန်းသော တစ်ပတ်ပင်တည်း။

နောက်တစ်ပတ်တွင်ကား မူရာနှင့် ကလျာတို့လည်း အဆင့်ဝါ့ ဆောင်သို့ ပြောင်းလာကြသဖြင့် သွားတူ လာတူဖြစ်လာကြ၏။ ဘဝ စပ်ဖက်၊ လူစပ်ဖက်ဖြင့် ကံတူစပ်ဖက်များ ဖြစ်လာကြတော့ရာ မောင်ဉာဏတို့ နားနေရာ ၎င်းတို့လည်း တစ်ပါတည်း ပါလာကြလေပြီ။ ဗိမာန်ဝမှ စောင့်ကြိုနေသူများ လင်လုဘက်မျိုး တစ်ခု တိုးလာပါပေါ့လားဟူသော မျက်နှာထားများဖြင့် မူရာကို ဝိုင်းအုံကြည့်ကြ၏။

"ကာမိ...ဒါ တို့နဲ့ မဟာကုသိုလ်တော် စခန်းမှာ ကုသိုလ်ပြုဘက်၊ သည်နေ့ နှစ်အဆင့်ကနေ လေးအဆင့် တက်ခွင့်ရလို့ အတူပါလာတာ"

"ဩော်...ဟုတ်လား၊ ကာမိအတွက် ညီမတစ်ဦး တိုးတာပေါ့"

"မူရာ...ဒါက သည်ဗိမာန်ကြီးရဲ့ အကြီးအကဲ အရှင်မ ကွဲ့၊ ကာမိတဲ့"

"အစ်မကြီး ကာမိတို့နဲ့ လာဆုံကြရတာ ကံတူ အကျိုးပေး လက်ဆုံစားအလှည့် ရောက်တာပဲ အောက်မေ့ပြီး မူရာ ဂုဏ်ယူမိပါတယ်၊ မူရာ့ကိုလည်း အားလုံးက လူမမယ် ညီမလေးတစ်ဦးအဖြစ် အသိအမှတ်ပြုပြီး အဆုံးအမများ ပေးကြပါ"

မူရာသည် ထိုစကားကို လက်အုပ်ကလေး ချီလျက်က ပြောနေ၏။ အသိဝင်၊ ဉာဏပင်းထားသဖြင့် မာန်ကင်းရှင်းလေသူ၏ ကိုယ်နှုတ် အမူအရာကို မနှစ်သက်သူ မရှိသည့်အားလျော်စွာ အားလုံးက နှစ်သက်ကြည်ဖြူစွာ လက်ခံကြ၏။

အားလုံး ဗိမာန်ကြီး၏ စမုခ်အောက် ရောက်လျှင်ပင် စိတ်ပြောင်း ရုပ်ပြောင်း ဖြစ်သွားကြတော့ရာ နန်းမ၊ ဘုရင်၊ နန်းမိဖုရား၊ နန်းအခြွေအရံများ၊ နတ်စည်းစိမ်များ ပေါ်လာကြ၏။ မူရာ့အတွက် သီးခြားခန်းမဆောင်ကြီးကား ထီးထီး ပေါ်လာ၏။ တမင် ဆောက်စရာ မလိုပြီ။ ကံကုသိုလ်၏ ဘာဝသတ္တိ၌ ကာမသတ္တိလည်း အဆန်ပြည့် ပါရှိနေချေရာ နတ်စည်းစိမ်ဖြင့် ကာမဂုဏ် ခံစားမှုသည် တော်သလင်း ချွေးများ လိုက်၍ မမီချေ။

အချို့ ကာမစိတ် အားကြီးလွန်းလှသဖြင့် ချိုင်းကြားမှ ချွေးထွက်လာကာ သေကြရ၏။

အချို့ အချင်းချင်း အလိုမကျ အားမရသဖြင့် မျက်လုံးစိမ်းစိမ်း ကြည့်မိရာမှ သေကြရ၏။

နတ်ဘုံသည် ကံဘုံတို့တွင် အထွတ်အထိပ်ဖြစ်ရကား ကာမ စည်းစိမ် လိုသလို ခံစားနိုင်ခြင်း၊ ကိုယ်စိတ်ဖြင့် ရင်း၍ ဝမ်းစာမရှာဖွေရခြင်း၊ တ,ရုံဖြင့် အလိုလိုရနေသည်ချည်း ဖြစ်သဖြင့် စိုးရိမ်ပူပန်ရမှု ကင်းခြင်းများကြောင့် ကာမ အလုပ်မှ တစ်ပါး အခြားအလုပ်မရှိ၊ လူ့ဘဝကမှ ဉာဏ်ကုသိုလ်ဖြစ်သော ဝိပဿနာဉာဏ်၏ အရှိန်သတ္တိ ပါမသွားသော် တရားနာ၊ တရားကျင့်ဆိုသည့် နတ်ဥပုသ်ဆောင်ဆိတ်သုဉ်းမည်သာ ဖြစ်တော့၏။

တစ်လမျှကြာသော် မောင်ဉာဏ ငြီးငွေ့လာ၏။ နတ်တို့၏အတွေ့ အညီမစွက်၊ အနံ့အသက် မပေါ် ပျော်စရာကောင်းသော်လည်း အနားမရလေသောအခါ အလွန် မွေးသော ပန်းသည်ပင် အနံ့ဆိုးဝါးလာဘိသို့ အလွန်ချိုမြိန်သော အရသာသည်ပင် မွှန်လာဘိသို့ အလွန်နူးညံ့သော အတွေ့သည်ပင် ပွန်းရာပုံရာ ထင်လာစေဘိသို့ မောင်ဉာဏ၏ စိတ်ထဲတွင်ကား ဤသို့ မြင်လာ၏။

- သည်မိန်းမတွေ ငါ့ကို ဝိုင်း၍ နှိပ်စက်နေကြသူတွေပါတကား။
- သည်မိန်းမတွေ ငါ့ကို ဝိုင်း၍ ဖျက်ဆီးနေကြသူတွေပါတကား။

သို့ကြောင့် နောက်ရက်တွင် ဘဘကြီး သန္တောသ ထံသို့ သွားရောက် ချဉ်းကပ်ပြီး သည်အလုပ်မှ ထွက်ခွင့်ပြုရန် ပန်ကြား၏။

"သားတို့...ထွက်ကြတာကတော့ဟုတ်ပြီ၊ ဘာဆက်လုပ်ဖို့ စိတ်ကူးထားကြသလဲ"

"သားတို့ လူချင်းသွေးသွတ် အဖျက်လွတ်မယ့် သည်ထက် အဆင့်မြင့်မျိုးကြိုးစားကြဖို့ ရည်ရွယ်ထားပါတယ်"

"အေး...ကောင်းပါ့ ကောင်းပါ့၊ ငတ်မိသဲတိုင် တက်နိုင်ဖျားရောက်ပေါ့"

"ဟော...သည်ကနေ သွားတော့ ဥယျာဉ်များအလွန် ကျင့်နေကြတဲ့ သူတော်စင်တွေ တွေ့ရလိမ့်မယ်၊ သူတို့ကို ကျော်ခဲ့ပြီး ရှေ့ဆက်သွား"

"ရှေ့မှာ စကားဝါပင်ကြီး နှစ်ပင် ယှဉ်နေတဲ့ ဂူကြီးတွေ့လိမ့်မယ်၊ တစ်ဖက်တစ်ချက် တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလည်း ရှိတယ်"

"အဲဒါ သားတို့ မုန်းတဲ့ ကာမစိတ်နဲ့ ကိလေသာကို ပယ်ပြီး အထက်တန်း

ကျကျနေနိုင်ရန် ကြိုးစားနေကြတဲ့ အကျင့်စခန်းကြီးရဲ့ဦးစီးပဲ။ အမည်က 'ယောဂ ဒဿန'[၁]တဲ့"

"ကောင်းလှပါပြီဘဘ၊ သားတို့ အဲဒီအကျင့်စခန်း ဆက်သွားပါရစေ"

"အေး...ကောင်းပြီ ကောင်းပြီ၊ကြံရာအောင် ဆောင်ရာပါကြပါစေကွယ်"

"မောင်ဉာဏနှင့် မောင်ရှုပတို့ နှစ်ဦးသည် ရောက်စက သွားခဲ့ဖူးပြီး လမ်းအတိုင်း စမ်းချောင်းကြီးများ၊ သစ်ရိပ်ကြီးများအကြားရှိ စခန်းသို့ ထွက်လာခဲ့ကြ၏။ တစ်လမ်းလုံး စကားမပြောမိကြ။ အထက်သည် ဘာကိုတက်သနည်း အမေး၌ စိတ်ရစ်ဝဲနေကြ၍...။

## သူတော်ကောင်းများ နှစ်သက်သော မဟာဠှတ် ကုသိုလ်တော်စခန်း

ခပ်လှမ်းလှမ်းကပင် ဆိုင်းဘုတ်ကြီးကို တွေ့ရ၏။

အဓိပ္ပာယ်ကား အကုန် မသိရ။ ရွှေအပြည့်ချထားသော စာလုံးကို ကြည့်လိုက်ရသည်နှင့်ပင် စိတ်အေးနှစ်သက်မှုများ ဝင်လာနေကြ၏။

ဆိုင်းဘုတ်လွန်သော ရေဆိပ်၊ သစ်ရိပ် စသည်များ၌တစ်ဦးချင်း လူချင်းခွဲ၍ ကျင့်နေကြသော သူတော်စင်များကို တွေ့ရ၏။ ၎င်းတို့ကို ကျော်လျက်က ရှေ့ဆက်ထွက်ခဲ့ရာလမ်းမတော်ကြီး၏ လက်ဝဲဘက်တွင် အပြိုင်ပွင့်နေကြသော စံကားဝါပင် ညီနောင်ကို ဦးစွာ လှမ်းမြင်ရ၏။ ဒါ ဆရာကြီး ယောဂဒဿနရဲ့ဂူဖြစ်ရမယ်၊ စိတ်ထဲက မှန်းမိလိုက်၏။

အနီးသို့ ရောက်သော် အတွင်းနေ ဆရာကြီး၏ အကျင့်၊ အနှောင့်အယှက် မဖြစ်စေရန် သတိဖြင့် ချဉ်းကပ်ကြ၏။ ဂူကြီး၏ တံခါးသည် ပိတ်ထားပြီး ပိတ်မထားကြောင်း သိသာရန် တံခါးတစ်ရွက် အနည်းငယ် ဟ,ပြထား၏။

မောင်ဉာဏသည် ဦးစွာ တံခါးဝမှနေ ချောင်းဟန့်လိုက်၏။

---

၁။ ယောဂဒဿန - ကျင့်သလောက်သာ မြင်ခြင်း၊

ထို ချောင်းဟန့်ခြင်းသည် မိမိဝင်လိုကြောင်း ခွင့်တောင်းခြင်းလည်းဟုတ်၏။ မိမိ ဝင်တော့မည်ဖြစ်သဖြင့် အသင့်ရှိစေလိုခြင်း၊ အသိအမှတ်ပြုစေလိုခြင်းများကို အသိပေး နိုးဆော်ခြင်းလည်း ဟုတ်၏။

ပြီးသော်...

ထိုဟ,ထားသော တံခါးရွက်ကို သတိဖြင့် အသာအယာ ဖွင့်ပြီး နှစ်ဦးသား ဆရာကြီး တရားထိုင်နေရာနှင့် မနီးမဝေး ချဉ်းကပ်သွားကြ၏။

ဆရာကြီးကား တရားကျင့် မပျက်ချေ။

ဂါရဝပြုပြီး အတန်ကြာသည်အထိ ငြိမ်သက်စွာ စောင့်ဆိုင်းသော်လည်း မလှုပ်မယှက်၊ သို့နှင့် နှစ်ဦးသား ထိုင်စောင့်နေရကြသည်မှာ အတော်ကြာညောင်းသွား၏။

"မောင်ဉာဏတို့၊ မောင်ရူပတို့ ရောက်နေကြပြီလား"

"အလို...ငါတို့အမည် သိနေပါလား၊ ဘယ်သူများပါလိမ့်"

နောက်လှည့်ကြည့်ကြ၏၊ မတွေ့။

"ဆရာကြီး မေးနေတယ်လေ မောင်ဉာဏ"

နောက်တစ်ခွန်း အသံပေါ်လာမှ ထိုငြိမ်သက်စွာ ထိုင်နေသော ဆရာကြီး ထံမှ ဖြစ်ကြောင်း သိကြရ၏။ အလွန်အံ့ဩကြရ၏။ အတိုင်းမသိ ယုံကြည်စိတ်လည်း တိုးသွားကြ၏။

"ရောက်ပါပြီ ဆရာကြီး၊ သားတို့ကို တပည့်ရင်းအဖြစ် အသိအမှတ်ပြုပြီး ဆရာကြီးရှိတဲ့ ပညာများ တပည့်တို့ထံ ဆင့်ပွားပေးရန် တောင်းပန်ပါတယ် ဆရာကြီး"

"ကောင်းကြပေ့၊ သာဓု...သာဓု...သာဓု...တပည့်တို့"

"ဆရာ ပေးတဲ့ စည်းကမ်းကိုကော လိုက်နာနိုင်ကြမှာလား"

"လိုက်နာပါ့မယ် ဆရာကြီး၊ စည်းကမ်းကိုသာ အမိန့်ရှိပါ"

စည်းကမ်းများကတော့...

၁။ ကျင့်စဉ်ကို မိမိအသက်ထက် ပိုပြီး လေးစားကာ ကျင့်နိုင်စွမ်း ရှိရမည်။ သို့မဟုတ်က ထစ်ခနဲဆို တွန့်ခနဲ လှုပ် နောက်ဆုတ်ပြန်သွားရတတ်တယ်။

"တပည့်တို့ အသက်စွန့် ကျင့်ရဲရဲ့လား"

"အကျင့်က ကိုယ်နောက်ပါမှာ၊ အသက်က ထားခဲ့ရမယ့်အမျိုးပဲ၊ ရဲပါတယ် ဆရာကြီး"

"အေး အေး...သည်သတ္တိမျိုး မွေးမြူထားရင် မကြီးပွားစရာ မရှိပါဘူး"

၂။ နောက်တစ်ချက်က စိတ်တစ်ဖြောင့်တည်း ထားနိုင်ရမယ်။

စိတ်က မျောက်ပမာ အသစ်အဟောင်း အာရုံများနှင့် သွားကစားနေလျှင် ကျင့်သမျှ သဲပုံကျရေ ဖြစ်တတ်တယ်။

"တပည့်တို့ စိတ်တစ်ဖြောင့်တည်း ထားနိုင်ပါ့မလား"

"ဖြောင့်အောင် ထိန်းသိမ်းထားပေးပါ့မယ် ဆရာကြီး"

၃။ နောက်တစ်ချက် စေတနာကလည်း ဖြောင့်မှန်နေစေရမယ်။

နောက်တွန်း စေတနာကမှ မမှန်ရင် ရှေ့ထွက်စိတ်လည်း မဖြောင့်နိုင်ဘူး၊ မာယာ သာဌေယျ စိတ်နှင့် ဆရာ့အပေါ် ဆက်ဆံရင်လည်း ဆရာ ပညာပေးလို့ရမှာ မဟုတ်ဘူး။

"ဘယ့်နှယ်လဲ...စေတနာဖြောင့်ကော ထားနိုင်ပါ့မလား"

"ဆရာကြီးနဲ့ ဆက်ဆံတဲ့အခါ အရှိအရှိအတိုင်း အဖြစ်မှန် တင်ပြပါ့မယ်၊ ပညာကြီးစားလိုတဲ့ စေတနာက လွဲလို့ အခြားမထားပါဘူးဆရာကြီး"

၄။ နောက်တစ်ချက်...ဆရာညွှန်ကြားချက် သဘောလည်း ပေါက်ရမယ်၊ လိုက်လည်း လိုက်နာရမယ်၊ လိုက်နာတယ် သဘောမပေါက် မရဘူး။

"ဘယ့်နှယ်လဲ...သည်စည်းကမ်းကော လိုက်နာနိုင်ပါ့မလား"

"အထူးသတိထားပြီး လိုက်နာကျင့်သုံးပါ့မယ် ဆရာကြီး"

၅။ နောက်ဆုံးအချက်ကတော့ သိက္ခာ (၉) မျိုးကို ကံ သုံးဆင့်နှင့် ကာဆီး စောင့်ထိန်းနိုင်ရမယ်။

"ဘာတွေများပါလဲ ဆရာကြီး...အမိန့်ရှိပါ"

"ဒါကတော့...

(က) သူတစ်ပါးကြွေးတောင်း မခံလိုဘူး၊ သူတစ်ပါးကြွေးတင် လွတ်အောင် နေတတ်ရမယ်။

(ခ) သူတစ်ပါးနှင့် မဆက်ဆံလိုသူ ကိုယ့်ကိုယ်ကို တည့်အောင် ပေါင်း၍ ဆက်ဆံတတ်ရမယ်။
(ဂ) သူတစ်ပါးနှင့် စပ်ဖက် အကျိုးတူ မခံစားလိုသူ ရှာဖွေကတည်းက တစ်ဦးတည်း ဖြစ်စေရမယ်...
ဆိုတဲ့စကားများအတိုင်း သူတစ်ပါးတို့ ဖျက်ဆီးခံရတတ်တဲ့...
(၁) သူ့အသက် မသတ်ရဘူး၊ ကြိုက်လို့ မုန်းလို့ သူ့သတ်မိ၊ တစ်နေ့ ကိုယ့်ပြန်ထိမှာမို့၊
(၂) သူ့ဥစ္စာ နည်းအမျိုးမျိုးနှင့် မခိုးရဘူး၊ ဒါကလည်း ကိုယ့်အလှည့် ပြန်ကျဦးမှာမို့၊
(၃) မိန်းမဆို မျောက်မနှင့်ပင် မေထုံမှု မပြုရဘူး၊ သူ့စွဲကိုယ့်စွဲ အဆွဲခံရမှာမို့၊
(၄) မမှန်စကား မပြောကြရဘူး၊ ဒါကလည်း သစ္စာဉာဏ်အမြင်မှန် ဖုံးကွယ်မှာ စိုးလို့၊
(၅) မူးယစ်မျိုး မမှီဝဲရဘူး၊ ဒါကလည်း သတိကင်းလျှင် ဉာဏ်အလင်း မပွင့်တော့လို့၊
(၆) ညစာများ မစားသုံးရဘူး၊ ဒါက ကာမသွေးတက် သူ သွားဖျက်ဆီးမိမှာစိုးလို့၊
(၇) (က) အတီးအမှုတ် ကခုန်မှု မပြုရဘူး၊ ဒါက ကာမသွေးပွက် သူ့ဘက် သွားဖျက်မိမှာစိုးလို့ပဲ၊
(ခ) ကိုယ့်ကိုယ်လည်း မပြင်သရဘူး၊ ဒါက သူ့ကာမသွေးဆွ၊ ကိုယ့်လာချမှာ စိုးလို့ပဲ၊
(၈) မြင့်တဲ့မြတ်တဲ့ အိပ်ရာ၊ နေရာ မသုံးရဘူး၊ ဒါကလည်း ကာမသွေး၊ မာနသွေးများ တက်မှာမို့၊
(၉) အားလုံးတို့အပေါ် မေတ္တာပွားပေးရမယ်၊ ဒါက မိမိစိတ်သို့ ရာဂနှင့် ဒေါသ မကပ်သာစေဖို့၊

အဲသည် (၉) ပါးသော သိက္ခာများ..ကို...

၁။ စိတ်နှင့်လည်း ကြံ၊ တွေး၊ မျှော်ဆ မတမ်းတရဘူး တပည့်တို့။

၂။ နှုတ်နှင့်လည်း ရသေ့စိတ်ပြေ၊ ချင့်ရဲကျေလေး ဆိုပြီး မပြောရဘူး တပည့်တို့။

၃။ ကိုယ်နှင့်လည်း ယုတ်စွအဆုံး ခြေဟန်လက်ဟန်တောင် မသုံးရဘူး တပည့်တို့။

"ကဲ...ဘယ့်နှယ်လဲ တပည့်တို့၊ သည် နောက်ဆုံးစည်းကမ်း လိုက်နာနိုင်ကြပါ့မလား"

"ဟာ...ဆရာကြီး၊ တပည့်တို့ လိုချင်နေကြတဲ့ ပထမကျင့်စဉ်ဟာ သည်နောက်ဆုံး စည်းကမ်းပါပဲ၊ သည်စည်းကမ်းမျိုးနှင့် ကျင့်ရမယ့် ကျင့်စဉ်ဆို ဘာမဆို ကျင့်ရဲပါပြီ ဆရာကြီး"

"အေး...ကောင်းပါ့၊ သည်နောက်ဆုံး စည်းကမ်းက စိတ်သန့်စင်ရေးရဲ့ သော့ချက်ပဲ၊ စိတ်သန့်စင်ရင် ကျင့်ဖို့၊ တည်ဖို့၊ သိဖို့ သုံးဆင့်က တံခါးပွင့်ပြီးသားပဲ"

"ကောင်းပါပြီ ဆရာကြီး၊ ကျင့်စဉ်ကိုသာ ချီးမြှင့်ပါ"

(က) အင်း...ကျင့်စဉ်က ဆရာတို့က ပြောပြရုံ၊ တပည့်တို့ဘာသာ ရွေးရမှာ၊

(ခ) ကျင့်နည်းကိုသာ ဆရာတို့က ရှေ့က ညွှန်ပြပေးရတာ၊

- ကျင့်စဉ်နှင့် ကျင့်နည်းမတူဘူးလား ဆရာကြီး။
- မတူကြဘူး၊ ကျင့်စဉ်က လမ်းသွားကိရိယာ၊ ကျင့်နည်းက လမ်းသွား၊ သည်လို ကွာခြားကြတယ်၊ ကားနှင့် ကားမောင်းသမားလို ဆိုပါတော့။
- ကျင့်နည်းကို ဆက်လက် အမိန့်ရှိပေးပါ ဆရာကြီး။
- ကျင့်နည်းမှာ အဆင့် ငါးဆင့်ရှိတယ်။ ဘာတွေလဲ ဆိုတော့
  (၁) ဝိတက် – အာရုံအများကြီးထဲက ကိလေသာ မကပ်တတ်ရာ အာရုံ တစ်ခုကို ပေါ်အောင် ဖော်ပေးခြင်း၊

(၂) ဝိစာရ – ပေါ်နေတဲ့ အာရုံ ပျောက်မသွားအောင် မျက်ခြည်မပြတ် သုံးသပ်လျက်က ထိန်းပေးထားရခြင်း၊
(၃) ပီတိ – မိမိကျင့်နေတဲ့အကျင့်အပေါ် နှစ်သက်အားရသဘောကျလာစေရခြင်း၊
(၄) သုခ – မိမိ၏ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းစွာ ခံစားနေစေရခြင်း၊
(၅) ဧကဂ္ဂတာ – မိမိလက်ခံကျင့်သုံးနေတဲ့ တစ်ခုတည်းသောအာရုံပေါ်မှာ မိမိစိတ် တည်စေရခြင်း၊
ဒီငါးမျိုးတို့ဟာ အချိတ်အဆက် မိစေတဲ့ စိတ်သန့်စင်ရေးကိရိယာတွေပါပဲ။

"စိတ်ဝင်စားလိုက်ပါပြီ ဆရာကြီး၊ ဆက်လက်အမိန့်ရှိပါ"

"အေး…အဲသည် ငါးမျိုးတို့ကို ကျင့်နည်းရဲ့ စည်းကမ်းအဖြစ် ထားလိုက်တယ် ဆိုရင်

၁။ မိမိစိတ်ကို အာရုံမှန်တစ်ခုခုအပေါ် ကြံ့စည်အားကောင်းအောင် ကြိုးစားနိုင်ရမယ်။
၂။ စိတ်ကလေး အာရုံပေါ် ဝင်ဆံ့သည်ထက် ဝင်ဆံ့သာအောင် ကပ်ဖိ၊ သုံးသပ်အား အထူးသုံးပေးနိုင်ရမယ်။
၃။ မိမိကျင့်သုံးနေတဲ့ ကျင့်စဉ်အပေါ် နှစ်သက်အားရသဘောကျလာသည်အထိ ကြိုးစားနိုင်ရမယ်။
၄။ သဘောကျလာခဲ့ရင် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးသွားသည်အထိ ဆက်လက်ကြိုးစားနိုင်ရမယ်။
၅။ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးသွားခဲ့ရင် ထားတဲ့နေရာမှာသာ စိတ်ကလေးဝင်စားနေအောင် ကြိုးစားနိုင်ရမယ်။

သည်လို အဓိပ္ပာယ်ဖွင့်ဆိုရပြန်တယ်။

သည်ငါးမျိုးကပဲ…

(က) မိမိ စိတ် ကြမ်းတမ်းနေလို့ ကြံစည်သုံးသပ်မှု ဝိတက်အား၊ ဝိစာရ အား နှစ်ခုတို့နှင့် ဖိကပ်ပေးပြီး လေ့ကျင့်ပေးနေရတုန်းဆို ပထမဆင့် မှတ်ရမယ်။

(ခ) အေး...ကြံစည်မပေး၊ သုံးသပ်မပေးလည်း မိမိစိတ်ထားတဲ့ နေရာ မှ တစ်ပါး ဘယ်မှ မသွားတော့ဘဲနဲ့ အလိုလို အကြံပေး၊ သုံးသပ်ပေးလာပြီ ဆိုရင် တော့ ဒုတိယဆင့်လို့ မှတ်လိုက်။

(ဂ) ပီတိ အား ကြောင့် ကြက် သီး ထ မှု၊ အ အေး ဓာတ် များ အ ထက် မှ အောက်၊ အောက်မှအထက် ကူးလူးဆက်ဆံမှု စတဲ့ ကစားမှုများ ငြိမ်သက်သွား ပြီး ကိုယ်ရောစိတ်ပါ အေးငြိမ်းလာပြီဆိုရင်တော့ တတိယဆင့်ပဲ။

(ဃ) အဲ...ကြံစည်သုံးသပ်မှု၊ နှစ်သက်အားရ သဘောကျမှု၊ ငြိမ်းအေးမှု တွေ သူတို့အလုပ် သူတို့ ဘယ်လောက်တာဝန်ကျေအောင် လုပ်နေနေ ငုံ့၍ မကြည့်၊ လှည့်၍ မရှု၊ ဥပေက္ခာပြုပြီး တစ်ခုဆို တစ်ခု တည်နေပြီ ဆိုရင်တော့ တပည့်တို့ လက်ခမောင်းသာ ထခတ်လိုက်တော့၊ အဲဒါ တို့စခန်းကျင့်နည်းရဲ့ နောက်ဆုံးစတုတ္ထ အဆင့်ပဲ။

"သဘောပေါက်ပါပြီ ဆရာကြီး၊ တပည့်တို့ မှတ်သားလိုက်နာပါ့မယ်၊ ညီ လေးရေ...ဆရာကြီး မိန့်သမျှအားလုံး မှတ်တမ်းရေးခဲ့ပါကွယ်၊ ကြားလား"

"ဟုတ်ကဲ့၊ အားလုံး ရေးထားပါတယ်"

"ဆရာကြီး...အဲ့သည်မှာ မရှင်းတာလေး မေးခွင့်ပြုပါ"

"ဘာများတုံး မောင်ဉာဏရဲ့"

"ဝိတက် – ကြံစည်တယ်ဆိုတာ စိတ်ကူးယဥ်တာမျိုး ဆိုလိုပါသလား"

"တခြားစီကွဲ့၊ စိတ်ကူးယဥ်တယ် ဆိုတာက...

(က) တောင်စင် ရေမတင်ပမာ စိတ်တွေ ဟိုသည်လျှောက်ကူးနေရင် ဥဒ္ဓစ္စ မောဟ အ,ကုသိုလ်။

(ခ) စိတ်တွေ ကြိုက်ရာ၊ မုန်းရာ၊ မသိရာ တစ်ခုခုထဲ ကပ်ထွေးနေလျှင် တော့ ဝိစိကိစ္ဆာ မောဟ အ,ကုသိုလ်။

အဲ့သည်နှစ်ခုစလုံး အမှန်လမ်း ဖုံးပိတ်တတ်တာချည်းပါပဲ။

သည်မှာ သုံးတဲ့ ဝိတက်ဆိုတာကတော့...

(က) ကြည့်တယ်၊ ရှုတယ်၊ သုံးသပ်ဆင်ခြင်တယ် ဆိုတဲ့စကား။

(ခ) ကြံစည်တယ်၊ အောက်မေ့တယ်၊ အမှတ်ရနေတယ်ဆိုတဲ့ စကား။

အဲ့သည်နှစ်ပါးစလုံး အဓိပ္ပာယ်သွား အတူတူပဲ။ သတိဆိုတဲ့စကားကို ဆင့်ပွား ကူးယူထားတဲ့ မြန်မာမှု စကားလုံးချည်းပဲ။

သည် သတိကိုပဲ လောက,က ထွက်မြောက်ဖို့ ကြိုးစားရမယ့် ကျင့်စဉ်မျိုး ကျတော့ သတိလို့ သုံးပြီး၊ အဲ့သည်လို ဈာန်ကိစ္စမျိုးကျတော့ ဝိတက်လို့ သုံးတယ်။

လိုရင်းကတော့ တပည့်…

(က) ကြံစည်စိတ်ကူး မကင်းနိုင်သေးတဲ့ အခြေပြု ဈာန်အရာမှာ အကြံ အကြံချင်း လဲလှယ်ကွဲ့ ဆိုတဲ့ သဘောမျိုးနဲ့ သတိကို ဝိတက်လို့ အမည်ပေးထားတယ်။ ကြံစည်တွေးတောတာက သညာသိ နောက်လိုက်နေတာ၊ ဝိတက်က အမှန်သိမှု သတိ နောက် လိုက်နေတာ။

(ခ) ဉာဏ်အရာကျတော့ ဈာန်ရှိန်ရဲ့ ဟန့်တားမှုကြောင့် သညာ အမှတ် က အစွဲသိရှိရာ လိုက်မကြံစည်တော့ဘူး။ သည်အခါကျတော့ သတိတစ်လုံးနှင့် လုံလောက်ပြီကွဲ့ ဆိုတဲ့ သဘောမျိုးနဲ့ သတိကိုပဲ သတိအတိုင်း အမည်တပ်ထားတာ ပါပဲ။

"ရှင်းပါပြီ ဆရာကြီး"

"အေး…နောက်တစ်ခုက အဲဒီ ဝိတက်မှာ အကောင်းသုံးမျိုး၊ အဆိုးလည်း သုံးမျိုး ရှိနေကြပြန်တယ်။ အဲဒါတွေကတော့…

(က) အကောင်းမှာ…

(၁) နေက္ခမ္မဝိတက် – ကိလေသာ ကာမဂုဏ် ညစ်ပတ်မှုထဲက စိတ်ကလေး လွတ်ဖို့ အကြံရယ်၊

(၂) အဗျာပါဒ ဝိတက် – မိမိအပေါ်၊ ကျင့်ဆဲအပေါ် (သို့မဟုတ်) သူတစ်ပါးအပေါ် မကျေချမ်းမှုမှ စိတ်ကလေးလွတ်ဖို့အကြံ။

(၃) အဝိဟိံသ ဝိတက် – မိမိအပေါ်၊ သူတစ်ပါးအပေါ် ညှဉ်းဆဲလိုမှုမှ စိတ်ကလေး လွတ်ဖို့အကြံ။

သည်လိုသုံးမျိုး၊ ဒါကလည်း တစ်ဖက်နှင့် ပြောင်းပြန်မှန်း သိရအောင်လို့ သုံးမျိုး ခွဲထားတာ၊(သို့မဟုတ်)ပြင်ပရှိ အတွေး အတွေးချင်း၊ သူ့အတွေး ကိုယ့်အတွေး ဘက်ကွဲအောင် ခွဲထားတာ။ ကျင့်ဆဲမှာတော့ အာရုံမှန်တစ်ခု ကပ်ရှုပေးရုံလေးပါပဲ။

(ခ) အဆိုး ဝိတက်ဆိုတာကကော ဆရာကြီး။

ဒါ တပည့်တို့ ရွာနေ၊ ပြေထိုင်၊ ကာမ ရှာဖွေစုဆောင်းရေးသမားတွေ သုံးနေကျ ဖြစ်တဲ့...

(၁) ကာမဝိတက် – ကိုယ်လိုချင်တာတွေ လျှောက်ပြီး ကြံစည်စိတ်ကူးနေတာမျိုး။

(၂) ဗျာပါဒ ဝိတက် – အလိုမပြည့်ဝ အားမရလို့ ကိုယ့်အပေါ်၊သူ့အပေါ် မကျေတွေး တွေးတာမျိုး။

(၃) ဝိဟိံသ ဝိတက် – မကျေသည့်အလျောက် နောက်တစ်ကျော့ ထိုးဖောက်ဖို့ တွေးတဲ့အတွေးမျိုး။

သည်သုံးမျိုးက ကိုယ့်ဖို့လောက်သာ ကြည့်ပြီး ကြံစည်စဉ်းစား စိတ်ကစားတဲ့ အမူအကျင့်မျိုးမို့ မိစ္ဆာဝိတက်လို့ ဆိုရတယ်။

– သည်လိုဆို သည်အဆိုးတွေ မဝင်သာအောင်...

ဟိုအကောင်းတွေများနဲ့ အစားထိုးပေးထားတယ်လို့ ယူဆလျှင်ကော ရနိုင်ပါသလား။

– အေး...ရနိုင်တယ်၊ ရနိုင်လို့လည်း ဈာန်ဝင်စားတယ်လို့ ဆိုထားတာပေါ့။

– ဈာန်ဝင်စားတယ် ဆိုတာက ဘာကို ဆိုလိုပါသလဲ ဆရာကြီး။

(က) ဈာန် ဆိုတာ...ဝိတက်ဆိုးများကို ရှို့မြှိုက် ဖျက်ဆီးပစ်နေတဲ့ ကြိုးစားမှု၊

(ခ) ဈာန်ဝင်စားတယ် ဆိုတာ...ဆိုခဲ့တဲ့ ကျင့်နည်း ငါးဆင့်တို့နဲ့ စိတ်ကလေးကို အာရုံမှန်တစ်ခုထဲ သွင်းပေးထားပြီး ကျင့်နေတဲ့ ရှို့မြှိုက်ဖျက်ဆီးနေပုံကို ဆိုတာ။

- တို့အညာတလွှား အတွေ့အကြုံများနဲ့ ဥပမာ လက်ဆောင်ပါးရလျှင် တို့အညာ ဆောင်းတွင်းကာလကျတော့ ကျောင်းတွင်းရှိ မန်ကျည်းပင်ကြီးတွေဟာ ဆောင်းလေကလေးကလည်း ဒယ်၊ ရွက်ဟောင်းများကလည်း ဆွေ့ဆွေ့ဆိုတော့ ပြောပါနဲ့တော့။

- လေတစ်ခါဝှေ့၊ မန်ကျည်းရွက်တွေ ဖွာလန်ကျဲ ဖွားခနဲ ကျ,ကျလာ တယ်။

- လေတစ်ခါအတိုက်... မန်ကျည်းပင်တိုက် အားလုံးက ဖြုန်းခနဲ ရွက် ဟောင်း အားလုံးတို့ကို ခဝါချ လွှတ်ပေးလိုက်ကြတယ်။

- အင်း...ကျောင်းနေသံဃာနှင့် ကျောင်းသားများမှာတော့...

- နံနက်လင်းတိုင်း တံမြက်တိုင်၊ တောင်းပွေ့နဲ့ လေဝှေ့၊ မန်ကျည်းရွက် ခြောက်များကို ရှင်းဖို့ကြိုးစားလိုက်ကြတာ။

- ရွက်ခြောက် ကြွေလိုက်တိုင်း တံမြက်လိုက်လှည်းတိုက်ပုံရတယ်။

- လှည်းတိုက်ပုံမို့၊ ကုန်မချို့၊ မီးရှို့ပစ်ရတယ်။ သည်လိုနဲ့ ရွက်ခြောက် က ကြွေလိုက်၊ တံမြက်က လှည်းလိုက်၊ မီးနဲ့ တိုက်လိုက်၊ မီးတိုက်လို့မှ မပြီးသေး၊ ရွက်ခြောက်တွေ ဖွားခနဲ ဖွားခနဲ နောက်ထပ်ပြန်ကျလာကြပြန်တယ်။ တံမြက်က ရှေ့က လှည်း၊ ရွက်ခြောက်တွေက နောက်က ကျနဲ့လည်း တံမြက်နဲ့ ရွက်ခြောက် လိုက်တမ်းပြေးတမ်း, ပြေးတမ်း လိုက်တမ်း ကစားနေကြသလိုလည်း ဖြစ်နေကြ တယ်။

- အဲဒါ ဆောင်းမကုန်မချင်း ရှင်းရတဲ့ အလုပ်တစ်ခုပါပဲ။

- အဲဒါ မန်ကျည်းရွက်ဟောင်း မကုန်မချင်း ရှင်းရမယ့် အလုပ်တစ်ခုပါ ပဲ။ သည်မှာလည်း သည်ဥပမာအတိုင်းပါပဲ။

၁။ မိစ္ဆာဝိတက် လေ ဝှေ့တိုင်း ကိလေသာတွေ တဖွားဖွား ထ,လာကြ မယ်။ သည်တော့ ဈာန်ငါးဆင့်နဲ့ ရှို့မြိုက်ဖျက်ဆီးပေး။

၂။ တစ်ခါ...ဈာန်စိုက် ဆုံးတာနဲ့ မိစ္ဆာဝိတက်တွေ ဒလဟော ဝင်ချလာ လိမ့်ဦးမယ်။ သည်တော့လည်း နောက်တစ်ချီ ဈာန်စိတ် ငါးမျိုးနဲ့ ကြိုးစားဖျက်ချ လိုက်။ သည်လိုနဲ့ မိစ္ဆာဝိတက်များ မငြိမ်းမချင်း အစားသွင်းပေးနေကြရမှာပါပဲ။

- ကျင့်နည်းလမ်းသွားပုံကိုတော့ သိရပါပြီ ဆရာကြီး။ ကျင့်စဉ်လမ်းထားများကိုသာ ဆက်လက် အမိန့်ရှိပါတော့။

- အကျင့်လမ်းကျတော့ ဆယ်မျိုး ရှိနေတယ်။ အဲဒါများကတော့

၁။ ပထဝီကသိုဏ်း – မြေကို အာရုံခံထားလျက်က ဝင်စားအပ်သော ဈာန်တစ်မျိုး။

၂။ အာပေါ ကသိုဏ်း – ရေကိုလျှင် အာရုံခံထားလျက်က ဝင်စားအပ်သော ဈာန်တစ်မျိုး။

၃။ တေဇော ကသိုဏ်း – မီးကိုလျှင် အာရုံခံ ထားလျက်က ဝင်စားအပ်သော ဈာန်တစ်မျိုး။

၄။ ဝါယော ကသိုဏ်း – လေကိုလျှင် အာရုံခံထားလျက်က ဝင်စားအပ်သော ဈာန်တစ်မျိုး။

၅။ နီလကသိုဏ်း – ညိုမှောင်သော အရောင်ကိုလျှင် အာရုံခံထား ဝင်စားအပ်သော ဈာန်တစ်မျိုး။

၆။ ပီတ ကသိုဏ်း – ဝါဝင်းသော အရောင်ကိုလျှင် အာရုံခံထား ဝင်စားအပ်သော ဈာန်တစ်မျိုး။

၇။ လောဟိတ ကသိုဏ်း – နီသော အရောင်ကိုလျှင် အာရုံခံထား ဝင်စားအပ်သော ဈာန်တစ်မျိုး။

၈။ ဩဒါတ ကသိုဏ်း – ဖြူသောအရောင်ကိုလျှင် အာရုံခံထား ဝင်စားအပ်သော ဈာန်တစ်မျိုး။

၉။ အာလောက ကသိုဏ်း – အလင်းရောင်ကိုလျှင် အာရုံခံထား ဝင်စားအပ်သော ဈာန်စိတ်တစ်မျိုး။

၁၀။ အာကာသ ကသိုဏ်း – ဟင်းလင်းပြင်ကိုလျှင် အာရုံခံထား ဝင်စားအပ်သော ဈာန်စိတ်တစ်မျိုး။

သည်ဆယ်မျိုးတို့က'ဈာန်စိတ်ငါးမျိုးထားပြီး ကျင့်ရမယ့် ကျင့်စရာ ဆယ်မျိုးလို့ ဆိုရတယ်။ သည်ဆယ်မျိုးထဲ တပည့်တို့ရဲ့စိတ်ကို သွင်းမြှုပ်ပေးထားလိုက်လျှင်...

– စိတ်ကလေး ကျက်စားလေ့ရှိတဲ့ **ကာမ အာရုံဆိုး ခြောက်မျိုးတို့လည်း** မတိုးသာဘူး။

– စိတ်ကလေးသို့ လာကပ်ပြီး ဖြားယောင်းနှိပ်စက်လေ့ရှိတဲ့ **ကိလေသာ** ဆိုးများလည်း မတိုးသာဘူး။

သို့ကြောင့် သည်ဆယ်မျိုးတို့အပေါ် အာရုံပြုက အာရုံမှန်လို့လည်း **ဆိုရ** ပြန်တယ်။

– ဆရာကြီး...ကသိုဏ်းဆိုတာ ဘာကို ဆိုလိုတာလဲ။

– ကသိုဏ်း ဆိုတာ အားလုံးလို့ အဓိပ္ပာယ်ရတယ်။ အများသုံးကတော့ နယ်အဖြစ် သတ်မှတ်ပေးထားတဲ့ အဝန်းအဝိုင်းပေါ့။ နယ်ဆိုတာ စိတ်ကလေးကို အကျယ်ချုပ်ထားတဲ့ နေအိမ်လေးပဲ ဆိုပါတော့။

အဲသည်မှာ အားလုံး ဆိုတာက...

– စိတ်ရဲ့ကျက်စားရမယ့် နယ်ပယ်အဝန်းအဝိုင်းထဲရှိ အရာဝတ္ထုအားလုံးကို **ဘာမဆို အကုန်သိနေအောင်** စိုက်အားသုံး ရှုနေရမယ်လို့ ဆိုတယ်။

– **မှတ်သားပြီးပါပြီ** ဆရာကြီး၊ ဆယ်မျိုးကိုပဲ ဆက်အမိန့်ရှိပါတော့။

**၁။ ပထဝီဆိုတာ**–မြေဓာတ်အားလုံးကို ယူရတယ်၊ မြေကြီးကိုပဲ ဖြစ်ဖြစ်၊ **မြေသုတ်ထားတဲ့ ပိတ်စကိုပဲ** ဖြစ်ဖြစ်၊ မိမိစိတ် ကျဉ်းလည်း မကျဉ်းကျပ်စေရ၊ ထွက်လည်း မထွက်**သာစေရရဲ့ အဝန်းအဝိုင်းဆို**ပါစို့။

(က) **'တကယ့်မြေသားကို** ကသိုဏ်းအဖြစ် ရှုတော့မယ်ဆို မြေကို စည်းဝိုင်းလို့။

(ခ) ပိတ်စကို မြေနီသုတ်ပြီး ရှုတော့မယ်ဆို ပတ်ပတ်လည် ပေါင်ကွပ်ပေးလို့။

အဆင့်ဆင့်ထား၊ မိမိက မြေနှင့်လွတ်အောင် ပျဉ်ချပ်ပေါ်မှာ ထိုင်၊ မိမိရှေ့၊ ထင်ထင်မြင်သာမယ့် နေရာ ကသိုဏ်းကွက်ထား၊ ပြီးပြီလား၊ ပြီးလျှင် မှုရင်း ကမ္ဘာဦးတည်စက သုံးတဲ့ မာဂဓ ဘာသာစကားဖြစ်တဲ့ ပါဠိအတိုင်း

၁။ ပထဝီ...ပထဝီ...ပထဝီ...နဲ့ စိတ်ပွားမပြတ် ဝိတက်ရှာန်က ကပ်ပေးထား။

၂။ ပထဝီဆိုတာ ဘာလဲ၊ ဘယ်လိုဟာလဲ မေးတဲ့သဘောလား၊ အောက်မေ့စိတ်ကလေးနဲ့ အသိကပ်ပေးထား။

၃။ မျက်လုံးအစုံတို့က စိတ်ကလေး စွဲသည်ထက် စွဲ၊ မြဲသည်ထက် မြဲသွားအောင် စူးစိုက်ကြည့်ပေးထား၊ သည်သုံးချက်နဲ့ညီအောင် စိုက်ရှုပေးကြရတယ်၊ စိုက်အားသုံးနိုင်လေ အမြန်ပိုင်လေပဲ။

(က) မျက်စိမှာပင်မက စိတ်မျက်စိထဲပါ စွဲလာပြီဆိုလျှင်...
စိတ်ပွားမပြတ်ဘဲနဲ့ ထလာခဲ့ပြီး မိမိကျောင်းသခ်မ်းကနေ အမြဲပွားနေ။

(ခ) အဲ...မိစ္ဆာဝိတက် တစ်ချက် ဝင်နှောင့်လိုက်လို့ ပျောက်သွားခဲ့လျှင်
တစ်ဖန် ကသိုဏ်းကွက် ရှိရာ သွားရှု၊ သည်တစ်ခါတော့ မပျောက်ရှအောင် အထူးဂရုစိုက်။

– သည်လိုနဲ့ မိစ္ဆာဝိတက် စိတ်ထဲက မထွက်မချင်း၊

– ပြင်ပ ဝတ္ထုအာရုံများအပေါ် စိတ်ဝင်စားမှု ၄ ရပ်နားမချင်း ပျောက်သွားလိုက်၊ သွားရှုလိုက်၊ ပေါ်လာလိုက်၊ ဆက်ရှုလိုက် မပြဝ်လုပ်နေရမှာပဲ။ အတွေးအာရုံ၊ အတွေ့အာရုံ ဘာက လာတိုက်တိုက် မပျောက်တော့ဘူး ဆိုရင်တော့၊ တပည့်တို့...ကိုယ့်စိတ်ကလေး ကိုယ်ပိုင်ပြီ ဆိုရမယ်။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်တို့ တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်လာလို့ တစ်ယောက်တည်း တည့်အောင်ပေါင်းတတ်လာပြီ ဆိုရမယ်။

– ကျေးဇူးများလိုက်တာ ဆရာကြီး။

– တပည့်တို့ ကိုယ့်ကိုယ်ကိုပင် တည့်အောင် မပေါင်းတတ်သေးဘူး ဆိုတာ အခုမှပဲ သဘောပေါက်တော့တယ်။

၂။ အဲ...အာပေါကသိုဏ်း ဆိုတာ ရေနဲ့ပတ်သက်တာ အားလုံးပါပဲ။

(က) စိတ်မနိုင်ခင် မျက်နှာဝ သင့်ရုံ ဇလုံထဲ ပန်းကန်ထဲ ရေထည့်ပြီး ရှုရတယ်။

(ခ) စိတ်နိုင်လျှင်တော့ ရေရှိတဲ့ ကမ်းစပ်များသွားပြီး ရှုနိုင်ကြတယ်။

ရှုပုံကြတော့ အထက်ကအတိုင်း ဝိတက်၊ ဝိစာရ ဈာန်စိတ်နှစ်ပါးနဲ့ အားစိုက်ပြီး ရှု၊ သူတို့နှစ်ပါးက လင်က တွင်တွင် ပစ္စည်းရှာပေး၊ မယားကလည်း တွင်တွင် လင်ရှာ ပေးသမျှပစ္စည်း စုပေးတဲ့သဘောမျိုး။ သူတို့နှစ်ခု အပေးအယူ မျှတပြီး တက်ညီ လက်ညီစေရတယ်၊ သူတို့နှစ်ပါးရဲ့ အလုပ်က အဟုတ် ပီပြင်လာရင် ကျန် ပီတိ စတဲ့ ဈာန်စိတ်သုံးပါးတို့က သူတို့ကို တမင်ကျင့်ပေးနေစရာမလို အလိုလို ပြချက်ပေါ် လာတာချည်းပါပဲ၊ လိုရင်းက...

[က] ဝိတက် – ဝိစာရ ဈာန်စိတ်နှစ်ပါးက အကျိုးပြုတရား၊ မိဘ နှစ်ပါး ဆိုရမယ်။

[ခ] ကျန်ဈာန်စိတ် သုံးမျိုးတို့က အကျိုးပေါ်ထွန်းမှု တရား၊ သား သမီးများ ဆိုရမယ်။ သည် အာပေါကသိုဏ်းမှာလည်းမာဂဓ ပါဠိစကားဖြစ်တဲ့ အာပေါ, အာပေါလို့ပဲ ပွားရမယ်၊ ရေ...ရေ လို့ မြန်မာလို ပွားလည်း ကိုယ့်စိတ်တည်မှု အဓိကဖြစ်လို့ ရေ ဆိုတာ ဘာပဲလို့ ကိုယ်သိနေလျှင် ရတာချည်းပါပဲ။ ကျန် ကသိုဏ်းများလည်း သည့်အတူတူပါပဲ။

၃။ တေဇောကသိုဏ်းကတော့ မီးပါပဲ။ မီးမှန်သမျှ အားလုံးရပါတယ်။

(က) စိတ်မနိုင်ခင် မီးပုံ၊ မီးကျီးစတဲ့ မြင်ကွင်းကို တစ်ထွာလောက် အပေါက်ဖောက်ထားတဲ့ မနီးမဝေး အကာအရံတွင်းကနေ ရှုရ တယ်။

(ခ) စိတ်နိုင်ခဲ့လျှင်တော့မီးပုံကြီး၊ တောမီးလောင်သလို ဘယ်လောက် ပဲ ကျယ်ကျယ် ရှုနိုင်ပြီ။

ရှုပုံကတော့ တေဇော, တေဇော(သို့မဟုတ်) မီး...မီးပဲပေါ့။

၄။ ဝါယောကသိုဏ်းကတော့ လေမှန်သမျှ အားလုံးကိုပဲ ရှုကောင်းပါ တယ်။

(က) စိတ်မနိုင်ခင်တော့ သစ်ဖျား၊ ဝါးဖျားထိပ်က လေတိုက်ခိုက်ပုံ လေး စိုက်ရှု။

(ခ) အဲ...စိတ်နိုင်ပြီ ဆိုလျှင်တော့ ကောင်းကင်ပြေး လေထုကိုပင် ဖမ်းရှုလို့ ရပြီ။ သူ့ကို ရှုတော့ ဝါယော, ဝါယော၊ ပါဠိလို နားမလည်ရင် လေ...လေ လို့ ရှုရမယ်။

၅။ နီလ ကသိုဏ်းဆိုတာကတော့ ညိုတဲ့ အဆင်းအရောင်အားလုံးကိုပင် ယူရတယ်။

(က) စိတ်မနိုင်ခင်တော့ တစ်ထွာလောက် သစ်သားဝိုင်းကို အညိုရောင် ဆေးသုတ်ပြီး ရှု။

(ခ) စိတ်နိုင်လာလျှင် ဘာမဆိုတွေ့သမျှ အညိုရောင် စိုက်ရှုလို့ ရသွားပြီ။ ရှုပုံလည်း နီလ ကသိုဏ်းမို့ နီလ ပေါ့၊ ပါဠိ မသိလျှင် အညို...အညိုပေါ့၊ နောက်ကသိုဏ်းများကျတော့လည်း ရှုပုံတိုင်း သူ့ကသိုဏ်းအမည်လိုက်ပြီး ရှုပေးရုံပါပဲ။

၆။ ပီတ ကသိုဏ်းဆိုတာကတော့ ဝင်းဝါတဲ့ အရောင်အားလုံးကိုပင် ယူရတယ်။ သူ့ကိုလည်း...

(က) စိတ်မနိုင်ခင် တစ်ထွာလောက် သစ်သားဝိုင်းပေါ် ဆေးဝါ သုတ်လိမ်းပြီးရှု။

(ခ) စိတ်နိုင်လာလျှင် ဝါဝါ အဆင်းတွေ့, ဘာမဆို စိုက်ရှုလို့ ရသွားပြီ။

၇။ လောဟိတ ကသိုဏ်းဆိုတာကတော့ နီရဲတဲ့ အရောင်အားလုံးကိုပင် ယူရတယ်။ သူ့ကိုလည်း...

(က) စိတ်မနိုင်ခင် တစ်ထွာလောက် သစ်သားဝိုင်းပေါ် အနီ ဆေး သုတ်လိမ်းပြီး ရှု။

(ခ) စိတ်နိုင်လျှင်တော့ နီနီရဲရဲတွေ့သမျှ ဘာမဆိုစိုက်ရှုလို့ရပါတယ်။

၈။ ဩဒါတ ကသိုဏ်းဆိုတာလည်း ဖြူဖြူအဆင်းအရောင်အားလုံးကိုပင် ယူရတယ်။ သူ့ကိုလည်း...

(က) စိတ်မနိုင်သေးလျှင် တစ်ထွာလောက် သစ်သားဝိုင်း ဆေးဖြူ သုတ်ပြီး ရှုပေး။

(ခ) စိတ်နိုင်လျှင်တော့ ဖြူဖြူတွေ့ ဗျိုင်းဖြူ၊ ကြက်ဖြူကစ အားလုံး ရှုနိုင်ပြီ။

၉။ အာလောက ကသိုဏ်း – အလင်းရောင်ဟူက အားလုံးကိုပင် ကသိုဏ်း ရှုလို့ ရပါတယ်။

(က) စိတ်မနိုင်သေးခင် မိမိအခန်းတွင်း ပြင်ပမှ နေရောင်၊ မီးရောင် စတဲ့ အလင်းကွက် ထင်လာအောင် အခန်းကို နေ၊ မီး လာရာ ဘက်ကနေ တစ်ထွာလောက် အပေါက်ငယ် ဖောက်ပြီး ကြမ်း ပြင်ပေါ် ကျလာတဲ့ အရောင်ကို စိုက်ရှု။

(ခ) စိတ်နိုင်လျှင်တော့ နေလုံး၊ လလုံးကြီးများကိုလည်း စူးစိုက် ရှု လို့ ရတယ်။ တောမီး၊ မြို့မီးများရဲ့ အလင်းရောင်ကိုလည်း ဖမ်း ရှုလို့ရတယ်။

၁၀။ နောက်ဆုံး အာကာသ ကသိုဏ်းကတော့ ကောင်းကင်ပြင် မှန်သမျှ အားလုံးပဲ ရပါတယ်။ အဲ...သူ့မှာလည်းပဲ ရှေးရှေး နောင်တော်ကသိုဏ်းများနည်းတူ

(က) စိတ်မနိုင်သေးခင် မိမိအခန်းကနေ အပြင်ရှုသာအောင် တစ်ထွာ လောက် အပေါက်ကလေး ဖောက်၊ အဲသည်အပေါက်ကနေ မြင် နေတဲ့ ကောင်းကင်ဟင်းလင်းကိုပဲ ရှု။

(ခ) စိတ်နိုင်လျှင်တော့ဖြင့် ကောင်းကင်ပြင် တစ်ခုလုံးကိုပဲ ဖြစ်ဖြစ်၊ အရပ်ရှစ်မျက်နှာ တွေ့ရာဟင်းလင်းပြင်ကိုပဲ ဖြစ်ဖြစ် စိုက်ရှုလို့ ရပါတယ်။

– သည်ကသိုဏ်းတွေမှာ စိတ်နိုင်၊ မနိုင်ရယ်လို့ အားလုံးပဲ ပါနေတယ်၊ အဲသည် အားလုံးမှာပဲ...

(က) ပါရမီအထုံပါလို့ စကတည်းက စိတ်နိုင်သူတွေလည်း ရှိကြတယ်။

(ခ) ယခုမှ စ,ကျင့်နေရလို့ တဖြည်းဖြည်း စိတ်နိုင်သူတွေလည်း ရှိကြ တယ်။

သို့ကြောင့် စိတ်နိုင်ပုံ နှစ်မျိုးရယ်လို့ မှတ်ထားရမယ်။

ဆိုပါစို့၊ အချို့က ရှေးရှေးဘဝတွေတုန်းက မြေကသိုဏ်းနဲ့ ပါရမီ ဖြည့်

ဖူးခဲ့တယ်။ သည်ယောဂီ အခု ပထဝီကသိုဏ်းရှုလိုက်လျှင် သူ့အဆက် သူပြန်တွေ့သွားလို့ ခဏချင်းနဲ့ စိတ်တည်တယ်။ ကျန်များလည်း သည်အတိုင်းပါပဲ။

– ကျေးဇူးကြီးပါဘိ ဆရာကြီး။

– ယခုလို တပည့်တို့ကို မနားတမ်း စိတ်ရှည်လက်ရှည် ရှင်းပြနေတာ တပည့်တို့ဖြင့် အားဘောင်နာလာမိပါတယ်။

– ဒါက သည်လိုရှိတယ်။

– စားချင်သူ ကျွေးရတာ ဘယ်လောက်ကုန်ကုန် မနှမြောဘူး။

အဲ...မစားချင့်စားချင့်သူများ ဆိုရင်တော့ တစ်ဆုပ်တစ်ခဲလောက်လို့ လာတောင်းတာတောင်လက်တွန့်တယ်ဆိုတဲ့ စကားလိုပေါ့၊ ပညာလိုချင်သူ ပညာဆင့်ပွား၊ ပွားပေးရတာ ပြောနေတယ်လို့လည်း မထင်မိဘူး၊ မောနေတယ်လို့လည်း မထင်မိဘူး တပည့်တို့။

– ဆရာကြီး နည်းပေးတာ အားလုံးမှတ်သားမိပါတယ်။ မသိတာလေးတွေတော့ မေးခွင့်ပြုပါဦး ဆရာကြီး။

– ဘာများ မေးလိုသတုံး မောင်ဉာဏရဲ့။

– သည်လိုပါ ဆရာကြီး၊ ဘယ်တပည့်လာလာ ကသိုဏ်းရှုနည်း တောင်းခံလျှင် တစ်ခုတည်းပဲ နည်းပေးလိုက်ရင် မရနိုင်ဘူးလားလို့။

ထိုအခါ ဆရာကြီးသည် ပြုံးလျက်က ခေါင်းခါပြလျက်က ဖြေကြား၏။

မရနိုင်ဘူး တပည့်တို့၊ ဘာ့ကြောင့်လဲ မေး။

(က) တစ်ဦးနဲ့တစ်ဦး ဇာတ် တည်ဆောက်ထားမှု မတူတာကလည်း အကြောင်း တစ်ခု။

(ခ) တစ်ဦးနဲ့တစ်ဦး ဇာတ်တည့်ရာဖြင့် ပါရမီဖြည့်ခဲ့ကြလို့ အထုံချင်း မတူတာလည်း အကြောင်းတစ်ခု။

(ဂ) နောက် ဈာန်ကနေ အဘိညာဉ် ကူးတော့ သူ့သတ္တိနဲ့သူ အသုံးချရမှာကလည်း အကြောင်းတစ်ခု။

သည်အကြောင်းပြ သုံးခုတို့ကြောင့် တပည့် မောင်ဉာဏ ထင်မြင် ယူဆသလို ဘယ်သူလာလာ ထန်းလျက်ခဲချည်း နှိုက်ကျွေးသလို မရနိုင်ဘူး။

- ဓာတ်ခံအကြောင်း၊ ပါရမီအကြောင်း ဆက်သွယ်ပုံကိုလည်း ရှင်းပြပါဦး ဆရာကြီး။

- အေး...ဒါက ပါးစပ်က ပြော၊ နားက အသံဖမ်း နားထောင်ရုံလောက်နဲ့တော့ လိပ်ပတ်မလည်တတ်ဘူး၊ ကိုယ်တွေ့အားထုတ်ရင်း နားကြားမှ သဘောပေါက်တာမျိုး။

သို့ပေမင့် တပည့်ဘက်က အမေးရှိတော့လည်း ဖြေရတာပ။

လောကမှာ သက်ရှိထဲက လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သက်မဲ့ထဲကလည်း သစ်ပင်ဖြစ်စေ၊ သစ်ပင်ကဖြစ်တဲ့ အပွင့် အသီးဖြစ်စေ၊ ရိုးရိုး ကျောက်တုံး ကျောက်ခဲ၊ ရတနာကျောက်တုံး ကျောက်ခဲဖြစ်စေ၊ မြေမှာလည်း ရိုးရိုး မြေဖြစ်စေ၊ မြေဆီမှ ဖြစ်တဲ့ ရွှေ စသည်ဖြစ်စေ အားလုံး သက်ရှိသက်မဲ့တွေဟာ ဓာတ်လေးပါး ပေါင်းစည်းရာမှ ဖြစ်တာချည်းပဲ။

- သည်ထဲမှာ ရေနေ ငါး၊ ပုစွန် စသည်များနဲ့ ကုန်းပိုင်းနေ ခွေး၊ ဝက်တွေ တူသလား မောင်ဉာဏ။

- မတူပါဘူး ဆရာကြီး။

- ဘာ့ကြောင့်မို့လဲကွဲ့။

- ရေကို မှီပြီး ပေါက်ဖွားကြတာနဲ့၊ ကုန်းမှီ ပေါက်ဖွားကြတာချင်း မတူကြလို့ပါ။

- အေး၊ ဟုတ်တယ်။

တစ်ခု ထပ်မေးဦးမယ်။ ကုန်းနေချည်းပါပဲ၊ မြေလျှောက် ခွေး၊ ဝက် စသည်များနဲ့ကောင်းကင်ပျံ ကြက်၊ ငှက်များကကောကွဲ့။ အတွင်း သဘောချင်း မတူကြပြန်လို့ ကွဲနေကြပြန်ပါတယ် ဆရာကြီး။

- အေး...ဟုတ်ပြီ၊ အရာအားလုံး သည်အတိုင်းချည်းပဲ။

ဓာတ်ဆိုတာ သူ့သတ္တိစွမ်း သူပြပြီး အခြားသတ္တိများနဲ့ မရောနှောတာကို ဆိုတာ။

၁။ မြေဓာတ်က...အပျော့သတ္တိ၊ အမာသတ္တိ နှစ်ပါးအမြဲပြပြီး သူ့ကိစ္စ သူလုပ်တယ်။

၂။ ရေဓာတ်က...ဖွဲ့စည်း၊ ယိုစီး သတ္တိစွမ်းနှစ်ပါးနဲ့ သူ့ကိစ္စသူလုပ်တယ်။
၃။ မီးဓာတ်က... အေးတစ်လှည့်၊ ပူတစ်လှည့် သူ့သတ္တိပြပြီး သူ့ကိစ္စသူ လုပ်တယ်။
၄။ လေဓာတ်က... လှုပ်တစ်မျိုး၊ ကန်တစ်မျိုး သတ္တိပြပြီး သူ့ကိစ္စသူလုပ် တယ်။

သည်လေးပါးလုံး ဘယ်သူ့ဘယ်သူမှ မတူကြဘူး။ အဲ...နိုင်မည့်ထင်လျှင်တော့ နိုင်သည့်ဘက်က သူ့သတ္တိစွမ်း ပြပြီး တစ်ဖက်အသေသတ်တော့တာပါပဲ။ အဲ...သတ္တဝါတိုင်း ဓာတ်လေးပါးနဲ့ တည်ဆောက်ထားတယ်ဆိုတာ သိရပြီးပြီ။

အဲသည်မှာ ဓာတ်ကောင်းချင်းသာ တူတာ၊ ဓာတ်ဆောင်ချင်းကျတော့ မတူကြဘူး။

– အမိန့်ရှိပါ ဆရာကြီး။

– ညည်းကိစ္စ မောင်ဉာဏကိုပဲ မေးရမှာပဲ၊ မောင်ဉာဏ စိတ်ထဲရှိသလို ဖြေနိုင်ပါတယ်။

– မောင်ဉာဏနဲ့ မောင်ရူပတို့ တစ်မိပေါက် ညီအစ်ကို၊ ရုပ်ချင်း တူကြရဲ့လား။

– မတူကြပါ ဆရာကြီး။ တစ်ဦးက ညိုတယ်၊ ဝတယ်၊ တစ်ဦးက ဖြူတယ်၊ ပိန်တယ်... ကွဲနေကြပါတယ်။

– အေး...ဟုတ်ပြီ၊ ရှေ့ဆက်မေးဦးမယ်။

– ရုပ်ချင်း မတူရုံတင်ပဲလား၊ စိတ်ဓာတ်ရေးရာ သဘောထားချင်းကော။

– စိတ်ချင်းလည်းမတူကြပါ ဆရာကြီး၊ တစ်ဦးက အေးတယ်၊ တစ်ဦးက သွက်တယ်...ကွဲနေကြပါတယ်။

– အေး...ဟုတ်ပြီ၊ သက်မဲ့များဘက် ဆက်မေးဦးမယ်။ ထမင်းရယ်၊ ဘူးသီးဟင်းရယ်၊ ငရုတ်သီးကြော်ရယ်၊ ကြက်ဟင်းခါးသီးဟင်းရယ် သည်လေးမျိုးတို့ကော အရသာဓာတ်ချင်း တူကြရဲ့လား။

– မတူကြပါ ဆရာကြီး၊ တစ်ခုက အီဆိမ့်၊ တစ်ခုက ချိုပေါ့၊ တစ်ခုက ပူစပ်၊ တစ်ခုက ခါးခါးရယ်လို့ လေးမျိုးလေးစား ကွဲနေကြပါတယ် ဆရာကြီး။

- အေး၊ အဲသည်လေးမျိုးတွေကို ထမင်းတစ်လုပ်အဖြစ် ပေါင်းစားကြည့်တဲ့အခါ တစ်လုပ်မှာ ငရုတ်သီးကြော်က ကျန်သုံးမျိုးရဲ့ သုံးပုံတစ်ပုံ၊ ကျန်သုံးမျိုးတို့က နှစ်ပုံထားပြီး စားလျှင် အရသာဘယ်လိုနေမလဲ။

- အဲသည် ထမင်းလုပ် အစပ်အပူ ငရုတ်ဘက်မှ လွန်နေပါလိမ့်မယ် ဆရာကြီး။

- နောက်တစ်လုပ် ကြက်ဟင်းခါးသီးဟင်းက သုံးပုံ ပုံ တစ်ပုံ၊ ကျန်သုံးမျိုးစလုံးတို့က နှစ်ပုံနဲ့ စားပြန်လျှင်ကော။

- ခါးတဲ့ဘက်က ပိုနေပါလိမ့်မယ်။

- အေး...အဲဒါ အခါးဦးဆောင်တဲ့ ထမင်းလုပ်လို့ မှတ်ခဲ့။ နောက် တစ်လုပ် ကျတော့ ဘူးသီးဟင်းဘက်က သုံးပုံ ပုံလျှင် တစ်ပုံ၊ ကျန်သုံးမျိုးတို့က နှစ်ပုံနဲ့ ထားစားလျှင်ကော။

- ချိုတဲ့ဘက်က သာနေပါမယ် ဆရာကြီး။

- အေး...အဲဒါ အချိုဦးဆောင်တဲ့ ထမင်းလုပ်ပဲ။ အဲ...နောက်တစ်လုပ်ကျတော့ ထမင်းက များများ၊ ဟင်းသုံးမျိုးတို့က သူ့ရဲ့ လေးပုံ ပုံမှ တစ်ပုံကျလောက်ထားပြီး စားကြည့်ကြမယ်၊ ဘယ်လိုနေမလဲ။

- ဒါကျတော့ အိဆိမ့်ပြီး ထမင်းရဲ့ညှီတဲ့ သတ္တိက ပိုနေပါမယ် ဆရာကြီး။

- အေး၊ သည်ထမင်းလုပ်က အိဆိမ့်အရသာ ဦးဆောင်တဲ့ ထမင်းလုပ်ပဲ။

- သဘောပေါက်ပါပြီ ဆရာကြီး၊ သည်အတိုင်းဆို လူတွေ, တိရစ္ဆာန်တွေမှာလည်း ဓာတ်လေးပါးစုံနဲ့ တည်ဆောက်ထားတာမှန်ပေမယ့် တချို့ မြေဓာတ်က ဦးဆောင်ပြီး ဖွဲ့စည်းထား၊ အချို့ကျတော့ ရေ၊ မီး၊ လေ တို့က သူတို့ သန်ရာနဲ့ ဖွဲ့စည်းထားကြတာဖြစ်လို့ ထမင်းလေးလုပ် အရသာချင်း မတူသလို ဖြစ်နေတာမျိုးလား ဆရာကြီး။

- အေး...မှန်ပါပေတယ် မောင်ဉာဏ။

ဒါကြောင့်မို့ ဓာတ်ဆောင်ဟာ ဓာတ်ဆွဲရာ ပါတတ်မြဲ ဖြစ်လေတော့ အချို့ကျတော့ မြေဓာတ်ခံ, ပထဝီကသိုဏ်း ရှုမှ နိမိတ်ထင်လွယ်မြင်လွယ်ကြတယ်။ အချို့

ကျတော့လည်း ကိုယ့်ဓာတ်က ဆွဲခေါ်သွားတဲ့ သန်ရာသန်ရာ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း များကို ရှုပေးမှ ဈာန်စိတ် အတက်မြန်တာမျိုး။

- အဆင်းကသိုဏ်း လေးမျိုးကျတော့ကော ဆရာကြီး။

(က) အဆင်း၊ အသံ စတဲ့ သက်မဲ့ သက်ရှိတို့ရဲ့ အာရုံလှိုင်းရိပ် မှန်သမျှ အဲသည် သက်မဲ့သက်ရှိဓာတ်တွေကနေ ပြန် စဉ်ထွက်လာတဲ့ အစိုးအငွေ့တန်းများ ဖြစ်ကြလို့ ဓာတ်ကသိုဏ်းများနဲ့ အတူတူပါပဲ။ ကွာခြားတာကတော့..

- ဓာတ်ကသိုဏ်းက အတွေ့အတိုင်း စိုက်ရှု။

- ဓာတ်ကသိုဏ်းအောင်လျှင် အဆင်း ကသိုဏ်း အငွေ့ကို ဆက်စိုက်ရှုလောက်ပဲ။

(ခ) နောက်တစ်ချက်က သဒ္ဓါအားကောင်းသူတွေ အဝါကသိုဏ်းက စရှု။ သီလအား ကောင်းသူတွေက အဖြူ၊ သမာဓိ အား ကောင်းသူတွေက အညို၊ ပညာအမြင်သန်သူတွေက အနီရောင်အဆင်းက စတင် ရှုပြီး ဈာန်စိတ်ကြီးထွား အောင်တက်ဖို့ပဲ။

(ဂ) နောက်တစ်ချက်ကတော့ အထက်က ပြောခဲ့တဲ့အတိုင်း အဘိညာဉ်ကျတော့ သူ့နေရာနဲ့သူ အသုံးချကြရအောင်လို့ပါပဲ။

- နောက်နှစ်မျိုး အာလောက၊ အာကာသ ကသိုဏ်းများကျတော့ကော ဆရာကြီး။

- သည်ကသိုဏ်းနှစ်မျိုးက ဘုရားဟောထဲ မပါဘူးတဲ့ကွဲ့။

ဘုရားဟော သမထကျင့်စဉ်က နည်းမျိုး ၃၈ မျိုးတည်းရယ်၊ သည် အာလောက၊ အာကာသ နှစ်မျိုးက အဋ္ဌကထာဆရာတို့ လက်ထက်ပွားလို့ ဆိုကြတယ်။

ဘာ့ကြောင့်တုံးဆို သူတို့ မပါလည်း ဘယ်နည်းနဲ့ကျင့်ကျင့်၊ မလျှပ်မယှက် မကလက်တော့ဘဲ ဈာန်ရင့်ပိုင်း ရောက်သွားလျှင်ပဲ ဘာကိုရှုရှု ဟင်းလင်းပေါက် ထင်နေပြီး၊ ဟင်းလင်းပြနေလျှင် အရောင်လည်း မြင်နေရမှကိုး။

သည်မှာဘော့ အဘိညာဉ်စခန်း ရောက်တဲ့အခါ ပမာခမြဲထုထဲ သွားလိုလျှင် အာကာသ ကသိုဏ်းနဲ့ ဟင်းလင်းဖြစ်သွားအောင် ရှုပြီးသွားတတ်ဖို့ပါပဲ။ အာ

လောကုတ္တရာ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ အဝေးကွယ်ရာ အငယ်စားလေးများကို လှမ်းကြည့်တဲ့အခါ သုံးတာပါပဲ။

– သဘောလည်း ပေါက်ပါပြီ ဆရာကြီး၊ စုံလည်း အတော်စုံသွားပါပြီ ဆရာကြီး။

– အေး…သည်လောက်ဆို တပည့်တို့ ကျင့်ဝတ်ပြီပေါ့။

– ဈာန်စိတ် ငါးမျိုးတို့နဲ့ ကုသိုလ်အား တစ်မျိုးမျိုး တွဲပြီး ရှုရမှာ၊ သဘော ပေါက်ပါပြီ ဆရာကြီး၊ တပည့်တို့ကို ဘယ်ကသို အားစတင်ရှုရမယ်ဆိုတာသာ ချီး မြှင့်ပေးပါတော့။

– အေး…မောင်ဉာဏက စိတ်အေးသလေ ဆိုတော့ ရေကသိုဏ်းက စ ရှုကွဲ့။

– မောင်ရူပက စိတ်သွက်သမားဆိုတော့ လေကသိုဏ်းက စရှုပေတော့။

– ကောင်းလှပါပြီ ဆရာကြီး။

နောက်တစ်ခု တပည့်တို့ ဘယ်မှာနားရမယ်ဆိုတာကိုလည်း ဆက်အမိန့်ရှိ ပေးပါဦး ဆရာကြီး။

– အေး၊ တပည့်တို့ ကျင့်စကာလ၊ သည်စခန်းရှိ လှုပ်ရာဂူများထဲ အနား ဝင်ယူကြ။

ဈာန်စိတ်မြှင့်လို့ အဆင့်တက်လာမှ ဆရာနဲ့ ခွဲပြီး သီးသန့်နားနေခန်းများ သွားရမှာ။

မောင်ဉာဏတို့သည် ဆရာ့ထံမှ ဂါရဝပြု ထွက်လာခဲ့ကြပြီး ဆရာကြီးနှင့် မနီးမဝေးရှိ ဂူများ၌ သွားရောက်နေ့ရာယူကြ၏။ မိမိတို့ ရှုရမည့် ကသိုဏ်းကွက် များကိုလည်း အသီးသီး သတ်မှတ်စီမံနေကြ၏။ ပြီးလျှင် တစ်ခဏမျှ နားကြ၏။

– ညနေလေးရောက်ရင် ဆရာကြီးပေးတဲ့ ကျင့်နည်းမှတ်စုများကိုလည်း ဖတ်ပြ ပါဦးကွယ်။

– ယခုတော့ အစ်ကိုလေးရဲ့ ကျင့်စဉ်ရဲ့ လိုရင်းလောက်ပဲ ဖတ်ပြပါမယ်။

## ဈာန်ဝင်စားရာ၌ အသုံးပြုရမည့် အချက်အလက်များ

'ဈာန်' ဆိုသည်မှာ ကိလေသာများကို ရှို့မြှိုက်ဖျက်ဆီးပစ်နေခြင်းကို ဆိုချေသည်။

ကိလေသာများကို ရှို့မြှိုက်ခြင်း ဆိုသည်မှာ ကိလေသာတို့ အသုံးမပြုနိုင်သော အာရုံမှန် တစ်ခုတည်းသို့ မိမိစိတ် စိုက်စိုက်စူးစူး အထူးရှုစားနေသည်ကို ဆိုချေသည်။

ထိုသို့ စိုက်စိုက်စူးစူး အထူးရှုစားနေရာ၌

၁။ ဝိတက္က – အာရုံမှန်တစ်ခုကို ပေါ်လွင်သည်ထက် ပေါ်လွင်လာစေရန် အထူးကြံစည်ပေးနေရခြင်း။

၂။ ဝိစာရ – ပေါ်လွင်လာသော ထိုအာရုံမှန်ကို ပျောက်ရှမသွားစေရန် အထူးကပ်၍ မပြတ်သုံးသပ်နေခြင်း။

၃။ ပီတိ – မိမိရှုလက်စ အာရုံမှန်တစ်ခု၌ အားရပျော်ရွှင် နှစ်သက်သည့်အား ရှိသော ကျလာခြင်း။

၄။ သုခ – ထိုနှစ်သက်စိတ်ကြောင့် ကိုယ်၊ စိတ်နှစ်ပါး ငြိမ်းအေးချမ်းသာ လာခြင်း။

၅။ ဧကဂ္ဂတာ – ချမ်းသာမှုကြောင့် ထိုအာရုံမှန်တစ်ခုတည်း စွဲစွဲမြဲမြဲ ဈာန်စိတ် တည်နေတော့ခြင်း။

## အကြံကောင်းနှင့် အကြံဆိုး ဝိတက် သုံးမျိုးသုံးစား

(က) ဈာန်ဝင်စားရာ၌ အထောက်အကူပြု ဝိတက်များမှာ

၁။ နေက္ခမ္မ ဝိတက် – ကာမလောကမှ လွတ်မြောက်လိုရာ၌ အထူး ကြံစည်ခြင်း။

၂။ အဗျာဒ ဝိတက် – မိမိ၊ သူတစ်ပါး နှစ်ဦးသားစလုံး ချမ်းသာ စေလိုရာ၌ အထူးကြံစည်ခြင်း။

၃။ အဝိဟိံသ ဝိတက် – မိမိ၊ သူတစ်ပါး နှစ်ဦးသားစလုံး ဘေးကင်း စေလိုရာ၌ အထူးကြံစည်ခြင်း။

ဤအကြံသုံးမျိုးတို့သည် သမ္မာဝိတက်များ ဖြစ်ကြပါသည်။

(ခ) ကာမဂုဏ် ခံစားရာ၌ အထောက်အကူပြု ဝိတက်များမှာ

၁။ ကာမဝိတက် – မိမိ ကြိုက်နှစ်သက်ရာ သက်ရှိသက်မဲ့တို့ကို သိမ်းပိုက်လိုရာ၌ အထူးကြံစည်ခြင်း။

၂။ ဗျာပါဒ ဝိတက် – မိမိအကြိုက်ကျ မရမချင်း နည်းမျိုးစုံသုံးရန် အထူး ကြံစည်ခြင်း။

၃။ ဝိဟိံသ ဝိတက် – မိမိ အကြိုက်ကျ လက်ထဲ သိမ်းပိုက်မိစဉ် နည်းမျိုးစုံဖြင့် ဖျက်ဆီးရန် အထူး ကြံစည်ခြင်း။

ဤအကြံသုံးမျိုးတို့သည်ကား မိစ္ဆာဝိတက်များ ဖြစ်ကြပါသည်။

– အေးကွယ်...တစ်သက်လုံး လိုက်နာရမယ့် ဆောင်စရာ၊ ရှောင်စရာ အကြံများပဲ၊ ရှေ့ဆက်ဖတ်ပြပါဦး မောင်ရှပရဲ့။

## ဗျာန်စိတ်ငါးမျိုးတို့ နားသက်ရာ ကာသိုဏ်းကွက်များ

(က) ကသိုဏ်းဆိုသည်မှာ အဝန်းအဝိုင်းကို ဆိုချေသည်။
ထိုအဝန်းအဝိုင်းသည် စိတ်ကို သွင်းထား၊ စိတ်ကျက်စားရန် နေရာ ကွက်လပ် ဖြစ်ပါသည်။
ထိုအဝန်းအဝိုင်း ကျဉ်းက စိတ်အတည်မြန်၍ စိတ်ကြီးထွားစေရာ၌ အဟန့်အတား ဖြစ်တတ်ပြီး ကျယ်က စိတ်အတည်နှေး၍ စိတ်ကြီးထွားနှုန်း မြန်ဆန်တတ်သည်ကို သတိပြုရပါမည်။

(ခ) ကသိုဏ်း ဆိုသည်မှာ အလုံးစုံကိုပင် ဆိုချေသည်။ အားလုံး ဆိုသည်မှာကား...
ထိုအဝန်းအဝိုင်းအတွင်းရှိ ရှုစရာ အရာဝတ္ထုမှန်သမျှ တစ်စမကျန် ပတ်မ ဥဿုံအကုန်သိလာစေရန် အထူးစိုက်ရှုရမည်ကို ဖော်ညွှန်းနေခြင်းပင် ဖြစ်ချေသည်။
ဈာန်ဝင်စားနိုင်သော ထိုကသိုဏ်းကွက် အမျိုးအစားများမှာ...

၁။ **ပထဝီကသိုဏ်း** – မြေကို စည်းသား၊ အဝန်းဝိုင်းထား၍ ရှာန်စိတ် ငါးပါးတို့ဖြင့် စိတ်ကို ကစားစေခြင်း။

၂။ **အာပေါကသိုဏ်း** – ရေကို ပိုင်းခြား၊ အဝန်းဝိုင်းထား၍ ရှာန်စိတ် ငါးပါးတို့ဖြင့် စိတ်ကို ကစားစေခြင်း။

၃။ **တေဇောကသိုဏ်း** – မီးကို ပိုင်းခြား၊ အဝန်းဝိုင်းထား၍ ရှာန်စိတ် ငါးပါးတို့ဖြင့် စိတ်ကို ကစားစေခြင်း။

၄။ **ဝါယောကသိုဏ်း** – လေတိုးအရိပ်၊ သစ်ကိုင်းထိပ်သို့ စိတ်လျှင်ပို့ထား၊ ရှာန်စိတ်ငါးပါးတို့ဖြင့် ကစားစေခြင်း။

၅။ **နီလကသိုဏ်း** – ညိုသော အဆင်း/အကွက်ကွင်းသို့ စိတ်သွင်း၍ထား၊ ရှာန်စိတ်ငါးပါးတို့ဖြင့် ကစားစေခြင်း။

၆။ **ပီတကသိုဏ်း** – ရွှေသော အဆင်း/အကွက်ကွင်းသို့ စိတ်သွင်း၍ထား၊ ရှာန်စိတ်ငါးပါးတို့ဖြင့် ကစားစေခြင်း။

၇။ **လောဟိတကသိုဏ်း** – နီသောအဆင်း/အကွက်တွင်းသို့ စိတ်သွင်းပေးထား၊ ရှာန်စိတ်ငါးပါးတို့ဖြင့် ကစားစေခြင်း။

၈။ **ဩဒါတကသိုဏ်း** – ဖြူသောအဆင်း၊ အကွက်တွင်းသို့ စိတ်သွင်းပေးထား၊ ရှာန်စိတ်ငါးပါးတို့ဖြင့် ကစားစေခြင်း။

၉။ **အာလောက၊ ကသိုဏ်း** – အလင်းရောင်ကျဘက်၊ ကွင်းအကွက်၌ စိတ်စိုက်ချထား၊ ရှာန်စိတ်များဖြင့် ကစားစေခြင်း။

၁၀။ **အာကာသ ကသိုဏ်း** – နံရံဖောက်လျက်၊ ဟင်းလင်းကွက်၌ စိတ်စိုက်ချထား၊ ရှာန်စိတ်များဖြင့် ကစားစေခြင်း။

***မှတ်ချက်။*** ။ *ဤဆယ်မျိုးတို့သည် ရှာန်အင်္ဂါငါးပါးတို့ဖြင့် တွဲဖက်၍ စိတ်ကစားကွက် ထားပေးရာဌာနများ ဖြစ်ကြပါသည်။ ထိုတွင် မြေ၊ လေ၊ အလင်း၊ ထိုသုံးခင်းကား အထုံမပါသူတို့အဖို့ အခက်ဆုံး ဆို၏။ အဖြူကား အလွယ်ဆုံး ဆို၏။ မီး၊ ရေ၊ ဟင်းလင်းတို့ကား အနည်း*

*ငယ် လွယ်၏။ အဆင်းသုံးမျိုးတို့ကား သာ၍ လွယ်၏။ ပါရမီအထုမပါသေးသူတို့ ကျင့်လို သော် သူတို့ ကျင့်လိုသော် စတတ်ဖို့တည်း။*

– ဟော့…မောင့်မှတ်စုက မှတ်သားစရာ ကောင်းလိုက်တာကွယ်။ ငါ့ညီ တော်ပါပေ့၊ ဆရာပြောသမျှ မြေဝယ်မကျဆိုတာ ဒါပဲပေါ့ ငါ့ညီရဲ့။

– နောက်ဆုံး မှတ်ချက်များက ထွက်ခါနီးကျမှ ပြောလိုက်တဲ့စကားတွေ မှတ်ခဲ့တာပါ အစ်ကိုလေးရဲ့။

– ညီလေးရာ…ပြင်ပစကားလည်း မှတ်သားထိုက် မှတ်သားထားရမှာ ပဲပေါ့။ ကဲ ကဲ…တို့အလုပ်စခန်း စတင်ကြစို့ရဲ့ညီလေး၊ ဒီအချိန်နဲ့ အသက်တွေက တို့လို အနားမယူကြဘူးဗျာ။

ထို့နောက် ကသိုဏ်းရှုရန် စတင်လိုက်ကြ၏။ မောင်ဉာဏက မျက်နှာဝ ၁၅ လက်မရှိ ဇလုံကြီးထဲ ရေထည့်၍ အလင်းရောင်ရတဲ့ ဂူဘေးရှိ သစ်ပင်ရိပ်ကြီး အောက်မှာ သွားပြီးရှု၏။ မောင်ရှုပကား ဂူတွင်းမှာပင် ဂူရှေ့ရှိ တစ်လံအကွာမှ သစ်ပင်ငယ်၏ အဖျားသို့ လေလာရောက်တိုးဝှေ့တိုက်ခိုက်နေပုံကို စိုက်ရှုရန် ရွေး ချယ်လိုက်၏။

မောင်ဉာဏသည် ရေဇလုံနှင့် မျက်နှာတို့ကို အနီးဆုံး တိုးကပ်ပေးထား ပြီး မျက်ခြည်ပြတ် မခံစေဘဲ ရေ…ရေ…ရေ…ဟူ၍ စိတ်ပွား ပွားပေး၏။ ရေရဲ့ သဘောက ဘယ်လိုပါလိမ့်ဟူ၍ မစားဖူးသောအထူးမုန့်မျိုး စားရစဉ်တုန်းက ထား သော အတွင်းခံ အောက်မေ့ဆင်ခြင်ပုံမျိုးဖြင့် သုံးသပ်ပေးလိုက်ကလည်း ရှိနေ၏။

– ရေ…ရေ…ရေ…ဟူ၍ ပွားနေခြင်းက မှတ်စိတ် ဝိတက်။

– ရေရဲ့သဘောက ဘယ်လိုလဲ ဆင်ခြင်ခြင်းက အောက်မေ့စိတ် ဝိစာရ။ မှတ်ဆဲမှာပင် အကျယ်ချုပ် အမိခံထားရသော စိတ်ကလေး ထွက်ပြေးသွား၏။ ရှု ကွက်ထဲမှာ စိတ်မရှိတော့၊ မျက်လုံးများက မျက်တောင်ခတ်ပြ၍ အချက်ပေး၏၊ မျက်တောင် ခတ်မိသဖြင့် တည်နေသော ကသိုဏ်းကွက် ဂယက်ထသွားတော့၏။ မောင်ဉာဏ သတိစိုက်၍ ပြန်ဖမ်းခဲ့ရ၏။ စိတ်ကလေး ပေကတ်ကတ်နှင့် ကသိုဏ်း ကွက်ထဲမှာပင် လှည့်ပတ်ပြေးနေပြန်၏။

မောင်ဉာဏက အထူး စူးစိုက်ပြီး ရေ...ရေ...ရေ...ပွားပေး၏။ သို့သော် စိတ်ကား ရေက ဘာလဲဟူ၍ မဝင်စားချင်။ ဟော...ရေတဲ့ဖြင့် ပေနေပြန်၏။ အဘယ့်ကြောင့် ဆိုသော် ကာမသွေး မကင်းသေးသော စိတ်သည် အဆန်းမဟုတ်တဲ့ ရေ၊ အဆန်းလုပ်ပြီး အသိခိုင်းနေပြန်ပါပကော ဟူသော အတွေးဖြင့် ထိုကသိုဏ်းကွက် အလေးမထားသောကြောင့်။

ကြာသော် မေးထားသော မျက်စိများ အိပ်ချင်လာပြန်၏။ မောင်ဉာဏဆန္ဒပြနေသော ထိုမျက်လုံးဘက်သို့ လှည့်၍ ပြစ်ဒဏ်ပေးရပြန်ပါ၏။

– အိပ်ချင်လာလေ မျက်လုံးပြူးပေးရလေ၊ သည့်ထက်အိပ်ချင်လေလေ ပိုပြူးပေးရလေလေဖြင့်၊

– မျက်တောင်ခတ်လေ စိတ်စိုက်ချပေးရလေ၊ ပို၍ မျက်တောင်ခတ်လေလေ ပို၍ပို၍ စိုက်ပေးရလေလေဖြင့်၊

စိတ်ကလေးနှင့် မောင်ဉာဏ (သို့မဟုတ်)သမ္မာဝိတက်နှင့် မိစ္ဆာဝိတက်တို့သည် ထိုတစ်ထိုင်ဝယ် ဘ,တစ်ပြန် ကျား‌တစ်ပြန်သာ ရှိနေကြ၏။ မိစ္ဆာဝိတက်များက သမ္မာဝိတက်၏ အညှဉ်းဆဲကို မခံနိုင်ကြသည့်ပမာရံခါ မူရာထံသို့ သွားရောက်နေ၏။ ရံခါ ရောက်ဖူးခဲ့သော နေရာဌာနများသို့ သွားရောက်လည်ပတ်နေ၏။ စိတ်ကလေးကလည်း ထိုမိစ္ဆာဝိတက်နှင့် ပူးပေါင်းလျက်ကပင် မောင်ဉာဏနှင့် နယ်လုနေတော့၏။

– မောင်ဉာဏက ရှာနနယ်ပယ်မှာ အခြေချဖို့ စည်းရုံး၏။

– စိတ်ကလေးက မိဘနှင့် မခွဲလိုဆိုကာ ကာမနယ်ပယ်မှာပင် နေကြဖို့ အရေးဆို၏။ သို့နှင့် တစ်နာရီမျှ အချိန်ပိုင်းတစ်ခုစေ့သွားတော့၏။ မောင်ဉာဏကား လိပ်ခဲတည်းလည်း။

– တယ်ခက်ပါလား သည့်စိတ်၊ ငါ မေ့မေ့နေတွန်း သူလည်း ခပ်မေ့မေ့ပဲ။

– ငါအမှတ်ထားပြန်တော့ သူကလည်း အမှတ်အသားတွေနဲ့။

ခုတ္တမျှ အနားယူရင်း မောင်ဉာဏတွေးမိ၏။ မှတ်သိနှင့် သညာသိတို့၏ နယ်လုနေခြင်းကြောင့် စိတ်အထိုင်မကျသည်ကို မောင်ဉာဏ မရိပ်မိ၊ မှတ်သိစိတ်က ထားလိုရာ စားကျက်တွင်းက တကယ်ရှိသော အရှိကို သိစေလို၏။ သညာသိ

များက မြင်ရာ၊ကြားရာတို့မှ မှတ်သားခဲ့ရသော သူပြော, လူပြောသိ အမည်ခံ အရှိကို အသိပေးနေခြင်း ဖြစ်၏။ မောင်ဉာဏ ဆက်တွေးမိ၏။

– မယားနေစ, ကြောင်သေမှုဆိုဝ ာ သည်ဟာမျိုးလေလား။

– လင်နေစ, ဆင်သေမှ ဆိုတာသည်နေရာမျိုးပဲလေလား။

မောင်ဉာဏ ရုတ်တရက်ထရပ်လိုက်ပြီး ကသိုဏ်းကွက်ရှိရာဘက်သို့ ထွက်သွားပြန်၏။ ရေဇလုံသို့ မျက်နှာမူလျက်က ရေ…ရေ…ရေ…ဟူ၍ ရေသို့ စိတ်ကလေး ဝင်ဆုံလာရန် မှားခေါ်, ခေါ်လိုက်၏။ မောင်ဉာဏ၏ စိုက်…အားကောင်းတုန်းတစ်ခဏမှုတော့ ပထမ…ရေဆိုပါလား၊ ဒုတိယ…ဖွေး၊ကြည်၊သန့်နေတဲ့ အခြင်.ရာလေးပါလား၊ ထို့နောက် ဒါ ငါတွေ့နေကျ ရေများပဲ မဟုတ်လားဖြင့် စိတ်နေဆန္ဒအားများ တိမ်ကောသွားတော့ရာ မောင်ဉာဏက ရေ…ရေ…ရေ…အော်လည်း စိတ်ကလေးကား မဟာကုသိုလ်တော် စခန်းကြီးက တယ်ခမ်းနားလှချည်ပါတကား၊ ပရိသတ်ကြီးကလည်း တယ်အားကောင်းလှချေပါတကား၊ ဩော်…သည်ပရိသတ်တို့အကြား မှုရာလေးများ…

အို…ငါရှုနေတာက ရေကသိုဏ်း၊ နင် သုံးသပ်ပေးနေတာက မယားကသိုဏ်း၊ ဘယ့်နှယ်များ ကန့်လန့်လုပ်နေပါလိမ့် စိတ်ကလေးရယ်။

မောင်ဉာဏ စိတ်ဓာတ်ကျသွား၏။ ဖိလေ ကြွလေ သဘောမျိုး စိတ်ကလေး၏ အမူအရာကို မောင်ဉာဏ မရိပ်မိ။ ရေပုံးပြည့် ရှိနေသည့်အထဲ ရေအသစ် တစ်ပုံး ထပ်မံ၍ လောင်းသော် အောက်ခံရေ မူလရှိပြီးသားများ လှိုက်၍လှိုက်၍တက်ကာ ဘေးသို့သာ လျှံကျဖိတ်စဉ်သွားဘိသို့ လေ အပြည့်ရှိသောဘုံခန္ဓာကိုယ်သို့လည်း တက်စိတ်၊ ထန်စိတ် တစ်ချက်သွင်းမိလိုက်သည်နှင့် ဘဝင်လေများ အထက်သို့ လိုမ့်တက်လာရကား နလုံးသွေး မငြိမ်သက်တော့ပြီ။ ထိုနှလုံးသွေးကမှ မငြိမ်ပါသော် သွေးမှီ မနောဓာတ်လည်း ချောက်ချားရတော့၏။ ထိုမနောဓာတ် ချောက်ချားနေပါသော်ကား မနောဓာတ် အကြောင်းခံ၍ ဖြစ်ပွင့်လာသော မနောဝိညာဉ်ခေါ် စိတ်သိကလေးကား ပြင်ပသို့သာ ပျံ့နှံ့လျက်က ထွက်ခွာရချေပြီ။

– တက်စိတ်၊ ထန်စိတ်သည် ရလိုမှုအားကြီးရာမှ ပေါ်ပေါက်လာ၏။

– ရလိုမှုသည် ငါပိုင်၊ငါ့ဥစ္စာ လွန်ကဲရာမှ ပေါ်ပေါက်၍လာ၏။

မောင်ဉာဏ ထိုနေ့တနေ့လုံးလုံး စိတ်ကိုစည်းရုံး၍ မရပြီ၊ မရတော့ မခံချင်စိတ် ခင်၏။ မခံချင်သဖြင့် မာန်တင်းရှုတော့ပိုဆိုး။ ကြာသော်...

– ထိုင်းမှိုင်းပျင်းရိစိတ်များ ဝင်နှောင့်လာတော့သည်။

– ပျံ့လွင့်စိတ်နှင့် နောက်ကြောင်းတွေး ပူပန်စိတ်များ ဝင်ရောက်ကစား လာကြသည်။

– ချိတုံချတုံ စိတ်များလည်း အပြေးကလေး ဝင်ရောက်လာပြီး ကစား နေတော့သည်။

မောင်ဉာဏ လမ်းသိသော်လည်း လမ်းအရှိအတိုင်း သွားမရတော့ပြီ။

ညတစ်ညလုံးလည်း အိပ်မပျော်ချေ၊ စိတ်နှင့် မိန်းမ ထိုနှစ်ဝ ခတ်ရအကဲ ခက် ဟူသောစကားကို ပြေးသတိရနေ၏။ စိတ်သည်လည်း ဆန်းကြယ်၏။ မိန်းမ သည်လည်း ဆန်းကြယ်၏။ မည်သည့်အရာမျိုးကိုမှဟူ၍ ၎င်းတို့နှစ်မျိုးစလုံးနှင့် ဆက်ဆံရာ၌ ပုံသေကားကျ မရှိတတ်။ ပြင်ပလောက၏ အကောင်းဟူ၍ စံထား သတ်မှတ်ထားသော အရာဝတ္ထု၊ အဆိုးဟူ၍ တညီတညွတ်တည်း ဆုံးဖြတ်ထား သော အရာဝတ္ထု ထိုစိတ်၊ ထိုမိန်းမတို့နှင့်တွေ့သောအခါ ပြောင်းပြန်ဖြစ်နေတတ် ၏။ အရေးကြီးသည်မှာ ကိုယ့်စိတ်ကိုယ်အကဲခတ်ပြီးလုပ်ဖို့ ဟူ၍ မောင်ဉာဏ မြင် လာ၏။

– မိမိစိတ် အကြမ်းကြိုက်လား၊ အနုကြိုက်လား အကဲခတ်ကြည့်၊ သိရ မည်။

– မိမိစိတ် အချော့ကြိုက်လား၊ အမြှောက်ကြိုက်လား၊ အခြောက် ကြိုက် လား အကဲခတ်ကြည့်၊ သိရမည်။

ဤသို့ ဆုံးဖြတ်ချက်ချကာ တစ်ရေးမျှ အိပ်ပျော်သွား၏။ တစ်ရေးနိုးသော် ကိုယ်လက်များ သုတ်သင်ပြီး ထိုင်လျက်က စိတ်ကလေးကိုသတိဖြင့် နောက်ယောင်ခံ ၍ အကဲခတ်၏။ သတိက ‌ရှေ့ပါးသွားမည်၊ သူ ကစားတော့၏။ သတိက တင်း မာလွန်းလျှင်လည်း သူ ကစား၏။ သတိက ပုံမှန်မျှ မှတ်ချက်ပေးနေသော်ကား သူ နေသာထိုင်သာရှိလာဟန်ဖြင့် ဣန္ဒြေရရ အသိပေးနေသည်ကို တွေ့ရ၏။

ဟုတ်ပြီ...ကလေးရိုင်းအကြမ်းမကိုင်နဲ့။

မောင်ဉာဏ သဘောပေါက်လာ၏။ ထိုည၏ နောက်ပိုင်း ညဝက်လုံးလုံး မောင်ဉာဏသည် စိတ်အကဲခတ် လုပ်ငန်း စမ်းသပ်လုပ်ငန်းများဖြင့်သာ အချိန်ကုန် လွန်သွား၏။ နံနက်လင်းသော် ဆရာကြီး ယောဂဒဿနထံ သွားရောက်၍ ယမန် နေ့က ကသိုဏ်းရှုရာ၌ တွေ့ခဲ့ရသည့် အခက်အခဲများကို တင်ပြ၏။

- မောင်ဉာဏ...အသွားရှိ, အတားရှိတယ်ကွဲ့၊ အသွားမရှိ, အတားမရှိ ဘူးပေါ့။ ဈာန်စိတ်နဲ့ အထက်လမ်းဟာက် အသွားခရီးမှာ ဈာန်စိတ်ဘက်က ငါးချက် ရှိသလို အတားဘက်ကလည်း ငါးမျိုး ခရီးကြိုနေလိမ့်မယ်။

- ဘာများပါလဲ ဆရာကြီး။

၁။ ကာမစ္ဆန္ဒနီဝရဏ – ကသိုဏ်းဝင် ဈာန်စိတ်များအပေါ် ရလိုမှုကလည်း အတားပဲ။

၂။ ဗျာပါဒ နီဝရဏ – ဈာန်စိတ်ကြား မကျေချမ်းစိတ် ဝင်နေတာကလည်း အတားပဲ။

၃။ ထိနမိဒ္ဓ နီဝရဏ – ထင်တိုင်းမပေါက်လို့ စိတ်မပါတော့တာကလည်း အတားပဲ။

၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ နီဝရဏ – ပျံ့လွင့်စိတ်၊ ပူပန်စိတ်တွေ ဈာန်ကြား ဝင်နေတာလည်း အတားပဲ။

၅။ ဝိစိကိစ္ဆာနီဝရဏ – မိမိသတ္တိအပေါ်၊ နည်းအပေါ်၊ ဆရာ့အပေါ် သံ သယဝင်နေတာလည်း အတားပဲ။

- ဟာ...ဟုတ်ပြီဆရာကြီး၊ တပည့်သာရုံများနေပါတယ် ဆရာကြီး။

- ဘာများ များနေသလဲ မောင်ဉာဏ။

- အခု ဆရာကြီး ရှင်းပြခဲ့တဲ့ ငါးချက်စလုံးနဲ့ တပည့်ကြိုးစားနေမိပါတယ် ဆရာကြီး။

အေး...သည်လိုဆို ရလိုမှု မဝင်စေနဲ့၊ ရလိုမှုအစား အားထုတ်လိုမှု သွင်း ပေးရမယ်။ မယားကျတော့ သူ့ကို လိုချင်လွန်းတဲ့ဆန္ဒ အားကြီးလွန်းလှမှ ရတာ မျိုး။ အဲ...သည်အထက်တန်းစား ဈာန်ကသိုဏ်းများမှာကျတော့ သူ့လိုချင်မှု ပယ်

ပြီး မိမိအားထုတ်လိုမှုဘက်သာ ဆန္ဒအားတင်းပေးမှ ရတယ်။ သူ့လိုချင်တာနဲ့ ဘဝင်လှုပ်၊ စိတ်ဖောက်နာမငြိမ်တော့ဘူးကွဲ့။

ကောင်းလှပါပြီ ဆရာကြီး၊ ကျေးဇူးကြီးလှပါတယ်။

အေး...မောင်ဉာဏ၊ ဆက်ပြီး မှတ်သားထားရမှာကတော့ သူ့အသွားနဲ့သူ့အတား အကွဲငါးတွဲအကြောင်းပဲ။

– အတားငါးမျိုးက တွေ့ရာဖမ်းထားတာမျိုး မဟုတ်ဘူးလား ဆရာကြီး။

– မဟုတ်ဘူး မောင်ဉာဏ၊ ကလေး ထုပ်ဆီးတိုးကစားပုံလိုပဲ သူ့ဆိုင်ရာသူ့တားတာမျိုး။

(က) ဈာန်စိတ်ဝိတက်ကို အတားဘက်က ထိနမိဒ္ဓတို့က တားကြမယ်။

(ခ) ဈာန်စိတ် ဝိစာရကို အတားဘက်က ဝိစိကိစ္ဆာ– ချီတုံချတုံစိတ်က တားတယ်။

(ဂ) ပီတိဈာန်စိတ်ကိုတော့ အတားဘက်က ဗျာပါဒ – နှလုံးမသာမှုက

(ဃ) သုခဈာန်စိတ်ကိုတော့ အတားဘက်က ဥဒ္ဓစ္စ၊ ကုက္ကုစ္စ – ပျံ့ပွစိတ်က တားနေတယ်။

(င) သမာဓိဈာန်စိတ်ကိုတော့...အတားဘက်က ကာမစ္ဆန္ဒ လိုချင်စိတ်က တားနေတယ်။

အဲ့...စိတ်မငြိမ်ခင် ရလိုမှုက အားကောင်းနေတတ်ပြီး စိတ်အေးချမ်းငြိမ်သက်သွားတဲ့အခါ ရလိုစိတ်က နောက်ဆုတ်ပေးလေ့ရှိတယ်။

သမာဓိအား ကောင်း,မကောင်း၊ ရလိုစိတ် ဝင်,မဝင်နဲ့ ချိန်ထိုး၊ သည်အတိုင်းပဲ အထက်လေးမျိုးတို့လည်း တစ်ဖက် ရေစီးသန်၊ တစ်ဖက်သောင်ထွန်းပမာ...

(က) အသွားဘက်က အားကောင်းနေလျှင် အတားတွေ နောက်ဆုတ်ပေး။

(ခ) အသွားဘက်က ထမ်းပိုးညံ့နေလျှင်အတားတွေက ထ,လက်ခမောင်းခတ်နဲ့ ကိစ္စမပြီးမချင်း ဘ,တစ်ပြန်၊ ကျားတစ်ပြန်နဲ့ သွားကြရတာချည်းပဲ။ ဆိုပါစို့...

- ကြံစည်မှုဝိတက်ညံ့လာလျှင် ထိုင်းမှိုင်းပျင်းရိစိတ် ပျော်ရွှင်နေလိမ့်မယ်။ ဒါဆို ငါ့ဝိတက်တွေ အလုပ်ပေါ့လျော့နေပြီ၊ အတတ်သိ၊ ချက်ချင်းပြင်လိုက်။
- ဆင်ခြင်သုံးသပ်မှု ဝိစာရ ညံ့လာလျှင် သို့လောသို့လောစိတ်တွေ ပျော်ရွှင်နေလိမ့်မယ်။ ဒါဆိုငါ့ဝိစာရအားညံ့ဖျင်းနေပြီ၊ အတတ်သိ၊ သိ, ချက်ချင်းပြင်လိုက်။
- မိမိအလုပ်ပေါ် နှစ်လိုအားရမှု ပီတိတွေ ဝင်မလာတော့ဘူးဆို နှလုံးမသာစိတ်တွေ အားကြီးနေလိမ့်မယ်။
  သည်လိုဆို ငါ့ပီတိဈာန်စိတ် အားနည်းနေပြီ အတတ်သိ, သိ ချက်ချင်းပြင်လိုက်။ ကိုယ်,စိတ် နှစ်ပါးစလုံး ငြိမ်းချမ်းမှုသုခမရတော့ဘူးဆို ပြန့်စိတ်၊ ပူစိတ်တွေ နေရာယူနေလိမ့်မယ်။ သည်လိုဆို ငါ့ သုခဈာန်စိတ်များ နောက်ဆုတ်သွားရပြီလို့ အတတ်သိ, သိ၊ ချက်ချင်းကြိုးစားလိုက်။
- ထားရာကသိုဏ်းကွက်ထဲမှာ စိတ်မနေလိုတော့ဘူးဆို ကာမစိတ်တွေ ဝင်သောင်းကျန်းနေလိမ့်မယ်။ သည်လိုဆိုလျှင် ငါ့ သမာဓိဈာန်စိတ်များ အားမကောင်းတော့ဘူးသိ,သိ၊ ချက်ချင်းထူထောင်။

သည်မှာ မောင်ဉာဏ...အစွဲအမြဲ မှတ်ထားရမှာက...

မောင်ဉာဏရဲ့ ဈာန်ဘက်က သွားအားကောင်းနေသမျှ အတားဘက်က ဘယ်လိုမှ မတားရဲဘူး ဆိုတာပဲ။ အတားဟာ အသွားညံ့ဖျင်းမှ ဝင်ရဲတဲ့ အရာမျိုးကွဲ့။ သူတို့ကို နီဝရဏအုပ်စုလို့ ခေါ်တယ်။

- ဘာကြောင့်ပါလဲ ဆရာကြီး။

- ဈာန်၊ မဂ်၊ ဖိုလ်တရားများကို တားဆီးပိတ်ပင်တတ်လို့,လို့ ဆိုရမယ်။ ရှင်းအောင်ကတော့ ကာမလောကထဲက ထွက်ခွာသူတွေဖမ်းဆီးပြီး သူ့နေရာသူ ပြန်ပို့တဲ့ ကိုယ်စားလှယ်တပ်ဖွဲ့လို့ပဲ ဆိုရမှာပေါ့။

– သည္အတားအုပ္စုေတြက အထက္စခန္းသြား အားလံုးကိုခ်ည္း တားတာပဲလား ဆရာႀကီး။

– မွန္ေပတယ္ ေမာင္ဥာဏ၊ ေရွးေရွးမ်ားလည္း သည္အတားေက်ာ္ၿပီးမွ တက္သြားၾကရတာ။ လူတားက ေက်နပ္ေအာင္ ေတာင္းပန္ရင္ ရတတ္ပါတယ္။ နတ္တားကလည္း သူ႔ ပသ,ၿပီး ေတာင္းပန္တိုးလွ်ိဳးလိုက္ရင္ ေက်နပ္သြားတာပါပဲ။ သည္နိ၀ရဏ အတားေတြက်ေတာ့...

(က) သတၱ၀ါတိုင္းရဲ႕သႏၲာန္မွာ အၿမဲခိုလိုက္ေနၾကလို႔၊

(ခ) ေလာကီကိစၥေတြတုန္းက သူတို႔နဲ႔ပဲ တြဲၿပီး အတူလုပ္လာခဲ့ၾကလို႔၊

ေမာင္ဥာဏတို႔ရဲ႕ ၀ါသနာ၊ ဥာဥ္၊ စရိုက္တြင္းကေန လိုက္တားေနၾကတဲ့ အတားမ်ိဳးကြဲ႕။ ေတာင္းပန္လို႔ ရမွာမဟုတ္ဘူး၊ ဥာဥ္ မေပ်ာက္သမွ် သူ မေပ်ာက္ဘူး။

– ေၾသာ္...ဆရာႀကီး၊ တပည့္တို႔ ရြာထဲတုန္းက အိမ္ေထာင္သားေမြး၊ စီးပြားေရး လုပ္ရင္း သံုးထားတဲ့ စိတ္ထားမ်ိဳးနဲ႔ ဈာန္ကိစၥ၊ မဂ္ကိစၥ ၀င္ကိုင္လို႔ သည္လို အတားခံေနရတာေပါ့။

– ေအး...ဟုတ္တယ္ ေမာင္ဥာဏ၊ အဲသည္ ရြာသံုးစိတ္ ေျပာင္းျပန္လွန္တတ္မွ သည္အတားက လြတ္မွာ။

– ေကာင္းပါၿပီ ဆရာႀကီး၊ တပည့္ အထူးႀကိဳးစားၿပီး စိတ္ထားေျပာင္းလာေအာင္ ဈာန္၀င္စားပါ့မယ္။

ထို႔ေနာက္ ေမာင္ဥာဏ ဆရာႀကီးကို ဂါရ၀ျပဳၿပီး ဆရာႀကီးဂူမွ ထြက္လာခဲ့၏။ မိမိတို႔ဂူ၀ ေရာက္လွ်င္ကား ေမာင္ရူပ အသင့္ေစာင့္ႀကိဳေနသည္ကို ေတြ႕ရ၏။ ဂူထဲ ၀င္သည္ႏွင့္ ဆရာႀကီး၏ ေ၀ယ်ာ၀စၥမႈ ျပဳသူတို႔ လာေရာက္ပို႔ထားေသာ အစာမ်ား အဆင္သင့္ ေတြ႕ရ၏။ ႏွစ္ဦးသား အစာစားၾက၏။ အစာကား အသီးမွည့္၊ အသီးစိမ္းမ်ားပင္။

– သည္မနက္ အစ္ကိုေလး ဆရာႀကီးဆီ အေစာႀကီးသြားပံုေထာက္ေတာ့ မေန႔က ကသိုဏ္းရႈရာမွာ ေတာ္ေတာ္ထူးျခားလို႔ ထင္ပါရဲ႕။

– အာ...ဘယ်ကလာ၊ ဘာဆိုဘာမှ ရှုမရလို့ သွားတင်ပြတာကွဲ့ ညီလေး။

– အဲ...သည်တော့ ဆရာကြီးက ဘယ်လိုပြင်ပေးလိုက်သလဲ။

– ပြင်ပေးတယ်ဆိုတာထက် လမ်းဖွင့်ပေးလိုက်တယ် ဆိုတာက ပိုမှန်ကန်မယ် ညီလေးရေ့။ ဘာ့ကြောင့်ဆိုတို့အကြိုက်က တို့လိုက်ပြီး ဆီးတားပိတ်ပင်နေတာကို လက်ညှိုးသိုးပြလိုက်လို့ပဲ။

– ဘယ်လို ဘယ်လို...လုပ်စမ်းပါဦး၊ ညီလေးလည်း လိုက်နာရအောင်။

– အေး အေး...အစ်ကို မှတ်ခဲ့တဲ့ စာရွက်လေးဘာ [illegible]ည့်ပေတော့၊ ရော့...ရော့။

## ဈာန်၊ မဂ်သို့ သွားလိုစိတ်ကို လိုက်လံတားဆီးသော နီဝရဏာများ

၁။ လိုချင်စိတ်ဖြင့် အားထုတ်နေခြင်းသည် သင့်စိတ်က သင့်တားနေပြီ။

၂။ အလိုမကျ၍ ဖြစ်စေ၊ အားမရ၍ဖြစ်စေ၊ မခံချင်စိတ်နှင့် အားထုတ်နေခြင်းလည်း သင့်စိတ်က သင့်ကို ပြန်လည်တားဆီးနေပြီ။

၃။ အထက်ပါ စိတ်နှစ်ပါး အပြန်အလှန် အရိုက်ခံထားရ၍ ဖြစ်စေ၊ မိမိစိတ်ကပင် မဝင်စားလိုတော့၍ ဖြစ်စေ၊ ထိုင်းမှိုင်း ငိုက်မျဉ်းလျက်က၊ ပျင်းရိလျက်ကနေ စိတ်မပါ လက်မပါ အားထုတ်နေလျှင်လည်း သင့်စိတ်က သင့်ကို ပြန်လည်တားဆီးနေချေပြီ။

၄။ ကျင့်အားလွန်၍ဖြစ်စေ၊ လို၍ ဖြစ်စေ စိတ်ပျံ့လွင့်လျက်က (သို့မဟုတ်) နောက်ကြောင်းပြန်ပြေး ပူပန်တွေး‚တွေးလျက်က အားထုတ်နေလျှင်လည်း သင့်စိတ်က သင့်ပြန်တားနေပြီ။

၅။ ထူးခြားမလာ၍ ဖြစ်စေ၊ ထင်တိုင်း မပေါက်၍ ဖြစ်စေ၊ ကိုယ့်သတ္တိအပေါ်၊ ကျင့်ဆဲနည်းလမ်းကျင့်စဉ်အပေါ်၊ နည်းပေး ဆရာသမားအပေါ် ယုံကြည်မှု အားနည်းလာပြီး ချီတုံချတုံ စိတ်ရှေ့တိုးနောက်ငင်ဖြင့် အားထုတ်နေလျှင်လည်း သင့်စိတ်က သင့်ပြန်တားနေပြီ။

– ဟား ဟား ဟား ဟား...လက်စသတ်တော့ ကိုယ့်ပုဆိုးစ‚ ကိုယ်နင်းလဲနေတာကိုး။

– အေး... ဟုတ်တယ်ကွဲ့ ညီလေး၊ ကိုယ့်အစွဲက ကိုယ့်ဆွဲပြီး တားနေတာပဲ။

ပြီးတော့ ဆရာကြီးက ပြောသေးတယ်။ လူတား၊ နတ်တားက ပယ်ရတာ လွယ်တယ်တဲ့၊ ကိုယ့်အစွဲများက ကိုယ့်ပြန်တားတာကျတော့ စရိုက်ဉာဉ်များ မြုပ်သွားအောင် ဈာန်ဝင်စားနိုင်မှ လွတ်မှာတဲ့ကွဲ့။ အသေသာ စွဲမှတ်ထားပေရော့၊ ကဲ ဆက်ဖတ်။

## အတားနှင့်အသွား တစ်ပါးချင်း အားပြိုင်ပုံများ

၁။ ဝိတက်နှင့် ထိနမိဒ္ဓတို့သည် အကြံအဖန်ကောင်းသူနှင့် အကြံတုံး ဉာဏ်ဝုံး နှစ်ဦးတို့ တစ်အိမ်တည်း အတူနေမရသည့်ပမာ တစ်ခုနှင့် တစ်ခု မသင့်မြတ်ကြချေ။

၂။ ဝိစာရနှင့် ဝိစိကိစ္ဆတို့လည်း အလုပ်ဖင်မြဲသူနှင့် အလုပ်ရွေးနေသူ နှစ်ဦး အလုပ်တစ်ခုတည်း အတူတွဲလုပ်၍ မရသည့်ပမာ ဆန့်ကျင်ဘက်များသာ ဖြစ်ကြချေ၏။

၃။ ပီတိနှင့် ဗျာပါဒတို့သည်လည်း မင်္ဂလာဆောင်နှင့် အသုဘ တစ်နေရာတည်း ပူးတွဲကျင်းပ၍ မရကြသည့်ပမာ ကိစ္စတစ်ခုကြား အတူထား၍ မရနိုင်။

၄။ သုခနှင့် ဥဒ္ဓစ္စ၊ ကုက္ကုစ္စတို့သည်လည်း သူဌေးနှင့် ဆင်းရဲသား အတူထား၍ မရကြသည့်ပမာနေရာတစ်ခုတည်း၌ အတူတွဲ၍ မရနိုင်။

၅။ သမာဓိနှင့် ကာမစ္ဆန္ဒတို့သည်လည်း ခြေငြိမ်သော လင်သားနှင့် လော်မာသော မယား အတူပေါင်းသင်း၍ မရကြတော့သည့်ပမာ ဌာန တစ်ခုတည်း၌ အတူတွဲ၍ မရနိုင်။

– သည်ပုံဆို မီးများ မီးနိုင်၊ ရေများ ရေနိုင်မျိုးတွေပေါ့ အစ်ကိုလေး။

– ဟုတ်ဘူးတဲ့ကွဲ့၊ ရေများဖို့ပဲ လိုတယ်တဲ့။ ရေကသာ များနေရင် မြင်ထဲ မီးမဆင်းဝံ့သလို အတားတွေကလည်း အသွားအားကောင်းနေရင် မတားရဲကြဘူးတဲ့။ အသွား ဖျင်းမှသာ ချဉ်းကပ်ရဲတာမျိုးတဲ့ကွဲ့။

ဆိုလိုတာကတော့ကွယ်…သူခိုးပူတာ ရဲညံ့ဖျင်းလို့၊ ရဲတွေကသာ စိမ်ချက်ကောင်းကောင်းနဲ့ အုပ်ချုပ်မှု နိုင်နင်းရင် သူ့ခိုး,ခိုးခံရတယ်လို့ မကြားရသလိုပေါ့ကွယ်။

မောင်ရှုပသည် အစ်ကိုပြောစကား ခေါင်းတညိတ်ညိတ် နားထောင်လျက်ရှိ၏။ ပြီးသော် ငါ ဘာဖြစ်နေသနည်း၊ ငါ ဘာဖြစ်ချင်နေသနည်း…မေး၏။ တစ်ဖန် ငါဘာလုပ်မှာလဲ၊ ငါ ဘာလုပ်နေတာလဲဟူ၍လည်း ဆက်မေး၏။ အဖြေကား အရှေ့ပြော၍ အနောက်လှည့်ထွက်နေခြင်းဟူ၍ မြင်ရ၏။ အထက်တက်မည် ပြောပြီး အောက်ဆင်းနေသည်ကိုသာ တွေ့ရ၏။

- ပြင်မယ် ပြင်မယ်၊ ငါ ပွဲက,အလှည့်က ပွဲကြည့်အလှည့် ပြောင်းတော့မယ်။

မောင်ရှုပ ဆုံးဖြတ်ချက်ချလိုက်၏။ မောင်ဉာဏကား မောင်ရှုပ စဉ်းစားခန်း ဝင်နေစဉ်ကတည်းက ကသိုဏ်းကွက်ရှိရာ သစ်ပင်ကြီးအောက် ရောက်သွားနှင့်နေပြီ။

မောင်ဉာဏသည် ကသိုဏ်းကွက်သို့ မျက်နှာအပ်ပြီး အထူးကပ်၍ ကြံခြင်းဟူ၍ အမည်ခံထားသည့် သတိ၏ ရှုမှတ်ခြင်း၊ အောက်မေ့ခြင်းတို့မှတစ်ပါး အခြား ဘာကိုမျှ လက်မခံပြီ။

- မှတ်အားကောင်းက အောက်မေ့၍ အလိုလိုရ၏။
- ရှုမှတ်နှင့် အောက်မေ့မှတ်တို့ ဟပ်မိက စိတ်အထိုင်ကျ၏။
  စိတ်အထိုင်ကျ ခေါင်းအေးရလျှင် စူးစိုက်လို့ရ၊ မျက်တောင်မခတ်ရတော့ပြီ။

ထိုအခါ ရှုဆဲ ရေပြင်သည် အသက်ဝင်သကဲ့သို့ လှုပ်ရှားလာ၏။ ရေပြင်ပေါ်ရှိ လှိုင်းတွန့် လှိုင်းရိပ်လေးများကိုပင် အတိုင်းသား မြင်နေရ၏။ တစ်ရံတစ်ခါ လှိုင်းလုံးကြီးများပမာ ကြီးမားစွာ တက်လာသည် ထင်ရ၏။ တစ်ရံတစ်ခါ လှိုင်းကြက်များ ခွပ်သည့်ပမာ အပြန်အလှန် ရိုက်ခတ်နေသည်ကို မြင်တွေ့နေရ၏။ စိတ်ဝင်စားလာ၏။

ငင်းကိုပင် စူးစူးစိုက်စိုက် ဆက်၍ကြည့်ရာ မှုလပင်ကိုရောင်၏ ရေပြင်သည် ပင်ကိုယ်ထက် အဆများစွာ သာနွန်းဖြင့် ကြည်လင်တောက်ပလာ၏။ ကြာကြာစိုက်ကြည့်သော် မှန်ပြင်အကြည်ဓာတ်၏ အညိုရောင်ပမာ၊ စိန်အရောင်ပမာ ညှိုသော အကြည်ဓာတ်သို့ ပြောင်းလဲသွားချေပြီ။ ထိုအကြည်ဓာတ်ကား ကြာကြာရှုက အကြည်ဓာတ်အားပိုမိုလာသည်သာ ရှိတော့၏။ ပြောင်းလဲခြင်းကား မရှိတော့ပြီ။

မောင်ဉာဏလည်း ရေကွက်သို့ မရှုတော့ဘဲ မိမိရှေ့ ထင်းသားကြီးပေါ်လွှင် တောက်ပနေသော ထိုအကြည်ဓာတ် ခွက်ကြီးကိုသာ စိတ်အမှတ် လက်လွှတ်မခံဘဲ သည်နေ့တစ်နေ့လုံး ရှုသိနေတော့၏။

မှက်အားကောင်းသဖြင့် ထိုင်းမှိုင်းပျင်းရိခြင်း မရှိပြီ။ ကပ်ယှု အောက်မေ့အား ကောင်းနေသဖြင့် စိတ်ကလေး အတွင်းဝင်၊ အပြင်ထွက် မရှိပြီ။ ကသိုဏ်းရှုမှု၌ အလိုမကျ အားမရခြင်း မရှိတော့ပြီ။ ပျံ့လွင့်ခြင်း၊ ပူပန်ခြင်းကား ကြက်ပျောက်ငှက်ပျောက်ပမာ စိတ်အနီးအပါးသို့ပင် မလာပြီ။ ဟိုသည် ယောက်ယက် စိတ်ကလက်ခြင်းလည်း မရှိပြီ။

– အေး...အဲဒါ ရေကသိုဏ်းအရာမှာ အောင်ချက်ပေါ်လာတာကွဲ့။

မောင်ဉာဏ လှည့်ကြည့်လိုက်ရာ ဆရာကြီး ယောဂဒဿနပြုစ်နေသဖြင့် အံ့ဩရ၏။

– ဆရာကြီး ငါ့စိတ် ဘယ်လိုသိနေသနည်း၊ ငါ့အကြောင်း ဘယ်လို သိနှင့်နေသနည်း...ဟူ၍ မောင်ဉာဏသည် ဆရာကြီးအား မိမိထိုင်လျက် ခုံပေါ်သို့ ဖိတ်ကြားပင့်တင်ပြီး မိမိကား သင့်ရာမှာ နေ၏။ မောင်ရူပလည်း အသံကြားသဖြင့် ရောက်လာပြီး ဂါရဝပြု၏။

– ဘယ်လို အောင်ချက်များပါလဲ ဆရာကြီး။

– ရေကသိုဏ်းမှုပြီး ဈာန်သမာဓိ ဖြစ်ပေါ်လာတာကို ဆိုလိုတယ်။

ကသိုဏ်းရှုရာကနေ ဈာန်သမာဓိ ဖြစ်ပေါ်လာပြီဆိုလျှင် စိတ်တည်ကြည်ကြောင်းကို အချက်ပြအဖြစ် ကသိုဏ်းကွက်ထဲရှိ အရာဝတ္ထုများက နိမိတ်ထင်ပြကြရတယ်။

(က) ပထမ – ကသိုဏ်းကွက်ရဲ့ သူ့ပကတိအတိုင်း နိမိတ်ထင်လာစေရမယ်။

(ခ) ထို့နောက် သူ့ရဲ့ရောင်ပြန်ဖြစ်တဲ့ အတောက်ပဆုံး နိမိတ်ထင်ပေါ်လာစေရမယ်။

သည်လို ကသိုဏ်းကွက် အသက်မဝင်၊ နိမိတ် အရုပ်အရောင်မပြသေးလျှင် မအောင်သေးဘူးပေါ့။

ပေါ်ထင်လာရမည့် နိမိတ်သုံးမျိုး...

သည်နေရာ နိမိတ်သုံးမျိုး ထင်လာရပုံ တပည့်တို့ မှတ်ထားကြဦး။

၁။ **ပရိကမ္မနိမိတ်** – ဒါက မူလ ကသိုဏ်းကွက်ပဲ၊ နိမိတ်ထင်ရန်ရဲ့အစပျိုး နိမိတ်ပြပေါ့။

၂။ **ဥဂ္ဂဟနိမိတ်** – ဒါက မူလ ကသိုဏ်းကွက်အတိုင်း စိတ်ထဲ ပေါ်ထင်လာတဲ့ နယ်ကူးနိမိတ်။

၃။ **ပဋိဘာဂ နိမိတ်** – ရုပ် ကသိုဏ်းကွက်ကနေ စိတ် ကသိုဏ်းကွက်ပြောင်းရှုလို့ ရောင်ပြန် ထင်ပေါ်လာတဲ့ တန်ပြန်နိမိတ်ပေါ့။ သည်အဆင့်ဟာ အမြင့်ဆုံးကွဲ့။ တိဟိတ်စိတ်မျိုးမှ ပွဲတိုးနိုင်တယ်။

ဆရာကြီးတပည့်မှာ သစ်ပင်ဖျားရဲ့ အညွန့်ထိပ်ကလေး စိုက်ကြည့်နေရင်းက အညွန့်လေး လှုပ်ယမ်းနေတဲ့အတိုင်း အစအဆုံး တွေ့ရပါတယ်။ စိုက်ကြည့်မှတော့ အညွန့်နဲ့ လေတို့ရဲ့ အကြား အခြားအကန့်တစ်ခု ပေါ်လာပြီး...

– လေလှိုင်းကြီးများဟာ ရေလှိုင်း ရေလိပ်များလိုလည်း တွေ့နေရပါတယ်။

– မီးခိုး မီးငွေ့များ ကောင်းကင်မှာ အုပ်စုလုံးဟ် သွားနေသလိုလည်း တွေ့ရပါတယ်။

တပည့် ရှေ့ဆက်ပြီး ဘယ်လို ချား ရှုရပါ့မလဲ။

– အရှုကတော့ အရှုအတိုင်းပါပဲ၊ ဘာမှ မပြောင်းပါနဲ့။

အရှုနဲ့ အစိုက်၊ သည်လို သန်သန်မှန်မှန်နဲ့သာ ဆက်ရှုပါ။ အားအင် တိုး

တက်လာလျှင် ရောင်ပြန်နိမိတ်ဖြစ်တဲ့ ပဋိဘာဂဘက် အလိုလို ပြောင်းကူးလာလိမ့်မယ်။ ပဋိဘာဂ ကျတော့...

- ရေလှိုင်းလို မြင်ပြီး ရေလှိုင်းလို မဆော့တော့ဘူး။
- မီးခိုးလို မြင်ပြီး မီးခိုးလိုလည်း မပြေးတော့ဘူး။

မောင်ရှုပ ထားရာနေပြီး မြင်နေကျထက် အဆများစွာ သာတဲ့ အကြည်နူးနဲ့ တွေ့ရလိမ့်မယ်။

## ကသိုဏ်းသွက် ဈာန်ဘက်ပြောင်းကြ

တပည့်တို့...

အခုလက်ဝယ်ရထားတဲ့ ကသိုဏ်းအာရုံ၊ နိမိတ်ပုံလေးကို စကြာမင်းလောင်း ပဋိသန္ဓေကို ထိန်းသိမ်းရတဲ့ မိခင်ပမာ တလေးတစား ကြီးထွားရင့်ကျက်လာသည် အထိ မွေးမြူကြရမယ်။ ဒါ ဟိုရှေးခေတ်က ဥပမာပေးကွဲ့။ သည်ခေတ်မှာတော့...

- ပုလဲမွေးမြူရေးစခန်းက အမှုထမ်းများလို ရင့်ကျက်ချိန်အထိ စောင့်မွေး။
- ပိုးမွေးမြူရေးစခန်းက အမှုထမ်းများလို တရိုဝသေ ဂရုတစိုက် မွေး။

သည်လို မွေးမြူပေးလိုက်လို့ အင်အားကြီးထွားရင့်ကျက်လာလျှင်...

ဝိတက်စတဲ့ ဈာန်စိတ် အချက်အလက်များ အင်အားပြလာကြပြီး ဝိတက်လည်း အာရုံပေါ် စိတ်တင်ပေး၊ ဝိစာရကလည်း ကွာကျမသွားရလေအောင် ဖေးမပေးနဲ့ ဟန်ချက်ညီလာပြီ၊ ပီတိလှိုင်းရိပ်လေးများလည်း တက်လာပြီ။ ကိုယ်, စိတ်များလည်း အေးချမ်းလာကြပြီ၊ စိတ်ကလေးလည်း ငြိမ်သက်လာပြီ။ ဒါ...သမာဓိရဲ့ နယ်ပယ်ထဲ ဝင်လာတဲ့ ဥပစာရ သမာဓိပဲ။

တစ်ဆက်တည်း အားထုတ်လို့ ဈာန်စိတ်များ အထူးအားကောင်းလာပြီး

၁။ အာရုံ၌ ခိုင်ခိုင်မြဲမြဲ တည်လျက်က စူးစူးစိုက်စိုက် ဝင်ဆံ့ပြီး ငြိမ်ကျသွားပြီ။ ဒါ ဈာန်စိတ်စုံ အင်္ဂါငါးချက်ကြောင့် ဖြစ်ပေါ်လာတဲ့ ပထမဈာန်-အပ္ပနာဇော ခေါ်တယ်။

၂။ သည့်နောက် ဝိတက်မပါ၊ သုံးသပ်ပေးရုံမျှဖြင့် ယင်းကဲ့သို့ ငြိမ်ကျသွားက ဒုတိယ။

၃။ တစ်ဖန် သုံးသပ်မှုလွတ်၍ အာရုံပြုသည်နှင့် ပီတိဖြစ်လာပြီး၊ ယင်းကဲ့သို့ ငြိမ်ကျသွားက တတိယ။

၄။ အာရုံပြုသည်နှင့် ကိုယ်စိတ်ငြိမ်းချမ်းပြီး ယင်းကဲ့သို့ ငြိမ်ကျသွားက စတုတ္ထ။

၅။ အာရုံပြုသည်နှင့် တစ်ခုတည်း စိတ်ဖြစ်လာပြီး ယင်းကဲ့သို့ ငြိမ်ကျသွားက ပဥ္စမဈာန်ကွဲ့။

သည်မှာ ဈာန်တစ်ဆင့်ဆင့် ဝင်စားပြီးတိုင်း...

အိပ်မက်,မက်ရာမှ နိုးလာသူပမာ မိမိဝင်စားခဲ့တဲ့ ဈာန်စိတ်ဝိတက်စသည်များကို ပြန်ပြီး ရေတွက်လေ့ရှိတယ်။ ဒါကို ပြန်လည်ဆင်ခြင်တဲ့ ဈာန်စိတ် ဆိုရတယ်။

သည်လို ကသိုဏ်းအာရုံထဲ ဈာန်စိတ်သွင်းပြီး ရှုတာကိုပဲ ဈာန်ဝင်စားတယ်ဆိုရပြီး အဲသည် ဈာန်စိတ်ကလေး တဖြည်းဖြည်း အရှိန်းကနေ ယဉ်ယဉ်လာပြီး လိုသလို ခိုင်းစေလို့ရတာကိုပဲ ဈာန်အဆင့်တက်တယ်လို့ ဆိုရတယ်။

ကသိုဏ်းရှုတာက တခြား၊ ဈာန်ဝင်စားတာက တခြားလို့ မမှတ်ကြနဲ့။

## ဝသီဘော်များကို နိုင်အောင် လက်သပ်မွေးရမယ်

ဝသီဆိုတာ ဝါသနာ၊ ဉာဉ်၊ စရိုက်များလို ထုံစိတ်ကလေးများကို ခေါ်တယ်။ သည့်ဈာန်အရာမှာတော့ စရိုက်ကောင်း၊ ဉာဉ်ကောင်း၊ ဝါသနာကောင်းများလို့ ဆိုရမယ်။ သည်ဉာဉ်လေးတွေ ပျောက်မသွားအောင် ဖြစ်ပွားစေတာက ဝသီဘော်ပဲ။

၁။ **သမာပဇ္ဇနဝသီဘော်** - မိမိပိုင် ဈာန်အဆင့်ကို အချိန်မရွေး ဝင်စားနိုင်တာ။

၂။ **အဓိဋ္ဌာနဝသီဘော်** - ဝင်စားဆဲ ဈာန်ကို မိမိ ကန့်သတ်ထားချိန် အတိုင်းအတိအကျ ထားနိုင်တာ။

၃။ **ဝုဋ္ဌာနဝသီဘော်** - ကန့်သတ်ချိန် စေ့သည်နှင့် ရုတ်တရက် ထနိုင်တာ။

၄။ **အာဝဇ္ဇနဝသီဘော်** - ဈာန်မှထပြီး ပြတ်သွားသည်နှင့် ဈာန်အင်္ဂါစိတ်

ကို ပြန်လည်ဝင်စားနိုင်တာ။

၅။ **ပစ္စဝက္ခဏဝသီဘော်** – ဈာန်အင်္ဂါစိတ်ဝင်စားပြီး တစ်ဖန်ပြန်၍ ဈာန်ဝင်စားနိုင်တာ။

သည်ငါးမျိုးတို့ကို တစ်မျိုးမှ တစ်မျိုး ကူးကူးပြီး လှည့်လည်ဝင်စားရမယ်၊ ဝသီဘော် နိုင်နင်းအောင် လေ့ကျင့်နေတယ်လို့ ဆိုရမှာပေါ့။

## စေတစ်လုံးပိုင် ကိုင်နိုင်ရမယ်

သည်လို ဝသီဘော် နိုင်နင်းလာသော်...

– တပည့်တို့ ရှုနေတဲ့ ပေါ်ထင်နိမိတ်ကသိုဏ်းဝန်းကို ကြီးစေ...ကြီးစေ ဟူ၍ အမိန့်ပေးနှလုံးသွင်းပြီး တဖြည်းဖြည်း ကြီးထွားလာစေရမယ်။

မြင်နေကျက ၁ဂ လက်မ ဖြစ်ခဲ့သော် တစ်ပေ၊ နှစ်ပေ၊ တစ်ကိုက်၊ တစ်လံ ကနေ စကြဝဠာအထိ မိမိစိတ်နိုင်သလောက် ချဲ့ကြည့်၊ ရုတ်တရက် အကန့်အသတ်မရှိ မချဲ့ရဘူး၊ ပျက်စီးတတ်တယ်။

အဲ...သည်လို ချဲ့ကြည့်ပုံမျိုးကို...

(က) ဝသီဘော် နိုင်နင်းပြီးသည့် နေရာမျိုး၊

(ခ) ပဋိဘာဂ – ရောင်ပြန်နိမိတ် ပေါ်ထင်ပြီးနောက် ရင့်ကျက်လာချိန်မျိုး၊

သည်နေရာ နှစ်မျိုးတို့မှာပဲ ကစားကြည့်၊ စမ်းသပ်ကြည့်ရမယ်။ နိမိတ်နုနယ်၊ စိတ်နုနယ်ပြီး သမာဓိအရာ မကျယ်သေးတဲ့ ကသိုဏ်းအာရုံထင်ခါစ ဥဂ္ဂဟ နိမိတ် နေရာမျိုး သွားမစမ်းလေနဲ့၊ ပြန့်ကျဲပြီး ကွဲလွင့်တတ်တယ်။

ကဲ...တပည့်တို့၊ နိမိတ်လည်း မွေးတတ်ကြပြီ၊ ဈာန်အဆင့်လည်း တက်တတ်ကြပြီ၊ ဝသီဘော်လည်း နိုင်အောင် လေ့ကျင့်တတ်ပြီ၊ တပည့်တို့ဘက်က ကြိုးစားဖို့ပဲ လိုတော့တယ်။ ဆရာသွားမယ် တပည့်တို့၊ အထူးကြိုးစားရစ်ကြ။

– ကောင်းလှပါပြီ ဆရာကြီး၊ ကျေးဇူးကြီးလှပါတယ်။

မောင်ဉာဏတို့နှစ်ဦး ဆရာကြီး ယောဂဒသနကို လမ်းအထိ လိုက်ပို့ပြီး နေရစ်ခဲ့ကြ၏။ ပြီးသော် အသီးသီး အလုပ်စခန်းဝင်ကြ၏။

– နောက် ပင့်လေအား အရှိန်ကောင်းလာသော ရွက်လှေ၊

– လေကြောင်းထဲသို့ ထိုးဝင်သွားပြီးသော လေယာဉ်ကြီး၊

အထူးတလည် လှော်ခတ်ခြင်း၊ စက်ကုန်နှိုးခြင်း မပြုကျင့်ရတော့ပြီ။ သတိရှိရုံမျှနှင့် ကသိုဏ်းနိမိတ်ကလည်း အလိုလို ပေါ်ထင်နေပြီးဖြစ်၏။ ဝိတက် စသော ဈာန်အင်္ဂါစိတ်များကလည်း သစ်တုံးကြီး တစ်တုံးကို ငါးဦးသား ထမ်းခြင်း၊ ရွှေ့ခြင်း၊ ဖြတ်ခြင်း စသည်ဖြင့် တစ်ခုပြီးတစ်ခု အချိတ်အဆက်မိမိ ကြိုးစားနေကြသည့်ပမာ အပေးအယူ ညီမျှလျက်က မောင်ဉာဏတို့အတွက် အလုပ်လုပ်ပေးလျက်ရှိ၏။ ထိုအားအင်များကြောင့် ညမိုက်ကြီး၌လည်း ကသိုဏ်းကွက်ကြီးက [illegible]င်မြဲ ထင်ပြနေ၏။ အိပ်ချင်မှု၊ စိတ်မပါမှု ဆိုသည် မရှိတော့ပြီ။ စိတ်ကလေး ကသိုဏ်းအာရုံမှ ဖဲ့၍ တပိုတပါးသွားသော်မှ စိတ်ဖဝါးများ ပေါ်နေသည့်အလား ရေပြင် တုတ်ခြစ်သကဲ့သို့သော စင်းကြောင်းများ စိတ်သွားရာနောက် တဖွားဖွား တလှပ်လှပ် ကပ်ပါသွားကြ၏။ တစ်ညလုံးလုံး ထိုစိတ်ဖြင့်ပင် နေ၏။

ထိုည၌ နှစ်သက်ခြင်း၊ ငြိမ်းအေးခြင်း၊ ချမ်းသာခြင်းများနှင့်အတူ စိတ်ကလေး ငြိမ်ကျနေလေ့ရှိရာ ငြိမ်ရာမှ ပြန်လည်သတိဝင်လာတိုင်းလျှင်

– တစ်ဖက်မစောင်းရဘဲ တစ်ယောက်တည်း ပေါင်းလို့ ရတဲ့ ချမ်းသာက
သွေးမကုန် သားမပျက်ရဘဲနဲ့ နှစ်သက်စရာ တယ်ကောင်းသကိုး။

ထိုအတွေးများ တစ်ချက်တစ်ချက် ဝင်ရောက်လာပြီး သာယာစိတ်ကလေးများလည်း ပူးကပ်လာတတ်၏။ သာယာစိတ် ဝင်လာသော် ကသိုဏ်းနိမိတ်ရောင် အနည်းငယ် မှိန်ကျလာသည်ကို သတိပြုမိ၏။ ဟင့်အင်…သုခဟာ ရန်သူ့လက်ကိုင် ပေကိုး။ မောင်ဉာဏ မှတ်ချက်ချလိုက်၏။

တစ်ဖန် ထိုငြိမ်းချမ်းမှုသုခကို အာရုံမှ ခွာစေ၍ ဈာန်စိတ်ကိုချည်း သွင်းပေးထားကာ အားထုတ်မှ အချစ်မရှိ၊ အမုန်းမရှိ ပကတိသော အာရုံမှန် ပေါ်လာတော့၏။

အချိန်ကား သန်းခေါင်ယံမှ အနည်းငယ် ကျော်လွန်နေချေပြီ။

ငါသည် သည်အာရုံဈာန်စိတ်ဖြင့် နံနက်အရုဏ်တက်အထိ နေနိုင်ရမယ်၊ အရုဏ်ရောင် ရင့်ကျက်ချိန်အထိ သည်အတိုင်း ရှိစေရမယ်။

ဤသို့ အဓိဋ္ဌာန်ပြီး တစ်ခဏချင်း ထိုဈာန်စိတ်ကိုပင် ဝင်စားရာ ဈာန် အလျင် အရှိန်သတ္တိများချည်း ဖြစ်သွားတော့၏။ ကိုယ်ကား ကျောက်ရုပ်ပမာသာ။

– အိပ်မောကျပုံမျိုးသို့သော မသိစိတ်ဘဝင်မျိုးလည်း ကင်း၏။

– စိတ်ကူးယဉ်ပုံမျိုးသို့သော တွေးတောစိတ် ဆင်ခြင်မျိုးလည်း ကင်း၏။

နံနက်လင်းသော် ဈာန်အရှိန်သတ္တိများ၊ ပမာ–နှိုးစက်ချထားစဉ် အချိန် စေ့သဖြင့် အသံပေးနေပုံမျိုးအတိုင်း အရဏ်တက်သည်နှင့် အရှိန်ပြယ်ကာ ပင်ကို စိတ် ဝင်လာတော့ရကား...

အချိန်သည် အဓိဋ္ဌာန်အတိုင်း ကွက်တိဖြစ်နေသည်ကို တွေ့ရ၏။ တစ် ဖန် ညက ဝင်စားခဲ့သော ဈာန်စိတ်ကို ပြန်လည်သုံးသပ်ကြည့်၏။ ဥပေက္ခာစိတ်နှင့် ဧကဂ္ဂတာသာ။

ထို့နောက် မိမိအဆင့် ခြေကုပ်မြဲသည်ထက် မြဲရန် ရတ်တရက် ဝင်စား ကြည့်ခြင်း၊ အဓိဋ္ဌာန်ကြည့်ခြင်း၊ ဖျက်ကြည့်ခြင်း၊ ဈာန်စိတ်နှိုးကြည့်ခြင်း၊ ဈာန် အဆင့်တက်ခြင်းတို့ကို အထပ်ထပ် ပတ်လည်လှည့်၍ ကစားကြည့်၏။ ကစား သလောက်ပင် ပါနေတော့၏။

– လက်ရှိ မနိုင်နင်းဘဲ အထက် တက်ဖို့ မကြိုးစားလေနှင့်။

– မနိုင်သော် လှေနှစ်စင်းဝယ် ဖဝါးတစ်ခုစီ ချသူမျိုးသို့ ဖြစ်တတ်သည်။

ထိုစကား မောင်ဉာဏနားထဲ ကြားနေသဖြင့် ခြေကုပ်မြဲရန် အားယူနေ ခြင်း ဖြစ်၏။ မိမိရပြီး ဈာန်အဆင့်၌ စိတ်ချရကြောင်း သိလာရန် ဖြစ်၏။ မိမိစိတ် မိမိ ပိုင်ဆိုင်နိုင်နင်းနေပြီဖြစ်ကြောင်းကိုလည်း သိလာရ၏။ ကိုယ်သည် ကား လန်းဆန်းလျက်က ပေါ့ပါးနေ၏။

နံနက် နေတက်ချိန်တွင် မောင်ဉာဏသည် ဆရာကြီးထံ ရောက်သွား၏။ ဆရာကြီးကလည်း မောင်ဉာဏ လာမည်ကို ကြိုတင်သိနေသည့်အလျောက် တစ် ယောက်ထိုင် သင်ဖြူးလေး တစ်ချပ် ၎င်း၏ရှေ့ ထုးကဲစွာ ခင်းပေးထားသည်ကို တွေ့ ရ၏။

– မောင်ဉာဏ လာပြီလား၊ ထိုင်...ထိုင်...ဖျာပေါ်မှာ။

ရှုဆဲတရား လက်မလွှတ်ဘဲနှင့်ပင် ဆရာကြီးက စတင်၍ စကားဆို၏။

- လာပါပြီ ဆရာကြီး၊ ဆရာကြီး ချီးမြှင့်မယ့် ပညာခန်း နာယူဖို့ပါ။

- အေး အေး ...ဈာန်အခန်း အပါဝနေလျှင် အဘိညာဉ်ခန်း တက်လို့ ရပြီ။ သည်လို တက်ရာမှာ...

(က) ရှေးဘဝက နီးသောအကြောင်း ခံပါပြီးသာ ဖြစ်နေက သည်အဆင့် များက တက်ကြတယ်။

(ခ) ယခုဘဝမှ စတင်သူများကျတော့ နာမ်ဈာန်လေးမျိုးအထိ တက်ပြီး မှသာ ရတယ်။

- ဆရာကြီး ...နာမ်ဈာန်လေးမျိုးဆိုတာဘာ ခေါ်ပါသလဲ၊ ဘယ်လို ဝင် စားရပါသလဲ။

- နာမ်ဈာန်ဆိုတာ ကသိုဏ်းကွက် စတဲ့ ရုပ်ဝတ္ထုများကို ပျောက်အောင် ပျောက်ဖျက်ပြီးတော့ နာမ်စိတ်ကလေးသက်သက်ချည်း ဝင်စားလို့ ရနေတာကို ခေါ် တယ် မောင်ဉာဏ။

- ဆက်လက်အမိန့်ရှိပါဦး ဆရာကြီး။

## ရုပ်ဈာန်မှ နာမ်ဈာန်သို့ လေးဆင့်ဖြင့် ပြောင်းရွှေ့လိုက်ခြင်း

မောင်ဉာဏတို့ ဝင်စားခဲ့တဲ့ ကသိုဏ်းဆယ်မျိုးထဲမှာ အာကာသ ကသိုဏ်း မပါ၊ ကျန်ကိုးပါး တစ်ပါးပါး ကြိုက်ရာကို အခုအဆင့်အထိ အဆင့်ဆင့်ရှု။

ရှုပြီးလို့ ကသိုဏ်းဝန်းကြီး ထင်နေခဲ့သော်...

သည်နေရာ၊ သည်ကသိုဏ်းဝန်းလည်း မရှိ၊ သည်အရာသည်လည်း ကသိုဏ်း ဝန်း မဟုတ်၊ သည်နေရာဟာ ကောင်းကင်ပေပဲလို့ အဖန်ဖန်ရှုပေးရတယ်။

၁။ သည်အခါ ကသိုဏ်းကို ဥပေက္ခာပြုစိတ်၊ တစ်ခုဟည်း အာရုံပေါ် ကည်စိတ် နှစ်မျိုးသာ ဖြစ်ပေါ်လာပြီး ကသိုဏ်းဝန်းအစား ဟင်း လင်းပြင်ကြီး ဖြစ်သွားရောကွဲ့။

၃၊ ကသိုဏ်းခွာပြီး ရတဲ့ ရုပ်ဝတ္ထုပျောက် ဈာန်စိတ်မို့ အရူပ ဈာန် ခေါ်ရ တယ်။ ကောင်းကင်ဈာန်လို့လည်း သုံးတယ်။ ပထမဦးသုံးသော နာမ်ဈာန်လို့လည်း သုံးတယ်။

၂။ သည့်နောက် ပည့်ထက်သိမ်မွေ့လိုခဲ့လျှင်...
ကောင်းကင်ဟင်းလင်း ကွယ်ပျောက်ပြီး မိမိအသိစိတ်ကလေ ချည်ကျန်နေရစ်ရအောင် အဲသည် ကောင်းကင်ကိုပဲ အာရုံပြုစိတ်နဲ့အတူ ထင်ရှားလာပြီ။ အဲဒါကိုပဲ အဆုံးမရှိကောင်းကင်ကို အာရုံပြုတဲ့ ဝိညာဉ်လို့ အဖန်ဖန်ရှုပေးရမတယ်။

သည်အခါ ကသိုဏ်းကွာ၊ ကောင်းကင်ကွက် အကွက်ပျောက်သွား ပြီး တကယ့် ဟင်းလင်းပြင်ကောင်းကင်ကြီး ဖြစ်ပေါ်လာတယ်။ စိတ်ကလည်း ဥပေက္ခာ၊ ဧကဂ္ဂတာ နှစ်မျိုးပဲ ဖြစ်တော့တယ်။ သည်နာမ်ရျာန်ကိုတော့ ဝိညာဉ်ရျာန်လို့လည်း ခေါ်တယ်။ ဒုတိယမြောက် နာမ်ရျာန်လို့လည်း ခေါ်တယ်။

၃။ သည့်အထက် သိမ်မွေ့တဲ့ နာမ်ရျာန် ရလိုခဲ့လျှင်...
ပထမ နာမ်ရျာန်ကို ဦးစွာ ဝင်စား၊ ပြီးသော် ဆက်ပြီး ဒုတိယ နာမ်ရျာန်ကို ဆက်ဝင်စား၊ ပြီးသော်...
ငါ အာရုံပြုရာ၌ ကောင်းကင်ဟူသည် ဘာမျှမရှိ၊ ဘာမျှမရှိ။

သည်လို အဖန်ဖန် အထပ်ထပ် ရှုလိုက်လျှင် ကောင်းကင်လို့ဆိုတဲ့ သညာအမှတ်၊ ရုပ်ပညတ်များ အားလုံးကွယ်ပျောက်သွားပြီး ဥပေက္ခာ၊ ဧကဂ္ဂတာ စိတ်နှစ်မျိုးနဲ့သာ ဖြစ်လာတော့တယ်။ ဒါကိုတော့ တတိယမြောက် နာမ်ရျာန်လို့လည်းသုံးတယ်။ ကောင်းကင်ပညတ် နည်းနည်းလေးမျှ မရှိတော့လောက်အောင် ရှုပစ်နိုင်တဲ့အတွက် အာကိဉ္စနာမ်ရျာန်လို့လည်း သုံးကြတယ်။

၄။ သည်စိတ်ဝိညာဉ်လေး သည့်ထက် နူးညံ့သိမ်မွေ့လိုခဲ့လျှင်...
ပထမ – မရှိတော့တဲ့ ကောင်းကင်ပညတ် မရှိတော့ပုံကို အာရုံပြုရမယ်။ ပြီးသော် တတိယ နာမ်ရျာန်စိတ်ကိုပဲ အာရုံပြုပြီး...
– ဤဝိညာဉ်ကား အလွန်သိမ်မွေ့၏၊ အလွန်သိမ်မွေ့၏။

သည်လို အဖန်ဖန်ရှုနေခဲ့သော် ဥပေက္ခာ၊ ဧကဂ္ဂတာ စိတ်နှစ်မျိုး နဲ့အတူ အလွန်သိမ်မွေ့၊ အလွန်လည်း နူးညံ့လွန်းလှတဲ့ စိတ်ကလေး ဖြစ်ပေါ်လာတယ်။

– ဒါဟာ လောကီအာရုံထဲမှာတော့ အထွတ်အထိပ်ပဲ။

- သည်ဆိုခဲ့တဲ့ ဈာန်စိတ်အားလုံးကို မဟဂ္ဂုတ်စိတ်လို့ ဒါကြောင့် သုံးတာတပည့်။ မဟဂ္ဂုတ်ဆိုတာက ညစ်ပတ် စုတ်ပဲ့တဲ့ ကိလေသာများနဲ့ မရောမယှက် သက်သက်သော ဈာန်စိတ်မျိုး ဖြစ်တာကတစ်ကြောင်း၊ အလွန်နူးညံ့သိမ်မွေ့တာကလည်း တစ်ကြောင်း ကြောင့်ပေါ့ကွယ်။

- ကျေးဇူးကြီးလှပါတယ် ဆရာကြီး၊ သည် ဆရာကြီး ရှင်းပြခဲ့တဲ့ နာမ်ဈာန်စိတ် လေးမျိုးတို့က ရုပ်ကြီးကွယ်ပျောက် ကိုယ်ရောင်ပျောက်ပြီး မြေလျှိုးမိုးပျံရာမှာ အသုံးချလို့ ရပါသလား။

- အေး၊ အဘိညာဉ်လိုချင် သူတို့ပါမှ ဆိုထားတာပဲ၊ အသုံးဝင်တာပေါ့တပည့်။

- ဆက်လက်ပြီး မိန့်ပါဦး ဆရာကြီး။

- မောင်ဉာဏ ဈာန်ကနေ အဘိညာဉ် ကူးတော့မယ်ဆို။

(က) ကသိုဏ်း ဆယ်မျိုးစလုံးကိုလည်း နိုင်နင်းအောင် ဈာန်ဝင်စားထားရမယ်။

(ခ) သမာပတ် ရှစ်မျိုးစလုံးကိုလည်း နိုင်နင်းအောင် ဈာန်ဝင်စားထားရမယ်ကွဲ့။

- ဆရာကြီး၊ ဘယ်လိုဝင်စားရပါ့မလဲ၊ သမာပတ်ဆိုတာတွေက ဘာတွေလဲ။

- သမာပတ်ဆိုတာ မောင်ရင့်လက်ထဲ ရောက်နေတဲ့ ဈာန်အဆင့် ရှစ်မျိုးပဲပေါ့။ ဝိတက်၊ ဝိစာရ နှစ်မျိုးက ဦးထမ်းပုံထမ်း သဘောတူမို့ အတူ ပေါင်းလိုက်တော့...

(က) ရူပဈာန်အဆင့်က လေးဆင့်ပဲ ရှိတယ်။

(ခ) အရူပ ဈာန်အဆင့်က လေးဆင့်ပဲ၊ ပေါင်းလိုက်တော့ ရှစ်ဆင့်။

အဲဒါကို မိမိလက်ထဲ ရောက်ရှိလာစေပြီး ဝင်ဆံ့နိုင်၊ ခိုင်းစားနိုင်လို့ သမာပတ် ခေါ်ရတယ်။

ဘယ်လိုဝင်စာ ရမလဲ ဆိုတော့...

(က) ကသိုဏ်း ဆယ်မျိုး စလုံ ကိုလည်း အနုလုံပဋိလုံဆိုတဲ့ အစမှ အဆုံး

သို့၊ တစ်ဖန် အဆုံးမှအစဆီသို့ အပြန်ပြန်အလှန်လှန် ဖင် တစ်ပြန် ခေါင်းတစ်ပြန် ဝင်စားထား။

(ခ) ဈာန်အဆင့် ရှစ်မျိုးစလုံးကိုလည်းပဲ ရူပဈာန် ပထမဆင့်ကနေ အရူပ ဈာန် စတုတ္ထအထိ။ တစ်ဖန် အရူပ စတုတ္ထကနေ၊ တတိယ၊ ဒုတိယ စသည် လှန်ဝင်စားလာကာ ရူပ ပထမဈာန်အထိ။

အဲ…နှစ်မျိုးစလုံး လှန်လို လှန်၊ မှောက်လို မှောက်နိုင်ပြီလား၊ နိုင်လျှင် ကသိုဏ်းနဲ့ ဈာန်အဆင့် နှစ်မျိုးစလုံးတို့ကို ကွက်ကျော်စီ ဝင်စားနိုင်ရမယ်။

ဆိုပါတော့…

## လူချင်းကာစားမယ့်အစား ဈာန်ချင်းကာစားပြမယ်

(က) ပထမ ပထဝီဝင်စား၊ ပြီး အာပေါ် ထားခဲ့၊ တေဇောဆက်ရှု၊ သည်လို ကသိုဏ်းကွက်ကျော်ရိုက်ခဲ့။

(ခ) ပထမ – ပထမဈာန်ဝင်စား၊ ပြီး ဒုတိယဈာန်ထားခဲ့၊ တတိယ ဈာန် ဆက်ရှု၊ ဈာန် ကွက်ကျော်ရိုက်ခဲ့။

(ဂ) ပထမ – ပထဝီကသိုဏ်းနဲ့ ပထမဈာန် ဝင်စား၊ ပြီး အာပေါနဲ့ ဒုတိယ ဈာန် ထားခဲ့၊ ပြီးတော့ တတိယဈာန်နဲ့ တေဇောတွဲပြီး ဝင်စား၊ သည်လို ဈာန်နဲ့ ကသိုဏ်းတွဲပြီး တစ်ခုကျော်၊ တစ်ခုကျော် ဝင်စား လာလိုက်တာ၊ ရူပ စတုတ္ထဈာန်နဲ့ ဝါယောကသိုဏ်းကျော်အပြီး **ပဉ္စမ ဈာန်နဲ့ နီလ ကသိုဏ်း** ဆက်ပြီး ဝင်စားရမယ်။ သည်မှာ ကသိုဏ်းက ငါးခု၊ ဈာန်ငါးဆင့်တွဲပြီးပြီလို့ မှတ်ထားခဲ့။

ပြီးလျှင် အရူပ နာမ်ဈာန်ချည်း တက်ရမယ်။ ကသိုဏ်းများ ထားခဲ့တော့၊ ဝင်စားပုံမှာ ပထမ – တတိယဈာန်နှစ်ခု ချန်ထားခဲ့ပြီး ဒုတိယ – စတုတ္ထဈာန်နှစ်ခု တို့ကို ဆက်လက်ဝင်စားရမယ်။ သည်တော့ သမာပတ် ရှစ်ပါး (ပဥ္စက နည်းဖြင့် ကိုးပါး) စုံအောင် အဆင့်တက်ပြီးပြီ ဆိုပါတော့။

တက်ပြီးလျှင် ရပ်လိုက်၊ ပြီး ပြန်ဆင်းခဲ့။

အဲ...အဆင်းကျတော့ အတက်က တစ်ကွက်စီ ချန်ထားခဲ့တဲ့ ကွက်ကျော် တွေကို ပြန်နင်းဆင်း။ သည်လိုဆင်းတဲ့အခါကျတော့...

နှာမ်ရဲ့ တတိယ ဈာန်ကို ဝင်စားပြီး ဒုတိယဈာန် ထားခဲ့၊ ပီတ ကသိုဏ်း ကိုလည်း ခွာထားခဲ့ပြီး နှာမ်ရဲ့ ပထမဈာန်ကို ဆက်ဝင်စားရမယ်။ ဒါဆို နှာမ်ဈာန် က နောက်ပြန်ပြန်ဆင်းပြီးပြီ။

– ဆရာကြီး...ပီတ ကသိုဏ်း ခွာထားခဲ့ရမယ် ဆိုတာ နားမရှင်းဘူး ဖြစ်နေ ပါတယ်၊ နှာမ်ဈာန်တွေမှာ အဆင်းပါသွားပါသလား၊ နှာမ်ဈာန်မှာ နှာမ်ချည်း သက် သက် မဟုတ်ပါလား။

မောင်ဉာဏ– ဈာန်ဝင်စားတာနဲ့ ဈာန်ကစားတာ ရောထွေးနေပြီကိုး။

– ဈာန်ဝင်စားပြီး အဆင့်တက်တုန်းကတော့ ရုပ်ကသိုဏ်းဆို့ဟင်းလင်း ပြင်တောင် ခွာခဲ့ရတယ်။ အဲ...ဈာန်ချည်းသက်သက် ကစားတုန်းကလည်း ဒီအတိုင်း ပါပဲ။ ရုပ်ဆိုရုပ်၊ နှာမ်ဆို နှာမ်ပါပဲ။ အခု ဈာန်နဲ့ ကသိုဏ်း တွဲကစားရာကျတော့ မောင်ဉာဏရဲ့ အာရုံပြုမှုထဲမှာ အားလုံးပါနေပြီ မဟုတ်လား။

– ရှင်းပါပြီ ဆရာကြီး၊ အာရုံပြုထားတဲ့ အဆင်းကသိုဏ်းတွေထဲက ပီတ ကသိုဏ်းကို အာရုံမပြုတော့တာကိုပဲ ခွာထားခဲ့ဆိုတာပေါ့ ဆရာကြီး။

– အေး...မှန်တယ်၊ ကဲ...ဆက်နားထောင်ဦး။

နှာမ်ဈာန်ဝင်စားမှု ဆုံးတာနဲ့ အတက်တုန်းက ဝင်စားခဲ့တဲ့ ရုပ်ပဉ္စမဈာန် နဲ့ နီလကသိုဏ်းထားခဲ့ပြီး စတုတ္ထဈာန်နဲ့ ဝါယောကသိုဏ်း၊ ဒုတိယဈာန်နဲ့ အာပေါ ကသိုဏ်း ဆက်ဝင်စား၊ ပြီးပြီလား၊ ပြီးလျှင် ကွင်းပိတ်အဖြစ် ပထမဈာန်နဲ့ ပထဝီ ဝင်စားပြီး ပွဲသိမ်း။

မသိမ်းလိုသေးလည်း ဆိုခဲ့ဘဲ့အတိုင်း ပြန်တက် ပြန်ဆင်း လုပ်ပေတော့။ ဒါက အောက်ကသိုဏ်း ခြောက်ခုတို့နဲ့ ဈာန်ကိုးဆင့် ဝင်စားပုံ၊ အထက် ကသိုဏ်း ခြောက်ခုတို့နဲ့ ဈာန်ကိုးဆင့်တို့ကိုလည်း ဒီပုံစံ အတုခိုးပြီး အဆင်းအတက် လုပ်တတ် ရတယ်။ အထူးမှာ အထက်ကသိုဏ်း ခြောက်ခုပြည့်အောင် နီလ၊ ပီတ နှစ်မျိုးတို့ က အထက်နဲ့ ကစားတဲ့အခါများလည်း ပါဝင်ပေးရမယ်။

ဒီလို ကသိုဏ်းနဲ့ ဈာန်၊ ဈာန်နဲ့ကသိုဏ်း၊ အောက်နဲ့အထက်၊ အထက်နဲ့

အောက်၊ အတက်နဲ့ အဆင်း၊ အဆင်းနဲ့အတက် တစ်နေရာရာမှာ မနိုင်နင်ဘူး၊ ထစ်ငေါ့နေတယ်ဆိုရင် အဘိညာဉ်အရာကျတော့ ရုတ်တရက် ဖန်ဆင်းလို့မရ ဖြစ်တတ်တယ်၊ သတိထားခဲ့ တပည့်။

– ကောင်းလှပါပြီ ဆရာကြီး၊ တပည့် အထူးကြိုးစားပါ့မယ်၊ ဒီလို ဈာန်ကစားလို့ အောင်မြင်တော့ ဘာဆက်လုပ်ရမလဲ ဆရာကြီး။

– ငါ့တပည့် လိုချင်တဲ့ လောကီရဲ့ အထွတ်အထိပ် ရောက်ပြီ၊ အဘိညာဉ်ရှင် ဖြစ်ပြီပေါ့။

– ဈာန်ကနေ အဘိညာဉ် ဘယ်လိုဆက်သွယ်ပြီး ကူးရပါ့မလဲ ဆရာကြီး။

– အေး…ငါ့တပည့်အမေးက မေးထိုက်တဲ့ စကားပဲ၊ အဲဒီအမေး မဖြေမီ အဘိညာဉ်အမျိုးအစား၊ ကသိုဏ်းများရဲ့ တစ်ခုစီ တစ်ခုစီ အစွမ်းတို့ကို အရင်ရှင်းပေးဦးမယ်။ အဘိညာဉ်ဆိုတာ ကိလေသာအနှောင့် ကင်းရှင်းနေလို့ ကိုယ့်စိတ်ကိုယ် ပိုင်နိုင်နေလို့ မသိစဖူး အသိထူးတွေ ဖြစ်ပေါ်လာစေတာကို ဆိုတာ။

ဘာတွေ အထူးသိလာရသလဲ မေး။

## အထူးသိစရာ ဉာဏ် (၆) မျိုး

(၁) ဒိဗ္ဗစက္ခု – နတ်တို့၏ မျက်စိကဲ့သို့ ဝေးရာ၊ ကွယ်ရာ၊ ငယ်ရာတွေကို ထွင်းဖောက်မြင်နိုင်တယ်။

(၂) ဒိဗ္ဗသောတ – နတ်နားကဲ့သို့ အလွန်သေးငယ်သော ညှင်းညှင်းယဲ့ယဲ့ အသံလေးကိုပင် ကြားနိုင်တယ်။

(၃) ပုဗ္ဗေ နိဝါသာ နုဿတိ – မိမိ၏ ရှေးဘဝ၊ ရှေးကိစ္စ၊ သူတစ်ပါးကိစ္စ ပြန်လည် ကြည့်နိုင်မြင်နိုင်တယ်။

(၄) အနာဂတံသ – မိမိဘဝ နောင်ဘာဖြစ်ဦးမည်ကို သူ့ကိစ္စ နောင်ဘာဖြစ်ဦးမည်ကို သိနိုင်တယ်။

(၅) ပရစိတ္တ ဝိဇာနန – သူတစ်ပါးစိတ်အကြံအစည်အားလုံးတို့ကို သိနိုင်မြင်နိုင်တယ်။

(၆) ဣန္ဒြိယဝိဓ – မြေလျှိုးမိုးပျံ တန်ခိုးဈာန်များ အသုံးချနိုင်တယ်။

ဒါတွေက အဘိညာဉ်ခေါ်တယ်။ ဒီ ခြောက်မျိုးနဲ့လောကကြီးအကြောင်း၊ ကိုယ့်အကြောင်း အားလုံးသိပိုင်လာရတယ် မောင်ဉာဏ။

ကသိုဏ်း ၁၀ မျိုးအစွမ်း ဆိုတာကကော ဆရာကြီး။

အေး...ကသိုဏ်းဖတ် ဆက်ရှင်းကြဦးစို့။

## ကသိုဏ်းများရဲ့ စွမ်းပကား

(၁) ပထဝီကသိုဏ်း – တစ်ရာ၊ တစ်ထောင် ဖန်ဆင်းမယ်၊ နဂါး၊ ဂဠုန် ဖန်ဆင်းမယ်၊ ရေပြင်၊ ကောင်းကင်တို့ကို မြေ ဖန်ဆင်းပြီးသွားမယ်၊ ရပ်မယ်၊ ထိုင်မယ်၊ အိပ်မယ်၊ သစ်ပင် တောတောင်၊ အိမ်၊ ကျောင်း၊ ဗိမာန်နဲ့ မြေပြင် ဖန်ဆင်းမယ်၊ မိုးရွာမယ်၊ အပေါ့ကို အလေး၊ အလေးကို ပေါ့အောင် ဖန်ဆင်းမယ်၊ သစ်ရွက်ခြောက်ကလေးကိုပင် မရွေ့လျားနိုင်အောင် ဖန်ဆင်းမယ်၊ ဒါတွေ အားလုံးဟာ ပထဝီ ကသိုဏ်းရဲ့ အစွမ်းသတ္တိချည်းပါပဲ။

(၂) အာပေါကသိုဏ်း – မြေမှာပင် ငုပ်နိုင် ပေါ်နိုင်ရမယ်၊ မိုးရွာစေမယ်၊ မြစ်၊ သမုဒ္ဒရာ စသည် ဖန်ဆင်းမယ်၊ ရေကနေ ဆီ၊ ပျား၊ ထောပတ် ဖြစ်စေမယ်၊ ကိုယ်မှ ရေထွက်စေမယ်၊ မြေ၊ တောင်၊ ပြာသာဒ် ပေါ် ပေါက်စေမယ်၊ ဒါတွေအားလုံးက အာပေါကသိုဏ်းရဲ့ အစွမ်းတွေပဲ။

(၃) တေဇောက – အခိုးအလျှံဖြစ်စေ၊ မီးဖြစ်စေ၊ ကိုယ့်ကိုယ်ကလည်း ထွက်စေနိုင်တယ်၊ တခြား အရာဝတ္ထုများကလည်း ထွက်စေနိုင်တယ်။

– ဒါတွင် မကသေးဘူး၊ ကိုယ့်တန်ခိုးမီးဖြင့် သူ့တန်ခိုးမီးကိုလည်း ကုန်စေနိုင်တယ်။

– လောင်စေလိုသော အရာဝတ္ထုမှန်သမျှတို့ကိုလည်း လောင်ကျွမ်းစေနိုင်တယ်။

– ဒိဗ္ဗစက္ခုရှုတဲ့အခါ အလင်းကိုဖြစ်စေပြီး မြင်ကွင်းကို ထွန်းလင်းပြနိုင်တယ်။

- ပရိနိဗ္ဗာန်စံတဲ့အခါ တေဇောဓာတ်ဖြင့်ပင် ကိုယ့်ကိုယ်ကို လောင်စေကာ ကိစ္စပြီးနိုင်တယ်။

(၄) ဝါယောက - လေကဲ့သို့လည်း သွားနိုင်တယ်၊ အလေးကအပေါ့ ဖြစ်စေနိုင်တယ်၊ မုန်တိုင်းထစေနိုင်တယ်။

(၅) နီလအဆင်းက - အညိုအဆင်း ဝတ္ထုဖန်ဆင်းနိုင်တယ်၊ ပတ္တမြား ညို ဖန်ဆင်းနိုင်တယ်၊ မှောင်ချပစ်နိုင်တယ်။

(၆) ပီတက - ဝင်းဝင်းဝါဝါအဆင်း ဝတ္ထုဖန်ဆင်းနိုင်တယ်၊ ရွှေ စသည် များလည်း ဖန်ဆင်းနိုင်တယ်။

(၇) လောဟိတက - နီသောအဆင်း ဝတ္ထုမှန်သမျှနှင့် ပတ္တမြား စသည် ရတနာများ ဖန်ဆင်းနိုင်တယ်။

(၈) ဩဒါတက - ဖြူသောအဆင်း ဝတ္ထုများနှင့် ငွေ၊ ပြီးတော့ အမှောင် ကိုပယ်ခြင်း၊ အလင်းကို ဖြစ်စေခြင်းများ ဖန်ဆင်းနိုင်တယ်။

(၉) အာလောက,က - အရောင်ထွက်စေခြင်း၊ အရောင်တောက်ပသော ရုပ်ဖြစ်စေခြင်း၊အမှောင်ကို ပယ်ခြင်း၊ အလင်းကိုဖြစ်စေခြင်း၊အရောင် အလင်းဖြစ်စေခြင်းများကို ဖန်ဆင်းနိုင်တယ်။

(၁၀) အာကာသက - ဖုံးကွယ်နေတာကို ပေါ်စေခြင်း၊ မြေ၊ တောင် အတွင်းမှာပင် ကောင်းကင်ဖြစ်စေခြင်း၊ နံရံတံတိုင်းများ၌ မငြိမထောက် ထွင်းဖောက်သွားနိုင်ခြင်းများကို ဖန်ဆင်းနိုင်တယ်။

ဒီလို ကသိုဏ်း ၁၀ မျိုးတို့က သူ့တန်ခိုးနဲ့သူ ဖန်ဆင်းပေးနိုင်တယ်။ အားလုံးပေါင်း အစွမ်းက မမြင်လိုရာ မမြင်စေခြင်း၊ အငယ်ကို အကြီး၊ အကြီးကို အငယ်၊ တစ်ဖန် အနီးကို အဝေး၊ အဝေးကိုတော့ အနီး၊ သူတစ်ပါးတို့ အမှတ်ရနေတဲ့ အကြောင်းအရာများကို မေ့ပျောက်သွားအောင် ဖုံးကွယ်ပစ်နိုင်ခြင်းများကို အဲဒီ စုပေါင်း အစွမ်းက တတ်နိုင်သေးတယ် မောင်ဉာဏ။

- ဩော်...ဒါကြောင့် ဆရာကြီးက ကသိုဏ်း ၁၀ နည်း တား[illegible] ရှင်း[illegible] တာကိုး။

- အေးပေါ့ကွဲ့၊ ဈာန်ရရုံက တစ်ခုနဲ့ပြီးတယ်၊ အ[illegible] [illegible]ျတော့

၁၀ မျိုး စုံမှ ပြီ တယ်။ အေ ...ဒီလောက်ဆို လုလောက်ပြီ၊ အဘိညာဉ်ကူ ပုံ နောက်မှပဲ ဆက်ကြစို့။

- ကျေးဇူး ကြီး လှပါတယ် ဆရာကြီး ။

မောင်ဉာဏသည် အလိုက်သိစွာဖြင့် ဆရာကြီးအား ဂါရဝပြု၍ ဆရာကြီးအပါးမှ ထွက်ခဲ့၏။ မောင်ရူပကား အစားအသောက်များနှင့်အတူ အဆင်သင့် စောင့်ကြိုနေလေပြီ။ မောင်ဉာဏ ဂူတွင်းရောက်သည်နှင့် အတူစားရင်း စကားပြောကြ၏။

- ဘာများ ထူးလို့ အတော်ကြီးသွားရတာလဲ အစ်ကိုလေး။

- ထူးလို့ဆိုတာထက် ထူးဖို့သွားတယ်ဆိုက ပိုမှန်လိမ့်မယ်ကွာ၊ ဘာ့ကြောင့်ဆို ဒီတစ်ခါ တစ်ချက်ပြင်းပြင်း တင်းပေးလိုက်ရင် လင်းဖို့ပဲ ဆိုပါတော့။ ရော့...ဖတ်ကြည့်။

## သမာပတ် (၈) ပါး

သမာပတ်ဆိုသည်မှာ လက်ဝယ်ရောက်ပြီး ဈာန်အဆင့်များကို လိုသလို ဝင်စား၍ ရခြင်းတည်း။ ၎င်းတို့မှာ...

(၁) ရုပ်, နာမ်စုံ ဈာန်အဆင့်က လေးမျိုး၊

(၂) ရုပ်မဲ့ နာမ် ဈာန်အဆင့်က လေးမျိုး...

တို့ကို ဆိုချေသည်။ ရုပ် နာမ်စုံ ဈာန်၌ ဝိတက်နှင့် ဝိစာရဈာန်တို့ကို နှစ်မျိုးခွဲက သမာပတ် ကိုးမျိုးဟူ၍ ဆိုရသည်။

## ဈာန်ကစားခြင်း

(၁) ကသိုဏ်း ၁၀ မျိုးတို့ကိုလည်း အစမှ အဆုံး၊ အဆုံးမှ အစ အပြန်အလှန် ရှုခြင်း။

(၂) ဈာန် ကိုးဆင့်တို့ကိုလည်း အစမှ အဆုံး၊ အဆုံးမှအစ အပြန်အလှန် ဝင်စားခြင်း။

(၃) တစ်ဖန် ကသိုဏ်းနှင့် ဈာန် ရောနှော၍ တစ်လှည့်စီ ရှုလိုက်၊ ဝင်စား

လိုက် ပြုလုပ်ခြင်း ၊ ထိုသို့ နိုင်နင် လာသော်...

(က) ကသိုဏ်း ၁၀ မျိုးတို့ ၁ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ နီလ၊ ပီတ ခြောက်မျိုးက တစ်ပိုင်း၊

(ခ) နီလ၊ ပီတ နှစ်မျိုး အရင်းတည်ထားပြီ လောဟိတ၊ ဩဒါတ၊ အာလောက၊ အာကာသ ခြောက်မျိုးက တစ်ပိုင်း၊

ဤသို့ နှစ်မျိုး နှစ်သုတ်ခွဲပြီး တစ်သုတ်လျှင် ဈာန်ကိုးဆင့်တို့နှင့်

(က) ပထဝီ – ပထမဈာန်မှနေ တစ်ခုကျော် တစ်ခုကျော် ရှုလိုက်၊ ဝင်စားလိုက် ပြုလုပ်ခြင်း။

(ခ) အရူပ – စတုတ္ထဈာန်မှနေ **ပထဝီ,** ပထမဈာန်တိုင်အောင် ကွက်ကျော် နင်း၍ ဆင်းလာခဲ့ခြင်း၊ ဤသို့လျှင် ပြန်ကာလှန်ကာ ဝင်စားလိုက်, ရှုလိုက် ရှိရမည်။

ဤသည်ပင် ဈာန်ကစားခြင်းတည်း။

ဤသည်ပင် ကိုယ့်စိတ်ကို ဉာဏ် ထပ်မထပ် စမ်းသပ်ခြင်းတည်း။

– ဒီလိုဆို ကသိုဏ်း ၁၀ မျိုး အားလုံးပေါင်းမှ လမ်းတစ်ကြောင်းတည်း ရယ်ပေ့ါ အစ်ကိုလေးရ။

– အေး...ဟုတ်ပ၊ ဈာန်အဆင့်ကလည်း အကုန်ပြီးမှ ခရီးတွင်တာမျိုးပဲ။

– အဘိညာဉ်များနဲ့ ကသိုဏ်းစွမ်းများကိုလည်း ဆက်ဖတ်ကြည့်ဦး။

## ဘယ်သူမှ မကြည့်တာမျိုးကို ကြည့်မှ ဘယ်သူမှ မသိတာမျိုး သိရသည်

အဘိညာဉ်ဆိုသည်မှာ လူသာမန်သိတို့ မစွမ်းနိုင်သော အသိမျိုးကို ဆိုချေသည်။ ယင်းတို့မှာ

(၁) ဒိဗ္ဗစက္ခုအဘိညာဉ် – ဝေးသော၊ ကွယ်သော၊ ငယ်သော အရာဝတ္ထုများကို ထွင်းဖောက်မြင်နိုင်စွမ်းတည်း။

(၂) ဒိဗ္ဗသောတ အဘိညာဉ် – အလွန်တိုးလွန်းသော အသံကိုပင် အဝေး၊ အနီး ဖြစ်ပါစေ, ကြားနိုင်စွမ်းရှိခြင်းတည်း။

(၃) ပုဗ္ဗေနိဝါသ အဘိညာဉ် – ကိုယ့်ဘဝ၊ သူ့ဘဝ ဖြစ်စဉ်များကို အတိတ် ပြန်လှန်ကြည့်နိုင်စွမ်း ရှိခြင်းတည်း။
(၄) အနာဂတံသ အဘိညာဉ် – ကိုယ့်အကြောင်း၊ သူ့အကြောင်းများကို ရှေ့ရေး တွေး အဖြေပေးနိုင်စွမ်း ရှိခြင်းတည်း။
(၅) ပရစိတ္တဝိဇာနန အဘိညာဉ် – သူ့ဝမ်းတွင်းစိတ်၊ ကြံစည်နေသည် ကို ထိုးထွင်းသိနိုင်စွမ်းရှိခြင်းတည်း။
(၆) ဣဒ္ဓိဝိဓ အဘိညာဉ် – မြေလျှိုး၊ မိုးပျံ တန်ခိုးဗျာန်များ ဖန်ဆင်းနိုင် စွမ်း ရှိခြင်းတည်း။

**မှတ်ချက်။** ။ *အထူးသိဆိုသော်လည်း ဈာန်ဝင်စားကြည့်၊ အာရုံပြု ကြည့်မှသာသိနိုင်သည်။*

– စိတ်သွားရာ ကိုယ်ပါ ဆိုတာ သည်အဆင့်မျိုးကို ပြောတာ ထင်ပါရဲ့ ဗျာ။

– အေး...ဟုတ်လောက်တယ်ကွဲ့၊ သို့ပေမယ့် ဈာန်စိတ် အမြဲရှိနေမှသာ ဖြစ်တာမျိုးပဲ။ တို့ခေတ် လေယာဉ်ပျံရှိမှ ကောင်းကင်ခရီး သွားနိုင်ကြသလို နေမှာ ပေါ့ကွယ်။

– ကဲ ကဲ... ကျန်ကသိုဏ်းစွမ်း စာရွက်ကတော့ ဖတ်မနေနဲ့၊ ညီလေးပဲ သိမ်းထားလိုက်တော့။ ရတဲ့အချိန်လေး ရသလောက် အခွင့်အရေးရအောင် ယူကြဦးစို့။

ထို့နောက် နှစ်ဦးသား လူစုခွဲကြပြီး အလုပ်ခွင်ဝင်ကြ၏။

မောင်ဉာဏသည် တစ်နေ့လုံးလုံး ဦးစွာ ကသိုဏ်းများကို အစဉ်အတိုင်း တစ်ခုစီ တစ်ခုစီ ပြောင်းလဲ ရှုကြည့်၏။ ထို့နောက် ဈာန်အဆင့်များကိုချည်း အစဉ် အတိုင်း ကိုးဆင့်စလုံး ပြောင်းလဲဝင်စား၏။

နှစ်မျိုးစလုံးသွက်လက်စွာ ဝင်ဆံ့နိုင်ပြီဆိုမှ ကသိုဏ်းချည်း အစမှ အဆုံး၊ အဆုံးမှ အစ အပြန်ပြန် အလှန်လှန် ရှု၏။ ဈာန်ကိုချည်း အစမှ အဆုံး၊ အဆုံးမှ အစ အပြန်ပြန်အလှန်လှန် ဝင်စား၏။ ကသိုဏ်းဈာန် ရောလျက်က ကွက်ကျော်လည်း ဆင်းချည် တက်ချည် လုပ်ကြည့်၏။ အထစ်အငေါ့တွေ့သော နေရာဆိုက အထူးစိုက် အထူးကြည့်ဖြင့် ချောမောသည်အထိ ကြိုးစား၏။ ပမာအားဖြင့် သွားနေကျ လာနေကျ

နေရာမျိုးဝယ် မျက်စိမှိတ်ပြီး သွားကြည့်သော်မှ လမ်းမမှား၊ စိတ်မထင့်တော့ပုံမျိုးသို့ ဆိုက်အောင် မောင်ဉာဏ ရျာန်ကစားကြည့်နေ၏။

– မောင်ဉာဏ…ဒီလောက်ဆို ရပြီဟေ့။

ဆရာကြီးအသံ ဖြစ်၏။ မောင်ဉာဏသည် နေရာမှ ထ၍ နေရာပေးကာ အရိအသေပြု၏။ မောင်ရှုပလည်း ဆရာကြီး အသံကြားလိုက်ရသဖြင့် ရောက်လာ၏။

– **သည်ကနေ့ မောင်ဉာဏတို့၊ မောင်ရှုပတို့ အထက် နားနေခန်းများ သွားကြည့်ကြရမယ်၊ ဆရာပါ လိုက်ပြမယ်။ အဲသည်မှာ အနားယူကြပြီး လိုအပ်မှ ဆရာ့ဆီ လာကြရမယ်။**

– **သွားဖို့ ဆက်အမိန့်ရှိပါ ဆရာကြီး။**

– **မသွားမီ သွားရမယ့် ခရီးအရင်သိထားရမကွဲ့၊ ရျာန်အဘိညာဉ်ရှင်တို့ နားခိုလေ့ရှိတဲ့ နေရာများကတော့…**

(၁) ဗြဟ္မာပါရိသဇ္ဇာ၊ ဗြဟ္မာ့ပုရောဟိတာ၊ မဟာဗြဟ္မာ – သည်သုံးဘုံတို့က ပထမဈာန်ရပုဂ္ဂိုလ်များ သွားရောက်နေထိုင်ကြရတဲ့ သုံးဘုံပဲ။

သည်မှာ မဟာဗြဟ္မာဆိုတာ ဘာသာအများအပြားတို့ မှီခိုအားထားနေကြရတဲ့ ဗြဟ္မာမင်းကြီးကို ပြောတာ။

သူက အဲသည်ဘုံမှာ သူ တစ်ဦးတည်းနေတယ်။

ကမ္ဘာကြီး ပျက်စီးပြီးတော့ တစ်ဖန်ပြန်လည် စုစည်းမိ၊ တည်မိလာတဲ့အခါ ဗြဟ္မာ့ဘုံမှာသူက ပထမဆုံး ရောက်လာသူလည်း ဖြစ်တယ်။

နောက်ရောက် ဗြဟ္မာတွေက သူ တောင့်တလို့ ငါတို့ဖြစ်ပေါ်လာရပေတယ်လို့ အလွန့်အလွန် ယုံယုံကြည်ကြည်နဲ့ အားကိုးရခြင်းကိုလည်း ခံယူရတယ်။

သူ့သက်တမ်းက အသင်္ချေ့ရ ကပ် တစ်ကပ်အထိ နေနိုင်တဲ့အတွက် မသေတော့ဘူးလို့လည်း အထင်ကပ်ရလောက်အောင် အသက်ရှည်တယ်။ သူ့နောက်မှ လာတဲ့ အောက်ဗြဟ္မာ့ နှစ်ဘုံတို့က ဗြဟ္မာငယ်တွေက သူ့အရင် တချို့က တစ်ဝက်စော၊ တချို့က သုံးပုံ စောပြီး သေကြေပျက်စီးကြရရှာလေတော့ ဗြဟ္မာမင်းကြီးခမျာ

သူတမ်းတလို့သာ ဒါလေးတွေ ရောက်လာကြတယ်၊ သူ မလိုတော့သောအခါ ဒါလေးတွေ ပြန်ရှာကြရတယ်လို့ အထင်ကပ်နေပြန်တယ်။

သူ့အောက် ဗြဟ္မာငယ်များကလည်း သူ့လိုပဲ သူပြောတိုင်း ယုံနေကြတယ်။ သို့ကြောင့်

– သူ့ကိုယ်သူ ငါကား မသေ၊ ငါကား ထာဝရလို့ ကြွေးကြော် ဟောပြောနေတယ်။

– ဆင်းသူ တက်သူအားလုံး ငါ ဖန်ဆင်းသော အတိုင်းသာ ဖြစ်ကြရတယ်လို့လည်း ဟောပြောနေတယ်။

– နို့ နေပါဦး ဆရာကြီး၊ သူပြောတိုင်း အားလုံးက ဘာကြောင့်ယုံကြပါသလဲ၊ သူပြောတဲ့ စကား မှန်,မမှန် ယုတ္တိဗေဒ[၁]၊ သဘာဝ ဆက္က[၂]များနဲ့ ကောနှိုင်းချင့် မကြည့်ကြဘူးလား။

– အဲသည်ကမ္ဘာဦးတည်စက သာသနာပ ကာလကိုး မောင်ဉာဏရဲ့၊ သူတို့မှာ သမထဈာန်နဲ့ပဲ ပြီးပြေနေကြရရှာတာ။ အဘိညာဉ်ဆိုတာ ကြား,မကြား ဖူးဘူး။

ဈာန်တစ်မျိုးတည်း၊ အဲသည် တစ်မျိုးတည်းမှ ပထမဈာန်စိတ်လောက်နဲ့ပဲ ခများများ ဗြဟ္မာဘုံသွားကြရတော့ ဗြဟ္မာမင်းကြီး ဟောပြောသမျှ အောချ ပြန်ခဲ့ရရှာတာပေါ့။

တို့ခေတ်ကျတော့ ဘုရားပွင့်လာခဲ့ပြီကိုး။ အရာအရာ သိပိုင်နိုင်စွမ်းတဲ့ ဉာဏ်များကလည်း အားလုံးတို့ရဲ့ မျက်စိမှာ တပ်ဆင်ပြီး ဖြစ်နေတော့ သူပြောတိုင်း ဘယ်ယုံပါတော့မလဲ။

သူ့တောင် မသိတာရှိ၊ အရှင်မောဂ္ဂလာန်ထံ ကိုယ်စား လွှတ်ပြီး မေးရရှာသေးသတဲ့။

---

၁။ ယုတ္တိဗေဒ – သင့် မသင့် နှိုင်းယှဉ်စရာ

၂။ သဘာဝ ဆက္ကာ – သဘောတရားဆက်ဖြင့် တိုင်းတာခြင်း

ဖြစ်လာတဲ့ အခက်အခဲမှ ကျော်စရာရှိ အရှင်မောဂ္ဂလာန်ထံ လွှတ်ပြီး အကူ ဉာဏ် တောင်းရသေးသတဲ့။ သို့ကြောင့် တို့ ဗုဒ္ဓဘာသာဝင်တွေကျတော့ သူ့ကို ဘုရားအရာ မထားကြတော့တာ မောင်ဉာဏရဲ့။

– ရှင်းပါပြီ ဆရာကြီး၊ ဆက်အမိန့်ရှိပါ။

(၂) ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ – ဒီသုံးဘုံက ဒုတိယဈာန် ရတို့ နားခိုရာ။

(၃) ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ – ဒီသုံးဘုံက တတိယ ဈာန်တို့ နားခိုရာ။

(၄) ဝေဟပ္ဖိုလ်၊ အသညသတ် – ဒီနှစ်ဘုံက စတုတ္ထဈာန်ရ သာမန်များ နားခိုရာ။

(၅) အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ– ဒီငါးဘုံတို့က အနာ ဂါမ်၊ ရဟန္တာ၊ ဗြဟ္မာများ နားခိုရာ။

ပေါင်းလိုက်တော့ ပထမ ဈာန်သုံးဘုံ၊ ဒုတိယဈာန် သုံးဘုံ၊ တတိယဈာန် သုံးဘုံ၊ ကိုးဘုံဖြစ်နေပြီ။ တစ်ဖန် ဝေဟပ္ဖိုလ်တစ်ဘုံ၊ သုဒ္ဓါဝါသ ငါးဘုံဆိုတော့ ခြောက်ဘုံ၊ ပေါင်း တစ်ဆယ့်ငါးဘုံ၊ သည်ဆယ့်ငါးဘုံတို့က ရုပ်,နာမ်စုံ ဈာန်ရဗြဟ္မာ တွေရဲ့ နားခိုရာတွေပဲ။ သည်ကမှ စတုတ္ထဈာန် ရောက်နေစဉ် စိတ်မုန်းဈာန် ရက အသညသတ်၊ သည်ကမှ ပဉ္စမဈာန် ရောက်နေစဉ် ကိုယ်မုန်းဈာန်ရသမားများက အရူပ ရယ်လို့ ခွဲထွက်သွားတယ်။ စတုတ္ထဈာန်က သုခနဲ့ ဧကဂ္ဂတာ ဆိုတော့ ကိုယ် အလွန်ငြိမ်းပြီး သဘောကျစရာကောင်းတာကိုး၊ ပဉ္စမဈာန်က ဥပေက္ခာ ဧကဂ္ဂတာ ဆိုတော့ စိတ်အလွန်ငြိမ်းတာကိုး၊ အားလုံးပေါင်းလိုက်တော့ ရုပ်နာမ်စုံ ဗြဟ္မာ့ဘုံက ဆယ့်ငါး၊ နာမ်မဲ့ဘုံက တစ်၊ ရုပ်မဲ့ဘုံက လေး၊ ပေါင်းနှစ်ဆယ်ပဲ။

– သွားခွင့်ရ ဘုံတွေတော့ သိရပါပြီ ဆရာကြီး၊ သူ့ဘုံအကြောင်းနဲ့၊ သူ့ အခေါ်အဝေါ်များကိုလည်း ရှင်းပြပါဦး။

– အေး...အဲဒါလည်း ဟုတ်တာပဲ၊ အကြောင်းမသိ၊ ရှိလည်းသွားတတ်မှာ မဟုတ်ဘူးပေါ့။

(က) ပထမ ရျာန် သုံးဘုံမှာ ဖြဟ္မာ့ပါရိသဇ္ဇာဆိုတာ **မဟာဗြဟ္မာကြီးရဲ့** အလုပ်ကြွေးများလို့ ဆိုရမယ်။

- ဗြဟ္မာ ပုရောဟိတာဆိုတာက ဗြဟ္မာမင်းကြီးရဲ့ အခါ်ပေးပညာရှိများ လို့ အဓိပ္ပာယ်ရတယ်။

- မဟာဗြဟ္မာဆိုတာကတော့ အဲသည် ပထမဈာန်သုံးဘုံရဲ့ အကြီးအကဲ လို့ သဘောပေါက်သင့်တယ်။

(ခ) ဒုတိယသုံးဘုံမှာ ပရိတ္တာဘာ – အထက်အထက် ဗြဟ္မာတို့လောက် ကိုယ်ရောင် မတောက်ပတဲ့ အလုပ်အကြွေးများ။

- အပ္ပမာဏာဘာ – အတိုင်းအဆမရှိကိုယ်ရောင်များ တောက်ပနေတဲ့ ပုရော ဟိတ်ကြီးများ၊

- အာဘဿရာ – စိတ်ကြည်သလောက်ကိုယ်မှ လျှပ်စီးလက်ဘိသို့ အ ရောင် တလျှပ်လျှပ် ထွက်ပြူနေတဲ့ ဗြဟ္မာ့အကြီးအကဲများ။

သည်လို အဓိပ္ပာယ်ထွက်တယ်။

(ဂ) တတိယ ရျာန်ဘုံမှာ ပရိတ္တသုဘာ – မလှုပ်မယှက် တစ်ခဲနက် တောက်ပ နေသော၊ တင့်တင့်တယ်တယ် အရောင်ရှိသော အလုပ်အကြွေးများ။

- အပ္ပမာဏသုဘာ – တင့်တယ်သော အရောင်များ အတိုင်းအဆမရှိ ထွက်နေသော ပုရောဟိတ်ဗြဟ္မာကြီးများ။

- သုဘကိဏှာ – အလွန်တင့်တယ်တောက်ပသော အရောင်များ၊ တစ်ခဲ နက် ပြိုးပြက်ထွက်နေသော အကြီးအကဲများ...သည်လို အဓိပ္ပာယ်ရတယ် မောင် ဉာဏရဲ့။

- ဗြဟ္မာတွေမှာလည်း အပေါ့ဗြဟ္မာ၊ ပညာရှိဗြဟ္မာ၊ ဘုရင်ဗြဟ္မာရယ် လို့ ကွဲပြားနေတုန်းပဲလား ဆရာကြီး။

- ဘယ်မှာဖြစ်ဖြစ် နောက်ခံ အင်အား သတ္တိချင်းများ မတူလေတော့ အကျိုးပေးလည်း မတူကြဘူးပေါ့။

- မောင်ဉာဏတို့ လူ့ပြည်မှာ ကျောင်းဆရာချင်းတော့ တူပါရဲ့၊ အာဝဇ္ဇန်း ချင်း မတူကြသလိုပဲ ဆိုပါစို့။ စစ်တပ်မှာ အရာရှိချင်း တူကြတယ်၊ သို့ပေမင့် အစွမ်း

သတ္တဝါချင်းကျတော့ ကွာခြားကြသလို ဆိုပါစို့။ ရုံးတွေမှာ ရုံးထိုင်ချင်းတူပေမင့် ရုံးလုပ်ငန်းလုပ်ရာမှာ မတူကြသလိုပဲ ဆိုပါစို့။ သတ္တဝါတိုင်း လာရာလမ်းချင်းမှ မတူကြဘဲနဲ့၊ ဆုံရာကျမှ ဘယ်တူနိုင်ကြပါ့မလဲ။

(ဃ)စတုတ္ထဘုံက ဝေဟပ္ဖိုလ်ဆိုတာ ပြန့်ပွားတိုးတက်သော အကျိုးပေးရှိရာများလို့ ဆိုလိုတယ်။ သုဒ္ဓါဝါသ ငါးဘုံဆိုတာကတော့ အနာဂါမ်ဖြဟ္မာမင်းကြီးများနဲ့ ဗြဟ္မာပြည်ရောက်မှ ရဟန္တာဖြစ်တဲ့ ရဟန္တာဗြဟ္မာကြီးများချည်း သီးသန့်နေရာ ဘုံများလို့ အဓိပ္ပာယ်ရတယ်။

– အဲသည်ဘုံ ရောက်ဖူးတယ်လို့ အတိတ်မရှိရဘူး၊ သည်ကပြီး နိဗ္ဗာန်ဝင်။

– သတ္တဝါများ သုံးဆယ့်တစ်ဘုံ လည်တယ် ဆိုပေမင့် အဲသည်ငါး ဘုံလည်လို့ မရဘူး။

(င) အသညသတ် ဆိုတာ သညာအမှတ်လည်း မရှိတော့ အခြား စိတ်များနဲ့ ၎င်းတို့မှီရာများလည်း ကင်းဆိတ်သွားပြီး ရွှေတုံးကြီး လမ်း ဘေးချထားသလို မလှုပ်မယှက် တည်နေလို့ပဲတဲ့။

– ရုတ်တရက်ကြည့် သက်ရှိမှ ဟုတ်ရဲ့လား၊ ယုံမှားရလွန်းလို့။

သူ့ကို သတ္တ – သက်ရှိပါရယ်လို့ အသညနောက် သတ္တ ထည့်ပေးထားရတယ်။

(စ) သည် သုဒ္ဓါဝါသာဘုံများ အထက်မှာတော့ နာမ်လေးဘုံပဲ ရှိတော့တယ်။ ရုပ်ဘုံဖြစ်တဲ့ အသညသတ်က သုဒ္ဓါဝါသာရဲ့ အောက် ဝေဟပ္ဖိုလ်ဘုံနဲ့ တစ်ပြင်တည်းမှာပဲ ရှိလေရဲ့။ နာမ်လေးဘုံလို့ သည်မှာဆိုပေမယ့် ရုပ်မဲ့ဘုံမျိုးဆိုတော့ ဗိမာန်ကြီးတွေ၊ ဥယျာဉ်ကြီးတွေ ဘယ်ရှိပါ့မလဲ၊ လေဟာပြင်မှာ ဝိညာဉ်လေးများချည်း ဖြစ်နေပေလိမ့်မယ်။

တို့ရုပ်နာမ်စုံ တစ်ဆယ့်ငါးဘုံထဲက ပထမဈာန် ဗြဟ္မာ့ပါရိသဇ္ဇာသွာ ကြရအောင် မောင်ညာဏ။

(က)ပထမရျာန်နှံ့အဖြစ် ပထဝီကသိုဏ်းဖြင့် ပဋ္ဌမဈာန်ကို ဦးစွာဝင်စားပါ၊ နိုးလျှင် ရပ်တန့်ပြီးတော့၊

(ခ) ဒုတိယ – ငါဖြဟ္မာ့ပါရိသဇ္ဇာသွားမည်၊ ငါ့ခန္ဓာ ဖြဟ္မာ့ပါရိသဇ္ဇာရောက်စေလို့ အခြေတည် ဆင်ခြင်စိတ် ဝင်ဆံ့ပြီး အဘိညာဉ်အခြေပြု၊ ပဋ္ဌမဈာန်ကို ဆက်လက်ဝင်စားပါ။

(ဂ) အဘိညာဉ်ဈာန် နိုးလာလျှင် ရပ်တန့်ပြီး စိတ်ဖြင့် ဖြဟ္မာ့ပါရိသဇ္ဇာဘုံ ညွတ်ပို့လိုက်ပါ။ အဘိညာဉ်စိတ်များ ဖြစ်ပေါ်လာသည်နှင့် ရောက်သွားပါလိမ့်မယ်။

ဆရာကြီး အသံ ရပ်သွား၏။

– မောင်ဉာဏ, ဆရာကြီးပြောတိုင်း ဈာန်နှံ့ဆင်ခြင် ဈာန်ဝင်စားပြုကျင့်၏။

– မောင်ရူပလည်း မောင်ဉာဏနည်းတူ လိုက်လံပြုကျင့်၏။

– ဆရာကြီးကိုယ်တိုင်လည်း ထိုအတိုင်းပင် ပြုကျင့်လျက်ရှိ၏။

ကသိုဏ်းကွက်မှ ရောင်ပြန်နိမိတ်ပေါ်သည်နှင့် ဈာန်များ အဆင့်ဆင့်ခွာချထားခဲ့ပြီး ပဋ္ဌမဈာန်ဖြင့် ငြိမ်ကျသွား၏။ ခဏရပ်လိုက်၏။ ဘဝင်စိတ် ခေါ် ဆင်ခြင်စိတ် မပါသောစိတ်၊ ခဏဖြစ်စေပြီး ဆက်၍ငါ့စိတ်၊ ငါ့ခန္ဓာတို့သည် ဖြဟ္မာ့ပါရိသဇ္ဇာဘုံသို့ ရောက်စေသတည်း။ အခြေပြုဆင်ခြင်စိတ် ဝင်စားပြီး ပဋ္ဌမဈာန်၏ ဥပေက္ခာ – ဧကဂ္ဂတာနှစ်မျိုးတို့ချည်း ဖြစ်စေပြီး အဘိညာဉ် ဈာန်ဇောများ နိုးလာ၏။ ခဏ ဆင်ခြင်စိတ် ရပ်ပြီး စိတ်ဖြင့် ဖြဟ္မာ့ပါရိသဇ္ဇာဘုံသို့ ညွတ်လိုက်ရာ တစ်ခဏချင်း ရောက်သွားကြတော့၏။ နတ်ဘုံများကဲ့သို့ ဆူညံခြင်း မရှိ၊ ပကတိ တိတ်ဆိတ်လျက်ရှိ၏။

– နတ်ဘုံများက ကာလသား ဝိုင်း၊ ကာလသမီးဝိုင်းများ နေထိုင်ဆက်ဆံကြပုံမျိုး၊

– ဖြဟ္မာ့ဘုံများက ဥပုသ်ဆောင်က ယောဂီ အမျိုးသား၊ အမျိုးသမီးများ သိတင်းသုံးကြပုံမျိုး ဟာ…တယ်တိတ်ဆိတ်အေးချမ်းပါကလား။ လူများမှ ရှိကြပါရဲ့လေလား။

မောင်ရှုပသည် တိတ်ဆိတ်မှုကို သည်းမခံနိုင်သည့်အလား စကားဆိုလိုက်၏။ ဗြဟ္မာဆိုတာ ကိလေသာများနဲ့ မိမိစိတ် အပ်မခံကြလို့ ပုထုဇဉ်တွေထက်မြတ်သော ပုဂ္ဂိုလ် ဆိုထားတာပဲ။ ပုထုဇဉ်တို့ရဲ့ ကာမနယ်မြေလို ဘယ်ဟုတ်ပါ့မလဲ မောင်ရှုပ။

သုံးဦးသား စကားတပြောပြော သွားကြ၏။ တစ်နေရာတွင် ဆွေးနွေးခန်းမကြီးတစ်ခု တွေ့ရ၏။ ဗြဟ္မာတို့ရဲ့ အစေခံ ဗြဟ္မာများကား များပြားလှပါချေ၏။ ဘာသာမျိုးစုံ၊ ဝါဒမျိုးစုံတို့မှ ပေါ်ထွန်းလာကြသော ဗြဟ္မာများ ဖြစ်ကြလေရကား ဝါဒချင်းကား မတူချေ။ အထူးသဖြင့် လူသားတို့ သားကောင်များကို သတ်ဖြတ်စားသုံးကြရာ၌...

(၁) ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာဝင် ဗြဟ္မာတို့က မသတ်ဖြတ်သင့်ကြောင်း ဆွေးနွေးကြ၏။ အကြောင်းပြချက်မှာ...

(က) သတ္တဝါမှန်သမျှ အညီမှ စတင်ဖြစ်လာကြရပြီးနောက်မှ ဥခွံဖွား၊ ဝမ်းလွယ်ဖွားများအထိ တိုးတက်ဖြစ်လာကြရသော သဘာဝ မိခင်မွေးချည်းဖြစ်လာကြရာ ကိုယ်ချင်းစာသင့်ကြသည်။

(ခ) နိုင်ရာစား တိရစ္ဆာန်ဓလေ့နှင့် တရားထိန်း လူ့ဓလေ့နှစ်ခု ကွဲပြား ခြားနားလာကြစေရန် သူ့အသက်သတ်မှု စောင့်ထိန်းပြီး အသက်ဘေးကို ချမ်းသာပေးသင့်ကြသည်။

(ဂ) အသိဉာဏ်ရှိသော လူသားများက အသိဉာဏ်မဲ့ တိရစ္ဆာန်များအပေါ် နည်းအမျိုးမျိုးတို့ဖြင့် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ချက်များသည် ဂုဏ်မဆန်သော အကျင့်ဖြစ်၍ ရှောင်သင့်ကြသည်။

ဤကား ဟိန္ဒူဘာသာဝင်၊ ဗုဒ္ဓဘာသာဝင် ဗြဟ္မာတို့၏ ဆွေးနွေးချက်။

(၂) တစ်ဖက် ခရစ်ယာန်၊ မူစလင်ဦးဆောင်သော ဘာသာစုံများကလည်း

(က) တိရစ္ဆာန်သည် ထာဝရဘုရားသခင် ဖန်ဆင်းပေးထားသည့် ကမ္ဘာ့ ဟင်းသီးဟင်းရွက်။

(ခ) သူ့အသက်သတ်၍ ယဇ်ပူဇော်သဖြင့် ကောင်းကျိုးရရှေးသာဓကတို့လည်း အများအပြား။

(ဂ) သူ့အသက်သတ်၍ သူ့ဝင်ငွေ ချွတ်လှဲပေးရခြင်းကလည်း ကုသိုလ်တစ်မျိုး။

သို့ကြောင့် တိရစ္ဆာန်တို့ကို သတ်ဖြတ်သဖြင့် အပြစ်မရှိ၊ ဒုက္ခမရောက်။ ဤကား တစ်ဖက်ဘာသာဝင်တို့၏ ဆွေးနွေးချက်။

ဆွေးနွေးပွဲကား အကြိတ်အနယ်၊ အချေအတင်ရှိသဖြင့် အလွန် စိတ်ဝင်စားစရာကောင်းလှ၏။ သို့သော် ထိုဘုံ၌ အခြားဘာသာဝင်တို့က ကြီးစိုးနေချေရာ ဟိန္ဒူ၊ ဗုဒ္ဓဘာသာဗြဟ္မာတို့၏ ဆွေးနွေးချက်ကား အဖတ်မတင်၊ အရာမထင်ချေ။

– ဆရာကြီး…ဒိဘုံမှာ အခြားဘာသာဝင်တွေ ဘာ့ကြောင့် များပြားနေပါသလဲ။

– သူတို့ ကိုးကွယ်တဲ့ဘုရားက ဒိဘုံရဲ့အကြီးအကဲ မဟာဗြဟ္မာကြီးကိုးကွဲ့၊ သူ့ကိုယ်ဘူတွေ သူ့ခြေရင်း နေကြရမှာ ဓမ္မတာပဲ မဟုတ်လား။

– သည်လိုဆို သည်အခြားဘာသာဝင်တွေ ကျင့်လျှင် အထက်အထက် ဗြဟ္မာ့ဘုံများ မရောက်နိုင်ဘူးပေါ့ ဆရာကြီး။

– ဆရာ့ဥက္ကောင်းပေါ် တပည့်တက်ထိုင်နေတာ ဘယ်မှာမြင်ဖူးလို့လဲကွယ်၊ သူတို့ယုံကြည်ချက်ကိုကမှ သည်ဗြဟ္မာကြီးဘုရားဆိုပြီး ကိုးကွယ်နေကြတာ၊ သူတို့လည်း ဗြဟ္မာကြီးဩဝါဒခံ ကျင့်လျှင် ဗြဟ္မာကြီးရဲ့လက်အောက်ခံပဲ ဖြစ်ရတော့မပေါ့။

– အယူတစ်ခု လက်ခံတော့မယ်ဆိုလျှင် လမ်းဆုံးအထိ လေ့လာပြီးမှ ကျင့်သုံးကြလျှင် မကောင်းဘူးလား ဆရာကြီး။

– မောင်ဉာဏ…အားလုံးကတော့ သူ့မျက်လုံးနဲ့သူ၊ လမ်းဆုံးချည်းပဲကွဲ့။ တို့ခေတ်သုံး မှန်ဘီလူးအား တပ်ဆင်ထားတဲ့ မှန်ပြောင်းကိုပဲ ယုတ္တိတင်ပါကွယ်။

(၁) တစ်ခုက တစ်ပါဝါ မှန်ဘီလူးအားရှိတယ်။

(၂) တစ်ခုက နှစ်ပါဝါ မှန်ဘီလူးအား ရှိတယ်။

(၃) တစ်ခုက ငါးပါဝါ မှန်ဘီလူးအား ရှိတယ်။

(၄) တစ်ခုက တစ်ဆယ်ပါဝါ မှန်ဘီလူးအား ရှိတယ်။

အဲသည် မလေးခုကို လူ လေးယောက်အကိုင်ခိုင်း၊ ရှေ့ရှိ တစ်ဖြောင့်တည်း လမ်းမကြီးကို သူ့လမ်းဆုံးကဘယ်မှာလဲ မေးပြီး အကြည့်ခိုင်း၊ အဆုံးမြင်ချင်း တူပါ့မလား။

– ဆရာကြီး၊ အားချင်းမှ မတူဘဲနဲ့ ဘယ်လိုလုပ် အဆုံးမြင် တူပါ့မလဲ။

– အေး၊ အဲသလိုပဲ အားလုံးမှာ ပန်းတိုင်ကိုယ်စီ ရှိကြတယ်။ အားလုံးမှာ သူ့ယုံကြည်ချက်နဲ့သူ အပြည့်ပဲ။ အားလုံးမှာ ယုံကြည်သလောက်ရဲ့ အကျိုးပေးများကလည်းပဲ လက်တွေ့ခံစားနေကြရတယ်။ ကုန်ကုန်ပြောရရင်ကွယ်၊ ဖဲသမားကလည်း သူ့ယုံကြည်ချက်နဲ့ သူ့အကျိုးပေး၊ သူ့ပန်းတိုင် ရှိတာပဲ။ ဘိန်းသမားမှာလည်း ရှိတာပဲ။ အရက်သမား၊ သူခိုး၊ ဓားပြများကို သွားမေးဦးမလား၊ သူတို့ အယုံအကြည် အယူအဆနဲ့ သူတို့ပန်းတိုင် ရှိလေရဲ့။

အောက်တန်းစားဖြစ်တဲ့ ဖဲသမား စတာတွေတောင် ယုံကြည်ချက်ကိုယ်စီ၊ ပန်းတိုင်ကိုယ်စီ ရှိကြသေးလျှင် ဟိုးအထက်ဘန်းစား ဘာသာရေးသမားများ ဘာပြောစရာလိုမတုံး။

သို့သော် လူ့ဘဝနဲ့ ကောင်းကင်ဘုံ၊ နတ်အဖြစ်လောက် ထားတဲ့ ပန်းတိုင်။

လူ့ဘဝကနေ ကောင်းကင်ဘုံ ဗြဟ္မာ့အဖြစ်လောက် ထားတဲ့ ပန်းတိုင်။

လူ့အဆင့်၊ နတ်အဆင့်၊ ဗြဟ္မာ့အဆင့် ကျော်လွန်ပြီး ဓာတ်ကိန်းဖြင့် ငြိမ်းနေတဲ့ နိဗ္ဗာန်ကို ပန်းတိုင်။

ဒီလိုပဲ ကိုယ်မြင်သလောက် လမ်းဆုံးပန်းတိုင်တွေ ထားရှိကြပြီးသားပေပဲ မောင်ဉာဏရဲ့။

အဲသည်ကြားထဲ အထက်မျှော်လုပ်ရာက လမ်းချော်ပြီး အချို့ ငရဲကျသူ ကျ၊ အချို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်စတဲ့ တိရစ္ဆာန်ဖြစ်သူက ဖြစ်၊ အချို့ ပြိတ္တာဖြစ်သူက ဖြစ်လည်း ရှိကြသေးရဲ့။

အဲဒါတွေကကော သူ ကျချင်လို့ ကျတာလား၊ သူတစ်ပါး အမိန့်နဲ့ ကျတာလား။

အဲဒီ မေးခွန်းနှစ်ခုက လွတ်တဲ့ ကိစ္စနဲ့ ကျသွားကြတာလေ မောင်ဉာဏရဲ့။

ဘယ်လိုဘယ်လို...ဆက်လက် ရှင်းပေးပါဦး ဆရာကြီး ။

ဆရာ မရှင်းခင် မောင်ဉာဏကိုပဲ အရင်မေးမယ်။ နှစ်သက်သလို ဖြေပါ။

၁။ တစ်ဦးက လူလူချင်း မတရားညှဉ်းပန်းနှိပ်စက်ပြီး သတ်ပစ်လိုက်တယ်။

၂။ တစ်ဦးက လူတို့ရဲ့ပစ္စည်း၊ နေမှုများကို ပြောင်ကျကျ တိုက်ခိုက်လုယူတယ်။

၃။ နောက်တစ်ဦးကတော့ လူကိုတော့ မညှဉ်းဆဲဘူး၊ ဥစ္စာကိုပဲ တိတ်တဆိတ် ခိုးယူသုံးစားပစ်လိုက်တယ်။

သူတို့သုံးဦး ရဲက အမှုဖော်လို့ ရုံးတင်တရားစွဲတော့...

အမှတ်(၁) လူသတ်သမားကို တရားသူကြီးက သေဒဏ် သတ်မှတ်ပေးလိုက်တယ်။

အမှတ်(၂)ဓားပြသမားကို ထောင်ခုနစ်နှစ် တရားသူကြီးက အမိန့်ချမှတ်တယ်။

အမှတ်(၃) ခိုးမှုသမားကိုတော့ ထောင် ခြောက်လလို့ တရားသူကြီးက အပြစ်ပေးလိုက်တယ်။

အဲဒီသုံးဦးစလုံး ကျခံရတဲ့ ပြစ်ဒဏ်များဟာ...

(က)သူတို့စေတနာအရ ပြစ်မှုပေါ်လို့ ပြစ်ဒဏ်ကျတာလား၊ မောင်ဉာဏ ဖြေပါ။

(ခ) တရားသူကြီးက တမင်ချလို့ပဲ ပြစ်ဒဏ်ကျတာလား၊ မောင်ဉာဏ ဖြေပါ။

သူတို့စေတနာက အဓိကပါ ဆရာကြီး။

သူတို့စေတနာက သူတို့ကိုအမိန့်ချတယ်ဆိုတာ ထင်ရှားနေပါတယ်ဆရာကြီး။ တရားသူကြီးက တရားလမ်းကြောင်းအတိုင်း ပုဒ်မ တပ်ပေးရုံကလွဲလို့ ဘာမှမပါပါ ဆရာကြီး။

ဤသို့ ဆရာကြီးနှင့် မောင်ဉာဏတို့သုံးဦး ဘာသာရေး သဘောတရားများ၏ မရှင်းလင်းချက်လေးများကို ဆွေးနွေးပြီးနောက် ဗြဟ္မာ့ပုရောဟိတ်ဘုံနှင့်

အထက်ဘုံများသို့ တက်ရန် ပြင်ဆင်ကြ၏။

မောင်ဉာဏရေ…ဘယ်တန်ခိုး၊ ဘယ်အဘိညာဉ်ကိုပဲ အသုံးလိုလို

၁။ ပထမ – ဈာန်နိုးအဖြစ် ပထဝီကသိုဏ်းနဲ့ ပဥ္စမဈာန် ဝင်စား၊ နိုးပြီလား၊ နိုးရင် ရပ်လိုက်။

၂။ ဒုတိယ – ကိုယ်ဖြစ်လိုရာကို ပရိကံယူအဖြစ် ဘာဖြစ်စေရမည် ဆင်ခြင်ပြီး အဘိညာဉ်ရဲ့ ပါဒကဈာန်ဖြစ်တဲ့ အဲသည် ပဥ္စမဈာန်ကိုပဲ ဝင်စား၊ အဘိညာဉ် အခြေရပြီလား၊ ရပ်လိုက်ဦး။

၃။ တတိယ – နောက်ဆုံး ကိုယ်လိုရာ စိတ်ညွှတ်လိုက်၊ အဘိညာဉ်စိတ်များ ဖြစ်လာပြီး လိုသလိုဖြစ်ပြီ၊ သည်သုံးချက်ကို အမြဲအစွဲ မှတ်ထားခဲ့။ အထက်ဘုံများအထိ ဆရာ လိုက်ပြမယ်၊ တပည့်တို့ နားလိုရာ နားကြရအောင်ပေါ့။

ဤသို့ဖြင့် ဆရာတပည့်သုံးဦး ဝေဟပ္ဖိုလ်ဘုံအထိ တက်ရောက်ခဲ့ကြ၏။ ဆရာကြီး ယောဂဒဿန၏ ကျင့်စဉ်စခန်း၏ နားသက်ရာဘုံအဆုံးပင် ဖြစ်၏။ ဤသည်ပင် ဆရာကြီး ယောဂဒဿန၏ ပန်းတိုင်ဆိုက မမှားချေ။

ရုပ်နာမ်စုံတို့၏ စတုတ္ထဘုံများအထိ လှည့်လည်ပြသပြီးသော် ဆရာကြီးနှင့် အတူ မောင်ဉာဏတို့လည်း စခန်းသို့ လိုက်ပါလာကြ၏။ ဆရာကြီးအား ဂူအထိ လိုက်ပို့ခြင်း၊ ဂါရဝပြုခြင်းများဖြင့် တပည့်ဝတ်ကျေပွန်ပြီးနောက် ဆရာကြီးထံမှ ထွက်ခဲ့ကြလေတော့၏။

– အေး အေး… တပည့်တို့ နားလိုရာဘုံ သွားနားကြ၊ အကြောင်းရှိမှ စခန်းလာခဲ့။

– ကောင်းပါပြီ ဆရာကြီး။

ဆရာကြီးအား နှုတ်ဆက်ပြီးသည်နှင့် မိမိတို့ ဂူသို့ ခေတ္တ ဝင်၍ အပန်းဖြေကြသေး၏။

ဆရာကြီး၏ ကျေးဇူးကြောင့် မိမိတို့ အထက်တန်းစားစိတ် မွေးမြူလာနိုင်ကြပြီ။

အထက်တန်းစိတ် ဦးဆောင်မှုဖြင့် ကိုယ်ပါ အထက်တန်းစား ဖြစ်လာရ

ပါသည်ကို၊ အထက်တန်.စား ကိုယ်စိတ်နှစ်ပါးကြောင့် ဘဝဖြစ်စဉ်ကြီးပါ အထက်တန်းဘဝ ရောက်ရပါသည်ကို တွေးမိကြ၏။ ဆရာကြီးအားလည်း ကျေးဇူးတင်မဆုံးစိတ်များ ကဖွားဖွားဖြစ်လျက်ရှိကြ၏။ ထိုမိမိတို့၏ စိတ်ဖြင့် ဘဝနှင့် ခန္ဓာကို အထက်တန်းကျကျ ဖြစ်စေသည့်နည်းတူ စိတ်အောက်တန်းကျက ကိုယ်သည်လည်းကောင်း၊ ဘဝသည်လည်းကောင်း အောက်တန်းကျရပုံများကိုလည်း ကွင်းဆက်ပေး၍ တွေးမိကြ၏။ သူဌေးသမီး လမ်းဘေးက ကလေကချေ ယောကျ်ားကို စွဲလမ်းမိသဖြင့် အခြေအရံ၊ တိုက်တာ၊ စည်းစိမ်များကို ကျောပေးလျက်က တဲကလေးပေါ် သွားရောက်ကာ ပေါင်းဖော်နေရသည်ကိုလည်း မြင်နေမိ၏။ သူဌေးသား မူးယစ်ဆေးဝါးများကို မသုံးရ မနေနိုင်ဖြစ်ကာ လမ်းဘေးမှာပင် ဘိန်းစားများနှင့် ပေါင်းသင်း၊ ဘဝတူ လည်ပင်းဖက် ဖြစ်ပျက်နေပုံများကိုလည်း ဆက်လက်၍ မြင်နေမိ၏။

လောက လောက...စိတ်ကလေးတစ်လုံး အသုံးမချတတ်ကြ၍ ဘဝ နာနေကြရသည်တကား။

ဒီစိတ်ကလေးအကြိုက် လိုက်မိကြ၍ သူတကာ အပိုက်ခံနေကြရရှာသည်တကား။

– မောင်ရှပရေ...တို့အထက်တန်းရောက်တော့ အထက်တန်းအကြောင်း သိသင့်တာပဲကွ။

– ဟုတ်ပါ့၊ ကိုယ်လုပ်တာ ကိုယ်မသိလျှင် မြင်းစီးပြီး အထီး, အမမှန်းမသိသူလို ဖြစ်သွားမှာပေါ့ အစ်ကိုလေး။

– သည်လိုဆို တို့ဟိုလိုလုပ်ကြစို့ရဲ့။

– ပြောစမ်းပါဦး၊ အစ်ကိုလေးရဲ့ အစီအစဉ်။

– တို့ အထက်စခန်းများကို တစ်လတိတိ လှည့်လည်လေ့လာကြမယ်ကွယ်။

– ဘယ်လို အထက်တန်းလဲ၊ ဘာတွေ အထက်တန်းကျနေသလဲ ဆိုတာတွေကို အတွင်းကျကျထိပေါ့။

- ကောင်းပါတယ်၊ အခြေအမြစ်မပါတဲ့ အထက်တန်းဆို နောက်ဆုတ်သင့် ဆုတ်ရတာပေါ့။

- ကဲ...သည်လိုဆို တို့ ပထမရျာန်ဘုံ အရင်သွားကြစို့ရဲ့။

ထို့နောက် နှစ်ယောက်သား ငြိမ်ကျသွားကြ၏။ တစ်ခဏချင်း အတွင်းမှာပင် ပထမရျာန်၏ အစေခံဘုံ ရောက်သွားကြ၏။ ထိုဘုံ၌ ဝါဒချင်း ငြင်းပွဲကြီးကား မပြီးကြသေး။ မောင်ဉာဏတို့ကား ဝါဒရေးရာ၌ နှံ့စပ်လေသူများ မဟုတ်ကြ၍ ဝင်ရောက်မပါချေ။

ငြင်းလျက်ကပင် အစေခံ ဗြဟ္မာတစ်ဦး ထိုင်လျက်က ပျောက်ကွယ်သွား၏။ မောင်ဉာဏ အဘိညာဉ်ဖြင့် လိုက်ကြည့်မိ၏။ ဗြဟ္မာသက် ကုန်ခန်းပြီး ဖြစ်သဖြင့် လူ့ပြည်သို့ ဆင်း၊ တံငါသည်အမျိုးတွင်းဝယ် ပဋိသန္ဓေ ဝင်နိုင်နေရသည်ကို အရှင်းသား တွေ့နေရ၏။

အင်း...အထက်တန်းစား သေ အထက်ပြည် နေခွင့်မရပါကလား။

မောင်ဉာဏ တွေးမိ၏။ အာမ,ခံချက်မရှိသော အထက်တန်းစားဘဝဖြင့် အမြဲနေခွင့်မရသော၊ အရှိန်ကုန်ကာ ခါးဆုန်ချ၍ အောက်သို့ ဆင်းပေးရသောဖြစ်အင်ကို မောင်ဉာဏ မနှစ်သက်ပြီ။

ထိုမှတစ်ဆင့် ပုရောဟိတ်ဘုံ၊ မဟာဗြဟ္မာကြီးတစ်ဦးတည်း နေရာဘုံများကိုလည်း ဆက်၍ လေ့လာ၏။ လူ့ပြည်က ဥပုသ်နေ့ ဥပုသ်ကျောင်းများဝယ် ဥပုသ်သည်တွေ၊ ဘုန်းကြီးတွေ နေကြထိုင်ကြ ပြောဆိုဆက်ဆံကြပုံမျိုးနှင့်ဘာမျှ မခြားချေ။

တစ်ဖန် ဒုတိယ၊ တတိယတန်းများရှိ ဘုံများသို့လည်း တက်ရောက် လေ့လာ၏။ အောက်,အောက်ဘုံများထက် စိတ်နူးညံ့ငြိမ်သက်မှု၊ ရင့်ကျက်မှုများကြောင့် စိတ်တန်ခိုး၊ စိတ်သတ္တိများ ပိုမိုကြသည်။ ဘဝဖြစ်စဉ်များ တောက်ပကြသည်။ ဣန္ဒြေများ ရင့်ကျက်ကြသည်။ သည်မျှသာ ထူးကဲ၏။ ငြင်းခုံခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ နိမ့်ချခြင်း၊ မြှောက်စားခြင်းတို့ကား အတူတူပင်။

ထူးသည်မှာ စိတ်နုသလောက် ရုပ်နုလှသဖြင့် သက်တမ်းများ ကမ္ဘာများစွာ နေကြရခြင်းပင်။

စိတ်ကလက်ခြင်း အလျဉ်းကင်းရှင်းကြသဖြင့် ဆာလောင်ခြင်း မရှိ၊ ရွှန် ပီတိဖြင့် ပြီးခြင်းပင်။

ဖို စိတ်, မ စိတ် များ ကင်း၊ ဖောက်ပြားလိုခြင်း မရှိကြသဖြင့် အင်္ဂါ မပြ၊ ယောက်ျားပုံချည်းမျှ ရှိခြင်းပင်။ သည်မျှသာ ထူးကြ၏။ သွားခြင်းလာခြင်း၊ လှုပ်ရှားခြင်းများကား အတူတူပင်။

မောင်ဉာဏတို့ စတုတ္ထဆင့် ဝေဟပ္ဖိုလ်ဘုံ တက်လေ့လာကြ၏။ သုခ ကေဂ္ဂတာခေါ်သော ကိုယ်အေးချမ်းခြင်း၊ ရွှန်စိတ်တစ်ခုသာ ရှိခြင်းများကြောင့် လူ့ပြည်ရှိ ဝါ ၆၀ ရ မထေရ်ကြီးတစ်ပါးပမာ ဘုန်းတန်ခိုးအာနုဘော်လည်း ကြီးမား ကြ၏။ ပြန့်ပြော ထည်ဝါကြ၏။ ဣန္ဒြေအကျင့်၊ စိတ်နိုင်နင်းပုံများကလည်း သူ မတူတန်ချေ။

မောင်ဉာဏတို့ လေ့လာနေဆဲမှာပင် ဗြဟ္မာကြီးတစ်ပါး ပျောက်ကွယ်သွား ပြန်၏။ အဘိညာဉ်ဖြင့် လိုက်လံကြည့်လိုက်ရာ လား လား...တာဝတိံသာဘုံဝယ် နတ်မိဖုရား များစွာတို့အကြား ဘုန်းတော်ကြီးတစ်ပါး လူထွက်ပြီး မိန်းမနှင့် ပေါင်းနေ သည့်နှယ် နတ်ဘဝဖြင့် ကာမစည်းစိမ် ဆင်းသက်ခံစားနေသည်ကို အတိုင်းသား တွေ့မြင်နေရ၏။

ဩော်...တို့ပြည်ကဥပုသ်ထွက်၊ ရွာဘက်ပြန် ကံထပ်ကြသလိုပါပဲကလား။

မောင်ဉာဏ တစ်ချက် နှာခေါင်းတွန့်မိသွား၏။ လုပ်ယူရသော အရာဝတ္ထု မှန်သမျှသည်လည်းကောင်း၊ အရှိန်သတ္တိ မှန်သမျှသည်လည်းကောင်း ပျက်ပြယ်ကြ ရသည်ကို သဘောပေါက်လာ၏။ သဘာဝတရား၏ ပစ္စည်းများကို ခေတ္တချေးငှား သုံးရာမှ အချိန်စေ့က ယင်းသဘာဝတရားကြီးထံသို့ပင် ပြန်လည်အပ်နှံရပုံမျိုးကို လည်း မောင်ဉာဏ ရိပ်မိလာ၏။

– ညီလေးရေ...ဆရာကြီး လိုက်ပြတဲ့စခန်းကတော့ ဆုံးသွားပြီ၊ ဘာ အထူး တွေ့လဲကွယ်။

(က)ဗျာ...အထက်တန်းအာရုံခံစားမှုဆိုတာ ကိုယ့်ရှိကိုယ်စားသဘောမျိုး။

(ခ) အထက်တန်းစားအဖြစ် နေရတယ်ဆိုတာ မီးပုံးပျံကြီး မှိုင်းအား မကုန် ခင် ကောင်းကင်ပျံတက်နေပုံမျိုး။

ဘယ်လိုပဲ အထက်တန်းရောက်ရောက်၊ အရှိန်ကုန်တော့ အထည်ကြီးပျက် စာရင်းထဲ ကောက်ထည့်ခံကြရမှာချည်းထဲ တွေ့နေရတယ်။

ကဲ ကဲ…အထက်လမ်း မဆုံးသေးဘူးကွဲ့။ စုံတကာစေ့အောင်တော့ လေ့လာကြဦးစို့။ စုံပြီဆိုမှ မျက်မြင်ချည်း ကြည့်ပြီးပြီဆိုမှ ဝေဖန်ကြရအောင်။

ထို့နောက် ရုပ်နာမ်စုံတို့၏ အထွတ်အထိပ်လည်းဖြစ်၊ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အထိပ်ပုဂ္ဂိုလ်ကြီးများသာ သီးခြားနေထိုင်ရာလည်းဖြစ်သော သုဒ္ဓါဝါသ ငါးဘုံသို့ တက်ရောက်လေ့လာကြ၏။ လူ့ပြည်မှ အနာဂါမ်အဆင့်ဖြင့် တက်လာသော အရိယာပုဂ္ဂိုလ်ကြီးများ ထိုဘုံများ ရောက်လေမှ ရဟန္တာဖြစ်ကြရလေသူများ သီတင်းသုံးရာ ဌာန ငါးမျိုးဖြစ်၏။ ထိုသို့ ငါးဌာန ကွဲခြင်းမှာ ပါရမီအရှိန်သတ္တိချင်း ကွာခြားသဖြင့် ကွဲခြင်းပင်။

ထိုဘုံတို့ကား အရိယာတို့စံအိမ်ဖြစ်ရကား အလွန် ချမ်းမြေ့လှစွာ၏။ ဝင်သွား၍ ဥပစာရောက်သည်နှင့် စိတ်တို့သည် ဝန်ထုပ်ထမ်းထားရာမှ ပစ်ချလိုက်ရသည့်ပမာ ပေါ့ပါး ရှင်းလင်းသွား၏။ နေပူကျဲကျဲ ခရီးကြမ်း လှမ်းခဲ့ရာမှ စမ်းချောင်း ဘေးနား ရောက်သွားသည့်ပမာ ငြိမ်သက်အေးချမ်းသွား၏။ မိမိကိုလည်းကောင်း၊ လောကကြီးကိုလည်းကောင်း ခဏမျှ မေ့ပျောက်သွား၏။

ထိုဘုံများနှင့် အောက် ဝေဟပ္ဖိုလ်စသည့် စတုတ္ထဆင့်အားလုံးပါ ကမ္ဘာကြီး၊ မီး၊ ရေ၊ လေ ဖျက်သဖြင့် ပျက်ကျသွားသော်မှလည်း ထိုဘုံများ ကမ္ဘာမီးနှင့် လွတ်ကင်းရကား ကမ္ဘာပေါင်း ထောင်ချီ သောင်းချီလျက်က နေနိုင်ကြ၏။ သုဒ္ဓါဝါသ ငါးဘုံတို့ကား မည်သည့် ကိလေသာများနှင့်မျှ မရောယှက်ချေ။

ကံအရှိန် ဇိမ်ခံနတ်များသို့လည်း ဝတ္ထုအာရုံ ခံမင်သည်မရှိ။

ဈာန်အရှိန် ဇိမ်ခံအခြား ဗြဟ္မာများသို့လည်း မိမိဘဝ မိမိ ခံမင်သည် မရှိ။ သို့ကြောင့် စင်ကြယ်သော စိတ်အစဉ်ချည်းသာ ရှိကြတော့ရကား သက်တမ်းအားဖြင့် ကမ္ဘာပေါင်း ထောင်သောင်းများစွာ နေနိုင်ခြင်းများပင်။

အစ်ကိုလေးရ…ဟိုပထမဈာန် အောက်ဆင့်က မဟာဗြဟ္မာကြီးက သူ နေနိုင်တာ တစ်ကမ္ဘာတည်းရယ်၊ ကမ္ဘာအစ သူလည်း ဗြဟ္မာ့ဘဝ ရ၊ ကမ္ဘာပျက် သူလည်း အသက်ကုန် မဟုတ်လား။

အဲဒါ သူက ငါမသေတော့ဘူး၊ ငါက ထာဝရလို့ ကြွေးကြော်တယ်။

ထာဝရလို့ ပြောခြင်း ပြော ဒီသုဒ္ဓါဝါသ ဗြဟ္မာတွေက ပြောရမှာ မဟုတ်လား။

သည်လိုကွဲ့ မောင်ရှုပရဲ့၊ ကမ္ဘာ့သမုဒ္ဒရာကြီးတွေ မျက်မြင်မတွေ့ဘူးလား။

တွေ့ပါတယ်၊ အဲဒါ ဘာဖြစ်လဲ။

အဲဒါ ဘာဖြစ်တုံး ဆိုတော့...

(က)သမုဒ္ဒရာရဲ့ ဟိုတစ်ဖက်ကမ်းလုံးဝ မသွားဖူးသူက ဘာပြောသလဲ။

(ခ) သမုဒ္ဒရာရဲ့ တစ်ဖက်ကမ်း ပင်လယ်ကူးသင်္ဘောကြီးများနဲ့ သွားဖူးသူက ဘာပြောမလဲ။

(က)တစ်ဖက်ကမ်းပေါက် မရောက်ဖူးသူများကတော့ ရေပြင်ကြီးက မဆုံးဘူးလို့၊ သူ့မျက်စိတစ်ဆုံးနဲ့ကြည့်ပြီး ပြောမှာပေါ့။ သူ့အမြင်နဲ့သူတော့ မှားတယ်ပြောလို့ မရပေဘူး။

(ခ) အဲ...တစ်ဖက်ကမ်းပေါက် အခေါက်ခေါက် ရောက်ဖူးသူများကတော့ သည်ရေပြင် ဘယ်မှာဆုံးတယ်၊ ဘယ်တိုင်းပြည် ရောက်လိုချင် ဘယ်ရေပြင်အဆုံး ထိ သွား ပြောပေမပေါ့။

အေး...သည်စကားတိုင်းပဲပေါ့၊ မဟာဗြဟ္မာကြီးခမျာ သူ ရတဲ့ ဈာန်က ပထမဈာန်လေးလောက်၊ ခမျာ ဈာန်လမ်းတောင် ဆုံးရှာတာမဟုတ်ဘူး။ ရဟန်း ဆို တာကလည်း ကိုယ့်အားရှိသလောက်သာ ကိုယ်မြင်နိုင်တာရယ်။ နောက်ပြီး မဂ် စခန်း၊ ဖိုလ်စခန်းဆိုတာ သူ့ခမျာ ကြားတောင်မကြားဖူးရှာဘူး။

စပ်မိလို့ ပြောရဦးမယ်။

ဘုရားသက်တော်ထင်ရှား ရှိစဉ်ကာလတုန်းကပေါ့၊ ရဟန်းတော်လေး တစ်ပါးဟာ...

(က)လောကကြီး ဘယ်မှာဆုံးသလဲ။

(ခ) လောကရဲ့အဆုံးက ဘယ်မှာလဲ။

သည်နှစ်မျိုး တွေးမိလာတယ်။ အတွေးက အရေးထ ဆိုတော့ ခမျာမနေ သာဘူး။ ဈာန်စိတ်ကို နှီး၊ အဘိညာဉ်အစပျိုးပြီး သိကြားမင်းကြီး တက်မေးသတဲ့။

သိကြားကလည်း ကာမကြား လမ်းသလားနေရသူပီပီ သူမသိဘူး၊ မဟာဗြဟ္မာကြီးကို ကက်မေးလို့ ညွှန်လိုက်တယ်။

ရဟန်းတော်လေးလည်း ပထမဈာန်ဘုံက သူ့ကိုယ်သူ ထာဝရဘုရားပါလို့ အမည်ခံထားတဲ့ ဗြဟ္မာမင်းကြီးကို သည်မေးခွန်း တက်မေးပါရော။

အဲ…ရဟန်းတော်လေး မေးနေချိန်ဟာ သူ့အစေခံတွေ၊ သူ့ပုရောဟိတ်တွေ ဝိုင်းရံခစားနေချိန် ဖြစ်နေလေတော့ သည်ကိစ္စ ခဏစောင့်ပါ။ ပြီးတော့ အဖြေပေးပါမယ်လို့ ကတိပေးပြီး အစောင့်ခိုင်းထားသတဲ့။ ရဟန်းတော်လေးလည်း သိလိုဇောနဲ့ စောင့်နေသတဲ့။

ပရိသတ်များလည်း စဲရော၊ ရဟန်းတော်လေးက ဆက်မေးတယ်။

ဩော်…အရှင်ဘုရား၊ သည်ကိစ္စမေးသင့်ရာကိုတော့ မမေးဘူး၊ မမေးသင့်ရာကိုမှ လာမေးတာကိုး။

အရှင်ဘုရားတို့ ကိုးကွယ်နေတဲ့ ဂေါတမဘုရား တစ်ပါးကလွဲလို့ သည်မေးခွန်း ဖြေနိုင်တဲ့သူ မရှိဘူး၊ တပည့်တော်လည်း မသိဘူး။ သိလိုချင် ဂေါတမဘုရားကို သွားမေးပေတော့လို့ လာလမ်းကိုပဲ ညွှန်လိုက်သတဲ့ကွယ်။

မောင်ဉာဏတို့သည် စကားပြောရင်း၊ လှေလာရင်းက အထက်ဆုံး အကနိဋ္ဌဘုံဆိုတဲ့ အရိယာကြီးတို့ စံအိမ်တော်သို့ ရောက်သွားကြ၏။ ထိုဘုံကြီးကား ဗြဟ္မာ့စည်းစိမ်တို့တွင် အကြီးမားဆုံး၊ အသာဆုံး၊ အစွာဆုံး ချည်း ဖြစ်ကြ၍ ပါဠိလို အကနိဋ္ဌ အမည်တွင်၏။ အထဲသို့ ရောက်သွားသော်ကား…အရိယာ ရဟန္တာဗြဟ္မာကြီးကို ဖူးတွေ့ရ၏။ ဂါရဝပြုကြ၏။ သိလိုသမျှတို့ကို မေးစမ်းတီးခေါက် လျှောက်ကြ၏။

အရှင်မြတ်ဘုရား…

အရှင်မြတ်ငါ ါ ရဲ့အဆင့်၊ အရှင်မြတ်တို့ရဲ့ အကျင့်ဆိုက်ဖို့ကို တပည့်တော်များ ဘယ်လိုအကျင့်၊ ကျင့်ရပါမတုံး ဘုရား။

လူသာ တကာ…သင် ငါတို့အဆင့်၊ ငါတို့အကျင့်ဆိုက်လိုလျှင်…

ပထမ စရိုက်ပယ်ဖို့ ကြိုးစားလေ၊ စရိုက်ကွယ်။ အပါယ်ဝဋ် လွတ်ရတယ်။

ဒုတိယ အကြိုက်ပယ်ဖို့ ကြိုးစား လေ၊ အကြိုက်ကွယ်။ မဖွယ်ဝင်၍ လွတ်ရတယ်။

တတိယ အမိုက်ပယ်ဖို့ ကြိုးစားလေ၊ အလယ် (လည်ပတ်မှု) ဝင်၍ လွတ်ရတယ်။

မှန်လှပါ၊ ကျေးဇူးကြီးမားလှပါသည်ဘုရား။

တပည့်တော်များ လူ့ပြည်ရောက်က ထိုသုံးဆင့်တို့ကို ပယ်နိုင်ရအောင် အရှင်ဘုရားတို့ ကျင့်သလို ကျင့်၍၊ အရှင်ဘုရားများ သိသလို သိပြီး အရှင်ဘုရားများ ပယ်သလိုပင် ပယ်သတ်နိုင်စွမ်း ရှိရပါလို၏ ဘုရား။

ဒကာလိုသောဆု ပြီးစီးအောင်မြင်စေ။

ထို့နောက် အောက်သို့ဆင်း၍ အသညသတ် ဗြဟ္မာကြီးများ နေထိုင်ရာ စခန်းကို ဆက်လက်လေ့လာကြ၏။

မြင်လိုက်ရသည့် မြင်ကွင်းကား ရွှေဆိုင်ကြီးများတွင် ရွှေတုံးရွှေခဲကြီးများ ပုံထားသည့်ပမာ...

အချို့ကား လူ့ပြည်က ထိုင်လျက် ဈာန်ဝင်စားပြီး သေသည့်အတိုင်း ရွှေတုံးတမျှ ငုတ်တုတ်က။

အချို့ကား အိပ်စက်လျက်က ဈာန်ဝင်စားပြီး သေခဲ့ရသည့်အတိုင်း ရွှေချောင်းတမျှ တုံးလုံးက။

ဤသို့လျှင် သညာမဲ့၊ အသိမဲ့၊ ဉာဏ်မဲ့သော ရုပ် သက်သက်ဖြစ်စဉ်ကြီး အတိုင်း နေကြရ၏။

ကမ္ဘာပေါင်းများစွာနေနိုင်ကြသဖြင့် သက်တမ်းရှည် ပိုင်ရှင်ကြီးများလည်း ဖြစ်ကြ၏။ ဈာန်ဝင်စားစဉ်က စတုတ္ထဈာန် သတ္တိ၏ ကိုယ်သို့ ပျံ့နှံ့လာသည်ကို သာယာ၍ စိတ်၌လုံးလုံး အမုန်းကြီးမုန်းသွားသူများဖြစ်ကြ၏။ ဈာန်သွင်းလျက်က ကိုယ်ချည်းသက်သက် ဖိမ်ခံလျက်နေကြသူများလည်း ဖြစ်ကြ၏။ နွေကာလ လေအေးစက် ဖွင့်၍ အိပ်သူပမာဆိုရ၏။

အင်း...ဘုရားပွင့်၍သော်မှ ဖူးခွင့်မရ၊ ဘုရား တရားတော်ကိုမှ မှတ်သားခွင့် မရ၊ သက်သက် အချိန်ဖြုန်း၊ အခွင့်အရေး ဆုံးရှုံးရမယ့်အဖြစ်မျိုးတွေပဲ မောင်ရှုပရဲ့။

သို့ကြောင့် သည်အသညသတ် ဗြဟ္မာကြီး များ ကိုလည်း ရုပ်ပြွန်ရှင်ပါ ထဲ ထည့်ထား တာ။

အေးကွယ်...တစ်ဖက် ရေစီးသန်တော့ တစ်ဖက် သောင်ထွန်း တယ်ဆိုတာ ဒါမျိုး ထင်ပါရဲ့။ ရုပ်ဘက် အကောင်းထင်မိလို့ စွဲလမ်းသွားတာနဲ့ စိတ်ကို အပြစ် မြင်သွားတာဆိုတော့ မုန်းသူ မုန်းသူချင်း မပေါင်းသင်းကြသလို စိတ်ကလည်း မကပ် တော့ဘူးပေါ့။

ဒါတွေအားလုံး အချိန်စေ့လို့ သူ့ရှာန်အရှိန် သတ္တိ ကုန်ခန်းသွားခဲ့လျှင် အောက်ပြန်ဆင်းကြရမှာချည်း ဆိုတော့ တရုတ်ဘိန်းစားကြီးများ ဘိန်းခန်းက ထွက် အလုပ်တွေဘက် တစ်ခါ အရှာအဖွေထွက်ကြရသလို နေကြမှာပါပဲ။

ကဲ...ရုပ်ဗိမ်ရှင်များပြီး နာမ်ဗိမ်ရှင်များဆီ တက်လေ့လာကြဦးစို့။

သို့နှင့် မောင်ဉာဏတို့ အထက်ဆုံးရှိ **အထက်တန်းအကျဆုံးသော** နာမ် လောက ဗြဟ္မာလေးဘုံသို့ ရောက်သွားကြ၏။

ဟ... ဘုံသာဆိုရ, ဘာမှလည်း မတွေ့ရပါလား **မောင်ရှပ**။

စိတ်ဖြစ်စဉ် ဘဝကိုသာ ဘုံလို့ သုံးထားတာ နေမှာကိုး အစ်ကိုရဲ့။

(၁) ပထမအဆင့်ဘုံရ ကသိုဏ်းရုပ်ဝတ္ထုခွာပြီး ကောင်းကင်ပြင် စိတ် လွှတ်ပြီး ခံစားခဲ့တာ။

(၂) ဒုတိယအဆင့်က ကောင်းကင်ပြင်မှာ စိတ်ဝိညာဉ်လေးမှ သိရုံလေး ထားပြီး ခံစားခဲ့တာ။

(၃) တတိယအဆင့်က ကောင်းကင်ကိုပင် ပယ်ဖျက်ပြီး သိရုံလေး ထား ပြီး ခံစားခဲ့တာ။

(၄) နောက်ဆုံးအဆင့်ကတော့ မသိသလောက်, သိသလောက်အထိ ဝိညာဉ်မှျင်မှျင်လေးထား ခံစားခဲ့တာ။

သူတို့ရတဲ့ သည်ရှာန်စိတ်များနဲ့ သေပြီး သည်ကို ရောက်လာကြတာလေ အစ်ကိုရဲ့။

ဟာကွာ၊ သိချင်စရာရှိလို့မှ တစ်ဖက်ကိစ္စ သိခွင့်မရတော့တာချည်းတွေ။

ကြည့်ချင်စရာ ရှိလို့မှလည်း တစ်ဖက်ရုပ်သွင် ကြည့်ခွင့်မရတော့တာချည်တွေ။

ဘုရားကြွလာလည်း သူတို့ခမျာ တစ်ဖူးနာမှာပဲ။ ဘုရား တရားဟောလည်း သူတို့ စိတ်အကြောနားဧ သာတ မရှိတော့လို့ တစ်ဖူက ဆက် တစ်လက်ပင် ဆုံးရှုံးကြရမှာတွေပဲ။

ဒါကြောင့် သူတို့ကိုလည်း အခွင့်အရေး လက်လွှတ်တဲ့ ရုပ်ပြစ်ရှစ်ပါးထဲ ထည့်ထားတာ အစ်ကိုရဲ့။

အေးကွာ...တို့တစ်တွေ အထက်တန်းစားနဲ့ အထက်တန်းသွားများ ဖြစ်ကြရအောင်ဆိုပြီး အထက်တက်လာပြီး ကြိုးစားလာလိုက်ကြတာ၊ ဒါ အထက်ရဲ့ ထိပ်ဆုံးပဲ။

နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုပဲ တွေ့ရတော့တယ်။

ဘာဆုံးဖြတ်ချက်များလဲ အစ်ကိုရဲ့။

ထိပ်ဆုံးရောက်လျှင် သူတစ်ပါးအကြောင်း ဘာမှလည်း မသိတော့ဘူး၊ ဘာမှလည်း မကြည့်ရတော့ဘူး။ ကိုယ့်ရှိကိုယ်စား၊ ကိုယ့်မရှိတော့ ဆင်းသွားဆိုတာပဲ။

ဟား ဟား ဟား...ဟုတ်ပြီ အစ်ကိုရေ၊ အစ်ကို့စကားအတိုင်းဆိုရင်

ထိပ်တန်းရောက်သမားဆိုသည်မှာ ကိုယ့်ဖို့သာသိ၊ သူတစ်ပါး မကြည့်တာကို ဆိုသည်လို့ ကောက်ချက်စာတမ်း ရေးထားလိုက်ရမှာပေါ့။

အေး...ကောင်းတယ် ကောင်းတယ်၊ အဲသလိုပဲ ရေးချိတ်ထားလိုက်။

ကဲ...သွားကြစို့၊ ဆရာကြီးထံ ဆင်းတွေ့ပြီး အကြံဉာဏ်များ တောင်းကြရအောင်။

မောင်ဉာဏတို့သည် ထိပ်ဆုံး နာမ်ဘုံတို့မှတစ်ဆင့် မဟာကုသိုလ်တော်စခန်းရှိ ဆရာကြီး ယောဂဒဿနထံသို့ ဆင်းသက်ခဲ့ကြတော့၏။ ရောက်မဆိုက်ပင် ဆရာကြီးထံ သွားရောက်ဂါရဝပြုကြ၏။ ဆရာကြီးကား ရှာန်ဝင်စားလျက်ကပင်...

မောင်ဉာဏ… ထူးလို့လာတာလား။

မထူးလို့ပါ ဆရာကြီး။

မထူးပုံကိုလည်း ပြောပါဦး၊ တို့များ ဗဟုသုတ ရအောင်။

သည်လိုပါ ဆရာကြီး…

တပည့်တို့ လှူပြည်ကနေ သည်အထက်ကို တက်လေ့လာတဲ့ ရည်ရွယ်ချက်မှာ

(က)အထက်တန်းကျကျနဲ့ အထွတ်အထိပ်မှာ အမြဲနေရဖို့ရယ်၊

(ခ) ညစ်ပတ်စိတ် အားလုံး ခန်းခြောက်ပြီး အောက်တန်းပြန်မကျတော့ဖို့ ရယ်။

သည်နှစ်မျိုး ရှာဖွေရင်းနဲ့ လာရောက်လေ့လာတာပါ ဆရာကြီး။ အခုတော့ အခုတော့ ဘာဖြစ်လာသလဲ မောင်ဉာဏရဲ့။

အခုတော့ တပည့်တို့ ပထမဦးဆုံး မဟာကုသိုလ်တော်စခန်းရဲ့ သူတစ်ပါး ကောင်းကျိုးပြုပြီး ကိုယ်ကောင်းစားရမယ့် သူပေး ကိုယ်ယူ၊ ကိုယ်ပေး သူရ စခန်း ဆိုရမယ့် ကံအကျိုးပေးဌာန သွားရောက်လေ့လာပါတယ်၊ ဆည်းပူးလည်း ဆည်းပူးခဲ့ပါတယ်။

သူ့ရဲ့အထက်တန်း ကောင်းကျိုးကတော့ ကာမစည်းစိမ်တစ်ခုကို လက်ဆုံးနှိုက်ပြီး အကြိုက်ပေး အဖျက်ဆီးခံနေကြရတာပါပဲ။

သို့ကြောင့် ကံကုသိုလ် အကျိုးပေးသုခချမ်းသာဆိုတာ တစ်ဦးနဲ့ တစ်ဦး ညင်ညင်သာသာ ကြင်ကြင်နာနာနဲ့ အကောင်းပေးပြီး ဘဝကို တူးဖြိုဖျက်ဆီးပစ်နေကြတာပဲ ဖြစ်ပါတယ် ဆရာကြီး။

ကုသိုလ်ကံ အရှိန်ရဲ့ ကံသတ္တိကုန်ပြီလား၊ ကုန်ပြီ။

သွားကြတော့ မိုးဦးလေဦးအကျ ဥတုအရှိန်လှိုင်း အကြွကြောင့် ထပေါက်ကြရတဲ့ မြက်ပင်တွေ ဥတုခိုးကုန်တဲ့ ဆောင်းရာသီကျ အလိုလိုသုဉ်းသွားကြရသလို၊ နတ်ဘဝက စုတေ, ငရဲပြည်၊ တိရစ္ဆာန်ပြည် ဆင်းကြရတာချည်း တွေ့ခဲ့ရပါတယ် ဆရာကြီး။

အေး…မောင်ဉာဏရဲ့ သည်စကားဟာ အမှန်ပဲကွဲ့။ ကဲ…ဆက်စမ်းပါဦး။

တစ်ခါ ကံသတ္တိကတော့ အာမပံချက်လည်း မရှိဘူ ၊ စိတ်ညစ်ပတ်လည်း မပျောက်ဘူ ဆိုပြီ တော့ ဆရာကြီး မျာ ရဲ့ ရှာန်ကုသိုလ် အကျင့်စခန်းသို့ ခြေလှမ်း ဆက်ခဲ့ကြပါတယ်။

ဈာန်ကုသိုလ်များ ရဲ့ အထက်တန်းကောင်းကျိုးကတော့ မောင်ဉာဏရဲ့။

သူ့ကျတော့ စကတည်းက ကုသိုလ်ယူတာကလည်း တစ်ယောက်တည်း ဆိုတော့ အကျိုးပေးများ သွားခံစားခွင့်ရတော့လည်း တစ်ဦးတည်းမို့ ညစ်ပတ်တာ မပါဘူး။ စကတည်းက ကာမစိတ် မပါ၊ ကြိုက်စိတ် မုန်းစိတ် မသိစိတ် အရင်းခံအား လုံးတို့ကို ဖုံးပစ်ထားပြီးမို့ ခံစားရာကျတော့လည်း ညစ်စိတ်တော့ ကင်းပါတယ်။ သို့ပေမယ့်...

(၁) ရထားတဲ့ ဈာန်အဟုန်လေး ရုပ်နာမ်စုံ စားမြို့ပြန် ခံစား၊ ကုန်သွား ပြီလား၊ ကုန်သွားပြီ။

(၂) နာမ် ဝင်မရှုပ်, ရုပ်သက်သက်ချည်း စားမြို့ပြန်ခံစား၊ ကုန်သွားပြီလား၊ ကုန်သွားပြီ

(၃) ရုပ်ဝင်မစွက်, နာမ်သက်သက်ချည်း စားမြို့ပြန်ခံစား၊ ကုန်သွားပြီလား၊ ကုန်သွားပြီ။

တပည့်တို့နေတဲ့ လူ့ရွာက ကိုမောင်လေး၊ တစ်နွေလုံးလုံး နယ်လှည့် ဖဲ ကစား၊ နိုင်တာလေး သုံးလိုက်ဖြုန်းလိုက်နဲ့ တစ်နွေလုံးတော့ တပြုံးပြုံးပါပဲ။

ဟော...မိုးကျလာတာနဲ့ သူများအိမ် ဝင်ပြီး လူငှား၊ အခစား လုပ်ရသလို ပါပဲ။ ဈာန်အရှိန်ကုန်တာနဲ့ ကာမဘုံ ပြန်ဆင်းသွားကြရတာချည်းပါပဲ ဆရာကြီး။

သို့ကြောင့် ဈာန်အကျိုးပေး သုခချမ်းသာဆိုတာ...

(က)ရေအိုးအောက်က ကရွတ်ခွေလို အေးအေးလေးနဲ့ သူ့အလိုလို ဆွေး ပျက်, ပျက်ရပါတယ်။

(ခ) ဥတုငွေ့ကြောင့် ပေါက်တဲ့မြက်၊ ဥတုအငွေ့အသက်ပျောက် ခြောက် သလိုလည်း ဖြစ်ပါတယ်။

တပည့် မောင်ဉာဏပြောတာတွေ အမှန်စကားချည်းပါပဲ။

မောင်ဉာဏတို့ လိုလားတဲ့ ရည်ရွယ်ချက်နှစ်မျိုးကတော့ လူ့ပြည်မှာပဲ ရှိတယ်၊ နတ်ပြည်, ဗြဟ္မာ့ပြည် အထက်တက်ရှာဖွေမနေနဲ့။

အထက်မှာ ကာမ အထက်ကျခြင်းနဲ့ဘဝအထက်ကျခြင်း နှစ်မျိုးပဲ ရှိတယ်။

အောက်မှာ ကာမ အောက်ကျခြင်းနဲ့ ဘဝ အောက်ကျခြင်း နှစ်မျိုးပဲ ရှိမယ်။

အေး...မကျချင် မတက်နဲ့ပေါ့၊ တက်ပြီးလျှင်တော့ ကျရမှာချည်းပါပဲ။ တက်စရာမလိုဘဲ အထက်ရောက်ပြီးပြန်မကျတော့တာ၊ ညစ်ပတ်စိတ်ကို အမြစ်က တူးဖျက်ပြီး နောင်ပြန်အတက်မပေါက်တော့တာ မောင်ဉာဏတို့ လူ့ပြည်ကနေ သွားကြရတယ်။ သူ့မှာ အတက်လည်း မရှိဘူး၊ အဆင်းလည်း မရှိဘူး။ အဲဒီအတက်နဲ့ အဆင်းနှစ်ခုတို့ရဲ့အကြားမှာပဲ ရှိလေရဲ့ မောင်ဉာဏ။

ကောင်းလှပါပြီ ဆရာကြီး၊ တပည့်တို့ ကြိုးစားပြီး လေ့လာပါ့မယ်၊ ကြားလမ်းကိုလည်း ရှာဖွေကြည့်ပါ့မယ်။ တွေ့လျှင်လည်း လမ်းဆုံးအရောက် သွားကြည့်ပါမယ်။ လမ်းဆုံးလို့ စိတ်ချရတဲ့ လမ်းမှန်ဆိုက ဆရာကြီးကိုလည်း လာခေါ်ပါရစေ။

အေး အေး...ဆရာကလည်း တပည့်တို့ပို့တဲ့လမ်း လိုက်ပါ့မယ်။ ကဲ...သွားကြပေရော့။

မောင်ဉာဏတို့ညီအစ်ကို အထက်တန်းကျကျ အမြဲနေနိုင်ထိုင်နိုင်ရေး ရှာပုံတော်ဖွင့်ရာမှ စခန်းသိမ်းပြီး လူ့ပြည်ဘက် ဆင်းသက်ခဲ့ကြ၏။ အသခ်တို့ညီအစ်ကိုနှင့် ကတိကဝတ်ထားရာ မြေအငူမှာပင် နားနေလျက်က အောက်ပြည်ဆင်းသွားကြလေသော အသခ်တို့အလာကို စောင့်ကြိုနေချေသည်တကား။

## အပိုင်း (၂)

# အောက်ပြည်ဆင်းရာ၏လမ်းရိက္ခာများ

၁။ အသန္ဒိယ – ကောင်းတာလုပ်, ကောင်းရာဖြစ်မည်ကို ပစ်ပယ်လိုက်ခြင်း။

၂။ ဒုဿီလ – ကိုယ်,နှုတ် စိတ်ထား ကျက်စားလိုရာ ကျက်စား ‌လွှတ်ပေးထားလိုက်ခြင်း။

၃။ အသုတ – မျက်စိရှေ့ အတွေ့မှ တစ်ပါး ဘာဆိုဘာမျှ မလေ့လာတော့ခြင်း။

၄။ အမုတ္တစာဂီ – တစ်ဦးနှင့်တစ်ဦး အတုံ့အပြန်၊ အပေးအယူမျိုးမှတစ်ပါး အခြား မပေးကမ်းခြင်း။

၅။ ဒုပ္ပညာ – ရှေ့နောက် တိုင်းထွာ တွေးပူစရာ အသိများကို စွန့်ပစ်လိုက်ခြင်း။

၆။ သတိသမ္မောဟသာ – အမှတ်မထား၊ မေ့မေ့ပျောက်ပျောက်ပင် သွားလာ နေထိုင်ခြင်း။

၇။ အပဟိရိက အနောတပ္ပ – ကဲ့ရဲ့မည်ကိုလည်း မမှု၊ နောင်ရေးကိုလည်း မရှုတော့ခြင်း။

အသန်[၁]သည် ညီငယ်ကာယကို လက်ညှိုးထိုးပြပြီး ထိုအောက်ဆင်း ရိက္ခာများ အစုခိုင်းနေ၏။

ညီလေးကာယ၊ ဟိုမှာ တစ်ခုဟော့...သွားယူချည်ဦး၊ ဟော ဟော... ဟိုဘက်ကိုလည်း ကြည့်လိုက်။

ဟုတ်ကဲ့ အစ်ကိုရေ၊ လက်ထဲ တစ်ခု နှစ်ခု သုံးခု လေးခု၊ ဟော...ခုနစ်မျိုး ရသွားပြီ။

---

၁။ အသန် – မကောင်းမှု မတိုက်တွန်းဘဲ ပြုကျင့်စိတ်

မောင်ဉာဏတို့ညီအစ်ကို ကျောပေးသွားကြသည်နှင့်ငင်တို့လည်း အောက်ဘက်သို့ မျက်နှာမူ ဆင်းလျက်က ရိက္ခာများကို စုနေကြခြင်း ဖြစ်၏။ မောင်ဉာဏတို့က အထက် ရိက္ခာအသင့်တွေ့၍ အသန့်စုဘိသို့ အသခံတို့ ညီအစ်ကိုကလည်း အောက်ရိက္ခာအညံ့ရ၊ အညံ့စုနေကြခြင်းဖြစ်၏။ စုလျက်ကပင် အောက်ဘက်သို့ ဆက်ဆင်းသွားကြ၏။ အောက်စခန်း၏ အဝင်ဝသို့ ရောက်လေသောအခါ အောက်ဆင်းရာ၏ ကိရိယာများ ဆက်တွေ့ကြ၏။

သည်ခုနစ်မျိုးကိုတော့ မသူတော်ဥစ္စာ ခုနစ်ဖြာလို့ပဲ ညီလေး စာရင်းမှတ်ခဲ့တော့။

## အောက်ခရီးသွားတို့၏ အသုံးအဆောင်ကိရိယာများ

(က)(၁) အဘိဇ္ဈာ – သူ့ပုံကို တွေး၊ သူ့အာရုံလေးကို မခံစားဘဲ မနေနိုင်တော့ခြင်း။

(၂) ဗျာပါဒ – သူ ပေးသောခွင့် အသင့်ခံစားခွင့် မရမချင်း မကျေနိုင် မချမ်းနိုင် ဖြစ်ပေါ်လာခြင်း။

(၃) မိစ္ဆာဒိဋ္ဌိ – ဘာဖြစ်ဖြစ် မရ၊ ရသောနည်းဖြင့် ရယူရန် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ခြင်း။

**မောင်ကာယ**[၁] သည်သုံးမျိုး အရေးကြီးဆုံးပဲကွဲ။ ဦးဆောင် သုံးဦးလို့ ဆိုရတယ်။ ဘာမဆို သူတို့ဦးဆောင်မှ ဖြစ်တာ။ တို့ခရီး သည်သုံးမျိုးနဲ့ချည်း သွားကြရမှာ။

ဟောဟိုဗှာ့ လေးခုတွဲကြီး၊ သွားယူလိုက်ဦး။

(ခ) (၁) မုသာဝါဒ – လိုချင်ရာရာ ချိန်၊ လိမ်သင့် လိမ်ပေးရမည်။

(၂) ပိသုဏာဝါစာ – သုံ့တို့အချင်းချင်း တည့်က ရွဲ့သွားအောင်လည်း သပ်လျှိုပေးသင့် ပေးရမည်။

---

၁။ မောင်ကာယ – ကိုယ်တင်စားထားသည့် အမည်

(၃) ဖရုသဝါစာ – စကားနုနုနှင့်မှ လက်မကမ်း၊ ကြမ်းသင့်ကြမ်း ပေးရမည်။

(၄) သမ္ဖပ္ပလာပဝါစာ – သူ့အလိုက ကိုယ့်အလိုဘက်မကူး၊ ရွှင်စရာ စကားဖြင့် နှူး၍ မြူးသင့် မြူးစေရမည်။

သည်စကားလေးမျိုးကလည်း ကိုယ်လိုရာရဖို့ ကြိုးစားရာမှာ ပေါင်းကူး တံတား လေးစင်းလို့ ဆိုရမယ်။ ကိုယ်ချင့်မြူး၊ နှုတ်နှူးမပါလျှင် စိတ်သွားတိုင်း မတွေ ကျယ်ဘူးကွဲ့။

ဟော…တွေ့ပြန်ပြီ၊ ဟိုမှာ သုံးခုတွဲကြီး၊ မောင်ကာယ…ပြေးကောက်ပေ့။

(ဂ) (၁) ပါဏာတိပါတာ– အကြိုက်ကျ သတ်ပြီးကွယ်၊ အကြိုက်မကျ သတ်ပြီး ဖယ်ခဲ့ရမှာ။

(၂) အဒိန္နာဒါနာ– သူ့လက်နေ ပစ္စည်း ကိုယ့်လက်ထဲ ရောက်ရန် နည်းအမျိုးမျိုးနဲ့ ကြိုးစားရမှာ။

(၃) ကာမေသုမိစ္ဆာစာရ – သွေးတောင်းဖြားယောင်း ပျော်ပါး၊ သွေး မတောင်း ကျော်လွှားခဲ့ရမှာ။

သည်သုံးမျိုးကတော့ ကိုယ်ကျိုးအပြည့်ရှိလိုသူတိုင်း အားထားကြရတဲ့ ကိရိ ယာပဲ (သို့မဟုတ်) အကျိုးခံစားခွင့် ရသုံးမျိုး ဆိုရတယ်။ နောက်က စိက်တွေး သုံးခု နှုတ်ဖွင့် လေးမျိုး၊ တို့ကတော့ သည်လိုခံစားလာနိုင်ရအောင် ပံ့ပိုးပေးကြရတဲ့ ကိရိ ယာတွေ ဆိုပါတော့။

သည်အားလုံးပေါင်း ဆယ်မျိုးကို မကောင်းကျင့် အားပေးရာဖြစ်လို့ ဒုစရိုက် တရား ဆယ်ပါးလို့လည်း မှတ်ခဲ့။ မကောင်းကျင့်, ကျင့်ရာရဲ့ ကိရိယာတန်ဆာပလာ များ ဖြစ်လို့လည်း အပုညကိရိယ ဝတ္ထုဆယ်ခုလို့လည်း မှတ်ခဲ့။

ကံသုံးစုံ အကုန်ပြည့်၊ ကာမ စည်းစိမ် ခံစားလိုလျှင် ကိုယ်တွေ့ဖြင့် သရုပ် ဖော်ရတယ်။

စိတ်အရသာ၊ နှုတ်အရသာ ခံရုံလောက်ဆိုလျှင် သူတို့အတိုင်းတိုင်းဖြင့် သရုပ်ဖော်ရမယ်။ အားလုံး ဆယ်မျိုးကွဲ့ မောင်ကာယ၊ ဒီဆယ်မျိုးက ကိုယ်ကြိုက်တာ

တစ်ခုတည်း ကြည့်ပြီး သိတတ်တဲ့ အဘိဓမ္မာထဲ အားလုံးဝင်နေတယ်။ ဘာမဆို သူ ပြီး, ပြီးလို့ပဲ မောင်ကာယရဲ့။

ကိုယ်ကြိုက်တာ တစ်ခုတည်း ကြည့် လိုက်စား တရားရာကျပ်မလား အစ်ကိုရ။

အာ...ဘယ်လူဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် ကိုယ်ကြိုက်လိုက်လုပ်နေကြတာ ချည်းပဲ မဟုတ်လား။ မိန်းကလေးတွေကို မင်းကို ငါ ဘယ်လောက်အထိ ကြိုက် ပါတယ်၊ ကြိုက်ခွင့်ပေးပါ ဆိုကတည်းက ငါကြိုက်လိုက်တာပဲ မဟုတ်လား။

မိန်းကလေးကလည်း သူကြိုက်ဖြစ်နေလို့ လက်ခံလိုက်လျှင် တရားတယ် ဆိုကြတာပဲ။

အေး...မိန်းကလေးက မကြိုက်ဘဲ အနိုင်လိုက်နိုက်လျှင်တော့ မတရားဘူး ဆိုကြတာပဲ။

အားလုံးကတော့ ကိုယ်ကြိုက် လိုက်နေတာချည်းပဲ။ တစ်ခါ မကြိုက်ဘဲ လိုက်မိတဲ့ အဲဒီမိန်းကလေးက ပြန်ကြိုက်လာပြီ ဆိုတော့လည်း တရားသွားပြန်ရော တဲ့ကွ။

လောကကြီးဟာ အကြိုက်ခိုင်းတာလိုက်လုပ်နေရတဲ့အကြိုက်ကျွန်တွေပဲကိုး။

နောက်တစ်ခု ဆက်စဉ်းစားဦးမလား။

ယောက်ျားလေး တစ်ယောက်က မိန်းကလေးတစ်ဦးကို နှုးပြီဆို မင်းအပေါ် ကိုယ်ဘယ်လောက် ဘယ်လောက်အထိ ချစ်ပါတယ်။ မင်းအတွက်သာဆိုရင်လေး နဲ့၊ လက်စသတ်တော့ မိန်းကလေး ချစ်တာမှ မဟုတ်ဘဲပဲ၊ ကိုယ့်ဖို့ကိုယ် ပြန်ချစ်နေ တာ။

မိန်းကလေးဘက်ကလည်း ယောက်ျားလေးက အခြေတောင်းတိုင်း ရက် ချိန်းချည်း ပေးနေတယ်။ ဘာကြောင့်ဆို ချစ်ရေးဆိုတဲ့ ယောက်ျားလေးထဲက သူ ကြိုက် ရွေးနေတုန်းမို့။

အေး...သည်ဘက်က အတွေ့အထိ၊ အယုအယ ပိုသာနေလို့ သည်ဘက် စိတ်ယိုင်လာပြီ၊ ကိုယ်ပါ လဲကျလာတဲ့အခါ ဒီကလည်း မိန်းမသားမို့ အရှက်ငဲ့နေ

ရလိုပါ။ ချစ်တဲ့နေရာမှာ ရှင်ထက် ဆယ်ဆသာသေးတယ်လို့ အဖြေပေးလိုက်ပြန်တယ်။

အဲဒီနှစ်ဦး ဘယ်သူက ဘယ်သူ့ကို ကြိုက်တာလဲ မောင်ကာယ။

အာ...ဘယ်သူ့ဘယ်သူမှ မကြိုက်ကြပါဘူး၊ ကိုယ့်ကိုယ်ကို ကြိုက်နေကြတာပဲဟာ။ အေ...မင်းလည်း ပဲ ကိုယ်ကြိုက်တာသာ လုပ်ရပြီးရော၊ တရား၊မတရား စိတ်မကစားနဲ့။

ဤသို့ဖြင့် အသခ်နှင့် မောင်ကာယတို့ညီအစ်ကိုနှစ်ဦးသည်လည်း အောက်စခန် သို့ဆင်းသက်လာခဲ့ကြတော့၏။ မောင်ဉာဏတို့ အထက်တက်ချိန်သည် အသခ်တို့၏ အောက်ဆင်းချိန်နှင့် အချိန်တူများ ဖြစ်ကြ၏။ မောင်ဉာဏတို့ ရိက္ခာ၊ ကိရိယာ စုချိန်နှင့် အသခ်တို့၏ ရိက္ခာ၊ ကိရိယာစုချိန်များကလည်း အချိန်တူပင်။

အသခ် အောက်သို့ ငုံ့လျက်က မျှော်ကြည့်လိုက်၏။

အောက်ကား တောထူထပ်သဖြင့် နေမပူချေ။ လမ်းသည် အများသွားဖြစ်သဖြင့် အဖုအထစ်မရှိ။ ဟစ်နေရာရာတို့၌ အိုင်များလည်း တွေ့ရ၏။ အိုင်အဖြစ်မှ လျှော်ကျ၍ ဗွက်ထနေသော ဗွက်များလည်း တွေ့ရ၏။ အထက်မှာ အိုင်၊ အောက်၌ကား ဗွက်လည်း တွေ့ရ၏။

လမ် မှန်သမျှ အဆင်းချည်းဖြစ်နေကြ၍ ရံတစ်ခါ လျှောချရုံနှင့် ရောက်သွား၏။ ရံတစ်ခါ မျှောလိုက်ရုံနှင့် ရောက်၏။ အကွေ့အကောက်လေးများ ရံတစ်ခါ တွေ့လျှင်သာ ဖဝါးသုံး၍ အကွေ့အကောက် ဆုံးအောင်သွားပေးရ၏။ ကျန်တို့ကား အာ စိုက်စရာ မလိုချေ။

- အခုပေါင်း အကောင်းထင်လျှင် မယားနောက်လိုက် ကိုယ်ကြိုက် နှိုက်ယူပါ။

- နောင်ကောင်း ပေါင်းချင်လျှင် အများနောက်လိုက် ကိုယ့်ရှိနှိုက်ပေးပါ။

- မခံစားဘဲ အကောင်း၊ သွေးတောင်းလျှင်ကား ဘုရားအကြိုက်လိုက် မနှိုက်ဘဲနဲ့ အပေးအယူလုပ်ပါ။

အသခ်တို့ ညီအစ်ကိုသည် အောက်,အောက်ရှိ တောနက်ရာဘက်ဆီသို့ သွက်သွက်ကလေး ဆင်းခဲ့ကြ၏။ တောရိပ်ကြောင့် မှောင်သည်ထင်ရသော်လည်း

ခြေနှစ်ဖက်တို့ရှိ ခြေမျက်စိများက ဘာသာကြည့်၊ ဘာသာသိတို့ဖြင့် လမ်းညွှန်နေရကား အမှောင်ကြား အသွားမပျက်ချေ။

## ပါပိစ္ဆာတို့၏ နှောင်ကြိုးမဲ့ အလိုတော်ပြည့်စခန်းကြီး

ဟော့ ဟော့...ဟိုမှာ ဆိုင်းဘုတ်ကြီးကလည်း တယ်ကြီးကျယ်ခမ်းနားလှချည်လား ကာယရေ၊ ပါပိစ္ဆာ[၁] စိတ်လည်း ရှိတယ်။ နှောင်ကြိုးမဲ့လည်း ဖြစ်တယ်။ အလိုတော်လည်း ပြည့်တယ်ဆိုတော့ ဧကန္တ ကိုယ်ကျိုးရှာ တစ်ကိုယ်ကောင်းသမားအများစုဌာန ထင်ပါရဲ့ အစ်ကိုရ။

၁။ အေး...ပါပိစ္ဆာဆိုတာက ယုတ်မာသူတို့အောက် လေးဘက်ထောက် ယုတ်မာတာမျိုးကို ဆိုတာ။

၂။ နှောင်ကြိုးမဲ့ဆိုတာက ကိုယ်ထင်ရာ ကိုယ်လုပ်ကြစတမ်းလို့ ဆိုတာပဲ။

၃။ အလိုတော်ပြည့် ဆိုတာက ကိုယ့်လိုဘ ပြည့်ဖို့က အဓိကလို့ သုံးထားတာပဲ။

အားလုံးပေါင်းလိုက်တော့မကောင်းတာတွေ လုပ်ဖြစ်အောင် လုပ် ပါပဲကွာ။

ဟော့...ဟိုလူနှစ်ယောက် ဒီလာခဲ့။

ဟ...ဖိတ်ကြားပုံက တယ်ယဉ်ကျေးပါကလား။

အသခ်ကတိုးတိုးဆိုလိုက်၏။

ဟုတ်တယ်လေ၊ သူ့ဖဝါးချနဲ့ သူ့**စကားစ, ဒါမှ** လိုက်ဖက်မှာပေါ့။

ကာယက ရှင်းလိုက်၏။

မင်းတို့အကောင်တွေက ဒီဘာလာလုပ်တာလဲ။ ဒီလာ ဘာလုပ်မှာလဲ။

ခေါင်းဆောင်နှင့်တူသူက မျက်နှာထား တင်းတင်းဖြင့်ပင် မေးနေ၏။ သူ့ဘေးပတ်ဝန်းကျင်ရှိ လူအားလုံးတို့ကလည်း မျက်နှာပေါက်ဆိုးဆိုး မှုန်သိုးသိုးများဖြင့် တုတ်, ဓား ကိုယ်စီ ကိုင်ဆောင်လျက်က အသခ်တို့ အရိပ်အကဲကို ဝိုင်းကြည့်နေကြ၏။

---

၁။ ပါပိစ္ဆာ - ယုတ်မာသူများ အောက် အထုတ် ယုတ်မာသောစိတ်မွေ ခြင်း

ကျွန်တော်တို့ ကိုယ်ကျိုးဖြစ်ချင်လို့ ကိုယ်ကျိုးရှာနည်း ဆင်းလေ့လာကြတာပါ။

အံမာ...မင်းတို့က ဒါများ အဆန်းလုပ်လို့၊ ကိုယ်ကျိုးရှာတာ ပညာရပ်တစ်ခု မဟုတ်ပါဘူး။ မင်းတို့ရဲ့စိတ်ကလေး လွှတ်ပေးထားရုံပဲ ဥစ္စာ။

ဆက်ရှင်းပါဦး အာစရိ။

အသခ်က တောင်းခံလိုက်၏။

အေးကွာ...မင်းတို့စိတ်ကလေး မကြိုက်ရာနဲ့၊ ကြိုက်ရာ ဘယ်အသွားများဆုံးလဲ။

ကြိုက်ရာဘက်က အများဆုံး ကျက်စားတက်တာချည်းပဲဗျာ။

ဒီလိုဆို မင်းကြိုက်ရာလုပ်၊ မင်းကိုယ်ကျိုး မနည်းဘူး မှတ်။

တစ်ခါ ငါထပ်မေးဦးမယ်။

မင်းကြိုက်တာက ကောင်းတဲ့ ဘုရား တရားဘက်ကိုပဲလား။ မကောင်းတဲ့ သား မယား ဘက်ကိုပဲလား။

ဘုရားကတော့ ဗုဒ္ဓဘာသာဝင်မို့ ရုပ်ပုံမြင်တုန်းသိ၊ အုတ်ပုံမြင်တုန်း သိဆိုရုံလောက်ပါပဲ။ အဲ...သားမယား၊ သား မယားနဲ့ ပတ်သက်တဲ့ ကာမအာရုံများကျတော့ အိပ်ပျော်နေတာတောင် အိပ်မက်ထဲ အကြိုက်တွေ့နေပါသေးတယ်။

ဒါဆို ရှင်းပါတယ်ကွာ။

မကောင်းဘူး, ကြိုက်နေတယ်၊ မရ, ရတဲ့နည်းနဲ့ လိုက်လုပ်ဖို့ပဲ။

အဲဒါ လုပ်ပုံလုပ်နည်း လေး သိချင်ပါတယ် အာစရိ၊ စိတ်ရှည်ရှည်နဲ့ ရှင်းလင်းပြပေးပါဦးလား။

အေးလေ... ပညာ ဆိုတာ အထက်ပညာ ဖြစ်ဖြစ်၊ အောက်ပညာဖြစ်ဖြစ် တပည့်ခံမည့်သူတွေ မျိုးဆက်ပွာ ပေးရမှာချည်းပဲ။ ဒါမှလည်း ဆန့်ကျင်ဘက် နှစ်မျိုး၊ ရိုးနှစ်ရိုးက ပေါ်လွင်မှာကိုး။

လောကမှာ ယုတ်ညံ့စိတ်နဲ့ မြင့်မြတ်စိတ်၊ ဒါမှမဟုတ် ကိုယ်ကျိုးဘက်စောင်း တစ်ကိုယ်ကောင်းဆန်စိတ်နဲ့ ကိုယ်ကျိုးကို စွန့်၊ သူ့အကျိုးလည်း အညွန့်

တက်လိုစိတ်ရယ်လို့ စိတ်ထားကြီး နှစ်မျိုး ကြီးစိုးနေသမျှတော့ ဒီရိုးကြီး နှစ်ရိုးက လမ်းပြ ရှိနေရမှာပဲ။

တို့ ကိုယ်ကျိုးရှာလောကမှာပထမဆုံး လေ့ကျင့်ရမှာကတော့…

(၁) မင်းရဲ့ စိတ်ကလေး မျက်မြင် ကိုယ်ရှေ့ အတွေ့မှာပဲ အမြဲရှိနေစေရမယ်။

(၂) အတိတ်ဆိုတဲ့ နောက်ကြောင်းပြန်ပြေး အတွေးဆို၊ မနေ့က ကိစ္စတောင် ယောင်မတွေးမိစေရ။

(၃) အနာဂတ်ဆိုတဲ့ နောင်ဖြစ်မယ့်အရေး တင်ကြိုတွေးဆိုလည်း နက်ဖြန်ဆိုတာတောင် မရှိစေနဲ့။

သည်သုံးချက်က ပထမလေ့ကျင့်ခန်းပဲ။

မင်း သည်စိတ်လေ့ကျင့်ခန်းမှ မအောင်မြင်လျှင် မင်းရဲ့ဆန္ဒကို မင်းစွဲစိတ်ကလေးက ရှေ့ကြိုပို့၊ နောက်ပြန်ပို့နဲ့ ခြောက်လှန့်လိမ့်မယ်။ စိတ်တစ္ဆေလှန့်တော့ အိပ်တာတောင် စိတ်မသန့်တော့ဘူး။

ကိစ္စတစ်ခု မဖြစ်ခင်က တွေးပူနေသူ။

(က)မဖြစ်ခင် ကြိုတင် အပူလောင်ခံရတာက တစ်မျိုး။

(ခ) ပက်ပင်းတွေ့ကြတော့ ဇွေ့ဇွေ့ခုန်ရတာက တစ်ခါ၊ နှစ်ခါခံရမယ်။

အဲ…အတွေးမဖောက် အတွေ့လောက်နဲ့ နေတတ်သူမှာ တွေ့ကြုံရင်ဆိုင်နေရမှ ခံရတဲ့ဒုက္ခတစ်မျိုးပဲ ရှိတယ်။ ဒီဒုက္ခ နှစ်မျိုးထဲမှာ အတွေးနဲ့ ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို အရေးယူခံရတာက ပိုဆိုးတယ်။

ဒုက္ခရဲ့ အပြင်းအပျော့ ဘယ်လောက်ဘယ်လောက်လို့ ခန့်မှန်းလို့ မရဘူး။

ဒုက္ခဖြစ်ချိန်က ဘယ်ရွေ့ဘယ်ရွေ့လို့လည်း ခန့်မှန်းလို့ မရဘူး။

အေး…ပက်ပင်းတွေ့ခံရတဲ့ ဒုက္ခမျိုးကျတော့ ကန့်သတ်ချက်ရှိတယ်။ ပြီးတော့ ကိုယ်ဖြစ် ကိုယ်ခံ၊ စိတ်ကမှ မတုံ့ပြန်လျှင် နေပူထဲ သွားရသလောက်တောင် မပင်ပန်းကတတ်ဘူး။

သည်စိတ်လေ့ကျင့်ခန်း သုံးချက်ကို မင်း ပိုင်နိုင်လာခဲ့လျှင်…

(၁) မင်းဘဝ မေ့မေ့ပျောက်ပျောက် နေတတ်ထိုင်တတ်အောင် ကြိုးစားရမယ်။

(၂) မင်း ရှေ့ကြိုက်စရာ ရောက်လာလျှင် ဒါ ငါသုံးဆောင်ဖို့ ဘုရားပေးတာလို့ မှတ်ယူရမယ်။

(၃) တကယ်လို့များ မင်းရှေ့ မုန်းစရာတွေ့နေလျှင်တော့ သူ့သေနေ့စေ့လို့ ငါ့ရှေ့လာ အသေခံတာရယ်လို့ မှတ်ယူရမယ်။

သည်စိတ်ထားသုံးချက် ရင့်ကျက်လာအောင် ဒုတိယ လေ့ကျင့်ရလိမ့်မယ်။

ငါပြောခဲ့တဲ့ စိတ်လေ့ကျင့်ခန်းနှစ်ခု အောင်မြင်လာပြီဆိုရင်တော့ ကိုယ်ထိလက်ရောက် တောက်လျှောက် ကိုယ်ကျိုးရှာဖို့ မခဲယဉ်းတော့ဘူး ငါ့လူ။

ဟုတ်ပြီ...**အာစရိပြောတဲ့အတိုင်းဆိုရင်** ပစ္စုပ္ပန်တည့်တည့် စိတ်ထားတတ်ရမယ်။ ချစ်, မုန်း,မေ့ သုံးခု **အားပြုရမယ်ဆိုပါတော့။**

ငါ့လူက အကင်း**အညာအထာအလွန်ပါးတာကိုး။** မှန်၏၊ ကန်၏။

ကိုယ်ထိလက်ရောက် **အထမြောက်ရမယ့်** နေရာများကကော အာစရိ။

မင်းကိုယ်၊ မင်းနှုတ်နဲ့ လုပ်ကွက်ဖော်ရမယ့် ဌာနများကတော့ ငါးဌာနရှိတယ်။

## ပါဝိဇ္ဇာသမားတို့ ကျူးလွန်တတ်ကြရာ ကံငါးပါး

၁။ သူတစ်ပါးအသက်၊ ဖက်ရွက် တစ်ရွက်၊ သက်ကယ်မြက် တစ်ပင် လောက်မျှ မကြွင်နာရဘူး။

၂။ သူ့ရှိဥစ္စာ ကိုယ့်ရှိပမာ သဘောထားပြီး အနုနည်းမရ၊ အကြမ်းနည်းဖြင့် ရယူတတ်ရမယ်။

၃။ သူက မွေးထား သမီးများနှင့် သူ့သားမယားတွေ့က ယောကျ်ားသားတိုင်းနှင့် ဆက်ဆံစရာအဖြစ် သဘောထားရမယ်။

၄။ ဟုတ်လျှင် မဟုတ်၊ မဟုတ်လျှင်ကား အဟုတ်၊ ယုတ္တိဆင်၍၊ တွင်တွင် မုသား၊ ပဲလှော်ဝါးဘိသို့ ပြောကြားနိုင်ရမယ်။

၅။ မမေ့မပျောက် စိတ်ကောင်းပေါက်နေခဲ့သော်၊ အရက်သောက်၍လည်း ပယ်ပျောက်နိုင်စွမ်း ရှိရမယ်။

သည်ငါးဌာနတို့ဟာ တို့ရဲ့ကျက်စားရာ နယ်ပယ်တွေပဲ။ ဒီနယ်ပယ်ထဲကပဲ တို့အသက်မွေးဝမ်းကျောင်း ကောင်းကောင်းထိန်းထားနိုင်ရမယ်။

သည်နယ်ပယ်ထဲကပဲ တို့ပျော်စရာအသီးသီး ဖန်တီးရယူနိုင်ရမယ်။

"အာစရိ...မသိလို့ မေးရဦးမယ်"

"မေး မေး...မင်းမရှင်းလင်းတာဆို အကုန်သာမေး"

"သည်ငါးချက်နှင့် ကိုယ်ကျိုးရှာတော့ သူ့အကျိုးများ နာမလားလို့"

"ဟ...အကောင်၊ ဒါ ပရဟိတ ဂေဟာမဟုတ်ဘူး၊ ကိုယ်ကျိုး ရှာဖွေတဲ့ နေရာ၊ ကိုယ့်ကျိုး ကိုယ့်စီးပွား တိုးပွားလိုလျှင် သူ့အရှိ ကိုယ့်အရှိဖြစ်အောင် ကြိုးစားပါ"

ခေါင်းဆောင်သည် သူ့စခန်း၏ နံရံရှိ ထိုဆိုင်းဘုတ်ကို လက်ညှိုးထိုးပြလိုက်၏။ ပြီးမှ လောကတွင်း လှည့်လည်နေကြတဲ့ ရွှေရယ်၊ ငွေရယ်၊ တန်ဖိုးသင့်အခြားကျောက်သံပတ္တမြား၊ **ရတနာ**များရယ်က လူဦးရေနှင့် အညီအမျှထွက်ပေါ်လာကြတာတွေ မဟုတ်**ဘူး။ တစ်လက်မှ** တစ်လက်ပြောင်းနှင့်သာ လည်ပတ်နေရတာမျိုး အဲသည့်ရွှေ၊ ငွေ၊ ရတ**နာတွေ ကိုယ့်ဆီမနား**၊ သူ့ဆီလားကို တရားသဖြင့် ကြိုးစားရယူနေရလျှင်၊ အိပ်တန်းဆင်း အိပ်တန်းတက် ကြက်ယက်ရှာသလောက်မှ ခရီးမရောက်ဘူး။

သည် တော့ ကိုယ် ကျိုး များ ချင် ရင် သူ့ အ ကျိုး စီး ပွား ကိုယ့် လက် ကြား မရောက်,ရောက်အောင် ကြိုးစားနိုင်မှ ရွှေ ငွေ ပတ္တမြား မင်းဆီလာနားတော့မပေါ့။

ဆိုပါစို့...

ပစ္စည်းရှိ ဆိုင်ကြီးတစ်ဆိုင်ပေါ်ကို ညအချိန်မတော် ဈေးဝယ်ချင်လို့ပါလို့ လိမ်ပြီး တံခါးအဖွင့်ခိုင်း၊ ဖွင့်ပေးလျှင် ဝယ်ချင်ယောင်ဆောင်သူက ဆောင်၊ နောက်ယောင်ခံ လုယူတိုက်ခိုက်သူများက တိုက်ခိုက်ပြီး သူ့အရှိ ကိုယ့်အရှိဖြစ်အောင် လုပ်နိုင်ရမယ်။

အသာတကြည် ပေးလျှင်တော့ အေးအေးဆေးဆေး ပြန်ထွက်ခဲ့။

ကလန်ကဆန်လုပ်နေရင်တော့ အရိုက်အနှက်ကနေ အသက်သေသည် အထိ ဆုံးမခဲ့။

ဒါ ကံကျူးပုံ အရိပ်အမြွက်ပဲ။ တကယ့် ကိုယ်တွေ့ကျတော့ လုပ်သလို မဖြစ်၊ ဖြစ်သလို လုပ်တဲ့နည်း သုံးကြရတာချည်းပဲ...ကိုယ့်လူ၊ တစ်ထစ်ချရယ်လို့ အစွဲမထားရဘူး။

ကျက်စားရာ နယ်ပယ်က ငါး၌ာနတော့ ဟုတ်ပြီ။

နို့ အဲဒီ ငါး၌ာနရောက်လို့ သူ့အရှိ, ကိုယ့်အရှိအဖြစ် သိမ်းပိုက်တော့မယ့် အခါ သူတို့အပေါ် ဘယ်စိတ်ထားများနှင့် ဆက်ဆံရမှာလဲ။

ငါပြောခဲ့တဲ့ စိတ်ရဲ့ ဒုတိယ လေ့ကျင့်ခန်းကအတိုင်းပေါ့ ကိုယ့်လူ။ အဲသည် ဒုတိယစိတ်လေ့ကျင့်ခန်းရဲ့ ချစ်, မုန်း, မေ့ သုံးခုကို အသေးစိတ် ရှင်းပြရရင်...

## စိတ် ကိုယ် ညစ်ပေစေရာ၌ အသုံးချရသော စိတ်၏ တွဲဘက် ၁၂ ပါး

၁။ အကြိုက်တွေ့နေပြီ၊ ငါတို့လို စိတ်ထား ထာ လိုက်။
သည်အခါ အလိုကြီးစိတ်လည်း အာ ကြီး ကြီး နဲ့ ရင်ဝ ဆောင့်တွန်း လာလိမ့်မယ်။ အာ မလို အားမရစိတ်ကလည်း ငယ်ထိပ် တက်နက် လာလိမ့်မယ်။ ဘာဖြစ်ဖြစ် ဆိုတဲ့ မိုက်စိတ်ကြီး ကလည်း တစ်ကိုယ် လုံးကြီး ခွစီးထားပေးလိမ့်မယ်။ သည်အခါ...

(က) သွေးပူတွေ အလွန်ဆူတက်လာလျှင် ဘယ်သူမှ လက်မကုတ်ရဘဲနှင့် ထလုပ်ဖြစ်တော့မယ်။

(ခ) သွေးပူကလေး ခပ်အေးအေးဖြစ်နေရင်တော့ ဘေးလူလက်ကုတ်မှ အလုပ်ဖြစ်တော့တယ်။

ဒါက အကြိုက်တွေကို ငါတို့စိတ်သွင်းပြီး အတွင်းဘက် ယက်ယူတဲ့အခါ သုံးတဲ့စိတ်ထားပဲ။ ငါ့မယားဖို့၊ ငါ့သားဖို့လည်း ဒီစိတ်ပဲ ထားရတယ်။

၂။ အဲ...နောက်တစ်ခု အကြိုက်တွေ့နေပြီ၊ ငါတို့လိုတော့ စိတ်မထား။
သည်အခါသူ့အပေါ် ပေးလိုကမ်းလိုစိတ် အားကြီးလာမယ်။ သူ့ကို နှစ်လိုအာ ရ သဘောလည်း ကျလာမယ်။

(က) သူ့အစွဲကြီးလို့ သွေးမီး အဟပ်များနေရင် မတောင်းဘဲပင် အတင်းပေးမယ်။

(ခ) သူ့အစွဲနည်း သွေးမစီးရင်တော့ တောင်းမှပဲ ပေးတတ်တယ်။

ဒါမျိုးကား သမီးရည်းစားအပေါ် ကိုယ်နှင့် ခင်ရာမင်ရာ အကျွမ်းဝင်သူများရဲ့အပေါ် စတဲ့ အကြိုက်တွေ့၊ ငါ့ဖို့လက်လွတ်၊ ပြင်ပဘက် စွန့်တဲ့အခါ သုံးတဲ့ စိတ်ထား။

၃။ နောက်တစ်ခု အကြိုက်လို့တော့ စိတ်မသွင်းမိဘူး၊ ငါ့ဖို့ဆိုတာတော့ ကျန်သေးတဲ့အခါ ငါ့အတွက် မျှော်လင့်ချက်များက ထိပ်တက်ဆောင့်လာလိမ့်မယ်။ မိမိဖန်တီးထားတဲ့ စိတ်ကူးယဉ်ဘဝအပေါ် နှစ်လိုအားရသဘောကျလာလိမ့်မယ်။ ဘာဖြစ်ဖြစ် စိတ်လည်း တွဲလာလိမ့်မယ်။ သည် ဘာဖြစ်ဖြစ်စိတ်ကတော့ နေရာတကာ ပါလိမ့်မယ်။ အကြိုက်ကတော့ တွေ့တဲ့အခါလည်း ရှိတယ်၊ မတွေ့တဲ့အခါလည်း ရှိတယ်။ အလိုမကျတဲ့ အခါလည်း ရှိတယ်၊ အလိုကျတဲ့အခါလည်း ရှိတယ်။ ဒါကြောင့် အဘိဓမ္မာ ဗျာပါဒနှစ်မျိုးကတော့ အမြဲမပါကြဘူး။

သည်အကြိုက်ပယ် ကိုယ်တွက် မျှော်များကတော့...

ဆွေမျိုး အသိအကျွမ်း၊ လည်ပင်းဖက် သူငယ်ချင်း၊ ကိုယ့်အောက် ငယ်သားများနဲ့ မိသားစု၊ သားမယားများ၊ ခင်မင်ရာ၊ အားထားရာများအပေါ် ပေးတဲ့ ကမ်းတဲ့အခါမျိုး သုံးတာပဲ။

သူ့မှာလည်း (က)(ခ) တိုက်တွန်းရ လွတ်,မလွတ် နှစ်မျိုးပါပဲ။

"ဟာ...သည်အတိုင်းဆို လူ့လောကမှာ ငါ့မိတ်ဆွေ၊ ငါ့ပရိသတ်လို့လည်း ဓောကပ်နေတယ်။ ဒါ အလှူခံတစ်မျိုး။ အလှူခံဘက်ကျတော့လည်း ဒါက ငါတို့ဆရာ၊ ငါတို့ ဘကြီး ဘုန်းကြီး၊ ဦးလေး ဘုန်းကြီး၊ တူ ဘုန်းကြီး၊ သား ပဉ္စင်း ဆိုတဲ့ ပုဂ္ဂိုလ်စွဲဓောကလည်း ကပ်လို့နေမယ်။ ပေးဖို့ကမ်းဖို့ ပြင်ဆင်ထားတဲ့ ဝတ္ထုများဘက်ကျတော့ကော ငါပေးကမ်းမှာက ဘာရယ် ဘာရယ်လဲ အစွဲထားပြီး နှစ်သက် သာ

ယာနေတယ်၊ ငါလှူမှာက ဘယ်အမျိုး ဘယ်အမျိုးလို့လည်း ငြိကပ်တွယ်တာသာ ယာနေတယ်။ သူတို့လည်း သည်အထဲ ပါနေမှာပေါ့ဦး။

တစ်ချိန်လုံးလုံး ငြိမ်နားထောင်နေသော မောင်ကာယသည် ထိုခေါင်းဆောင်ကြီး၏ ရှင်းလင်းချက်ကို ဖြည့်စွက်မေး, ထမေးလာ၏။

ထိုအချိန်တွင် ပတ်ဝန်းကျင်မှ ဝိုင်းရံအကဲခတ်နေကြသော သူ့တပည့်လက်သားများသည် အသခ်နှင့် မောင်ကာယတို့အပေါ် ဒါ တို့ရန်သူမဟုတ်၊ တို့အရန်လူပဲ ဟူသော သံသယကင်း စိတ်ချခြင်းရှိလာကြသဖြင့် အဝေးသို့ ခွာသွားကြ၏။ စကားဝိုင်းကား ခေါင်းဆောင်နှင့် အသခ်တို့ ညီအစ်ကိုနှစ်ဦးမျှသာ။

'က၊ ခ' လေး ငါမကင်းတဲ့ လုပ်ရပ်မှန်သမျှ အမျှော်မကင်းဘူးဆိုတာ မှတ်ထား။

ငါ မကင်းတဲ့ အကြံ မှန်သမျှ ငါ့ဖို့၊ ငါ့မယားဖို့လို့သာ ကြပ်ကြပ်တွေးကြည့်လိုက်စမ်း။

၁။ အလိုကြီးစိတ် ထိပ်တက်ဆောင့်ပြီသာမှတ်။

၂။ မရမချင်း အားမလို အားမရစိတ်က ထကြွပြီသာမှတ်။

၃။ အဲ...သူတို့နှစ်မျိုး အခိုးထလာလျှင် ဘာဖြစ်ဖြစ် စိတ်က မနေတော့ဘူး၊ ဝင်လာပြီ။

သို့ကြောင့် အမျှော်မကင်းတဲ့ အကြံ၊ အပြော၊ အလုပ်မှန်သရွေ့သည် ညစ်ပတ်စုထဲသာ စာရင်းထည့်လိုက်တော့။

"ရှေ့ဆက်ရှင်းပါဦး အာစရိရဲ့"

၄။ နောက်ဆုံး အကြိုက်လို့လည်း စိတ်မသွင်းမိဘူး၊ ငါ့ဖို့လည်း အမျှော်မထားဘူး။ သည်အခါ တောင်းခံသူနှင့် ထိပ်တိုက်တွေ့လျှင် မနေသာ စိတ်လည်း ဝင်လာတတ်တယ်။ အားနာစိတ်လည်း ဝင်လာတတ်တယ်။ အေး ပြီးရော စိတ်လည်း ဝင်လာတတ်တယ်။ သည်စိတ်ထားမျိုး တစ်မျိုးတစ်မျိုး ဝင်ဆောင့်လာလို့

(က) မကျေချမ်းစိတ် စတဲ့ ဆိုးစိတ်များ အားကြီးလျှင် မတောင်းခင်က ပေးလိုက်ပြီးသား။

(ခ) မကျေချမ်းစိတ် စတဲ့ ဆိုးစိတ်နည်းလို့ သွေးကျဲနေရင်တောင် သံစမှ ထပေးလိုက်တယ်။

သည်အကြိုက်မှဲ့ ကိုယ်တွက်မပင်း အမျှော်ကင်းစိတ်များကတော့...

၁။ ဆိုင်ရှေ့ အိမ်ရှေ့လာရပ်တဲ့ ဘုမသိ ဘမသိအလှူခံများ။

၂။ ခရီးသွားရင်း ဘတ်စ်ကား၊ ရထား၊ သင်္ဘောများမှာ ဆုံရလေ့ရှိတဲ့ သူတောင်းစားနှင့် ဘုမသိ ဘမသိအလှူခံများနှင့် ဆက်ဆံတဲ့ နေရာမှာ ထားတဲ့ စိတ်ထားပဲ။

အားလုံးပေါင်းလိုက်တော့ အကြိုက်အုပ်စုမှာ ရှစ်မျိုး။

သည်ရှစ်မျိုးများနှင့် မကင်းသမျှ စာရင်းမရှင်းရသေးသော ဗိုင်တွဲကြီးလိုသာ ကိုယ့်ကိုယ်ကို မှတ်ထားလိုက်။ ဒါမှမဟုတ် ငါကား ကန်ဆင်းငါးနှိုက်သမားလိုသာ မှတ်ထားလိုက်။

ဒီရှစ်မျိုးကို ကြိုက်စိတ် အရင်းခံပြီး လှုပ်ရှားကြရမယ့် စိတ်ထားများ ဖြစ်ကြလို့ လောဘစိတ် ရှစ်မျိုးလို့ ဆိုရတယ်။ တို့ခေတ် ဆူပါဂလူးကော်မျိုးလို အကြိုက်တွေ့ ဝတ္ထုအာရုံတို့အပေါ် စွဲလွှန်းလွန်းလို့ လောဘလို့ ဆိုထားတာ။

တစ်ဖန် အကြိုက်မတွေ့တော့ပြီ၊ သည်ဟာ ငါ့ဒုက္ခပေးမယ့်ကန့်လန့်ကောင်ပဲ၊ စိတ်သွင်းလိုက်၊အဲ...မုန်းငြိုးပြစ်မှား အာဃာတ ထားစိတ်တွေ တဖွားဖွား တောက်လောင်လာရော။

(က)မကျေချမ်းစိတ် အားကြီးလွန်းလို့ သွေးမည်းပြီး မျက်နှာကြီးပါ မည်းတက်လာလျှင် ဘယ်သူက ဘယ်လိုတားတား၊ တားသူပါ အဆစ်ပါ ဖို့သာ ပြင်ပေရော့ပဲ။ သူ့ကို သတ်ဖြတ်ဖျက်ဆီးလိုစိတ်က ကြီးမားလာတယ်၊ မသတ်ရမချင်း အားမလိုအားမရစိတ်ကသည်း ဆွပေးနေတယ်။ သည်တော့ ဘာဖြစ်ဖြစ်ပေါ့။

(ခ) အဲ...ပြစ်မှားလိုစိတ်က မုန်းငြိုးထားတာမျိုးတော့မဟုတ်ဘူး။ တွေ့မှသာ ပြစ်မှားမိတာမျိုး။ သူ့ဘက် ကလဲ့စား မတုံ့ပြန်မယ့် အရာမျိုးကျတော့ သူများ တွန်းပေးမှ ဖြစ်တတ်တာမျိုး။ ဒါမျိုးများက ကြက်၊

ဝက်၊ဘဲ စတဲ့ ဟင်းကောင်သတ်တာမျိုး၊ခြင်၊ကြမ်းပိုးများ သတ်တာ မျိုးမှာ ပိုတွင်ကျယ်တတ်တယ်။

ပြီးခဲ့တဲ့ 'က'၊ 'ခ' အမှတ်ပြများကတော့ လူ၊ ရန်သူ၊ ရန်သူချင်း၊ ကျားသစ် စတဲ့ လူနှင့် တိရစ္ဆာန် ရန်သူချင်းများမှာ အသုံးအများဆုံးပဲ။

တစ်ခါတစ်ရံ 'က'၊ 'ခ' နှစ်မျိုးစလုံး အတွန်းရလွတ် လက်လွယ်တာလည်း ရှိတယ်။

တစ်ခါတစ်ရံ 'က'၊ 'ခ' နှစ်မျိုးစလုံး တွန်းအားပေးမှ လက်ပါရတာလည်း ရှိတယ်။

ဒီနှစ်မျိုးကတော့အာဃာတစိတ်၊ ပြစ်မှားစိတ် အရင်းပါမှ လက်မြောက်တဲ့ အရာမျိုးမို့ ဒေါသအုပ်စု ဆိုရတယ်။ သူ့အပေါ် ကိုယ်,နှုတ် နှစ်ပါး တစ်ပါးပါးနှင့် ဖြစ်စေ၊ စုံဖြစ်စေ စော်ကားရာမှာ သစ်တုံးကြီး လွှနှင့်တိုက်သလို ကြမ်းတမ်းလွန် လွန်းလို့ ဒေါသတဲ့။

နောက်တစ်ဖန် ကြိုက်ရမည်လည်း မသိ၊ မုန်းလိုက်ရမည်လည်း မသိတတ် တော့ပြီ။

(က)သည်ဟာ အကောင်းပဲလား၊ အဆိုးပဲလား ချီတုံချတုံ ဇဝေဇဝါလည်း ဖြစ်နေတတ်တယ်။

(ခ) ရံဖန်ခါ သူ့အပေါ် စိတ်မဝင်စား ဟိုသည်ပြေးလွှား စိတ်ကလေး ဆောကစားလို့လည်း နေတတ်တယ်။

သည်စိတ်နှစ်မျိုး တစ်မျိုးတစ်မျိုး ဖြစ်နေတဲ့အခါ ဘာဆိုဘာကိုမှ ယတိ ပြတ် ဆုံးဖြတ်စရာ ကိုယ့်ဉာဏ်မပေါ်လာတော့ဘူး။ သူတစ်ပါးစကား နားယောင် လို့လည်း ပြောနေရတယ်။ သူတစ်ပါး အလုပ်မျိုး အတုခိုးပြီးတော့လည်း လိုက်လုပ် နေရတယ်။

သည်စိတ်နှစ်မျိုးကိုတော့ တွေဝေမှု အရင်းခံရှိမှ ဖြစ်လာတတ်တာမျိုးမို့ မောဟ အုပ်စုခေါ်ရတယ်။ အကြံအဖန် မရှိ၊ ငုတ်တိတိ အမျိုးမို့ မောဟတဲ့။

အားလုံးပေါင်းလိုက်။

၁။ ကြိုက်စိတ် အရင်းခံနဲ့ ကိုယ်လှုပ်နှုတ်ဖွင့် ပြုကျင့်ရတာက ရှစ်မျိုး။

၂။ မုန်းစိတ် အရင်းခံနဲ့ ကိုယ်လှုပ်နှုတ်ဖွင့် ပြုကျင့်ရတာက နှစ်မျိုး။

၃။ ဘာသိဘာသာ စိတ်အရင်းခံနဲ့ ကိုယ်လှုပ်နှုတ်ဖွင့် ပြုကျင့်ရတာက နှစ်မျိုး။

တစ်ဆယ့်နှစ်မျိုးတိတိ။ ဒါဟာ စိတ်ကြည်ကို စိတ်မည်းပြောင်းသုံးလိုတဲ့ အခါ အသုံးချရမယ့် ညစ်စိတ် ဆယ့်နှစ်မျိုးလို့ ခေါ်တယ်။ အပြစ်လည်း မကင်း၊ မကောင်းကျိုးတွင်း ချဉ်းနင်းမိစေတဲ့ စိတ်များမို့ အကုသိုလ်စိတ်လို့လည်း သုံးတယ်။ ဓားပြတိုက်မယ့် ဥပဒေနှင့် မကင်းမှန်းလည်း သိတယ်၊ မိသွားလျှင် ထောင်ကျမှာ လည်း သိတယ်။ သို့သော်ကိုယ်ကျိုးရှာဇာတာ ပါနေသူတို့ စိတ်ချလက်ချ သွေးအေး အေးနှင့် တိုက်ယူနေကြသလိုပေါ့။

အာစရိပြောတဲ့အတိုင်းဆို အာစရိရဲ့ နောက်လိုက်ထဲမှာ အထက်က သုံးမျိုး ပဲ ရှိတယ်လို့ ဆိုရမှာပေါ့။

ဟုတ်ပေ့ ကိုယ့်လူ၊ စေ့စေ့စပ်စပ် အကြိုက်လိုက်ရှာသူများရယ်၊ အသာ တကြည် မရ, သတ်ပြမယ့်သူများရယ်၊ ခိုင်းသမျှလုပ်တဲ့ သူများရယ်ပေါ့။

သည်လိုဆို အာစရိတို့စခန်းမှာ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကိုလည်း ပထမ အစမ်းခန့်အနေနှင့် ခိုင်းရာလုပ် အုပ်စုထဲ ဝင်လျှင် မရနိုင်ဘူးလား အာစရိ။

ကောင်းပြီလေ.. ကို့ဘက်က မင်းတို့ကို စမ်းသပ်သလို မင်းတို့ဘက်က လည်းတို့ရဲ့ လုပ်ဆောင်ချက်ကို ပထမ လေ့လာဦးပေါ့။

စိတ်ချ အာစရိ၊ ကိုယ်ကျိုးရှိမယ်ဆို ခြေစုံပစ် ဝင်ဖို့အထိပဲ။

အေး၊ မင်းစကား မင်းမှတ်ထားပေါ့။ ဒါထက် မင်းတို့နာမည်က ...

ကျုပ်က အလုပ်ကို တစ်ခါပြထားတာနှင့် မခိုင်းဘဲနှင့် လုပ်လေ့ရှိလို့ အသခံ။ ညီလေးကတော့ ခိုင်းမှ လုပ်တတ်လို့ သခံ၊ သို့သော်လည်း ကာယလို့ပဲ အခေါ်များပါတယ်။

အာစရိနာမည်ကိုတော့ ...

အို...ငါ့နာမည်လား၊ ပါပဗျာဘိဂ်[၁]လို့သာ မှတ်ထားလိုက်။

---

၁။ ပါပဗျာဘိဂ် - မကောင်းမှုဒုစရိုက်တို့ ချိတ်ဆွဲရာ ထမ်းပိုးကြီး။

ထို့နောက် ပါပဗျာဘ်ဂီ၏ အစီအမံဖြင့် သစ်ပင်ကြီးတစ်ပင်အောက်ဝယ် ရွက်ဖျင်တဲလေး တစ်လုံးစီ လက်ခံရယူကာ နေခွင့်ရ၏။ စားချိန်ကျလျှင်ကား စားဖိုချောင်ကြီးသို့ သွားရောက် တန်းစီကြရကာ ပုံစံခွက်ဖြင့် စားကြရ၏။ ထိုစားဖိုချောင်ကြီးအတွင်း၌ကား သားကောင်မျိုးစုံတို့၏ အသားများကို အခြောက်လှန်းအသား၊ တံစို့ကင်အသား စသည်ဖြင့် စီမံထား၍ရှိရာ စုံတကာ စေ့လှ၏။ ကျန်စားနပ်ရိက္ခာတို့ကား ပြောစရာမရှိပြီ။

ခေါင်းဆောင်ကြီး ပါပဗျာဘ်ဂီသို့ကား သွားရောက် ပို့ကြရ၏။ ဂ်ထောက် နှစ်ဦးလည်း ၎င်းနှင့်အတူ စားခွင့်ရကြ၏။ ခေါင်းဆောင်တို့ပွဲကား နောက်လိုက်များနှင့် ကွဲ၏။ အရက်လည်း ပါ၏။ အသားကင်၊ အသားခြောက်ဖုတ်များလည်း ပါ၏။ ကျန် ထမင်းနှင့် ဟင်းစုံများလည်း ပုံစံခွက်ထဲ မဝင်ချေ။

ခေါင်းဆောင်ကောင်း မပီသ။ နောက်လိုက်ကောင်း ရပ့ါမလား။ အသခ်အတွေးဝင်သွား၏။ အို...ငါနှင့် မဆိုင်ပါဘူး။ ဖျက်ပစ်လိုက်၏။ လူတိုင်းပင် ကိုယ်ကြိုက်ရာ ကိုယ်လုပ်နေကြသူများချည်း ဖြစ်ကြ၏။ ကိုယ်ကြိုက်ရာ အသာတကြည် ရသော်တရားသည် ဆို၏။ အမှန်ကား ကိုယ်ကြိုက်ရာ နှစ်စုံ, ဆုံမိသွားကြခြင်းပင်တည်း။

တစ်ဖန် အားရှိအားမဲ့ အနိုင်ယူပြုကျင့်ပေးမှ ရခဲ့သော် မတရား သမုတ်ကြ၏။ အမှန်ကား အကြိုက်မိနပ်တစ်ဖက် ဘက်ပဲ့နေခြင်းမျှသာတည်း။ အို...ငါ ဘာတွေ တွေးနေပါလိမ့်မတုံး။

နေဝင်ပြီ။ နေရောင်ပျောက်သဖြင့် အမှောင်ပင် ရောက်စပြုလာပြီ။ ခေါင်းဆောင်ကြီး ပါပဗျာဘ်ဂီသည် သူ့နောက်လိုက် ငါးရာကျော်ထဲမှာ လက်ရွေးစင် ရှစ်ဆယ်ကို ရွေးထုတ်ပြီး ခရီးထွက်သွားကြ၏။ မောင်အသခ်တို့ ညီ၁ဲ့ဟို,ကိုကား သုံးရက်မျှ အနားယူရန် ခွင့်ပေးထား၏။ အဘယ်ကြောင့်ဆို မြင်ကွင်းသစ်သို့ လူသစ် ရောက်ခဲ့လျှင် လိုရက်များအတွင်း တစ်ဖက်နှင့်တစ်ဖက် စိမ်းနေတဘ်သေးသောကြောင့်။

# စာစဉ်အမှတ်(၂၅)

## ပစ္စန္တရာဇ်၏ နယ်ခြားမြို့လေး ပီယကာမီ

ထိုပါပဗ္ဗာဘ်ဂီ စနေ်းချရာ တောအုပ်နက်ကြီး၏ အနောက်စူးစူးသို့ အောက်လမ်းအတိုင်း ဆင်းသွားသော် ရွာကြီး လေးရွာ ခြံရံထားသော မြို့ပိုင်မင်း ရုံးစိုက်ရာ နယ်ခြားမြို့လေးရှိ၏။ **ပီယကာမီ** [၁]မြို့ အမည်တွင်၏။ အကွာအဝေးအားဖြင့် မိုင် ၂၀ ခန့်မျှ သွားရောက်ကြရ၏။

ထိုမြို့လေး၏ မြို့ပိုင်မင်းကား **နိဝုရဏ**[၂] မည်၏။ မြို့ငယ်လေးကား နယ်ခြားမြို့ပီပီ လွတ်လပ်၏။ နစ်ဖက်ပြည်ထောင်တို့၏ ဘုရင်အာဏာစက်များ မရောက်ရာဒေသ ဖြစ်ခြင်းကြောင့် ထိုပီယကာမီမြို့၌ ဘာမဆို မရ မရှိချေ။

နှစ်ပြည်ထောင်တို့၏ ကူးလူးဆက်ဆံရာဒေသဖြစ်သဖြင့် နိုင်ငံခြားဖြစ်ပေါလှ၊ စုံလှ၏၊ အဝတ်နိုင်ငံခြားဖြစ်၊ အစားအသောက် နိုင်ငံခြားဖြစ်၊ အသုံးအဆောင် နိုင်ငံခြားဖြစ်၊ ပြည့်တန်ဆာ နိုင်ငံခြားဖြစ်မှသည် အရက်၊ ဖဲ စသည် စုံတကာစေ့လှ၏။

ထိုမြို့၏ လေးမျက်နှာ တစ်မိုင်ပတ်လည်အတွင်း တည်ထားသော ရွာကြီးများကား တစ်ရွာလျှင် အိမ်ခြေပေါင်း တစ်ထောင်ခန့်စီရှိသော အရှေ့မျက်နှာ၌ **အာစီဝ ဝုဋ္ဌိရွာ**[၃]၊ တောင်၌ **အာစီဝ သုဒ္ဓရ**[၄]၊ အနောက်၌ **အာစီဝ ကလျာဏ**[၅] မြောက်၌ **အာစီဝ စိတ္တ**[၆] တို့ဖြစ်ကြ၏။ ထိုတွင်...

---

| | | | |
|---|---|---|---|
| ၁။ | ပီယကာမီ | - | ကာမဂုဏ် အပျော်ကျူးရာဒေသ |
| ၂။ | နိဝုရဏ | - | လူကောင်းညှဉ်းပန်း၊ လူဆိုးလက်ကမ်းသူ |
| ၃။ | အာစီဝ သုဋ္ဌိ | - | အသက်မွေး စင်ကြယ်ခြင်း |
| ၄။ | အာစီဝ သုဒ္ဓရ | - | သက်မွေးကောင်းခြင်း |
| ၅။ | အာစီဝ ကလျာဏ | - | သက်မွေးလှပခြင်း |
| ၆။ | အာစီဝ စိတ္တ | - | သက်မွေးဆန်းကြယ်ခြင်း |

၁။ အရှေ့၏ အာဇီဝ သုဒ္ဒိရွာကား နတ်မှုပညာရပ် ဖြစ်သော ပညာသင် ကျောင်းဆရာများ၊ ဗေဒင်ဆရာများ၊ ဆေးဆရာများ၊ နက္ခတ်ပညာနှင့် တတ်ဆရာများ ထွန်းကား၏။

၂။ တောင်၏ အာဇီဝ သုဒ္ဓရဋ္ဌကား ယာလုပ်ငန်းကို အားကိုးပြုကြ၏။

၃။ အနောက်၏ အာဇီဝကလျာဏဋ္ဌကား လယ်နှင့်ကျွန်းများကို အားထားကြ၏။

၄။ မြောက်၏ အာဇီဝ စိတ္တဋ္ဌကား လက်မှုပညာရပ်များ ဖြစ်ကြသော ဗိသုကာ ပညာ၊ ပန်းချီ ပန်းပုပညာများဖြင့် အသက်မွေး ဝမ်းကျောင်းကြ၏။

သို့ကြောင့် နေချင့်စဖွယ်ကောင်း၏။ မြို့နှင့်စာလျှင်ကား လင်းတကြီး၏ အနီးအပါး ဗျိုင်းဖြူလေးကောင် ဝင်နားနေသည့်ပမာ၊ မြင်ကွင်း တခြားစီသာ ဖြစ်လျက် ရှိကြ၏။ ထိုမြို့ထိုရွာများနှင့် မနီးမဝေး စသည်တို့၌ကား မိသားစုတို့ချည်း ခွဲထွက်၍ စုပေါင်းနေကြသည့် ရွာသိမ်ရွာငယ်လေးများလည်း အများအပြားပင် ရှိနေကြပြီး အချို့ကား ငါးအိမ်ရွာကလေး၊ အချို့ကား ခြောက်အိမ်ရွာကလေးများမှ သည် အများဆုံး ငါးဆယ်ဝန်းကျင်အထိ ရှိကြ၏။ ထိုရွာကြီးရွာငယ်အားလုံး ပိယကာမိမြို့ကိုသာ မှီခိုကြရလေတော့၏။

ပိယကာမိမြို့သည်ကား ကုန်သည်တို့ အများအပြား ကျက်စားကြ၏။ နှစ်ဖက် တိုင်းပြည်တို့မှ မင်းမသိကုန်၊ မင်းသိကုန် အားလုံးတို့ကို အချို့ကား မြင်းများဖြင့်၊ အချို့ကား လားများဖြင့်၊ အချို့ကား ခြေလျင်သယ်ကြ၏။ မြို့တွင်း၏ ဗဟို အချက်အချာကျသောနေရာဝယ် ဈေးကြီးလည်း တည်ထား၏။ ဈေး၌ မဝင် ပြင်ပ၌ပင် မိမိ၏ အိမ်နှင့်ခြံသည်ပင် စီးပွားရေးနယ်ပယ် သတ်မှတ်ထားပြီး ဒိုင်ဖွင့်သူကလည်း ဖွင့်၏။ ဈေး၌ပင် ထွက်ရောင်းသူက ရောင်းချကြ၏။ ကုန်သည်တို့ကား သယ်ခဲ့သမျှ အချို့ ဒိုင်သွင်း၍ လက်ကားနှုန်းယူကာ တစ်ခေါက်ပြန်သွားကြ၏။ အချို့ဈေး၌ ပင် လက်လီစိတ် ရောင်းပြန်ကြ၏။

မြို့လယ်ကောင်၏ ချောင်ကျရာတို့၌ကား မကောင်းမှု ဒုစရိုက်မျိုးစုံ၊ ဒိုင်ကြီး များ ထိုထိုမားမား ရှိနေကြ၏။ နာမည်မရ လူသိမများလှသေးက အရပ်စောင့်မင်း

များနှင့် မြို့ပိုင်ကြီး၏ လက်ထောက်အရာရှိများသို့ကပ်က ဆင်သမျှ အကွက်ကြော ချောချောမောမောဖြစ်သွားကြ၏။ နာမည်ဆိုး၊ တစ်ဟုန်ထိုးထိုး၊ လူတိုင်းကြိတ်ကြိတ်တိုးလာလျှင်ကား မြို့ပိုင်မင်း နိဝရဏထံ လက်ဆောင်ပဏ္ဏာဖြင့် ဝင်ခစားလေမှ ပြီးပြေရ၏။ လစဉ် ရက်တိုင်းတို့၌ကား အကောက်ခွန်သဘောမျှဖြင့် အချိုးကျ ပေးအေးဆေး၏။

ကာမဂုဏ်သင် ပျော်ပိုက် ပီယကာမိသို့ လိုက်ခဲ့ပါ။

ထိုဆိုင်းဘုတ်ကလေးကား ကာမဗျာဘင်္ဂိတို့အဖွဲ့ သွားရာ တောလမ်းခရီး၏ တစ်ခုသော သစ်ပင်ကြီးဝယ် မီးသွေးခဲဖြင့် ရေးခြစ်ထားသော ဆိုင်းဘုတ်ကလေး ဖြစ်၏။

ဆိုင်းဘုတ်ကလေးက တို့ကြို့ဆိုနေသလိုပဲဟေ့။ ကဏှာ[၁] နှင့် ဝဏ်[၂]တို့။

ကာမဗျာဘင်္ဂိသည် ထိုသစ်ပင်ကြီးအောက် နားလျက်က မီးရောင်ဖြင့် ဖတ်ကြည့်ပြီး သူ့လက်ထောက် တပည့်နှစ်ဦးကို ပြောပြနေခြင်းဖြစ်၏။

ဖိတ်ခေါ်သူ ရှိလိုက်ဖို့က ဧည့်သည်တာဝန်ပဲ မဟုတ်လား အာစရိ။

ကဏှာက ထောက်ခံချက် ပေးလိုက်၏။ ဝဏ်က တစ်ခုကို တွေးနေ၏။

အာစရိမြို့အဝင်ဆိုတာ လွယ်ပါ့မလား။

ဟ...အကောင်ကြဲကြောက် လှည်းအောက် မအိပ်နှင့်ဆိုတာ မင်းပဲ။

သည်လိုကွာ...ရာဇဝင်အရ သည်မြို့ဟိုမြို့ပိုင်ဆိုင်ကြတဲ့ မြို့ပိုင် နတ်မင်းကြီးများ မရှိဘူးလား။

ရှိတယ်လေ၊ အဲဒါနှင့်...ဒါနှင့်...။

ဟာကောင်...နေပါဦး ငါ့စကားဆုံးအောင်။

အဲ့သည်မြို့သွားပြီး အိမ်တစ်အိမ်အိမ် ဝင်တိုက်တော့မယ်ဆို မြို့ပိုင်နတ်ကွန်းကြီးသွားပြီး သူကြိုက်တာ တင်ရတယ်။ နတ်ကွန်းတိုင်ခြေမှာတော့ တိုက်မယ့် လက်နက်တစ်ခုခု ထောင်ပေးထားရတယ်။

---

၁။ ကဏှာ - လူမဲ

၂။ ဝဏ် - လုလိမ်လုကောက်

အရှင်ကြီး ...အရှင်ကြီး ပိုင်တဲ့မြို့က ဘယ်သူ့ဆီသွားပြီး တိုက်ယူမလို့ပါ။ အရှင်ကြီး မကြိုက်တဲ့ တိုင်ထောင်လက်နက် လုံချပစ်လိုက်ပါ။ ခွင့်ပြုက ဒီအတိုင်း ထား ပေးပါ။ ဒီလိုလည်း ပါးစပ်က တောင်းပန်ရတယ်။

အဲ...တိုင်ထောင် ဓားမလုံဘူး၊ စိတ်ချလက်ချသာသွားတိုက်။

အဲ...တိုင်ထောင်ဓားလဲကျသွားပြီ၊ နောက်ကြောင်းပြန်ဆုတ်။

အင်...စ... ချင်း လက်ဆုံကျကျ ပြောမရတဲ့ နတ်မြို့ပိုင်မင်းကိုတောင် ပြောရသေးတာ၊ လူမြို့ပိုင် ဘာမို့လို့ မရရမှာတုန်း ဝက်ရဲ့။

အဲဒီတော့ အာစရိရဲ့အကြံက...

ငါနှင့် အကင်းအညာပါးပါး တပည့်တစ်ယောက်ကို ငွေနှင့်အရက်၊ စက္ကူ ကိုယ်စီနှင့် ပတ်ပေးလိုက်၊ ငါမြို့ပိုင်မင်း နိဝရဏထံ သွားတွေ့မယ်။

မင်းနှင့် ငါးယောက်လောက်က ငါ့နောက်က နောက်ယောင်ခံနေ။

ကျန် ကဏ္ဍာနှင့် တပည့်အားလုံးက လူလွတ်မခေါ်မချင်း သင့်ရာရပ်ဖျောက် နေကြ၊ နားလည်ကြရဲ့လား။

နားလည်ပါတယ် ဆရာကြီး။

စိတ်ချရရဲ့လား၊ စိတ်ချပါဆရာကြီး။

ပါပဗျာဘာဂီသည် နောက်လိုက်များဘက် လှည့်ပြီး မေးလိုက်ခြင်းပင်။ ပြီးသော် ခြေလှမ်းကျဲကြီးဖြင့် ပိယကာမိမြို့ဘက် ထွက်ခွာသွားချေပြီ။

မြို့ကား အမှောင်ကြီးစိုးနေ၏။ မြို့၏ အရှေ့ဘက် ဆင်ခြေဖုံးအရပ်တွင် မြို့ပိုင်မင်းနေရာ ခြံကျယ်ကြီး ရှိ၏။ ဝင်ခွင့်တောင်းရာ အလိုက်သင့်ပင် ဝင်ခွင့်ပေး၏။ အထဲ၌ကား မြို့ပိုင်မင်း နိဝရဏ တစ်ဦးတည်း ညည့်ခန်း ဝယ် ထိုင်နေသည်ကို တွေ့ရ၏။

ကောင်းသောညခင်းပါ၊ မြို့ပိုင်မင်း ။

ဟုတ်ကဲ့၊ ကောင်းသောညခင်းကြီးပါ မိတ်ဆွေ။

နိဝရဏနှင့် ပါပဗျာဘာဂီတို့ ဦးစွာ နှုတ်ဆက်ကြ၏။ ကမ္ဘာ့ခြိမ် ထုံးစံ အ တိုင်း လက်ဆွဲနှုတ်ဆက်လိုက်ကြ၏။ ပါပဗျာဘာဂီက ခါကို ညွှတ်၍ အရိုအသေ ပေးကာ နိဝရဏလက်ညှိုးညွှန်ရာ ကုလား ထိုင်ပေါ် ဝင်ထိုင်လိုက်၏။

ဆို...ဘာကိစ္စလဲ။

ကိစ္စဆိုတာထက် မြို့ဝန်မင်းကို လာပြီး ဂါရဝပြုတယ်ဆိုတာက ပိုမှန်ပါလိမ့်မယ်။

နီဝရဏ၏ မျက်နှာသည် ဗျာဘ်ဂီ၏ စကားကြောင့် ဝင်းလက်သွား၏။ ဗျာဘ်ဂီသည် အခြေအနေ ကောင်း ဆိုက်နေပြီကို သိသဖြင့် တပည့်ဘက် မျက်နှာ အနည်းငယ် ငဲ့လိုက်၏။ တပည့်ကလည်း အလိုက်သိသိပင် ပထမ ငွေထုပ်၊ ထို့နောက် ကမ္ဘာသုံး အရက်ပုလင်းများကို စက္ကူထုပ်များ ခွာလျက်ကဗျာဘ်ဂီ၏ လက်သို့ အပ်လိုက်၏။

ဒါက ငွေငါးထောင်ပါ မြို့ဝန်မင်း၊ လက်ဆောင်အဖြစ် ယူစေချင်ပါတယ်။

ဒါကတော့ ကမ္ဘာဖြစ် အရက်အကောင်းစားများပါ မြို့ဝန်မင်း။

နီဝရဏသည် ကမ္ဘာဖြစ် အရက်ပုလင်းများ၏ စက္ကူပတ် တံဆိပ်များကို လိုက်လံကြည့်ကာ ပြုံးလည်း ပြုံး၊ ခေါင်းလည်းညိတ်လျက်ကသာ။ ပြီးသော်...

မိတ်ဆွေက ငည့်ဝတ်ကျေတော့ ကျုပ်ကလည်း အိမ်ဝတ်ကျေစေရမပေါ့၊ ဒီမြို့နဲ့ ပတ်သက်လို့ လိုတဲ့ အကူအညီရှိ အကုန်ပြောနိုင်ပါတယ်။ ကူညီရန် အဆင်သင့်ပါပဲ။

နီဝရဏ၏ လက်ဆောင်သည် လက်ပေါင်အဖြစ် ပေးပါသည်၊ ကမ်းပါသည်ကို မြို့ပိုင်အဖြစ် လုပ်သက်ရင့်နေပြီ ဖြစ်သဖြင့် သိရှိပြီး ဖြစ်နေရာ အလာနောက်၊ အပြန်ထောက်ပေးခြင်းပင် ဖြစ်တော့၏။

အကူအညီကတော့ မြို့လယ်က ဦးဒုစ္စရိတ[1] ကိစ္စပါပဲ။

သူဌေးကြီး ဦးဒုစ္စရိတနဲ့ မိတ်ဆွေနဲ့ ဘယ်လိုပတ်သက်နေသလဲ။

ပတ်သက်နေတာကတော့ ကျွန်တော်က တစ်ဖက်နယ်ခြားမြို့ဖြစ်တဲ့ ဒုရာစီဝ[2]မြို့က ကုန်သည်တစ်ဦးပါ၊ ဦးဒုစ္စရိတနဲ့ အကြွေးပေး အကြွေးယူအဖြစ် တစ်ဦးနဲ့တစ်ဦး ယုံယုံကြည်ကြည် ဆက်ဆံခဲ့ကြပါတယ်။

---

၁။ ဒုစ္စရိတ - မကောင်းကျင့်၊ ကျင့်လေ့သူ

၂။ ဒုရာစီဝ - မကောင်းကျင့်ဖြင့် အသက်မွေးရာမြို့

အခုတော့ သူ့ထံ ရစရာကြွေးတွေက သန် ချိမျှားလာတော့ အတွေ့မခံဘဲ ရှောင်တိမ်နေပါတယ်။ ဒါကို ကျွန်တော် သူ့သိက္ခာလည်း မကျရလေအောင်၊ ကိုယ်ရစရာကြွေးလည်း မကြွေသော်မှ တစ်ဝက်တလေလောက် ပြန်ရလေအောင် သည်ညသွားတောင်းချင်ပါတယ်။ ပထမအနုနည်းနဲ့ပေါ့၊ အနုနဲ့မှ မရရင်တော့။

ကောင်းပြီလေ၊ မိတ်ဆွေဆန္ဒပြည့်ဝအောင်သာ ဆောင်ရွက်သွားပါ၊ ကျူပ်မြို့ကို ဝင်ရင် ဘယ်အခါမဆို...

က။ ညနေပိုင်းဖြစ်ခဲ့လျှင် ၆း၀၀ နာရီက ၈း၀၀ နာရီအတွင်း လက်နက်ကိုင်ပြီး မဝင်လာခဲ့နဲ့၊ သည်အချိန်ဟာ မြို့စောင့်တပ်များ ခြေရှောင်ပြတဲ့အချိန်။

ခ။ ညပိုင်းဖြစ်ခဲ့လျှင် ၉း၀၀ နာရီက ၁၀း၀၀ နာရီအတွင်း လက်နက်ကိုင် ဝင်မလာခဲ့နဲ့၊ သည်အချိန်က မြို့တွင်းလှည့်အရိပ်အရောင်ပြချိန်။

ဂ။ နံနက်ပိုင်းဖြစ်ခဲ့လျှင်တော့ ၅း၀၀ နာရီက ၆း၀၀ နာရီအတွင်း အဝင်အထွက် မလုပ်လေနဲ့၊ သည်အချိန်ကတော့ သူခိုးလက်က ပစ္စည်းသူဝှက်က စောင့်ပြီး ယူတဲ့အချိန်ပဲ။

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ အခုလို အတွင်းကျကျသိရတာ။

အေ...သည်အချိန်က လွဲရင်တော့ ပစ္စည်းယူ လူသတ်သွားတောင် အမှုမပေါ်ဘူး၊ တာဝန်ယူတယ်။

သို့သော် တစ်ခုတော့ရှိတယ်။

နိဝရဏ စကားရပ်ထားလိုက်၏။ ဗျာဘင်္ဂီမျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်၏။

ပြောစရာရှိ ပွင့်ပွင့်လင်းလင်း ပြောပါ မြို့ဝန်မင်း၊ ကျွန်တော် ဘာမဆိုလိုက်နာဖို့ အဆင်သင့်ရှိနေပါတယ်။

လောကမှာ မိုးသုံးမိုး ရှိတယ်မိတ်ဆွေ၊ အဲဒါ အရင်မှတ်ထားဦး။

## လူတို့အာနိုး မီးသုံးမီး

၁။ ပထမမီးကတော့ – ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးတဲ့။ ဒီသုံးပါးတို့ကို ရိုရိုသေသေ ဆည်းကပ်တတ်လျှင် ရိုသေသလောက် အကျိုးရစေတယ်၊ မီးများလည်း ရိုရိုသေသေ သုံးလျှင် အစိမ်းက အကျက်ဖြစ်တယ်၊ အမှောင်ကို လင်းစေတယ်၊ ခိုက်ခိုက်တုန် အအေးကို နွေးထွေးစေသလိုပေါ့။

၂။ ဒုတိယမီးကတော့ – မိဘတဲ့၊ မိဘနှစ်ပါးမှာလည်း ရတနာရိုသေနည်းအတိုင်းပါပဲ။

၃။ နောက်ဆုံးမီးကတော့ အရှင့်မီး၊ သခင့်မီးတဲ့။ အရှင်သခင် ဆိုတာ စေတစ်လုံးကိုင် အာဏာပိုင်ကို၊ သည်အာဏာပိုင်မင်းကို ရိုရိုသေသေ ချဉ်းကပ်မယ်၊ ရိုရိုသေသေနဲ့ပဲ ပသ,မယ် ဆိုရင်တော့ ‘လိုတ,ရ’ လောကနတ်ကြီးပါပဲ။

အဲ…ပူဇော်ရကောင်းမှန်းလည်း မသိတတ်ဘူး၊ ပူသ,ရကောင်းမှန်းလည်း မသိတတ်ဘူး၊ ရိုသေရကောင်းမှန်းလည်း မသိတတ်ဘူးဆိုလျှင်တော့…

မီးကို မရိုမသေ၊ ပေါ့ပေါ့ဆဆ သုံးစွဲသူကို မီးက ပြန်လည်ဒုက္ခပေးတဲ့အခါ ပစ္စည်းတွေရော၊ အိမ်ရော၊ လူပါ အကုန်လောင်ကျွမ်းခံကြရသလို အခြားမီး ရတနာ၊ မိဘတွေကမှ သံသရာအထိ ဆိုင်းဦးမယ်၊ အရှင့်မီးကတော့ နေ့မရိုသေ၊ နေ့မှာပင် လောင်တတ်တယ်။

ဟုတ်ကဲ့မြို့ဝန်မင်း၊ ကျွန်တော်သဘောပေါက်ပါပြီ။ မြို့ဝန်မင်း ဆန္ဒပြည့်ဝစေရအောင် ကျွန်တော် လုံးဝ တာဝန်ယူပါတယ် မြို့ဝန်မင်း။

ဟုတ်ပြီ၊ ဒါမျိုးမှ မိတ်စစ်ဆွေ[illegible]တို့ ဆိုရတယ်။

မြို့ပိုင်ကြီး ဦးနိဝရဏသည် ဗျာဘ်ဂီ၏ စကားကို ဝလိုက်တလုံ ကြိုဆိုလိုက်၏။ ထို့နောက် စကားဝိုင်းရပ်သိမ်းကာ လူခွဲလိုက်၏။ ဗျာဘ်ဂီလည်း သူ့လူများရှိရာ မြို့အရှေ့ပေါက်သို့ ခပ်သုတ်သုတ်လေး ထွက်လာခဲ့၏။ တပည့်များကား အဆင်သင့်။

ဆရာကြီး အကြံအောင်, ရန်အောင်ပါစေ။

အားလုံးက ဆီးကြိုနှုတ်ဆက်လိုက်ကြ၏။

တပည့်တို့ အကြံအောင်,ရန်အောင် လာခဲ့ပြီ။

ဗျာဘ်ဂီက တုံ့စကား ပြန်လိုက်၏။

ထို့နောက် ည ၁၁:၀၀ နာရီဘွင် စတင်မည့် အနုကြမ်းစီးကိစ္စ စီမံချက် ရေးဆွဲကြ၏။

ကဏှာ...မင်းကြိုက်တဲ့ တပည့်နှစ်ဆယ် ခေါ်သွား။ မင်းက သူဌေး ဒုစ္စရိတ တိုက် ဝင်စီးရမယ်။

ကဏှာကား သွေးအေးအေးဖြင့် စွန့်စားလေ့ရှိသော လက်မရွံ့သမားတည်း။

ဝက်...မင်းကတော့ နောက်လိုက်ငါးဆယ်ကို ခေါ်ပြီး ပါပိယ [၁] ရဲ့ လှိုင်ဘုံ မြနန်းက ပြည့်တန်ဆာမများ ငါးဆယ်အထိ လု အနုကြမ်းစီးခဲ့ရမယ်။

ဝက်ကား လီဆာယ်ဉာဏ်၊ အကောက်ဉာဏ်၊ ဉာဏ်နီ ဉာဏ်နက် အသုံးချရာ၌ အားထားရသူတည်း။

ဗျာဘ်ဂီသည် ထိုသို့ စီမံခန့်ခွဲပေးလိုက်ပြီးရင်းကား တပည့်ဆယ်ဦးတို့နှင့် အတူမြို့၏ မလှမ်းမကမ်းရှိ တောစခန်းလေးမှပင် စောင့်လျက်က နားနေရစ်ခဲ့၏။

ကဏှာသည် ဒုစ္စရိတ နေအိမ်သို့ လူသူကင်းဆိတ် လူရိပ်မျှ မမြင်ရချိန်တွင် ရောက်သွား၏။ နယ်ခြား၏ တစ်ဖက်မြို့က ကုန်သည်ကြီး အနော္တပ္ပ [၂] နှင့် ညှိ သည်များ တည်းခိုရန် လာကြောင်း ပြောပြလျက်က ဝင်ခွင့်ရရေး ကြိုးစား၏။

ဒုစ္စရိတလည်း ဟုတ်ရဲ့အထင်ဖြင့် ကမန်းကတန်း ပြေးလာပြီး တံခါးဖွင့် ပေးလိုက်၏။ နယ်ခြားမြို့၏ အနော္တပ္ပကား ၎င်းနှင့် စိတ်တူသဘောမျှ စီးပွားဖက် ဖြစ်သောကြောင့်

ဟာ...မင်း မင်း...မင်းတို့က...

---

၁။ ပါပိယ - ယုတ်မာရာ၌ တစ်ဖက်ကမ်းခတ်သူ

၂။ အနော္တပ္ပ - နောင်ရေး တွေးမကြောက်သူ

ဘာ...မင်းတို့ လုပ်မနေနဲ့၊ ကျုပ်တို့လိုချင်တာရှိလို့ လာကြတာ၊ သူဌေးကြီး...သော့အားလုံးကိုသာ အပ်တော့။

ထိုစဉ် သူဌေးသား မဟိစ္ဆာ[၁] သည် အနုကြမ်းစီး ဓားပြတွေမှန်း သိသွားသဖြင့် ခုခံရန် ကြိုးစားလေရာ ကဏှာ၏ နောက်လိုက်များက သေဒဏ်ပေး၍ လှဲသိပ်ထားလိုက်၏။ ဒုစ္စရိတ မိသားစုလည်း မျက်မြင်တွေ့သော ရက်စက်မှုကို မကြောက်ဘဲ မနေနိုင်တော့ရကား အားလုံး လိုက်လျောရတော့၏။

ပဌမ – စိန်၊ ရွှေ၊ ငွေတို့ထားရာ ဘဏ္ဍာခန်းကို ဖွင့်၍ အားလုံးယူ၏။

ဒုတိယ – အဝတ်အစားများနှင့် လတ်ဝတ်ရတနာများ ထားရာကို ဖွင့်၍ယူ၏။

နောက်ဆုံး ကမ္ဗာဖြစ် အကောင်းစား အသုံးအဆောင်များ ထားရာကို ဖွင့်၍ယူ၏။

ကဏှာသည် စိတ်ရှည်လက်ရှည် စေ့စေ့စပ်စပ် မွှေနှောက်၏။ တပည့်ဆယ်ဦးတို့က အထုပ်များ ထုတ်လျက်က ယူရန် ပြင်ဆင်ပြီး ကျန်ဆယ်ယောက်တို့က အိမ်ရှင် မိသားစုကို စောင့်ကြပ်လျက်က ရှိ၏။ ကဏှာသည် အဖိုးတန် ရတနာများကိုကား ကိုယ်တိုင် ယူထားလိုက်၏။ အိမ်ရှင်တို့ကိုကား မျက်နှာ အဝတ်စည်း၊ လက်ခြေများ ကြိုးတုပ် ပုံစံဖြင့်ထားခဲ့၏။ အားလုံးစိတ်တိုင်းကျယူပြီးသော်အိမ်မှ ထွက်ခဲ့ကြတော့၏။

ဟေ့...လူလွတ်ငါးဦးက ရှေ့က ထွက်၊ ဝန်ထမ်း ဆယ်ဦးက အလယ်ကသွား။

ကဏှာ အမိန့်ပေးလိုက်၏။ လူလွတ်ငါးဦးသည် လက်နက် အသင့်ပြင်လျက်က ရှေ့မှ ဦးဆောင်ထွက်လိုက်၏။ ထို့နောက် အထမ်းအပိုး ဆယ်ယောက်။

ကဲ...မင်းတို့နောက်က လိုက်ခဲ့၊ ငါ အရင်ထွက်မယ်။

ကျန်လူလွတ်ငါးဦးတို့သည် အိမ်ရှင်မိသားစုတို့ကို လက်နက်ဖြင့် ချိန်ရွယ်လျက်က နေရစ်ခဲ့ကြပြီး ကဏှာအိမ်အပြင်လမ်းလောက် ရောက်လေမှ နောက်မှထွက်၍ လိုက်ခဲ့ကြ၏။

---

၁။ မဟိစ္ဆာ - အလိုရမ္မက်ကြီးသူ

ပိယကာမိမြို့လေးကား ဘာမှ မဖြစ်သလို ငြိမ်လျက်ကသာ ရှိ၏။

ကြိုက်တာလုပ် ဆိုသော မြို့နာမည်လေးနှင့်ကား အလွန်လိုက်ဖက်လှချေ၏။

မြို့သည် တောမဟုတ်၊ သို့ကြောင့် တောရွာများကဲ့သို့ စည်းလုံးခြင်း၊ ရိုင်းပင်းခြင်း မရှိ၊ လူကုံထံတို့ ဝေလေ့သည် ဆင်းရဲသား ဝေလေ့မဟုတ်။ သို့ကြောင့် ကိုယ့်ရှိကိုယ်စား၊ ကိုယ်မှားကိုယ်ခံ။

တိုက် တစ်တိုက်ဝယ် မည်မျှဆူညံစွာ ဒုက္ခရောက်နေနေ အခြားတိုက်တို့က ကြားဝင်မစွက်ဖက်တတ်။ တိုက်တစ်တိုက်၏ အခန်းကွဲ၊ အခန်းငှားတို့ စုပေါင်းနေထိုင်ကြရာ၌လည်း သည့်အတူပင် ကမ္ဘာတစ်ခြမ်း၏ လူနေမှုစည်းကမ်းကား မြို့နေ လူတန်းစားများ၌ လွှမ်းမိုးနေချေပြီ။

ဝက်တို့အုပ်စုသည်လည်း ပါပိယ၏ ဗိမ်ခန်းသို့ တန်းဝင်သွားကြ၏။ အများတို့ အပန်းဖြေရာဌာန ဖြစ်သဖြင့် တံခါးပိတ်ခြင်း၊ ခုခံခြင်း လုံးဝမရှိချေ။

အချိန် ညဉ့်နက်နေပြီဖြစ်၍ ညအိပ်အပန်းဖြေကြမည့် ယောကျ်ား အနည်းငယ်မှတစ်ပါး အခြားယောကျ်ားသားများ အဝင်အထွက် နည်းပါးလျက်ရှိ၏။ လူသိလည်း မခံရဲ၊ မလာဘဲလည်းမနေနိုင်ကြသော ကာမကြိုတ်ပုန်းသမားများလောက်သာ လာကြတော့၏။

ဝက်သည် ကျနစွာ ဝတ်စားပြင်ဆင်ပေးထားသော နောက်လိုက် ဆယ်ဦးတို့နှင့် အလျှင်ဝင်သွားပြီး မြေပေါ် တိုက်ခန်းများ၏ အဆောင်ဆောင်များမှသည် မြေအောက် တိုက်ခန်းအသီးသီးတို့အထိ စိတ်ကြိုက်ကို လှက်လံကြည့်ရှု၏။ ဗိမ်ခံများ၏ ထုံးစံပင် ဖြစ်၏။

ထိုသို့ အခန်းများ၏ အဝင်ဝမှာပင် အခန်းတွင်းရှိ နတ်မိမယ်တို့၏ ဓာတ်ပုံများကို မှန်ကားများဖြင့် ချိတ်ဆွဲပြသပေးထား၏။

ထိုရုပ်ပုံများ၏ အောက်ခြေ၌ကား...

သူမအသက်ကိုလည်း ရေးပြထား၏။ မျိုးရိုးဇာတိကိုလည်း ဖော်ပြပေးထား၏။ ကိုယ်ခန္ဓာအချိုးအစားများ ဖြစ်ကြသော အရပ်၊ ရင်၊ တင်တို့၏ အတိုင်းအထွာများပင် ပါချေသေး၏။

ဝက်သည် တစ်ဖက်ပြည်ဖြစ် နတ်မိမယ်များကို ရွေးလေ့လာ၏။ တွတ်ပုံကြည့်၊ တံခါးခေါက်၊ ဝင်ရောက်လေ့လာပြီး ပြန်ထွက်၊ နောက်တစ်ခန်း ဆက်ဝင်၊ ထိုသို့ လေ့လာရာ၌ သူမတို့၏ အသားများ ခြစ်ခြစ်တောက်ပူ မပူအထိ ကျွမ်းကျင်လှ၏။ နိုင်ငံခြားဖြစ် ရွေးချယ်ခြင်းမှာ ဤပြည်တွင်းဒေသ မကျွမ်းရကား မိမိတို့နေရာ စခန်း ဘယ်မှာ ဘယ်သို့ဟူ၍ မသိတတ်နိုင်သောကြောင့်...။

ဝက်စိတ်ကြိုက် ငါးဆယ်ပြည့်ပြီ။

ထိုအခါ နောက်ပါ လက်နက်ကိုင်များကို အဝင်နိုင်းကာ နောက်မှ လိုက်စေလျက်က ပါပီယ နေထိုင်ရာ အထက်ဆုံး စတုတ္ထထပ်သို့ တက်လာပြီး သူ့အမည်၊ သူ့အခန်းနံပါတ်စာရင်းပြ၍ ထိုနတ်မိမယ် ငါးဆယ်ကို ၎င်းတို့နှင့် တစ်ပါတည်း ထည့်ပေးလိုက်ရန် အရေးဆိုချေတော့၏။

လက်နက်မဲ့ မိန်းမသားတို့အပေါ် ကြမ်းကြုတ်ခဲ့သမျှ

လက်နက်ကိုင် ယောကျ်ားသားတို့နှင့် ရင်ဆိုင်ရလေသောအခါ ပါပီယ မခက်ထန်ပြီ။ သူ့အသက်နှင့် ထိုမိန်းကလေးများ၏ အသက်ကိုကား ချမ်းသာပေးရန် ကတ်တောင်းခံပြီး ကိုယ်တိုင်ပင် လိုက်လံစုစည်းပေးကာ ဝက်လက်သို့ အပ်နှံလိုက်တော့၏။

ဝက်သည်လည်း လက်နက်အသင့်ပြင် တပည့်ဆယ်ဦး ရှေ့မှလွှတ်လိုက်ပြီး ၎င်းတို့နောက်ဝယ် နတ်မိမယ် ငါးဆယ်နှင့် မလှမ်းမကမ်းမှ တပည့်ဆယ်ဦး လိုက်စေ၏။ မိမိကား ထိုဆယ်ဦးနောက်မှ လိုက်ပြီး ကျန်သုံးဆယ်တို့ကား နောက်ချန်ထားခဲ့ပြီး

ရှေ့နောက်ဆင့်လိုက်စေ၏။ လမ်းပေါ်သို့ ရောက်လျှင်ကား ထိုသုံးဆယ်ထဲမှ ဆယ်ဦးစီတို့ကို နတ်မိမယ်တို့၏ ဘေးတစ်ဖက်တစ်ချက်တို့မှ လက်နက်အသင့်ပြင့် လိုက်ပါစေပြီး ကျန်ဆယ်ဦး မိမိနောက်ဝယ် ထား၏။ မိမိကား နတ်မိမယ်များ၏ ကပ်လျက်ကသာ။

ထိုနှစ်ဖွဲ့စလုံး မရှေးမနှောင်းပင် မြို့ပြင်သို့ ထွက်နိုင်ခဲ့ကြ၏။ ဗျာဘါဂီနှင့် ဆုံမိကြပြီး မိမိတို့စခန်း လမ်းမသိစေရန် တောလမ်းခရီးမှပင် ပြန်လာခဲ့ကြ၏။

စခန်းရောက်သော်စခန်းကား အပျော်ကြိုက်တို့၏ ပျော်စံရာအတိပြီးနေချေပြီ။ အစားကောင်းအသောက်ကောင်းများ စီမံကြ၏။ ချက်ပြုတ်သူက ချက်ပြုတ် ပြင်ဆင်သူများက ပြင်ဆင်ဖြင့် ယင်ကောင်များ၊ အပုပ်တုံးကြီးရှေ့ဝယ် ပြုံးဘုစေ ဟန်အမူအရာများဖြင့် ပျံသွားလိုက်၊ ပျံလာလိုက် တစ်သုတ်ပြီးတစ်သုတ် အလုပ်ရှုပ် နေပုံမျိုးနှင့် ပမာတူ၏။

အားလုံးပြီးစီးသော် အားလုံးလျှင် တပျော်တပါး စားကြသောက်ကြ၏။ တောကောင်များဖြစ်ကြသော သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်တို့၏ အသားကြော်၊ အသားကင်များနှင့် အရက်တွဲဖက်လျက်က ဦးစွာအောင်ပွဲခံ၏ ။ အောင်သေသောက် ပွဲကြီး ကျင်းပ၏။ နတ်မိမယ်ကလေးများလည်း ထိုပွဲမျိုး တိုးမိချိန်, ဇိမ်တစ်မျိုး ခံယူသောအနေဖြင့် လိုက်လံသုံးစွဲကြ၏။

အရက်ကြိုက်သဖြင့် အပျော်လိုက်ဖူးသူတို့ကား ယောကျ်ားများ သောက်သော အရက်ကိုပင် လိုက်သောက်ကြ၏။ မသောက်ဖူးသူများကား မိန်းမသုံး ရက်စ်ဘယ်ရီကို သုံးကြ၏။

ပြီးသော် တပျော်တပါး ထမင်းစားပွဲကြီးများ ကျင်းပ၏။

အသခ်တို့ညီအစ်ကိုကား လေ့လာရင်းက ချက်ပြုတ်ရာတွင် ဝင်ကူ၏။ စားသောက်ရာတွင်ကား နောက်လိုက်ငယ်များ၏ ဝိုင်းမှာသာ နေရာယူ စားသောက်ကြ၏။

ဒါကြိုက်လို့ ဒါလိုက်၊ ဒါနိုက်မိမှာ သေချာသည်။

အာဏာတန်ခိုး ဆုပ်ဖြိုးနေလျှင် ကြိုးစားရာ အရာထင်မှာ သေချာသည်။

ပျော်ပွဲကြီးဝယ် အတူစားသောက်လျက်က အသခ် အတွေးဝင်နေခြင်း ဖြစ်၏။ ထိုအတွေးသည် ဖြစ်ပေါ်လာသော အရေးအခင်း၏ အဖြေမှန် ဖြစ်သဖြင့် လောကီခန်း၌ ပယ်ဖျက်စရာမမြင်ပြီ။

စားပွဲသောက်ပွဲကြီးများ ပြီးစီးသွားသော် ခေါင်းဆောင်ကြီး ဗျာဘဂ်ီသည် နတ်မိမယ်တို့တွင် အဖျတ်လတ်ဆုံး၊ အပျော်ဆုံး၊ အငယ်ဆုံးသော အပြုံးပိုင်ရှင်လေး

**အတိတ္တိ**[၁]ကို တွဲလျက်က မိမိ၏ သီးသန့်ခန်းဆောင်ထဲသို့ ဝင်သွားတော့ရာ...

ကျန် နောက်လိုက်အားလုံးတို့လည်း နတ်မိမယ်လေးများကို ရွက်ဖျင် တစ်လုံးစီ၊ တစ်လုံးစီတို့သို့ နေရာချပေးထားပြီး သန်ရာသန်ရာ ပျော်ပါးကြလေတော့ရာ ခွေးတို့၏ တော်သလင်းပွဲက အရှုံးပေးကြရပြီ။

နတ်မိမယ်များ၏ ဘက်ကလည်း ဤကိစ္စ မတရားဟူ၍ မယူဆဖြစ်။

ဤမှာဘက်တို့ကလည်း ဤကိစ္စ လူမဆန်ဟူ၍ အမှတ်မရှိဖြစ်။

အကြိုက်တူသဖြင့် အတူကြိုက်ရာ၌ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ၊ အမြတ်ဖြစ်၊ အယုတ်ဖြစ်စေ သဘောတူ အကြည်ဆိုက် လိုက်ဖက်နေချေရကား မျက်မြင်ဝယ် မှားပြီ၊ မှန်လာပြီဟူ၍ မပြောသာပြီ။ မီးများရာ၌ ပူလွန်လွန်းလှသည်။ ရေများရာ၌ အေးလွန်လွန်းလှသည် ပြောသော် ဘေးရှိလူများက မျက်နှာ မော့ကြည့်ကာ သရော်ခံရမည့်ကိန်းမျိုးသာ။

အသခ်သည် ထိုညဝယ် ထိုမြင်ကွင်းများ ကြည့်၍ အတွေးရပ်**နား၍** မရတော့ပြီ။ တရားခြင်း၊ မတရားခြင်း၏ အကြောင်းအရာ၊ ထို့နောက် **အကျိုးဆေး ခြားနားမှု** စသည် စုံလှ၏။

ကမ္ဘာကြီးကား ရေ၊ လေ၊ မြေအားဖြင့် အတူတူသာ ဖြစ်ပါလျက်က...

(က) တချို့ကမ္ဘာခြမ်းကနေ ထွက်လာသဖြင့် လင်းလင်းချင်းချင်း ရှိနေ၏။ အချို့ကမ္ဘာခြမ်းကား နေရောင်ပျောက်ကာ အမှောင်အတိကျနေပါ၏။ ဘာကြောင့်ပါလိမ့်။

(ခ) အချို့ကမ္ဘာခြမ်းဝယ် လသာနေသဖြင့် ပျော်ရွှင်ချမ်းမြေ့လျက် ရှိကြ၏။ အချို့ကမ္ဘာခြမ်းကား နေခြစ်ခြစ်တောက် ပူအိုက်လွန်းလှသဖြင့် ဆင်းရဲနေကြ၏။ ဘာကြောင့်ပါလိမ့်။

(ဂ) အချို့ကမ္ဘာခြမ်းဝယ် နေရောင်ကို အမှီပြု၍ စိုစွတ်ခြင်းကို ခြောက်သွေ့စေကြ၏။ အချို့ကမ္ဘာခြမ်းကားနေရောင်ကို မမှီနိုရသဖြင့် အစိုသည် အစိုအတိုင်းဖြစ်နေကြရ၏။ ဘာကြောင့်ပါလိမ့်။

ဤ၌ ထူးခြားသည်မှာ နေက ကမ္ဘာ၏ လေးပုံပုံ သုံးပုံတို့ကို လွှမ်းမိုးရကား

---

၁။ အတိတ္တိ - ကာမအတွေ့၌ ရောင့်ရဲခြင်း၊ တင်းတိမ်ခြင်း အလျဉ်းကင်းလေ့ရှိသူ

လ၏ အေးမြခြင်း သတ္တိကား သုံးလေး,တစ်လေးမျှ အစွမ်းရှိခြင်းပင်။ ထိုကမ္ဘာဖြစ်ရပ်နှင့် ချိန်ထိုးလျက်က သတ္တဝါတို့၏ အထူးသဖြင့် လူတို့၏ ဓလေ့စရိုက်နှင့် အကျိုးပေးပုံများကိုပါ ဘာကြောင့် လူချင်းအတူ အသက်ရှူကွဲနေကြပါလိမ့် တွေးမိ၏။ လူတိုင်း ကောင်းစားချင်ကြသည်။ ကောင်းစားချင်ကြ၍လည်း ကောင်းမည်ထင်ရသည့် အလုပ်များကိုချည်း ရွေးချယ်လုပ်ကိုင်လျက်ရှိကြ၏။

သို့...ဘာကြောင့် အကောင်းစားချင်လျက် အဆိုးစားနေကြရလေသနည်း။

အို...ဒါ ငါ့ကိစ္စမှ မဟုတ်ပဲ၊ လောကကို ထွင်းဖောက်မြင်နိုင်သူကြီးများ၏ အလုပ်ပဲ။ အသိအတွေးများကို အတင်းရုပ်ပစ်လိုက်ပြီး အိပ်စက်လိုက်တော့၏။

အစ်ကိုလေး အစ်ကိုလေး...ထတော့ဗျ၊ သူများတွေ စားမိုချောင် ရောက်သွားကြပြီ။

သန်းနှီးသဖြင့် လူးလဲထလေသောအခါ မိုးစင်စင်လင်းနေပြီ။ ထကြည့်လိုက်ရာ ညက ကဲ့သို့ ရိုပြည်ခြင်း မရှိ၊ ယခင်ကအတိုင်း တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်ကသာ။

သခ်ကို မေးကြည့်ရာ နတ်မိမယ်လေးများကို စခန်းမသိ၊ လမ်းမသိစေရန် မိုးမလင်းမီကပင် အစောင့်အရှောက် ဆယ်ဦးဖြင့် တောလမ်းအတိုင်း အပို့ခိုင်းလိုက်ပြီ ဆို၏။ ပိရိလှပါပေ့။ ချီးကျူးမိ၏။ ဤနည်းပြင့်ပင် ပါပဗျာဘ်ဂီတို့ ကြီးပွားနေပါသည်။

ဤနည်းဖြင့်ပင် ပါပဗျာဘ်ဂီတို့ ပျော်ရွှင်ချမ်းမြေ့နေပါသည်။

ထို ပီယကာမိနယ်ခြားမြို့လေးနှင့်တကွ ပတ်ဝန်းကျင်ရှိ ရွာကြီးရွာငယ်တို့သည် ဗျာဘ်ဂီအုပ်စု၏ စီးပွားရေး စားကျက်များပင် ဖြစ်ကြ၏။ ရံတစ်ခါ တစ်ဖက် နယ်ခြားမြို့ကလေးများနှင့် ရွာများကိုပါ လူပြန်ပေး၊ ပစ္စည်းလုဖြင့် နယ်ချဲ့လိုက်သေး၏။

တစ်ဖက်ကား ပစ္စည်းကို ထိ၊ လူကိုမိသဖြင့် မချိတင်ကဲ ငိုယိုကြ၊ ဆင်းရဲကြ၏။

တစ်ဖက်ကား ပစ္စည်းလည်း မိ၊ လူကိုလည်း ထိရသဖြင့် အကြိုက်ပေါ်ကာ ပျော်နေကြ၏။ မြင်ကွင်းနှစ်ခုကား တခြားစီ၊ တစ်နေရာစီ ဖြစ်နေကြသော်လည်း

ဆက်စပ်မှုကားရှိနေကြသည်။ ထိုဆက်စပ်မှုသည် အဘယ်မှာ မြစ်ဖျားခံ၍ အဘယ်နှာ ဆုံးမည်ကား မသိရချေ။

## ကိုယ်ကြိုက်တာ ကိုယ်လုပ်ပြီးက
## ကိုယ်လုပ်တာ ကိုယ်ပြန်ကြိုက်ဖို့လည်း ကြိုးစားပါ

ဟေ့ ဟေ့ ကာယရေ...ဟိုမှာ ဆိုင်းဘုတ်တစ်ခု၊ သွား သွား... ပြေးဖတ်ကြည့်စမ်း။

အသခ်နှင့် ကာယတို့ ဗျာဘ်ဂီနှင့် သူ့တပည့်ကြီး ဆယ်ဦးတို့ တောကစားရာနောက် လိုက်ပါခဲ့ကြရင်း လူချင်းအဆက်ပြတ်၊ မျက်စိလည် လမ်းမှားသွားကြကာ အလွန်လည်း ခေါင်၊ အလွန်လည်း နက်ရှိုင်းလှသော တောနက်ကြီးအတွင်း နှစ်ဦးသား ရောက်ရှိသွားကြရာမှ ထိုဆိုင်းဘုတ်ကြီး အနီး ရောက်သွားခြင်းဖြစ်၏။

ကိုယ်ကြိုက်တာ ကိုယ်လုပ်ပြီးက ကိုယ်လုပ်တာ ကိုယ်ပြန်ကြိုက်ဖို့လည်း ကြိုးစားပါတဲ့ဗျာ။ ဟား ဟား ဟား ဟား...မှန်လိုက်လေ ကာယရာ၊ အလွန် ဆန်းလည်း ဆန်းတဲ့စကားပဲ။

လယ်စိုက်သူ လယ်ကိစ္စ ပြီး၊ လယ်စပါးရ၊ လယ်စပါးရဲ့ အကျိုးခံစားရမှာ သေချာတယ်။

ယာလုပ်သူလည်း သူ့ယာကိစ္စပြီး၊ သူ့ယာက ထွက်တဲ့ အသီးအနှံ အစုံရ၊ သုံးစွဲရမှာ သေချာတာပေါ့။

ဒါဖြင့်ဗျာ...လူသတ် ဓားပြတိုက်ပြီး ဘာဖြစ်လို့ ထောင်မကျသလဲ။

သူတစ်ပါး သားမယား စိတ်ကြိုက်နဲ့ ဖော်ကားတာဘာဖြစ်လို့ ထောင်မကျသလဲ။

ကိုယ်ကြိုက်တာဆို ထင်, ထင်သလို၊ မထင်, မထင်သလို လုပ်နေပြီး ကြီးပွားနေတာကျတော့ "ဟ... ကာယ ဇာတ်တော်ကြီး ပွဲမသိမ်း၊ ဗျောမခေါက်ခင် ဇာတ်ရည်မလည်သေးဘူးလေ"

ပွဲသိမ်း ဗျောခေါက်ပြီးမှသာ ဘာက ဘာဆိုတာ ဝေဖန်လို့ ရမှာမဟုတ်လား။ သည်အတိုင်းပဲ မင်းတို့ငါတို့ လေ့လာလို့ မဆုံးသေးခင် လှုပ်ရှားပြသနေတဲ့ ဘက်က ပွဲမသိမ်းသေးခင် ဘာဆိုတာ ဆုံးဖြတ်ချက် မစောစီးနဲ့ဦးကွဲ့ **မောင်ကာယရဲ့။**

ကာယ သခ်သည် အသခ်စကားကြောင့် နှုတ်ဆိတ်သွား၏။ နှစ်ဦးသား ဖုံနေသော လမ်းကြောင်းကြီးတစ်ခုနောက်သို့ စုန်၍ လိုက်သွားကြ၏။

လမ်းအဆုံးတွင် ကြီးမားသော ခြံဝင်းကြီးများကို တွေ့ရ၏။ လူကား မရှိ။ ခြံဝင်းကြီးများ၏အလွန်တွင် တစ်ဖက်ကား ဇောက်၊ တစ်ဖက်ကား ကုန်းအမြင့် ရှိ၏။

(က)ဇောက်၌ကား ကြည့်တတ်မှ မြင်တတ်သော အောက်ထပ်ရေပြင်ကြီးများ ရှိကြ၏။

(ခ) ကုန်းမြင့်၌ကား ဗိမာန်များ၊ ရုံးခန်းများစွာတို့ အစီအရီ ရှိနေကြ၏။

မောင်ရင်တို့ ဘယ်ကလာကြသလဲ။ လာ လာ...ခဏဝင်ထိုင်လှည့်ကြဦး။ ရုံးခန်းနှင့် တူသော အဆောက်အဦမှ ခံ့ညားသော လူကြီးတစ်ဦး၏ ဆီးကြိုဖိတ်ခေါ်သံ ဖြစ်နေသည်ကို တွေ့ရ၏။ နှစ်ဦးသား ဝမ်းသာအားရ တက်သွားကြ၏။

မောင်ရင်တို့က ဘယ်ကနေ ဘယ်ကို သွားကြမလို့တုံးကွယ်။

သည်လိုပါ ဘဘကြီး၊ သားတို့က တောတွင်း မိုလ်၊ ဓားပြကြီး ပါပဗျာဘင်္ဂီရဲ့ နိုင်းရာလိုက်လုပ်တွေပါ။

ဒီနေ့ သူတို့က တောတွင်း သားကောင်များကို လိုက်လံပစ်ခတ်ပေးတယ်။ သားတို့က သူတို့ပစ်ခတ်ပေးသမျှ ထမ်းဖို့ ပိုးဖို့ လိုက်ခဲ့ကြရတယ်။ အခုသားတို့နှစ်ယောက် သူတို့နဲ့ အဆက်ပြတ်သွားပြီး ဘဘကြီးတို့ဆီ ရောက်လာတာပါ။

ရှေ့မှာလမ်းမရှိတော့ဘူးကွဲ့၊ ဒါ လမ်းဆုံး နယ်ဆုံးပဲ သား။ ဆက်မသွားနဲ့တော့။

ဟုတ်လား ဘဘ၊ ဒါဖြင့် ဘဘကြီးတို့က ဘယ်မြို့ကို မိုခိုနေရပါသလဲ၊ ဘယ်လို ပတ်ဝန်းကျင်အသိုင်းအဝန်းများနဲ့ ဆက်ဆံပြီး နေကြရပါသလဲ။

ဘဘကြီးတို့က အမှီခိုခံများ မဟုတ်ကြဘူးသားရဲ့။

မိခိုသူများရဲ့ ဒုစရိုက်အရေးအခင်း ကြားဝင်ဖြေရှင်းပေးနေရတဲ့ တရားသူကြီးတွေပဲ၊ ဆက်မိန့်ပါဦး ဘဘ။

သည်လိုလေ...သားတို့ လူ့ပြည်မှာ မကောင်းစိတ်နဲ့ **ကောင်းစိတ်ဆိုတာ ရှိတယ်။ အဲသည့်စိတ်ထား နှစ်မျိုးကိုတော့ စေတနာ**[၁] ကကြိုးကိုင်တယ်။ **စိတ်ထားများ ရှေ့ကတော့ ဆန္ဒ**[၂]၊ **ဝီရိယ**[၃]၊ **စိတ္တ**[၄]၊ ဝိမံသ[၅] လေးဦးတို့ကဦးဆောင်မှုပေးနေတယ်။

**ဟော**...စိတ်ထားကောင်းလေးက အတွန်းအဆွဲတို့ဘက် လိုက်ပါချင်**တော့ သူ မှီခိုနေရတဲ့** ကိုယ်ခန္ဓာကြီးကို ပူဆာတယ်။ စိတ်ပူဆာရာ ကိုယ်မခံသာ**တော့** ကိုယ်ပိုင်နှုတ်နဲ့ပဲ ကိစ္စပြီးက နှုတ်နဲ့ပဲ လိုက်လုပ်ပေးတယ်။ စိတ်ထားဆိုလည်း သည့်ပုံစံပါပဲ။

**အကယ်တိတိ** – ခြေလက်များ အသုံးချပြီး လိုက်လံဆောင်ရွက်ပေးမှသာ ကိစ္စက ပြီးစီးမယ်ဆိုရင်တော့ အင်္ဂါခြေလက်စုံ အကုန်ဝင်ပြီး လိုက်လံပြုကျင့်ပေးရတယ်။ အားလုံး ချုပ်လိုက်လျှင် စိတ်လိုကျရာ ကိုယ်ဝင်ပါ ပူဆာရက်မှ ပြီးပြေရပေါ့ သား။

သည်နည်းနဲ့ပဲ အကောင်း, အကောင်းမြင်တဲ့ ပြုမှုနေကြတယ်။

သည့်နည်းနဲ့ပဲ မကောင်း, အကောင်းထင် ပြုမူနေကြတယ်။

သည် ခမူအကျင့် အမူအားလုံး ဘဘတို့ဆိကို လူ့ပြည်မှာ လွှတ်ထားတဲ့။

(က)တစ်ဦးချင်း အနီးကပ် စောင့်ကြပ်နေကြတဲ့ ကိုယ်စောင့်နတ်တွေက သတင်းပို့ကြရတယ်။

(ခ) တစ်ရွာလုံး၊ တစ်အိမ်လုံး စောင့်ကြပ်နေကြတဲ့ အိမ်စောင့်၊ ရွာစောင့်နတ်တွေကလည်း ပို့ကြရတယ်။

---

၁။ စေတနာ – နောက်ခံတွန်းအား ပေးခြင်း
၂။ ဆန္ဒ – စိတ်ရှေ့က လမ်းပြပေးခြင်း
၃။ ဝီရိယ – စိတ်ရဲတင်းစွာဖြစ်လာခြင်း
၄။ စိတ္တ – အလုပ်၌ စိတ်ဝင်စားလာခြင်း
၅။ ဝိမံသ – အလုပ်တိုးတက်ရာတိုးတက်ကြောင်း နည်းကောင်း ရှာဖွေလာခြင်း

(ဂ) တစ်နယ်လုံး စောင့်ကြပ်ပေးနေရတဲ့ ကုန်းပိုင်၊ ကွင်းပိုင်၊ နယ်ပိုင် အသီးသီးတွေကလည်ပို့ပေ ကြတယ်။

(ဃ)တိုင်းပြည် တစ်ပြည်လုံး သိမ်းကြုံးစောင့်ကြပ်ပေးနေကြရတဲ့ နတ်မင်းကြီးများကလည်း သတင်းပု့ပေးကြတယ်။

သည်နည်းအတိုင်း ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး နတ်များရော၊ တိုက်ကြီး လေးတိုက် စကြဝဠာအသီးသီးရှိနတ်တွေကပါ လူတို့ဖြစ်သမျှအမှု စုဆောင်းသတင်းပို့ကြရတယ်။

(က)ဘာဘတို့က ဘာတွေမို့ နတ်တွေက ဝိုင်းပြီး သတင်းပို့ရပါသလဲ။

(ခ) ဘာဘတို့ကတော့ သတင်းအရ ပေါ်လာသမျှ အမှုကိစ္စ ဘယ်လိုစီမံခွင့်ရှိပါသလဲ။

အေး...မေးသင့်တဲ့ မေးခွန်းပေပဲသား၊ ကဲ...နားထောင်ထား။

ဘာဘတို့ကို **လောကပါလ**[၁] နတ်မင်းကြီးများလို့ ခေါ်တယ်။ လောကကြီးရဲ့ ကောင်းကျိုးဆိုးပြစ်များကို အမြဲ စောင့်ကြပ်ပေးနေကြရတဲ့ အာဏာပိုင်များပေါ့။

ဟော...ဟိုဘက်ရုံးခန်းက အလုပ်များနေတာကတော့ **ကမ္မရက္ခိတ**[၂] ကံထိန်းနတ်မင်းကြီးပဲ။ သူက သားတို့ရဲ့ ကိုယ်, နှုတ်, စိတ်များနဲ့ ပြုကျင့်နေကြတဲ့ အမှုကြီးငယ်များကို ယနေ့ ဘယ်သူဘယ်ဝါ။

(က)ကောင်းမှုဘက်၌ စိတ်ဖြင့် နှုတ်ဖွင့်၊ ကိုယ်ပါ ပြုကျင့်မှု ဘယ်ရွှေ့ဘယ်လောက်၊

(ခ) မကောင်းမှုဘက်၌ စိတ်တွေး၊ နှုတ်ဆော့၊ ကိုယ်သောင်းကျန်းမှုက ဘယ်လောက် ဘယ်ရွှေ့၊

(ဂ) တစ်နေ့ချင်း၊ တစ်ဦးချင်း ဇယားကွက်ကျပြီး မှတ်တမ်းတင်ပေးနေရတယ် သား၊ သားတို့ဆီက မှတ်ပုံတင်စာရင်းရုံး၊ မှတ်ပုံတင်ရုံးကြီးများတို့လိုပေါ့။

---

၁။ လောကပါလ - လောကကြီးကို စောင့်ရှောက်ပေးနေခြင်း

၂။ ကမ္မရက္ခိတ - ကံတရားကို စောင့်ရှောက်ပေးခြင်း

အသခ် ခေါင်းနားပန်းကြီးသွား၏။ စကားတစ်လုံးတစ်လုံး ထွက်လာတိုင်း ထန်းရည်ခါးအိုးရှိ အခိုးသတ္တဝါလေးများပုစွန်ဆိတ်ခုံတက်နည်း တက်သည့်ပမာ ကြက်သီးများသည် ကျောပြင်ဝယ် ဖျန်းခနဲ ဖျန်းခနဲ ထနေတော့၏။

ငါ့စာရင်း ဘယ်ဒင်းက များနေမလဲ။

သွားရောက်၍ပင် မေးကြည့်၊ လှန်ကြည့်လိုစိတ်ပေါက်သွား၏။ ဘက်ကား မကောင်းမှုဘက်ကမှန်း အတတ်သိပြီး ဖြစ်၏။ စိတ်ဘယ်နှစ်ချ၊ ကိုယ်ဘယ်နှစ်ကြိမ် လောက်သာ ကြည့်စရာလို၏။

(၁) အဲ...တစ်လပြည့်ပြီလား၊ တစ်လစာရင်း ချုပ်ထားတယ်။

(၂) တစ်နှစ်ပတ်လည် ရောက်ပြီလား တစ်နှစ်, တစ်နှစ် နှစ်ချုပ်စာရင်း ပြုစုထားတယ်။

(၃) ကံကုန်လို့ ဘဝဆုံးပြီလား၊ သူ့တစ်ဘဝအတွက် ဘဝချုပ်ပါ လုပ်ပေးထားတယ်။ မည်သူကား...

ကောင်းမှုဘက်က ရှုံးနိမ့်ပျက်ပြားသွားပြီ။

မကောင်းမှုဘက်က နောက်ဆုတ် အရှုံးပေးသွားပြီ။

နေ့၊ ရက်၊ လ၊ နှစ်ကနေ တစ်ဘဝစာအထိ အတိုးအလျှော့ စာရင်းကိုပါ ပြုစုနေရတယ်သား။

ပြုစုပြီးတော့ ဘယ်မှာအသုံးချသလဲ ဘဘ။

ပြုစုပြီး ဘယ်မှာအသုံးချသလဲဆိုတော့...

ယနေ့ ဘယ်သူ ဘယ်သူတွေ ကံကုန်သွားပြီ၊ သွားခေါ်တော့လို့ စာရင်းကြည့်ပြီး ကံထိန်းနတ်ကြီးက အမိန့်ထုတ်လိုက်လျှင်ပဲ ကံစောင့်နတ်သားများက သွားခေါ်ရတယ်။ သားတို့ လူ့ပြည်က သင်းချိုင်းစောင့်ကြီးနဲ့ အသုဘယာဥ် တာဝန်ခံများလိုပေါ့။

အဲ...ကံထိန်းနတ်များက ကံကုန်လူများကို ဘဘတို့ဆီ လာပို့ကြရတယ်။

ဘဘကြီးတို့က ဘယ်လိုဘယ်လိုများ...

အသခ် စကားမဆက်နိုင်ပြီ။ တုန်တုန်ယင်ယင်ဖြင့် သိလိုရာ မေးလိုက်၏။

လောကပါလ နတ်မင်းကြီးကလည်း ကရုဏာသက်သော မျက်လုံးဖြင့် အသခ်ကို ငုံ့ကြည့်နေ၏။

အင်း...ဘာဘာတို့ကလား။

(၁) ဘာဘာတို့က မင်းလူ့ပြည်တုန်းက ဘာများလုပ်ခဲ့သလဲကွယ်။

(၂) မင်းလူ့ပြည်မှာနေ့စဉ် ဒေဝဒူတသုတ္တန်ကိုကော နာခံမှတ်သားခဲ့ရဲ့လား။

(၃) လူနဲ့ တိရစ္ဆာန်တို့ရဲ့ နယ်ခြားဖြစ်တဲ့ ဒါနမှု၊ သီလမှုဘက်ကိုကော လိုက်စားခဲ့ရဲ့လား။

(၄) အဲသည့် ဒါန၊ သီလ ပြုကျင့်စဉ်တုန်းက ငါတို့ကိုကော အမျှဝေခဲ့ရဲ့လား။

သည်မေးခွန်း လေးမျိုးနဲ့ ဆီးကြိုစစ်ဆေးပေးကြတာပေါ့။ မမှတ်မိဘူး၊ မသိဘူး၊ မေ့နေပါတယ် ဆိုရင်ကော ဘာဘာ။

ဒါဆို တကယ်ကောင်း လုပ်ထားတာ မှန်မယ်၊ မေ့နေတဲ့အခါ၊ အရေးကြုံတဲ့အခါ သက်သေရအောင် တို့ကိုလည်း အမျှဝေထားမယ်ဆို တို့က သက်သေခံဖော်ပေးလိုက်ပြီး ကံထိန်းနတ်ကြီးရဲ့ မှတ်ချက်တောင်းရတယ်။

(က)၊ကံထိန်းနတ်ကြီးက ကောင်းမှုမှာ ဘယ်တုန်းက ကံက စွမ်းအားအကောင်းဆုံး တို့ကံအရ လူ့ဘုံရောက်ထိုက်ပါတယ်လို့ မှတ်ချက်ပေးလိုက်လျှင်။

(ခ) လူ့ပြည်မှာ ဘယ်မျိုးရိုးထဲကိုလဲ၊ ဘယ်ဘာသာဝင်အဖြစ်ကိုလဲ၊ ဘယ်တိုင်းပြည် ဘယ်ဒေသကိုလဲလို့ ထပ်မံပြီး ရိုးရာစောင့်နတ်၊ သာသနာစောင့်နတ်များနှင့် ကုန်းပိုင်၊ ကွင်းပိုင်၊ နယ်ပိုင်များကို ခေါ်မေးရတယ်။ အဲသူတို့က...

(၁) သည်ကောင်းမှုကို ဘယ်ဘာသာဝင်အဖြစ် ခံယူပြီး ပြုခဲ့ပါတယ်။

(၂) ဘယ်ဒေသမှာ ဘယ်လူမျိုးဘဝနဲ့တုန်းက ပြုကျင့်ထားတာဖြစ်ပါတယ်။

(၃) သည်လို လာရောက်အစစ်ခံတော့မှ ရိုးရာစောင့်နတ် လက်ထဲ **အပ်နှံပေးလိုက်ရတယ်။**

(၄) **တကယ်လို့ ကံထိန်းနတ်မင်းကြီးက** ၎င်း၏ **စေတနာစိတ်ထက် သန်မှု လိုက်၍** နတ်ဘဝ ရောက်ငံ့ပါတယ်။ ဘယ်ဌာန၊ ဘယ်ဘုံကို ဆိုလည်း သည်အတိုင်းပေါ့။

မလုပ်မိခဲ့ပါဘူး၊ ပျော့သလိုပဲ နေခဲ့ပါတယ်ဆိုရင်ကောဘဘ။

ဒါဆိုရင်တော့လား။

အင်း…ကံမင်းကြီး၏ မှတ်တမ်းအရ သူ့နဲ့ လိုက်ဖက်ရာ…

(၁) အချို့ ငရဲခန်းထဲ တန်းပို့လိုက်ရတယ်ကွယ်။

(၂) အချို့ တိရစ္ဆာန်ကောင်အဖြစ် ဇာတ်သွင်းပေးလိုက်ရတယ်ပေါ့။ အချို့ကျတော့ ဆိုင်းငံ့အဖြစ်နဲ့ပဲ

(၃) (က) ကိုယ် စွဲလမ်းရာ **သူမမြင် လူမမြင်** သာသာလေး သွားကပ်နေဖို့ ခွင့်ပြုထား**ရတယ်။**

(ခ) အစွဲ မရှိဘဲ **အငြိတွေကျတော့ကော** တူရာ မြစ်၊ ချောင်း၊ **အင်း** အိုင်ရှိရာပို့ထားရတယ်။

ဘဘ…သားစိတ်တွေ ပူအိုက်လာတယ်။ သား မသိတာတွေ သိခွင့်ရလို့လည်း ဘဘကြီးကို ကျေးဇူးတင်တယ်။ သည်လေးမျိုးက…

မကောင်းမှုချင်း အတူတူ ဘာဖြစ်လို့ ကွဲနေကြရတယ် ဆိုတာလေးလည်း တစ်ဆိတ် အမိန့်ရှိပေးပါဦး ဘဘ။

အေး…မှတ်ထားသား၊ သိတော့ ဆင်ခြင်နိုင်တယ်။ ဆင်ခြင်တော့ အမှားကင်းတာပေါ့။

တစ် အုပ်စုက ကိုယ့်ကြိုက်စိတ်ကို ထိန်းမနိုင် သိမ်းမရဖြစ်လာပြီး တစ်ဖက်ခံကျေနပ်ဘဲနဲ့ လူ့ကျင့်ဝတ် ကံငါးပါး ဖောက်ဖျက်ပြီး တစ်ဖက်သားအနိုင်ကျင့်မှု။

ဘဘ ဘဘ…ငရဲဆိုတာ သည်ကံပျက်ထဲက သွားရတာလား။

ဟုတ်တာပေါ့ သားရဲ့။

ငရဲက သားတို့ကို လာခေါ်တာ မဟုတ်ဘူး၊ သားတို့ကသာ ကံနင်းပြီး အတင်း ဝင်သွားတာ။

နှစ် အုပ်စုက တစ်ဖက်သတ်တော့ မဟုတ်ဘူး၊ ကိုယ်ကြိုက်ရာ ကိုယ် ဘာသိ ဘာသာ သိလို့ဆိုတဲ့ ကြက်မြင်၊ ကြက်သိ၊ စတဲ့ အများသိများက ပို့လိုက်တဲ့အမှု။

ကြက်သတ်တုန်း (သို့မဟုတ်) သူသတ်ကြက် ဝယ်စားတုန်း ဆင်ခြင်ရင်ကော လွတ်မလား ဘဘ။

သားက ကြံကြံဖန်ဖန်လည်း တွေးသားကိုး၊ သည်ကိစ္စ သားကိုပဲ မေးပါ့ မယ်။ သားတို့ဆိမှာ နံနက်အိပ်ရာထ ဒီနေ့ ဘာဟင်းချက်ရပါမလဲ စိတ်မကူးကြ ဘူးလား။

စိတ်ကူးတာပေါ့ ဘဘ၊ စိတ်ထဲ အကြိုက်ပေါ်ရာ ကြက်ဝယ်မယ် စသည်များ လည်း ပါတယ်ဘဘ။

အေး...သည်လိုဆို။

သွားကတည်းက သားတို့မှာ ကြက်စိတ်နဲ့ တွဲပြီး သွားနေကြပြီ မဟုတ် လား။ ဈေးရောက်လို့ ကြက်သည်မ,ထဲ ဝင်တော့လည်း ကြက်စိတ်နဲ့ပဲ ဝင်ဝယ်နေ ကြပြီ မဟုတ်လား။ ဈေးက အပြန် သယ်လာတော့လည်း သည်ကြက်စိတ် ကပ်ပြီး တော့ပဲ သယ်ခဲ့ကြပြီ မဟုတ်လား။

သည်လောက်ကြီးအစွဲနာထားတာကြီးကို သတ်မှ၊ ချက်ပြုတ်မှ ဆင်ခြင် လို့၊ အဲသည့် ဆင်ခြင်ဉာဏ်က ဘယ်လိုလုပ်ပြီးတော့ ပွဲတိုးနိုင်ပါတော့မလဲ ဘဘ။

သဘောပေါက်သွားပြီ ဘဘ၊ ရှေ့ဆက် အမိန့်ရှိပါဦး။

(က) အထက်က အုပ်စုနှစ်ခုမှာ ကံဖျက် ခေါင်းဆောင်များကတော့ ငရဲကြီး ရှစ်ထပ် တစ်ထပ်ပြီး တစ်ထပ် သွားရောက်ပြီး လူ ထောင်ကျမခံရဘဲ ကံထောင်ကျခံကြရမယ်။

(ခ) အဲ...နောက်လိုက်များကတော့ ငရဲငယ် ခေါ်တဲ့ အရန်ငရဲဘုံ များမှာ သွားကြရမယ်။ အကြီးစား စေတနာကြီးများ ကုန်လျှင် တော့အငယ်စား စေတနာအရှိန်သတ္တိများအရ တိရစ္ဆာန်ဘုံ ထပ်

ပြီး ဝင်ကြရတယ်။စေတနာ၏ အရှိန်ကုန်လေမှ လူ့ပြည်လာခွင့်ရတယ်။

(၃) (က) အုပ်စုကလည်း တစ်ဖက်သတ်တော့မဟုတ်ဘူးကွဲ့၊ သူဟို့က နှစ်ဖက်သတ်တွေ လူဆိုး, လူဆိုးချင်း နောင်ဂျိန်ချတယ် ဆိုတာမျိုးလား ဘဘ။

ဟုတ်ဘူးသား၊ လူညံ့, လူညံ့ချင်း နောင်ဂျိန်ချကြတာ။

အာ...ဘဘစကားကလဲ။

ဟုတ်တယ်လေ သားရဲ့၊ သားတို့ဆီမှာ သွေးဆူစိတ်ထ၊ ကိုယ့်ကိုယ်ကို ထိန်းမရတာလေးနဲ့ သူတစ်ပါးသားသမီး သွားတောင်းပြီး ကျွန်ခံတာ၊ အဲဒါ လူညံ့မဟုတ်လား။

အဲ...တစ်ဖက်ကလည်း သူ့နောက်လိုက် သူကြိုက်သလောက် အဖျက်အဆီးခံရမှာမှန်း သိလျက်သားနဲ့ တမင် ဇွတ်မိုက်သူတစ်ပါးသားရိပ် သွားခိုပြီး သူ့ကျွန်ခံတာ ညံ့လို့မဟုတ်လား။

အေး...အညံ့ချင်း နှောလျှင် ရောသွားတတ်တယ်။

ဆိုပါစို့...အစွမ်းထက်တဲ့ကြက်ဟင်းခါးနဲ့သံပရာရည် နှော မရောဘူးကွဲ့။ တခြားစီ သတ္တိပြကြတယ်။

အဲ...သတ္တိညံ့တဲ့ မှုံနဲ့မှုံစ် တစ်အိုးတည်းချက်ရင်တော့ စပ်တူ အရသာပဲ ထွက်လာတတ်တယ်ကွဲ့။

အေး...ဒီလိုပဲပေါ့၊ အညံ့ချင်းချင်း⁄သူ့အညံ့ခံ အလိုလိုက်ပေါင်း၊ ကိုယ့်အညံ့ခံ အလိုလိုက် ပေါင်းထားကြသူချင်းလည်း နေကတည်းက တစ်ဖက်စိတ်နဲ့ နေကြရတယ်။

သို့ကြောင့်...

လင်က မယားစိတ် ဝင်နေတော့ ယောကျ်ားကိုယ်နဲ့ မိန်းမစိတ် ရောသွားရော။ မယားကလည်း လင်စိတ်သာရှိတော့ မိန်းမကိုယ်နဲ့ ယောကျ်ားစိတ် ရောသွားရော။ အဲ... ရောရာက ထွက်ကျတဲ့ သွေး၊ ရောရာသွေးကြီး ဖြစ်လို့ မွေးတဲ့ကလေး အားလုံးလည်း တို့သားလေးဟော့၊ တို့သမီးလေးဟော့နဲ့ ရောသွားရောပေါ့။

သည်အတိုင်းနဲ့ လင်နဲ့မယား ဆွဲအားကြီးနေကြရတယ်မဟုတ်လား။

သည်အတိုင်းနဲ့ သား သမီး စပ်တူဖွား စွဲအားကြီးနေကြရတယ် မဟုတ်လား။

သည်အတိုင်းနဲ့ပဲ လင်စာ၊ မယားစာ၊ သမီးသားစာ ပစ္စည်းများ စွဲအားကြီးနေကြရတယ် မဟုတ်လား။

အေး...စွဲတော့ ငြိ၊ ငြိတော့ ထိပြီပေါ့။ သေခါနီး မိသားစုအားလုံး အဖော်ရနိုးနိုးနဲ့ သေသွားတဲ့ လူတွေ။

သားစွဲ, သားနဲ့ နီးရာ၊ မယားစွဲ , မယားနဲ့နီးရာခေတ္တသွားနေကြ။

အစွဲရှိန်ပျက်လို့ အမျှင်ရပ်သွားလျှင်တော့ ကံမင်းကြီးနှင်ရာ သွားကြပေရော့။

(၃) (ခ) တောထူ၊ မြစ်၊ ချောင်း၊ ပင်လယ်စောင်း သွားနေရသူတွေကကော။

(၁) ဝတ္ထုပစ္စည်းများကိုတော့ စွန့်တယ်။ သို့သော် အမျှော်မကင်းကြသူတွေ။

(၂) ဝတ္ထုပစ္စည်းများကိုတော့ စွန့်တယ်၊ သို့သော် ခင်မင်ရာဖိတ်ကြားပြီး ပေးကမ်းကြသူတွေ။

(၃) ဝတ္ထုပစ္စည်းများကိုတော့စွန့်တယ်။ သို့သော် ငါ၀တ္ထုပုဂ္ဂိုလ်အပေါ် အစွဲကြီးကြီးနဲ့ ပေးလှူကြတာတွေ သွားရောက်ရတဲ့ ခေတ္တနား၊ အငှားဘုံတစ်မျိုးကွဲ့ သားရဲ့။

သည်မှာ သားနားလည်အောင် စွန့်နည်းမှန်ကိုဦးစွာ ရှင်းပြဦးမယ်။ နောက်မှပဲ သည်သုံးချက် အကွက်လည်အောင် နားထောင်ပေါ့။

## မစင်ကို မစင်လို သဘောထား စွန့်မှ အနံ့ထွက်မည်

သားတို့လက်ထဲက ရှာဖွေစုစည်းထားသမျှ ပစ္စည်း အကြိုက်နဲ့တွဲပြီး ရှာဖွေထားရတာချည်းဖြစ်လို့ စိတ်မစင်ကြယ်ဘူးသား။

သားတို့ နေတဲ့အိမ် စိတ်ကြိုက်နဲ့ ဆောက်ထားတယ်။

သားတို့ လုပ်နေတဲ့အလုပ်　စိတ်ကြိုက်ရာ အလုပ်။

သားတို့ ရယူထားတဲ့ မယား　စိတ်ကြိုက်က ပေးစားထားတာ။

သားတို့ ရှာဖွေတဲ့ အသုံးအဆောင်များ　စိတ်ကြိုက်က ရှာပေးထားတာ။

သည်တော့ စိတ်နဲ့ အကြိုက် ပေါင်းပြီးရှာထားရတာ။ ရှာဖွေစဉ်မှာကော အခြားညစ်ပတ်စိတ်တွေ ကင်းလို့လား။ သုံးဆောင်စဉ်မှာကော အခြားညစ်ပတ်စိတ်တွေ ကင်းလို့လား။ သိုမှီးထိန်းသိမ်းထားပေးရစဉ်မှာကော အခြားညစ်ပတ်စိတ်တွေ ကင်းလို့ ရှင်းလို့လား။

ဘယ်ကမှ မလာတောင် ဒါငါပိုင်လို့ အတွေးပေါ်တာနဲ့ သောက,ကတော့ လာမှာပဲ။ ဒါ ငါပိုင်လို့ အစွဲကြီးနေတာနဲ့ အခြေအရုံမှီပြီးဖြစ်တဲ့ မာနက လာမှာပဲ။

သည်လို မစင်တဲ့အရာကို စင်တဲ့အရာနဲ့ ပြောင်းလဲတဲ့အခါ ငွေ ဘဏ်သွင်းပြီး ချက်လက်မှတ် ကိုင်ဆောင်ထားရပုံမျိုး။ မစင်ပစ္စည်းကို မခင်စိတ်သွင်း စွန့်လွှတ်ပြီး　စေတနာ ထက်ဖို့ သန့်ဖို့ ဦးစားပေးရမယ်။

စေတနာထက်ဖို့က　ဘဘ။

သူတစ်ပါးနိုင်းမှ မဟုတ်ဘဲ　ကိုယ့်အသိနဲ့ကိုယ်　လုပ်။

စေတနာကျဖို့ကျတော့ ဘဘ။

ငါ့ပစ္စည်း၊ ဝတ္ထု အလှူခံပုဂ္ဂိုလ်အပေါ် စိတ်မထားနဲ့။

(က)အဲ…ငါ့အလှူ ငါပေး ငါကမ်းနေကာယ်ဆိုကတည်းက ညစ်စိတ်ဒိဋ္ဌိနဲ့ အသင်းအပင်းလာပြီ။

(ခ) ငါ့ပစ္စည်းတွေ၊ ငါအားကိုးရသူတွေ ဆိုကတည်းက ညစ်စိတ် တဏှာနဲ့ အသင်းအပင်း လာပြီ။

ဘဘရဲ့ သည်သုံးမျိုး ကင်းပြီး　ပေးကမ်းရက်ရောလို့မှ မရတာ။

သည်သုံးမျိုး ကင်းဖို့ဆိုတာ　ဖြစ်နိုင်ပါ့မလား ဘဘ။

လေ့ကျင့်ရတာပေါ့ သား။

သွားလမ်းက တခြားလမ်းပြောင်းချင်တောင် ခြေတစ်လှမ်းတော့ ယမ်းပေးရသေးတာပဲ မဟုတ်လား။

ဆိုပါစို့…သားတို့ လူ့လောကမှာ ကိတ်မုန့်တို့၊ ပေါင်မုန့်တို့ မစားကြဘူးလား။

စားတာပေါ့ ဘဘ၊ မြို့နေများဆို သူတို့အပျက်ခံလို့တောင် မဖြစ်ကြဘူး။

အဲဒါ ကိတ်မုန့်၊ ပေါင်မုန့်ဆိုပေမယ့် အရင်းအမြစ်က ဂျုံမှုန့်တွေပဲကို။ စာ ကြတဲ့အခါ ကိတ်မုန့်၊ ပေါင်မုန့်ရဲ့ အရသာပေါ်မှာပဲ စိတ်ကလေး တင်ထားပေး လိုက်ရင် ဂျုံဆိုများ စိတ်ရောက်ကြလို့လားကွယ်။

မရောက်တော့ပါဘူး ဘဘ၊ ကိုယ်တွေ့မှာပဲ စိတ်ဝင်ဆံ့နေပြီး အပေါ်တင် အရသာစာတ်မှာပဲ စိတ်လမ်းဆုံးနေပါတယ် ဘဘ။

အေ ...သည်ပုံစံကိုသာ အတုခိုး လေ့ကျင့်ပေတော့။

စွန့်တယ်ဆိုကတည်းက ကိုယ်က အစွန့်၊ စိတ်ကလည်း ငါဥစ္စာမဟုတ်လို့ အစွဲလွှတ်လိုက်တော့။

သည်လို ငါနဲ့ ပစ္စည်းကြား မှတ်စိတ်ကလေးကြားခံထားလိုက်လို့...

(က) ငါတခြား ပစ္စည်းတခြားဖြစ်သွားတဲ့အချိန် ဒိဋ္ဌိတဏှာ ကင်းစင် သွားပြီ။

(ခ) ငါတခြား ပစ္စည်းတခြားဖြစ်နေမှတော့ ငါနဲ့ ပုဂ္ဂိုလ်လည်း ကင်း ပျက်သွားတော့လို့ မစင်စိတ်က စင်စိတ်အဖြစ် ချက်ချင်း ပြောင်း သွားပြီကောသား။

(ဂ) သည်လိုမှ မနိုင်သေး။

မစင်လှူလျှင် ရေဖြင့် ဆေးကြောသုတ်သင်ရပုံမျိုး၊ မစင်ကြယ်သော ညစ်ပေစိတ်များ မကပ်ရဲတဲ့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ် ကို စိတ်က ပွားပေး၊ အာရုံချင်း အလဲအလှယ်၊ အလွှဲအပြောင်း လုပ်တဲ့ သဘောမျိုးပေါ့။

(ဃ) သည့်ထက်များ ထိုးထွင်းဉာဏ်ကောင်းလျှင်တော့

(၁) ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ် သည်သုံးမျိုး အမြဲဖောက်ပြန်နေပုံ ကိုယ့် ကိုယ်က စ,လိုက်ကြည့်၊ နှိုက်ကြည့်။

(၂) ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ် သုံးမျိုးစလုံး တရစပ် ပျက်စီးနေပုံ ကိုယ့် ကိုယ်ကိုက စ,နှိုက်ကြည့်လိုက်။

(၃) ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ် သုံးမျိုးစလုံးတို့ရဲ့ တားမရပုံ၊ ကိုယ့်ကိုယ်က စ,နှိုက်ကြည့်၊ လိုက်ကြည့်။

သည်တော့ အဖြစ်မှန် သိသွားပြီး အထင်မကြီးတော့ဘူး။ အထင်မကြီးလျှင် အားကိုးတကြီး စွဲလမ်းမှု၊ အားကိုးတကြီး မျှော်မှန်းမှု၊ သူ့အပေါ် ကိုယ့်အပေါ် မရှိတော့ဘူးပေါ့။

သဘောပေါက်သွားပါပြီ ဘဘ၊ ဟိုသုံးမျိုး...
ဟိုသုံးမျိုး အသာထားဦး၊ သည်လေးမျိုး ဆက်နားထောင်။
ဘာတွေများ ကျန်နေသေးလို့လဲ ဘဘ။
တစ်ဦးမှတစ်ဦးသို့ ပေးကမ်းစွန့်လွှတ်ဆဲ ထားရမယ့် စိတ်ထားကွဲ့။
ဒါကလည်း အရေးကြီးတာပဲ ဘဘ၊ အာရုံပြုတတ်အောင် မိန့်ပါဦး။

## စွန့်ရာ၌ ထားရမည့် စိတ်ထားလေးမျိုး

(၁) စွန့်ပြီ ဆိုမှတော့ လွတ်လွတ်စွန့်၊ မစင်စွန့်တဲ့အခါ ထားတဲ့ စိတ်မျိုး၊
(၂) စွန့်ပြီ ဆိုမှတော့ ဘာမှ မငြိတွယ်နဲ့၊ မစင်ပုံ လှည့်မကြည့်သလို စိတ်မျိုး၊
(၃) စွန့်ပြီဆိုမှတော့ ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ် သုံးမျိုးက လွတ်ပါစေ၊ မစင်ကိစ္စ မတွေးမိသလို စိတ်မျိုး၊
(၄) စွန့်ပြီဆိုမှတော့ အသွားနောက် အပြန်မပေါ်စေနဲ့၊ မစင်ပုံစွန့်လို့ နောင်ရမယ့် အကျိုး မမျှော်ခဲ့သလို စိတ်ထားမျိုး။

ဒါဘာထွက် ချက်လက်မှတ်ပဲ မဟုတ်လားသား။
သည်လေးချက် ပျက်နေသမျှ စေတနာသန့်သန့် မဖြစ်နိုင်တော့ဘူး။
သည်လေးချက် ပျက်နေသမျှ ဒိဋ္ဌိတဏှာရဲ့ လက်ချက်လည်း မကင်းဘူး။
အဲ...သားသိလိုတဲ့ သုံးမျိုးဘက် ဆက်ကြစို့။

(၁) နောင်ကျိုး မျှော်ပြီး လက်ရှိမှာ အစွဲလွှတ်နေလျှင် မြစ်၊ ချောင်း စတဲ့ တောထု လူရှင်းရာ သွားကြ။
(၂) ခင်မင်ရာ ပေးကမ်းသူတွေက ခင်မင်ရာနားဆီ သွားနေကြ။
(၃) ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်များအပေါ် အစွဲကပ်သူများကတော့...
(က)ကျောင်းစွဲ- ကြီးက မိမိကျောင်းနားမှာပဲ အစွဲအငြိအတိုင်းသွားနေ။

(ခ) အလှူခံပုဂ္ဂိုလ်စွဲသူက ယင်းပုဂ္ဂိုလ်နား သွား၊ မကျွတ်မလွတ် ဘဝနှင့်နေ။

(ဂ) ငါစွဲအားကြီးသူက ခွေး၊ ဝက်၊ ကြွက်စတဲ့ ဘဝမျိုးနဲ့ ဘာသာ ထုံးစံအရ ကျောင်းနား၊ ဂျာနားကျောင်းခွေးအဖြစ်သွားနေကြ ကဲ... ဒါပဲ။

ဟာဗျာ...ကျောင်းလှူတဲ့ ကျောင်းဒကာက ကိုယ့်ကျောင်းကို ပြန်စောင့်ရ တယ်လို့။ သည်လိုဆို ဒက္ခ ငွေပေးဝယ်ရာ မရောက်ပေဘူးလား။

အေး...မစွန့်တတ်၊ မလွတ်တတ်လို့ အစွဲနဲ့ အငြိနောက်ယောင်ခံလိုက်နေ ရင် ဘုရားဒါယကာ ဘုရားပြန်စောင့်ရမှာ သေချာတယ်။ ကျောင်းဒါယကာ ကျောင်း ပြန်စောင့်ရမှာကလည်း သေချာတယ်။ အဲဒါ ဆယ်သိန်းကုန် ဆိုလျှင် ဒက္ခကို ငွေ ဆယ်သိန်းပေး ဝယ်ယူလိုက်ရတာနဲ့ အတူတူပဲ သား။

အတိုချုပ်ကတော့ သား...

(၁) ကံဖျက် – ရမ္မက်နောက် အမျက်ကြီးကြီးနဲ့ တစ်ဖက်သတ် ပြုကျင့်သူ က ငရဲ၊

(၂) ကံမပျက် – ဘာသိဘာသာသိနဲ့ အစွဲထားပြီး ပြုကျင့်သူများက တိရစ္ဆာန်၊

(၃) ကံမပျက် – အချင်းချင်း အစွဲထားပြီး ပေါင်းသင်းပေးကမ်းသူများက

(က) မိမိလင်မယား၊ သားသမီး အတူနေပေါ် အစွဲနဲ့ မကင်းသူပြိတ္တာ၊

(ခ) မိမိ မျှော်လင့်အားကိုးရာ ပြင်ပတို့အပေါ် အစွဲမကင်းသူ အသူ ရကာယ် သည်လို အတိုကောက်မှတ်ထားလိုက် သား။

သားမမေးခင် ဘဘကပဲ အဲသည်ဘဝလေးမျိုး ရှင်းပြပါ့မယ်။

(၁) ငရဲဆိုတာ အညှဉ်းဆဲခံဘဝ၊ တစ်စက်ကလေးမျှ စိတ်မအေးရတဲ့ဘဝ၊

(၂) တိရစ္ဆာန်ဆိုတာ လူတို့ရဲ့ မဂ်စိတ်၊ ဖိုလ်စိတ်နဲ့ ကန့်လန့်စိတ် မွေးတဲ့ ဘဝ၊

(၃) ပြိတ္တာဆိုတာ သေပြီးနောက် ဖွဲလမ်းရာ တန်းရောက်ပြီး စားရမဲ့ဘဝ၊

(၄) အသူရကာယ် – သေပြီးနောက်ကိုယ်ခန္ဓာကြီးကြီးမားမားနဲ့ တောထဲ မှာ စားရမဲ့မဲ့ဘဝ၊

- ပဒိုင်းစေ့ဟာ မိုးကျလျှင် ပဒိုင်းပင်ကိုပဲ ပေါက်ပြီး ပွင့်သီးစေတယ်။
- အဆိပ်မျိုးစေ့ဟာလည်း မိုးကျလျှင် အဆိပ်ပင်၊ အဆိပ်ပွင့်၊ အဆိပ်သီးပဲ ဖြစ်စေတယ်။

အေး...မကောင်းစိတ်မှန်သမျှကလည်း ကောင်းကျိုးကို ဘယ်တော့မှ မပေးဘူး၊ မှတ်ခဲ့သား။

လောကပါလ နတ်မင်းကြီးသည် ပြောလက်စ စကားလက်စ သိမ်းလိုက်တော့၏။

အသခ်တို့ညီအစ်ကိုလည်း စကားဆက်ရရန် တွေးနေကြ၏။ အတန်ကြာသော်...

- ဘဘ...ဘာများတုံး သားရဲ့။
- ဘဘပြောတာတွေ လက်တွေ့ကော ပြနိုင်ပါသလား။
- ဩော်...သားတို့က မျက်မြင်မှ ယုံချင်တာကိုး၊ ကဲ ကဲ...ပြရတာပေါ့။

ထို့နောက် တစ်ခဏမျှ နတ်မင်းကြီး မျက်စိမှိတ်လိုက်ရာ လက်နက်ကိုယ်စီတို့ဖြင့် အစောင့်လေးဦးတို့ နတ်မင်းကြီးရှေ့ ပုဆစ်ဒူးတုပ်ပေါ်လာ၏။

- အေးကွယ်၊ လူ့ပြည်က လေ့လာချင်သူလေး နှစ်ယောက်ကို မင်းတို့လေးဌာနတာဝန်ခံများက အစဉ်လိုက်၊ လိုက်ပြပေးကြပါကွယ်၊ မသိလို့ မေးတဲ့သူတို့ မေးသမျှကိုလည်း ရှင်းပြပါကွယ်၊ အားလုံးပြီးစီးလျှင် လူ့ပြည်သို့ ပြန်ရာလမ်း သမ်းညွှန်ပေးပြီး ပြန်လွှတ်လိုက်ကြပါကွယ်။
- ကောင်းလှပါပြီ အရှင်နတ်မင်းကြီး။
- ကဲ ကဲ...သားတို့၊ အချိန်ရှိတုန်း လေ့လာသွားကြ။
- လူ့ပြည်ပြန်ရောက်တော့လည်း ကိုယ်ကျိုးစစ်နဲ့ ကိုယ်ကျိုးအတု၊ အကောင်းစစ်နဲ့ အကောင်းတုများကို ကိုယ်ပိုင်စိတ်နဲ့ ရွေးချယ်နိုင်အောင် ကြိုးစားကြပေတော့။
- ကောင်းပါပြီ ဘဘ၊ သားတို့ကို ပြန်ခွင့်ပြုပါ။
- သားတို့ ဘဘကျေးဇူးဂုဏ် အာရုံပြုပြီး ဂါရဝပြုပါတယ်။

နှစ်ဦးသား ခြေစုံရပ်လျက်ကပင် ပထမ လက်အုပ်ကို ဦးထိပ်တင်၍ ဂုဏ်

ပေါ်လွင်အောင် ဆင်ခြင်ပြီး ဂါရဝပြုသောအခါ ရင်ညွှန့်ထိပ်ဝယ် လက်အုပ်ထားပြုကြ၏။

– အေးကွယ်...ဆိုးစိတ်ပျောက်လို့ ကောင်းစိတ်များချည်း ရောက်ကြပါစေ။

– ဘဘပေးတဲ့အတိုင်း ပြုကျင့်နိုင်စွမ်း ရှိရပါလို၏။

ထို့နောက် ငရဲခန်းဘက်သို့ စတင်သွားကြရ၏။ ၎င်းနေရာကား တစ်ဖက်ချောက်နက်ကြီးထဲ၌ ရှိ၏။ အောက်ရှေပြင်ကား နက်လွန်းလှသဖြင့် ရေးရေးမျှ မြင်ရ၏။

– အမောင့် နာမည်က...

– အသခ်ပါ ဆရာကြီး။

– အမောင်ကကော...

– ကာယသခ်ပါ ဆရာကြီး။

ဟော...ကြည့်လိုက်ကွဲ့ အသခ်။

(၁) ဒါက သူတစ်ပါး သတ်ဖြတ်မှုနဲ့ ခံနေကြရတဲ့ ငရဲခန်း။

ကြည့်ရဲစရာမရှိပြီ။ ကြောက်လွန် လွန်း၍ ပြေး၊ ငရဲထိန်းတို့က နောက်မှလိုက်ဖမ်း၊ မိသွားသည်နှင့် နှိပ်စက်ညှဉ်းပန်းပြီး ပြန်ထည့်ပေးလိုက်သည်ကို တွေ့ရ၏။

ထိုချောက်ကမ်းပါးနက်ကြီးသည် အလွန် မည်းမှောင်နေသော်လည်း ငရဲထိန်း တာဝန်ခံတို့၏ **ကမ္မဇိဒ္ဓိ**[၁] တန်ခိုးများကြောင့် ပမာ– မင်းပြစ်မကင်းသောအရာဝတ္ထုဖြင့် ကူးသန်းရောင်းဝယ်လေသူ မမြင်စေချင်ရာ၌ လူမသိ သူမသိ ဖုံးဖိထားပြီး မြင်စေချင်ရာ ရှေ့ရောက်လျှင်ကား လှန်လှစ်ပြသပုံမျိုး၊ မသေချာသော် မီးအလင်း ထွန်း၍ပင် ပြသပုံမျိုးဖြစ်၍ အထင်းသား အရှင်းသား မြင်ကြရ၏။ အတွင်းကြီးနှင့် အရုံငယ်များလည်း ကွဲပြား၏။ ရှစ်ထပ်တို့၏ တစ်ထပ်ချင်းများလည်း ထင်ရှား၏။ ခံရပုံမှာ အတိုးရော အညွှန့်ပါ ပေးဆပ်နေသည့်ပမာ။

---

၁။ ကမ္မဇိဒ္ဓိ – ကံကြောင့် အလိုအလျောက်ဖြစ်လာသော တန်ခိုးသတ္တိများ။

ထိုစဉ် ကံစောင့်နတ်တို့ လူနှစ်ယောက်ကို ရိုက်ပုတ်ညှဉ်းဆဲကာ ခေါ်ဆောင်လာကြသဖြင့် လှည့်ကြည့်မိရာ လား လား...ပါပဗျာဘ်ဂီ၏ လက်ရုံးဖြစ်သူ ခေါင်းဆောင် ကဏှာနှင့် သူ့အားကိုးစိတ်ချရသူ တပည့် **စဏ္ဍာန**[၁] ဖြစ်နေတော့၏။

– အမယ်လေး...ချမ်းသာပေးကြပါ၊ စိတ်ကြိုက်နေခွင့်ပေးကြပါ။

ကဏှာက တစာစာ အော်ဟစ်အသနားခံ၏။ ကံစောင့်များက အတွင်းဆွဲလာကြ၏။

ထိုသို့ တောင်းပန်လျက်ကပင် အောက်သို့ တအားလွှဲပစ်ချလိုက်ရာ ဆရာတပည့်နှစ်ဦးစလုံး အသစ်အငေါ်မရှိ တန်းမတ်စွာ ကျသွားတော့၏။ ဆန်းသည်မှာ ရောက်ခါနီးဆဲဆဲတွင်ဝယ် နောက်လိုက်တပည့်ကား ဘေးပတ်ပတ်လည်ရှိအရန်အခန်းထဲ ကျသွားပြီး ကဏှာသာ အလယ်သို့ စိုက်ကျသွား၏။

ဟာ...ကံတရားအကျိုးပေးက ဆန်းကြယ်လှချည့်ကလား။

နှစ်ဦး တစ်လမ်းတည်းသွားသော်မှ လမ်းဆုံးမှာ အတူဖြစ်ခွင့်မရပါလား။ အသခ်သည် ညည်းတွားသံဖြင့် ပြောလိုက်၏။ တာဝန်ခံများကလည်း ကံကြွေး၏ တောင်းပန်မရပုံ၊ အပြစ်ကျရာ၌ ကံ၏ စေတနာအပြင်းအပျော့ကသာ အဆုံးအဖြတ်ပေးပုံများကို ရှင်းလင်းကြ၏။ အောက်ဆီ၌ကား မိုးဦးကျ ဖားကောက်သမားတို့ ဖားများကို ရေနွေးအိုးကြီး ပွက်ပွက်ဆူထဲ ထည့်၊ ခုန်ထွက်၊ ပြန်ကောက်ထည့်ပေးနေသည့်ပမာ၊ လိပ်တစ်ကောင်ကို မီးလင်းဖိုကြီးပေါ် တင်၍ သတ်ရာ၌ လိပ်ကြီးက မီးလွတ်ရာဆင်း၊ လူက မီးဖိုပေါ် ပြန်တင်ပေးနေသည့်ပမာ။

– ကြောက်လွန်းလှသဖြင့် တစာစာ ဟစ်ကြွေးကာ ပြေးသူ မရှား။

– ကြောက်လွန်လွန်းလှသဖြင့် တစာစာ တောင်းပန်လျက်က ပက်လက်ခံနေရသူ မရှား၊ အများအပြား တွေ့နေရ၏။ လူ့ထောင်ကား ပေါင်းသင်းတတ်၊ သက်သာသေး၏။ အပါယ်ထောင်၌ကား သက်ရာလမ်း အရှိန်မကုန်မချင်း လမ်းစမမြင်ပြီ။

အထပ်လိုက် အထပ်လိုက် ဖော်ပြလေသောအခါ အသခ်က မေး၏။ တစ်ဖက်ကလည်း ဖြေ၏။

---

၁။ စဏ္ဍာန – ကြမ်းတမ်းလှသူ

- ဒါက သူ့လင် သူ့မယား ကွယ်ရာ ကာမ ဖောက်ပြားမှုကြောင့် တွေ့လား...အလုံးလိုက် အထွေးလိုက်။

- ဒါက သူ့ဥစ္စာ ကိုယ့်ဥစ္စာဖြစ်အောင် လှည့်ပတ်သူ၊ လုယက်ယူ ခိုးယူမှုကြောင့်။

- ဒါက မဟုတ်ကို ဟုတ်သယောင်၊ အဟုတ်ကို မဟုတ်သယောင် စကားနဲ့ လှည့်ပတ်မှုကြောင့်။

- ဒါကတော့ မူးယစ်သောက်စား မြူလိုရရာ ကံကြား သွားရောက် ပြစ်မှားမှုများကြောင့်။

မြင်ကား မြင်နေရ၏။ ကြည့်ကား မကြည့်ရက်တော့ပြီ။

စိတ်ကြိုက်ကိုကား လိုချင်သေး၏။ ကြိုက်စိတ်ကို ဦးစားမပေးရဲတော့ပြီ။

ထိုငရဲခန်းတို့ကား အောက်,အောက်တို့၏ အောက်စိတ်က ဖန်ဆင်းထားရာ ဘုံအဖြစ် တည်နေကြ၏။ ငရဲခန်းပြီးသော် တိရစ္ဆာန်ခန်းဘက် ဆက်ခဲ့ကြ၏။ အဝင်၌ တွေ့ခဲ့ရသော ခြံဝင်းကြီးများပင် ဖြစ်ကြ၏။ တိရစ္ဆာန်မျိုးကား စုံလှ၏။ လူ့ပြည်မြို့တော်များရှိ တိရစ္ဆာန်ရုံကား ကံဖြစ် တိရစ္ဆာန်ရုံကို မမီချေ။

- ဒါတွေကကော ဆရာ။

လူ့ဘဝတုန်းက ကြက်မြင် ကြက်စွဲ၊ အစွဲမကင်းကြသူတွေ၊ ကြိုက်စိတ်မှန်းစိတ်နဲ့ ကြက်သတ် ဝက်သတ်၊ ခြင်၊ ကြမ်းပိုးသတ်မိကြသူတွေ အစွဲအတိုင်း ဝဋ်တုံ့ ဝဋ်လှည့် ပြန်ခံနေကြရတာတွေပေါ့။

လူ့ပြည်တုန်းက သားသတ်သမား၊ သည်မှာတော့ သားကောင်ဖြစ်ရတယ်။ လူနဲ့ တွေ့တုန်းကတော့ ဖား၊ အခုတော့ သားစားကျားဖြစ်လာတယ်။ သူတို့ချင်း မတွေ့လိုက်ကြနဲ့ နိုင်ရာစား ထုံးစံအတိုင်းပဲ။

တိရစ္ဆာန်ဆိုတာ သူ့မျိုး သူ့ရိုးအတိုင်း ဆင်းသက်လာကြရတာ မဟုတ်လား။

လူဆိုတာကလည်း သူ့မျိုး သူ့ရိုးနဲ့ ဆင်းသက်လာကြရတာချည်းပဲ မဟုတ်လား။

– အင်း...ပုံသဏ္ဍာန်ကတော့ အသခ်ပြောတာ မှန်တယ်။ စိတ်နဲ့ အစွဲအလမ်းကျတော့ အသခ် ထင်သလို မဟုတ်ပြန်ဘူး။

– ရှင်းပါဦး ဆရာ။

– ဆိုပါစို့၊ လူချင်းကတော့ အတူပါပဲ၊ အစာစားတဲ့ နေရာမှာ အချို့က အချို၊ အဆိမ့်နဲ့မှ စားမြိန်တာ၊ အချို့က အဖန်၊ အခါးလေးနဲ့မှ စားမြိန်တာ။ အချို့က အငန်ပါမှ စားမြိန်တယ်၊ အချို့ကျတော့ အပူ၊ အစပ်မပါ, စားကို မစားနိုင်ဘူး။

– သည်လေးဦး ဗိုက်ထဲ ထည့်တာချင်း တူမလား၊ မတူဘူး။

– ဗိုက်ထဲမှာ သတ္တိပြနဲ့ သူတို့ လှုပ်ရှားပုံကတော့ တူမလား။ အဲဒါလည်း မတူဘူး။ အေး...သည်လိုပဲအစားချင်းမတူလျှင် အသွားချင်း မတူရာအထိ ကွဲပြားခြားနားကြသလို စိတ်စွဲအတိုင်းသာ ရုပ်ဖြစ်စဉ်များကလည်း ပြောင်းလဲပေးကြရတယ်။

– သေခါနီး ကြက်သားစားချင်လိုက်တာ တ,ပြီး ကြက်စိတ်နဲ့ သေရင်...

– ကြက်ဖြစ်မှာတော့ သေချာပြီပေါ့ ဆရာ။

– အေး...အသခ်၊ သဘောပေါက်လောက်ပြီပေါ့။

– ပေါက်ပါပြီဆရာ၊ တစ်ခါ တိရစ္ဆာန်ကနေ လူ့အဖြစ်ကိုကော။

– ဒါကတော့ အပါယ်အကျိုးပေး၊ ကံသတ္တိများကလည်း စုပြီးသားလေး ကုန်သွားငြိ၊ လူ့ဘဝတုန်းက စိတ်ကောင်းဝင်တုန်း ကောင်းမှုလေးများကလည်း အကုသိုလ်ကြားထဲကနေ ကြိုကြား ကြိုးစားစုထားတာလေးကလည်း ရှိသေးသည် ဆိုမှ။

တိရစ္ဆာန်ဘဝ တစ်ရာမှာမှ လူ တစ်ဘဝ၊ တစ်ဘဝလောက် လာရောက်ဖြစ်ကြရတယ်။

– ဘာဖြစ်လို့ လူနည်းပြီး တိရစ္ဆာန်ဘက်က များနေသလဲ ဆရာ။

– ဟဲ ဟဲ...တို့မမေးနဲ့ဦးလေ၊ အသခ်စိတ် အသခ်ပဲ ပြန်စစ်ကြည့်စမ်းပါဦး။

အသခ် ခေါင်းမဖော်သာပြီ။ မှန်သော အဟုတ်ဖြစ်နေသောကြောင့်။

တိရစ္ဆာန်ဆိုတာ မေ့မေ့ပျောက်ပျောက်နဲ့ အာရုံနောက် လိုက်စားနေတဲ့ စိတ်၊ အတွေးနဲ့ ရုံတစ်ကါ တွေတွေကြီး၊ ရုံတစ်ခါ ရောက်တတ်ရာရာ ပြန့်လွှတ်စိတ်၊ မော

ပလား၊ မောလို့ ညညဘက် အိပ်မောကျသွားတဲ့စိတ်တွေက တွန်းလွှတ် အပို့ခံရတဲ့ ဘဝပဲပေါ့။ ဆိုတော့...

– အမောင်အသခ်...အဲသည်စိတ်က တစ်နေ့တစ်နေ့ ဘယ်လောက် မောင့်ကို အချိန်တောင်းထားသလဲ၊ ဘယ်လောက်လွှမ်းမိုးထားသလဲ။

– လောဘဆိုတာ လိုချင်မှ လာတာ၊ သို့ကြောင့် ပြိတ္တာဘဝက တိရစ္ဆာန် လောက် အကြိမ်မများဘူး။

– ဒေါသကလည်း မခံချင်မှ ဝင်လာတာ။ သို့ကြောင့် ငရဲက ပြိတ္တာ လောက် အရောက်မများဘူး။ ခုတင်က အမောင် တွေ့လိုက်တဲ့လူသားနှစ်ဦးလို အမြဲ မကောင်းမှု ကျူးလွန်နေသူများလောက်သာ အရောက်များတယ်၊ သာမန်စိတ်နဲ့ မရောက်တတ်ဘူး။

– ရှင်းပြီဆရာ၊ ရွာနေ လူပေါ့များအတိုင်းဆို သူတို့ လုပ်သမျှတွေဟာ တိရစ္ဆာန်ဖြစ်ဖို့ ဘဝမျိုးစေ့တွေချည်းပဲ ဆိုပါတော့ဆရာ။

– အေး ဟုတ်ပြီ၊ သည်တိရစ္ဆာန်တွေလည်း ဖြစ်ချင်လို့ ဖြစ်လာကြရတာ မဟုတ်ဘူး၊ အစွဲနဲ့ ကြိုက်စိတ် မထိန်းနိုင်ကြလို့ ဖြစ်ကြရတာချည်းပဲ။

– သည်ဆုတ်ကပ်ထဲမှာ တိရစ္ဆာန်ကောင်စစ်စစ် မရှိဘူး၊ လူဖြစ်တိရစ္ဆာန် များ ချည်းပဲ။

– သည် ဆုတ်ကပ်ခေတ်ထဲမှာ အပြောကသာ နိဗ္ဗာန်၊ အလုပ်တွေက တိရစ္ဆာန်မျိုးစေ့တွေချည်းပဲ။

ထို့နောက် ပြိတ္တာ၊ အသူရကာယ်တို့ ထားသိုရာခြံဝင်းကြီးထဲ ရောက်သွား ကြ၏။ စခန်းကြီးများကား စုရပ်များပမာ။ ထိုစခန်းများသို့ ဦးစွာထားပြီးမှ သွား လိုရာရာ လွှတ်ပေးသည်ဆို၏။

အသူရကာယ်များကား ကိုယ်ခန္ဓာ ကြီးထွားကြ၏။အိပ်လိုလျှင် မြေကြီး ပေါ်မှာပင် မိမိ၏ နားရွက်တစ်ဖက်ကို ဖျာအဖြစ် ခင်း၊ တစ်ဖက်ကိုကား စောင်ပမာ အပေါ်က ခြုံလွှမ်းပေးပြီး အိပ်နေကြ၏။ ပြိတ္တာတို့ကား လူ့ပြည်က သေခါနီးဆဲဆဲ ၏ အရွယ်၊ ပုံသဏ္ဌာန်၊ အဝတ်အစားများအတိုင်းပင် ဖြစ်ကြ၏။ ကြည့်နေဆဲမှာပင် ဗျာဘ်ဂီ၏ စခန်းမှ တစ်ယောက်ကိုလည်း ပြိတ္တာစခန်းဝယ် တွေ့ရ၏။ မိမိတို့ နေခဲ့ရာ

ကာမယောဂရွာမှ လယ်ယာသမား နှစ်ဦးလည်း တွေ့လိုက်ရ၏။ မိမိတို့ အမျိုးထဲမှ တံငါသည် သုံးဦးတို့ကား ငရဲထိန်းတို့ ဆွဲငင်သွားသည်ကိုလည်း တွေ့ရ၏။ ဘူမိပါလ မြို့တော်၏ ဆင်းရဲသားရပ်ကွက်မှ မျက်နှာ တန်းမိနေသော ပျံကျအလုပ်သမား တစ်ဦးကား တိရစ္ဆာန်ဝင်းထဲ ဝင်သွားသည်ကိုလည်း တွေ့လိုက်ရ၏။

နေရာ ဘယ်လောက်များများ မကောင်းကျိုး လာရောက်ခံယူရာ၌ တစ်ဌာနတည်း ဖြစ်နေသည်ကို တွေ့ရ၏။ လူမျိုးတွေ၊ ကိုးကွယ်ရာ ဘာသာတွေ ဘယ်လောက်ကွဲကွဲ၊ မကောင်းစိတ်၏ပို့ရာဘုံသို့ ဝင်ရာ၌ကား တစ်ပေါက်တည်းပင် ဖြစ်နေသည်ကို တွေ့နေရ၏။ ထို့မှ တစ်ဆက်တည်း ကောင်းကျိုးများ ခံယူရာ၌လည်း ဤ အတိုင်းပင်၊ တူညီနေကြမည်ကိုလည်း တွေးမိသေး၏။ ကောင်းစိတ်၊ဆိုးစိတ်နှစ်ပါး တို့၏ ခိုင်းစားခံ လူသားချင်း မှန်လျက်က...

(က)အသားအရောင်ကလေး ကွဲနေရုံမျှဖြင့် ဘာကြောင့်များ စိတ်ဝမ်းကွဲ ချင်ကြသနည်း။

(ခ) အားကိုးရာအယူဝါဒ၊ အယူအဆလေး ကွဲနေရုံမျှဖြင့် ဘာ့ကြောင့်များ စိတ်ဝမ်းကွဲချင်ကြသနည်း။ ·

အသခ်သည် မိမိမျက်စိ၊ မိမိနားတို့ဖြင့် တပ်အပ်မြင်၊ တပ်အပ်ကြားများ ဖြစ်ကြလေသောကိလေမာန်စွက် ငါးကံပျက်တို့၏ သွားရာ ငရဲလမ်းကြောင်းကို ကြောက်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း ဖြစ်လာရ၏။ ကံကိုကား မဖျက်၊ ငါးချည်း သက်သက် နှိုက်စားလေသည့်ပမာ၊ သဘောတူရာချင်း ပေါင်းဖက်၊ တစ်ဦးကို တစ်ဦး စွဲမက်ရာမှ ဖြစ်ကြရသော တိရစ္ဆာန်ကောင်၊ ပြိတ္တာ၊ အသူရကာယ်ကောင်များကြောင့်လည်း ကြောက်ရွံ့လာခြင်း၊ ထိတ်လန့်လာခြင်းများ ကြီးစွာဖြစ်ပေါ်လာရ၏။ ထို့နောက် အတွေးများ ရပ်သွား၏။

– ဆရာ...တစ်ခုမေးပါရစေ။
– ဘာများလဲ အမောင် အသခ်ရဲ့၊ မေးစရာရှိ မေးသာမေးပါ။
– သည်လိုပါ၊ လူ့ဘဝဟာ အရခဲဆုံး၊ အကောင်းဆုံးလို့ ဆိုထားပါတယ်။
– ဟုတ်တယ်လေ အမောင်အသခ်ရဲ့။ လူ့ဘဝလောက် ကောင်းတာ ရှိ၊ မရှိဘူး။

– ကိုယ်ပိုင်ဘဝမို့ ကိုယ်စိတ်တိုင်းကျ ဆုံးဖြတ်နိုင်တယ်၊ ဆုံးဖြတ်ချက် အတိုင်းလည်း လုပ်နိုင်တယ်ကိုး။

– သည်လောက် ကောင်းတဲ့ဘဝကနေ သည်ကို ဘာဖြစ်လို့ ရောက်လာကြရသလဲ ဆိုတာ...။

– ဩော်...ဒါလား၊ ဒါက သည်ရှိတယ် အမောင်ရဲ့။

လယ်ယာ ဆိုကတည်းက စပါးသီးနှံများ ထွက်ရှိရာဌာနဖြစ်လို့ အကောင်း ဆိုရတယ်။ သို့သော်လည်း စပါးသီးနှံများကို ပေါင်းမြက်တို့က ဖုံးနေလျှင် မကောင်း လို့ပဲ ဆိုရမယ်။

လူမှာလည်း လူဖြစ်ဖို့ဆိုတာ အစွဲလွတ် ကောင်းမှုကြောင့်ချည်း ဖြစ်ရလို့ ဘဝကောင်း ဆိုရပေမင့် အောက်တန်းစား စိတ်ထားက လွှမ်းမိုးနေလျှင် လူကောင်း မဖြစ်တော့ဘူး။ ဘဝသာ ကောင်း, လူ မကောင်းသော လူမကောင်းလို့ပဲ ဆိုကြပါ စို့။

သည်မှာ တိရစ္ဆာန်နဲ့ စည်းမခြားတဲ့ လူမျိုးတစ်စားကိုလည်း မှတ်သားထား ပါဦး။

## အကြောင်းမဲ့လူသား

– ကုသိုလ်ပြုစဉ်တုန်းက သတိ ကင်းမဲ့နေသူဟာ အာရုံနောက် စိတ် ပါမသွားဘူးလား။

– အာ...ချည်တိုင်မှာ ချည်မထားတဲ့ နွား သူများစားကျက် သွားစားမှာ သေချာသလို သတိလက်လွတ်နဲ့ ကုသိုလ်ရှင်များလည်း ပရိသတ်နောက် စိတ်ရောက် နေမှာပေါ့ ဆရာ။

– ကောင်းပြီ၊ အာရုံနောက် လိုက်နေတဲ့စိတ်၊ လိုလားခြင်း တဏှာ မဝင် နိုင်ဘူးလား။

– ဒါလည်း ဘယ်သူ ဘယ်သူတို့ကို ဖိတ်ကြားမယ်၊ ငါတို့ ဘာတွေ ဘာ တွေ ပေးကြ ကျွေးကြမယ်၊ ရည်ရွယ်ကတည်းက လိုလားစိတ် ဝင်နေတာ၊ လူမြင်ရင် တော့ ပိုဆိုးမှာပေါ့ ဆရာ။

– ကောင်းပြီ…၊ လိုလားစိတ် အားကြီးလာလျှင် ငါ့အလျှု ငါ့လှူနဲ့ ငါ ပရိသတ်ကြီး ဆိုပြီး မြတ်နိုးစိတ်၊ မြတ်နိုးစိတ်ကြောင့် တက်ကြွလာတဲ့ မာနကော မဝင်ဘူးလား။

– ဒါလည်း ငါဝင်စွက်လိုက်တာနဲ့ အလိုလိုပါဝင်လာတတ်တဲ့အမျိုးပါပဲ ဆရာ။

– အဲ…ငါ ဝင်နှောင့်တဲ့နောက် ငါ့အလှူ လောက်မှ လောက်ပါ့မလား လည်း ဝင်တော့မှာပဲ။ ဟိုပြေးကြည့် သည်ပြေးကြည့်နဲ့ စိတ်နဲ့ကိုယ် မကပ်နိုင်အောင် လည်း ဖြစ်မှာပဲ။ ကိုယ်မှန်းသလောက် တွက်ခြေမရောက်လို့၊ မထင်တာတွေ ဖြစ် လာလို့ စိတ်မကောင်းလည်း ဖြစ်မှာပဲ။

ကဲ… သည်ကုသိုလ်ရှင်မျိုး ဘယ်လိုလုပ် အကြောင်းကံ ကောင်းပါတော့ မလဲ။

(၁) လိုလားမှု တပ်စွဲသာယာမှုတွေ အကြောင်းခံထားတယ်၊ တဏှာမကင်း တော့ဘူးပေါ့။
(၂) သည်ထဲ မလိုလားတဲ့ မမျှော်လင့်တာတွေ ထပ်ဆင့်ဖြစ်ပေါ်လာတော့ နှလုံး မသာမှု၊ ဒေါသလည်း မကင်းတော့ဘူးပေါ့။
(၃) ငါ့အလှူပါလို့ ငါ စွက်လိုက်တာနဲ့ စိတ်မချ လက်မချ ချီတုံချတုံ စိတ် နဲ့ ပျံ့လွင့်စိတ် မောဟလည်း မကင်းတော့ဘူးပေါ့။ သည်တော့ အေး ချမ်းလို့ ဖြူစင်တောက်ပနေတဲ့ စိတ်ကလေး မည်းညစ်သွားပြီပေါ့။

သည်စိတ်ထားသုံးမျိုးနဲ့ လှူဒါန်းပေးကမ်းတဲ့ ကုသိုလ်ရှင်ဟာ…

(က)အကြောင်းခံ မကောင်းတဲ့အတွက် အကျိုးပေးလည်း ကောင်းမလာ တော့ဘူး။
(ခ) မကောင်းစိတ်ဆိုး ပိုရှုပ်တိုးပွားလာတဲ့အတွက် ထိန်းလို့ သိမ်းလို့လည်း မရတော့ဘူး။
(ဂ) ကုသိုလ်ပြုစဉ်ကပင် သတိမဝင် ဉာဏ်မယှဉ်ခဲ့တဲ့အတွက် ဘာဆို ဘာမှလည်း စဉ်းစားဝေဖန်လို့လည်း မရတော့ဘူး။

– သည်လူစားမျိုးကို သုဂတိ အဟိတ်ပုဂ္ဂိုလ်လို့ ဆိုရတယ်။

– တိရစ္ဆာန် ခွေးမျိုးကိုတော့ ဒုဂ္ဂတိ အဟိတ်ကောင်များလို့ ဆိုရတယ်။

နှစ်မျိုးပေါင်းလိုက်တော့ လူ့တိရစ္ဆာန်နဲ့ ခွေးတိရစ္ဆာန်ရယ်လို့ တိရစ္ဆာန်တူ ဖြစ်လာတယ်။

သည်လူစားမျိုးတွေပဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်, သည် အောက် ပြည်များကို လာရောက်ကြတာပဲ အမောင်အသခ်ရေ။ **လူ့ပြည် နေတုန်းကလည်း အရည်မရ အဖတ်မတင် အာရုံကို ခင်မင်၊ ထင်ရာအကြိုက်လုပ်ပြီး အကြောင်းမဲ့ သက်သက် အချိန်ကုန်ခဲ့ကြတာပဲ မဟုတ်လား။**

– သည်အတိုင်းဆို ကောင်းမှုပြုတိုင်းလည်း ကောင်းကျိုး မရဘဲကိုးနော ဆရာ။

– အေးဗျာ…ဟုတ်ပ၊ ကောင်းအောင် ပြုတတ်မှသာ ကောင်းကျိုးရတာ ကိုး။

– ရှင်းပါပြီ ဆရာ၊ မသိတာလေးတွေ သိရလို့ ဝမ်းသာရတာရယ်၊ မမြင် ဖူးတာတွေ မြင်ရလို့ ထိတ်လန့်တာရယ် ဆရာတို့ဆီ လာရတာ ရိက္ခာနှစ်ထုပ် ရလာ တယ်။

– သည်ရိက္ခာထုပ် နှစ်ထုပ် အမောင်တို့ လူ့ပြည်ရောက်တော့ သုံးတတ် အောင် သုံးပေါ့လေ။

– ကဲ ဆရာတို့…ပြန်ခွင့်ပြုကြပါ၊ လေ့လာစရာတွေလည်း လမ်းဆုံးပြီ လို့ပဲ ယူဆပြီး ကျန်တဲ့ အချိန်လေး ဘဝလည်း ကောင်း၊ လူလည်း ကောင်းဖြစ် အောင် ကြိုးစားဖို့ ခွင့်ပြုကြပါ။

– ကောင်းပြီ အမောင်အသခ်၊ အမောင်တို့ ဘယ်ကိုပြန်ကြမှာလဲ။ ပြန် မယ့်ရွာ၊ မိုနိုရာမြို့ ငါတို့ ပြောပြစမ်းပါ။

– သည်လိုပါ ဆရာ၊ ဆရာတို့ မေးတဲ့ မြို့နဲ့ရွာနဲ့ကို ဦးစွာ တင်ပြပါရစေ။ ကျွန်တော်တို့ မိုနိုရာ တိုင်းပြည်က ကပ္ပဋ္ဌိတိတိုင်းနဲ့ မြို့တော် – ဘူမိပါလပါ။ ကျွန် တော်တို့ နေထိုင်ရာ ရပ်ရွာက ကာမယောဂ ရွာလို့ ခေါ်ပါတယ်။

သည်ပြည်၊ သည်မြို့၊ သည်ရွာတို့မှာ အစမ္မရာဂ၊ အစမ္မဒေါသများ ထူပြော

လာပါတယ်။ အဓမ္မ မောဟကလည်း ပို၍ ဆိုးလာပါတယ်။ သည်ပတ်ဝန်းကျင် နှား နေကြရလျှင်...

– မဟုတ်တာ လုပ်မိကလည်း မဟုတ်သည့် အရှုပ်ထဲ ပါရပါတော့မည်။

– မဟုတ်တာ မလုပ်မိလျှင်လည်း ဟုတ္တိပတ္တိ အထုပ်ဆွဲဖို့က လွဲရပါတော့မည်။ သည်အကြံအတွေးများ ဖြစ်ပေါ်လာကြပြီး ကျွန်တော်တို့ညီအစ်ကို နှစ်သင်း သူငယ်ချင်း လေးယောက် ရေကြည်ရာ မြက်နုရာသို့ သဘောတူ ထွက်လာခဲ့ကြပါတယ်။

လမ်းခရီး လျှောက်လာကြစဉ်အတွင်း စိတ်ကူးများ ထပ်မံဖြစ်ပေါ်လာကြပါတယ်။ ငါတို့တွေ ကိုယ်ကျိုးစီးပွား တိုးပွားရာများကို လေ့လာရှာဖွေကြမည်။ တွေ့လာတဲ့ အခွင့်အလမ်းမှန်သမျှကိုတော့

(က)သည်အခွင့်အရေးများက တကယ့် ကိုယ်ကျိုးလား၊ ကိုယ်ကျိုးမဲ့လား လေ့လာကြမယ်။

(ခ) သည်အခွင့်အရေးများက တကယ်ကောင်းလား၊ ကြိုက်ကောင်းလား လေ့လာကြမယ်။

သည်လို စိတ်ကူးရင်းနဲ့ပဲ...

အထက်ထက်သို့ အတက်လမ်းနဲ့ သည် အောက်,အောက်ကို ဆင်းရာ အဆင်းလမ်းကြား ကုန်းကမူ ထီးထီးမားမား တွေ့ကြရပါတယ်။ သူငယ်ချင်းလေးဦး သည်မှာပဲ စခန်းချကြပါတယ်။

သည် ကုန်းကမူ ဇုန် အရပ်ကပဲ...

(က)သတ္တိ ဖွဲ့နဘဲကြီးသူ ဉာဏနဲ့ ရှုပတို့ ညီအစ်ကိုက အထက်တက် လေ့လာနေကြပါတယ်။

(ခ) ကျွန်တော်တို့ ညီအစ်ကိုကတော့ သူတို့လို ဖွဲ့မတင်းလို့ အဆင်းကိုပဲ ရွေးပြီး လေ့လာဖို့ လာပါတယ်။

အထက်မှာဖြစ်စေ၊ အောက်မှာဖြစ်စေ ကိုယ်ကျိုး အစစ်အမှန်ခံစားရမယ်၊ လိုလို့ ကောင်းတဲ့ အကောင်းမျိုးမဟုတ်၊နဂိုကောင်းလည်း ဖြစ်ရမယ်။ သည်အချက်နဲ့ စုံတဲ့ စီးပွားမျိုးတွေ့က တစ်ဦးနဲ့တစ်ဦး သည်ကုန်းကမူမှာဆိုပြီး အသိပေးကြစတမ်း

ကတိကဝတ်ထားခဲ့ကြပါတယ်။ အဲ...ကျွန်တော်တို့ လေ့လာတဲ့ အောက်သုံး အကောင်း နဲ့ အောက်နိုက်ကိုယ်ကျိုးများကတော့ အလွန်ကောင်းပါပေ့၊ အထက်တန်းကျလှပါ ပေ့ ဆိုပြီး လူ့ပြည်က လူကုံထံတွေ ဟော်တယ်ကြီးပေါ်တက်၊ ဆီဦးထောပတ်၊ အသား ဟင်း ငါးဟင်း အရသာစုံတဲ့ အဆီအဆိမ့်များကို စား၊ အဲ...နောက်တစ်ရက်သွား ပို့ရပြီဆိုတော့ နောက်ဖေးလမ်းကြား၊ ခရီးသွားရင်းဆိုက...

တောဝင်ပြီး ချုံကြားသွား စွန့်ကြရသလိုမို့ အစား ဟော်တယ်၊ ချုံကွယ် အသွား ဆိုရပြီး အကျိုးမဲ့ ဖြစ်နေပါပြီဆရာ။

အထက်တက် သူငယ်ချင်းနှစ်ဦး တွေ့ရတဲ့ အကျိုးများကသာ ကောင်းမယ် ဆိုးမယ် မသိရသေးတာပါ။ အခု သူတို့နဲ့ ချိန်းထားရာ ကုန်းကမူကိုပဲ ပြန်ကြရမှာ ပါ ဆရာ။

ကောင်းပြီလေ၊ သည်လိုဆိုကျုပ်လက်ညှိုးညွှန်ရာကို အမောင် စိုက်ကြည့် လိုက်။

အသခ်တို့ ညီအစ်ကိုနှင့် တာဝန်ခံလေးဦးတို့ စုရပ်ကား ခြံဝင်းကြီးများ၏ ထိပ် လာရာလမ်းဖြူးကြီး၏ အဝပင် ဖြစ်၏။ အကြီးဆုံး တာဝန်ခံဖြစ်သော **ကမ္မ ဝိစာန**[၁] နတ်မင်းကြီး လက်ညှိုးညွှန်ရာကို ထိုလမ်းဝမှပင် စိုက်၍ကြည့်လိုက်ရာ...

အထက်နှင့် အောက်တို့၏ ဆုံရာ ကုန်းကမူကြီးသည် အထင်းသား ပေါ် လာတော့၏။

– အဲဒါ အမောင်တို့သွားမယ့် စခန်းပဲ မဟုတ်လား။

– ဟုတ်...ဟုတ်ကဲ့ ဆရာကြီး။

အံ့သြခြင်း၊ ဝမ်းသာခြင်းကြောင့် အသခ် စကားထစ်နေပြန်၏။

– ကဲ...အဲသည်ကုန်းကို မျက်ခြည်မပြတ် ကြည့်ပြီး သွားကြပေတော့။

ထိုခဏမှာပင် ရိပ်ခနဲ တစ်ချက်ဖြစ်လိုက်ပြီး ချက်ချင်းပင် ကုန်းကမူထိပ်သို့ ရောက်သွားတော့၏။ နတ်တို့၏ တန်ခိုးကား စက်နှိုးဆိုဖြည့်၊ ဂီယာလှည့်ရန်ပင် မလိုပြီ။

– ဟာ သူငယ်ချင်း....မင်းက အရင်ရောက်နေတယ်။

– ကဲ ကဲ...ပြော၊ မင်းတို့နောက် ငါတို့နှစ်ယောက် လိုက်ရတော့မလား။

---

၁။ ကမ္မဝိစာန – ကံကို စီရင်သူ။

အသခ်၏ နှုတ်ဆက်သံ။

- အာ...မင်းကလဲ၊ ဘယ်ကလာ...ကြဲကြဲဖန်ဖန်။

- မင်းတို့နောက် ငါတို့နှစ်ယောက် လိုက်ဖို့စောင့်နေတာ။

ဤကား ဉာဏာ၏ တုံ့ပြန်သံ။

ထို့နောက် နှစ်ဦးသား စကားပြတ်သွားကြ၏။ အတွေးများဘက် လှည့်သွားကြပြန်၏။

တစ်ဖန် စကားစ, ပြန်ဝင်လာပြန်၏။

- ဆိုပါဦး၊ မင်းအထက်က အထက်တန်းစားတွေရဲ့အကြောင်း။

အသခ်က စလိုက်၏။

- ပြောပါနဲ့တော့ကွာ။

ပထမ–ကံကုသိုလ်စခန်းက ဒါနပြုအပြီး နတ်ပြည်ဘက် တက်ပြီး သွားကြည့်တော့...

(က) ကိုယ်ကျိုးလို့သာ ဆိုရသူတို့သွေးဆိုးကိုသာ လိုက်ဖြည့်စွမ်းပေးနေရတာနဲ့ အချိန်ကုန်တာပါပဲ။

(ခ) ဒါနပြုတုန်းက ကြိုက်ရာ ပစ္စည်း၊ ကြိုက်ရာပုဂ္ဂိုလ် စွဲပြီး လှူမိခဲ့လို့ အကြိုက်ကလည်း မမြင်လိုက်နဲ့ တန်းကြိုက်၊ မကြားလိုက်နဲ့ တန်းကြိုက်နဲ့ အကြိုက်ကလည်း မဆုံးတော့ပါဘူးကွာ။

(ဂ) ဒါနပြုတုန်းက သူလည်းပါ ကိုယ်လည်းပါ၊ စေတနာတူသူချင်း ပေါင်းပြုမိခဲ့လို့ ပြောပါနဲ့တော့။ ကံတူအကျိုးပေးအဖြစ် ခံစားရာကျတော့လည်း အကြိုက်တူမြူဖျက် ပေါင်းဖက်လိုက်ကြရတာ မောလို့။

နတ်ပြည်ဆိုတာ ကိုယ်ကြိုက်အာရုံ၊ ကိုယ်ကြိုက်ချင်း ဆုံပြီး ကာမဂုဏ်ခံစားရာ သက်သက်ရယ်။

ငါတော့နတ်ပြည်ဆိုတာကိုယ်ကသာအထက်တန်းကျ၊စိတ်ဓာတ်က အောက်ဘန်းစား ဆန်ဆန်ရယ်၊ သည်လိုမြင်လာတယ်။ အထက်တန်းဆိုပေမယ့် အထက်ဘန်း သွားမဖြစ်နိုင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

- ဆုံးဖြတ်ပြီးတော့ မင်းတို့ဘာဆက်လုပ်ကြသလဲ။

- ဘာဆက်လုပ်လဲ ဆိုတော့ သူ့ထက် အဆင့်မြင့်တဲ့နေရာကို ရောက်နိုင်မယ့် ဒုတိယ ကုသိုလ်စခန်းကနေ ဈာန်အဆင့်ဆင့် ကျင့်ပြီး ဗြဟ္မာ့ဘုံတွေ တက်လေ့လာတယ်။

- ဟာ…သူငယ်ချင်း၊ ဗြဟ္မာဆိုမှတော့ မြတ်ပြီပေါ့၊ ငါလိုက်ချင်လိုက်တာကွာ။

အသခ်သည် ဗြဟ္မာသံကြားရရုံမျှဖြင့် သူ ကြားဖူးသလောက်ဖြင့်ဝင်ထောက်ပြန်၏။

- ဗြဟ္မာက ဗြဟ္မာလို နေတုန်းသာမြတ်တာကိုးကွ။ စုပြီးသား ဗြဟ္မာဝတ်ဆံလေး ကြွေကျသွားရင် အောက်ကြား ကားခနဲ ပြန်ဆင်းပေးရတယ်။

- ဟကောင် ဉာဏ…ဗြဟ္မာဖြစ်မှတော့ ဗြဟ္မာလို မနေ ဘယ်လိုနေရမတုံး။

- နေဦး ကိုယ့်လူ…မင်းပဲ ပြောတယ်၊ ဗြဟ္မာဆို အမြတ်လို့။

- ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ။

- အဲဒါဘာဖြစ်လဲဆိုတော့ အမြတ်ထွက်အောင် နေတတ်မှ အမြတ်ထွက်တာကိုးကွ။

- ကဲ…ဆိုစမ်းပါဦး၊ အမြတ်ထွက်အောင် နေနည်းလေး။

## အရှုံးမပေါ်အောင်နေနည်းလေးမျိုး

ဗြဟ္မာဆိုတာ အမြဲ ဈာန်ဝင်စားနေရမယ်၊ ဈာန်စိတ်နဲ့ ကာမ အာရုံတို့မှ လွဲပြီး ဓမ္မအာရုံထဲ ပြေးဝင်နေတတ်ရတယ်။ သူ့စိတ်နဲ့ နေမယ့်အစား ကိုယ့်စိတ်နဲ့ နေတတ်ရတယ်။

သည်လို နေနိုင်အောင်

(၁) မေတ္တာဈာန် ဝင်စားနေရတယ်။ တန်းတူတွေ ဖက်ပြိုင်လိုစိတ် မပေါ်အောင်လို့။

(၂) ကရုဏာဈာန် ဝင်စားနေရတယ်။ ကိုယ့်အောက်တွေ သဝန်တိုစိတ် မပေါ်အောင်လို့။

(၃) မုဒိတာရျာန် ဝင်စားနေရတယ်။ ကိုယ့်အထက်တွေ့ ငြူစူစောင်းချိတ် စိတ် မပေါ်အောင်လို့။

(၄) ဥပေက္ခာရျာန် ဝင်စားနေရတယ်။ တစ်ဖက်အာရုံလက်လွှတ်၊ ကိုယ့်အာရုံနဲ့ကိုယ် နေတတ်ရအောင်လို့။

(က)သည်လေးမျိုး ဝင်စားနေရင် လူလည်းပဲ အရှုံးမပေါ်လို့ လူပြဟ္မာပဲ။

(ခ) သည်လေးမျိုး ဝင်စားနေရင် နတ်လည်းပဲ အရှုံးမပေါ်လို့ နတ်ပြဟ္မာပဲ။

(ဂ) သည်လေးမျိုး ဝင်စားနေရင် ပြဟ္မာကလည်းပဲ အရှုံးမပေါ်လို့ ပြဟ္မာပြဟ္မာပဲ။

အဲ...သည်လေးမျိုးနဲ့မှ စိတ်ကို ကြိုးကိုင်မထားလျှင် ပြစ်မှားလိုစိတ် ဝင်လာလို့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ပြဟ္မာပဲ ဖြစ်ဖြစ် အမြတ်မထွက်တော့ဘူး၊ ပြဟ္မာလို့ မဆိုရတော့ဘူး။

သည်လေးမျိုးဝင်စားရာမှာလည်း လူသည်သာ အခရာ၊ လူသည်သာ အညွှာပဲ မောင်ရေ။

– ဘယ်လိုကြောင့်တုံး ကိုယ့်လူရဲ့၊ ဆက်ရှင်းစမ်းပါဦး။

– လူ့ဘဝတုန်းက ကောင်းမှုပြုကျင့်သလောက် စေတနာအရှိန်သတ္တိနဲ့ နတ်သွားဖြစ်ကြရတာ။ လူ့ဘဝတုန်းက ရျာန်ဝင်စားခဲ့သလောက် ရျာန် အရှိန်အဟုန် သတ္တိများအတိုင်း ပြဟ္မာသွားဖြစ်ကြရတာ။

သည်တော့ လူတုန်းက ရျာန်စိတ်လေးမျိုး အင်ပြည့်အားပြည့် ကြိုးစားမထားလျှင် ပြဟ္မာပြည်ရောက်မှတော့ နည်းသေး စုဆောင်းဦးမှ လုပ်လို့ မရတော့ဘူး။ မရတော့ဘာဖြစ်လဲမေး။

မေတ္တာရော့ပက် အချင်းချင်း ငြင်းခုန်နေချက်တွေလည်း တွေ့ခဲ့ရတယ်။

ကရုဏာမရောက် အောက်ပြဟ္မာများအပေါ် ထော်လော်ကနံ့လန့်လည်း တွေ့ရတယ်။

မုဒိတာမသက် ကိုယ့်အထက် ပြဟ္မာများ မော့ပြီး ငေါ့တာလည်း တွေ့ရတယ်။

ဥပေက္ခာမထား ကိုယ့်ချာန်ကိုယ် မပွားဘဲ သူတစ်ပါးကြား သွားနေတာလည်း တွေ့ရတယ်။

– သည်တော့ သူတို့ ဘာဖြစ်သွားသေးလဲဟင်။

– ဘာဖြစ်သွားသေးလဲဆို အရှိန်ကုန် ပြန်ဆင်း ဒုံရင်း ဒုံရင်းအတိုင်းပဲပေါ့ ကိုယ့်လူရ။

– တို့ လူ့ပြည်က အထည်ကြီးပျက်များလို နေမှာပေါ့နော။

– ဟုတ်ပ ဟုတ်ပ၊ အထက်မရ၊ အောက်မချနဲ့ ကန့်လန့်တန်း တစ်မျိုးတိုးရောပေါ့။

– မင်းဖြဟ္မာတွေနေပုံ ဆက်စမ်းပါဦး။

– ဗြဟ္မာတွေနေပုံဆိုတော့ သူတို့လည်း ကိုယ်ကြိုက်တာ ကိုယ်လုပ်နေကြတာပါပဲကွာ။ ကိုယ်ကြိုက် စွန့်နိုင်တဲ့ သတ္တိမျိုး သူတို့မှာ အများစုက မရှိရှာကြဘူး။

လူတွေ နတ်တွေက ကိုယ်ကြိုက်ကို သူများတွဲပြီး ခံစားတယ်။

ဗြဟ္မာမျိုးတွေကျတော့ ကိုယ်ကြိုက် ကိုယ့်အထဲက နှိုက်စားတယ်၊ ဒါပဲကွာတယ်။

၁။ ရုပ်စုံ နာမ်စုံနဲ့ ဈာန်အရသာခံစားရတာ ကြိုက်သူတွေက ရုပ်နာမ်စုံထား ခံစားကြတယ်။

၂။ ရုပ်က ဒုက္ခခံရတယ်၊ နာမ်ချည်းဆို ဒုက္ခလွတ်ဆိုပြီး နာမ်သက်သက်နဲ့ပဲ ခံစားတာလည်း ရှိတယ်။

၃။ တစ်ခါ…နာမ်က ဒုက္ခရှာတယ်၊ ရုပ်က ဒုက္ခသယ်မလာဘူးဆိုပြီး ရုပ်သက်သက်နဲ့ပဲ ခံစားတာလည်း ရှိတယ်။

လေ့လာကြည့်တော့ ကိုယ်ထင်ရာ ကိုယ်ကောင်းပြီး ကိုယ်ကြိုက်ရာ ကိုယ်လုပ်နေကြတာချည်းပါပဲ။သူတို့လည်း ကာမစိတ်ကို ဈာန်စိတ်နဲ့ နှိပ်ထားလို့သာပါ၊ ကာမစိတ်က လွတ်ကြတာတွေတော့ မဟုတ်သေးပါဘူး။

အဲသည့် ကာမစိတ်က နွားလှန်ကြိုးကြိုးလို အရှိန်ကုန်လို့ ဆောင့်ဆွဲလိုက်တော့ ဟော…သူတို့လည်း ကာမဘုံပဲ ကားခနဲ ကျသွားတော့တာပေါ့။

သည်လိုဆို သူငယ်ချင်း...

အထက်သားတွေကကာမအာရုံကို အကြိုက်တူချင်း ကောင်းရောင်း ကောင်းဝယ် မျှမျှတတနဲ့ အစုစပ်ခံစားနေတဲ့ အုပ်စုက တစ်စု၊ ကိုယ်ရှိကိုယ်စား စပ်တူမခံစားတဲ့ အုပ်စုက တစ်ခုပေါ့။

ငါတို့ အောက်သားများကျတော့ အကြိုက်တွေ့ ကာမအာရုံမှန်သမျှ စိတ်ကြိုက်ပေးလျှင် ပေး၊ မပေး– လုယက်ခံစားတဲ့ တစ်အုပ်စုပဲ ရှိတယ်။

မင်း အောက်က ထပ်မေးမနေနဲ့တော့။

တစ်ဖန် နှစ်ဦးသား စကားပြတ်သွားကြပြန်ပြီး အတွေးဘက် ဆက်သွားကြပြန်၏။ အတန်ငယ်ကြာသော် အသခ်ကပင် စကားစတင်လိုက်၏။

– သူငယ်ချင်းတို့တစ်တွေ အထက်နေနေ အောက်ဆင်းဆင်း ဘဝနဲ့ မကင်းသမျှ ဆင်းရဲတွင်းက လွတ်ပါ့မလားဆိုတာရယ်၊ အများနဲ့ ပေါင်းလို့ ကိုယ်ကောင်းရပါ့မလား ဆိုတာရယ်၊ တစ်ကိုယ်တည်း ရှာ၊ တစ်ကိုယ်တည်း ဘာသာနေတော့ကော စိတ်ကမှမသန့်ရှင်းလျှင် ကိုယ်ကျိုးစစ်စစ်နဲ့ အကောင်းမြဲတဲ့ အမြဲကောင်း အထက်တန်းစား ဖြစ်လာပါ့မလားဆိုတာရယ် တွေးနေမိတယ်။

– အသခ် မင်းပြောတာတွေ တစ်ခုမှ တို့မျှော်မှန်းတာနဲ့ အံမဝင်ဘူး။

– ငါ အထက်က ပြန်ဆင်းမယ်ဆိုတုန်းက ငါ့ဆရာကြီးက ပြောလိုက်တယ်ကွ အသခ်ရ။

– ဘယ်လိုတဲ့တုံး သူငယ်ချင်း၊ ပြောစမ်းပါဦး ထွက်ပေါက်ကလေးမှ ရရ။

– တပည့်၊ မင်းလိုချင်တဲ့ အထက်ရောက်ပြီး အောက်မကျဖို့ ဆိုတာရယ်၊ ကိုယ်ကျိုးစစ်နဲ့ တကယ်ကောင်းဖြစ်ဖို့ ဆိုတာရယ်ကတို့ဆီလည်း မလာနဲ့၊ အောက်လည်း သွားရှာမနေနဲ့၊ မင်းတို့လူ့ပြည်မှာပဲ ရှိတယ်။ မင်းတို့ လူ့ပြည်၊ အထက်နဲ့ အောက်တို့ရဲ့ ခရီးလမ်းဆုံကနေ အရှေ့ဘက် မျက်နှာမူ၊ လက်ယာဘက်တူရူအတိုင်း သိုက်၊ တပည့်လိုချင်တဲ့ အရာအားလုံး အပြည့်စုံဆုံးအထိ ခရီးပေါက်လိမ့်မယ်လို့ ပြောလိုက်တယ်။

အိုး...လမ်းညွှန်ရှိ လမ်းတွေ့ရမှာပေါ့။ လမ်းတွေ့လို့ ဆက်လျှောက်, လမ်းဆုံးပေါက်ရမပေါ့။ လာ...သွားစို့ သူငယ်ချင်း၊ ငါတို့ကြားလမ်းရှာကြရအောင်။

အသင်္ခက ပြောပြောဆိုဆို ထသဖြင့် ကျန်အားလုံးတို့လည်း မနေသာပြီ။ အားလုံးပင် အရှေ့ဘက် မျက်နှာမူ၊ တောင်ဘက် တူရူဆီသို့ ကြားလမ်း ရှာပုံတော် ထွက်ခဲ့ကြလေပြီတကား။

## အပိုင်း (၃)

# အကျင့်နှင့်အသိ မချိတ်မိ စိတ်ရှိသလောက်နာတတ်သည်

ဉာဏ၊ အသခ်နှင့် သူငယ်ချင်း ညီအစ်ကိုလေးယောက်တို့ သွားရာခရီးကား အတက်လည်း မဟုတ်၊ အဆင်းလည်း မပါ၊ လွင်ပြင်နှင့် မြေပြန့်ချည်းသာ ဖြစ်နေရကား ခြေဆန့်သလောက် ခရီးပေါက်လွယ်၏။ မြန်မြန်ရောက်ချင် သွက်သွက်လှမ်း၊ ဖြည်းဖြည်းရောက်ချင် နှေးနှေးလှမ်းဖို့သာ ရှိ၏။

အတက်ကဲ့သို့ မပန်း၊ လန်းဆန်းမပျက် သက်သက်သာသာနှင့် ရောက်နိုင်၏။

အဆင်းကဲ့သို့လည်း မကြမ်း၊ မျှော်မှန်းရာဘက် စိတ်လက်ပါပါဖြင့် ရောက်နိုင်၏။

တစ်နေပင် မကုန်တတ်ပြီ၊ နေမဝင်မီ ဆိုင်းဘုတ်ကြီး ထီးထီးမားမားနှင့် ကျောက်စီ လမ်းမတော်ကြီးကို တွေ့ကြရ၏။ လမ်းခွဲ မရှိ၊ လမ်းမြွာလည်း မရှိ၊ မိမိတို့နေရာမှ လက်ယာဘက်အတိုင်း တစ်ကြောင်းတည်းပင် ဖြစ်နေသည်ကို တွေ့ရ၏။ မြေပြန့်နှင့် လွင်ပြင်တို့သာ ကြီးစိုးနေသဖြင့် ထိုတစ်ကြောင်းတည်း လမ်းသည် ရှင်းရှင်းလင်းလင်းပင် ဖြစ်၏။ ထင်းထင်းကြီးပင် ဒိုးယိုပေါက် မြင်ရ၏။

## ဒါ သင့်မြို့တော် တံခါးပိတ်၍ ဝင်ခဲ့ပါ

အလို…သူ့ဆိုင်းဘုတ်ကြီးကလဲ။

အသခ် ဆိုင်းဘုတ်သို့ မော့ဖတ်လျက်က တွေသွားပြီး စကားထွက်လာခြင်း ဖြစ်၏။

– ဆိုင်းဘုတ်က ဘယ်လိုတဲ့လဲ။

ကာယနှင့် ရူပတို့က မေးလိုက်၏။

– သူများတွေကတော့ တံခါးဖွင့် ဝင်ပါလို့သာ ဆိုကြတယ်။ သည်မှာကျတော့ ဝင်လိုလျှင် တံခါးပိတ်ဝင်ပါတဲ့၊ ပြောင်းပြန်ပဲ။

– ပြောင်းပြန်ဆိုတာ တို့စိတ်တွေပြန်ပြောင်းဖို့ နေမှာ။
ဉာဏက ကြားဝင်လိုက်၏။

– ဘယ်လို ဘယ်လို...မင်းစကားက၊ ငါက ပြောင်းပြန်၊ မင် က ပြန်ပြောင်း။

– သည်လိုလေ၊ တို့တွေမှာ မျက်စိနှစ်လုံး ပွင့်ချိန်ကနေ မှိတ်ချိန်အထိပဲ ဆိုပါတော့။

(၁) မျက်စိပေါက်ကလည်း ဟောင်းလောင်း၊ ဝင်လိုသူဝင်၊ ထွက်လိုသူထွက် တံခါးပျက်ကြီးကျလို့ မဟုတ်လား။
(၂) နားပေါက်ကလည်း ဟောင်းလောင်းပဲ။ ဝင်လိုဝင်၊ ထွက်လိုထွက် တံခါးပျက်ကြီးကျလို့ မဟုတ်လား။
(၃) နှာခေါင်းပေါက်ကလည်း ဟောင်းလောင်းပဲ။ ဝင်လိုဝင်၊ ထွက်လိုထွက် လက်မခံတာများ ရှိလို့လား။
(၄) ပါးစပ်ပေါက်လည်း ဟောင်းလောင်းပဲ။ ဝင်လိုဝင်၊ ထွက်လိုထွက်၊ လက်မခံတာများ ရှိလို့လား။
(၅) တစ်ကိုယ်လုံးကလည်း ဟောင်းလောင်းပဲ။ တွေ့လိုရာက ဝင်ထိ၊ အလှည့်ကျတောင် လုပ်ပေးရသေး မဟုတ်လား။
(၆) စိတ်အတွေးကလည်း ဟောင်းလောင်းပဲ။ တွေးလိုရာက ဝင်တွေး၊ ခွင့်မပေးဘူးရယ်လို့ မရှိဘူး မဟုတ်လား။

သည်ဉာဉ် စရိုက်ဟောင်း ပြန်ပြောင်းနိုင်လို့၊ ပြောင်းပြန်လှန်နိုင်လျှင် တံခါးပိတ်ပြီး စခန်းတွင်း ဝင်ခဲ့လို့ ဆိုဟန်လက္ခဏာပဲ အသခ်။

အသခ်သည် ဉာဏ၏ ရှင်းလင်းသံ နားထောင်လျက်က ခေါင်း တညိတ်ညိတ် ရှိနေတော့၏။

ဆိုင်းဘုတ်ကြီး အောက်၌ကား အဆီးအတား တံခါး ဟူ၍ မရှိချေ၊ ပွင့်လျက်ကပင်။

လေ ဦ သား ထိုဆိုင်းဘုတ်ကြီးအောက်မှ ဝင်ပြီး ကျောက်သားလမ်းမကြီး အတိုင်း ဆက်လက်လျှောက်သွားကြရာ...

အလယ်ဗဟိုဌ် ကြီးမားသော ဘုံဗိမာန်ကြီး တာဝတိံသာရှိ သုဓမ္မာဇရပ်ကြီး ပမာ တည်ရှိ၏။ ဘေးပတ်ပတ်လည်တို့၌ကား တစ်ဦးနေ ကျောင်းငယ်လေးများ အစီအရီ ဝိုင်းရံလျက်ရှိ၏။

ထိုဗိမာန်တော် ကျောင်းဆောင်တို့ တည်နေရာ ဝင်းကြီးကား တစ်ယူဇနာမျှ ကျယ်ဝန်းပြီး ပတ်ပတ်လည် မဟာရံတံတိုင်းကြီးများ ကာရံထား၏။ လေးမျက်နှာသို့ အလေးမူထားသဖြင့် ထောင့်လည်း လေးထောင့်ဖြစ်နေချေရာ မျက်နှာစေ့၊ ထောင့်စေ့ ဆိုက မမှားပြီ။ ဗိမာန်တော်ကြီးသို့ မည်သည့်မျက်နှာဖြင့် ဝင်ဝင်၊ မမြင်မရှိရ လေအောင် ထိုလေးမျက်နှာတို့၏ ဗဟိုအရပ်မှနေ ထို ဗဟိုဗိမာန်တော်ကြီးအထိ နှစ်လံမျှ ကျယ်ဝန်းသော ရှစ်တောင်ပြည့် ကျောက်လမ်းမကြီးများ ခင်းကျင်း ဖောက်လုပ်ထား၏။

ထိုဝင်းကြီးအတွင်း ပတ်၊ အပြင်ပတ်, ပတ်လိုသော် ပတ်နိုင်ရန် မဟာရံ တံတိုင်းကြီးနှင့် နှစ်လံအကွာအဝေးမှလည်း အတွင်းလမ်း၊ အပြင်လမ်းများ စီရင်ပေး ထားသေး၏။

ဗိမာန်နှင့် ကျောင်းများကား အနီးဆုံး ဆယ်လံအကွာမှနေ တည်ဆောက် ထားပြီး တစ်ကျောင်းနှင့်တစ်ကျောင်းကား တစ်တန်းတည်း ဖြစ်စေ၊ ရှေ့တန်း နောက် တန်း ဖြစ်စေ ရှစ်လံအကွာအဝေးဖြင့်ချည်း တည်ဆောက်ထားရာ ဘယ်ကနေ ကြည့် ကြည့် ညီလျက်ညွတ်လျက်ကသာ။

မညီညွတ်သဖြင့် ဝိုင်းပယ်ခံထားရရှာသော အဆောက်အဦများမှာ...

(၁) အရှေ့ထိပ်ရှိ ဗိမာန်ကြီး၊ ၎င်းကား အကြီးအမှူး၏ ဗိမာန်တော်တည်း။

(၂) အနောက်မြောက်ထောင့်ရှိ ဗိမာန်ကြီး၊ ၎င်းကား ဆွမ်းစားဆောင်နှင့် မီးတင်းကုတ် ဘဏ္ဍာဆောင်တည်း။

(၃) အနောက်အရပ်ရှိ ဗိမာန်ငယ် တန်းလျား၊ ၎င်းကား အညစ်အကြေးတို့ စွန့်ထုတ်ရာ ဌာနများတည်း။

ဉာဏသည် ထိုတည်နေဟန် အဆောက်အဦများကို လေ့လာပြီးနောက် အရှေ့ထိပ်ရှိကျောင်းတော်ကြီးသို့ လက်ဦးဝင်ရန် ဟန်ပြင်လိုက်သည်။ ထိုအချိန်မှာ

ပင် ဗိတ်ဖြူစင်ကြယ် ဝတ်ထားသော သူတော်စင်တစ်ဦး တည်ငြိမ်စွာဖြင့် လျှောက်လာပြီး...

– လာကြ လာကြ...သူတော်ကောင်းလေးတို့။ အမောင်တို့သည်ကို ဘာကိစ္စနဲ့ လာကြပါသလဲ၊ ဘယ်သူနဲ့ တွေ့လိုပါသလဲ။

အမေးကား ချောင်လှ၏။ ကရုဏာသံလည်း ပါ၏။ အသံကြားရုံနှင့် တစ်ဖက် စိတ်ငြိမ်းချမ်းစေ၏။

အဘ...သားတို့က ကိုယ်ကျိုးစစ်ဆိုတာ ဘယ်ဟာလဲ၊ ချမ်းသာစစ် ဆိုတာ ဘယ်ဟာလဲ၊ သည်နှစ်မျိုး ကြိုးစားလေ့လာနေသူတွေပါ။ တကယ်တွေ့ အဟုတ်ယူချင်သူတွေပါ။ အဘတို့ဌာနမှာ သားတို့ လိုလားတာလေးများ ရှိမလားလို့။

ဟော...ရည်ရွယ်ချက် အလွန်ကောင်းတဲ့ သူတော်ကောင်းလေးတွေပဲကိုး။ လာ လာ...ဘဘနဲ့ လိုက်ခဲ့၊ နည်းထိန်း ဆရာတော်ဘုရားကြီးထံ သွားဖူးတွေ့ကြရအောင်။

သို့နှင့် လေးဦးသား လူသူတော်ကြီး ခေါ်ဆောင်ရာလမ်းအတိုင်း ကျောင်းတော်ကြီးသို့ ဦးတည်၍ လိုက်ပါလာခဲ့ကြ၏။ ကျောင်းတံခါးဝ ရောက်သော် ပထမ လူသူတော်ကြီးက ချောင်းဟန့်သံ ပေးလိုက်၏။ ထို့နောက် အတွင်းမှလည်း ချောင်းဟန့်လျက် တုံ့ပြန်သံပြုသည်ကို ကြားလိုက်ရပြီး ကျောင်းတော်တံခါးကြီး ပွင့်လာတော့၏။

အတွင်းသို့ ရောက်သည်နှင့် စိတ်ကြည်လင်သွားပြီး ကိုယ်သည်လည်း အေးစိမ့်လာသည်ကို ခံစားလိုက်ရ၏။ လရောင်အောက် ရောက်သူ၏ အရသာမျိုးတည်း။

ထိုတံခါးဝမှပင် ကျောင်းတော်ကြီး၏ ခေါင်းရင်းပိုင်းသို့ လှမ်းမျှော်ကြည့်မိရာ သလွန်တော်ပေါ်ဝယ် အေးဆေးတည်ငြိမ်စွာ ထိုင်လျက်ရှိသော ရဟန်းတော်တစ်ပါးကို တွေ့ရ၏။ အနီးသို့ရောက်သည်နှင့် လူသူတော်ကြီးသည် တစ်လံကျော်အကွာအဝေးမှပင် နေရာယူကာ ထိုင်ချလိုက်၏။ ဉာဏတို့လည်း ၎င်း၏ နောက်ပါးမှ ပြိုင်တူထိုင်ချလိုက်ကြ၏။

လူသူတော်ကြီးက ရဟန်းတော်သို့ တစ်ကြိမ်ဦးတိုက်လိုက်၏။

ဉာဏနှင့် နောက်ပါ သုံးဦးတို့လည်း လူသူတော်ကြီး အတုလိုက်၍ တစ်ကြိမ် ဦးတိုက်၏။

တစ်ဖန် လူသူတော်ကြီးက နှစ်ကြိမ်မြောက် ဦးတိုက်လိုက်ပြန်၏။

ဉာဏနှင့် နောက်ပါ သုံးဦးတို့ကလည်း လူသူတော်ကြီးအတုလိုက်၍ နှစ်ကြိမ်ပင် ဦးတိုက်ပြီး ဖြစ်၏။

တစ်ဖန် လူသူတော်ကြီးက နောက်ဆုံး သုံးကြိမ်မြောက်အဖြစ် ဦးတိုက်လိုက်ပြန်၏။

ဉာဏနှင့် နောက်ပါသုံးဦးတို့ကလည်း လူသူတော်ကြီး အကျင့်လိုက် သုံးကြိမ်မြောက် ဦးတိုက်လိုက်၏။

ရဟန်းတော်ကြီးကား အေးဆေးငြိမ်သက်၊ မလှုပ်မယှက်ဖြင့်သာ ခံယူလျက်ရှိ၏။

ဘယ်က လာကြတာတွေတုံးဗျာ။

အသံကား အလွန်လည်း အေး၊ အလွန်လည်းတိုးပြီး ညင်သာလွန်းလှသဖြင့် ဘယ်ကပါလိမ့်ဟူသော အတွေးဖြင့် နောက်သို့ပင် လှည့်ကြည့်မိတော့၏။

သူတို့လေးတွေက ကိုယ်ကျိုးအစစ်နဲ့ အကောင်းစစ်ကို တွေ့ချင်ကြလို့ လိုက်လံရှာဖွေ လေ့လာနေကြတဲ့ ကလေးတွေပါတဲ့ ဘုရား။

အခု သည်ကိုလည်းပဲ သည်ကိစ္စ အဖြေမှန်တွေ့မလားဆိုပြီးကော့ ဆရာတော်ဘုရားထံ ဝင်ရောက်ချဉ်းကပ်ကြတယ် ဆိုပါတယ်ဘုရား။

လူသူတော်ကြီး အခေါ်အဝေါ်အရ ဆရာတော်ဘုရားကြီးသည် လူသူတော်ကြီး လျှောက်ထားသော စကား နားထောင်ပြီး ပြုံးတော်မူ၏။

သည်အဖြေမှန်တွေက …

– ပြောသူဘက်က ပါးစပ်နဲ့ ပြောပြီး နာခံသူ့ဘက်က ကျင့်စဉ်နားနဲ့ နားထောင်မှ ရတယ်။ တို့ဒကာလေးများက အကျင့်နား တစ်ပေါက် ဖောက်နိုင်ကြပါ့မလား။

ဆရာတော်ဘုရားကြီး နည်းပေးလျှင် ဖောက်တတ်ပါတယ်ဘုရား။

အေး…နည်းကတော့ အကျင့်နဲ့ အသိ အချိတ်အဆက်မိဖို့ပဲ လိုတယ်ဗျာ။

ကျင့်တယ်ပေါ့ မသိဘူး၊ ကိုယ်ကျင့်တာ ကိုယ်မသိ၊ ကိုယ့်တုတ်က ကိုယ့်ပြန်ထိကရောဗျာ။

သိတယ်ပေါ့ ဆက်မကျင်းဘူး၊ ဒါလည်း ကိုယ်သိတာ ကိုယ်မကျင့်၊ ကိုယ့်ဓားက ကိုယ့်ပြန်ထိကရောဗျာ။

အကျင့်နဲ့ အသိ အတွဲမိစေမယ့် နည်းမှန်များ ချီးမြှင့်ပါဘုရား။

လွယ်လွယ်လေးရယ်ဗျ၊ ရှိပြီးသား သတိ အကျိုးရှိရှိ အသုံးချပေးရုံလေးပဲ။

(က)အရင်က စွဲစိတ် သွားရာ သတိပါပြီး သူများချည်း ကြည့်၊ သူများအကြောင်းချည်း သိခဲ့ကြတယ် မဟုတ်လား။

မှန်ပါတယ် ဘုရား။

(ခ) အခု သတိထားရာအထဲသိ ပေါ်လာပြီး ကိုယ့်ကိုယ်ကို ကြည့်၊ ကိုယ့်အကြောင်း ကိုယ်သိဖို့ပဲ။

သည်လိုဆို စိတ်ကလေး လွင့်ပါးမသွားအောင် သတိနဲ့ ဖိထားတာမျိုးလားဘုရား။

မဖိရပါဘူးဗျာ၊ သူ့လဲ သွားမထိပါနဲ့ဗျာ။

ကိုယ့်ခန္ဓာ တစ်စိတ်တစ်ပိုင်းလေးကို သတိထားဖို့ နေရာလေး ရွေးချယ်ပေးပြီး အဲသည့်နေရာလေးပေါ် သတိလေး မပျက်ကျနေအောင် လုပ်ဖို့လေးပါပဲ။

သဘောပေါက်ပါပြီ ဘုရား၊ ထားရမယ့်နေရာလေးကိုသာ ညွှန်းတော်မူပါ။

အလုပ်က မပင်မပန်း ချမ်းချမ်းသာသာနဲ့ လုပ်တတ်မှ အကျိုးပေါ်တယ်ဆိုတော့...

(၁) ထိုင်ရင်းက သတိတင်ထားနည်း၊ ဒါက အကျင့်နဲ့အသိ ချိတ်မိဖို့ အထူးလေ့ကျင့်ပေးတာ။

(၂) သွားရင်းက သတိတင်ထားနည်း၊ ဒါက အထိုင်အာရုံညောင်းလို့ အာရုံပြောင်းပေးတဲ့ အကူ။

(၃) အခြားကိစ္စပြုလုပ်ရင်းက သတိတင်ထားနည်း၊ ဒါက သတိမလွတ်အောင် အထိန်းလေး။

သည်လို တစ်ရက်ရက် နားနေချိန် ညပိုင်းကလွဲပြီး နည်းသုံးမျိုးနဲ့ ကြိုးစား

လေ့ကျင့်ပေးလိုက်ရင် ရက်ပိုင်းအတွင်း အကျင့်နဲ့အသိ အချိတ်အဆက်မိလာစေနိုင်တယ်။

အထိုင်မှာ ဘယ်မှာသတိတင်ပေးထားရမလဲ ဘုရား။

(၁) အမြဲကျင့်နေတာကတော့ နှာခေါင်းပေါက်နဲ့ ဝင်လေထွက်လေပဲကိုး။

(က) သည်တော့ အမြဲကျင့်နေကြတဲ့ နှာသီးဝ ထိပ်ပေါ်လေး သတိတင်ပေးထားလိုက်ရုံနဲ့ ကိစ္စပြီးစီးရော့ဗျာ့။

(ခ) အဲ... မပြီးစီးဘူး၊ ဒီအသိက ခန္ဓာ တစ်နေရာရာက နာတာ၊ ကျင်တာ၊ ကိုက်တာ ခဲတာ၊ လှုပ်တာတွေကြား သွားသိနေလျှင် အဲသည့်အသိနောက်ကို လိုက်ပြီး သတိတင်ပေးထားရုံပဲ။ သူ့ကို မချုပ်ဘဲနဲ့ သူဘာလုပ်တာလဲ လိုက်လေ့လာနေသလိုပေါ့လေ။

(ဂ) အဲ... ကိုယ့်ဆီမှာ မနေတော့ဘူး၊ ဒကာလေးတို့က သတိပေါ့လျော့နေလို့ သူတကာနောက် အသိလေးက ရောက်နေလျှင်လဲ အတွေးသိ သိတဲ့နေရာလေးမှာပဲ သတိတင်ပေးထားပေါ့။

(ဃ) အဲသည်မှာလဲ မပြီးစီးဘူး၊ စိတ်ကလေးဟာ စိတ်ချည်း တွေ့ရတဲ့ အာရုံဆန်းတစ်ခုခုအပေါ် စိတ်အမြင်၊ စိတ်အကြားနဲ့ပဲ တွေ့ခံစားနေမယ် (သို့မဟုတ်) ထိုင်နေဆဲ နားပေါက်သို့ ဝင်လာတဲ့ တကယ့်အသံကို ဖမ်းပြီး ခံစားနေမယ်ဆိုရင်လည်း သူခံစားနေရပေါ်ကနေ အပေါ်စီးနဲ့ သတိလေး တင်ပေးထားပေါ့။

သတိတင်တော့ ဘယ်လိုပြော တင်ရမတုံးဘုရား။

တရားသူကြီး အမှုစစ်တုန်းကလို သူ ပြောတာ ကိုယ်မှတ်ရုံပါပဲ။

စွဲစိတ်ကလေးက ဝင်မှန်းသိ၊ ထွက်မှန်းသိနဲ့ ပြောနေတော့ ဝင်, ဝင်တယ်၊ ထွက်, ထွက်တယ်ပေါ့။

စွဲစိတ်ကလေးက နာမှန်းသိ၊ ကျင်မှန်းသိနဲ့ ပြောတော့လည်း သူပြောသလို မှတ်ပေးရမယ်ပေါ့။

စွဲစိတ်ကလေးက အတွေးနဲ့ ဘာဟယ်ညာဟယ် ပြောတော့လည်း သူ ပြောသလို မှတ်ပေးရမယ်ပေါ့။

စွဲစိတ်ကလေးက သူ့ချည်းဖြစ်စေ၊ နားစသည်နဲ့တွဲလို့ဖြစ်စေ အငွေ့အသက်သဘောများနောက် လိုက်ပြီး ဘာမြင်တယ်၊ ဘာပြောတယ်လို့ အသိပေးလျှင်လည်း သူ အသိပေးတဲ့အတိုင်းသာ မှတ်ပေးဖို့ပဲ။

သည်လိုဆို ဘယ်နေရာဘာလို့ အချုပ်မလိုတော့ဘူးပေါ့ ဘုရား။

စိတ်နဲ့ကိုယ် ချမ်းသာသလိုထား၊ သတိပေးထားပေးရုံပေါ့ ဘုရား။

အေးဗျ...ဟုတ်သွားပြီ၊ တို့ဒကာများ သည်တိုင်းလုပ် အဟုတ်ဖြစ်ကရောဗျာ။

သည်လေးမျိုးအပြင် နောက်တစ်မျိုးတိုးပြီး စိတ်က သွားရင်ကောဘုရား။

စိတ်ကျက်စားခွင့်ရတဲ့နေရာ သည်လေးမျိုးပဲ ရှိတယ်၊ အတိုးအလျှော့ မရှိတော့ဘူးဗျ။

ကောင်းလှပါပြီ ဘုရား။ တပည့်တော်တို့ သည်ကနေ့ ထိုင်အကျင့်ကိုပဲ စတင်ကြိုးစားပါ့မယ်။ နောက်ရက်များကျမှ သွားရင်းစားရင်းများကို နည်းခံပါ့မယ် ဘုရား။

အေး...ကောင်းပါးဗျာ၊ ကောင်းပါ့...ကောင်းပါ့။ သွားရင်းစားရင်းလည်း သည်သတိလေးသာ တင်ပေးထားလိုက်ဖို့ပဲ။ ကဲ ကဲ...သင့်ရာနေ့ ကြိုးစားကြပေတော့။

ထို့နောက် လူသူတော်ကြီးနှင့်အတူ ဆရာတော်ကြီး ကျောင်းတော်မှ ထွက်ခဲ့ကြပြီး မိမိတို့နေရမည့်အဆောင်လေးများသို့ လိုက်လံသတ်မှတ်ရ၊ နေရာယူကြရ၏။

လူသူတော်ကြီး၏ ဦးဆောင်မှုနောက် လိုက်လျက်ကာသာ နေရာချထားပေးသော တာဝန်ခံ ရဟန်းတော်ထံ ဦးစွာသွား၍ အဆောင်တောင်းခံကြရ၏။ ထို့နောက် စာရင်းအင်းဌာနသို့ သွားရောက်၍ စာရင်းသွင်းကြရ၏။

လေးဦးတို့ ရရှိသော အဆောင်နံပါတ်များကား...

မောင်ဉာဏကား အမှတ် ၃၀ ဂဏန်း ချိတ်ဆွဲထားရာ အဆောင်တည်း။

အသခ်ကား အမှတ် ၂၀၊ သခ်ကား ၁၀၊ ရူပကား ၈ ဂဏန်းများတည်း။

လူသူတော်ကြီးသည် အဆောင်များအထိ လိုက်လံပို့လျက်က ဂဏန်းများကို ကြည့်၍

အေး...အမောင်တို့ ဂဏန်းတွေက ပါရမီစဉ် ဂဏန်းတွေနဲ့ မဂ္ဂဂဏန်းတွေကိုး၊ အတိတ်ကတော့ ဆောင်နေပြီ၊ အောင်ဖို့ရာသာ ကြိုးစားကြပေရော့ကွဲ့။ ကဲ ကဲ...ဘာဘ အဆောင် ဘာဘပြန်တော့မယ် လူကလေးတို့။

ကောင်းပါပြီ ဘာဘ၊ မပြန်ခင်မေးချင်တာလေး...။

မေးပါဗျာ...မေးပါ၊ မေးပါ။

(က)သည်စခန်းက ဘာစခန်းလို့ ခေါ်ပါသလဲ။

(ခ) စခန်းပိုင် နည်းကိုင်ဆရာတော်ကြီးဘွဲ့က ဘယ်လိုခေါ်ပါသလဲ။

(ဂ) ဘာဘရဲ့နာမည်နဲ့ အဆောင်ကို သားတို့ ဘယ်လိုမှတ်သားထားရပါမလဲ။

ဩော်...ဒါလား။

(က)စခန်းက **ဝိမုတ္တိရသာရုံ**[၁] စခန်းလို့ ခေါ်ကယ်။

(ခ) ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တော်က **သာမညဖလဝေဒယိတာ**[၂]တဲ့။

(ဂ) ဘာဘအမည်က **သန္တိသုခ**[၃]၊ ဘာဘနေတဲ့ အဆောင်က ၄၅ ပေါ့ကွယ်။

ထို့နောက် အသီးသီး ကိုယ့်အဆောင် ကိုယ် ဝင်ခဲ့ကြပြီး အလုပ်စခန်း ဝင်ကြလေတော့ရာ ဈာန်စခန်းနှင့် ကုသိုလ်လမ်းမှ ဆင်းခဲ့ကြသော ဉာဏနဲ့ ရူပတို့ကား အကျင့်လည်း လွယ်၊ အသိလည်း မြန်ဆန်ကြ၏။ အထက်သည် အားမကိုးလောက်သော်လည်း အထောက်အကူအဖြစ်ကား အသုံးဝင်နေကြောင်း ကောင်းကောင်းကြီး သဘောပေါက်လာ၏။

အသခ်တို့ အောက်ပြည်သွားတို့ကားစိတ်ရိုင်း၏ အတင်းရုန်းထွက်နေမှု

---

၁။ ဝိမုတ္တိရသာရုံ - လွတ်မြောက်ခြင်း၏ အရသာကို ခံစားခြင်း၊

၂။ သာမညဖလဝေဒယိတ - ရဟန်းဖြစ်ရကျိုး ခံစားရသူ၊

၃။ သန္တိသုခ - ငြိမ်သက်အေးချမ်းသူ၊

ကြောင့် အကျင့်နှင့်အသိ ချိတ်မိကြရန် အလွန်ခဲယဉ်းနေကြ၏။ ညားခါစ လင်မယား နှစ်ဦး နယ်လုနေကြသည့်ပမာ အစွဲသိနှင့် အမှတ်သိတို့ကား တစ်လှည့်စီ အစွမ်းပြ နေကြတော့လေရာ ကြားခံဖြစ်သော ကိုယ်ခန္ဓာကြီးခမျာ မချိမဆန့်သာ။

နောက်ရက်များတွင် ဆရာတော်ကြီးထံ မသွားရတော့ချေ။ ဆရာတော်ကြီး ကား နည်းကိုင်လမ်းညွှန်းပေးရုံမျှဖြစ်ပြီး လမ်းပြကိုကား သာဝကကြီးများကပင် တာဝန်ယူကာ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်းကို ပြုလုပ်ကြ၏။ ဟောပြောခြင်း ကိုလည်း ပြုလုပ်ကြ၏။

(က)လ တစ်လ၏ လဆန်းတစ်ရက်၊ လဆုတ် တစ်ရက်မှ ရှစ်ရက်သီတင်း ပတ်အတွင်း ဦးစန္ဒာဓိက,က တာဝန်ယူ ဟောပြော၏။

(ခ) လ တစ်လ၏ လဆန်း ကိုးရက်၊ လဆုတ် ကိုးရက်မှ လပြည့် လကွယ် အတွင်း၌ကား ဦးပညာဓိက[၁] ဆရာတော်က တာဝန်ယူ ဟောပြောရ ၏။

## သုဒဿီဓမ္မာရုံ

နေ့လယ် ၂း၀၀ နာရီတိတိတွင် အလယ်ဗဟိုရှိ ဓမ္မဗိမာန်တော်ကြီးဆီမှ နာရီမောင်းနှင့် ခေါင်းလောင်းထိုးသံများ ပေါ်ထွက်လာ၏။ အလွန်အေးမြသော မြေ ဆီမှ ထွက်ပြူလာသောကြောင့်ပြင့် သွန်းလုပ်စီမံထားရာ ယင်းနာရီမောင်း ခေါင်း လောင်းတို့၏ အသံကား ပူသောစိတ်ကို အေးစေပြီး အပူဒဏ် ခံထားရသော ကိုယ် ကိုလည်း ငြိမ်းချမ်းစေ၏။ ဗုဒ္ဓဘာသာတို့၏ဘာသာရေးစခန်းနှင့် ထိုက်ရိယာများ ကား ပလဲန်ပ,သင့်ပေစွ။

ယောဂီတို့ ...အလုပ်ပေး တရားနာချိန် ကျပြီ။

သုဒဿီ[၂] ဓမ္မာရုံကြီးသို့ ကြွကြ၊ ကြွကြတရားနာယူကြရအောင်။

---

၁။ ပညာဓိက - ပညာအားကိုးရှိသူ

၂။ သုဒဿီ - မှန်သောအမြင်ဖြင့် မြင်လေ့ရှိခြင်း

ရုပ်၏ **အမှတ် (၈)** အဆောင်ရှေ့မှနေ နှိုးဆော်နေသော ယောဂီထိန်း သန္တိ သုခ အဘ၏ **အသံတည်း။**

**ယောဂီ**[၁] အားလုံးပင် အမှတ်မလွတ်ဖြင့် ဗဟိုဓမ္မာရုံကြီးသို့ **သွားနေကြ၏။** ဉာဏ၊ အသခ်တို့ အသစ် ယောဂီများကား ယောဂီဟောင်းတို့၏ **နောက်ပါး**မှပင် ထက်ကြပ်မကွာ လိုက်ပါခဲ့ကြ၏။

ယောဂီအားလုံး သုဒဿီ ဓမ္မာရုံကြီး၏အပေါ် စုဝေးမိကြ၏။

ဓမ္မာရုံ ခေါင်း ရင်းပိုင်း၏ အလယ်တည့်တည့်၌ဘုရား၏ ကိုယ်ပွားတော်။

ဘုရားကိုယ်ပွားတော်၏ လက်ယာဘက် ပလ္လင်ပေါ်၌ **ကမ္မဋ္ဌာနာစရိယ**[၂] တာဝန်ခံ ဆရာတော်။

ကမ္မဋ္ဌာနာ စရိယ၏ တာဝန်ခံ၏ ဝဲယာအနီး၌ ရဟန်းယောဂီ ပရိသတ်။

ရဟန်းယောဂီများ၏ နောက်ပါး၌ကား အမျိုးသား ယောဂီပရိသတ်များ။

အမျိုးသားယောဂီများ၏ နောက်၌ကား အမျိုးသမီး ယောဂီပရိသတ် အများ အပြား။

ကြည့်လိုက်သော်...

သစ်ကိုင်းတစ်ခုဝယ် အိမ်ဖွဲ့ခိုနားလျက် ရှိကြလေသော ပျားအုံကြီး တစ် အုံနှယ် ရှိ၏။ ထိုပျားအုံဝယ် လက်ရင်း၌ အရည်တို့ကို သိုလှောင်ရာ လဘို့ဟူသည် ရှိ၏။ **အလယ်**၌ ပျား ဖို,မ တို့ နေကြရာ အပေါက်အသီးသီးရှိ၏။ အောက်ဖျား၌ ကား ပျားသူငယ်များ၊ ပျားလောင်းမျိုးဥများ ထားသိုရာ နေရာပေါက် အသီးသီး ရှိ ကြ၏။ ကြည့်လိုက်တိုင်း

မနေမနား လှုပ်လှုပ်ရွရွ အလုပ်လုပ်နေကြပါသည်ကိုလည်း တွေ့ရ၏။ အလုပ်လုပ်၍ လှုပ်လိုက်တိုင်း အတောင်အလက်တို့မှ ဝင်းဝင်းလက်လက် အရောင် ထွက်နေပါသည်ကိုလည်း တွေ့ရ၏။

---

၁။ ယောဂီ - သတိယှဉ် သိက္ခာတင်၍ နေလေ့ရှိခြင်း။

၂။ ကမ္မဋ္ဌာနာစရိယ - ကမ္မဋ္ဌာန်း နည်းပြဆရာ။

ကိုယ်ချင်းစာနာတတ်သူတို့အဖို့ ၎င်းတို့အလုပ်လုပ်ပုံ၊ လှုပ်ရှားပုံတို့အပေါ်ကြည့်၍ မဝ၊ အားမရနိုင်ရလောက်အောင်ပင် ရှိတော့၏။

မကြာမီ နည်းပြတာဝန်ခံ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြွလာ၏။

ယခုပတ်၏ အလှည့်ကား ဦးဆန္ဒာဓိက[၁] ၏ အလှည့်ပေတည်း။

ကြွလာ၍ ပလ္လင်အနီး ရောက်သော် ဦးဇွာ ဘုရား၏ ကိုယ်ပွားတော်ကိုဂါရဝပြု၏။ ပြီးမှ ပလ္လင်ပေါ်သို့ တက်ရောက်၍ သီလပေးရန် ပြင်ဆင်တော်မူ၏။

ယောဂီတို့...သီလဆိုတာက ကိုယ်,နှုတ် စောင့်ထိန်းတဲ့ အကျင့်ပါပဲ။

(၁) ကိုယ့်သားမယားနဲ့ကျ လွတ်ထား၊ သူတစ်ပါးများနဲ့သာ ထိန်းသိမ်းရတဲ့ ငါးပါးသီလကိုတော့ **ကာမသီလ**[၂]လို့ ဆိုရမယ်။

(၂) ငွေကြေးစတဲ့ ဘဝအထောက်အပံ့ ရတနာများကျတော့လွတ်ထား၊ လင်နဲ့မယားနဲ့ ကာမဂုဏ်ခံစားမှု၊ ခံစားရန် သွေးထိုးမှုများကိုသာထိန်းသိမ်းရတဲ့ ရှစ်ပါး၊ ကိုးပါး သီလမျိုးကျတော့ **ဈာနာသီလ (သို့) ဗြဟ္မာ့သီလ**[၃] ဆိုရတယ်။

(၃) အဲ...ဘဝရာဂ[၄] မာနတွေ တက်ကြွစေနိုင်တဲ့ ပြင်ပဝတ္ထု ရွှေ၊ ငွေ စတဲ့ရတနာစုတို့ကိုပါ ထိန်းသိမ်းရတဲ့ ဆယ်ပါးကျတော့ **မဂ္ဂသီလ**[၅]လို့လည်း ဆိုရမယ်။ ဓမ္မသီလလို့လည်း အမည်ရတယ်။ သီလ သုံးမျိုးကိုလည်း မှတ်ထားခဲ့ကြ။

သည်သုဒဿီ ဓမ္မာရုံပေါ်မှာ ရောက်လာကြတဲ့ အမျိုးသား၊ အမျိုးသမီးယောဂီများက မဂ်လမ်းသွား ခရီးသည်များချည်း ဖြစ်ကြလေတော့ မဂ္ဂသီလ ခံယူကြ၊ အသံတော်က တည်ငြိမ်ပြတ်သားလှချေ၏။ ဟန်မပါသော တည်ငြိမ်မှုနှင့်မာန်မပါသော ပြတ်သားမှုတို့သာ ဖြစ်ကြ၏။

---

၁။ ဆန္ဒာဓိက - ဆန္ဒ အားကိုးရှိသူ၊

၂။ ကာမသီလ - ကာမဂုဏ်ကို အထက်တန်းကျ ခံစားခွင့်ပေးထားသောအကျင့်၊

၃။ ဈာနဗြဟ္မာသီလ - ဈာန်စိတ်ဖြင့် မြတ်သောအကျင့်၊

၄။ ဘဝရာဂ - မိမိဘဝအပေါ် တပ်စွန်းမှု၊

၅။ မဂ္ဂသီလ - ကိလေသာ သတ်ဖြတ်ချပေးရာအကျင့်၊

အားလုံး ညီညာစွာဖြင့် ဆယ်ပါးသီလ ခံယူကြ၏။ ပြီးသော် အလုပ်ပေးတရားကို ဆက်လက်၍ ဟောကြား၏။

တို့ယောဂီတွေ...အလုပ်ပေးတရားဆိုတာ တို့ကို အလုပ်လုပ်ဖို့ ပေးတဲ့ တရားပဲလို့ မှတ်ထားကြရမယ်။ ပြင်ပတရားပွဲလို့ ကောင်းနိုးရာရာ ဟောတာမဟုတ်ကြဘူး၊ ယောဂီတို့ ကျင့်နေတဲ့ ကျင့်စဉ်နားက ကပ်ပြီး ဟောနေတာ။

အလုပ်ပေးတရား နာတယ်ဆိုတာ စစ်ထွက်မိန့်ခွန်း နာခံနေရသလိုမျိုးပဲ။ ရန်သူ့စစ်မြေပြင်သို့ ထွက်၍ တိုက်ခါနီး တပ်မှူးက မိန့်ခွန်းပြောတယ်။

အဲသည်မိန့်ခွန်းဟာ အဲသည့် စစ်ပွဲ ဆင်နွှဲရမည့်အကြောင်းပဲ။ အဲသည့် မိန့်ခွန်းဟာ အဲသည့် စစ်ပွဲ၊ သူ့စစ်သားတွေ ထားရမည့်စိတ်ထားပဲ။

သည်မှာလည်း သည်နေ့ဟောတဲ့ တရားဟာ ယောဂီတို့၏ ယနေ့ နက်ဖြန်နဲ့ သက်ဆိုင်နေတဲ့ တရားလို့ပဲ စွဲမြဲပြီး နာယူကြရမယ်။

ထိုသို့အစချီပြီး ယောဂီများဘက် လှည့်ကြည့်လိုက်၏။

လိုက်နာနိုင်ကြပါ့မလား ယောဂီတို့။

လိုက်နာနိုင်ကြပါတယ် ဘုရား။

အားလုံးက လျှောက်ထားကြ၏။

တိုက်တိုင်းအောင်လား၊ သုံ့ပန်းလား။

တိုက်တိုင်းအောင်တွေချည်းပါ ဘုရား။

အေး...ယောဂီဆို သည်လိုမှပေါ့။

သည်သုံးလမ်း ဘယ်လမ်းလိုက်ကြမလဲ

ယောဂီတို့ရှေ့မှာ လမ်းစင်းကြီး သုံးခု စင်းခံနေပါတယ်။

(က)တစ်လမ်းက လက်ဝဲလမ်း၊ သည်လမ်းက ငရဲနေတို့ သွားနေကျ။

(ခ) တစ်လမ်းက လက်ယာလမ်း၊ သည်လမ်းက ရွာနေက အလွန်ရှုန်းလိုသူများ သွားနေကျ။

(ဂ) နောက်တစ်လမ်းက ဝဲ မတိမ်း, ယာမယိမ်းတဲ့ကြားလမ်း၊ သည်လမ်းကတော့ ကိုယ့်ကိုမှပင် အလွတ်ရုန်းလိုသူတို့သာ သွားတဲ့လမ်း။

လမ်းသုံးလမ်း မှတ်မိကြပါရဲ့လား။

မှတ်မိကြပါပြီ ဘုရား။

ကဲ...ပြန်ပြောကြည့်ကြစမ်းပါ။

ဝဲလမ်း၊ ယာလမ်း၊ ဝဲမတိမ်း ယာမယိမ်းလမ်း။

အဲ...ဟုတ်သွားပြီ၊ နေရာကျတော့မယ်။

(က)သည်သုံးလမ်းမှာ လက်ဝဲလမ်းကိုတော့ ရှာနေတို့ သွားနေကျလမ်းမို့ လမ်းရိုးကြီး ဆိုရမယ်။ ရှာနေဆိုပေမယ့် ပုထုဇဉ် [၁] ကာမဘုံသားမှန်လျှင် ခွေးကအစ သွားနေကျလမ်းပဲ။

ဘယ်လို သွားသလဲ။

(၁) ကိုယ်ကြိုက်ရာ အကောင်းထင်ပြီး ကြိုက်ပြီးရင်းကြိုက်၊ အာရုံနောက် တစိုက်စိုက် လိုက်နေတာမျိုး။

(၂) စိတ်တခြား၊ ကိုယ်တခြား ထားပြီး စိတ်လှည့်စားရာ ကိုယ်လိုက်ပါ၍ အာရုံနောက် လိုက်နေတာမျိုး။

(၃) စိတ်လွှတ် ကိုယ်လွှတ် လွှတ်ထားပေးပြီး အာရုံ မြူးရာ စိတ်ရော ကိုယ်ပါ လိုက်ခံစားနေတာမျိုး။

သည်လို သွားနေတဲ့လမ်းက လက်ဝဲလမ်း ဆိုရတယ်။ လူတစ်ဦးရဲ့ ကိုယ်ခန္ဓာမှာ ဝဲဘက်က သွေးအုပ်စုကြီးစိုးပြီး သူတို့ဆူပွက်သောင်းကျန်းတော့ ကာမစိတ်နဲ့ ကာမဂုဏ်အကျင့် အင့်အင့်နေအောင် ဖြစ်လာတတ်သလို သည်စိတ်လွှတ်ကိုယ်လွှတ်နဲ့ 'စိတ်က အကောင်းတွေးနဲ့ တွေးပေး၊ ကိုယ်က အပုပ်ကြား သွားကျက်စား' သည်လို စိတ်တခြားကိုယ်တခြား။ တစ်ဖန် 'စိတ်ကတစ်မျိုး ကူးတွေး၊ ကိုယ်ကတော့ သမားရိုးကျ ဆက်လုပ်'သည်လိုလည်း စိတ်တခြား ကိုယ်တခြားထား အာရုံခံစားနေလေ့ရှိသူများ ကျက်စားရာလမ်းကို လက်ဝဲလမ်းလို့ပဲ ကင်ပွန်းတပ်ပေးကြရတယ်။

ဝဲလမ်းလိုက်တော့ ဘာဖြစ်လာမလဲ။

---

၁။ ပုထုဇဉ် - ကိလေသာစိတ်တွေ အများကြီး မွေးထားသူ။

(၁) စိတ်ထားတွေ ယုတ်သထက် ယုတ်မာလာပြီး ငါစွဲအားကြီးလာစေတယ်။ ငါတကော ကောတော့မယ်။

(၂) **ဆန္ဒရမ္မက်** [၁] ရှေ့ထွက်သထက် ထွက်လာပြီး အာရုံမျှင်ကို တန်းတန်းစွဲဖြစ်လာစေတယ်။

(၃) ကိလေသာ အင်အားစုကြီး ထုထည်ကြီးသထက် ကြီးမားလာပြီး တားမနိုင် ဆီးမရဖြစ်လာစေတယ်။

(၄) စိတ်ကြိုက်ချင်း, အာရုံချင်း စီးချင်းထိုးကြရလို့ စိတ်လည်းစွမ်း၊ ကိုယ်လည်း ပန်းသာ အဖတ်တင်စေတယ်။

(၅) ကိလေသာနဲ့ လာတိုက်နေတဲ့ အာရုံကို မိတ်ဆွေကောင်းထင် ပေါင်းချင် သင်းချင် ဖြစ်လာစေတယ်။

(၆) ကြည့်ရင်းက ကုန်၊ ထိရင်းကုန် အလုပ်မျိုးမို့ အကျိုးမဲ့ချည်းသာ ဖြစ်စေတယ်။

ဒါ ယောဂီတို့ရှာတဲ့ သုံး ကျင့်စဉ်ရဲ့လမ်းဆုံးလို့ မှတ်ခဲ့ကြ။

ယောဂီတို့သည် ဝဲလမ်းကို လိုက်ကြမလား။

မလိုက်ပါဘုရား။

ဟင့်အင်း...မလိုက်ဘူး**သာဆို ခြေ**တစ်ဖက်က အိမ်ဘက်က မရုပ်သေးဘဲနဲ့ကိုး။

မီးဖိုချောင်သုံး **ပစ္စည်းလေး** အိမ်ကျန်ရစ်သေးလို့ပါ ဘုရား။

(ခ) (၁) လက်ယာလမ်းကတော့ ကာမကို ရွံမုန်းသူ၊ ပျက်ကိုယ် ပျက်ထုံးကိုလည်း လုံးလုံး မုန်းနေတယ်။

(၂) ကိုယ့်ဘဝ ကိုယ့်အလှည့်ကျတော့ တသသနဲ့ လက်သတ်မွေးထားလိုသေးတယ်။

(၃) ချမ်းသာဆုံတဲ့ အရာကိုလည်း သူတစ်ပါး မပါ၊ ကိုယ့်ချည်းတော့ ခံစားလိုသေးတယ်။ သူတို့က ဘယ်လိုသွားသလဲ။

(က)အာရုံရဲ့အတွေ့ ရိပ် ဇွတ်မိတ်ပြီး ပယ်တယ်။

---

၁။ ဆန္ဒရမ္မက် - အလိုရှိရာတပ်မက်မှု ပါလာခြင်း။

(ခ) အာရုံတိုက်ရာ မိမိစိတ် လိုက်ပါမသွားအောင် အတင်း အကျပ် ချုပ်နှောင်ထားတယ်။

(ဂ) စိတ်ချုပ်, ကိုယ်ချုပ်နဲ့ သွားရာ ကျင့်စဉ်အလုပ် အားထုတ် နေတယ်။

သူတို့ကော ဘာဖြစ်သွားမလဲ။

(၁) စိတ်ချုပ်လို့ ရုပ်နာ၊ ကိုယ်ခန္ဓာဆင်းရဲရုံသာ ရှိကော့မပေါ့။

(၂) ဘဝတဏှာ ကိလေသာကို မကွာရှင်းသေး, မင်းဖြစ်ဖို့ ဝေးပေမပေါ့။

(၃) ကျင့်ရုံသာကျင့်၊ အကျင့်ပေါ် အသိမဆင့်လာတဲ့အတွက် အကျိုးမဲ့ အကျင့်သာ ဖြစ်တော့မယ်ပေါ့။

ဒါ ယောဂီတို့ ကမ္ဘာ့လက်သုံး၊ လောကထုံးကျင့်စဉ်တွေပဲ။

ဒါ ကမ္ဘာရိုးစွဲ ကျင့်စဉ်လမ်းရဲ့ နောက်ဆုံးလမ်းပဲ။

သည် လက်ဝဲ လက်ယာ၏ အကျင့်ကွာဟချက်များကို မိန့်ပါဦးဘုရား။

လက်ယာက ကမ္ဘာသုံး၊ ကမ္ဘာရိုးစွဲကျင့်ဆိုတာကိုလည်း မိန့်ပါဦးဘုရား။

အခု တရားထောက်နေတာက ဘယ်သူတုံးဟေ့။

တပည့်တော် ယောဂီ ဉာဏပါဘုရား။

အမယ်...တို့ယောဂီ ဉာဏက မနေ့ကလာ သည်နေ့စွာပေသကိုး။ ကဲ ကဲ... အမေးရှိ အဖြေရှိရတာပေါ့လေ။

(က)အာရုံအတွေ့မေ့မေ့ကြီးနဲ့ စိတ်လွတ်ကိုယ်လွတ် လိုက်ခံစားနေတာ က လက်ဝဲကျင့်။

(ခ) အာရုံအတိုက်မကြိုက်ရာကိုတော့ လွှဲ၊ ကြိုက်ရာကို စွဲကျင့်နေတာက လက်ယာကျင့်။ သည် လက်ယာကျင့်က...

(၁) ကာမဂုဏ်ဘက်ကိလေသာ ထိုးနှက်ချက် ငြိမ်းအေးရုံလေး ကျင့်လို့ သမထ[၁] ဆိုရတယ်။ ဝိပဿနာ[၂]လို လက္ခဏာ ပေါ်လွင်

---

၁။ သမထ —. စိတ်ငြိမ်သက်အေးချမ်းရုံမျှ အကျင့်။

၂။ ဝိပဿနာ — ခန္ဓာ့ဖြစ်စဉ်ကို အသေးစိတ်မြင်အောင်ရှုရသောအကျင့်။

အောင် ဖော်ထုတ်ပြီး အမြစ်ပြတ်အောင် မဖြတ်ရက်သေးဘူး ပေါ့။

(၂) ကိလေသာ ငြိမ်းလို့ ချာန်ရပြီး ထိုချာန်ရ ဘဝလေး သာယာနေတဲ့ ဘဝတဏှာကိုတော့ လက်သတ်မွေးထားတုန်းပဲ။

ဒါ ကမ္ဘာစကတည်းက ပါလာခဲ့တဲ့ ကမ္ဘာသုံးအကျင့်ပဲ။

သည်ကမ္ဘာ့ရိုးစွဲ အကျင့်ရဲ့လမ်းဆုံးကတော့...

ကာမဘုံ အထက်ဗြဟ္မာ့ဘုံ တက်ပြီး စုပြီးသား ချာန်ရှိန် မကုန်သေးမချင်း သွားရောက် ခံစားကြမယ်။ ပြီး ဘဝမပြတ်ကြသေးတော့ ကာမဘုံ အပါယ်ဘုံများရဲ့ ဘဝကိုလည်းပဲ လာရောက်ခံယူရဦးမယ်။ သည် ပတ်လည် လှည့်သည်ပင် လမ်းဆုံး လို့ ဆိုရတယ်။

သည်အကျင့်ကို လက်ယာလို့ သုံးရတာက လူ့ခန္ဓာရဲ့ လက်ယာဘက်ခြမ်း ဟာ လေဓာတ်၊ အခိုးဓာတ်တို့ သွားလာလှုပ်ရှားရာဖြစ်လို့ လေနဲ့ အခိုး တက်ကြွ လာရင် မဆင်မခြင် ဆင်ကန်းတောတိုး လုပ်တတ်လွန်းလို့ သည်ဇွတ်ပေအကျင့် ကိုလည်း သူနဲ့ တင်စားပြီး လက်ယာလမ်းလို့ ကင်ပွန်းတပ်ပေးထားရတယ်။

သည်လမ်းကိုကော ယောဂီတို့ လိုက်လိုကြသလား။

ခလိုက်လိုကြပါ ဘုရား။

သည်လမ်း နှစ်လမ်းကို မလိုက်လိုလျှင် ယောဂီတို့ရဲ့ကျင့်စဉ်မှာ...

(က)စိတ်လွတ် ကိုယ်လွတ်ထားပြီးတော့လည်း မကျင့်ကြနဲ့ ယောဂီတို့။

(ခ) စိတ်ချုပ်,ကိုယ်ချုပ်ကြီးနဲ့လည်းမကျင့်ကြနဲ့ ယောဂီတို့။

အလွတ် မဟုတ် အချုပ်မပါတဲ့ လမ်းကိုလည်း ပေးသနားတော်မူပါ ဘုရား။

အေး...အဲဒါကတော့ ယောဂီဉာဏာတို့ ယနေ့ကျင့်သုံးနေတဲ့ ကြားလမ်းပဲ။ ဒါကိုတော့ ဝဲမတိမ်း, ယာမယိမ်း လမ်းလို့ ဆိုရတယ်။

## ကိုယ်ကျင့်နေတဲ့ ကျင့်ဝတ်
## အစွန်းလွတ်,မလွတ် အမြဲစောင့်ကြည့်ပါ

(ဂ) သည်ကြားလမ်းအတိုင်း သွာ လိုဘူဝိုင် သည်ရှစ်ချက် လက်မလွှတ်ကြစေနဲ့။

ဘယ်ရှစ်ချက်လဲ ယောဂီတို့...

(၁) (က) အမှန်ကို အမှန်ပကတိအတိုင်း မြင်ပြီး အမှားကိုလည်း အမှား အရှိအတိုင်း မြင်နေစေရမယ်။

(ခ) အမှန်နဲ့အမှား ခွဲခြားမြင်နေလျှင် မှန်ရာချဉ်းကပ်၊ မှန်ရာနှင့် မပြတ်တွဲစပ်မိနေစေရမယ်။ ဒါက ပညာသိက္ခာအကျင့်။

(၂) သည်လိုမြင်၊ သည်လိုတွဲမိ၊ ကပ်မိပြီးလျှင် ယောဂီတို့ ကိုယ်, နှုတ်၊ စိတ် များ...

(က) မှန်ရာကိုသာ ပြောဆိုပါ။

(ခ) မှန်ရာကိုသာ ပြုကျင့်ပါ။

(ဂ) မှန်ရာကိုသာ ဆင်ခြင်ပါ။

သည်သုံးပါးကိုတော့ သီလသိက္ခာလို့ မှတ်ခဲ့။

(၃) သည်လို ပြောပြု ဆင်ခြင်နိုင်ရန်...

(က) ကိုယ့်ရုပ်ပေါ် ကိုယ့်နာမ်တင် ကိစ္စမပြတ် ကြောင့်ကြစိုက်ထားပါ။

(ခ) ကိုယ်နဲ့ စိတ် တစ်ထပ်တည်းစိတ်မိရန် သတိက စောင့်ကြပ်ပေးပါ။

(ဂ) ပေါ်သမျှကို အမှန်အတိုင်း သိသိနေစေပါ။

သည်သုံးပါးကိုတော့ သမာဓိသိက္ခာလို့ မှတ်ခဲ့ကြ။

အားလုံးပေါင်းကြည့်ပါ။ (၁) အုပ်စုက နှစ်ခုပါ ဘုရား။ (၂) အုပ်စုက သုံးခုပါ ဘုရား၊ (၃) အုပ်စုကကော...သုံးခုပါပဲ ဘုရား၊ ပေါင်း ရှစ်ခုပါဘုရား။

- သည်လိုဆို အစိတ်အပိုင်းအဖြစ်နဲ့က ရှစ်ခု။

- အုပ်စုအဖြစ်နဲ့ကတော့ သုံးခုရယ်လို့ ယောဂီတို့တွေ့ရလိမ့်မယ်။

အဲသည်မှာ အစိတ်အပိုင်း ရှစ်ခုကိုတော့ မဂ်လမ်းသွားရာ အစိတ်အပိုင်းမို့ မဂ္ဂင်ရှစ်ပါးလို့ မှတ်ခဲ့။

အုပ်စု(၃)ကိုတော့ အဲသည် အစိတ်အပိုင်းများ ပွားတိုးရာ၊ ကျင့်ရမယ့် ကျင့်စဉ်များမို့ သိက္ခာသုံးဆင့်လို့ မှတ်ခဲ့။

- အုပ်စုဖွဲ့ မကျင့်ဘဲနဲ့ အစိတ်အပိုင်း ရှစ်မျိုးက အသက်ဝင်မလား ယောဂီတို့။

- မဝင်တော့ပါ ဘုရား။

- အစိတ်အပိုင်း ရှစ်မျိုးစလုံးမှ အသက်မဝင်၊ အစွန်းကကော လွတ်ပါ့မလား ယောဂီတို့။

- မလွတ်နိုင်ပါ ဘုရား။

- သိက္ခာဆိုတာ တစ်ချက်မှတ် တစ်ချက်အကျင့်အကျင့်နဲ့ တစ်ဆင့် တစ်ဆင့် တက်တက်သွားတာကို ဆိုတာ။

- မဂ္ဂင်ဆိုတာ တစ်ချက်မှတ်၊ တစ်ချက်ကပင် မဂ်လမ်းသို့ တန်းသွား နေတာကို ဆိုတာ။

- ယောဂီတို့...ဝဲနဲ့ယာက ဘယ်မှာလဲ။

- ဝဲက ရွာထဲမှာ၊ ယာက အကျင့်လွန်သမားတွေဆီမှာပါ ဘုရား။

- ကောင်းပြီ၊ ကိုယ့်စကား ကိုယ်မှတ်ထားခဲ့ဦး။

- ကဲ...ယောဂီတို့မှာ သည်တရားစခန်းရဲ့ကျင့်နည်းအတိုင်း မကျင့်ကြ ဘူးလား။

- ကျင့်ကြပါတယ် ဘုရား။

- ဆိုပါစို့ဗျာ၊ ထိုင်ပြီးမှတ်ရတဲ့ အကျင့်ပေါ့။

အဲသလို ထိုင်မှတ်နေစဉ်မှာပဲ...

- တစ်ခါတစ်ရံ နာကျင်ကိုက်ခဲမှု၊ မခံသာတဲ့ဝေဒနာစုတွေ များများ ပေါ်မလာကြဘူးလား။

- အားထုတ်ခါစ စိတ်အထိုင်မကျခင် ပေါ်ရိုးဓမ္မတာတစ်ခုပါပဲ ဘုရား။

- ဟုတ်ပြီ၊ အဲသလို ပေါ်ပေါက်လာလို့ မခံသာမှု ပြင်းထန်နေတဲ့အခါ

(က) အချိန်စေ့အောင်ဟဲ့ ဆိုပြီး ကြိတ်မှိတ်အားထုတ်နေရင်...လက်ယာစွန်း နင်းမိသွားပါပြီ ဘုရား။

(ခ) သက်သာသလို နေမယ် ဆိုပြီး နားလိုက်ရင်ကော... လက်ဝဲစွန်း နင်းမိသွားပါပြီ ဘုရား။

(ဂ) မချုပ်၊ မနား၊ ဝေဒနာပေါ် သတိထားပြီး သူ့လှုပ်ရှားမှု မြင်အောင် ရှုလိုက်လို့ စိတ်ကလေး ဝေဒနာပေါ်က ကျော်သွားရင်ကော...။ ကြားလမ်း ရောက်သွားပါပြီဘုရား။

– သည်လိုဆို ယောဂီတို့ ကျင့်စဉ်ဘေးမှာလည်း အစွန်းကြီးနှစ်ခု ထွက်နေပါကလား။

– အရင်ကတော့ အစွန်းဆိုတာ ရွာထဲ စွန်း ရွာထဲငြိလောက်ပဲ ထင်နေတာကိုး ဘုရား။ အခုကျတော့ တပည့်တော်တို့လည်း အစွန်နှုတ်ခမ်း နင်းနေတုန်းပဲလို့ သဘောပေါက်ရပါတယ် ဘုရား။

– ဒါဖြင့် ယောဂီတို့ ဝဲမတိမ်းယာမဆိုက်တဲ့ ဘက်မလိုက်လမ်း သွားတတ်ကြပြီပေါ့။

– မှန်ပါ၊ ဆရာတော်ညွှန်ပြလို့ သွားတတ်ကြပါပြီ ဘုရား။

– အေးဗျာ၊ ယောဂီတို့အားလုံး...

(က) အကြိုက် ခင်းပေးထားသော လက်ဝဲလမ်းကိုလည်းကောင်း၊

(ခ) အကြိုက်ဇွတ်မှိတ်, မခံချင်စိတ်က ခင်းပေးထားသော လက်ယာလမ်းကိုလည်းကောင်း မလိုက်ပါကြဘဲ ၎င်းတို့ လှုပ်ရှားမှုသတိဖြင့် စေ့စေ့စပ်စပ် ကြည့်ရှုပြီး...

၁။ ငါရှိ,မရှိဟူသော ဝိဝါဒ[1] တရားနှစ်ပါးတို့ကိုလည်းကောင်း၊

၂။ မြဲ၏ မမြဲဟူသော ဝိဝါဒတရား နှစ်ပါးတို့ကိုလည်းကောင်း၊

၃။ ကောင်း၏ မကောင်းဟူသော ဝိဝါဒတရား နှစ်ပါးတို့ကိုလည်းကောင်း၊

---

၁။ ဝိဝါဒ – အငြင်းပွားမှု

၄။ ပိုင်၏ မပိုင် ဟူသော ဝိဝါဒ တရား နှစ်ပါးတို့ကိုလည်း ကောင်း၊

သမ္မဒေ လေးပါး၊ တရားဓမ္မသတ် ဖြတ်ထုံးများဖြင့် ဆုံးဖြတ်ချက် ပေး နိုင်ကြ၍ ငါကင်း၊ အစွဲလွတ်၊ ဝဋ်ကျွတ်ရာဘက် ထွက်နိုင်ကြပါစေ။

သာဓု ...သာဓု ...သာဓုပါ ဘုရား။

ယောဂီများ တရားနာယူပြီး အသီးသီး မိမိအဆောင်သို့ ပြန်သွားကြ၏။ တရား အစစ်ခံမှုကိုကား နံနက် ၇း၀၀ နာရီကပင် မိမိတို့၏ တာဝန်ခံများ ဖြစ် ကြသော ကမ္မဋ္ဌာနာစရိယများထံ သွားရောက် အစစ်ခံပြီးကြပြီး ဖြစ်၏။

ဉာဏ၊ အသခ်တို့ကား ယနေ့အလုပ်ပေးတရားသည် ၎င်းတို့ကို အကြောင်း ပြု ဟောကြားလိုက်သည်ဟုပင် ထင်မှတ်မိကြတော့၏။

– ဉာဏ ...တို့လိုက်ခဲ့တဲ့ အောက်လမ်းကြီးက ဝဲစွန်းကြီးပဲကိုးကွာ။

– အေး၊ တို့လိုက်မိခဲ့တဲ့ အထက်လမ်းကြီးကလည်း ယာစွန်းက မလွတ် ပါဘူး အသခ်ရာ။

– အစွန်းလွတ်ဖို့ကျတော့လည်း အလွယ်သားပဲ ဉာဏရေ။

ဘာလုပ်လုပ် အကြိုက်နဲ့ အမုန်း မလာခင် သတိလေးက ကြားဝင်ပေး ထားလိုက်ရုံလေးပဲ။

– မီးခဲသေတ္တာကြီး ဘယ်လောက်လုံအောင် လုပ်ထားထား၊ သူ့သော့ချက် သိတော့ အဖွင့်ရော၊ အပွင့်ရော အဆင်သင့် သုံးရော၊ အကုန်လုံးရတော့သလိုပေါ့ အသခ်ရဲ့။

– သည်မှာဉာဏ ...သတိတစ်လုံး ကိုင်လိုက်တာနဲ့ စိတ်လွတ်ကိုယ်လွတ် အကျင့်၊ စိတ်ချုပ်ကိုယ်ချုပ် အကျင့်က လွတ်ပုံရယ်၊ မဂ္ဂင်–သိက္ခာအားလုံး သတိ တစ်လုံးရဲ့အထဲ ဘယ်လိုပါနေတယ်ဆိုတာရယ် ငါသိချင်နေတယ် ဉာဏ။ တို့တကယ် ဖွင့်သုံးရမယ့် သော့ချက် မဟုတ်လား။

– နောက်ပြီး သည်ကြားလမ်းပေါ် ရောက်,မရောက်ကို ဘယ်လိုသင်္ကေတ

---

၁။ သမ္မဒေ – မှန်ကန် တည့်မတ်သော အသိဉာဏ်များ။

နဲ့ သိရမလဲ။ ကြားလမ်းပေါ် တက်,မတက် ပြသတဲ့ အချက်ပြကော ရှိသလား ဆို တာလည်း ငါ သိချင်နေတယ် ဉာဏာ။

– စောင့်ဦးလေ၊ တို့ရဲ့အကျင့်၊ အသိလိုက်ပြီး ဆရာတော်များ ရှင်းပေးမှာပေါ့ အသခ်ရဲ့။

ထို့နောက် စကားစ, ရပ်လျက်က ကိုယ့်အဆောင်ဘက် ကိုယ် လမ်းခွဲ၍ သွားကြလေ၏။

## အကျင့်ပေါ်က အရှိ သိသိလာလျှင် ကြားလမ်းထဲ တန်းဝင်နေပြီ

နောက်တစ်ရက်၏ အလုပ်ပေး တရား နာချိန် ရောက်ပြီ။

ယောဂီအားလုံးပင် အမှတ်မလွတ်ဖြင့် လာရောက်ကြပြီး သီလယူ၊ တရားနာဖြင့် ပန်းတစ်ပင် ပျားပိတုန်းအုပ် ဝင်စုပ်ယူနေသည့်ပမာ သာသနာ့အမွေ၊ ဓမ္မအခြေအထိ ခံယူလျက်က ရှိကြ၏။ ဆရာတော်လည်း ဆက်လက်၍အလုပ်ပေး တရား ချီးမြှင့်၏။

– ယောဂီတို့...

မနေ့ကတော့ ဝဲယာ အစွန်းလွတ် **မဇ္ဈိမ ပဋိပဒါ**[၁] ဆိုတဲ့ အလယ်အလတ် ကြားလမ်းကျင့်စဉ်အကြောင်း နာခဲ့ကြရပြီး အစွန်းလွတ်ပုံလည်း ကိုယ်တွေ့နဲ့ ကပ်၍ ပြခဲ့ပြီးပြီ။ သည်နေ့တော့ သတိတစ်လုံး ထိထိမိမိ အသုံးချလာနိုင်ရုံနဲ့

(က)အကျင့်နဲ့အသိ တွဲမိပုံကိုလည်း ယောဂီတို့ ကိုယ်တွေ့နဲ့ ယှဉ်ပြမယ်။

(ခ) မဂ္ဂင် သိက္ခာ အကုန်ပါပုံကိုလည်း ယှဉ်ပြမယ်။

အကျင့်နဲ့ အသိတို့ကို ရှင်းမပြမီ သူတို့ရဲ့ သရုပ်ကို အရင် ထုတ်ပြထားကြဦးစို့။

---

၁။ မဇ္ဈိမ ပဋိပဒါ – အလယ်အလတ်ကျင့်စဉ်။

## စရဏ အကျင့်မျိုး တစ်ဆယ့်ငါးမျိုး

၁။ သီလ – ကိုယ်, နှုတ် စောင့်စည်း၊ သူတစ်ပါးအကျိုး ပျက်စီးမည်ကို ထိန်းသိမ်းပေးရခြင်း။

၂။ ဣန္ဒြေယ – မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊စိတ်တို့ကို သူတစ်ပါး အကိုင်မခံ ကိုယ်ပိုင်သာ ဖြစ်စေခြင်း။

၃။ ဘောဇနမတ္တညု – မလွန်လွန်း၊မလိုလွန်း မျှတရုံသာ အစာကို အသုံး ချ စားခြင်း။

၄။ ဇာဂရိယ – လေးလံ၊ ပျင်းရိ အလျဉ်းမရှိစေဘဲ နိုးကြားတက်ကြွ လန်းဆန်းနေစေခြင်း။

၅။ သဒ္ဓါ – မိမိ အစွမ်းသတ္တိ၊ ဆရာ့ သိက္ခာ၊ ရထားရာ ကျင့်နည်းများ အပေါ် ယုံကြည်စိတ်ချခြင်း။

၆။ သတိ – စစ်မြေပြင်ရောက် စစ်သားကောင်းတစ်ယောက်ကဲ့သို့သတိ လက်မလွှတ်စေခြင်း။

၇။ ဗာဟုသစ္စ – မိမိကျင့်စဉ်၏ သွားရာလမ်းကြောင်းကို အမြဲ လေ့ လာနေရခြင်း။

၈။ ဝီရိယ– မှန်ကန်သော အကျင့်၊ အသက်ကိုပင် စွန့်သင့်စွန့်၍ ရဲရဲ ရင့်ရင့် ကျင့်သုံးပေးရခြင်း။

၉။ ပညာ – အကျင့်၏ လမ်းမှန်, လမ်းမှားကို သွားလျက်က ခွဲခြား ပေးနေရခြင်း။

၁၀။ ဟိရီ – အောက်လမ်းသော့ပွင့် မကောင်းကျင့်, ကျင့်ရမည်ကို ရှက်ရွံ့ ၍ နေစေခြင်း။

၁၁။ ဩတ္တပ္ပ – မကောင်းလမ်းပေါက် တန်းတန်းရောက်မည်ကို အမြဲ ကြောက်လန့်နေစေခြင်း။

၁၂။ အာကာသ ဈာန် – ရုပ်ကို မသုံး၊ ဟင်းလင်းပြင်ချည်းလုံးလုံး ဖြစ်စေ ခြင်း။

၁၃။ ဝိဉာဏ ဈာန် – ဟင်းလင်းပြင် မသုံး၊ နာမ်စဉ်ချည်းလုံးလုံး ဖြစ်စေခြင်း။

၁၄။ အာကိဉ္စဈာန် – ရုပ်သက် ပျောက်ဆုံး၊ နာမ်သက်ချည်းလုံးလုံးဖြစ်စေခြင်း။

၁၅။ နေဝသညာဈာန် – နာမ်ရိုင်း ပျောက်ဆုံး၊ နာမ်၏ အသိမ်မွေ့ဆုံးသို့ ရောက်စေခြင်း။

သည်တစ်ဆယ့်ငါးမျိုးတို့က အကျင့်ဘက်က ကိရိယာတွေပဲ။ အဲသည် အထဲက ဘယ်အကျင့်ကိုပဲ ကျင့်ကျင့် သိဖို့ချည်းလို့ မှတ်ရမယ်။ ဆိုပါစို့၊ သီလ စောင့်ထိန်းနေလျှင် ကိုယ်, နှုတ် စောင့်စည်းလို့ ဖြစ်ပေါ်လာတဲ့ အကျိုး သိရမယ်။ စောင့်ထိန်းပြီး အသိဘက်က ဘာဉာဏ်မှ တက်မလာလျှင် မဟုတ်သေးဘူး။

တစ်ခါ မျက်စိပေါက်၊ နားပေါက်စတဲ့ ကိုယ်တံခါးခြောက်ပေါက်ကိုတော့ ပိတ်နိုင် ဆို့နိုင်တယ်။ သည်လို ပိတ်ဆို့လို့ ဘာမှ မသိလျှင် နေရာမကျသေးဘူး။ နောက် ကျန်တဲ့ကျင့်စဉ်အားလုံးကိုလည်း သည်အတိုင်းပဲ သဘောပေါက်ခဲ့ကြ။

## ကျင့်၍ သိရမည့် အကျင့်ကား သုံးပါး၊ ရှုစ်ထွေ

ဝိဇ္ဇာဆိုတာ လူသာမန်တို့ သိနေကျထက်ကျော်လွန်တဲ့ အထူးသိမှုကို ခေါ်တယ်။ အဲဒါတွေက…

(၁) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် – အတိတ်ဘဝများကို ထိုးဖောက် မြင်သိလာခြင်း။

(၂) ဒိဗ္ဗစက္ခုအဘိညာဉ် – ဝေးသော၊ ကွယ်သော၊ ငယ်သော အရာများကို ထိုးဖောက် မြင်သိလာခြင်း။

(၃) အာသဝက္ခယ အဘိညာဉ် – မိမိသန္တာန် ကိလေသာမာန်များ မရှိတော့ပြီကို မြင်သိလာခြင်း။

ဒါကို ဝိဇ္ဇာသုံးပါးလို့ ဆိုတယ်။ အထူးသိမို့ အဘိညာဉ်လို့လည်း သုံးနိုင်တယ်။ တစ်ဖန်…

## ဝိဇ္ဇာရှစ်ပါး သရုပ်

၁။ သောတာပတ္တိမဂ် - မိမိ အရိယာဇာတ်ထဲ ဝင်သွားပုံကို သိလိုက်သော အသိ။

၂။ သောတာပတ္တိဖိုလ် - ကိလေသာ အပတ်သတ်ခဲ့သဖြင့် ခံစားရသော အကျိုးထူးကို သိလိုက်သော အသိ။

၃။ သကဒါဂါမိမဂ် - သည်လူ့ပြည် တစ်ကြိမ်သာ လာရတော့မည့်အဆင့်သို့ ရောက်ပုံကို သိလိုက်သော အသိ။

၄။ သကဒါဂါမိဖိုလ် - ကိလေသာအပင့်၊ တစ်ဆယ့်သတ်၍၊ ရအပ်သော အကျိုးကို သိလိုက်သော အသိ။

၅။ အနာဂါမိမဂ် - သည်လူ့ပြည် မလာရတော့သည့်အဆင့်သို့ တက်သွားပုံကို သိလိုက်သော အသိ။

၆။ အနာဂါမိဖိုလ် - ကိလေသာ အယုတ် နုတ်ပယ်၍ ရအပ်သော အကျိုး ခံစားရပုံကို သိသောအသိ။

၇။ အရဟတ္တမဂ် - ကိလေသာ ရန်ဘက်အားလုံး ချေဖျက်ပြီးစီးသွားပြီကို သိလိုက်သော အသိ။

၈။ အရဟတ္တဖိုလ် - ကိလေသာရန် ရှင်းသဖြင့် လင်းလင်းကြီး အကျိုးဆိုက်၊ အများတကာကို့ ပူဇော်ခံထိုက်သည်ကို သိသောအသိ။

ဒါကိုလည်း ဝိဇ္ဇာရှစ်ပါးလို့ ဆိုတယ်။

(က)ဝိဇ္ဇာသုံးပါးက - လောကီ တစ်ဝက်၊ လောကုတ္တရာ တစ်ဝက်၊ သမထ၊ ဝိပဿနာ ဖက်စပ်။

(ခ) ဝိဇ္ဇာရှစ်ပါးက - လောကီမဖက်၊ လောကုတ္တရာချည်းသက်သက်လို့ မှတ်ခဲ့ကြ။

ကဲ...ယောဂီတို့၊ စရဏနဲ့ ဝိဇ္ဇာသိကြရပြီ မဟုတ်လား ။

သိကြရပါပြီ ဘုရား။

သည်လိုဆို စရဏနဲ့ ဝိဇ္ဇာသုံးပါး စပ်ဟပ်ကြည့်ကြရအောင်။

(က)စိတ်လွတ်ကိုယ်လွတ် လက်ဝဲအစွန်း ထိုင်နေကြတဲ့ ရွာနေတွေ၊ သူတို့သာ မကျင့်ကြတာ၊ သူတစ်ပါး ကျင့်တာကျ ကိုယ့်ဘာသာ အလိုက်တော့ နှစ်ခြိုက်ယုံကြည်ကြတာချည်းပဲ။ ယုံကြည်သလောက်လည်း သဒ္ဓါရဲ့ ကျင့်စဉ်ဖြစ်တဲ့ ထောက်ပံ့မှုလည်း ပြုပေးနေကြတာကိုလည်း ယောဂီတို့ မျက်မြင်ပါပဲ။

ယောဂီတို့ ဗုဒ္ဓဘာသာတွေကျတော့...

၁။ ဘုရားရှင်ရဲ့ အဆုံးအမနဲ့ ဝေနေယျတို့အပေါ် ထားရှိတဲ့ ကရုဏာတော်ကိုလည်း ယုံကြတယ်။

၂။ ဘုရားရှင် ညွှန်ကြားမှုပေးထားတဲ့ ကျင့်စဉ်တရားများအပေါ်လည်း ယုံကြတယ်။

၃။ ဘုရားကိုယ်စား၊ ကိုယ်ပွားထားရစ်ခဲ့တဲ့ ဘုရားခြေရာထပ်၊ သံဃာတော်အရှင်မြတ်များအပေါ်လည်း ယုံကြတယ်။

- ယုံသလောက်လည်း မြတ်နိုး၊ မြတ်နိုးသလောက်လည်း အားကိုးကြတယ်။
- ယုံသလောက်လည်း မြတ်နိုး၊ မြတ်နိုးသလောက်လည်း ထောက်ပံ့ကြပါတယ်။
- ယုံသလောက်လည်း မြတ်နိုး၊ မြတ်နိုးသလောက်လည်း မယားတစ်ပိုင် နက်တွင်းကနေ လိုက်နာနေကြပါတယ်။

- ဒါ စရဏ တစ်ဆယ့်ငါးမျိုးထဲက သဒ္ဓါစရဏ မဟုတ်လား ယောဂီတို့။
- မှန်ပါတယ်ဘုရား၊ သဒ္ဓါပွင့်လို့ ကျင့်တဲ့ အကျင့်ချည်းပါဘုရား။
- သူတို့မှာ ဝိဇ္ဇာသုံးပါး ဆိုက်ကြရဲ့လား ဗျာတို့။
- အဆွဲနဲ့အငင်ကြောင့် မဝင်နိုင်ကြပါ ဘုရား။ ယုံသလောက် မကြိုးစားကြပါ ဘုရား။
- သူတို့စောင့်တဲ့ သီလကကော... ဝန်ခံထိန်းမျှမို့ မဝင်နိုင်ကြပါဘုရား။
- သူတို့ထားတဲ့ ဣန္ဒြေတွေကကော...ဒါကလည်း ရုပ်အနားထား၊ စိတ်ကစားနေတုန်းမို့ ဝိဇ္ဇာခွင် မဝင်နိုင်ပါဘုရား။

- သူတို့တွေ ဘာဖြစ်လို့ ဝိဇ္ဇာမဖြစ်ကြသလဲ ယောဂီတို့။
- အကျင့်နောက် အသိမထောက်လို့ပါ ဘုရား။ အေး...မှတ်ခဲ့။

တစ်ဖန် လက်ယာဘက်မေးကြည့်ဦးမယ်။ စိတ်ချုပ်, ကိုယ်ချုပ် လက်ယာစွန်းကိုင်တွေ၊ စိတ်ချုပ် ကိုယ်ချုပ်အကျင့်မှာ...

(က)အကျင့်ဟောင်းက သွေးတောင်းနေလို့ ကာမစိတ်၊ ရုပ်နှိပ်ပြီး ချုပ်တည်းထားရတာလည်း ရှိတယ်။

(ခ) အကျင့်သစ် နှစ်သက်လွန်းလို့ မရ, ရအောင်ဟဲ့ ဆိုပြီး ချုပ်တည်းကျင့်တာလည်း ရှိတယ်။

သည်လိုကျင့်တော့ အားမဲ့ကို အားရှိက၊ အနိုင်ကျင့်, အင့်ခနဲ တစ်ချက် ဖြစ်သွားတာနဲ့ ထိုတစ်ဖက်က ကိုယ့်အကြိုက်ပေး၊ အေးဆေးမှာကတော့ သေချာပါတယ်။

- **ကိလေသာ**[၁] ဆိုတာ စိတ်က အကပ်ခံနေလို့သာ၊ ခများမှာ အားမဲ့။
- သတိဆိုတာက စိတ်က အကပ်မခံလို့သာ၊ သူက အားကောင်းမောင်းသန်။ အဲ...သတိက အတင်းဖိကျင့်လိုက်လို့ ကိလေသာအရှိက် တစ်ချက်အငိုက်မိ ထိသွားတယ်ဆိုရင်ပဲ နောက်ဆုတ်သွားတယ်။ ကိလေသာ နောက်ဆုတ်လို့ စိတ်ပူက စိတ်အေးဖြစ်လာရင် သတိရဲ့အကျင့်ကြောင့် အရသာတွေ့လာမယ်၊ စိတ်ဆိုတာ ဒဂေတွ့ဆန်းတွေ့ ပျော်တတ်တဲ့အမျိုးကိုး။

စိတ်ငြိမ်းချမ်းပြီး ကိလေသာ အငွေ့မသန်းလာရင် သမထလမ်းပေါ် တက်ပြီပေါ့။

အဲ...

(က)သမထ – အကျင့်နဲ့ ပထမဈာန်အဆင့် ရောက်ရင်ကောဝိဇ္ဇာဖြစ်ပြီလား။ မဖြစ်နိုင်သေးပါဘုရား၊ အဘိညာဉ် မတက်နိုင်သေးလို့ပါ။

(ခ) ဒုတိယကနေ ပဥ္စမဈာန်အဆုံးထိ ရောက်ရင်ကော ဝိဇ္ဇာဖြစ်ပြီလား။ မဖြစ်သေးပါ ဘုရား။ နာမ်ဈာန်အဆင့်ဖြင့် ရုပ်ကို လှင့်မထုတ်နိုင်ခဲ့သေးလို့ပါ။

---

၁။ ကိလေသာ – အေးချမ်းသဖြင့် ကြည်လင်တောက်ပနေသော စိတ်ကလေးကို ပူပန်စေတတ်၊ နှိပ်စက်တတ်သော အရာ။

(ဂ) ကောင်းပြီရုပ်ဈာန်၊ နာမ်ဈာန်အားလုံး ခရီးပေါက်ပြီ၊ လောကီ အဘိ ညာဉ်များလည်း ရပြီ ဆိုရင်ကော...

ဒါလည်းပဲ အာသဝက္ခယ အဘိညာဉ်ဆိုတဲ့ လောကုတ္တရာအဘိညာဉ်အဆင့် ဆက်မတက်နိုင်ရင် အဝိဇ္ဇာပယ်ပစ်တဲ့ ဝိဇ္ဇာစစ် မဖြစ်နိုင်ပါဘုရား။

ကဲ...ယောဂီတို့၊ အားလုံး ကြားကြသနော်...ကြားကြပါတယ်ဘုရား။

ဒါဖြင့် သည်လက်ဝဲ လက်ယာနှစ်ဖက်စလုံး ဘာဖြစ်လို့ စရဏနဲ့ ဝိဇ္ဇာမတွဲမိ ကြပါသလဲ။

- လက်ဝဲ ကာမသမားက အကျင့်ပေါ် အသိမထားလို့ပါ ဘုရား။
- လက်ယာ ဈာနသမားက တစ်ဖက်ကြည့်ကြည့် တစ်ဖက်သိသာ သိနေ လို့ပါ ဘုရား။

အေး...ဒါအဖြေမှန်ပဲ။ ကာမသမားက ကိုယ်နဲ့စိတ် အတူကို တွဲမသိပ်တာ၊ ဈာန်ဝင်စားနေတဲ့ ဈာနသမားကတော့ တွဲသိပ်ပေးတယ်။ သို့သော် ကသိုဏ်းကွက် များအပေါ်မှာ တင်ပြီး ရတာလေး လမ်းဆုံးထင် ရောင့်ရဲနေတာ။

- တပည့်တော် ယောဂီဉာဏ လျှောက်မေးခွင့်ပြုပါဘုရား။
- ဘာများတုံး ယောဂီဉာဏရဲ့။

- ကျင့်ပြီးနောက် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးများသို့ ခရီးမပေါက်လျှင် အစွန်းရောက် ဆိုတော့ ဆူးချုံပေါ် အိပ်ပြ၊ နွေခေါင်ခေါင်မှာ တလင်းပြင်ကနေ နေလုံးကြီးကို ကြည့်ပြ၊ နောက်ပြီး ဆောင်းချမ်းချမ်းကြီးမှာ ရေချိုး၊ နှင်းမုန်တိုင်း ကြား တိုးပြတဲ့ အကျင့်များကော ဘုရား။

- လောကီ၊ လောကုတ္တရာအဘိညာဉ်သုံးမျိုးနဲ့ အထူးသိ ရှိပြီလား၊ မေး ကြည့်၊ ပြကြည့်။

- အစာရေစာဆိုရင် တံတွေးတောင် မမျိုမသွင်းဘဲ ကျင့်ရင်ကော ဘုရား။

- အဲဒါလည်း လောကီ၊ လောကုတ္တရာ အဘိညာဉ်သုံးပြီး လမ်းဆုံးရောက် ပြီလား မေးကြည့်၊ ပြကြည့်။

- ရှင်းပါပြီ ဘုရား။

အစွန်းထွက်သမားတွေ ကျင့်ပြီး မသိတာတော့ ရှင်းပြီးပြီ။

သည်တစ်ခါ တို့ယောဂီများ အစွန်းထွက် နှစ်သင်း၊ ဘယ်အစွန်းမှ မနင်းရဲ သူတွေရဲ့အလှည့် ဆိုကြပါစို့။

- ယောဂီတို့ ထိုင်လျက်က နှာသီးဝနဲ့ လေတိုးတာလေးရဲ့လှုပ်ရှားနေပုံကို သတိနဲ့ကပ် စေ့စေ့စပ်စပ် ရှုကြည့်နေကြပြီ။ ဒါ စရဏသီလအကျင့်။

- ဘာသိလဲ၊ ဘာမှမသိသေး။ ဝိဇ္ဇာလမ်းဝ ခြေမချမိသေးဘူး။ မှတ်ကြပေတော့။

- အဲ အဲ...သိပြီ၊ လှုပ်သွားပုံ၊ အေးလာပုံ၊ နွေးသွားပုံ။ ဒါဆို ဝိဇ္ဇာလမ်းဝ ခြေစပြနေပြီ မှတ်ကြပေတော့။

ယောဂီတို့ရဲ့ စရဏနောက် သည်လောက် အသိရောက်လာလျှင် ကြားလမ်းစ ပေါ်ကိုလည်း တက်စပြုနေပြီ မှတ်ပေတော့။

- အဲ...ကြားလမ်းပေါ် ရောက်, မရောက် သိလိုလျှင်တော့ဖြင့် ကျင့်တဲ့နေရာရှိလေးကို သိ,မသိနဲ့ ကပ်မေးကြည့်ကြပေတော့။

- တစ်ဖန် သည် နှာသီးဝမှာ လေနဲ့ နှာသီးဝ ရုပ်နှစ်ခုအထိ, ထိမှန်းသိဆိုတဲ့ အသိတစ်ချက် ပေါ်လာတုန်း...

- ထိတယ်၊ သိတယ် သတိလေးနဲ့ ကပ်ကြည့်နေလိုက်တယ်။ အဝင်မှာ...
- ထိတယ်၊ သိတယ် သတိလေးနဲ့ပဲ ကပ်ကြည့်နေလိုက်တယ်။ အထွက်မှာ။

သည်လိုဆို ယောဂီတို့ရဲ့အကျင့်ဟာ...

(က)စိတ်လွတ်ကိုယ်လွတ်ကော ဖြစ်သေးရဲ့လား။

မဖြစ်နိုင်တော့ပါ ဘုရား။

(ခ) စိတ်ချုပ် ကိုယ်ချုပ်ကော ဟုတ်လို့လား။

အမှတ်က အမှတ်တိုင်းမို့ ချုပ်ရာလည်း မရောက်တော့ပါဘုရား။

သူ့ရုပ်ပေါ် သူ့နာမ်တင်ထားတော့ အရှိကော သိသိမလာဘူးလား။

– ကျင့်သလောက် သိလာပြီး သိလာသလောက် ကျင့်, ကျင့်ပေးနေလို့ မသိ မရှိတော့ပါ ဘုရား။

– ဒါဖြင့် ယောဂီတို့ရဲ့ကျင့်စဉ်က…

– ဒါမှ ကြားလမ်းအစစ်ပါ ဘုရား။ အစွန်းထွက်နှစ်ခု အားလုံး လွတ်နေပါပြီ ဘုရား။

ကဲ…အကျင့်နဲ့အသိနှစ်ခု သည်လို တွဲတတ်နေကြလျှင် ရှေ့တစ်ခု ဆက်ကြဦးစို့ရဲ့။

သတိလေး တစ်လုံးသည် ဘူးရုံ တစ်ရုံလုံး၏ ရေသောက်မြစ်ပဲ။

ယောဂီတို့…

– စစ်ပွဲကြားက စစ်သားတစ်ယောက်ဟာ လက်ထဲရှိ သူ့လက်နက်ကို အသင့်ပြင်ထားတယ်။ မျက်စိကို ဖွင့်၊ နားကို စွင့်လျက်နဲ့လည်းနေတယ်။ အသက်ချင်း လဲကြရမှာကိုး။

– သည်အချိန်မှာပဲ တစ်ဖက်ရန်သူ လာတယ်ဆိုရင် ဘယ့်နှယ်လုပ်သလဲ။

လက်ထဲရှိတဲ့ သေနတ်နဲ့ ပစ်မှာပဲ ဘုရား။

– နွား၊ ကျွဲများ ပြေးလွှားလာရင်ကော…

သည်လက်နက်နဲ့ပဲ မလွတ်တမ်း ပစ်ထည့်လိုက်မှာပါပဲ ဘုရား။

– ဖိုးသူတော် လာရင်ကောဗျား။

အာ…ဒလျှိုမှန်းမသိ၊ ဒလန်မှန်းမသိရနဲ့၊ လက်ထဲရှိနဲ့ပဲ ပစ်မှာပါပဲ ဘုရား။

– မယ်သီလ ဆိုရင်ကောဗျား။

မယ်သီလလာလည်း သည်လက်နက်နဲ့ပဲ ကိစ္စတုံးပစ်မှာပါပဲဘုရား။

အေး…တို့ယောဂီတွေလည်း ဘာလာလာ၊ သည်သတိလက်နက် တစ်မျိုးတည်းနဲ့ပဲ ကိစ္စပြီးစေရမယ်။ ဘာဖြစ်ဖြစ် သည်သတိနဲ့ပဲ ဖြေရှင်းရမယ်။ ငါဝင်မရှုပ်လေနဲ့၊ ငါဝင်ရှုပ် အလုပ်များသွားမယ်။

သည်သတိတစ်လုံး သုံးတာနဲ့…

(က)မဂ္ဂင်ရှင်ပါးလည်း ယာဉ်ရထားတစ်စင်းဖြစ်လာအောင် တပ်ဆင်ပုံမျိုး ပြင်ပြီး ဆင်ပြီးသား ဖြစ်စေရမယ်။

(ခ) သိက္ခာသုံးပါးလည်း ယာဉ်၊ ရထားသုံး ဘီးလုံးပမာ လည်ပတ်ပြီး သား ဖြစ်နေရမယ်။

ဆိုပါစို့...

- တို့ယောဂီတွေ ထိုင်ရင်းက နှာသီးဖျားမှာ သတိကပ်မထားကြဘူး လား။
- ကပ်ထားပါတယ်ဘုရား၊ ကပ်သလောက်လည်း မှတ်ပေးနေပါတယ် ဘုရား။
- မှတ်တာက ...သတိပါဘုရား။
- အမှတ်မလွတ်အောင် ကြောင့်ကြစိုက်ထားတာက ...ဝီရိယပါ ဘုရား။
- ဝင်တိုင်းမှတ်မိ၊ ထွက်တိုင်းမှတ်မိနေတာက ...သမာဓိပါ ဘုရား။

၁။ သည်လိုဆိုတော့ သမာဓိ မဂ္ဂင်သုံးပါး တစ်အုပ်စု ကိစ္စပြီးစီးသွားပါ ပြီ ဘုရား။

အဲ ...သမာဓိအုပ်စု အလုပ်လုပ်နေလို့ နှာသီးဝပေါ် စိုက်ကျသွားလျှင် ကောဗျာ။

ဝင်မှုထွက်မှုကနေ ဝင်ပုံထွက်ပုံအထိ အဆင့်ဆင့် မြင်သိလာရပါပြီ ဘုရား။

- ဒါ သူ့အရှိသူ့အရှိအတိုင်းမြင်တာဆိုတော့ အမှန်မြင် မဟုတ်လား။ ဟုတ်ပါတယ် ဘုရား၊ သမ္မာဒိဋ္ဌိမဂ္ဂင် ကြားလမ်းပေါ် တက်လာပါပြီ ဘုရား။
- အဲဗျာ... သူ့အမြင် သူ့အသိ၊ သူ့အရှိ ပြချက်ကလေး အကွင်းသိက အောက်မေ့ဆင်ခြင်ပေးနေလျှင် ...
- သမ္မာသင်္ကပ္ပဆိုပါတယ်ဘုရား၊ အမှန်သိ အဖြေမှန်ထုတ်ပေးဖို့ပါဘုရား။

၂။ သည်လိုဆိုတော့ ပညာမဂ္ဂင်နှစ်ပါးလည်း နောက်က လိုက်ပြီး သိမ်း ဆည်းပေးနေပါပြီ ဘုရား။

သည်အုပ်စု နှစ်ပါးကသာ ရှေ့က မှတ်ကျင့်,ကျင့်၊ နောက်က သိ,သိပေး နေရင်…

(က)ဝစီဒုစရိုက်လေးပါး – မဟုတ်တရားတွေ မပြောသာတော့ဘူး။

(ခ) ကာယဒုစရိုက် လေးပါး– မဟုတ်တဲ့အလုပ်တွေလည်း မလုပ်သာ တော့ဘူး။

(ဂ) မနောဒုစရိုက်သုံးပါး – မဟုတ်တဲ့အတွေးတွေလည်း မတွေးသာ တော့ဘူး။

၃။ သည် သီလ မဂ္ဂင်တွေကော… မကျင့်ရဘဲနဲ့ အသင့်ပြီးစီးသွားပါပြီ ဘုရား။

အားလုံးပေါင်းတော့ သတိရှိ၊ အသိ ရှိတယ်။ သတိနောက် အသိ အမြဲ နောက်လိုက်ပါနေတယ်။ သည်သတိနဲ့ အသိ ရှိနေသမျှ သမာဓိ၊ ပညာအကုန်ပါပြီး သီလသိက္ခာလည်း ပါပြီးပေါ့။

သည်တော့ တို့ယောဂီတွေ မှတ်နေတဲ့ သတိလေးတစ်လုံးက…

မဂ္ဂင်ရှစ်ပါး ယာဉ်ရထားကြီးလည်း အဆင်သင့် တပ်ဆင်ပြီးသား ဖြစ်သွား ပါပြီဘုရား။ သိက္ခာသုံးပါး အကျင့်များလည်း အသွားမပျက် ကွင်းဆက်မိနေပါပြီ ဘုရား။

အေး…တို့ယောဂီများလည်း သည်သတိတစ်လုံး, အမွေရပတ္တမြားတစ်လုံး ကဲ့သို့ ရိရိသေသေထား သုံးနိုင်ကြသဖြင့် အကျင့်နှင့်အသိ၊ သတိကလေး၏ ရင် ကြားစေ့ပေးမှုကြောင့် စပ်ဟပ်မိသွားကြပြီး အစွန်းလွတ် ဝိဇ္ဇာအသိသို့ ဆိုက်ရောက် နိုင်ကြရအောင်

မဂ္ဂင်ရှစ်ပါး ယာဉ်ရဟားဝယ်၊ သိက္ခာသုံးပါး အကျင့်ဘီးများ သွက်သွက် လည်စေလျက်က အရှိန်အဟုန်မပျက် ထွက်နိုင်ကြပါစေ။

သာဓု…သာဓု…သာဓုပါဘုရား။

အလုပ်ပေး တရားပွဲ ပြီးသဖြင့် ပြန်အလာတွင် အသခ်သည် ပြုံးမိ၏။ မိမိ၏ မနေ့က ဖြစ်ပေါ်သော အတွေး၏ အမေးသည် ယနေ့တရားပွဲက အဖြေပေးလိုက်

သဖြင့် ငါတို့အတွေး၊အပြော ဘယ်သူကများ သွားပြောလေသလဲ...အတွေးကြောင့် ပြုံးမိခြင်းဖြစ်၏။

အသခ်ကဲ့သို့ပင် ဉာဏတို့သည်လည်း ရှာန်အကျင့်ဖြင့် လောကီအဘိညာဉ် အဆင့်အထိ ရောက်ခဲ့ပြီးသော်မှလည်း ဝိဇ္ဇာအစစ်၊ အဝိဇ္ဇာမပယ် ဖြစ်ခဲ့သော မိမိတို့ဖြစ်အင်ကို တွေးလျက်က ဉာဏတို့ညီအစ်ကိုသည် ပြုံးမိလျက်သားရှိကြ၏။ ယောဂ ဒဿန ဆရာကြီး ပြောခဲ့ဖူးသော မှန်ဘီလူးအား အကြီး,အသေးလိုက်၍ အမြင် အဆုံးသတ်ပမာဘာသာတိုင်းသည် ကိုယ်သွားရာ၊မြင်ရာ လမ်းကိုလျှင် လမ်းဆုံးဟူ၍ သတ်မှတ်သည်ဟူသော စကားကိုလည်း ပြန်လည်ကြားယောင်လာမိ၏။

သို့သော် လမ်းပြဘက်ကလည်း ကောင်းနေပြီ။ လမ်းကြောင်းကြီးကလည်း အစပေါ်နေပြီ။ မိမိ၏ ဖဝါးထားနှင့် သွားအားသာ လိုတော့ကြောင်း သိလာမြင်လာပြီဖြစ်သော ဉာဏတို့သည် အားအင်မပျက် အားပင်တက်နေမိ၏။

ဉာဏသည် ကျင့်ခဲ့ပြီး ရှာန်အင်အားတို့၏ ပံ့ပိုးမှုကြောင့်လည်းကောင်း၊ ဆရာကောင်း၏ အဆုံးအမကို ခံယူခွင့် ရလာသောကြောင့်လည်းကောင်း မိမိ၏ စိတ်ဓာတ်၊ ရုပ်ဓာတ် ကြံ့ခိုင်မှုဖြင့် ကြိုးစားခြင်းကြောင့် လည်းကောင်း၊ ဉာဏ၏ ကျင့်စဉ်ကာ ရက်ပိုင်းအတွင်း သိသိသာသာကြီး ထိုးတက်လာ၏။ သုံးရက်ပင် မပြည့်သေး၊ လှုပ်ရှားမှုတို့ကား ရှုကွက်တွင်းက အထင်းသား ပြသနေကြပြီ ဖြစ်၏။

- ပထမ– ဝင်, ဝင်မှန်းသိ၊ ထွက်,ထွက်မှန်းသိ သူ့အရှိလောက်။
- ဒုတိယ – အဝင် အေးအေး၊ ထွက် နွေးနွေး၊ အခြေပျိုးလေး စ၍ပေး။
- တတိယ – အဝင်လှုပ်လှုပ်၊ ထွက်လှုပ်လှုပ် သရုပ်သိရုံလေး။

ထို့နောက်တွင်ကား အထွက်၊ အဝင်တို့၏ အလှုပ်မှ လှုပ်ရှားပုံအခြင်းအရာ၊ သွင်ပြင်မှုရာများအထိ တိုး၍ တိုး၍ သိလာရတော့၏။ ကိုယ့်ကိုယ်မှ တွေ့၍ ဒါမှသာ ကိုယ်တွေ့အစစ် ဟူ၍လည်းကောင်း၊ ကိုယ့်သတိဖြင့် ကိုယ့်အရှိ ကြည့် သိရသော အကျင့်မျိုးဖြစ်၍လည်း ဒါမှ ကိုယ်ပိုင်အကျင့်ဟူ၍ လည်းကောင်း ဉာဏဆုံးဖြတ်လိုက်၏။ အထက်လမ်း၏ ဘာမှ မမြင်ရတော့ခြင်း၊ လမ်းဆုံးကဲ့သို့ မဟုတ်သည်ကို ဉာဏ ကောင်းကောင်းကြီး သိပြီ။

## မဂ္ဂင်ရထား တွင်တွင်သွားရန်အားဖြည့်ပေးဖို့ လိုသည်

တတိယမြောက်နေ့။

ယောဂီတို့ ...မနေ့ကတော့ မဂ္ဂင်ရှစ်ပါး အစိတ်အပိုင်းများကို ယာဉ် တစ်စင်းအဖြစ် အသုံးချနိုင်သည်အထိ တပ်ဆင်ပေးခဲ့ပြီ။

သည်နေ့တော့ မဂ္ဂင်ယာဉ်ရထားကြီး အားကောင်းဖို့ အားသွင်းပေးကြရလိမ့်ဦးမယ်။ တို့အရပ်ထဲက ကားတွေ၊ ခရီးထွက်ဖို့ ပြင်ဆင်တော့ ဘာများ ထည့်ပေးကြရသလဲ၊ ဘာတွေမယား ပြုပြင်ပေးကြရသလဲ ယောဂီတို့။

ဆီ၊ ရေ၊ လေ၊ ဝိုင် ဆိုတဲ့အတိုင်း...

- မိုင်ခရီး တွက်ချက်ပြီးတော့ ဓာတ်ဆီများ တိုင်ကီတွင် ထည့်ပေးကြရပါတယ် ဘုရား။
- စက် မပူရအောင် ရေတိုင်ကီထဲကိုလည်း ရေသစ် လဲပေးရပါတယ် ဘုရား။
- လမ်းခရီး အရေးကြုံတဲ့အခါ အရှိန်ထိန်းတဲ့အခါ သုံးဖို့ လေဘရိတ်ကိုလည်း စစ်ဆေးပေးရပါတယ်ဘုရား။
- စက်ကိရိယာများ တစ်ခုနဲ့တစ်ခု မတိုက်စားမိဖို့ စက်ဆီလည်း ထည့်ပေးရပါတယ် ဘုရား။

သည်လေးမျိုး စိတ်ချသွားလျှင် ...

စက်နှိုးတဲ့အခါ ရုတ်တရက် နိုးရန် ဘက်ထရီအားသွင်းအိုးကိုလည်း အားရှိ၊မရှိ စစ်ဆေးကြည့်ပြီး မရှိက အားသွင်းပေးရပါသေးတယ် ဘုရား။

## မဂ္ဂင်သုံး မိုလ်ငါးပါး

ယောဂီတို့ကား ရထားယာဉ်များ အားဖြည့်ရသလိုပါပဲ။

တို့ သည်ကြားလမ်းအတိုင်း လမ်းဆုံးအရောက်သွားလိုကြတဲ့ ယောဂီသုံးမဂ္ဂင်ယာဉ်ကြီးမှာလည်း သူ့အရှိန်အား ကောင်းကောင်းနဲ့ လမ်းကြောင်းအတိုင်း သွားနိုင်အောင် ...

၁။ သဒ္ဓါဗိုလ် – မိရိုးဖလာယုံကြည်မှုမှ ကိုယ်ပိုင်ယုံကြည်မှု ရလာရန် ကိုယ်တွေ့ဖြင့် အားမွေးရခြင်း။
၂။ ဝီရိယဗိုလ် – ကိုယ်တွေ့ကြုံ၍ ယုံလာသော် စိတ်ချချ ကျင့်နိုင်ရန် ရဲတင်းမှု အားမွေးရခြင်း။
၃။ သတိဗိုလ် – တစ်ချက် တစ်ချက် အဆက်မပြတ် အမှတ်ချင်းထပ်၍ အရှိန်ဓာတ်သို့ ကူးရန် အားမွေးရခြင်း။
၄။ သမာဓိဗိုလ် – အမှတ်ချင်းစပ်၍ ကိလေသာ အဆက်ပြတ်၊ ရှုကွက်သို့ သတိမပြတ် ကပ်သာရန် အားမွေးရခြင်း။
၅။ ပညာဗိုလ် – အမှတ်မပြတ် ရှုကွက်၌ ကပ်နေသဖြင့် တပ်အပ်အရှိ၊ ကွဲသိရန် အားမွေးရခြင်း။

သည်ငါးမျိုးတို့ကိုတော့ ဗိုလ်ငါးပါးလို့ ခေါ်တယ်။

ဗိုလ်ဆိုတာ အင်အားကို ဆိုတာ။ သူ့သတ္တိ၊ သူ့အင်အား အရည်အချင်း ပြည့် ဖြစ်လာရင် ဗိုလ်ဖြစ်ပြီ။ တို့တပ်ထဲက ဗိုလ်တွေရဲ့ အဆင့်သတ်မှတ်ပုံမျိုးလို့ မှတ်ခဲ့။

သည်အင်အားသတ္တိများ ပါမလာရင် ကြိုးစားသလောက် အရာမထင်ဘူး။ တို့ သည်တရားအလုပ်မှရယ် မဟုတ်၊ လောကီ၊ လောကုတ်၊ ဘယ်အလုပ်မျိုးမဆို သည်အားတွေ ပါမှ အားရလောက်အောင် အကျိုးဆက် ထွက်လာစေတယ်။

ဆိုကြပါစို့၊ ယောဂီတို့ ရွာထဲမှာ ကာလသားဘဝတုန်းက လုပ်ကွက် ကလေး။

ကာလသားက ကာလသမီးသဘော အကြောသိရအောင် စပ်စပ် စပ်စပ် လေ့လာနေတယ်။ ကာလသမီးကလည်း ကာလသား အပွေ၊ အခြေသိရအောင် တစေ့ ဟစောင်း အကဲခတ်လိမ့်မယ်။

အဲ..တို့ကာလသားဘက်က သူတွေ့သမျှ မိန်းကလေးထဲက တစ်ဦးအပေါ် သဘောကျသွားပြီ၊ သည်မိန်းကလေးနဲ့သာ ပေါင်းခွင့်ရငါ့ဘဝ အကြောင်းလှပြီလို့ လည်း ယုံကြည်စိတ် ပြင်းထန်လာပြီ။

- အဲ...ယုံကြည်စိတ်ပြင်းထန်လာရင်...အရဲစွန့်ပြီး လိုက်ဆက်သွယ်ပါပြီ ဘုရား။

- ရဲတင်းသလောက် အခွင့်မသာရင်ကော... သတိနဲ့ပဲ အမြဲအကွက်ချောင်းနေတော့ပါပြီ ဘုရား။

- အကွက်ချောင်းလို့ အကွက်ကောင်းကောင်း တွေ့ခွင့်ရတော့... သွားလည်း သူ့စိတ်၊ စားလည်း သူ့စိတ်၊ အိပ်မက်ထဲမှာတောင် သူ့အနားက ခွာမရအောင် စွဲသွားပါပြီဘုရား။

- သည်လောက် စွဲတော့ သူ့အကဲ မလေ့လာတော့ဘူးလား...လေ့လာလို့ အချော့ကြိုက်၊ အမြှောက်ကြိုက်၊ အနကြိုက်၊ အကြမ်းကြိုက်ဆိုတာ ကွဲကွဲပြားပြား သိလာရပါတယ်ဘုရား။

သည်လို သူနှစ်ကိုယ် အပေးအယူမျှနေတာကို လူကြီးတွေသိသွားလို့ သဘောမတူရင် နောက်ဆုတ်မလား...နောက်မဆုတ်တော့ပါ ဘုရား။

သူ့မောင်၊ သူ့ဖားတွေက ဓားကြိမ်းကြိမ်းရင်ကော...မဖြုန်တော့ပါ ဘုရား။

- မိဘ၊ မောင်ဘွားတွေ စောင့်နေတဲ့အထဲက ညအချိန်မတော်ချိန်းရင်ကော...အသက်စွန့် သွားရဲပါတယ် ဘုရား။

အို တို့ယောဂီတို့ရဲ့ ဗိုလ်တွေက အရည်အချင်းရှိပြီးသားပဲကိုး။ အဲသည် မယားကြားက ဗိုလ်တွေ၊ သည်တရားကြား ခေါ်ယူပြီး သတ္တိစွမ်း အပြနိုင်းလိုက်ရရင်...ရက်ပိုင်းအတွင်းမှာပဲ တရားရဖို့ သေချာပါတယ်ဘုရား။

## ဗိုလ်တို့၏ လက်ခွဲများ

ယောဂီတို့...ဗိုလ်အကြောင်း သိကြရပြီ။

သည်ဗိုလ်တွေ အားပြည့်က မဂ္ဂင်ရထားလည်း သွားအားကောင်းလာပြီ။

တစ်ဖန် အဲသည် စွမ်းအင်ငါးမျိုးထဲမှာ

(က)သဒ္ဓါ၊ ဝီရိယ၊ သတိ သည်သုံးမျိုးတို့က ရှေ့ဆောင်ဗိုလ် ဆိုရတယ်။

(ခ) သမာဓိ၊ ပညာ နှစ်မျိုးကနောက်တက်တဲ့ ဗိုလ် ဆိုရတယ်။

– သဒ္ဓါအားကောင်းလို့ အစွမ်းပြလာရင် အသိလေး သွက်လာမယ်၊ အသိမသွက်သေး ဗိုလ်မဖြစ်သေးဘူး။

– ဝိရိယအား ကောင်းတော့ အသိများ တိုးတက်တယ်။ တိုးတက်မလာ ဗိုလ်အရာ မဝင်သေးဘူး။

– သတိအားကောင်းတော့ အသိဉာဏ် ထက်မြက်မယ်။ မထက်မြက် ဗိုလ်မဟုတ်။

– သမာဓိအား ကောင်းတော့ အသိဉာဏ်အမြင်သန့်လာကြတော့မယ်။ အမြင်မသန့် ဗိုလ်အရာမဝင်။

အဲသည် အစွမ်းသတ္တိလေးမျိုးစလုံး သိမှု ပညာဗိုလ်ကိုချည်း တွန်းအားပေးနေတယ်။ အကျင့်မှအသိသို့ ဆက်သွယ်ပေးရမှာကိုး။

တစ်ဖန် ရှေ့ဗိုလ်သုံးမျိုးက အစွမ်းပြ၊ နောက်နှစ်မျိုးက အစွမ်းရပဲ။ ရှေ့သုံးမျိုးနဲ့ ကြိုးစားလို့ သူတို့သတ္တိ သူတို့ပြလာတာနဲ့ နောက်နှစ်မျိုးက အလိုလို တည်ပေး၊ သိပေးဖြစ်လာတာကိုး။

သည်အထဲ သဒ္ဓါအားကြောင့် စိတ်ရွှင်သွက်လာခဲ့သော်...

## သဒ္ဓါဗိုလ်၏ လက်ခွဲသည် ဣဒ္ဓိပါဒ်လေးမျိုး

၁။ ဆန္ဒိဒ္ဓိပါဒ် – ဆန္ဒအားကြီး ပြင်းပြင်းပြပြဖြစ်လာက တန်ခိုးကြီးထွားဖို့ အခြေခံပေါ့။

၂။ ဝိရိယဒ္ဓိပါဒ် – ရဲတင်းအားကြီး ပြင်းထန်လာကလည်း တန်ခိုးကြီးဖို့ အကြောင်းရင်းပေါ့။

၃။ စိတ္တိဒ္ဓိပါဒ် – စိတ်ဝင်စားမှု အားကြီးလာကလည်း တန်ခိုးကြီးဖို့ အကြောင်းအရင်းပေါ့။

၄။ ဝိမံသိဒ္ဓိပါဒ် – စူးစမ်းလေ့လာမှု အားကြီးလာကလည်း တန်ခိုးကြီးဖို့ အကြောင်းရင်းပေါ့။

သည်လေးမျိုးတို့ကိုတော့ ဣဒ္ဓိပါဒ်လေးပါးလို့ မှတ်ခဲ့။ တန်ခိုးရှင်မှန်သမျှ သည်လေးမျိုး အခြေခံကောင်းခဲ့လို့။

- ယုံကြည်ချက်အားကြောင့် သည်လေးပါး ပေါက်ဖွားကြရတယ်။
- သည်လေးပါးကြောင့်လည်း ယုံကြည်ချက် ကြီးထွားလာရပြန်တယ်။

တစ်ခုနဲ့တစ်ခု ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုက မမှားဘူးပေါ့။

## ဝီရိယမှလော်စာလက်ခံသည် သမ္မပ္ပဓာန်လေးမျိုး

သမ္မပ္ပဓာန်ဟူသည် အမှန်ကန်ဆုံး ကြိုးစားချက်မျိုးလို့ မှတ်ခဲ့။ လေးမျိုးဆိုတာက...

၁။ ဖြစ်ခဲ့ပြီး၊ လွန်ကျူးခဲ့မိပြီး အကုသိုလ်များ အတွေးနဲ့ အဟုတ် ပေါ်လာလျှင် ကြိုးစားမှတ်ပြီး ပယ်ဖျောက်ပစ်ခဲ့ရမယ်။ မှတ်အားမစိုက်က အတွေးက အရေးပေါ်လာတတ်လွန်းလို့။

၂။ မဖြစ်သေး၊ မလွန်ကျူးသေးတဲ့ အကုသိုလ်ကို စိတ်မှ ကိုယ်၊ နှုတ်သို့ မလွန်ကျူးမိ ကြိုးစားမှတ်ပြီး ဖျက်ဆီးပစ်ခဲ့၊ စိတ်အကြံ မဖျက်ဆီးနိုင်ခဲ့လျှင် အရှုံးပေါ်တတ်လွန်းလို့။

၃။ မဖြစ်သေး၊ မပြုကျင့်ရသေးတဲ့ ကုသိုလ်မျိုးဆို အမြန်ဆုံး အထမြောက်သွားအောင် ကြိုးစားသတိပေးပြီး တိုက်တွန်း၊ တိုက်တွန်းမပေးက အကုသိုလ်စိတ်က ပြန်ပြီး ဖုံးသွားတတ်လွန်းလို့။

၄။ ဖြစ်ပြီး၊ ပြုကျင့်ခဲ့ပြီး ကုသိုလ်မျိုးများကျတော့ တစ်ခါတွေး၊ တစ်ခုကျ၊ ပွားနေအောင် ကြိုးစားပြီး သတိပြုတော့ ကုသိုလ်စိတ် ဝင်နေလျှင် အကုသိုလ် မဝင်သာအောင်လို့။

ဝီရိယအားကြောင့် သည်လေးမျိုး ပွားလာရတယ်။

သည်လေးမျိုးအထူးပွားနေရင်လည်း ရဲရင့်မှု ဝီရိယ အားကောင်းလာတယ်။ ရဲရင့်မှုနဲ့ ကြိုးစားပုံ လေးမျိုးတို့ကလည်း အပြန်အလှန်ပဲ။

ယောဂီတို့ တရားထိုင်နေဆဲမှာပဲ ရံတစ်ခါ ငယ်ငယ်က မသိလို့ မိုက်မိခဲ့တဲ့ အကျင့်ဆိုးလေးတွေက လာနှုတ်မဆက်ဘူးလား။

သည်က မှတ်အားကောင်းနေရင် ငယ်ကျိုးငယ်နာများက အတွေးနဲ့ ဝင်လာကြပါတယ် ဘုရား။

ဘယ်လိုမှ သတိမရတော့တဲ့ နှစ်နှစ် သုံးနှစ်သားက ကိစ္စများကတောင် လာနှုတ်ဆက်သေးပါတယ် ဘုရား။

အေး... သည်လိုဖြစ်ပြီး အကုသိုလ်များ အတွေးနဲ့ ပေါ်နေလျှင် မိမိစိတ်အလွတ်မထားဘဲ ရှုကွက်ထဲ သတိနဲ့ စိုက်ကျသွားအောင် ဝီရိယတွန်းအားနဲ့ စူးစိုက်ပြီး မှတ်လိုက်၊ မနိုင်ဝန် ဖြစ်နေလျှင်တော့ သူ့ကိုပဲ တဲ့တိုးရင်ဆိုင်ပြီး တွေးတာကို တွေးတယ်လို့ပဲ၊ အစွဲသိကို အမှတ်သိနဲ့ ဖိပြီး မှတ်ရာပေးလိုက်ပေရော့။

စွဲနေတဲ့အကုသိုလ်တစ်ခုခုကို သည်က အပြန်တော့ လုပ်ဖြစ်အောင်ကို လုပ်မယ်လို့ အတွေးပေါ်ရင်ကော...

မဖြစ်ခင် ကြိုတင်တားရပါမယ်ဘုရား။

အခု မဖြစ်သေးတဲ့ ဓမ္မကုသိုလ်ဆိုတဲ့ ဖြစ်ပျက်မြင်တွေ့များ ရှုကွက်ကြားက ပေါ်မလာခဲ့ရင်ကော။

ဒါကျတော့ မဖြစ်,ဖြစ်အောင် ဝီရိယစိုက်ပေးရမှာပါပဲ ဘုရား။

ကြိုးစားလို့ ရှုကွက်ထဲ ပေါ်လာတဲ့ဖြစ်ရိပ်၊ ပျက်ရိပ်များကျတော့ကောဗျာ။

ဒါလည်းပဲ ပျောက်ကွယ်မသွား ထင်ရှားသထက် ထင်ရှားလာအောင် ဝီရိယစိုက်ပြီး မျက်ခြည်မပြတ် မှတ်ရမှာပါပဲ ဘုရား။

ဒါ ယောဂီတို့ အလုပ်ခွင်သုံး သမ္မပ္ပဓာန်လေးပါးလို့ မှတ်ခဲ့။

သည်နေ့ ယောဂီတို့အတွက် မဂ္ဂင်ရထား အားကောင်းအောင် အားငါးမျိုး မွေးရပုံရယ်၊ အဲသည် အားငါးမျိုးထဲကမှ...

သဒ္ဓါက ဣန္ဒြိယါဒ်ကို ဆက်လက်ပံ့ပိုး၊

ဝီရိယာက သမ္မပ္ပဓာန်ကို ဆက်လက်ပံ့ပိုးပုံအထိ ရောက်သွားပြီ။

အခုနောက်ဆုံးသတိက သတိပဋ္ဌာန်လေးမျိုး ဆက်လက်တာဝန်ခံရပုံများကို နာယူကြ။

## သတိဗိုလ်ဖေါ်လာက်ခဲ့သည် သတိပဋ္ဌာန်လေးပါး

သတိအင်အားဆိုတာ မှတ်အားကောင်းလို့ မှတ်ဉာဏ်ဖြစ်ပေါ်လာတာကို ဆိုတာ။ သည်လို မှတ်အားကောင်းဖို့အတွက်ကတော့…

၁။ ကာယာနုပဿနာ – ကိုယ်ပေါ် စိတ်ကပ် မျက်ကြောမပြတ်ရန် တရစပ် မှတ်ရာပေးနေရခြင်း။

၂။ ဝေဒနာနုပဿနာ – ခံစားရာအရပ်၊ စိတ်ပြေးကပ်သော် မျက်ကြော မပြတ်ရန် မှတ်ရာပေးနေရခြင်း။

၃။ စိတ္တာနုပဿနာ – ရှုကွက်သို့ကား မနား၊ အတွေးကြားသို့ စိတ် ပြေးသွားသော် သွားသွားရာကပ်၊ မှတ်ချက်ယူခြင်း။

၄။ ဓမ္မာနုပဿနာ – အတွေ့မရ၊ အငွေ့မျှသို့ စိတ်ကပြေးသွားသော် သွား သွားရာ ကပ် မှတ်ချက်ယူခြင်း။

သည်လေးမျိုးကိုတော့ သတိပဋ္ဌာန်လို့ ဆိုရတယ်။ စိတ်ကလေး ရောက် ရာ သတိအမြဲပါစေပြီး မှတ်နေလျှင်ဘယ်ကမှတ်မှတ် အမှတ်ရနေလို့ သိသိနေတာ ရယ်၊ တရားအလုပ်အတွေး ဝင်နေလို့ ပျက်သွားတယ်မရှိတော့တဲ့အတွက်ရယ်ကြောင့် သတိပဋ္ဌာန်ဆိုရတာပေါ့။

သတိပဋ္ဌာန်ဆိုတာ 'ဟဲ့…စိတ်ယုတ်မာလေး၊ နင်ဘယ်လောက်ပြေးပြေး၊ ဘယ်ကိုပြေးပြေး နင့်နံဘေး ငါအမြဲပါနေတယ်'လို့ သတိပေးနေတဲ့အလုပ်ပဲ ဆိုကြ ပါစို့။

ဒါက ယောဂီတို့ကိုယ်တိုင် နေ့တိုင်း လက်ကိုင်သုံးမို့ အထူးရှင်းမပြတော့ ပါဘူး။ ကဲ…အချိန်လည်း စေ့သွားပြီ၊ နားကြစို့။

သာဓု…သာဓု…သာဓုပါဘုရား။

## မမြင်ခဲ့ရသော ဉာဏ၊ မသိခဲ့ရသော အသည်
## ယနေ့တော့ဖြင့်

ထိုရက်အတောအတွင်း ဉာဏ၏ ရှုကွက်တွင်းမှ မှတ်ချက်များသည် ပို၍ ပို၍ ထင်ရှားလာ၏။ လေ၏ ထိတွေ့လှုပ်ရှားမှုမှသည် ထိတွေ့ လှုပ်ရှားပုံများအထိ အထင်းသား တွေ့မြင်နေရ၏။ လေဖမ်း,ဒန်းစီး ဆိုတာ ဒါလေလားပင် ထင်ရ မလောက် မှတ်ဉာဏ်များ တက်လာ၏။ လေ၏ ပုံပန်းသဏ္ဍာန်၊ လေ၏အဆင်း၊ ဝင်လာပုံ၊ ထွက်လာပုံအခြင်းအရာများအထိ ပီပြင်ထင်ရှားလွန်းလှ၏။ သို့ကြောင့် စိတ်ဝင်စားလာ၏။ စိတ်ဝင်စားသဖြင့် ပိုထင်ရှားလာနေ၏။

ဤသို့ ရှုကွက်တွင်း မှတ်ချက်ယူရင်းက...

ဓမ္မာရုံဘက်မှ မိမိကျောင်းဆောင်သို့ အပြန်မှာပင် ရုတ်တရက် သတိအား ကြီး အထူးခြားဆုံး လင်းလက်လာပြီး ထိပ်ပေါ်မှာ နေရာယူကာ ရုပ်နာမ်တို့၏ သွား နေပုံကို မှတ်ချက်ယူပေးနေတော့ရာ...

(က)သိစိတ်ကလေးကား ရှေ့က အချက်ပေးလမ်းပြပမာ လက်ခနဲ ပေါ် လာပုံကိုလည်းကောင်း၊

(ခ) ထိုအခါကျမှ အသိမဲ့ စက်ရုပ်ပမာသောခန္ဓာကြီးက ရှေ့တစ်လှမ်းတက် ခဲ့ရပုံကို လည်းကောင်း၊

တခြားစီ မြင်တွေ့နေရတော့၏။

ဤနည်းဖြင့် အသိက ဦးဆောင်ပေး၊ ရုပ်က နောက်လိုက်လုပ်ဖြင့် ကိစ္စ တစ်ခု တစ်ခု၌ စပ်တူပြုလုပ်နေကြပါသည်ကို ဉာဏသည် ခန္ဓာနှင့် ခြေဖဝါးနှစ်ခု မျှသာမက အင်္ဂါခြေလက် လှုပ်ရှားရာတိုင်း၌ပင် လက်ဝါးပေါ်က ပစ္စည်းနှစ်ခု ကိုင် တွယ်ကြည့်ရှုနေရသည့်ပမာ ပီပီပြင်ပြင် မြင်သိနေရတော့၏။

ဉာဏသည် ၎င်းကိုပင် ဆက်လက်၍ ရှုနေချေရာ...

သတိ၏ မှတ်ချက် မယူခင်က အသိက ရှေ့ရောက်လာပုံကိုလည်းကောင်း၊ ထိုအသိရှေ့ရောက်နေဆဲ မှတ်ချက်ပေးလိုက်က ရုပ်နာမ်ဖြစ်ပျက်ပုံ ပြန်သိနေပုံကို

လည်းကောင်း မြင်ရ၏။ အသိနှင့်အထိ၊ အထိနှင့်အသိ အပြန်အလှန် ချိတ်မိနေကြပုံ (သို့မဟုတ်) ကြောင်းကျိုးဆက်နေပုံကိုမြင်သိလာရခြင်း ဖြစ်၏။

အသိတိုးခြင်းသည် ဉာဏ်တက်ခြင်း ဆိုရာ...

ဉာဏကား မသိဖူး၊ မမြင်ဖူးသေးသော အသိမျိုး တိုး၍ မြင်သိလာပြီး ဖြစ်ရကား ဉာဏ်စဉ်တက်ပြီဟု ဆိုရ၏။ ထိုအခါ သဘော်သည် ရေမချမိ ခက်ခဲနေ၏။

ရေထဲ ရောက်သော် ရေစီးအားဖြင့်ပင် သွားနိုင်တော့သည့်ပမာ ဉာဏအဖို့ မဂ္ဂင်လမ်းမကြီးပေါ် ခြေချသာပြီဖြစ်ရကား လမ်းဆုံးသို့ ဆက်သွားရန် မခဲယဉ်းပြီ။

အသခ်တို့သည်လည်း ရှုကွက်တွင်းရှိ လှုပ်ရှားမှုများကို မြင်သိစ ပြုလာပြီဖြစ်၍ အားမွေးရန်သာ လိုတော့သည်။ အကျင့်မှန်ကား ဖြစ်နေပြီ။ အောက်ခရီး၏ မသိခြင်း တရားများထက်ကား အဆများစွာ သာလွန်နေပါသည်ကို အသခ်သဘော ပေါက်လာပြီကော။

## ခရီးစဉ်ကို သတိအမျှင်ဖြင့် တက်ရောက်ပါ

စတုတ္ထမြောက်နေ့။

အချိန်ရောက်သည်နှင့် ယောဂီအားလုံး သုဒ္ဒဿိဝယ် စုစည်းမိကြပြီးသား ဖြစ်နေနှင့်ကြပြီ။ ယောဂီတိုင်း အသိနှင့်အကျင့် ဆင့်ပိုးထမ်းထားလေကြရကား ထမ်းပိုးတပ် ဝန်ရှန်းနွားလားကြီးများပမာ ၎င်းတို့၏ ကိုယ်အမူအရာများ တစ်နေ့ တခြား ငြိမ်သက်လာကြ၏။ မည်သူကမျှ ငြိမ်ငြိမ်နေ မပြောရတော့ပြီ။ ယုတ်စွအဆုံး မိမိကိုယ်မိမိပင် ငါ ငြိမ်ငြိမ်နေမည်ဟူ၍ နှလုံးသွင်းဆင်ခြင်ရန် မလိုပြီ။

ကမ္မဋ္ဌာနာစရိယ[၁] ဆရာတော်သည် ပရိသတ်စုံလင်လောက်ပြီ ဟူ၍ ယူဆရသောအချိန်ပိုင်းမျိုးမှာမှ ကြွရောက်တော်မူလာ၏။

အားလုံးက ဂါရဝပြုကြ၏။

---

၁။ ကမ္မဋ္ဌာနာစရိယ – ရုပ်၊နာမ်တို့၏ဖြစ်ပျက်မှုကို စစ်ဆေးရာ၏ နည်းပြဆရာ။

အားလုံးပင် ဆယ်ပါးသီလ ခံယူဆောက်တည်ကြ၏။

ယောဂီတို့ကို မနေ့ကတော့ အင်အားတောင့်တင်းဖို့ နိုးဆော်ခဲ့ပြီးပြီ။ ဘယ်လို အဆီးအတားတွေ့တွေ့၊ ကြံ့ခိုင်မှုရှိအောင်ဆိုတာ အင်အားကောင်းမှကိုး။

သည်နေ့တော့ အားကောင်းလာရင် စခန်းစဉ် တက်ကြရအောင်။

– ဘယ်လို တက်ကြမလဲ။

– ယောဂီတို့လက်ထဲက သတိလေးတစ်လုံးနဲ့ ပွားပြီး တက်ကြရမယ်။

– ဘယ်အထိ တက်ကြရမလဲ။

– အမှန်တရားရဲ့ လမ်းဝပေါက် ရောက်သည်အထိ မနေမနား ပွားတက်ကြရမယ်။ ဒါကိုတော့ ဗောဇ္ဈင်လို့ ခေါ်တယ်။

ဗောဇ္ဈင်ဆိုတာ သစ္စာလေးပါး ထိုးထွင်းသိနိုင်ခြင်းရဲ့ အခြေခံအစိတ်အပိုင်းများလို့ ဆိုရတယ်။ ဘာတွေလဲ။

၁။ သတိသမ္ဗောဇ္ဈင်– သတိမှတ်အား တွင်တွင်းပွားခြင်း

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် – မှတ်အားတက်သဖြင့် သူ့လှုပ်ရှားချက် ပေါ်ထွက်လာခြင်း။

၃။ ဝီရိယ သမ္ဗောဇ္ဈင် – သူ့လှုပ်ရှားချက်၊ ဖြစ်ပျက်မြင်သဖြင့် ဝီရိယထား တိုး၍ပွားရခြင်း။

၄။ ပီတိသမ္ဗောဇ္ဈင် – ကိုယ့်စိတ်တိုင်းကျ ရှု၍ရသဖြင့် နှစ်သက်အားရ သဘောကျလာခြင်း။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် – နှစ်သက်အားကောင်းသဖြင့် ကိုယ်၊ စိတ်နှစ်ခု ချမ်းသာမှု ရလာခြင်း။

၆။ သမာဓိ သမ္ဗောဇ္ဈင် – ကိုယ်၊ စိတ် နှစ်ခု ချမ်းသာမှုရလာသဖြင့် စိတ်တည်ကြည်မှု ရလာခြင်း။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင် – စိတ်တည်ကြည်ချက် မလှုပ်ယှက်တော့သဖြင့် အရာရာဘာကိုမှ မမှု ဥပေက္ခာပြုနိုင်လာခြင်း။

သည်ခုနစ်မျိုးကတော့ အကျင့်လမ်းစဉ် တက်ရောက်ရာရဲ့ မြေပုံပဲ ဆိုပါတော့။

ယောဂီတို့…သည်အဆင့်အတိုင်း တက်နိုင်ရင် ဇောဓိပေါက် ရောက်ပြီသာ မှတ်ကြတော့။

မှားစရာ လမ်းမရှိတော့ပါဘူး။ သည်လမ်းကြောင်း တစ်ကြောင်းပဲ ရှိတယ်။ တက်ရမှာကလည်း သတိလေးတစ်လုံး ရှုကွက်ကြားကိုထား၊ တွင်တွင်ပွားပို့ပေးနေ ရုံပါပဲ၊ လွယ်လိုက်တာဗျာ။

## သူ့စခန်း အောင်,မအောင် သိလိုလျှင် အထက်တက်မေး

ယောဂီတို့…အခုပွားနေတဲ့ သတိသမ္ဗောဇ္ဈင်စခန်း အောင်,မအောင် သိလို လျှင်တော့ သူ့အထက်ရှိ ဓမ္မဝိစယသဘောသို့ သက်,မသက်နဲ့ ချိန်ကြည့်။

ဓမ္မဝိစယ ဆိုတာ လေ့လာပွားများစရာအဖြစ် ရှုကွက်တွင်းက လှုပ်ရှားဖြစ် ပျက်မှု၊ ဖြစ်သဘော ပျက်သဘောများ ပေါ်ထွန်းလာတာကို ဆိုတာ။

အဲ…မပေါ်လှာသေး အခုပွားနေတဲ့ သတိပွားပို့ခန်း တာဝန်မကျေသေးလို့ မှတ်ခဲ့။

တစ်ခါ ဓမ္မဝိစယ ဆိုတဲ့ တရားသဘောရဲ့ ဖြစ်ပျက်ပေါ် သတိပွားထုံမှု အောင်,မအောင် သိလိုလျှင်တော့ ဝီရိယနဲ့ လှမ်းထောက်။

ဆိုပါစို့…သတိအားနဲ့ တရားပွားထုံမှု အားကောင်းလာလျှင် ဖြစ်၊ပျက် သဘောတရားများ ထင်ရှားသထက် ထင်ရှားလာတော့မယ်။ သည်လို ကိုယ်တွေ့ အဖြစ်နဲ့ တပ်အပ်ထင်ထင် မြင်လာပြီ ဆိုလျှင်တော့ အယုံပိုလာပြီပေါ့။

အဲ…အယုံစွဲက အရဲပေါ်မှာလည်း သေချာပါတယ်။ ဖြစ်ပျက်အထုံ အယုံနည်းသေး၊ အရဲမပေါ်သေး မှတ်ခဲ့ကြပေရော့။

သည်နည်းအတိုင်း ရှေ့ဆက်ပြီး သူ့စခန်းသူ နိုင်နိုင်နင်းနင်းနဲ့ ပွားပို့မှုများ အရာထင်,မထင် သိလိုလျှင် သူ့အထက် သူ့အထက်နဲ့ချည်း ဖမ်းချိန်ရမယ်။

အဲ…ဝမ်းသာဝမ်းနည်း၊ ချမ်းသာ ဆင်းရဲဘာတွေ့တွေ့ အကောင်အထည် ရှာမတွေ့တော့ဘဲ သဘောမျှ ခဏမျှလို့ အပိုင်ဆုံးဖြတ်နိုင်လျှင်တော့ နောက်ဆုံး ပိတ် ဥပေက္ခာအဆင့်ရောက်ပြီ။ မြို့တော်ပေါက် ဝင်ရန် အဆင်သင့်ဖြစ်ပြီလို့ပဲ မှတ် ခဲ့ကြပေတော့။

အဲသည် ဥပေက္ခာအဆင့်ရောက်ရှိနေတဲ့ ယောဂီတို့မှာ...
မိမိဉာဏ်မျက်စိရှေ့ ဘာလာတွေ့တွေ့ သဘောမျှကိုချည်းလို့ မြင်လာတယ်။

(က)သည်တော့ မိမိကို လာရောက်ကြိမ်းမောင်းဆဲဆိုနေလည်း မတုန်လှုပ်တော့ဘူးပေါ့။ ငါ့လာစော်ကားနေတယ်လို့မှ မမြင်တော့တာ။

(ခ) မိမိရှေ့ရောက်လာပြီး မိမိတော်ကြောင်း ကောင်းကြောင်း ပြောနေလည်း မတုန်လှုပ်တော့ဘူး။ ငါ့လာပြောနေတယ်လို့မှ မမြင်တော့တာ။

အာရုံတွေ တိုက်ခိုက်လာလို့...

(က)မိမိဘက် စိုက်ကြည့်ပါက ဘာကို တိုက်နေတယ်လို့ မရှိတော့ဘဲ သဘောမျှချည်း တွေ့ရတော့မယ်။

(ခ) တစ်ဖက်အာရုံဘက် စိုက်ကြည့်လည်း ဘယ်သူဘယ်ဝါက လာတိုက်နေသည် မရှိတော့ဘဲ သဘောမျှချည်းတွေ့ရတော့မယ်။

တစ်ဖန် နှစ်ခုစလုံး မြဲသလား၊ စိုက်ကြည့်လိုက်စမ်း။

(၁) လှစ်ခနဲ ပေါ်၊ လှစ်ခနဲ ပျောက်ချည်းရဲ့ လှုပ်လှုပ်မျှသာ တွေ့နေရတော့သဖြင့် သည်သဘောမျှလည်း မမြဲသည်ကိုသာအပိုင်သိနေတော့မယ်။ သည်တော့ သေရမှာကိုလည်း မမှုတော့ဘူး၊ နေရမှာကိုလည်း မမှုတော့ဘူးပေါ့။

တစ်ဖန် နှစ်ခုစလုံးကောင်းသလား စိုက်ကြည့်လိုက်စမ်းဦး။

(၂) သဘောမျှလည်း ဖြစ်သမျှ အပျက်ကျကိုချည်း တွေ့နေရသဖြင့် မကောင်းမှန်း အပိုင်သိနေတယ်။ သည်တော့ လာမယ့်ဘဝလည်း မမျှော်လို၊ ယခုဘဝလည်း မစွဲလမ်းလိုတော့လို့ ဘာမှ မမှုတော့ဘူးပေါ့။

တစ်ဖန် နှစ်ခုစလုံး ပိုင်လို့လား၊ စိုက်ကြည့်လိုက်စမ်းဦး။

(၃) သဘောမျှရဲ့အဖြစ်ကနေ အပျက်သို့ သူ့လမ်းသူသွားနေသည်ကိုချည်း တွေ့ရတော့မယ်။ သည်အခါ သူစိမ်းတရုံဆံပမာမိမိအလိုမပါ

သော ဖြစ်အင်ကို အပိုင်သိ, သိလာရပြီ။ ဆိုပါတော့...သည်တော့ မိမိကိုလည်း အားမကိုး၊ သား မယား စသည်အပေါ်ကိုလည်း အားမကိုး၊ အဲ... အားမကိုးဖြစ်တော့ပိုင်ဆိုင်လိုမှု၊ သိမ်းပိုက်လိုမှုများလည်း ကင်းသွားပြီပေါ့။

ယောဂီတို့...အဲသည် သူတော်ကောင်းရဲ့ အတွင်းစိတ်ကို မှန်းကြည့်လိုက်စမ်း။ သူ့မှာ အကောင်းလည်း မရှိ၊ အဆိုးလည်း မရှိ၊ဘာနဲ့မှ မငြိတော့ဘူး။ ဘာဆိုဘာကိုမှ မစွဲငြိတော့လို့လည်း ဘာလောကစံနဲ့ တို့ခတ်ကြည့်ကြည့် ကျောက်ထည့်မထားတဲ့ ဓာတ်မီးခြစ်တစ်လုံးလို ဘာမီးမှ ထမပွင့်တော့ဘူး။ သည်တော့ အငြိအတွယ်လွတ်၊ ကောင်းကင်ပြင်ကြီးပေါ်မှာ အတောင်မခတ်ဘဲ လေဟုန်စီးနေတဲ့ ငှက်တစ်ကောင်လိုပဲ လွတ်လွတ်လပ်လပ်နဲ့ မလှုပ်မယှက်နေနိုင်ပြီပေါ့။ ယောဂီတို့...

သည်လိုဆို ဘုရား..

သူ အားလုံးကို ဥပေက္ခာရှု၊ ဘာလာလာ မမှုတော့ဘူးဆိုတော့ သူ ဆက်သွားရမယ့် ရှေ့ခရီး ဘာကိုအာရုံပြု ဆက်ရမလဲ ဘုရား။

အေး...ဒါ မေးထိုက်တဲ့ မေးခွန်းတစ်ခုပဲ။

ယောဂီတို့ နာကြားခဲ့ရတဲ့အထဲ ဘာရှုရှု သဘောမျှတစ်ခုပဲ တွေ့ရတော့တယ်ဆိုတာ ပါတယ်ထင်ပါ့။

မှန်ပါ့၊ ပါပါတယ်ဘုရား။

တစ်ခါ အဲသည်သဘောမျှလေးကို စိုက်ကြည့်လိုက်ပြန်တော့ မမြဲ၊ ဆင်းရဲသဘောပဲဆိုတဲ့ လက္ခဏာသုံးမျိုးလည်း ပေါ်နေတယ်လို့ ပါတယ် ထင်ပါ့။

မှန်ပါ့၊ ပါပါတယ်ဘုရား။

အဲသည် သဘောလက္ခဏာကိုပဲ အာရုံပြုကြ ယောဂီတို့။

သည်လိုမြင်နေသူ သူငါလည်း မရှိ၊ ယောက်ျား မိန်းမ စတဲ့ ပုံပန်းသဏ္ဌာန်လည်း မရှိဖြစ်နေပြီဆိုကတည်းက သည်လောကီနယ်ထဲက ထွက်ဖို့ လက်မှတ်ရနေပြီကိုး။

## မြို့တော်သို့ ဝင်ရာ တံခါးသုံးပေါက်

အဲ…သူ့ထွက်လက်မှတ်ကတော့ သူမြင်နေရတဲ့ သဘောပဲထဲရှိလက္ခဏာ သုံးချက်ပဲ ယောဂီတို့။ အဲသည် သုံးချက်ထဲမှာ…

(၁) အချို့က အနိစ္စရဲ့သဘောမျှဖြစ်တဲ့ မမြဲတဲ့သဘောကို အာရုံပြုရင်းက သည်ဘက်ရုပ်ဓာတ်၊ နာမ်ဓာတ်ကိုဖြတ်၊ ဟိုဘက် ဖျတ်ခနဲ ပြေးကပ်သွားကြတယ်။

(၂) အချို့က မိမိအမြင်သန်ဆုံး ဒုက္ခရဲ့ သဘောမျှအချက်ကိုပဲ လက်ကိုင်လုပ်ပြီး သည်ဘက်ကနေ ဟိုဘက် ရုတ်တရက် ခုန်ကူးသွားလေရဲ့။

(၃) အချို့ကျတော့ မိမိ အမြင်သန်ဆုံး အနတ္တရဲ့သဘောမျှအတွက်ကိုပဲ နင်းပြီးတော့ သည်ဘက်ကနေဟိုဘက် လွှားခနဲ ခုန်ထွက်သွားလေရဲ့။

သည်သုံးချက်က မဂ်၊ ဖိုလ်အာရုံပြုရင်းက နိဗ္ဗာန်ကိုဝင်ရာ လောကီဘက်မှ လောကုတ္တရာဘက်၊ အလွတ်အကျွတ်ထွက်ရာ ရုပ်၊ နာမ်တို့ရဲ့ ဖြစ်စဉ်သဘောမျှ အပေါ် ကိုယ်အမြင်သန်ရာသန်ရာ လက္ခဏာများတင်ပြီး ကူးရာ သုံးချက်ဖြစ်လို့ **ဝိမောက္ခ** သုံးပါးလို့လည်း အမည်ရတယ်။ နိဗ္ဗာန်ဝင်ရန်ရဲ့တံခါးသုံးပေါက်လို့ ဆိုကြပါစို့၊ ရှင်းကြပြီလား။

ရှင်းကြပါပြီ ဘုရား။

အေး…တို့ယောဂီတို့လည်း…

သည်ဓာတ်ရှင်ပွားပို့မှု စခန်းစဉ်အတိုင်း သတိအင်အား များများပွားပြီး ပညတ်သိ, သိနေရာမှ ပညတ်သိ ကင်းရာသို့၊ ပရမတ်သိ, မသိရာမှ ပရမတ်သိ, သိရာသို့ အရောက် တောက်လျှောက်သွားနိုင်ကြပြီး မဂ်စခန်း၊ ဖိုလ်စခန်း လမ်းလေးဆင့်တို့အထိ တစ်ဆင့်မှတစ်ဆင့် တက်လှမ်းနိုင်ကြပါစေ။

သာဓု…သာဓု…သာဓုပါ ဘုရား။

ယောဂီအားလုံး သုဒဿီမှ အမှတ်မလွတ် သွားဆဲ၏ အသွား ကမ္မဋ္ဌာန်း

---

၁။ ဝိမောက္ခ – အထူးလွတ်မြောက်သွားခြင်း။

ထိုင်လျက်က မိမိတို့အဆောင် ပြန်လာခဲ့ကြ၏။ ထိုပြန်လာခဲ့ခြင်းကား မဂ်၊ ဖိုလ် စခန်းသို့ သွားရန်တည်း။

ဉာဏရေ…လမ်းပြကတော့ လမ်းကို လက်ညှိုးထိုးပြထားတာ မှားစရာမရှိတော့သလောက်ပဲ။

အေး…လမ်းပြကောင်းလို့ လမ်းကြောင်းပေါ်လျက်သားနဲ့ တို့ဘက်က မစွန့်စားရင်တော့ တို့ညံ့ဖျင်းမှန်း လူတွေသိကုန်ကြရောပေါ့ကွာ။

အင်း…ငါးကြော်မြင်လျက်နဲ့ မနိုက်, ကြောင်မိုက်လို့တော့ အဆိုမခံနိုင်ဘူး။ ဉာဏ…နိုက်ဖြစ်အောင် နိုက်ဖို့ကိုတော့ ငါကြိုးစားမယ် ဉာဏရေ။

အေးကွယ်…သည်ဆန္ဒမျိုး ကိန်းနေလျှင် ကျိန်းသေပေါက် ရောက်တတ်ပါတယ်။ သွားလက်စ လမ်းစ ဖဝါးအောက်ကသာ မပျောက်ပါနဲ့။

ထို့နောက် မိမိတို့ရှုလက်စ တရားအာရုံဘက်သို့ စိတ်ရောက်သွားကြလေသဖြင့် စကားမပြောဖြစ်ကြပြီ။ (သို့မဟုတ်) ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် တစ်ယောက်တည်း တည့်အောင်ပေါင်းလာနိုင်ကြလေသဖြင့် အတွင်းစကား ပြောကြားနေခြင်း။

## မြို့တော်ကို အပိုင်သိမ်းလိုလျှင် မိုလ်များကို နိုင်အောင်ကြိုးကိုင်ပါ

ပဉ္စမမြောက်နေ့။

ယောဂီတို့…

သည်နေ့တော့ ဣန္ဒြေအကြောင်းကိုပဲ ဆွေးနွေးကြရအောင်။ ယောဂီတို့ဘက်က ဟောကွက်နဲ့ ကိုယ်တွေ့ တိုက်ဆိုင်ပြီးသာ နာယူကြပါ။ ဉာဏ်စကား၊ ဉာဏ်နားနဲ့ နားထောင်မှ အရသာပေါ်လွင်သလို ဒေသနာစဉ်ကိုလည်း ယောဂီတို့ရဲ့ ဖြစ်စဉ်နဲ့ဟပ်ပြီး နာယူတတ်ကြမှသာ လမ်းသွား မှားနေတယ်၊ မှန်လာပြီ ဆိုတာ သိနိုင်တယ်။ လိုသေးတယ်၊ ပိုသွားပြီဆိုတာလည်း သိနိုင်တယ်။ သို့မှသာ ချိန်ခွင်လျှာ အင်အားညှိပေးလို့ ရပါ့မယ်။

သည်မှာ ဣန္ဒြေဆိုတာ အစိုးတရ ပိုင်ဆိုင်ခြင်းကို ဆိုတာ။

သည် ဣန္ဒြေက အရပ်သုံး ဣန္ဒြေမျိုး မဟုတ်ဘူး၊ တရားစခန်းသုံး ဣန္ဒြေ။ ယောဂီတို့...အများနားလည်နေတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်များကို နိုင်နင်းအောင် စောင့်ထိန်းခြင်းဆိုတဲ့ ဣန္ဒြေက အရပ်သုံး။

သည်မှာကယောဂီတို့လက်ထဲမှာ ရှိနေတဲ့ ကိုယ့်ဗိုလ်များကို နိုင်နိုင်နင်းနင်း ကိုင်တွယ် အသုံးချပေးနိုင်တာကိုပဲ ဣန္ဒြေဆိုတာ။

(က)အရပ်ထဲက ကိုယ်ပိုင်ဣန္ဒြေ၊ ကိုယ့်ကိုယ်ကို ပိုင်ရတာကိုး။

(ခ) တရားစခန်းမှာက ဗိုလ်ကိုင် ဣန္ဒြေ၊ ကိုယ့်ဗိုလ် ကိုယ်ကိုင်ရမှာကိုး။

သည်ဣန္ဒြေငါးမျိုးကတော့ ဗိုလ်နေရာ အစားဝင်ထားလို့ ဗိုလ်အတိုင်း နေရာစဉ်ပေါ့။

## ဣန္ဒြေငါးပါး

၁။ သဒ္ဓိန္ဒြေ - ယုံကြည်ချက်များ ကိုယ်ပိုင်ဖြစ်လာခြင်း။

၂။ ဝီရိယန္ဒြေ - ရဲတင်းချက်များ ကိုယ်ပိုင်ဖြစ်လာခြင်း။

၃။ သတိန္ဒြေ - မှတ်အားမှတ်ချက်များ ကိုယ်ပိုင်ဖြစ်လာခြင်း။

၄။ သမာဓိန္ဒြေ - တည်ငြိမ်ချက်များ ကိုယ်ပိုင်ဖြစ်လာခြင်း။

၅။ ပညိန္ဒြေ -ခွဲခြားသိချက်များ ကိုယ်ပိုင်ဖြစ်လာခြင်း။

သည်လိုပဲ စဉ်ရမယ်။ ဗိုလ်အစား ဣန္ဒြေလို့ ပြောင်းလဲလိုက်ပြီး အင်အားသတ္တိဆိုတဲ့အစား ယင်းအင်အားသတ္တိကို အပိုင်စား ရထားခြင်းလို့ပဲ အဓိပ္ပာယ်ဖော်လိုက်ရုံပဲ။

ဘယ်လို အပိုင်စား ရထားကြသလဲ။

ယောဂီတို့...ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်တွေ့ မပေါ်ခင်တုန်းကဆိုရင် ဆရာသမားများ ဟောတာ ပြောတာ၊ ပို့ချတာကိုပဲ အယုံထားပြီး တကယ်ဟုတ်လို့ ဟောတာပဲလို့ အတွေးနဲ့ပဲ ယုံခဲ့ရတယ်မဟုတ်လား။ သည်လို ယုံဖို့ ကိုယ်က အတွေးလေးနဲ့ ချော့ပြီး မျှားခဲ့ရတယ် မဟုတ်လား။

ဟော...အခုတော့ ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ တိုက်ရိုက်တွေ့လာကြရပြီမို့...

(၁) ယောဂီတို့က ယုံလိုက် ယုံလိုက်လို့များ ခိုင်းပေးရသေးလား။
ကိုယ်တွေ့ကြုံမို့ သူ့တိုက်တွန်းဖို့ မလိုတော့ပါဘုရား။
(က) အေး…သည်သဒ္ဓါနိုးကြားဖို့ကတော့ ဆရာသမားများထံ ချဉ်းကပ်ပြီး တရားနာခဲ့ရတယ်ပေါ့။
(ခ) အဲ…နိုးပြီးသဒ္ဓါ ခိုင်မြဲဖို့ကျတော့ သည်လိုကိုယ်တိုင်တွေ့အောင် ကြိုးစားမှုကိုး။

တစ်ဖန် ယောဂီတို့ ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်တွေ့ မတွေ့သေးလို့ 'အယုံနည်းပါးနေတုန်းက ဆရာသမားတွေကဘယ်အချိန်ဘာလုပ်၊ ဘယ်အချိန်မရောက်ခင် မနားရနဲ့ အမိန့်ထုတ် ခိုင်းကြရတယ်။ ဟော…ခုတော့ ယုံကြည်ချက်က အလိုလို ယုံပေးနေသလို ဝီရိယများကလည်း…

(၂) ဘေးပတ်ဝန်းကျင်က အားထုတ်တော့အချိန်ကျပြီလေနှိုးဆော်ပေးရသေးရဲ့လား။
အခါမလင့် အကျိုးပေးအတိုင်း အကျိုးခံစားခွင့် ဒိဋ္ဌရနေလို့။
'ဘယ်သူကမှ လာခိုင်းရ၊ လာနှိုးရ မရှိတော့ပါဘုရား။

တစ်ဖန် ယောဂီတို့ရွာထဲမှာ အမှုမဲ့အမှတ်မဲ့ နေနေခဲ့ကြရာမှ သည်တရားစခန်းကျတော့ အမှတ်မလွတ်အောင် စတင် ကြိုးစားကြရတယ်။ သည်တုန်းကများ မှတ်ပါဟဲ့ဆို မေ့သွားပြီ၊ မလွတ်စေနဲ့ဆို လွတ်သွားပြီ၊ ရှေ့စိတ် နောက်စိတ်က ခိုင်းပေမယ့် မရချင်ခဲ့ဘူး မဟုတ်လား။

ဟော ခုတော့…

(၃) ယောဂီတို့က ဟိုမှာ ဝင်လာပြီ၊ မှတ်လိုက် မှတ်လိုက်၊ ဟိုမှာ ထွက်သွားပြီ မှတ်လိုက် မှတ်လိုက်လို့များ လက်တို့ရသေးလား။
တစ်ချက်မှတ် တစ်ချက်ချမ်းသာသွားမှန်း အတတ်သိနေတော့ အကပ်ခိုင်း၊ အမှတ်ခိုင်းနေစရာ မလိုတော့ပါဘုရား။

တစ်ဖန် ယောဂီတို့ ယခင်ကများ ရှုကွက်ထဲအသိလေး အမြဲကပ်နေဖို့ အမျိုးမျိုး ကြိုးစားပေးခဲ့ကြရတယ် မဟုတ်လား။ ဟော…အခု မှတ်အားတွေက အလိုလို မှတ်ပေးနေလို့ စိုက်ကျနေဘော့။

(၄) ယောဂီတို့က စိတ်ကလေးကို သည်မှာနေ၊ သည်မှာနေလို့များ နေရာချပေးရသေးလား။

တစ်ခုကောင်း အရသာတွေ့နေလို့ အခွာခိုင်းလို့တောင် မရတော့ပါဘုရား။

တစ်ဖန် ယောဂီတို့ ယခင်အားထုတ်ခါစများကဆို တရားသဘောသိချင်မြင်ချင်လွန်းလို့ အောက်မေ့စိတ်ကလေး အတွင်းပို့ပို့ထားပြီး ဘယ်လိုနေလဲ၊ ဘယ်လိုနေလဲ စနည်းနာခဲ့ကြရတယ်။ အဝင် ဘယ်လိုလဲ၊ အထွက် ဘယ်လိုလဲနဲ့လည်း အမေးခိုင်းပေးရသေးတယ်။

(၅) ဟော...အခုတော့ မေးနေရသေးလား။

သူ့ပိုင် အလုပ်ဖြစ်သွားလို့ မမေးဘဲနဲ့ အဖြေပေးနေပါပြီ ဘုရား။

အေး...ဒါဟာ သဒ္ဒါကစ အင်အားငြါးမျိုးတို့ကို ယောဂီတို့က ပိုင်နိုင်လာကြတော့တာရယ်၊ ဒါကိုပဲ ဣန္ဒြေဆိုရတယ်။ တပ်မှူးကြီး သဒ္ဒါကမှ မခိုင်းဘဲ ယှံနေတော့ ကျန်တာတွေလည်း မခိုင်းရဘဲနဲ့ သူ့အလုပ် သူလုပ်၊ သူ့တာဝန် သူကျေ ဖြစ်ကုန်ကြတာပေါ့။ ဒါ အရှိန်ပြင်းလို့ အတင်းထိုးတက်လာကြတဲ့သဘောပဲ။

သည်လိုနေရာမျိုး မရောက်ချင်ကြဘူးလား ယောဂီတို့။

ရောက်ချင်လွန်းလို့ သည်စခန်း လာရောက် ကြိုးစားနေကြတာပါဘုရား။

အေး...ရောက်ချင်, ဘုရင်ဖြစ်အောင် ကြိုးစားကြပေရော့။

ဘုရင်ဖြစ်ဖို့က ဘယ်လို လုပ်ရမတုံးဘုရား။

ယောဂီတို့လက်ထဲက ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ ဆိုတဲ့ တန်ခိုးအရာ တာဝန်ခံများကို ဆုပ်ကိုင်ထားနိုင်လျှင် ဘုရင်ပေါ့။ ဘုရင်ဖြစ်လျှင် သဒ္ဒါစတဲ့ သူတို့က မင်းခစားထုံးစံအတိုင်း အောက်ခြေကနေ သူတို့အလုပ် သူတို့ ကုန်းကြုံးလုပ်ကရောပေါ့ ယောဂီတို့။

သဘောပေါက်ကုန်ကြပါပြီ ဘုရား။

အေး...ဆန္ဒအားကြီး ပြင်းပြလာလျှင် ဘာမဆို လိုတ,ရပြီလို့ မှတ်ခဲ့ကြ။

## ဣန္ဒြေရင့်,မရင့် မိုလ်ချင်းဆင်ကြည့်

တစ်ဖန် ယောဂီတို့ရဲ့လက်ထဲရှိ သဒ္ဓါစတဲ့ သည်ဣန္ဒြေငါးချက် ရင့်ကျက်ဖို့ လိုလာတယ်။ သူတို့ရင့်ကျက်မှ ကမ်းတစ်ဖက် ကူးခွင့်ရတယ်။ ဝေဒနာဥပေက္ခာပြုနိုင်လို့ လက်မှတ်ရဆိုပေမယ့် သည်နေရာ လက်မှတ်ပျောက်တတ်သေးတယ်။

အဲ...ရင့်, မရင့် သိလိုလျှင်...

(က)သဒ္ဓါနဲ့ ပညာ တို့အတွဲအင်အားချင်း ညီ,မညီ စစ်ဆေးကြည့်ရမယ်။

(ခ) သမာဓိနဲ့ ဝီရိယအတွဲလည်း အင်အားချင်း မျှ,မမျှ အသုံးချကြည့်ရမယ်။

အသုံးချပုံက ရှုကွက်တွင်း သတိသွင်းပြီး စူးစိုက်မှတ်ပေးနေ၊ မှတ်အားမှန်လာတဲ့အခါ...

(က)ပညာက ဖြစ်ပျက်စုံ အကုန်ခွဲခြမ်းသိပေး ပြနေပြီ။ သဒ္ဓါက ဒါတွေ့နေကျ ဆိုပြီး အယုံနည်းနေရင် ဘယ်တောင်ပံ တိုက်စစ်ရဲ့ ရှေ့တန်းက မိုလ်နှစ်ဦး နေရာလုနေကြလို့ အတွဲမညီသေး၊ မှတ်ခဲ့။

(ခ) တစ်ဖန် သမာဓိက အေးအေးဆေးဆေးနဲ့ မလှုပ်မယှက် တည်ပေးထားတယ်။ သူ့ရဲ့တွဲဘက် ဝီရိယက လှိုင်းလုံးကြီးများပမာ ဆင့်ကဲဆင့်ကဲ ကြိုးစားမပေးလျှင်လည်း ညာတောင်ပံက မိုလ်နှစ်ဦး အချင်းချင်း အစွမ်းပြနေကြလို့ အတွဲမညီသေးဘူးပေါ့။

အဲသည်မှာက သဒ္ဓါနဲ့ ဝီရိယက ယခင် ဦးဆောင်မိုလ်နှစ်မျိုး စကတည်းက ပါခဲ့ကြရတာ။

သမာဓိနဲ့ ပညာက ယခုနောက်တက်မိုလ်နှစ်မျိုး၊သဒ္ဓါနဲ့ ဝီရိယအားကောင်းမှ ဖြစ်ကြရတာ။

သို့ပေမင့် သည်အဆင့်မြင့်စခန်း ရောက်လာတော့ နောက်တက်မိုလ်လေးတွေက စွာကျယ်စွာကျယ် လုပ်လာပြန်တယ်။ သမာဓိက အေးလွန်း တည်လွန်းလာလို့ ဝီရိယရဲ့ ကြောင့်ကြပူ မဝင်သာ။

ပညာက ဘာမဆို အကုန်သိလွန်းလာလို့ သဒ္ဓါက အယုံနည်း ဖြစ်လာ

တယ်။ သည်တော့ လက်ရှိသဒ္ဒါ၊ ဝီရိယဗိုလ်များက မင်းတို့ချည်းထဲ မြို့တော်သိမ်းလို့ရ၊ သိမ်းကြည့်ကြစမ်းကွာ ပမာ အလုပ်မလုပ်တော့ဘဲ လက်ပိုက်ကြည့်နေကြပါရော။ တာဝန်တစ်ခု ဗိုလ်နှစ်ဦးကျ တွဲ လုပ်ရမှာကို ဗိုလ်,ဗိုလ်ချင်း ဗိုလ်ကျမခံလိုလို့ သူတို့ဝင်မလာရင် တစ်ဖက်စောင်းနင်းဖြစ်ကရော။ အဲ...တစ်ဖက်စောင်းနင်းဖြစ်နေသမျှ မြို့သိမ်းလို့ မရသေးဘူး။ သည်တော့ ၎င်းတို့ ရင့်ကျက်လာသည်အထိ အင်အားချင်း ညီသည်အထိ အားမွေးကြပေရော ယောဂီတို့။

(၁) သမုဒ္ဒရာတစ်ဖက်ကမ်းကို စက်သင်္ဘောနဲ့ သွားမည့်သူက အိပ်ရေးမပျက်ရဲ့ အားမွေး။

(၂) သမုဒ္ဒရာ တစ်ဖက်ကမ်းကို လှေနဲ့ပဲ ကူးမည့်သူက အစားကောင်းကောင်း ကျွေး၊ အားမွေး။

(၃) အဲ...သမုဒ္ဒရာပြင်ကို လက်ပစ်ကူးမယ့်သူကတော့ အိပ်လည်း အိပ်၊ စားလည်း စား၊ အချိန်လည်း များများထားပြီး အားမွေး။

ဒါ အောက်ခြေကစပြီး မှတ်အားစပ်သူ၊ စူးစိုက်သူ၊ အဖြစ်မှန်သိသူ သုံးမျိုးတို့ရဲ့ အားမွေးရပုံပါပဲ။

## ပင်လယ်မကူးမီ ဆေးစစ်ခံကြရဦးမည်

ယောဂီတို့...

(က)သည်ဥပေက္ခာပြုနေရာဟာ **ဒွိဟိတ်**[1]၊ **တိဟိတ်**[2] ခွဲတဲ့ နေရာလို့ ဆိုတယ်။

(ခ) သည်ဥပေက္ခာပြုနေရာဟာ ဆုကြီးပန်နဲ့ နောက်ယောင်ခံ ခွဲတဲ့နေရာလို့ ဆိုတယ်။

(က)ဒါန စတဲ့ ပါရမီတော်ဆယ်ပါး၊ ကုသိုလ်တရား ကြိုးစားစဉ်ကာလတုန်းက...

---

၁။ ဒွိဟိတ် - အကြောင်းခံ နှစ်ခုသာပါခြင်း။

၂။ တိဟိတ် - အကြောင်းခံ သုံးခုပြည့် ပါခြင်း။

(၁) သဒ္ဓါအားကြောင့် ရွှင်လန်းတက်ကြွနေမည်–သောမနဿ။
(၂) မိမိပြုသမျှ ကုသိုလ်အပေါ် သတိမလွတ် ဆင်ခြင်ဝတ်ကလည်း ပမျက်ဘူး – ဉာဏသမ္ပယုတ်။
(၃) သူတစ်ပါး လာအလှူခံလို့၊ ခိုင်းလို့၊ တိုက်တွန်းလို့ ပြုတာမျိုး မဟုတ်၊ အသင်္ခါရိက ဆိုတဲ့ မိမိ၏ စေတနာသက်သက် ထက်လွန်းလှသဖြင့် သည်သုံးချက်နဲ့အညီ အလိုလို ပြုလုပ်ခဲ့ပါသည်။ သည်လိုပြုလုပ်တဲ့အခါ…

သည်သုံးချက်ထဲက (၁) အမှတ်ကြောင့် တဏှာနဲ့ ဒေါသ မဝင်ရဘူး၊ (၂) အမှတ်ကြောင့် မောဟလည်း ဝင်မရဘူး။ (၃) အမှတ်ကြောင့် အရှိန်ကောင်းကောင်းနဲ့ လမ်းကြောင်းကြီးမှ လမ်းဆုံးအထိ အရှိန်မသေစေရဘူးမို့ – တိဟိတ်စိတ်နဲ့ တိဟိတ်ပုဂ္ဂိုလ်။

အကယ်တိတိ အမှတ် (၂) ချို့တဲ့နေခဲ့လျှင်တော့ ဒွိဟိတ်စိတ်နဲ့ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်သွားပြီ။

မဟာကုသိုလ်ပြုစဉ်က သည်လို အမှတ်ပါ၊ အမှတ်မဲ့ ကွာခြားလာလေတော့ သည်ကုသိုလ်အကျိုးပေး ခံစားလှည့်ကျတော့လည်း တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်ရယ်လို့ ကွဲသွားကြရတယ်။

သည်ဥပေက္ခာပြုစခန်း ရောက်တဲ့အခါ သည်အကွဲ နှစ်ကွဲဟာ…

(၁) တိဟိတ်ပုဂ္ဂိုလ်သာ တစ်ဖက်ကမ်း ကူးခွင့်ရတယ်၊ ကူးလိုက အောင်မြင်တယ်။
(၂) ဟော… ဒွိဟိတ်ပုဂ္ဂိုလ်ကျတော့ ကူးတော့မလိုလိုနဲ့ ပြေးသွားလိုက်၊ အားအရှိန်မကောင်းသေးလို့ ပြန်လာလိုက်နဲ့ ချာလည် ချာလည်ပဲ။ ကြာတော့ကာ မထူးဇာတ်ခင်းရတော့တာပါပဲ။

ယောဂီတို့…ကုသိုလ်ပြုစဉ်က သတိလေး တစ်လုံး ပါ၊မပါလေး က ဗျာ။ သည်ဥပေက္ခာစခန်းကနေ မင်္ဂကူးတဲ့နေရာမှာ အလွန်စကားပြောတယ်။ ကုသိုလ်ပြုတဲ့အခါ သတိထားခဲ့ကြပါ၊ ကိုယ်ပိုင်သတိလေး ဒါနပြုတဲ့အထဲဆားပမာ ထည့်ခပ်ပေးပြီး ကုသိုလ်ယူတတ်ခဲ့ကြပါ။

(ခ) ဟော တိပိဋကကြီးတွေတော့ တိပိဋကကြီးတွေပါပဲတဲ့။

(၁) သမ္မာသမ္ဗောဓိဆု – ဘုရားအဖြစ် ဆုပန်ထားရှိပြီး ပါရမီ စုနေတဲ့ ပုဂ္ဂိုလ်။

(၂) အဂ္ဂသာဝက ဆု – သူဘုရားဖြစ်မှ လက်ဝဲရံ၊ လက်ယာရံအဖြစ် ဆုပန်ထားကြတဲ့ ပုဂ္ဂိုလ်။

(၃) မဟာသာဝကဆု – သူ ဘုရားဖြစ်မှ တေဒဂ်ဘွဲ့ ကိုယ်စီနဲ့ လိုက်ကြရန် ဆုပန်ထားကြတဲ့ ပုဂ္ဂိုလ်။

သူတို့သုံးဦးကတော့ လျော့ကြိုစီးခွင့် မရဘူး ယောဂီတို့။

သည်မှာက ဘုရားနဲ့ မတွေ့ပေမယ့် ကျွတ်တန်းဝင်မယ့် လူရင့်မာတို့ ကျွတ်တန်းဝင်လိုက ဝင်နိုင်ရန် ဘုရားရှင်**အာဏာနဲ့ သာသနာ**ထားရှိခဲ့ရာ နောက်ပိုင်း သာသနာနဲ့ တွေ့တုန်း ဝင်ခွင့်ရ**တွေလောက်ပဲ။ အဲသည်** ဝင်ခွင့်ရတွေကျတော့

(၄) **ပကတိ သာဝက ဆုပန်သမားများက** ဆရာနည်းခံပြီး ဝင်ကြ။

(၅) ပစ္စေက ဗုဒ္ဓါများကတော့ လူမသိ သူမသိ တစ်ဦးတည်းကြည့်၊ တစ်ဦးတည်း သိပြီး ဝင်။

သည်လိုဝင်ကြရတယ်။ ဆုအားလုံး ပေါင်းလိုက်တော့ နိဗ္ဗာန်ဝင် ဆုငါးမျိုးလို့ မှတ်ခဲ့။

## နိဗ္ဗာန်ဝင်ရာ၏ ကျွတ်ဆုငါးမျိုး

၁။ သမ္မာသမ္ဗောဓိ – ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်သိဖြင့် ဘုရားအဖြစ် ခံယူပြီး ဝင်သည်။

၂။ ပစ္စေက ဗောဓိ – တပည့်ကား မခံ၊ သူ့နည်းကျန်လေး မှိုပြီး သီးခြားနေ၍ ဝင်သည်။

၃။ အဂ္ဂသာဝက – ဘုရားမပွင့်မီ ပါရမီဖြည့်ပေးပြီး ပွင့်သောအခါ ဝဲ၊ ယာရံအဖြစ်ဖြင့် အပူဇော်ခံပြီးမှ ဝင်သည်။

၄။ မဟာသာဝက – ဘုရားမပွင့်မီ ပါရမီဖြည့်ပေးပြီး ပွင့်သောအခါ အမြတ်ဆုံးဘွဲ့ ခံယူကာ ဝင်သည်။

၅။ ပကတိသာဝက – ပုဂ္ဂိုလ်စွဲမရှိ မိရာပါရမီဖြည့်ပေးပြီး မိရာသာသနာနှင့် ရောစ္စဝင်သည်။

(က) သည်ဆုငါးမျိုးထဲ ဘုရားဆုက ကိုယ်ကိုယ်တိုင် ဆရာဆို၍ စာကြည့်၊ ပေကြည့်မှုပင် မရှိဘဲ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်းသိ,သိသော ဆုကြီးရှင်ဖြစ်လို့မို့ **သမ္မာသမ္ဗောဓိ**[၁]– ဆုရှင်ဆိုရမယ်။ ကိုယ်တိုင်လျှင် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်ကို ထိုးထွင်းသိသူ ဆိုရမယ်။

(ခ) **ပစ္စေက**[၂]ဆုက ကိုယ်တိုင်ထိုးထွင်းသိကား မှန်၏။ သို့သော် ရှေးရှေးဘုရားရှင်များနှင့် အရိယာကြီးများ ထားခဲ့တဲ့သုတသာသနာကို နည်းမှီလေ့လာပြီး သိမှသာ သိရလို့မို့ သမ္မာ–ကိုယ်ပိုင်ဆိုတာမပါတော့ဘဲ ကိုယ်တိုင်သိဖြစ်တဲ့သမ္ဗောဓိဆုရှင်လို့ပဲဆိုရတယ်။

(ဂ) **သာဝက**[၃]ဆုသုံးမျိုးက ဘုရားထံတော်ပါး၌ ဖြစ်စေ အရိယာနှင့်ဆရာသမားထံ၌ ဖြစ်စေ တပည့်ခံပြီး ပမာထမင်းစားဖို့ သွားမပေါ်ရှာသေးတဲ့ကလေးငယ်၊ မိခင်၏ ဝါးဖတ်ကို စောင့်ပြီး စားရသလို ကန့်ကူလက်လှည့်ပြပေးမှ သိခွင့်ရလို့ ဗောဓိဆုရှင်လို့ပဲ ဆိုရတော့တယ်။ သမ္မာရော၊ သံရော၊ ပြုတ်စင်ကျန်နေရစ်ခဲ့ပြီ။ ဒါက ရှေ့သွားနဲ့ နောက်လိုက်တို့ ကွဲပုံ။

ယောဂီတို့ ရွှေစစ်,မစစ် မှတ်တင်ကြည့်ဆဲကာလမျိုးလို အားထုတ်ဆဲကာလမှာလည်း ကိုယ့်ဝီရိယာအသုံးမတင်းလို့ ဖျင်းတာကို ဆုကြီးပန်မို့ ထင်ရဲ့၊ ဆုထူးပန်မို့ ထင်ရဲ့နဲ့ ထင်တစ်လုံးကိုင်မထားကြနဲ့ဦး။ နောက်ပြီး ငါကတော့ ဒီသမားနဲ့ ကူပါတယ်။ တိသမားဆို အခုလောက်ကြာရင် တိခနဲပြတ်ပြီပေါ့လို့လည်း

---

၁။ သမ္မာ – ကိုယ်တိုင်၊ သမ္ဗောဓိ – အမှန်ထိုးထွင်းသိခြင်း

၂။ ပစ္စေက – သီးခြား။

၃။ သာဝက – နောက်လိုက်တပည့်။

တူလည်း ကိုင်မထားကြနဲ့ဦး။ အချို့ရက်၊ အချို့လ၊ အချို့နှစ်အထိ ဖိဖိစီးစီး ကြိုးစားကြည့်ပြီးမှသာ ဆုံးဖြတ်။ သည်နေရာက ကြာတတ်တယ်။

တို့ယောဂီတွေ...ယနေ့တော့ ဣန္ဒြေငါးမျိုး၊ သည်ငါးမျိုး ရင့်ကျက်လာဖို့ စောင့်ဆိုင်းပြီး အားမွေးရပုံများကို ဒေသနာစဉ်နဲ့ ကျင့်စဉ် ထင်ဟပ်၍ ပြခဲ့ပြီးပြီ။

တို့ယောဂီများလည်း သည်စခန်းအရောက် သည်တံခါးပေါက် ဝင်ခါနီးလေးမှာ ဣန္ဒြေကြီးကြီး အားညီညီမိုးလျက်က ခရီးလမ်းဆုံးဘက် တက်နိုင်ကြပါစေ။

သာဓုသာဓုသာဓုပါဘုရား။

## အားလုံးပေါင်း၍ တစ်ကြောင်းတည်း သွားကြရအောင်

ဆဋ္ဌမမြောက်နေ့။

ဉာဏ၊ အသင်တို့၏ အားထုတ်ရက်ကား တစ်ပတ်အတွင်း ချဉ်းနင်းဝင်လာခဲ့ကြပြီ။ ထိုအတွင်းဝယ် ဉာဏကား မလှုပ်မယှက် ရင့်ကျက်သောအသွင်ကို ဆောင်လာ၏။ အသင်မှာမူကား မျက်စိပျက်ပျက် မျက်နှာပျက်ပျက် ဖြစ်နေတော့သဖြင့် ယနေ့ကြည့်ရသည်မှာ မျက်နှာငယ် အမူအရာပင် ဖြစ်နေ၏။

ဉာဏရယ်...ငါ့မှာလေ...

ရုပ်–အားကိုးမယ့်ကြဲတော့လည်း မမှတ်ရသေးဘူး၊ ကုန်သွားပြီ။ ရုပ်ရယ်လို့ မကျန်ခဲ့တော့ဘူး။

နာမ်–အားကိုးမယ့်ကြဲတော့လည်း မှတ်မှ မတင်ရသေးဘူး၊ သူ မရှိတော့ဘူး။

ငါ့ကိုယ်ငါ ငုံ့ကြည့်မိတော့လည်း လက်ရယ်၊ ခြေရယ် သဲသဲကွဲကွဲ မတွေ့ရတော့ဘဲ ရေးရေးပဲ တွေ့ရတော့ပြန်တယ်။ ငါ ပျောက်နေပြီ။ ငါ နေလို့မကောင်းတော့ဘူး ဉာဏ။

ဒါ အရှိတရားပဲ၊ ဆက်လိုက် သူငယ်ချင်း၊ မင်းရဲ့တာဝန်က...

(က)ကောင်းတာတွေ့လည်း တွေမနေနဲ့၊ ဘာကောင်းတာလဲ ဆိုပြီး သူ ကောင်းပုံကောင်းနည်းနဲ့ ကောင်းဖြစ်ပျက်မြင်အောင် ရှုပေးနေရမယ်။ ဒါမှ ဩော်...ဒီလိုကိုး ဖြစ်လာမှာပေါ့။

(ခ) ဆိုးတာတွေ့လည်း တွေမနေနဲ့၊ ဘာဆိုးတာလဲဆိုပြီး သူ့ဆိုးပုံ ဆိုးနည်းများနဲ့ ဆိုးဖြစ်ပျက်များကို မြင်အောင် ရှုပေးနေရတယ်။ ဒါမှလည်း ဩော်...ဒီလိုကိုး၊ နောက်ဆုံးမှတ်ချက်ချလို့ ရမှာပေါ့။

(ဂ) အဲ...မကောင်းမဆိုးလေးတွေ့လည်း တွေမနေနဲ့၊ ဘာမျိုးလဲ ဆိုပြီး သူ့သဘောထားကို အတွင်းသရုပ်ပုံစံနဲ့ သူ့ဖြစ်ပျက်ကို မြင်အောင်သာ ရှုပေးနေရမယ်။ ဒါမှလည်း နောက်ဆုံး မှတ်ချက်ချသာမှာပေါ့။

အသခ်ရေ...ဒါတွေက လမ်းမှာတွေ့ရမယ့် သမားရိုးကျ အဖုအထစ်များလို့သာပဲ မှတ်ကွဲ အသခ်။

ဉာဏသည် အသခ်၏ အားငယ်နေမှုကို အားပေးတိုက်တွန်းလိုက်၏။ ဖြစ်စဉ်၏ အကြောင်းရင်းကိုလည်း သိနေ၏။

- နို့...မင်းမှာကော ဒါမျိုး ဖြစ်ဖူးသလား ဉာဏ။

- သည်လမ်းသွားသူတိုင်း သည်မြင်ကွင်း ဘယ်သူမဆို တွေ့နေကျပဲ အသခ်။ အေး...မင်းပြောတော့လည်း ဒါ တရားရဲ့သဘောဆိုတာ ငါရိပ်မိလာတယ်။

- တရားဆိုတာကိုက အဲသည် သဘောလေးများကို ပြောတာ မဟုတ်လား အသခ်၊ အဲသည်သဘောလေးများကို ရိပ်မိတာကိုပဲ တရားသိတယ်လို့ ဆိုတာ။ တို့လောကမှာ ခေါင်းတုံး ဆိုတာ ရိတ်မိလို့ ပြောင်တာကိုပဲ ခေါ်ကြရသလိုသည်မှာလည်းပဲ ရိပ်မိဉာဏ်ကြောင့် သူ့သဘောလေးများ ပြောင်ပြောင် ထင်းထင်း ရှင်းရှင်းကြီး သိလာရတာကိုပဲ တရားသဘောပေါက်တယ်လို့ ဆိုရတယ် အသခ်။

အသခ်၏ ထိုအမြင်ကား သူ၌ တွေ့မြင်နေရသော ဘင်္ဂဉာဏ်အုပ်စုပိုင်း၏ မိမိ ခန္ဓာပျက်ကို ကြည့်၍ ကြောက်ရွံ့ထိတ်လန့်လာခြင်း၊ အပျက်နှင့်ချည်း ရင်ဆိုင်နေရသဖြင့် ဘဝအပေါ် ငြီးငွေ့လာခြင်း၊ ဘဝကို လိုချင်လှသဖြင့် ရယူထားခဲ့၊ ကြိုးစားမိခဲ့သော မိမိ၏ အပြစ်ကို မြင်လာခြင်းများကြောင့် ဝိပဿနာ၏ သဘောဓမ္မတာအရ ဖြစ်ပေါ်နေခြင်းသာ ဖြစ်၏။ တဏှာကြောက်ကား မဟုတ်၊ သံဝေဂကြောက်တည်း။

နေ့ ၂း၀၀ နာရီထိုးပြီဖြစ်သဖြင့် ဗဟိုသုဒဿီ ဓမ္မာရုံကြီးမှ ကြေးစည်သံ၊

ခေါင်းလောင်းသံများ၏ ပင့်ဖိတ်သံများ ပေါ်ထွက်လာ၏။ ယောဂီအားလုံးပင် လှုပ်ရှားလာကာ ဝင်းကြီးကား အသက်ဝင်လာသည်ထင်ရ၏။ တိတ်ဆိတ်ခြင်းဖြင့် စင်းစင်းကြီး ဖြစ်နေရသော ဝိမုတ္တိရသာရုံ ဝင်းကြီးကား တစ်နေ့လျှင် စားချိန်နှင့် တရားနာချိန်များတွင် အသက်ဝင်ခွင့်ရခဲ့ချေပြီ။

## ဗောဓိပက္ခိယ ၃၇ ပါး

ယောဂီတို့...

သည်နေ့တော့ ပြီးခဲ့တဲ့ ဒေသနာစဉ်များကို စာရင်းချုပ်ကြည့်ကြစို့။

ယောဂီတို့ပထမနေ့က နာကြားခွင့်ရခဲ့တဲ့ ဒေသနာတော်စဉ်က...

"မဂ္ဂင်ရှစ်ပါးပါ ဘုရား"

၁။ ဒုတိယ – ဗိုလ်ငါးပါးပါဘုရား။

၂။ တတိယ – ဗိုလ်ခွဲများဖြစ်ကြတဲ့ ဣဒ္ဓိပါဒ် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ သတိပဋ္ဌာန် လေးပါးပါ ဘုရား။

၃။ စတုတ္ထ – ဗောဇ္ဈင်ခုနစ်ပါးပါ ဘုရား။

၄။ ပဉ္စမ – ဣန္ဒြေငါးပါးပါ ဘုရား။

အားလုံးပေါင်းကြည့်လိုက်ရင် ၃၇ ပါးတိတိ တွေ့ရလိမ့်မယ်။

(က)သည် ၃၇ ပါးက သစ္စာသိဖို့ချည်း ဖြစ်ကြလို့ **ဗောဓိ ပက္ခိယ**[၁] တရားလို့ ဆိုရတယ်။

(ခ) သည် ၃၇ ပါး တစ်ပါးပါး မချို့ယွင်းမှုလည်း သစ္စာဆိုက်သမို့ ဗောဓိပက္ခိယစုလို့လည်း ဆိုရတယ်။

ဒါ ယောဂီတို့ သွားနေတဲ့ ကြားလမ်းသုံး ရိက္ခာနဲ့ ကိရိယာတန်ဆာပလာများပဲ မှတ်ရမယ်။ တစ်ဖန် အဲသည် ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကို တူရာတူရာ ပေါင်းလိုက်ရင် မဂ္ဂင်ရှစ်ပါးထဲမှာချည်း အကျုံးဝင်သွားလိမ့်မယ်။ သတိတူ၊ ဝီရိယ

---

၁။ ဗောဓိ ပက္ခိယ – သစ္စာ ထိုးထွင်းသိရန်၏ အဖို့အစုများ

တူ စသည်တွေ တူရာ ပေါင်းကြည့်ပေါ့။ လူတွေ ဘယ်လောက်များများ အားလုံး ပေါင်း ယောကျ်ားနဲ့ မိန်းမလိုပေါ့။

တစ်ဖန် အဲသည် မင်္ဂလာရှစ်ပါးကိုလည်း သဘောတူ အုပ်စုဖွဲ့လိုက်တော့ ပညာ၊ သီလ၊ သမာဓိရယ်လို့ သုံးအုပ်စုပဲ တွေ့ရပေလိမ့်မယ်။

သည် သုံးအုပ်စုကိုပဲ လိုရင်းအနှစ်ချုပ်လိုက်တော့…

(က)စရဏ[၁]– ကျင့်စဉ်ဘက်ကနေ အနှစ်ချုပ်လိုက်ရင် သတိတစ်လုံးပဲ ရှိပါလိမ့်မယ်။

(ခ) ဝိဇ္ဇာ[၂]– သိစရာဘက်ကနေ အနှစ်ချုပ်လိုက်ရင်တော့အသိတစ်လုံး ပဲ ဆိုကြပါစို့။

ကဲ…ယောဂီတို့၊ တို့ဘက်က ယောဂီတို့ကို စကားများများ ပြောခဲ့သလား။ သည်နေ့ပါ၊ ခြောက်ရက်ပေါင်းမှ တစ်ခွန်းတည်းသော စကားပါပဲ ဘုရား။

ဘာတစ်ခွန်းလည်း ယောဂီရဲ့။

တပည့်တော်တို့ အကျင့်သမားဘက်က ပြောရရင် သတိထားဆိုတဲ့စကား တစ်ခွန်းပါ ဘုရား။

အေး…မှန်သွားပြီ၊ နေရာကျဖို့ပဲ လိုတော့တယ်၊ ရှေ့ဆက်စို့။

တစ်ဖန် အဲသည် သတိလေးတစ်လုံး နှာသီးဝပေါ် တင်ပေးထားလိုက်ရင် ကောဗျာ။

မင်္ဂလာ၊ ဗိုလ်၊ ဗောဇ္ဈင်၊ ဣန္ဒြေ၊ ဣဒ္ဓိပါဒ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် အားလုံး ပါဝင်နေကြပါပြီ ဘုရား။

တစ်ခုတလေလေးလောက်မှ ကျန်မနေရစ်ဘူးလား ယောဂီရဲ့။

ဗောဓိပက္ခိယ အားလုံး မကျန်တဲ့အပြင် ၎င်းတို့နောက်က သစ္စာများပင် ရောက်နေကြပါ သေး ဘုရား။

---

၁။ စရဏ - အကျင့်

၂။ ဝိဇ္ဇာ - အသိ

- ဒါတော့ လွန်လွန်းသွားပြီထင်တယ် ယောဂီရဲ့။
- မလွန်လွန်းပါ ဘုရား။
- ဘာ့ကြောင့်တုံးဗျာ။

(၁) သည်ခန္ဓာကြီး အသက်ရှင်ရေး၊ ဝင်လေ ထွက်လေ ပင့်ရှူပေးနေရတာကိုက ဒုက္ခ[၁]အမှန်ပါ ဘုရား။

(၂) သည်ခန္ဓာကြီး မပစ်ရက်နိုင်လို့ ရှူသွင်း ရှူထုတ် လုပ်ပေးနေရလို့လည်း သမုဒယ[၂]ပါ ဘုရား။

(၃) ဝင်တယ် ထွက်တယ် တစ်ချက်မှတ်၊ တစ်ချက် သမုဒယနဲ့ ဒုက္ခပြတ်နေတော့ **နိရောဓ**[၃]လည်း ပါပါတယ်ဘုရား။

(၄) ဝင်တယ် ထွက်တယ် အမှတ်မပြတ် ပွားဖို့ ပေးနေတော့ မဂ္ဂင်ရှစ်ပါး မဂ္ဂ[၄]သစ္စာများလည်း ပါဝင်နေပါတယ်ဘုရား။

ဒါဖြင့် ယောဂီတို့ရဲ့ နှာခေါင်းထိပ်၊ နိဗ္ဗာန်အထိ တရားပြည့် ရှိနေတယ်ဆိုတာ အပိုင်သာ မှတ်ခဲ့ကြပေရော့။

## ပယ်စရာ သုံးမျိုးရှိ၍ သိက္ခာသုံးဆင့် ထားရသည်

ယောဂီတို့ ...

မဂ္ဂင်ရှစ်ပါးကို ဘာကြောင့် သုံးအုပ်စု ဖွဲ့ပေါင်းပေးထားရသလဲ ဆိုရင်တော့ ကျင့်ရမယ့်အုပ်စု၊ တည်ရမယ့်အုပ်စု၊ သိရမယ့်အုပ်စုရယ်လို့ တာဝန်က သုံးခု၊ ဘာလဲဆို ...

ကျင့်ရာမှာက ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး သတိမပြတ် ရှုမှတ်ပေးနေရတာ။

---

၁။ ဒုက္ခ - မကောင်းသဖြင့် ဘူးဖြိုခြင်း။
၂။ သမုဒယ - တူးဖြိုနေရာဒွိကပ်နေခြင်း။
၃။ နိရောဓ - အတူးအဖြို ရပ်သွားခြင်း။
၄။ မဂ္ဂ - တူးဖြိုမှု ရပ်ရန် တားဆီးပေးခြင်း။

၁။ ကိုယ်လှုပ်ရှားမှုသာ သတိပါပြီး နှုတ်ဖွင့် စိတ်ကြံများမှာ သတိမပါလျှင် အကျင့်မပြည့်စုံဘူး။ နှုတ်ဖွင့်ကိုသာ သတိပြုပြီး စိတ်ကြံ ကိုယ်လှုပ်များ လွှတ်ထားလျှင်လည်း အကျင့်မပြည့်စုံဘူး။ စိတ်ကြံကိုသာ သတိထားပြီး ကိုယ်လှုပ် နှုတ်ဖွင့်များ ဟာနေလျှင်လည်း အကျင့် မလုံလောက်ပြန်ဘူး။ သို့ကြောင့် သီလအုပ်စုမှာ သုံးခု တွဲပေးထားရတယ်။ သုံးယောက်ပေါင်း လောင်းကျော်ဆိုတာကိုး။
တည်ရာမှာက ကပ်လည်းကပ်၊ မှတ်လည်း မှတ်၊ ထပ်လည်း ထပ်ပေးမှ တည်စေတာ။

၂။ အသိတော့ ကပ်ထားတယ်၊ သတိအမှတ် မပြတ်မှတ်ဖို့လည်း လစ်ဟင်းနေလည်း မရဘူး။ သတိလည်း မှတ်ပေးနေတယ်၊ နောက်မှနေ ထပ်ပြီး ကြောင့်ကြစိုက်အား ဝီရိယမပါလည်း မရဘူး။ သို့ကြောင့် သမာဓိ အုပ်စုမှာ ဝါယမ၊ သတိ၊ သမာဓိရယ်လို့ သုံးခုတွဲပေးထားရတယ်။
သိရမှာက အဝေးသိမှ အနီးသိအထိ ဆွဲယူနိုင်မှ ကွဲပြားစေတာ။

၃။ သိတော့သိ၊ မြင်တော့မြင်၊ အနီးကပ်သိနဲ့ ကပ်ကြည့်ခွင့်မရ၊ အသိမပြည့်စုံဘူး။ သို့ကြောင့် ပညာအုပ်စုမှာ သမ္မာဒိဋ္ဌိအပြင် သမ္မာသင်္ကပ္ပပါ နှစ်ခုတွဲပေးထားရတယ်။
တစ်ဖန် ဘာဖြစ်လို့ သုံးအုပ်စုတွဲထားရသလဲ ထပ်မေးရင်တော့ ပယ်ရမယ့် ကိလေသာအဆင့်ကိုက သုံးဆင့် သဘောကွဲနေလို့လို့ ဖြေရမှာပဲ။

## ကိလေသာ သုံးဆင့်

၁။ ဝီတိက္ကမ[၁] ကိလေသာ – အားကြီးလှသဖြင့် ကိုယ်၊ နှုတ်အထိ ထွက်ရောက် လွန်ကျူးခြင်း။

---

၁။ ဝီတိက္ကမ – ကိုယ်လှုပ် နှုတ်ဖွင့် လွန်ကျူးမှု။

၂။ **ပရိယုဋ္ဌာန**[၁] ကိလေသာ – အား အလတ်စားဖြစ်သဖြင့် စိတ်ထဲမှာသာ ထိုးကျင့်နေခြင်း။

၃။ **အနုသယ**[၂] ကိလေသာ –နူးညံ့လွန်းလှသဖြင့် ဘဝနှင့် သဏ္ဌာန်ကြား ပုန်းကွယ်နေခြင်း။

သည်လို ကိလေသာသဘောထားက သုံးမျိုးကွဲနေကြတယ်။ တည်နေရာများကပါ လိုက်ကွဲနေတာကိုး။

သည်တော့ ယောဂီတို့ဘက်ကလည်း...

၁။ ကိလေသာ ထိန်းမနိုင် သိမ်းမရဖြစ်လာပြီး အပြင်ထွက်လာရင် သီလ အုပ်စုနဲ့ ဆီးဖျက်။

၂။ အတွင်းကနေ မထိတထိ ဆွပေးနေရင်တော့ သမာဓိအုပ်စုနဲ့ အတွင်း ဝင်ဖျက်။

၃။ အတွင်းအပြင် ပြတ်လို့ လက်ငုတ်ချည်း ကျန်နေရင်တော့ ပညာနဲ့ အဆင့်ဆင့် နုတ်ပယ်။

ဒါ သိက္ခာနဲ့ ကိလေသာတို့ စစ်ထိုးတဲ့ စစ်မြေပြင်ပဲ။

## ကိလေသာ ပယ်နည်း သုံးမျိုး

တစ်ဖန် ကိလေသာပယ်နည်းကျပြန်တော့လည်း သုံးမျိုးပဲ တွေ့ရလိမ့်မယ်။

၁။ သိက္ခာသုံးရပ် အကုန်ဝင်ပြီး **တဒင်္ဂပဟာန်**[၃] (ခေါ်) ခေတ္တဝင်၍ နယ်သိမ်းခြင်း။

၂။ သိက္ခာသုံးရပ် အကုန်ဝင်ပြီး **ဝိက္ခမ္ဘနပဟာန်**[၄] (ခေါ်) အာရုံလွှဲ၍ နယ်သိမ်းခြင်း။

---

၁။ ပရိယုဋ္ဌာန – စိတ်တွင်းမှ လွန်ကျူးမှု။

၂။ အနုသယ – ခန္ဓာဝပ်ကိန်းနေမှု။

၃။ တဒင်္ဂ – အခိုက်အတန့်၊ ပဟာန – ပယ်လိုက်ခြင်း။

၄။ ဝိက္ခမ္ဘန – ရှောင်လျက်က၊ ပဟာန – ပယ်လိုက်ခြင်း။

၃။ သိက္ခာသုံးဆင့်အားကုန်မြင့်ပြီး **သမုစ္ဆေဒပဟာန်**[၁] (ခေါ်) မဂ်ဖြင့် ပယ်ဖြတ်၍ နယ်သိမ်းခြင်း။

သည်သုံးမျိုးကိုတော့ ပယ်နည်း (ပဟာန်) သုံးမျိုးလို့ မှတ်ခဲ့။

၁။ အဲသည်မှာ ယောဂီတို့ ခန္ဓာ ဘယ်နေရာကနေမှတ်မှတ်...

– မှတ်တယ်ဆိုရင်ပဲ မေ့နေတယ်ဆိုတဲ့ မောဟ ဝင်နိုင်သေးလို့လားဗျာ။

– ဝင်ခွင့်မရတော့ပါဘုရား။ သူဝင်ခွင့် မရတော့လျှင်သူ ရှိမှ ဝင်ခွင့်သာတဲ့ ချစ်, မုန်းနှစ်ပါးတို့ကော။

– သူတို့က ပိုမဝင်နိုင်ပါသေး ဘုရား။

– သည်လိုဆို တစ်ချက် မှတ်လိုက်ပြီ။

အာရုံဟောင်းများဆိက ကိလေသာ ချစ်, မုန်းနှစ်ပါးတို့ကော အတွေးနဲ့လာသေးလား။

"မလာတော့ပါ ဘုရား"

ဒါကတော့ အတွင်းနေ ကိလေသာဟောင်းများကို တဒင်္ဂပယ်လိုက်ခြင်းလို့ ဆိုရတယ်။

၂။ အဲသည်တစ်ချက် မှတ်နေတုန်း...

– ယောဂီတို့ရဲ့ စိတ်၊ အာရုံသစ်များဆီကော ချစ်လို၊ မုန်းလိုရေးနဲ့ ပြေးနိုင်သေးလို့လား။

"ပြင်ပရှိ အသစ်များဆီလဲ မပြေးတော့ပါဘုရား"

ဒါကတော့ ပြင်ပရှိ ကိလေသာသစ်တို့ကို ရှောင်ပယ်, ပယ်တဲ့အသစ် လက်ခံပြီး မဆက်ဆံတဲ့ ဝိက္ခမ္ဘနပဟာန်ဆိုရတယ်။

၃။ သည်လိုတတိတတိ ပွန်းပြတ်, ပြတ်စေပြီး နောက်ဆုံးသူ့အားမရှိသူ့အား ချည့်နေပြီး ကိုယ့်ဘက်က ဗိုလ်ကြီးတွေက အားပြည့်လာပြီဆိုရင် မဂ်ကိစ္စနဲ့ ယတိပြတ် သတ်ချပစ်လိုက်နိုင်ရင်တော့ သမုစ္ဆေဒပဟာန်ဖြစ်သွားပြီ၊ သည်မဂ်ကိစ္စ ပြည်မှာလဲပဲ...

---

၁။ သမုစ္ဆေဒ – အပြတ်၊ ပဟာန – ပယ်လိုက်ခြင်း။

(က) မဂ်တစ်ချက်နဲ့ အပြတ်ဖြတ် အပါယ်သံသရာက ကွင်းလုံးကျွတ်အလွတ်။

(ခ) မဂ်နှစ်ချက်တွဲနဲ့ အပြတ်ဖြတ် ကာမသံသရာက ကွင်းလုံးကျွတ်အလွတ်။

(ဂ) မဂ်လေးချက်နဲ့ အပြတ်ဖြတ် ဘဝသံသရာက ကွင်းလုံးကျွတ်အလွတ်။

သို့ကြောင့် ယောဂီတို့ ယခုကြိုးစားနေကြတဲ့လောကုတ္တရာစီးပွားက တစ်ခဏာစာ စီးပွားမျိုးလည်း မဟုတ်ဘူး။ တစ်ဘဝစာစီးပွားရေးမျိုးလည်း မဟုတ်ဘူး၊ သံသရာအဆုံးထိ အကျိုးပေးခံစားရမယ့် စီးပွားရေးပဲ။ မရှိတဲ့ ပန်းတိုင်၊ မသိတဲ့ ပန်းတိုင်၊ မမြင်တဲ့ ပန်းတိုင်များနဲ့ တခြားစီပဲ။

တို့ ယောဂီအားလုံးလည်းပဲ ကိလေသာအကျင့်၊ အယုတ်မျိုး သုံးဆင့်တို့ကို မဂ္ဂင်အကျင့် အမြတ်မျိုးသိက္ခာသုံးဆင်းဖြင့် အားနည်းအောင် ဖြတ်၊ အားပြတ်တော့ လှဲနိုင်ကြပြီး မဂ်အဆင့်ဆင့်တို့ဖြင့် **အပါယ**[၁]၊ **ကာမ**[၂]၊ **ဘဝ**[၃]တို့မှ ကျွတ်ခွင့်ရကြပါစေ။

"သာဓု ... သာဓု ... သာဓုပါ ဘုရား"

ယနေ့ အလုပ်ပေးတရားသည် ပြီးခဲ့သော ဒေသနာစဉ်များနှင့် ကျန်သေးသော သူ့ဘွဲဘက်များကို လက်ကျန်ရှင်းအဖြစ် အားလုံး တံမြက်လှည်းပေးလိုက်ခြင်းပင် ဖြစ်၏။

တစ်ဖန် ထွက်ရပ်ပေါက်ဟူသော သံသရာမှ ထွက်မြောက်၍ မအို၊ မနာ၊ မသေဟူသော ရပ်တည်ခြင်းသို့ ပေါက်ရောက်ခြင်း၏ လမ်းမတော်ကြီးကို အဝင်အဝအထိ လက်ညှိုးထိုးပြလိုက်ခြင်းလည်း ဖြစ်၏။

ဤအတွင်းထဲ၌ ဒါနဖြင့် တဏှာသဟ်လျက်က တစ်ဖက်ကမ်း တာစူခြင်း၊ သီလ၊ နိက္ခမ၊ ခန္တီ၊ သစ္စာ၊ မေတ္တာ၊ ဥပေက္ခာ၊ အဓိဋ္ဌာန်၊ ဝီရိယ၊ ပညာများဖြင့် တဏှာ

---

၁။ အပါယ - ချမ်းသာခြင်းကင်းရာ။

၂။ ကာမ - လိုရာအကျိုးခံစားခွင့်ရရာ။

၃။ ဘဝ - ဖြစ်စဉ်အမျှင်တန်းမပြတ်ဆက်နေရာ။

သတ်လျက်က တစ်ဖက်ကမ်း တာရုခြင်းဟူသော ပါရမီ [၁] ဆယ်ပါးလည်း ဌာပနာပြီးသား ဖြစ်သွားတော့၏။ အဘယ့်ကြောင့်ဆို ပညာပါရမီဖြင့် တရားကျင့်လေသူ၌ အောက်ခံအစုံ အကုန်ပါပြီး ဖြစ်နေတော့၍တည်း။

## သစ္စာ ချစ်ရာက စသည်

သတ္တမမြောက်နေ့။

သုဒဿီ၏ အချက်ပေး ကြေးစည်ခေါင်းလောင်းသံတို့ကား အချိန်မှန်လှ၏။ အချိန်ကောင်း ခေါ်သော သာသနာတော် ထွန်းကားနေချိန်ကို စက္ကန့်မျှ လက်မလွတ်စေလိုသော အဓိပ္ပာယ်ကို ဆောင်လေဟန်ရှိ၏။

အချိန်သည် အမြဲရှိ၏။ ဘဝသည်လည်း အမြဲရှိ၏။ စက္ကန့်ဖြင့် အချိန်ပြောင်းခြင်း၊ အစွဲဖြင့် ဘဝပြောင်းခြင်းမျိုးသာ ရှိ၏။ လောက၌ အချိန်မဲ့ ဘဝမဲ့ဟူ၍ မရှိခဲ့။

သာသနာကား အမြဲမရှိချေ။

လောက၊ သတ္တဝါ၊ အချိန်တို့ဖြင့် ကမ္ဘာသစ်တစ်ခု ဖြစ်ပေါ်လာသော်မှလည်း ဘုရားတစ်ဆူတစ်ဆူကျ လိုက်ပါလိုက်ပါ ပွင့်ပေါ်ခြင်းကား ကမ္ဘာတိုင်း၌ မရှိချေ။

ကမ္ဘာပေါင်း အဟောင်းပျက်လိုက် အသစ်တည်လိုက်ဖြင့် အရေအတွက်ကား အသင်္ချေ လေးခုနှင့် အစွန်းထွက် တစ်သိန်းပင် တိုင်ခဲ့သည်။

ထိုအတွင်း ပွင့်ပေါ်သော ဘုရားပေါင်းကား နှစ်ဆယ့်ရှစ်ဆူမျှသာ ရှိခဲ့ချေသည်ကို နှိုင်းယှဉ်ကြည့်က သိသာ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင်းဝယ် ဘုရားပွင့်နှုန်းကား ဆယ်ဂဏန်းမျှသာ။

သို့ကြောင့် ဘုရားပွင့်နေသော အခါကာလကို အချိန်ကောင်းဟူ၍ သတ်မှတ်ရ၏။ အမှားနှင့်အမှန် သိလာရခြင်း၊ အမှားတွေ့ရှောင်၊ အမှန်တွေ့ ဆောင်နိုင်

---

၁။ ပါရမီ - သံသရာတစ်ဖက်ကမ်းသို့ အကူးလေ့ကျင့်နေခြင်း။

လာခြင်းများကြောင့် လင်းနေသော အချိန်မျိုးဟု ဆိုအပ်၏။ ထိုအလင်းချိန်ကို သုဒ္ဒသီ၏ ကြေးစည်ခေါင်းလောင်းသံတို့က အချက်ပြလျက် ရှိနေချေပြီ။

ယောဂီပရိသတ်များအားလုံး စုလင်နေကြပြီ။ အမှတ်မပျက် မှတ်နေရာမှ ပင် ကမ္မဋ္ဌာနာစရိယဆရာတော်ဦးဆန္ဒာဓိက၏ ယနေ့နောက်ဆုံးရက် တရားတော် ကို အထူးမျှော်လင့် စောင့်စားလျက်ရှိကြ၏။

နက်ဖြန်ဆိုသော် ရှစ်ရက်သီတင်းတည်း။

သန်ဘက်ဆိုသော် ဆရာအလှည့်ပြောင်းတည်း။

မကြာမီ ဦးဆန္ဒာဓိက ကြွရောက်လာ၏။ သီလပေးခြင်းဖြင့် တရားစဉ် ကို အခြေတည်လိုက်၏။

ယောဂီတို့...

သည်နေ့တော့ သစ္စာအကြောင်းက စတင်ဆွေးနွေးကြရအောင်။ သစ္စာ ဆိုတာ အမှန်တရားကို ဆိုတာ။ သည်အမှန်က အများသဘောတူ လက်ခံထားလို့ မှန်တဲ့ အမှန်မျိုးလားဆိုတော့ မဟုတ်ဘူး။ လက်ခံသည်ဖြစ်စေ၊ လက်မခံသည် ဖြစ် စေ၊ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ သဘာဝအားဖြင့်ပင် မှန်နေတဲ့ သဘောတရား **သစ္စာ**[၁] ပဲ။

လူ့ဘစ်မျိုးတည်းလောက် မှန်တဲ့ ဓလေ့မှန်မျိုးလည်း မဟုတ်ဘူး။

ဘာသာ တစ်ဘာသာတည်းမှန်တဲ့ ထုံးတမ်းမှန်မျိုးလည်း မဟုတ်ဘူး။ လူ ဖြစ်ဖြစ်၊ နတ်ဗြဟ္မာပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် ရှိရှိသမျှ သတ္တဝါအားလုံးနဲ့ ကိုက် ညီနေရမယ့် သစ္စာမျိုးပဲ။ ကိုက်ညီနေမှလည်း သစ္စာအစစ်လို့ မှတ်ခဲ့။

လူနဲ့တော့ မှန်ပါရဲ့၊ အခြားတွေနဲ့ကျတော့ လွဲနေတယ်ဆို သစ္စာမဟုတ် သေးဘူး၊ သူတို့ဗုဒ္ဓဘာသာတွေနဲ့သာ ကိုက်တာပါ၊ တို့နဲ့ကျတော့ မကိုက်သေး ဆို ရင်လည်း သစ္စာမစစ်သေးလို့ပဲ။

---

၁။ သစ္စာ - သဘာဝက အမှန်ကိုပြနေခြင်း။

## သစ္စာလေးပါး မှန်တရား လူသားတိုင်းမှာ ရှိသည်သာ

အဲသည် သစ္စာတရားများကတော့...

၁။ ဒုက္ခသစ္စာ – ဝဋ်သုံးပါးကြား လည့်ပတ်နေရခြင်းသည် ဆင်းရဲခြင်း။

၂။ သမုဒယသစ္စာ – ဝဋ်သုံးပါးဖြစ်ပွားခြင်း၏အကြောင်းရင်းဖြစ်သော တဏှာသုံးကွင်း၌ စွပ်မိနေခြင်းကို ခင်မင်နေခြင်း။

၃။ နိရောဓ သစ္စာ – တဏှာသုံးပါး မဂ္ဂင်ပွားဖြင့် တားနိုင်ခြင်းကြောင့် ချုပ်ပြတ်သွားခြင်း။

၄။ မဂ္ဂသစ္စာ – တဏှာချုပ်ပြတ် ဝဋ်စုရပ်ရန် မပြတ်ပွားနေခြင်းဖြင့် ဆီးတား သုတ်သင်ခြင်း။

သည်လေးပါးတို့ဟာ အရိယာ[၁]တို့သာ မြင်နိုင်ကြလို့ အရိယာသစ္စာလို့ ကင်ပွန်းတပ်ထားသော်လည်း သတ္တဝါအားလုံးတို့မှာရှိတဲ့ အမှန်တရား သစ္စာတွေပဲ၊ ဘယ်သူမှ မလွတ်ကင်းနိုင်ကြတဲ့ အမှန်တရားပဲ။

၁။ လေးမျိုးထဲမှာက...

(က) ဒုက္ခနဲ့ သမုဒယသစ္စာနှစ်ပါးကိုတော့ ပုထုဇဉ်သားတိုင်း နှစ်သက်ကြည်ဖြူစွာ လက်ခံကျင့်သုံးနေကြလေရဲ့။ နိရောဓ၊ မဂ္ဂကိုတော့ ရှိပြီး သုံးရကောင်းမှန်း မသိကြဘူး။

(ခ) နိရောဓနဲ့ မဂ္ဂနှစ်ပါးကိုတော့ အရိယာလောကမှာ အမြဲအစွဲ လက်ကိုင်အဖြစ် အသုံးပြုလျက်ရှိနေကြတယ်။ သမုဒယ၊ ဒုက္ခ များကတော့ အချို့ရှိသေးတယ်။ သို့သော် မသုံးဖြစ်ကြဘူး။ နိရောဓ၊ မဂ္ဂတို့ဘက် စိတ်မဲတင်းနေကြလို့။ သည်လောက်ပဲ ကွာပါတယ်။ အားလုံးမှာ လေးမျိုးစလုံး ရှိနေကြပါတယ်။

တစ်ဖန် ပုထုဇဉ်သားများမှာ မျိုးရိုးကို မှီလို့၊ နီးရာပတ်ဝန်းကျင်ကို မှီလို့ လူမျိုးတွေ၊ ဘာသာတွေ ဘယ်လောက်ကွဲပြားနေပါစေ...

---

၁။ အရိယာ – ရန်သူကို ရန်သူလို သဘောထားဆက်ဆံသူ။

– လမ်းသွားရင်းက ခလုတ်တိုက်မိ၊ ကုလားမကြီးကတောင် ဒုက္ခ ဒုက္ခ တဲ့ဗျာ။

– ခရီးသွားရင်းက သားကလေး ကားတိုက်ခံရသတဲ့ဆို တရုတ်မကြီး ကတောင် ငါ့သားလေးတော့ ဒုက္ခရောက်ပါပြီတဲ့ဗျို့။

ကိုယ့်ဘုရားများက မဟောခဲ့လို့ မယုံကြည်ရင် မယူရင်သာ ရှိရမယ်၊ လက်ခံပြီးသားကတော့ ဖြစ်နေကြပြီ။ ဒုက္ခနဲ့ သမုဒယသစ္စာများက ထုံးစံနဲ့ ဓလေ့ကို ဘယ်တော့မှ ငဲ့မနေဘူး။ ဆင်းရဲမှာ ဆင်းရဲမှာပဲ၊ ခင်တာ ခင်တာပဲ။

တို့ယောဂီတွေ ဆိုပါတော့...

၁။ မိမိတို့ အလွန်ချစ်ခင်မြတ်နိုးတဲ့ မိသားစုများနှင့် တကွဲတပြားဖြစ်နေရချိန်မျိုးမှာ...

(က) စိုးရိမ်ပူဆွေး၊ မငိုကြွေးရဘူးလား...
ငိုကြွေးကြရပါတယ် ဘုရား။

(ခ) သူ့ဂုဏ်ဖော်ပြ တမ်းတမနေဘူးလား...
တမ်းတလို့လည်း မဆုံးကြပါဘုရား။

(ဂ) ကိုယ်လက်ခွေနွမ်း မပင်ပန်းရဘူးလား...
ကိုယ်ပင်ပန်းမှုကလည်း မလွတ်ကြပါဘုရား။

(ဃ) စိတ်စွဲအားကြီး မတားဆီးနိုင်လို့ စိတ်ကောမပန်းဘူးလား...
စိတ်နလုံးလည်း မသာယာတော့ပါဘုရား။

(င) မငို၊ မရှိုက်၊ အတွင်းလှိုက်လှိုက်ပြီး ကြောင်တောင်တောင်ကော မနေဘူးလား...
ကြောင်နေပါတယ် ဘုရား။

– ဒါတွေဟာ ဒုက္ခအတုလား၊ အစစ်လား ယောဂီတို့။
ဘယ်သူမှ မလွတ်ကင်းနိုင်ကြတဲ့ ဒုက္ခအစစ်ချည်းပါဘုရား။

– ယောဂီတင်ပဲလား၊ အားလုံးလား။
သတ္တဝါဆိုရင် ဘယ်သူမှ သည်ဒုက္ခနဲ့ မကင်းကြပါဘုရား။

- **ဗဟုဿုတ**[၁] တွေမို့ လွတ်သလား။

ဗဟုဿုတဝင် ဆိုပြီးတော့လည်း ဒုက္ခကတော့ သမုဒယရှိနေရင် မညှာပါ ဘုရား။

၂။ တစ်ဖန် မိမိတို့ အလွန်မုန်းတီး၊ စက်ဆုပ်လှတဲ့ ရန်သူ့လက်ထဲရောက် နေချိန်မျိုးမှာကော သည်သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါ ယာသ ငါးချက်က လွတ်ပါ့မလား။

ဒါလည်းပဲ ဘယ်သူမဆို မလွတ်နိုင်ကြပါဘုရား။

- ဗဟုဿုတဝင်တွေကော...

ဘုရားစကားအတိုင်း မလိုက်နာသေးလျှင် အမည်ခံရုံနဲ့ မလွတ်နိုင်ကြပါ ဘုရား။

၃။ ဒါမှမဟုတ် ဆွေမျိုးသေဆုံးလို့၊ စီးပွားအဖျက်ဆီးခံလိုက်ရလို့၊ ရော ဂါ ဒဏ်ရာများ ရနေလို့ ဆိုတဲ့အခါမျိုးမှာကော သောက၊ ပရိဒေဝ စတဲ့ သည်ငါးချက်နဲ့ ကင်းကင်းနေနိုင်ပါ့မလား။

- ဒါလည်းပဲ သတ္တဝါတိုင်း သည်ကိစ္စမျိုးများနဲ့တိုး ပိုဆိုးမှာချည်းပါ ဘုရား။

ဒါတွေကတော့ ပြင်ပဒုက္ခ၊သူပေးလူပေးဒုက္ခမို့ ထား၊ ရှိပါစေဦး။

၄။ ယောဂီတို့ မိခင်ဝမ်းဗိုက်ထဲက ထွက်လာတုန်းက ငိုပြီး ထွက်ခဲ့ရတာ လား၊ ရယ်ပြီး ထွက်ခဲ့ကြရတာလား။

"ငိုပြီး ထွက်ခဲ့ရတာချည်းပါပဲ ဘုရား"

- ငိုပြီးထွက်ခဲ့ရပုံထောက်တော့ ချမ်းသာခဲ့လို့ ထင်ပါရဲ့။

"အာ...ဘယ်ကလာ၊ အကြီးအကျယ် ဆင်းရဲခဲ့လို့ ငိုကြရတာပါဘုရား"

၅။ အသက်အရွယ် ကြီးရင့်လာလို့၊ ခြေမသယ်နိုင် လက်မသယ်နိုင် ဖြစ် လာမယ်၊ ဆံဖြူသွားကျိုးလာလို့ ဘယ်သူကမှလည်း လူအရာမသွင်း တော့ဘူး၊ သွားကျိုးတော့ စားလိုတာ မစားနိုင်၊ အစမချက်တော့

---

[၁] ဗဟုဿုတ - ဘုရားစကားသက်ဝင်ယုံကြည်သူ။

လည်း စိတ်ရှိတိုင်း မစားနိုင်၊ မျက်စိမွဲလာလို့ကြည့်ချင်တာ မကြည့်ရ နားမကြားတော့လို့လည်း သူတစ်ပါး စကား ကြားနာခွင့် မရတာမျိုး တစ်ခုမဟုတ်တစ်ခုတော့ တိုးမိမှာ သေချာလှပါတယ်။

"သည်အခါမျိုးမှာကော ချမ်းသာပါ့မလား"

"ဆင်းရဲလှပါတယ် ဘုရား"

"နောက်ဆုံး မိသားစုကြီး ပစ်ပြီး သေမယ်ဆိုရင်ကောဗျာ"

"ဒါဆိုရင်တော့ ဘယ်သူမဆို မချိတင်ကဲနဲ့ပဲ လက်စသိမ်းသွားရပါလိမ့်မယ် ဘုရား"

"ဝါးလုံးရှည်နဲ့ ဆွဲမယမ်းနဲ့လေး"

တခြားဘာသာတွေမှာ နည်းကောင်းရှိတယ်၊ ဒါလောက်တော့ ကျော်နိုင်မှာပါ။

"အရှင်ဘုရား၊ သေခြင်းတရားရဲ့ ဒုက္ခကိုတော့...

– လေယာဉ်ပျံနဲ့ သွားသူဟာ လေယာဉ်စက်ကောင်းတုန်းသာ စေလိုရာ စေနိုင်သော်လည်း စက်ချွတ်ယွင်းက မြေပြင်သက် ပျက်ကျရသည့်ပမာ...

– သင်္ဘောကြီးများနဲ့ သွားသူဟာလည်း သင်္ဘောကောင်းတုန်းသာ ဟိုမှ သည်၊ သည်မှဟို ကူးခတ်နိုင်သော်လည်း ဟောင်းသွားက သွားမရတော့သည့် ပမာ...

– မြေလျှိုးမိုးပျံများလည်း လက်မြှောက်ကြရပါတယ် ဘုရား"

"ဘာသာရေး ပါရဂူကြီးများလည်း လက်မြှောက်သွားကြရပါတယ် ဘုရား"

"ဆေးပါရဂူ ဆရာဝန် ဒေါက်တာကြီးများလည်း လက်မြှောက်သွားကြရပါတယ် ဘုရား"

"စီးပွားရေး၊ လူမှုရေး ပါရဂူကြီးများလည်း လက်မြှောက်သွားကုန်ကြရပါပြီ ဘုရား"

"သည်လိုဆို ဒုက္ခ၊ ဆင်းရဲခြင်းဆိုတဲ့ သဘောတရားဟာ လူမျိုးဘာသာတိုင်းအတွက် **သက်ဆိုင်နေလို့** အမှန်ဆိုရမပေါ့"

"**ဆိုထိုက်ပါတယ်** ဘုရား"

သို့ကြောင့် ဒုက္ခ – မကောင်းသဖြင့် ကိုယ်နှင့်စိတ်ထား တစ်ပါးပါးကို တူး ဖြို ဖျက်ဆီးပစ်လေ့ရှိသော သဘောတရားသည်...

– မည်သူ့ကိုမျှ မညှာ၊ မည်သူ့ကိုမျှ မျက်နှာမလိုက်သောကြောင့် လည်းကောင်း၊

– မည်သည့်ဘဝ နေနေ မည်သည့်ဝါဒ ယူယူ မကင်းသောကြောင့် လည်းကောင်း၊

– အများနှင့်သက်ဆိုင်သော အမှန်တရားသစ္စာတစ်ပါးလို့ ဆုံးဖြတ်ချက်ချလိုက်တော့။

## တဏှာသုံးမျိုး

၂။ တစ်ဖန် သမုဒယသစ္စာ ဆိုတာ **ကိလေသာ**[၁]၊ **တဏှာ**[၂]တွေ ဖြစ်ပေါ်လာခြင်းကို လက်ခံကြိုဆိုနေတာကိုပဲ ဆိုတာ။ နင်မလာနဲ့တော့ နင့်ကြောင့် ငါ ဒုက္ခရောက်ရတယ်လို့ မတားတာကို ဆိုတာပဲ။

သည်သမုဒယမှာ...

(၁) (က) ကာမ တဏှာ – ကာမအာရုံများ၏ အထိအတွေ့၌ သာယာနေတော့ခြင်း။

(ခ) ဘဝတဏှာ – ဖြစ်လေရာ ဘဝ၌ ခင်တွယ်နေတော့ခြင်း။

(ဂ) ဝိဘဝတဏှာ – သည့်ထက်ကောင်းဘဝ၊ မျှော်လင့်တမ်းတ၍ သာယာနေမိခြင်း။

သည်သုံးမျိုးတို့က ကြီးစိုးနေတယ်။ သည်သုံးမျိုးတို့ကပဲ စိတ်နဲ့တွဲပြီး အာရုံကို ဖမ်းယူကစားနေကြတာကိုး။

---

၁။ ကိလေသာ – စိတ်ကို ညစ်စေခြင်း။

၂။ တဏှာ – ဝတ္ထုအာရုံ၌ တပ်မက်ခြင်း

## ဝဋ်သုံးပါး

ယောဂီတို့မှာ သည်တဏှာသုံးမျိုး လက်ခံထားမိခဲ့တဲ့အတွက်...

(၂) (က) ကိလေသာဝဋ် – လိုရာရာတွေး၊ အခွင့်ရေးမျှော်စိတ် ဝင်လာတော့ခြင်း။

(ခ) ကမ္မဝဋ် – အခွင့်ရေးရ ထ၍ထ၍ ကြိုးစားသိမ်းပိုက်ပေးရခြင်း။

(ဂ) ဝိပါကဝဋ် – သိမ်းပိုက်ပြီးခဲ့သမျှ ချ၍ချ၍ ခံစားပေးနေရခြင်း။

သည် ဝဋ်[၁] သုံးပါးလည်း တစ်ခုမှ တစ်ခု၊ တစ်ခုမှ တစ်ခု ပဏ်လည်လှည့်လျက်က စီမံပေးနေပါသည်ကို ခံစားရတော့တယ်။ သည်ဝဋ်သုံးပါးက...

(၁) သည်ဘဝ ကိုယ်က ပြုသူဘက်ကနေ ဝဋ်လှည့်ပေးပြီး တစ်ဖက်က ခံရသူ။

(၂) သံသရာမှာ သူက ပြုသူဘက်က ဝဋ်လှည့်ပေး၊ ကိုယ်က ခံရသူ။

သည်လိုလည်း လည်ပတ်စေသေးတယ်။ သည်သုံးခု ဘယ်နေ့မှ မပြတ်ဘူး၊ ဘယ်ဘဝမှလည်း●ပြတ်ဘူး၊ ရပ်မရတဲ့ စက်ကြီးတစ်လုံးလိုပဲ သူများပေးတဲ့ ဒုက္ခမျိုးမှသာ ဝဋ်လည်တယ် မထင်နဲ့၊ တစ်ယောက်တည်းကိုယ့်ပုဆိုးစ ကိုယ်နင်း လဲနေတာလည်း ဝဋ်ပဲ။

## ဝန်ထုပ် ဝန်ပိုးကြီး သုံးခု

သည်ဝဋ်သုံးမျိုး လည်ပေးနေတဲ့အတွက်...

(၃) (က) ကိလေသာဝန် – ကိလေသာများကိုစိတ်နဲ့ ထမ်းထားရတာကလည်း အလေးကြီးဗျာ။

(ခ) ကမ္မဝန် – ကိုယ်လုပ်နှုတ်ဖွင့် အမှားကျင့်၊ ကျင့်ပေးနေရတာကလည်း နင့်လို့ဗျာ။

---

၁။ ဝဋ် – လည်ပတ်စေခြင်း။

(ဂ) ခန္ဓာဝန် - လိုချင်လို့ စ ရထားတဲ့ ဘဝတာဝန်ကို ထမ်းပေးနေရတာကလည်း အင်လို့ဗျာ။

ကိုယ်မှာရှိတဲ့ ဥက္ကောင်းတစ်လုံးနဲ့ ပခုံးနှစ်ဖက်ပေါ်မှာ **ဝန်ထုပ်**[၁]ဝန်ပိုးကြီး သုံးခုနဲ့ သွာ နေကြရတဲ့ ဒုက္ခ - ကြည့်ရင် မြင်နိုင်ကြပါတယ် ယောဂီတို့။

## တဏှာမလွတ် ဝဋ်သုံးဝဋ် လွှမ်းရိုးလမ်းမရှိ

သည်သုံးခု အုပ်စု ခွဲလိုက်တော့...

(က)တဏှာသုံးမျိုးက အကြောင်းရင်း သမုဒယလို့ မှတ်ခဲ့။

(ခ) ဝဋ်သုံးပါး၊ ဝန်ထုပ်ကြီး သုံးခုတို့ကတော့ အကျိုးပေး မှတ်ခဲ့။

- တဏှာကြောင့် ကိလေသာအားလုံးဖြစ်ပွားတယ်။
- ကိလေသာ အားလုံး ထိုးဆွလို့ ဝဋ်လည်တယ်။
- ဝဋ်အားလုံး စုမိတော့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာတယ်။

ဒါ လူသားတိုင်း သတ္တဝါတိုင်း ငြင်းမရတဲ့ တစ်ခုကြိုက် တစ်ခုခံ၊ တစ်ခါကြိုက် တစ်ခါခံရမြဲဖြစ်တဲ့ သစ္စာတရား နှစ်ပါးပဲ မဟုတ်လား။

- ကဲဗျာ...တို့ယောဂီတွေကိုပဲ တဏှာနဲ့ ဝဋ်လည်,မလည် မေးရဦးတော့မယ်။
- ယောဂီတို့ရွာမှာတုန်းက ကိုယ်ကြိုက်တဲ့ ဟင်းကြွေးဟင်းလျာလေး၊ ဆိုပါတော့...ကြက်သား၊ ကြက်သား။
- အိပ်ရာထလျှင်ပဲ သည်နေ့ ဘာမျှား ချက်ပြုတ်စားရကောင်းပါ့မတုံး။ အတွေးမပေါ်ဘူးလား။

"ချက်ပြုတ်ရသူတိုင်း ပေါ်ပါတယ်ဘုရား"

- သည်တော့ ကြက်ကြိုက်သမားက ကြက်စွဲလေး ပေါ်မလာဘူးလား။

"အစွဲထားတာကိုး ဘုရား၊ ချက်ချင်းဖော် ချက်ချင်းပေါ်တာပေါ့"

- အဲ...သည်နေ့ ကြက်သားစားမယ်လို့ ဆုံးဖြတ်ပြီးရင်တော့။

---

၁။ ဝန်ထုပ် - ဝဋ်သုံးပါးအကျ ထမ်းရွက်ပေးနေရခြင်း။

"ဈေးသွားဝယ်ရန်၊ ခုတ်ထစ်ချက်ပြုတ်ရန် လုပ်ရပါတော့မယ် ဘုရား"

– အဲ ...ချက်ပြုတ်ပြီးလို့ အဆင်သင့်ဖြစ်လာရင်ကော။

"မိသားစုများနဲ့ အားရပါးရ စားကြပါတော့မယ်ဘုရား"

၁။ ဒါ ကြက်ကြိုက်ကနေ ကြက်တွေး ကိလေသာဝဋ် ပေါ်လာတာ မဟုတ်လား။

၂။ ဒါ ကြက်တွေးကနေ ပြေးပြီးဝယ်မယ်၊ ချက်မယ်၊ ကမ္မဝဋ် ဆက်လာတာ မဟုတ်လား။

၃။ ချက်ပြုတ်လို့ အဆင်သင့်ဖြစ်လေတော့ အကျိုးခံစားမှု ဝိပါကဝဋ် ဆက်လာတာ မဟုတ်လား။

ဒါ တဏှာအရင်းခံပြီး ဝဋ်သုံးပါးဆက်လာပုံပဲ မဟုတ်လား။

"မှန်ပါတယ် ဘုရား၊ တစ်ခု စမိလျှင် သုံးခုတွဲပါပဲ ဘုရား"

အဲ ...ကိုယ်ကြိုက်တာလေး တစ်နပ်စားရတော့ ကိစ္စက ပြီးသွားရောလား။

"မပြီးတော့ပါ ဘုရား၊ ကြိုက်စွဲပိုလို့သာ အားကြီးလာပြီး ထပ်အတွေးပေါ် လာဦးမယ်၊ ထပ်ဝယ်ချက်မယ်၊ ထပ်စားဦးမယ်ပေါ့ဘုရား"

– သည်လိုနဲ့ပဲ ဘယ်နှစ်ထပ်, ထပ်မိပြီလဲဗျာ၊ ဝဋ်စက်ကြီး တစ်ဦးတည်း လည်နေတာ။

"လူလားမြောက်ကတည်းက စခဲ့ကြတာချည်း ဆိုတော့ မရေတွက်နိုင် တော့ပါဘုရား"

– သည်လိုဆို ဝန်ထုပ်ကြီးများကကော။

"ထမ်းရင်းကပဲ အတွေးနဲ့ပေါက်ကျ၊ မြင်ရာ ကြားရာတိုင်းက ထွက်ကျ နဲ့ မနိုင်မနင်းကြီးပါပဲ ဘုရား"

– ယောဂီမှာ သည်ကြက်ထုပ်ကြီး တစ်ထုပ်တည်းလား ယောဂီရဲ့။

"နွားထုပ်၊ ဝက်ထုပ်၊ ဆိတ်ထုပ်၊ ငါးထုပ်များကနေ မယားထုပ်၊ သားထုပ် အမယ်လေး အထုပ်တွေ များလွန်းလို့ စာရင်းနဲ့ မလျှောက်ထားနိုင်တော့ပါဘုရား"

– အဲသည်မှာ ...

(က)သူများနဲ့တွဲပြီး လည်ရမယ့် နောင်ဘ၀ဝဋ်ဒုက္ခ။

(ခ) လောကစံကြမ်းနဲ့ တိုးမိလို့ ခံရမယ့် နောင်ဘ၀ ဝဋ်ဒုက္ခ။

အဲဒါများက လွတ်ကောင်းလွတ်မယ်၊ သည်တဏှာလက်ခံမိရာက တစ်ယောက်တည်း လည်ပတ်နေရတဲ့ ဝဋ်ဒုက္ခသုံးမျိုးကျတော့...

ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါတွေတော့ လွတ်နေသေးတယ်လို့ ဆိုရဲပါ့မလဲ။

– လင်နေ၊ မယားထား ကာမတဏှာနဲ့ ကစားနေကြတဲ့ သတ္တဝါတိုင်း၊ ဘဝ စွဲမက်နေသူတိုင်း ဘယ်သူမှ မလွတ်ကင်းနိုင်တဲ့ ဝဋ်ဒုက္ခအစစ်မှ အစစ်ပါဘုရား။

– အေး...သည်လူသုံးကုန်ပစ္စည်းဖြစ်တဲ့ တဏှာ၊ သမုဒယ အကြောင်းခံ ဝဋ်သုံးပါး ဒုက္ခက နောက်ကလိုက်၊ သည်–သစ္စာနှစ်ပါး ရိပ်မိလျှင် ယောဂီတို့ ဖြတ်လိုက ဖြတ်လို့ရပြီ။ ဖြတ်ကောဖြတ်လိုကြပါသလား ယောဂီတို့။

ကမ္မဋ္ဌာနာစရိယ ဆရာတော်သည် ပြောလျက်က ယောဂီပရိသတ်ကြီးသို့ မျှော်ကြည့်လိုက်၏။ ကြည့်ပုံကား ဖြတ်လမ်းပြပါဆို ပြပေးမည့် ပုံပင်တည်း။

"အားလုံး ဖြတ်တောက်လိုကြပါတယ်ဘုရား"

– အံမယ်...အမေးရှိလို့ အဖြေပေါ်လာတာလား၊ စိတ်ထဲက ပေါ်လာတာလား။

"အရှင်ဘုရားများဆီ လာကတည်းက ဖြတ်ချင်စိတ်နဲ့ လာကြတာချည်းပါပဲဘုရား"

– ကောင်းပြီ...လောကီသစ္စာနှစ်ပါးဘက်မှာ...

ကြိုက်စိတ်နဲ့ ကြိုက်ဒုက္ခ ဘယ်သူက အကြောင်းခံသစ္စာလဲ၊ ဘယ်သူက အကျိုးပေးသစ္စာလဲ။

"ကြိုက်စိတ်က အကြောင်းခံပါတယ်ဘုရား၊ အကြိုက်ကလေးနောက် လိုက်မိလို့ ဒုက္ခဖြစ်နေကြတာပါ ဘုရား"

– ထားခဲ့ဦး၊ လောကုတ္တရာသစ္စာနှစ်ပါး ဘက်မှာလဲ ......

ချုပ်အောင် ပွားပို့ပေးနေတဲ့ မဂ္ဂနဲ့ ချုပ်မှုနိရောဓ ဘယ်သူက အကြောင်းခံ ဘယ်သူက အကျိုးပေးလဲ။

"သည်မှာလည်း ပွားပို့ပေးနေတဲ့ မဂ္ဂသစ္စာ မဂ္ဂင်များကသာ အကြောင်းခံ အမှန်ပါ ဘုရား"

– သည်လိုဆို ယောဂီတို့...အကြောင်းပေါ် အကြောင်းထပ် ပေးလိုက်ကြပေတော့။

"ထပ်ပုံလေး အနည်းငယ်မျှ မိန့်ပါဦးဘုရား"

– အကြောင်းချင်းထပ်၊ ကပ်ဖြတ်ပုံလား။ ယောဂီတို့ လောကီအာရုံ ခံစားတဲ့အခါ အဲသည် အကြိုက်ကလေး ဘယ်ကလာသလဲ။

"ချစ်စရာလေး၊ သာယာစရာလေးလို့ နှလုံးသွင်းမှားမိရာကပါ ဘုရား"

– ကောင်းပြီ...အဲသည် ချစ်စရာ၊ သာယာစရာ၊ နှလုံးသွင်းလေးက ဘယ်နေရာများမှာ ဖြစ်ပွားလေ့ရှိပါသလဲ။

"မြင်မိတဲ့အခါ ဖြစ်ပါတယ်ဘုရား"

– သည်တော့ သူ မလာမီ မြင်တယ် မြင်တယ်ရယ်လို့ အမြင်ဟာ အမြင်နဲ့ပဲ ရပ်သွားအောင် မဂ္ဂသစ္စာ အကြောင်းခံနဲ့ ဖြတ်လိုက်၊ ချုပ်စရာရှိသည်က ချုပ်ပြတ်ရောပေါ့။

– ကြားရင်ကော။

"သူမလာခင် ကိုယ်အရင်ဦးပြီး ဖြတ်ရမှာပါပဲဘုရား"

– နမ်းမိ၊ ရှူမိ၊ စားသောက်မိ ထိတွေ့မိကြရင်ကော။

"သည်အတိုင်းပါပဲ ဘုရား"

– အတွေ့အာရုံ မပေါ်၊ အတွေးအာရုံပေါ်မှာပဲ သာယာနေရင်ကော။

"ဒါလည်းပဲ တွေးတယ် တွေးတယ် မပြတ်မှတ်ပြီး သမုဒယပေါ်မဂ္ဂ ထပ်ပြီး ဖြတ်တောက်၊ ပစ်ချထားခဲ့ရမှာပါပဲ ဘုရား။ အချိန်ဆွဲထားဖို့ မအားလို့ ပြောစရာလည်း မကျန်တော့ပါဘုရား"

– တဏှာဝင်ရာ တံခါးပေါက်များကော ကျန်သေးလား။

"မကျန်တော့ပါ ဘုရား၊ ဝင်စရာရှိ သည်ကဝင်၊ ပယ်စရာရှိသည်က ပယ်၊ ပြတ်စရာရှိသည်ကပဲ ပြတ်သွားကြလို့ ကြားပေါက်ပင် မရှိတော့ပါဘုရား"

– ဒါကိုပဲ သစ္စာ၊ ချစ်ရာက စတယ်ဆိုတာ မဟုတ်လား ယောဂီတို့။

"မှန်နေပါပြီဘုရား"

(က)သည်လိုဆို သမုဒယ တဏှာတွေ၊ အာရုံခြောက်ပါးစလုံးက ဝင်နေတာကို မဂ္ဂင်အုပ်စုကလည်း သူဝင်ရာတံခါးဝကနေပြီး စောင့်သတ်နေလျှင်…

(ခ) သမုဒယ တဏှာတွေက အချိန်ပြည့် တရစပ် တိုးဝင်နေတာကို မဂ္ဂင်အုပ်စုကလည်း မပြတ်မလပ် စပ်နေ ထပ်နေအောင် အစောင့်ချသတ်နေလျှင်…

ကိလေသာဝဋ် ဆက်နိုင်ပါဦးတော့မလား။

"သည်နေရာဖြစ်၊ သည်နေရာက ပယ်၊ သည်နေရာမှာပဲ ရပ်ရပ်သွားလို့ လုံးဝ မဆက်ကိလေသာဝဋ် ပျက်သွားပါပြီ ဘုရား"

– ကမ္မဝဋ်ကကောဗျာ့။

"ကိလေသာကမှ အသက်ထွက် ကမ္မဝဋ်လည်း ပျက်၊ ဝိပါကဝဋ်လည်း ပျက်ပြီး လည်ပတ်နေကျ ဝဋ်ယန္တရားကြီး ရပ်သွားပါပြီဘုရား"

– ဘာဖြစ်လို့လဲ။

"အမြင်ဟာ အမြင်နဲ့ပဲ ပြတ်တောက်သွားတော့လို့ပါ ဘုရား"

## မဂ်အဆင့်များနဲ့ ကိလေသာသံယောဇဉ်အုပ်စု

ယောဂီတို့…

အကြောင်းသမုဒယပေါ်၊ အကြောင်းမဂ္ဂ ဝင်ပေးလို့ အကျိုးနိရောဓ ပေါ်လာပြီး တစ်ဖက်အကျိုးဖြစ်စေတဲ့ ဝဋ်ဒုက္ခများသည်လို ပြတ်စေရာမှာ…

(က)သောတာပတ္တိမဂ်ကြောင့် ပြတ်လျှင်တော့…

(၁) ဒိဋ္ဌိ – ငါ၊ သူ၊ ယောက်ျား၊ မိန်းမ စသည် ဘက်ခွဲပြီး အစွဲကြီးမှု။

(၂) ဝိစိကိစ္ဆာ – ဘုရား၊ တရား၊ သံဃာများအပေါ် အစစ်၊ အတု သံသယဝင်နေမှု။

(၃) သီလဗ္ဗတပုရာမာသ – သစ္စာမမြင်၊ မဂ္ဂင်မပါတဲ့ မိမိအကျင့်ပေါ် အမှန်ထင်နေမှု။

(၄) ဣဿာ – မိမိအထက် မြင့်မြတ်သူများအပေါ် မနာလိုမှု။

(၅) မစ္ဆရိယ – မိမိအောက်နေများ မိမိသို့ ဖြစ်လာမည်ကို သဝန်တိုမှု။

(က) သည်ကိလေသာ **သံယောဇဉ်**[၁] တရားကိုယ်များပါ ချုပ်ငြိမ်းသွားတယ်။

(ခ) အပါယ်သံသရာချဲ့ပေးနေတဲ့ ဒိဋ္ဌိလဲ ပါသွားလို့ အပါယ်သံသရာကလည်း အပြီးလွတ်ပြီ။

(ခ) တစ်ဖန် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်များကြောင့် ဖြတ်လျှင်တော့

(၁) ကာမရာဂ –သူ့ဘက်ကိုကြည့်ကာသာယာတပ်မက်လိုတဲ့စိတ်။

(၂) ဗျာပါဒ – စိတ်တိုင်းကျ ခံစားခွင့် မရမချင်း မကျေနပ်လိုတဲ့စိတ်။

(က) သည်ကိလေသာသံယောဇဉ်များ အမြစ်ပြတ်သွားတယ်။

(ခ) ကာမ သံသရာချဲ့ပေးနေတဲ့ တဏှာလည်း ပါသွားလို့ ကာမဘုံကလည်း အပြီး လွတ်ပြီ။

(ဂ) နောက်ဆုံး အရဟတ္တမဂ်ကြောင့် ပြတ်ခဲ့လျှင်တော့...

(၁) မာန – မိမိဘဝ တင့်တယ်မှု စသည်ကို ကြည့်၍ မြတ်နိုးနေမှု။

(၂) ဘဝရာဂ – ရောက်နေသော ဘဝ၊ ရနေသော အဆင့်များအပေါ် သာယာနေမှု။

(၃) အဝိဇ္ဇာ – သတိကို ဖုံးဖိပေးနေသော မေ့မျောမှု။

(၄) ထိနမိဒ္ဓ – ထိုင်းမှိုင်းပျင်းရိမှု။

(၅) ဥဒ္ဓစ္စ – ပျံ့လွင့်မှု။

---

၁။ သံယောဇဉ် – ကိလေသာနှင့်စိတ် တွဲချိတ်ပေးနေခြင်း။

(က) သည်ကိလေသာ သံယောဇဉ်များနှင့် နောက်ပါ အားလုံး ပျက်သုဉ်းသွားတယ်။

(ခ) ဘဝသံသရာကို ချဲ့ပေးနေတဲ့ မာနလည်း ပါသွားပြီမို့ ဘဝ သံသရာကလည်း ကျွတ်ပြီ။

သို့ကြောင့် တို့ယောဂီတွေ အာရုံခံစားခွင့် ရလေတိုင်း...

– သုံးသာသုံး၍ စွဲခွင့်မရလေအောင်၊ မြင်တိုင်းကြားတိုင်း သတိမပြတ် ကပ်၍မှတ်လျက်က ဝဋ်သုံးချက် ပယ်ဖျက်နိုင်ကြပါစေ။

"သာဓု...သာဓု...သာဓုပါဘုရား"

## ဒါ အမှန်ပဲ၊ ဒါ ငါလုပ်ရမယ့် ငါ့အလုပ်ပဲ၊ ဒါ ငါလုပ်နေတာပဲ

ဉာဏသည်လည်းကောင်း၊ အသခ်သည်လည်းကောင်း...

ယနေ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ဆန္ဒာဓိက၏ သစ္စာတရားအပေါ် ၌ အထူးနှစ်သက်အားရသဘောကျကြ၏။ ဘာ့ကြောင့်ဆိုအထက်တက်ပြီး ပြန် မကျတော့လို့။

"ဉာဏရေ...သစ္စာက မရှိတာမှ မဟုတ်ဘဲ၊ မသိတာဘဲ နော"

"အေးလေ၊ တို့လုပ်နေကြတဲ့ အကြိုက်တွေကို ဒုက္ခခံပေါင်းနေတာ သစ္စာ လို့မှ မသိကြတာ"

"အေးကွာ...မသိတာလေးကိုကတို့ကို အလွန်မျက်လှည့်ပြတာပဲကိုး။ အခု တော့ လမ်းမှားလမ်းမှန် တို့ကွဲသိလာကြပြီ။ ဆရာဟောလို့ သုတဉာဏ်၊ ငါတို့ ကြိုးစားလို့ ဘာဝနာမယဉာဏ်များရဲ့ ကျေးဇူးများပေါ့ ဉာဏရဲ့"

(က)ဒါ အမှန်လို့ သိလာပြီ၊ သစ္စာဉာဏ်ပဲ။

(ခ) သည်လမ်းမှန်အတိုင်း လမ်းဆုံးရောက်ဖို့သည် တို့ကိစ္စလို့လည်း သိ လာပြီ၊ ကိစ္စဉာဏ်ပဲ။

(ဂ) သိတဲ့အတိုင်းလည်း ကြိုးစားနေကြပြီ၊ လမ်းဆုံး ရှာတွေ့ဖို့ပေါ့ အသန်၊ ဒါက တစ်ဉာဏ်ပဲ၊ ပြီးတော့ကာ ဆရာတော် နောက်ဆုံးရှင်းပြသွားတာလေး...

တကယ်လို့ တို့တွေ မဂ္ဂင်ပွားဖို့အား နည်းပါးလို့ မဂ် တစ်ဆင့်လောက်ပဲ ကျဦး၊ အပါယ်ဝဋ်က အပြီး လွတ်ထွက်သွားပြီး ကာမဘုံနေခွင့်ရတယ်ဆိုတာ့။

– ဘဝနဲ့ စည်းစိမ် ပေမိုတ်ဖြတ်တောက်ရမယ်လို့လည်း တားမြစ်ချက် မတွေ့ရဘူးကွ။

– သုံးသာသုံးပြီး မစွဲအောင်ဆိုတော့ သတိမလွတ် ခံစားရုံနဲ့ နစ်ကိစ္စလည်း ပြီးဗေတယ်ကွာ။

– ဘာကိုပဲ ခံစားခံစား အစွဲစိတ်မပါ၊ ကိုယ်ပိုင်စိတ်နဲ့သာ ခံစားတတ်ဖို့သာ ပါတယ်။

"သည်တော့ လူဖြစ် လူ့စည်းစိမ်၊ နတ်ဖြစ် နတ်စည်းစိမ်၊ ဗြဟ္မာဖြစ် ဗြဟ္မာ့ စည်းစိမ်တွေ ခံစားရင်းက ဘဝ လွတ်မြောက်ရာ သွားဖို့ပဲလို့ ငါ သဘောရတယ် ဉာဏရဲ့"

"ဟုတ်တယ် အသန်၊ သည်နည်းက လူက ပယ်ရတဲ့နည်း မဟုတ်ဘူး၊ သတိကပဲ ပယ်ပေးသွားတာ၊ သတိကပဲ ကိလေသာ တားပေးခဲ့တာ၊ သတိကပဲ သိစရာ ဖော်ပေးနေတာ ဆိုတော့ မဂ္ဂင်ထိပ်ခေါင် သည်သတိလေးတစ်လုံး ဆောင်ထားရုံနဲ့ ပြီးစီးပါတယ်၊ ပေမိုတ်ပြီး ကျင့်ဖို့မလိုတော့ဘူးပေါ့"

"ဉာဏရေ...သည်အတိုင်း သွားလို့ လမ်းဆုံးပြီ၊ ဘဝအားလုံးက လွတ်မြောက်သွားပြီ ဆိုတော့ သည်လမ်းဆုံးက ဘာမှမရှိတဲ့ နေရာမျိုး ဖြစ်နေမလား"

"အသန်...သွားလို့ ရောက်တယ်ဆိုကတည်းက ရှိလို့သာ ရောက်တာဟာ သေချာတယ်လို့ တစ်ထစ်ချ မှတ်ထား"

"မင်း ငါမေးမယ်၊ လပြည့်ညလည်း ဖြစ်မယ်၊ ရာသီဥတု အသာယာဆုံး လ လည်း ဖြစ် မယ်၊ အဲ သည် အ ချိန် မျိုး မျှား မှာ လ ရောင် အောက် မင်း ရောက် ဖူး သလား"

"အာ…မရောက်ဖူးဘဲ နေပါ့မလား၊ လရောင်ဟာ ငါ အနှစ်သက်ဆုံး ဥစ္စာပဲ"

"သည်တော့ လရောင်က အအေးဓာတ် မင်းကိုယ်ပေါ် မကျလာဘူးလား"

"ကျတာပေါ့၊ ကျလို့ပဲ သူ့ရဲ့အအေးဓာတ် ခံစားခွင့် ရနေတာပေါ့"

"အဲသည် အအေးဓာတ်ကို မင်း ကိုင်မကြည့်ဘူးလား"

"ဘယ်ကလာ…အအေးဓာတ်သက်သက်ပါဆိုမှ၊ ရုပ်ဝတ္ထု၊ နာမ်စိတ်လိုမှ မဟုတ်ဘဲပဲ"

"ကိုင်လည်း မရ၊ မြင်လည်း မမြင်ရလို့ မရှိဘူးလို့ မင်းငြင်းမလား အသန်"

"အေး…ငါသဘောပေါက်သွားပြီ ဉာဏ။ ငါ မရောက်, အရောက် သည် လမ်း သွားတော့မယ်၊ စိတ်ချ"

ထို့နောက် နှစ်ဦးသား မပြတ်သော သမုဒယကိလေသာအစဉ်ကို ပြတ်စေသော မဂ္ဂင်ဖြင့် သုတ်သင်လျက်ရှိနေကြပြီ။

# ဘယ်လမ်းလိုက်ကြမှာလဲ

ဤစာစဉ်သည်...

လောကတွင် ထင်ရှားလည်း ထင်ရှား၊ သွားလာကျက်စားနေကျလည်း ဖြစ်သော လမ်းရိုးကြီးနှစ်ခုနှင့် ထိုလမ်းရိုးများမှ ဖဲ့ထွက်ပြီး တစ်ကြောင်းတည်းသော လမ်းမတော်ကြီးတို့ကို ရှင်းလင်းဖော်ပြထားသော စာစဉ်ဖြစ်၏။

အမည်ကိုလည်း **'မဂ္ဂပဋိသံယုတ္တကထာ'** ဟူ၍ ပညတ်၏။

ရွေးသင့်ပြီဖြစ်သော လမ်းတို့နှင့် စပ်ဆိုင်ရာကို ဆိုညွှန်းသော စကားဟူ၍ အဓိပ္ပာယ် ပေါ်ထွက်စေ၏။

သင် ဘယ်လမ်းလိုက်မှာလဲ ဟူ၍လည်း အမေးထားရာ ရောက်၏။

ဤစာစဉ်က ဘာသာဝင် ကတ်ပြား ရှိသော်လည်း စီးပွားရေးနောက် လိုက်နေရ၍ လည်းကောင်း၊နိုင်ငံရေးနောက် လိုက်နေရ၍လည်းကောင်း၊ စစ်ရေးကိစ္စနောက် လိုက်နေရ၍လည်းကောင်း၊ လူမှုရေးကိစ္စများနောက် လိုက်နေရ၍လည်းကောင်း၊ မေ့မေ့ပျောက်ပျောက် လမ်းစ ပျောက်နေ၍လည်းကောင်း ဘာသာရေးဘက် မျက်နှာ မလှည့်သူများ လှည့်လာရန် ရည်ညွှန်း၏။

ဘာသာရေးအကြောင်း တစေ့တစောင်း လေ့လာဖူးပြီး လမ်းဆုံးအထိ မလေ့လာရသေးသူများကို အပြည့်အစုံလေ့လာနိုင်ရန် ရည်ညွှန်း၏။

အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အောင်မြင်ပြီးသူများကို အဆင့်မြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းသားများအဖြစ် တာဝန်ခံပို့ချရသူများ လက်စွဲအဖြစ် ဖတ်ရှုလေ့လာရန်ကိုလည်း ရည်ညွှန်း၏။

ဤစာစဉ်ကို လေ့လာခြင်းဖြင့်...

- မိရိုးဖလာ စေတနာမဲ့၊ဉာဏမဲ့လေးများ၊ စေတနာရှင်၊ ဉာဏ်ရှင်လေး များ ဖြစ်လာနိုင်စေ၏။

- **စေတနာကောင်း ဉာဏ်ကောင်းအဆင့်ဖြစ်က ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်အထိ ဖြစ်လာစေနိုင်၏။**

– ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်နေက ဘုရားသားတော်စစ်စစ် ဖြစ်လာစေနိုင်၏။

– လူလားမြောက်သူတိုင်း ခရီးကား သွားရမြဲပင် ဖြစ်၏။

– ခရီးသွားရန် လမ်းကလည်း အစကနဦးကပင် ရှိပြီးဖြစ်၏။ လူသားတိုင်း လူလားမြောက်သဖြင့် ခရီးလမ်းလျှောက်တော့မည်ဆိုလျှင်

- မည်သည့်လမ်း သွားသော် မည်သည့်ခရီး ရောက်သည်ကို လေ့လာသင့်ကြ၏။
- မည်သည့်လမ်း သွားသော်ကား အကွေ့အကောက် ဆိုသည်ကိုလည်း လေ့လာသင့်ကြ၏။
- မည်သည့်လမ်း သွားမှသာ လိုရာရောက်မည်ကိုလည်း လေ့လာသင့်ကြ၏။

လေ့လာပြီးသော် မိမိနှင့် လမ်း အမြဲမျက်မှန်းတန်းမိရန်လည်း လို၏။ မိမိနှင့်လမ်း အမြဲ အကျွမ်းဝင်နေစေရန်လည်း လို၏။ ထိုသို့သာ ပြည့်စုံသော်

– ထိုလူသား အရှေ့သို့ပြောလျက်က အနောက် လှည့်မထွက်တော့ပြီ။

– အထက်ကို မှန်းလျှောက်ပြီး အောက်သို့လည်း တန်းမရောက်တော့ပြီ။

– လူလားမြောက်သူတိုင်း ခရီးကား သွားရမြဲတည်း။

– ခရီးသွားရန် လမ်းကလည်း အစကနဦးကပင် ရှိပြီးသားတည်း။

# စကားပလ္လင်ဖုံး

ဝိစ္စိတဗ္ဗာနိ မင်္ဂါနိ၊ သမ္ဗဇ္ဈေဟိ စ ပမေယော
သေမင်္ဂေါ နတ္ထောနာမ အဟောကေန္တ ခမ္မိကော၊
သေမင်္ဂေါ သတ္တကော စ အဟောကေန္တ ခမ္မိကော၊
ဉာတိဝါ ကစိတ္တေန၊ ဉာတိဝါ ငှိဘာနေန
ဝိဘဇိတွာန ပဏ္ဍိတော၊ တယောမင်္ဂေ ဝိစိစ္စေသိ
တေသု ကတ္တံ ဝိစ္စေယျာသိ
ဝိနိစ္ဆယေတိ၊ ဒါနိတွံ
ဥဒ္ဓံဝါ ဩတရတိ ကိံနု
ဥဒါဟု အဓောက္ကမတိ ခေါ
ဒွိဟိမုတ္တော မဇ္ဈိမောဝါ
အယံကာလော သုသုခနော၊ အက္ခဏော ဟတ္ထ မာမုဋ္ဌိ။ ။

သမ္ဗဇ္ဈေဟိ၊ သတ္တက သပ္ပါယ၊ ဂေါစရ၊ အသမ္မောဟ – တည်းဟူသော သမ္ပဇညတရားလေးပါးတို့ဖြင့်၊ ပမေယျာစ – ချိန်ထိုးလျက်ကသာ၊ မင်္ဂါနိ – လမ်း စဉ်တို့ကို၊ ဝိစ္စိတဗ္ဗာနိ – ရွေးချယ်သင့်ကြပါကုန်ပြီ။

သေမင်္ဂေါ–ဤလမ်းကား၊ နတ္တော၊ နအတ္တောနာမ – အကျိုးမဲ့ဆိုသည်မှာ၊ အဟောကေန္တ၊ ခမ္မိကော – ဩော် တိကျမှန်ကန်၊ သဘာဝတရား၏ ဆုံးဖြတ်ဟန် ပေတကား။

သေမင်္ဂေါ – ဤလမ်းကား၊ သအတ္တောစ – အကျိုးရှိသည်ဆိုသည်မှာ သည်း၊ အဟောကေန္တ၊ ခမ္မိကော– ဩော်တကယ်အစစ် သဘာဝတရားလမ်းကြောင်း က ဆစ်ပေးလိုက်သော ဆုံးဖြတ်ချက်စနစ် ဖြစ်ပေစွ တကား။

ဉာတိသက စိတ္တေန – ဤသို့သော ကိုယ်ပိုင်စိတ်ဖြင့်။

ဉာတိပင်္ဒိဘာနေန – ဤသို့သော ဖြတ်ထိုးပွင့်ပြန် ထိုးထွင်းဉာဏ်ဖြင့်၊ ပဏ္ဍိ တော – ရှေ့နောက်ဉာဏ်ဝင် ပညာရှင်သည်၊ ဝိဘဇိတွာန – အတု အစစ် ထိုနှစ်ရပ်ကို

# မင်္ဂလပဋ္ဌာနသံယုတ္တကထာ

စိတ်စပိုင်းခြား ခွဲဝေသွား၍၊ တယောမဂ္ဂေ – လမ်းရိုးသုံးကြောင်း တစ်ကြောင်းကြောင်းကို၊ ဝိဝိစ္စေသိ – ရွေးချယ်သင့်ချေပြီ။

ဘောမနုဿ – အို လူသား...

တေသု – ထိုလမ်းရိုးကြီး သုံးကြောင်းတို့တွင်၊ ကတ္တံ – အဘယ်လမ်းရိုးကို၊ ဝိစ္စေယျာသိ – ရွေးချယ်လေမည်နည်း။

ဒါနိ – အဆင့်မြင့်စွ လူ့ဘဝသို့ ရောက်ရှိနေဆဲ ယခုလို အချိန်အခါမျိုးထဲ၌၊ တွံ – ဝေလည်ရောက်ရာ အသင်လူသားသည်၊ ဝိနိစ္ဆယေဟိ – ဆုံးဖြတ်ကြပါလေတော့။

ဥဒ္ဓံဝါ – အထက်ကိုမူလည်း၊ ဩတရတိနခေါ – တက်လေမည်လော။

ဥဒါဟု – သို့တည်းမဟုတ်၊ အဓောဝါ – အောက်ကိုမူလည်း၊ ဩက္ကမတိနခေါ –ဆင်းတော့မည်လော။

ဥဒါဟု – သို့တည်းမဟုတ်၊ ဒွိဟိမုတ္တော – အထက်ရောက် အောက်သွား နှစ်ပါးစလုံးတို့မှ အလွတ်ဖြစ်သော၊ မဇ္ဈိမောဝါ – ကြားလမ်းကိုမူလည်း၊ နိက္ခမတိနခေါ – ရုန်းထွက်မည်လော။

အယံကာလော – သာသနာတော်ကြီးကလည်း ပွင့်တုန်း၊ နည်းမှန် လမ်းကျ သင်ကြားပြသပေးမည့် ဆရာသမား မိတ်ကောင်းများကိုလည်း အမိရတုန်း အားပေးသူ ကျောထောက်နောက်ခံများကလည်း သဒ္ဓါအား၊ ဥစ္စာအားများ အားကောင်းနေတုန်း မိမိကလည်း အလွတ်ရုန်းက ရုန်းထွက်နိုင်သော စိတ်ဓာတ်၊ ရုပ်ဓာတ်ကြံ့ခိုင်နေတုန်း။ တုန်းလေးလုံးတိုင်ထောင် အိမ်တစ်ဆောင်ဖြစ်လာအောင် ကြိုးစားခွင့်သာနေသော ဤအချိန် ဤအခါသည်ကား၊ သုသုခနော – အလွန်ကောင်းသော အချိန်အခါပေတည်း။

ဘောမနုဿ – အိုလူသား...

တွံ – သင်သည်၊ အယံ အက္ခဏော – ဤအခွင့်အရေးကြီးမျိုးကို၊ မာဟတ္တမုဉ္စ – လက်မလွှတ်ပါစေနှင့်။

## အသွား များလျှင် လမ်း၊ ရှားပါးလျှင် အဆန်း

လမ်းသည် သွားလာရာမှ ဖြစ်၏။

အဆန်းသည် ကြည့်ရှုမိရာမှ ဖြစ်၏။

သို့ကြောင့် လမ်းကို ဖဝါးပိုင်၍ အဆန်းကိုကား မျက်စိကသာ ပိုင်၏။ မျက်စိကစားခြင်း၊ ခြေလက်ကစားခြင်းများ ကင်းရှင်းပါမူကား လမ်းဟူ၍ လည်းကောင်း၊ အဆန်းဟူ၍ လည်းကောင်း ပေါ်ပေါက်အံ့မထင်ပြီ။

ယခု ပေါ်ပေါက်နေကြရသည်မှာကား မျက်စိနှင့် ဖဝါး အသားပေးလွန်းသောကြောင့်တည်း။

မျက်စိသည် ကြည့်စရာရှိသည်ကို ကြည့်၊ သိစရာ ရှိသည်ကို သိ ဟူသော ကြည့်ရုံ ရှုရုံမျှ မဟုတ်မူ၍ မျက်စိမှ မျက်လှည့်အဖြစ် အလှည့်ကိုပါ တာဝန်ခံလျှင်ကား အဆန်းကြား လမ်းထားလည်း ပေါ်ပေါက်နေမည်သာ။

ထိုစဉ်...

မျက်စိမှောက်က အောက်လမ်းက အဆန်းပိုနေပေရော့မည်။

မျက်စိပျက်က အထက်လမ်းက အဆန်းပိုနေပေရော့မည်။

မျက်စိကောင်းသူသည်သာ တစ်ကြောင်းတည်းသော လမ်း အဆန်းလွတ်သော အကြား၊ အသွားလွတ်သော အဆုံးသို့ ဖဝါးပါသုံးလျက်က ရှန်းထွက်သာပေလိမ့်မည်။ ကိစ္စပါ ဆုံးသော ခရီးဆုံးသည် မျက်စိကောင်းသူတို့ နားသက်ရာပန်းတိုင်တည်း။

သင်သည် မျက်စိမကောင်းသမျှ အဆန်းကုန်လိမ့်ဦးမည် မဟုတ်သေး။

အဆန်း မကုန်သေးသမျှလည်းလမ်းလည်း ကုန်လိမ့်ဦးမည် မဟုတ်သေး၊

အဆန်း မကုန်၊ လမ်းမကုန်သေးသော သင့်၌...

အဘယ်မှာလျှင် ကိစ္စပြီးဆုံးရအံ့နည်း။ ။

# "အသွားများလျှင် လမ်း၊ ရှားပါးလျှင် အဆန်း"

လမ်းသည် သွားလာရာမှ ဖြစ်၏။

အဆန်းသည် ကြည့်ရှုမိရာမှ ဖြစ်၏။

သို့ကြောင့် လမ်းကို ဖဝါးပိုင်၍၊ အဆန်းကိုကား၊ မျက်စိကသာ ပိုင်၏။ မျက်စိ ကစားခြင်း၊ ခြေလက် ကစားခြင်းများ ကင်းရှင်းပါမူကား လမ်းဟူ၍ လည်းကောင်း၊ အဆန်းဟူ၍လည်းကောင်း ပေါ်ပေါက်အံ့ မထင်ပြီ။

ယခု ပေါ်ပေါက်နေကြရသည်မှာကား မျက်စိနှင့် ဖဝါး အသားပေးလွန်းသောကြောင့် တည်း။

မျက်စိသည် ကြည့်စရာရှိသည်ကို ကြည့်၊ သိစရာရှိသည်ကို သိ ဟူသော ကြည့်ရုံ ရှုရုံမျှ မဟုတ်မူ၍ မျက်စိမှ မျက်လှည့်အဖြစ် အလှည့်ကိုပါ တာဝန်ခံလျှင်ကား အဆန်းကြား၊ လမ်းထားလည်း ပေါ်ပေါက်နေမည်သာ။

ထိုစဉ်

မျက်စိမှောက်က အောက်လမ်းက အဆန်းပိုနေပေရော့မည်။

မျက်စိပျက်က အထက်လမ်းက အဆန်းပိုနေပေရော့မည်။

မျက်စိကောင်းသူသည်သာ တစ်ကြောင်းတည်းသော လမ်း၊ အဆန်းလွတ်သော အကြား၊ အသွားလွတ်သော အဆုံးသို့ ဖဝါးပါသုံးလျက်က ရှန်းထွက်သာပေလိမ့်မည်။ ကိစ္စပါ ဆုံးသော ခရီးဆုံးသည် မျက်စိကောင်းသူတို့ နားသက်ရာ ပန်းတိုင်တည်း။

သင်သည် မျက်စိမကောင်းသမျှ အဆန်း ကုန်လိမ့်ဦးမည် မဟုတ်သေး။

အဆန်း မကုန်သေးသမျှလည်း လမ်းလည်း ကုန်လိမ့်ဦးမည် မဟုတ်သေး။

အဆန်းမကုန်၊ လမ်းမကုန်သေးသော သင့်၌

အဘယ်မှာလျှင် ကိစ္စ ပြီးဆုံးရအံ့နည်း။ ။